

www.burmeseclassic.com
အမှတ်၊ ၂၇၉၊ ဒီဇင်ဘာ၊ ၂၀၁၁
ရုပ်စုံမဂ္ဂဇင်း
BURMESE CLASSIC .com
အကယ်ဒမီ
သက်မွန်မြင့်
www.burmeseclassic.com

www.burmeseclassic.com

၁၉၇၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေသည့်
ဝင်းဥမ်း စီစဉ်တည်းဖြတ်သည့်

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၇၉ ဒီဇင်ဘာ ၂၀၁၃

တာဝန်ခံစာတည်း မျိုးမြင့်ညိမ်း
စာတည်း လင်းနိုင်ဦး
အမှုဆောင် စာတည်း မသီတာ(စမ်းချောင်း)
သတင်း စာတည်း ခင်လေးမြင့်



မျက်နှာဖုံး - ဇော်ဝင်း(ဌက်ပျောသီး)၊ ဆန်နီညိမ်း၊ ဖေညွန့်ဝေ၊ မုတ်သုံ၊ မြင့်မော်စံချော၊ မျိုးမြင့်၊ လှမြင့်ဆွေ
လင်းဝဏ္ဏ၊ ဇော်မောင်၊ ဝင်းတင့်၊ မောင်ဦး၊ စိုးအောင်၊ အောင်ကျော်၊ ဖေသစ်စည်၊ ရန်နိုင်ဦး၊ ထွန်းအုံ
in Iszudia, မျက်နှာဖုံးဓာတ်ပုံ - ပီတာ၊ ရှေ့ဒီဇိုင်း - နိုင်ဇင်ထွန်း၊ ဖြိုးဦးပိုင်၊ ရှေ့ဓာတ်ပုံ - မီအာ၊ ကိုလင်း(Studio-K)
လင်းနိုင်ဦး၊ ခင်လေးမြင့်၊ ရှေ့ဓာတ်စာပြု - နိုင်ခွန်အား၊ စိမ်းလဲ့စံ၊ မိုးမိုးမြင့်၊ ကပြ - ကျော်စိန်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၈၉၊ ဒီဇင်ဘာ၊ ၂၀၁၃

ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည်

သုတတို့အရေး
၄။ ဒေအာင်သန်းထွန်း

ရွှေချစ်သူမှ ရွှေချစ်သူသို့
၁၀။ ဝင်းငြိမ်း

ရွှေမင်းသား၊ ရွှေမင်းသမီး
၁၆။ ခင်လေးမြင့်
ချစ်သူရှိပြီပြောတဲ့
သက်မွန်မြင့်

One Minute Interview
၂၄။ ခင်လေးမြင့်
ကိုဇော်(အရဏ်ဦး)
ထူး
အောင်မြင့်မြတ်

လူမှုဝန်းကျင်
၃၆။ ခင်လေးမြင့်
Face of Myanmar
ပြိုင်ပွဲ
၄၂။ လင်းနိုင်ဦး
သီချင်းဟောင်းများထဲက
အကြောင်းတွေနဲ့
ဖျော်ဖြေပေးသွားတဲ့ပွဲ
၄၈။ မိုးကျော်ထွန်း
ကင်မရာရှေ့
ရောက်တဲ့အခါ…

ရွှေရုပ်ရှင်
၅၀။ ခင်လေးမြင့်
စိတ်အိုင်ပက်သူ

နိုင်ငံတကာစာမျက်နှာ
၆၂။ ဇာနည်ညီမိုး
မာလာလာနဲ့ ဒုတိယဘဝ
၆၈။ ရာပြည့်
သီချင်းတွေပြောတဲ့
Elton John ရဲ့ဘဝ
၈၆။ ဝင်းငြိမ်း
ရမ္မက်ဇော

ရွှေဂီတ
နေဝင်းမြင့် ၈၀။
ထိလုမိုးဆီ တိမ်သို့မီသား
(မာမာအေးနှင့်
တွေ့ဆုံခြင်း)

အင်တာဗျူး
ဝင်းငြိမ်း ၁၁၀။
ဒဂုန်တာရာနှင့် တွေ့ဆုံခြင်း


ရွှေဝတ္ထု
ငြိမ်းသဲ ၁၄၀။
အရွယ်သုံးပါး
ကောင်းညွန့် ၁၅၆။
အရက်နဲ့သမက်
ရှုချီး ၁၆၆။
ကလေးတစ်ယောက်ရဲ့
ကောင်းကင်
အာပါသ ၁၈၀။
ဘက်ပြောင်းတဲ့ မျက်မောင်း
မကျည်းဟန် (ချိုင်းဇော်) ၁၉၀။
ရုံဖန်ရုံခါတွင် ဘဝသည်
ပြောင်းပြန် အချိုးကျဘဝ၏
ဒေါ်ဝင်းနေမင်း ၂၀၄။
ကိုယ့်နှလုံးသားပေါ်
တင်ပေးတဲ့
သူတို့ရဲ့ဒိုင်ယာရီတွေ
ချစ်ကြည်အေး ၂၁၄။
တစ်ရုံတစ်ဆစ်၌
မြစ်တို့သည်…

ရွှေနှလုံးသား
ညွန့်မိုး
နှလုံးသားဖြင့် ဖွဲ့သီသောကြိုး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com






ရွှေဝတ္ထုရှည်စ/ဆုံး

၁၃၈။ မောနီ၊ မောင်လုံးပြန်၊
တတ်ပုံ

၁၈၈။ ချင်းဆန်းမောင်
ကြောင်ခုတင်

ရွှေအစန်းဆက်ဝတ္ထုရှည်

၂၁၈။ ခင်ခင်ထူး
တောမင်းသမီး

ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း

၁၂၂။ မြနှောင်းညို
ကျွန်တော်နှင့်အိုကျိ
ပြီးတော့...အချစ်

ရသစာတမ်း

၂၂၈။ မောင်ရေချမ်း
ဆဲဆိုခြင်းယဉ်ကျေးမှုနှင့်
အနုပညာဒဏ်ရာ

ရွှေအသစ်

[illegible] ——————

[illegible] ——————

[illegible] ——————

[illegible] ——————

ရွှေသုတ

မေဗွာဦး ၉၆။
မသေခင်သွားရမယ့်
နေရာပေါင်း
တစ်ထောင်(၇)

မောင်ခင်မင်၊ဓနုဖြူ၊ ၁၀၀။
မြန်မာပြော
အင်္ဂလိပ်ပြော(၃)

မင်္ဂလာရွှေမောင်း ၁၁၀။
စာကောင်းကင်က
လင်းလက်ကြယ်

မောင်သန်းဆွေ ၁၁၂။
၊ထားဝယ်၊
ထူးဆန်းသော
အိပ်မက်နှင့်
မဒရပ်ပါ်အပျိုတော်များ

ဦးစန္ဒိမာ၊ဓလင်း၊ ၁၂၂။
ဦးဖိုးတို့ ကျွပင်း

ကောမြူး ၁၃၂။
ဦးမင်းရောင်မှ
မင်းကြီးရွှေလရောင်
ဗိုလ်မင်းရောင်နှင့်
ဗိုလ်လရောင်သို့



အယ်ဒီတာအဖွဲ့-
တိုက် (၂၁/၂၃)၊ အခန်း (၃-၀၃)၊ ၅၂ လမ်း
(အောက်ဘလောက်)၊ ပိုလ်တထောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၁၁၅

**Email :**
**nyeinfamily@gmail.com**

မျက်နှာဖုံး၊ မေဗွာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ
ဦးညာဏ်လှိုင် (၀၅၂၅၃)၊
ဇမ္ဗူတာလှပုံနှိပ်တိုက်၊
အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း၊
၆၃ ရပ်ကွက်၊ စက်မှုဇုန် တောင်ဒဂုံ၊ ရန်ကုန်မြို့။

ရွှေထုတ်ဝေသူ -
ဦးညာဏ်လှိုင် (၃၇၁၀)၊
အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရွှေဖြန့်ချိရေး -
ဇမ္ဗူတာလှစာပေ၊ အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနဲ့ မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၈၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၀၅

**E-mail :**
**zabutalu@gmail.com**
**Available at :**
**iTune Store**


www.burmeseclassic.com

www.burmeseclassic.com



စိုင်းစိုင်းခမ်းလှိုင်နဲ့အတူ ယုရေနှီယမ်အကအဖွဲ့ရဲ့ဖျော်ဖြေမှု




ဖြိုးလေး၊ လွှမ်းပိုင်နဲ့ နေဝင်းတို့ရဲ့ဖျော်ဖြေမှု



ကျော်ထွဋ်ဆွေရဲ့ဖျော်ဖြေဟန်

# သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၂၈၉၊ ဒီဇင်ဘာ၊ ၂၀၁၃

၄ နှစ်မြောက် ရွှေFM ရဲ့ ဆုရရှိသူများအမှတ်တရ





www.burmeseclassic.com

www.burmeseclassic.com

# ၄ နှစ်မြောက် ရွှေ FM ဆုပေးပွဲ ကျင်းပ

ရွှေ FM လွှင့်ထုတ်ခြင်း ၄ နှစ်မြောက် အခမ်းအနားကို နိုဝင်ဘာလ ၃ ရက်နေ့ညက ရန်ကုန်မြို့ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၅၁/ဘီ၊ ရွှေထွန်းတင်ရင်ပြင်တွင် ကျင်းပခဲ့ရာ အနုပညာရှင်များ စုံစုံညီညီတက်ရောက်ခဲ့ကြပါသည်။ ဂီတဆုများအဖြစ် အကျော်ကြားဆုံးကိုယ်ပိုင်သံစဉ်တေးပြုစာဆိုဆုကို နိုင်းဝမ်းက ဆွတ်ခူးပြီး အကောင်းဆုံးတေးအယ်လ်ဘမ်ဆုကို ဖြူဖြူကျော်သိန်းက ရရှိသွားသော်လည်း ဖြူဖြူကျော်သိန်း ပြည်ပခရီးထွက်ရှိနေသည့်အတွက် ဘိုဘိုအင်တာတိန်းမန့်မှ ကိုဘိုစန်းက လက်ခံခဲ့သည်။ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်တေးစီးရီးအအောင်မြင်ဆုံး အနုပညာဘက်စုံထူးချွန်ဆုကို စိုင်းစိုင်းခမ်းလှိုင်က ဆွတ်ခူးရရှိသည်။ စိတ်ကြိုက်တောင်းဆိုခံရသော မိဘာသွဲ့တေးသံရှင်ဆုကို ထူးအိမ်သင်က ဆွတ်ခူးရရှိရာ သမီးဖြစ်သူ မိကွန်ထောက ဆုလက်ခံခဲ့သည်။ အကျော်ကြားဆုံးတေးသီချင်းဆုကို နီနီခင်ဇော်ကလည်းကောင်း၊ ပရိသတ်တောင်းဆိုမှုအများဆုံး အမျိုးသမီးတေးသံရှင်ဆုကို အိုင်ရင်းဇင်မာမြင့်ကလည်းကောင်း၊ အမျိုးသားတေးသံရှင်ဆုကို ရဲရင့်အောင်ကလည်းကောင်း၊ ရွှေပရိသတ်အကြိုက်ဆုံး ဟစ်ဟော့ပ်အယ်လ်ဘမ်ဆုကို ဒွံးပျံ စီးရီးကလည်းကောင်း ဆွတ်ခူးရရှိသွားကြသည်။ တက်ရောက်လာသည့် အနုပညာရှင်များ၊ ဧည့်သည်တော်များထဲမှ အလှဆုံးဝတ်စုံကို ဆုချီးမြှင့်ရာတွင် ပိုင်းစုခိုင်သိန်းက ဆွတ်ခူးရရှိသွားခဲ့သည်။ ❑



မြတ်သူအောင်




## အခြားတစ်ဖက်နှင့် မြတ်သူအောင်

၂၀၁၂ ခုနှစ် နိုဝင်ဘာလက ဖြန့်ချိခဲ့သော သရုပ်ဆောင်အဆိုကျော် မြတ်သူအောင်၏ *အခြားတစ်ဖက်* စီးရီးကို ဒီဗီဒီအဖြစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် Sentimental တေးထုတ်လုပ်ရေးမှ ဖြန့်ချိပေးတော့မည်ဖြစ်ကြောင်း သိရသည်။ ပရိမိုးရှင်းပွဲများအဖြစ် နေပြည်တော်၊ မန္တလေးတို့တွင် နိုဝင်ဘာလအတွင်း ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တွင်မူ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ❑



www.burmeseclassic.com


www.burmeseclassic.com



ဖြူဖြူကျော်သိန်း



ဇာတ်လမ်းတွဲရိုက်မယ့်
ဒါရိုက်တာ ပိုင်း




## အချစ်၏နောက်ဆက်တွဲ စာမျက်နှာနှင့် ပိုင်း

များပြားလာသည့် မြန်မာနိုင်ငံ၏ ရုပ်မြင်သံကြား အစီအစဉ်များတွင် ကိုရီးယားဇာတ်လမ်းတွဲများအစား မြန်မာရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ရိုက်ကူးတင်ဆက်နိုင်ရန် ရုပ်ရှင်လောကသားများက ကြိုးပမ်းအားထုတ်လာကြသည်။ ဇာတ်လမ်းတွဲ ရိုက်ကူးရန် စီစဉ်ကြသူများအနက် ဒါရိုက်တာ ပိုင်းက ကွယ်လွန်သူ စာရေးဆရာမ ဝင်းဝင်းလတ်၏ အမျိုးသားစာပေဆုရ **အချစ်၏နောက်ဆက်တွဲစာမျက်နှာ** ဝတ္ထုကို နိုင်းနိုင်း၊ စိုးမြတ်သူဇာတို့နှင့် ဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးရန် ဆရာမ၏ ခင်ပွန်းဖြစ်သူ ဒေါက်တာ စိန်လှကျော်ထံမှ ထိုက်သင့်သော စာမူခပေးချေကာ ဝယ်ယူလိုက်ပြီဖြစ်ကြောင်း သိရှိရသည်။ ဇာတ်လမ်းတွဲမှာ တစ်ပိုင်းလျှင် မိနစ် ၃၀ စာမျှဖြစ်ပြီး အပိုင်း ပေါင်း ၂၅ ပိုင်းမှ ၃၀ အထိ ရှိနိုင်မည်ဟု ဆိုသည်။ OUR Vedio Production မှဝယ်ယူခြင်းဖြစ်ပြီး Sky Net မှထုတ်လွှင့် မည်ဖြစ်ကြောင်း သိရှိရသည်။ ■



www.burmeseclassic.com

www.burmeseclassic.com

# ဆီးဂိမ်းစ် အဖွင့်နှင့်အပိတ် သီချင်းများ

၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်ဆီးဂိမ်းစ်အားကစားပွဲတော်၏ အဖွင့်သီချင်း *မိုးယံလွှင့်ပျံလက်ခုပ်သံ* သီချင်း(တေးရေး-ဩရသ)ကို ဖြူဖြူကျော်သိန်းက သီဆိုမည်ဖြစ်ပြီး အပိတ်သီချင်း *ရင်းနှီးချစ်ကြည်နှုတ်ဆက်သည်* (တေးရေး-ဂီတစာဆို ဟသ်ာတမြင့်ငွေ)ကို တေးသံရှင်ယုဇနက သီဆိုမည်ဖြစ်ကြောင်း သိရသည်။ ❑



ယုဇနက 'ရင်းနှီးချစ်ကြည် နှုတ်ဆက်သည်' သီချင်းကို ပြည်နယ်တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူကလေးများနဲ့ ရိုက်ကူးခဲ့တာဖြစ်ပါတယ်

# အာဘွားပေးတဲ့ ဝိုင်းစုခိုင်သိန်း

သရုပ်ဆောင်၊ အဆိုတော် ဝိုင်းစုခိုင်သိန်း၏ အာဘွား စီးရီးသစ်ဖြန့်ချိခြင်းနှင့် အမှတ်တရလက်မှတ်ရေးထိုးခြင်းကို အောက်တိုဘာလ ၂၇ ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ မိုးထဲလေထဲမှာပင် ပရိသတ်များ အားပေးခဲ့ကြသည်။ ❑




ဝိုင်းစုခိုင်သိန်းနဲ့ ဉက္ကာ





www.burmeseclassic.com

www.burmeseclassic.com



## သတိထား ဖမ်းစားတတ်သည် စိုင်းစိုင်းခမ်းလှိုင်

တေးဂီတဘက်တွင်သာမက သရုပ်ဆောင်လောကတွင်ပါ အောင်မြင်မှုရလာသည့် စိုင်းစိုင်းခမ်းလှိုင်က Heart & Soul ဗီဒီယိုထုတ်လုပ်ရေးအတွက် ဒါရိုက်တာ မောင်မျိုးမင်း(ရှင်တွင်းဖြစ်)ရိုက်ကူးနေသော သတိထား ဖမ်းစားတတ်သည် ဗီဒီယိုဇာတ်ကားတွင် အေးမြတ်သူ၊ အိချောပို၊ အွန်ဆိုင်း၊ ဖူးဖူး၊ ချစ်စု အစရှိသည့်သရုပ်ဆောင်များနှင့် ပါဝင်သရုပ်ဆောင်နေပြီး ယင်းဗီဒီယိုကားတွင် စိုင်းစိုင်းခမ်းလှိုင်က ရေကူးသင်ဆရာတစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။ ❑



www.burmeseclassic.com

www.burmeseclassic.com

## မွေးနေ့ပွဲအကျဉ်းရုံးကျင်းပသည့် ဂျောက်ဂျက်

အောက်တိုဘာလ ၂၇ ရက်နေ့ညက ရန်ကုန်မြို့ နဝဒေးလမ်းရှိ Sereni Tea တွင် တေးသံရှင် ဂျောက်ဂျက်၏မွေးနေ့ပွဲကို ဂီတရောင်းရင်းများနှင့် အကျဉ်းရုံးကျင်းပခဲ့သည်။ ယခုနှစ် ကျင်းပသော မွေးနေ့မှာ မိမိအတွက် အဓိပ္ပာယ်ပိုရှိကြောင်း၊ ချစ်သူထံမှ မထင်မှတ်ထားသည့် မွေးနေ့ကိတ်ရရှိခဲ့ကြောင်း၊ နံနက်ပိုင်းကလည်း ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ခဲ့ကြောင်း သိရှိရသည်။

❑




## သီချင်းဆိုဖြစ်သည့် အကယ်ဒမီ သက်မွန်မြင့်


တေးသံရှင်များ၏ တေးစီးရီးများကို ဒီဗီဒီအဖြစ် ရိုက်ကူးရာတွင်သာ ပါဝင်သရုပ်ဆောင်ပေးလေ့ရှိသည့် အကယ်ဒမီ သက်မွန်မြင့်က တေးသံရှင် ဟဲလေး၏ *ဒယ်ဒီဟဲလေး* ဒီဗီဒီတွင်သရုပ်ဆောင် အဖြစ်သာမက ဟဲလေးနှင့် တွဲဖက်ပြီး သီချင်းတစ်ပုဒ် ပါဝင်သီဆိုထားကြောင်း သိရသည်။ တစ်ကိုယ်တော် တေးစီးရီး ထုတ်နိုင်လောက်သည့် အရည်အချင်းမရှိပါကြောင်း သက်မွန်မြင့်က ဆိုသည်။

■ အောင်သန်းထွန်း




www.burmeseclassic.com

www.burmeseclassic.com







သို့

လေးလေးငြိမ်းခင်ဗျား..

'ရွှေအသစ်ကဏ္ဍ' မှာ နှစ်လဆက်တိုက် ဖော်ပြခြင်းခံရတဲ့ ဆရာ ရေအေးကို ဝမ်းသာဂုဏ်ယူကြောင်းပြောပါရစေ။ နှစ်ပွင့်ပန်းကို သဘောကျလွန်းတာမို့ မွေးမေလေ့ကို စောင့်မျှော်မိပါတယ်။ ဖတ်မိတော့လည်း အားရကျေနပ်ရပါတယ်။ ဆရာ့ရဲ့ ဝတ္ထုများက သေသပ်ကောင်းမွန်လှပါတယ်။ ပြီးတော့ ဆရာနေ(ပင်လယ်ပြာ)ရဲ့ 'သခင်'ကို ဖတ်ပြီး ရင်မှာ တနုံ့နုံ့ကျန်ရစ်ပါတယ်။ ရွှေအသစ်တွေ ကောင်းသထက်ကောင်းလာတာဟာ ဆရာမ မသီတာနဲ့ လေးငြိမ်းတို့ အပင်ပန်းခံရကျိုးနပ်တဲ့ ထိုက်တန်မှုတစ်ခုလို့ ယုံကြည်မိပါတယ်။

ကျွန်တော်လည်း ပြောရဦးမယ် လေးငြိမ်းရေ။ ဓာတ်လမ်းတွေ စိစစ်ပြီးရိုက်နေတယ်ဆိုတဲ့ သရုပ်ဆောင် (အနုပညာရှင်လို့လည်း ကိုယ့်ကိုယ်ကို ကင်ပွန်းတပ်ကြပါသေးတယ်) တချို့ရဲ့ကားတွေကို မျှော်လင့်တကြီး စောင့်ကြည့်မိပါတယ်။ နိုင်ငံခြားဓာတ်လမ်းကို ခိုးချထားတဲ့ (တစ်ခါတလေ အားမနာလျှာမကျိုး ပြိုင်တူခိုးထားတာလည်း တွေ့ရပါတယ်)။ အဟောင်းကိုပဲ မမီမကမ်း ပြန်ဆန်းသစ်ထားတဲ့ ဓာတ်တွေချည်းထွက်လာပါတယ်။ ပြီးတော့လည်း 'ဟ ဘယ်လိုလုပ်သရုပ်ဆောင်ဖြစ်သွားသတုံး' လို့ အံ့သြယူရတဲ့အထိ ကြိုးစားအားထုတ်မှုတွေက ပေါ့ပျက်ပျက်နဲ့ ချာတူးကိုလန်နေတာပါ။ တစ်ကားကို သိန်းတစ်ရာ၊ နှစ်ရာ လွယ်လွယ်ကဲ့ယူလို့ ရနေလို့များလား။ စိတ်အချဉ်ပေါက်ပေါက်နဲ့ တွေးမိပါတယ်။ ကိုယ်ကဘာမှ မဟုတ်ပါဘဲနဲ့ 'နောက် တက်လာမယ့် ညီငယ်တွေကို ပိုပြီးကြိုးစားစေချင်တယ်' လို့ ဆိုသူကလည်း ဆိုပါတယ်။

ခြေချောင်း၊ လက်ချောင်း အကုန်ပြည့်အောင် အကယ်ဒမီတွေ ယူဦးမယ်လို့ အကြိမ်းအဝါး ကြမ်းထားတဲ့ ဦးဦးကလည်း ရထားတဲ့ အကယ်ဒမီတွေကိုမှ အားမနာ။ ဘာမှသေချာမလုပ်ရတဲ့ ခပ်ပေါပေါဓာတ်လမ်း အားလုံးနီးပါးမှာ တွေ့နေရပါတယ်။ ဟေးလား ပါးလားနဲ့ ပြီးသွားတာချည်းပါပဲ။ အဆိုးဆုံးကတော့ သရုပ်ဆောင်ကြတဲ့အခါမှာ ဓာတ်လမ်းထဲကဓာတ်ကောင်နဲ့ တစ်သားတည်း ဖြစ်သွားအောင် မကြိုးစားကြတာပါပဲ။ ဟိုကားမှာလည်း ဒီအိုက်တင်၊ ဒီကားမှာလည်း ဒီအိုက်တင်ချည်း ဖြစ်နေတာပါ။ တောသူမ ဓာတ်ရုပ်လို့ဆိုပေမဲ့ နှုတ်ခမ်းနီ၊ မိတ်ကပ် အဖွေးသားနဲ့၊ မျက်တောင်တွေကော့အိုင်းလိုင်နာတွေပါ ခြယ်ထားတာမျိုးလည်း တွေ့ရပါတယ်။ ဆံပင်ကာလာတွေကလည်း လန်းပျံထွက်နေတာပဲ လေးငြိမ်းရေ။ လုပ်တဲ့သူက မရှက်ကြပေမဲ့ ကြည့်ရတဲ့သူကတော့ ရှက်လည်းရှက်သလို စိတ်လည်းပျက်လှပါတယ်။ (မြန်မာနိုင်ငံကတောသူမတွေ အဲသလောက်ထိ ခေတ်မီသွားကြပြီဆိုရင်တော့ ကျွန်တော့်အပြစ်ပါ။) အဲဒီအိုက်တင်တွေကိုလည်း မမြင်ချင်မှအဆုံးပါပဲ။

ဆရာ လမင်းမောင်မောင် ပြောသလိုပါပဲ။ အနုပညာမှော်အောင်နေကြတဲ့ ဦးဦးဒေါ်ဒေါ်၊ ကိုကိုမမများက နိုင်ငံခြားကလက်ဖျားခါ ချီးကျူးကြရမယ့် အနုပညာဖန်တီးမှုတွေကို လေ့လာကြမယ့်ပုံ မပေါ်ပါဘူး။ တစ်လကို ဓာတ်ကား ရုပ်ရှင်ကားကိုးကားလောက် ပြီးနိုင်ဖို့ကိုပဲ စိတ်စောနေကြဟန် တူပါတယ်။ (တချို့ကတော့ အားလပ်ချိန်ရတိုင်း စာတွေဖတ်နေသလို နိုင်ငံခြားဓာတ်လမ်းတွေကြည့်ပြီး ပညာယူတယ်လို့ဆိုပါတယ်။) ကျွန်တော်မြင်သလောက်ကတော့ ပြောင်းလဲလာတာ ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ ညီမင်းညို

လမ်းရှော၊ စာတိုရုပ်နဲ့ပါ လုံးဝမလိုက်ဖက်တဲ့ ပတ်စားဆင်ထင်မှုတွေပါ။ ပေးတဲ့ဆင်ခြေက ပရိသတ်အမြင်ဆန်းအောင်လို့ပါတဲ့။ ရိုင်းတယ်ဆိုလည်း ခွင့်လွှတ်ကြပါ။ ကျွန်တော်တော့ သေလိုက်ပါတော့လို့သာ အော်ပြောလိုက်ချင်တယ်။

Fatal Attraction နဲ့ Albert Nobbs ထဲက Glenn Close ရဲ့ Character Change သွားပုံကို ကြည့်ရတော့ မြန်မာသရုပ်ဆောင်များရဲ့ ချွန်ဝင်စားမှုကို ဟားတိုက်ပြီးတော့သာ ရယ်နေချင်ပါတော့တယ်။ ဝေဖန်ရေးဆရာများကတော့ "A Jaw-dropping performance by Glenn Close" လို့ ချီးကျူးကြပါတယ်။ Black Swan နဲ့ Closer ကြားက Natalie Portman ရဲ့ ပြောင်းလဲမှုများမှာ ဖန်တီးနိုင်စွမ်းကို အားကျကြနေလိုပါတယ်။

စုနောက်ပိုင်း၊ ကျွန်တော့်သူငယ်ချင်းများ အပါအဝင် ကျွန်တော်နဲ့ဖိုးစပ်ရာ လူအတော်များများကတော့ မြန်မာကားဆိုတာနဲ့တင် နှာခေါင်းရှုံ့ချင်နေကြပါပြီ။ ဝမ်းနည်းစရာကောင်းပေမဲ့ အဲဒီလို သတိသက်တော့ ဘယ်သူမှ ကိုယ့်လူမျိုးရဲ့ ခေနပညာ အဆိုက်အခန်းကို အထင်သေးကြမယ် မထင်ပါဘူး။ ရုပ်ရှင်လောကဆိုတာ နိုင်ငံရဲ့ အကျယ်ပြန့်ဆုံး အနုပညာလွှင်ပြင်ပါ။ ဒါကြောင့် ကိုယ့်ရဲ့ အရောင်နှိုးစိတ်၊ ပါရောင်ကောင်းလှပ်ဖို့စိတ်ကြောင့် အဲဒီလွင်ပြင်ထီးထီးကြီးကို ဖိတ်တေးနေရဖို့ အရေးကြီးပါတယ်။ မော်ဆရာ၊ ဆရာမများ၊ တစ်ဖက်ကမ်းခပ်နေတဲ့ ကာဝေဗမများ (ဆရာ လမင်းမောင်မောင်ရဲ့စကား) ဆင်ခြင်နိုင်ကြပါစေ။



စာရေးဆရာမ စုထား

(စာရှည်သွားလို့ လေးငြိမ်းကို အားလည်းနာလှပါတယ်။ အမှားပါရင်ခွင့်လွှတ်ပါ။ ဆရာ လမင်းမောင်မောင်ရဲ့ ဝေဖန်စာများကိုလည်း စိတ်ဝင်တစား စောင့်မျှော်နေပါကြောင်း။)

သံလွင်ကို

မော်လမြိုင်

*ကျွန်တော်တို့မြန်မာများက ငါးပွက်ရာကို ငါးစာချတတ်တဲ့ အစဉ်အလာရှိပါတယ်။ ပရိသတ်က ဟာသကားကြိုက်ပြီဆိုရင် ရုပ်ရှင်လောကကလည်း ဟာသယိမ်းကို ကကြတော့တာပါပဲ။ ငိုတာကို ကြိုက်တယ်ဆိုရင်လည်း မထိန်းနိုင်မသိမ်းနိုင် ငိုပြကြပါတယ်။ အဲဒီတော့ သူတို့ ဖန်တီးမှုတွေက ပရိသတ်အပေါ်မှာ အများကြီး မူတည်နေပါတယ်။ ဒရာမာကောင်းကောင်းများမှာ သရုပ်ဆောင်လေ့ရှိတဲ့ သရုပ်ဆောင်တွေကလည်း ဟာသခေတ်ကို ရောက်လာချိန်မှာ ဝင်ငွေရရှိဖို့အတွက် ဟာသဇာတ်တွေမှာ ပါဝင်သရုပ်ဆောင်ကြရပါတယ်။ ဆရာ သံလွင်ကို ပြောသလို ပြုံးပြုံးပြရတယ်ပေါ့။ အဓိကကတော့ ပရိသတ်က အဆင့်မြင့်မြင့်ကားတွေကိုသာ အားပေးကြတယ်ဆိုရင် အားမပေးတဲ့ ခပ်ပေါပေါကားတွေကို ရိုက်ရဲကြတော့မှာ မဟုတ်ပါဘူး။ အဆင့်မြင့်သလား၊ ပေါသလား သိချင်ရင် ငှားကြည့်မှ မဟုတ်ပါဘူး။ နာမည်ကို ဖတ်လိုက်ရုံနဲ့ သိနိုင်ပါတယ်။ အဲဒီကားမျိုးကို အားလုံး ဝိုင်းပယ်ကြမယ်ဆိုရင် ကားကောင်းကားသန့်တွေ ထွက်လာဖို့ အခွင့်အရေးရမယ် ထင်ပါတယ်။ မြန်မာကားတွေ အားပေးကြည့်ကြပါစို့။*

❑


ဆရာဦးဝင်းငြိမ်း မင်္ဂလာပါခင်ဗျာ။

ဒီလအောက်တိုဘာလထုတ်က ဆရာစိန်ချဉ်ပေါင်ရည်ရဲ့ ရုပ်ရှင်ဝေဖန်စာကို သဘောကျမိပါတယ်။ ဒီလ ရွှေမှာ ဆရာမ



www.burmeseclassic.com

www.burmeseclassic.com







ယုယရဲ့ **ခွေးလေးတစ်ကောင်ဖမ်းမိတယ်**၊ ဆရာကိုခေးရဲ့ **ဂျက်ကီ**၊ ဆရာ နေ(ပင်လယ်ပြာ)ရဲ့ **သခင်**၊ ဆရာလမင်းမောင်မောင်ရဲ့ **အတောင်ကျိုးသွားတဲ့မေတ္တာ** ဆိုတော့ တိရစ္ဆာန်များအတွက် အထူးထုတ်လားလို့ တွေးလိုက်မိပါတယ်။

ဆရာအောင်ဖြိုးကျော်(ပခုက္ကူ)ရဲ့ ဆောင်းပါးလေးကို ဖတ်မိတော့ ဆရာ့ကို ဝမ်းသာဂုဏ်ယူမိပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇွန်လထုတ် ရွှေအသစ်ကဏ္ဍမှာ ဆရာအောင်ဖြိုးကျော်ရဲ့ **အရောင်ဆိုးခြင်း** ဝတ္ထုကို ရွှေနှလုံးသားအတွက် ရွေးချယ်ခံခဲ့ရပေမဲ့ ယခုအထိတော့ ဖော်ပြခံရခြင်း မရှိသေးတဲ့အတွက် ဖော်ပြပေးစေလိုပါတယ်။ ထို့အတူ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လမှာ အရွေးချယ်ခံထားရတဲ့ ရွှေနှလုံးသားဝတ္ထုတစ်ပုဒ်ဖြစ်တဲ့ ဆရာလူခါးရဲ့ **အင်ဂျလီနာဂျိုလီဖတ်ဖို့ ငါ့ဒိုင်ယာရီ** ကိုလည်း ဖော်ပြပေးစေလိုပါတယ် ဆရာ။

၂၀၀၉ ခုနှစ်၊ ဩဂုတ်လထုတ် ရွှေအသစ်မှာပါတဲ့ **တွင်းရေကြည်လင်နေဖို့ လိုသည်** ဝတ္ထုကို ဖန်တီးသူဆရာမသီသီဟာန်(ကျိုက်ထို)ရဲ့ စာမူတွေကို ရွှေအသစ်စာမူရောက်ရှိစာရင်းမှာ(ယခုလ)ငါးပုဒ်တိတိတွေ့ရတဲ့အတွက် ဆရာမ ယခုအထိ မိတ်ဆက်မကျ ဖွဲ့မလျှော့သေးတဲ့အတွက် လေးစားဂုဏ်ယူမိပါတယ်။ ဒါပေမဲ့ ဆရာမအနေနဲ့ အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးဖို့လိုပါလိမ့်မယ်လို့ ဝေဖန်အကြံပေးပါရစေ။ မြန်မာစာပေလောကရဲ့ တန်ဖိုးဖြတ်လို့မရတဲ့ စာရေးဆရာများဖြစ်တဲ့ ဆရာမောင်ဝံသ၊ ဆရာ မင်းလူတို့ ကွယ်လွန်သွားတဲ့အတွက် နှမြောမိပါတယ် ဆရာ။

ဆရာမ ချောအိမာန်(မန္တလေး)ရဲ့ **ဟိုးဝေးဝေးက** ရသစာတမ်းကို ဖတ်မိတော့ ဟိုးဝေးဝေးက အဘိုးအဘွားတွေကို သတိရမိပြန်ရဲ့။ **တောမင်းသမီး** ကို ဖန်တီးနေတဲ့ဆရာမခင်ခင်ထူးကို One Minute Interview မှာ တွေ့ဆုံပေးပါဦး ဆရာ။

ဆရာမငွေဇင်ယော်ဦး(မိုးကုတ်)ရဲ့ လုံးချင်းဝတ္ထုကို အားပေးဖို့ စောင့်မျှော်နေမိသလို၊ ဆရာထွန်းတောက်ထွဋ်(သချာ)ရဲ့ ဝတ္ထုတိုပေါင်းချုပ်ကိုလည်း အားပေးဖို့အဆင်သင့်ပါပဲ ဆရာ။ ဒီကြားထဲ ဆရာမ စုသဲမွန်က လုံးချင်းရေးဖို့အစပျိုးနေပြီဆိုတဲ့အတွက် ဝမ်းသာမိပါရဲ့။ ဆရာမင်းဝေဟင်ကတော့ ရေးပြီးသား လုံးချင်းဝတ္ထုကို ယခုအထိမထုတ်သေးဘဲ သိမ်းထားဆဲဖြစ်တဲ့အတွက် ဆရာ့ကို အားမလို၊ အားမရဖြစ်မိပြန်ရဲ့။

ဆရာ့ရဲ့ **နှစ်ကြောင်းရေး တစ်ကြောင်းခြစ်** ဆောင်းပါးကိုလည်း ထပ်မံဖတ်လိုပါသေးတယ်။ **ကလောင်ငယ်များကိုယ်စား** ကို ပြန်လည်ဖော်ပြပေးတဲ့အတွက်လည်း ကျေးဇူးပါ ဆရာ။

ဆရာ နှောင်နှစ်ပေါင်းများစွာထိ စာပေတာဝန်များကို ကျန်းမာပျော်ရွှင်စွာ သယ်ပိုးနိုင်ပါစေ။

လေးစားစွာဖြင့်

**မြင့်မိုရ်ကျော်လင်း၊မိုးမိတ်၊**

myintmokyawlin@gmail.com

*ဘယ်သူ့ဝတ္ထုကို ရွေးထားတာကတော့ ဘယ်နှလရှိပြီ၊ ဘယ်သူ့ဝတ္ထုက စာမူရောက်တဲ့စာရင်းအရ ဘယ်နှပုဒ် ရှိနေပြီ စသဖြင့် အတိအကျတွေ ပြောနိုင်တဲ့အတွက် ရွှေအမြုတေ*



www.burmeseclassic.com

www.burmeseclassic.com



နဝရတ်



အကယ်ဒမီ
စိုးမြတ်သူဇာ

*အပေါ်မှာ တလေးတစားရှိတယ်ဆိုတာ ကျွန်တော် ဝမ်းသာပါတယ်။ အယ်ဒီတာတစ်ယောက်ရဲ့တာဝန်ကိုတော့ စာဖတ်သူတစ်ယောက်က မထိပါးသင့်ပါ။ ဘယ်လမှာ ဘယ်သူ့ဝတ္ထုထည့်မယ်ဆိုတာ ပုံသေမှတ်ထားလို့ မရပါဘူး။ မာတိကာမှာ မထပ်ရအောင် အလှည့်ကျထည့်ရပါတယ်။ ဒါကြောင့် အားပေးတာကို ကျေးဇူးတင်ဝမ်းသာပေမဲ့ ကျွန်တော့်လုပ်ပိုင်ခွင့်ကိုတော့ မထိပါးပါနဲ့လို့ ပြောပါရစေ။*

❑

ဆရာရှင့်

ကျွန်မရဲ့ ပေးစာကို ရွှေအမြုတေမဂ္ဂဇင်းမှာ ပုံနှိပ်စာလုံးနဲ့မြင်ရလို့ အရမ်း ဝမ်းသာမိပါတယ်။ ကျွန်မရေးတဲ့ ဝတ္ထုတစ်ပုဒ်လောက်သာ မဂ္ဂဇင်းထဲမှာပါခဲ့မယ်ဆိုရင် ကျွန်မလည်း ဆရာ ထွန်းတောက်ထွင့်လို ပြုံမိမှာ သေချာပါတယ်။ ဒါပေမဲ့ ဆရာရယ် ကျွန်မက ဆရာကြီး လူထုစိန်ဝင်းပြောသလို စာရေးတတ်ချင်လိုက်တာလို့ ပါးစပ်က တဖွဖွပြောနေပေမဲ့ လက်တွေ့တော့ မရဲခဲ့ပါဘူး။

ဆရာရှင့်

ဒီတစ်ပတ်တော့ ကျွန်မရင်ထဲမှာ လွမ်းနေဆဲဖြစ်တဲ့ အနုပညာရှင်တွေကို ရင်ဖွင့်ခွင့်ပြုပါဆရာ။ ပထမဆုံးကတော့ ဆရာမ မိုးမိုး(အင်းလျား)ကိုပါ။ ဆရာ ငြိမ်းကျော်ဆိုရင် ကျွန်မ မလွတ်တမ်းဖတ်ခဲ့တဲ့ စာရေးဆရာပါ။ အခု ပြန်ဖတ်တော့လည်း ကြိုက်နှစ်သက်ဆဲ၊ ရင်ထဲမှာ နင့်နေအောင် ခံစားနေရဆဲပါ။ ဆရာမ ဝင်းဝင်းလတ်ကိုလည်း နှမြောမဆုံးပေါ့ရှင်။ ဆရာ သက်ထွန်း(ဆေးသိပ္ပံ)ရဲ့ ဝတ္ထုတွေကိုဆိုရင် အမြဲတမ်း နှစ်ခေါက်ပြန်ဖတ်နေကျပါ။ ဆရာမ ယုယ(ဆေး-၂)ရေးတဲ့ **ဘိုးဘိုး၏ အနှစ်များ** ဆိုတဲ့ ဝတ္ထုလေးကို ဖတ်ရတော့ ဆရာ သက်ထွန်းကို သတိရလိုက်တာဆရာ။

ဒေါက်တာ မိုက်ကယ်အဲရစ်ကိုလည်း နှမြောလွမ်းဆွတ်ရပါတယ်။ မဆုံးမီက ဗုဒ္ဓဘာသာအကြောင်း စာတမ်းပြုစုဖို့ တိဘက်မှာ သုတေသနပြုခဲ့တယ်လို့ မှတ်သားဖူးပါတယ်။

ဆရာ သုမောင်ကတော့ ဘယ်တော့မှ သူများကို မကောင်းပြောလေ့၊ ရေးလေ့ မရှိတဲ့ ချစ်စရာကောင်းတဲ့ ဆရာပါ။ ဆရာ မောင်ဝဏ္ဏကတော့ ကျွန်မ အမြဲပဲ အထင်ကြီးလေးစားခဲ့သူပါ။ တေးရေးဆရာ ရှားပါးတဲ့လောကကြီးအတွက်လည်း ဆရာ မောင်အာယုက နှမြောစရာကောင်းလှပါတယ်။

ရိုးရှင်းပြီး အဓိပ္ပာယ်ရှိတဲ့ စကားလုံးလေးတွေကို ကာရန်နဲ့ချိတ်ဆက်ပြီးရေးလေ့ရှိတဲ့ ဆရာ မောင်ခိုင်မာရဲ့ ရှင်မ ကဗျာလေးတွေကိုတော့ အလွမ်းဆုံးပါဆရာ။ အခု စိုင်းစိုင်းရဲ့သီချင်းလေးတွေက အဲဒီပုံစံလေးတွေဖြစ်လို့ ကြိုက်ပါတယ်။ ငြိမ်းချမ်းရေးပွဲတော်တုန်းက စိုင်းစိုင်းသီချင်းကို အကြိုက်ဆုံးပါ။

ဆရာ အိကြာကွေးနဲ့ ဆရာ ဆွေမင်း(ခနုဖြူ)တို့ကတော့ ဟာသစာပေအတွက် အစားမရနိုင်တဲ့ ဆုံးရှုံးမှုလို့ ခံစားရပါတယ်ဆရာ။

အဆိုတော်တွေထဲကဆိုရင်လည်း ဝင်းဦး၊ လွှမ်းမိုး၊ ထူးအိမ်သင်၊ စိုင်းထီးဆိုင်၊ ဇော်ဝမ်း၊ သုမောင်နဲ့ ခင်မောင်တိုးတို့ရဲ့အသံနဲ့ ဆိုဟန်ကို ဘယ်တော့မှ အစားပြန်မရနိုင်ဘူးလို့ ခံစားမိပါတယ်ရှင်။

၂၀၁၃၊ ၈ လပိုင်း သတင်းစာထဲမှာ ဆရာ မင်းလူ နာ



www.burmeseclassic.com

www.burmeseclassic.com







ရေးသတင်းဖတ်ရတော့ မယုံနိုင်လောက်အောင် အံ့အားသင့်ပြီး ဝမ်းနည်းမိပါတယ်။ ဆရာကြီး ဒဂုန်တာရာနဲ့ ဆရာ မောင်ဝံသ အတွက်လည်း ဝမ်းနည်းကြေကွဲရကြောင်းပါ။

ဆရာ ဘာသာပြန်ပေးလို့ ကမ္ဘာကျော်တွေရဲ့အကြောင်း အသေးစိတ်သိရတာ ကျေးဇူးတင်လှပါတယ်။ ဒါပေမဲ့ ဆရာ ရယ် တစ်ထိုင်တည်း တဝကြီး ဖတ်ချင်တဲ့ဆန္ဒတော့ မပြည့်ဘူးပေါ့။

ဆရာမ သန်းမြင့်အောင်ရေးတဲ့ ဝတ္ထုတိုဖတ်ရမှ အရေးကြီးတဲ့တစ်ယောက် ကျန်သေးတာ သတိရမိတယ်ဆရာ။ ဆရာ မိုးဟိန်း(သားဂျာနယ်ကျော်)ပါ။ စာရှည်သွားရင် ခွင့်လွှတ်ပါ ဆရာ။

*ဆရာ ဦးဝင်းငြိမ်း သက်တော်ရာကျော်ရှည်*
*ပါစေသတည်း။(ဆရာ မင်းလူ အလွမ်းပြေ)*

မန်းမာယာ

တောင်ကွက်သစ်။ ရပ်စောက်မြို့

*ဟုတ်ကဲ့။ ဆရာ၊ ဆရာမများ ကွယ်လွန်သွားကြခြင်းဟာ မြန်မာစာပေလောကအတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှုတွေ ဖြစ်ပါတယ်။ လက်ရှိ ကလောင်သွေးနေကြတဲ့ ဝါသနာရှင်များအနေနဲ့ ဆရာများရဲ့လက်ရာကို လေ့လာအတုယူကြပြီး မြန်မာစာပေလောကကြီးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုပါတယ်။*

❑

သို့

ဆရာ

မင်္ဂလာပါ ဆရာ နေကောင်းတယ်နော်။ ဒီတစ်ခါလည်း စာရှည်တာ ခွင့်လွှတ်ပါ။ ဆရာကြီးလုပ်ရာရောက်၊ ရာဇဝင်အိုး တုတ်နဲ့ထိုးရာ ရောက်နေရင်တော့ လွန်တာရှိ ဝန္ဒာမိပါလို့ ကြိုကာထားပါရစေ ခင်ဗျာ။


တစ်လောက ဘဝတစ်ပါး ပြောင်းသွားကြတဲ့ ပုဂ္ဂိုလ်ကြီးတွေနဲ့ပတ်သက်ပြီး လွမ်းဆွတ်၊ သတိရ၊ အောက်မေ့၊ ဂုဏ်ပြု စတဲ့ စာတွေ.စာတွေ၊ ဟိုမှာ.ဒီမှာ ဖောဖောသီသီကြီးကို ဖတ် လိုက်ရပါတယ်။ ခုလည်း ဖတ်နေရတုန်း၊ ကောင်းပါ့။ အားကျပ့်။ ဒါပေမဲ့ တစ်ခုစဉ်းစားမိတာက အဲဒီပုဂ္ဂိုလ်ကြီးတွေ အသက်ရှိစဉ်(မကျန်းမာ၊ ဆေးရုံတက်၊ ဆေးကုသ စသည်) အခါကကော သွားတွေ့ကြ၊ အားပေးကြ၊ ထောက်ပံ့၊ဆက်ဆံစတာတွေကော လုပ်ခဲ့ကြပါရဲ့လား၊ အကုန်လုံးတော့ ဟုတ်မထင်ပေါင်။ ကျေးဇူးကြီး၊ ဂုဏ်ကြီးကြသူတွေကို အသက်ရှင်စဉ်မှာ ကောင်းကောင်းဆက်ဆံ၊ ဝင်ထွက်၊ ဆုံတွေ့၊ အားပေး၊ ထောက်ပံ့၊ ဂုဏ်ပြုကြတာက ပိုအဓိပ္ပာယ်ရှိမယ် ထင်ပါတယ် ခင်ဗျာ။ အဲဒီလို တာဝန်၊ ဝတ္တရား(နည်းနည်းလေးဖြစ်ဖြစ်) ကျေခဲ့ကြပြီးမှ သေပြီးနောက်လွမ်းဆွတ်ကြရင် ပိုပြီးသင့်တော်မလားလို့ ယူဆမိပါတယ်။ အသက်ရှင်စဉ်တုန်းကတော့ ဖုန်းတောင်မဆက်၊ မတွေ့ကြပါဘဲနဲ့ သေမှလွမ်းပြနေကြတာဆိုရင်တော့ စိတ်ပျက်စရာကြီးပါဆရာ။ သေတော့မှ အသုဘလိုက်ပို့ရုံဆက်ဆံရေးဟာ နေရာတကာမှာ မြင်နေ၊ တွေ့နေရလို့ပါ ခင်ဗျာ။ တစ်လောက စကားစပ်မိကြတော့ "စေတနာ၊ မေတ္တာက စိတ်သာအဓိကပါကွ"လို့ စောဒကတက်တာ ကြုံရပါတယ်။ တချို့က မအားလို့တဲ့ ဆင်ခြေပေးကြပါတယ်။ မနော



www.burmeseclassic.com

www.burmeseclassic.com






ကံ စေတနာ မေတ္တာဆိုတာကို ကာယကံ စေတနာ၊ မေတ္တာနဲ့ သက်သေပြကြရတာမျိုးပါဆရာ။ ဆင်းရဲရဲ၊ ချမ်းသာသာ၊ နိမ့်နိမ့်ဝေးဝေး၊ ကာယကံနဲ့ သက်သေပြလို့ရပါတယ်။ တတ်နိုင်ရင် ငွေ၊ ပစ္စည်းစတာတွေနဲ့ပါ ပံ့ပိုးလို့ရပါတယ်။ ဒီသဘောကို လက်မခံရင်လည်းမတတ်နိုင်ပါဘူး။ ဘယ်သူမှ မအားကြသလို၊ ဘယ်သူမှလည်း အို၊ နာ၊ သေက မလွတ်ပါဘူး။ တစ်နေ့ အကုန်လုံး မလကီးယားကြရမယ့် သူတွေချည်းပါ။ သေသူကိုအကြောင်းပြုရေးလို့စာမူခရကြရင် ကျန်ရစ်သူမိသားစုကို ထောက်ပံ့ရင်ကောမကောင်းဘူးလား၊ စဉ်းစားမိပါတယ်။ ကျွန်တော်ဆိုရင်တော့ ဒီစာမူခနဲ့ ဘယ်လိုမှ စားသောက်လို့ရမှာ မဟုတ်ပါဘူးဆရာ။

စာပေလောကမှာ မကောင်း၊ အဆိုးမရှိရင် ပိုလှပပါလိမ့်မယ်။ စာရေးကောင်း၊ စာကောင်းလည်းရေးပေမဲ့ လက်တွေ့လူမှုဘဝမှာ မကောင်းတဲ့သူတွေ ကြုံဖူးတာ ခဏခဏပါ။ ကိုယ့်အိမ်လာတည်းခို စားသောက်သွားပြီးမှ စော်ကားတတ်သူနဲ့လည်း ကြုံခဲ့ဖူးပါပြီ။ စာပေအကြောင်းပြ နယ်က ဝါသနာရှင်ကလေးတွေကို သူတို့လိုရာ အသုံးချသွားတာမျိုး(အကုန်ရေး မကောင်းလို့…ဟင်း)လည်း ခံခဲ့ရဖူးပါပြီ။ ကျွန်တော်က အဝေးရောက်ချိန် မိဘတွေ ဆုံးပါးခဲ့တော့ ကျေးဇူးရှိသူဆိုရင် နည်းနည်းများများ လက်တွေ့ ချစ်ခင်ပြချင်သူပါဆရာ။ စာပေပညာဆိုရင်လည်း 'အနန္တ ၅ ပါး'နဲ့ တစ်ဂိုဏ်းတည်းထား ဆက်ဆံခဲ့တာချည်းပါပဲ။ မဏ္ဍပ်တိုင်တက်ပြတယ်တော့ မထင်စေချင်ပါ။ ဆရာရှိတယ်၊ အမေကလျာ (ဝိဇ္ဇာ၊ သိပ္ပံ)၊ မေချို (ချိုပြုံး)ရှိတယ်။ ကိုယ့်ကိုလည်း သားလို၊ တပည့်လေးလို ဆက်ဆံတာ ခံရတော့ ခံစားရတဲ့ပီတိဟာ ဘာနဲ့မှလဲမရ၊ တန်ဖိုးဖြတ်မရပါဘူးဆရာ။ ဒီအရသာဟာ အသက်နဲ့ကိုယ် တွဲနေတုန်းမှာပဲ ခံစားလို့ရတာမျိုးပါခင်ဗျာ။ ဆရာ မြေလတ်(မြေလတ် မောင်မြင့်သူ)ဆိုရင် ကိုယ့်ဝတ္ထုဖတ်ပြီး သူကပဲ ဖုန်းဆက်ပြီး ချီးမွမ်းနေလို့ ဘဝင်မြင့်ရတော့ မလောက်ပါဘဲ။ အထက်စီးက ဆက်ဆံတာ လုံးဝမရှိပါဘူး။ ကိုယ့်ဆီလာ ကောင်းကောင်းဧည့်ဝတ်ပြုလိုက်ပေမဲ့ ရန်ကုန်ကျွန်တော် ရောက်တော့ နှုတ်တောင်မဆက်ကြတဲ့ ပုဂ္ဂိုလ်တွေလည်း ကြုံခဲ့ဖူးတာ ထည့်ရေးတာကိုတော့ ခွင့်လွှတ်ပါတော့ခင်ဗျာ။ ဘဝကတိုတိုကလေးပါနော် ဆရာ။ အသက်ရှိကြတုန်းမှာ တာဝန်၊ ဝတ္တရားကျေကြ၊ ချစ်ကြ၊ ခင်ကြ၊ ဆက်ဆံကြပြီးမှ သေတော့လည်း လွမ်းကြ၊ ဂုဏ်ပြုကြပေါ့နော်။ ကျွန်တော်ကတော့ ကျေးဇူးရှိသူ၊ ဂုဏ်ကြီးသူတွေကို သေမှ လွမ်းဖို့ထက် မသေခင် ကံ ၃ ပါးနဲ့ ချစ်ခင်ပြဖို့ကိုပဲ စိတ်အားထက်သန်ပါတယ်။ ကျွန်တော့်အတွက်ကတော့ မနောကံတစ်ခုတည်းနဲ့ လုံးဝမလုံလောက်တာ သေချာပါတယ်ခင်ဗျာ။

ဆရာ ကျန်းမာ၊ အသက်ရှည်ပါစေ
အလ္လာဟ်အရှင်မြတ် ကောင်းချီးပေးတော်မူပါစေခင်ဗျာ
လမင်းမောင်မောင်(ပြင်ဦးလွင်)

*ဆရာ လမင်းမောင်မောင်ရေ… အဲဒါမှ လူပီသတာပေါ့။ ဆရာ ပြောသလို အားလုံးလိုက်နာနေကြရင် လူမဟုတ်တော့ဘဲ ရဟန္တာတွေ ဖြစ်ကုန်ကြပါလိမ့်မယ်။ စိတ်လျှော့… စိတ်လျှော့…။*

■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်ဆိုတဲ့ နှစ်ကို ဒီဇင်ဘာမှာ နှုတ်ဆက်ပါပြီ။ ပျော်ရွှင်ဖွယ်ကောင်းတဲ့ ခရစ္စမတ်နဲ့အတူ နှစ်သစ်ကို ကြိုဆိုကြတဲ့ နယူးရီးယားပျော်ပွဲတွေလည်းရှိတဲ့ လတစ်လပါ။ နှစ်တစ်နှစ်ဆိုပေမဲ့ အချိန်တွေ ကုန်လွန်တာလည်း မြန်လှပါတယ်။ ဆောင်းနှင်းပွင့်လေးတွေနဲ့ အေးချမ်းလှတဲ့ ဒီဇင်ဘာလအတွက် ရွှေအမြုတေမဂ္ဂဇင်း မျက်နှာဖုံးကို ချင်းတိုင်းရင်းသူမလေး သက်မွန်မြင့်နဲ့ ရိုက်ကူးဖို့ စီစဉ်ခဲ့ပါတယ်။ သက်မွန်မြင့်ကို ခရစ္စမတ်နဲ့လိုက်အောင် အနီရောင်ဝတ်စုံနဲ့ အခြားဝတ်စုံများ စီစဉ်ပေးဖို့ တောင်းဆိုတာကြောင့် သက်မွန်က ဝတ်စုံစီစဉ်တဲ့ အချိန်ရယ်၊ ရှူတင်တွေ ရှိနေတာရယ်ကြောင့် မျက်နှာဖုံး ဓာတ်ပုံကို ဖောင်ပိတ်ခါနီးမှ ရိုက်ဖြစ်ပါတယ်။



ဒီဇင်ဘာလ ရွှေအမြုတေမဂ္ဂဇင်းမျက်နှာဖုံးအတွက် ဓာတ်ပုံ ရိုက်ကူးပေးသူက ပီတာဖြစ်ပါတယ်။ ဓာတ်ပုံပီတာက ရိုက်ကူးရေးတွေရှိတဲ့အတွက် မအားတဲ့ကြားကနေ ဓာတ်ပုံကို အကောင်းဆုံး ရိုက်ကူးပေးပါတယ်။ ဓာတ်ပုံရိုက်ပြီးလို့ သက်မွန်မြင့်ကို အင်တာဗျူးဖို့ချိန်းတဲ့အခါ သက်မွန်မြင့်ရဲ့အိမ်၊ ရှူတင်နဲ့ ချာလပတ်လည်နေပါတော့တယ်။ အသံတိတ်ဆိတ်တဲ့နေရာမှာ အင်တာဗျူးကို အေးအေးဆေးဆေး လုပ်ချင်ပေမဲ့ သက်မွန်မြင့်က ရှူတင်ရှိတာရယ်၊ ရွှေအမြုတေ ဖောင်ပိတ်ချိန်နဲ့ဖြစ်နေတာရယ်ကြောင့် ရှူတင်မှာပဲ မေးမြန်းဖြစ်ပါတော့တယ်။

သက်မွန်မြင့်က ဒီဇင်ဘာလထဲမှာ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)၊ နေတိုးတို့နဲ့ ရုပ်ရှင်ကားကြီးရိုက်ဖို့ စီစဉ်ထားပေမဲ့ မရိုက်ဖြစ်သေးဘဲ ရိုက်ရက် ရွှေ့ထားတယ်လို့ သိရပါတယ်။ ဒါပေမဲ့ ဗီဒီယိုဇာတ်ကားတွေ ရိုက်ဖို့တော့ စီစဉ်ထားပါတယ်။ ရုပ်ရှင်ကားကြီးရိုက်ရက် ရွှေ့တာက ရာသီဥတုအခြေအနေကြောင့်လို့ သိရပါတယ်။

**ချင်းတောင် ဖလမ်းကို ဘယ်အချိန် ပြန်သွားချင်စိတ်ရှိလဲ။**

ရှုခင်းတွေမြင်တဲ့အချိန် ပိုလွမ်းတယ်။ တောင်တွေနဲ့ တိမ်တွေနဲ့ အေးအေးချမ်းချမ်းလေးနဲ့ဆိုတော့ ပိုပြီးတော့ လွမ်းတယ်။ ဒီမှာကျတော့ ကားကျပ်တာတွေ ဘာတွေနဲ့၊ ရာသီဥတုပူတာနဲ့ သိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မပျော်ဘူး။ တစ်ခါတလေကျရင်တော့ ချင်းတောင်ပြန်ချင်တယ်။ သာမန်ဘဝကို ပြန်ရချင်တယ်။

**သာမန်ဘဝနဲ့ လက်ရှိဘဝအပေါ် ယှဉ်ကြည့်ပြီး သက်မွန်ခံစားရတဲ့ ခံစားချက်က ဘယ်လိုရှိမလဲ။**

နဂိုကတည်းက အေးအေးဆေးဆေး နေချင်တဲ့လူမျိုးပါ။ လူတွေရှုပ်ယှက်ခတ်ရင် သိပ်ပြီး မနေတတ်တဲ့လူဆိုတော့ ဒီအလုပ်လုပ်တာကျတော့ လူတွေအများကြီးနဲ့ ဆက်ဆံရတယ်။ တစ်ခါတလေ လူက အရမ်းပင်ပန်းနေရင်တောင်မှ ပင်ပန်းတဲ့စိတ်ကို ဖျောက်ပြီး ပြုံးပြရတယ်။ အဲဒီလိုမျိုးပေါ့နော်။ တစ်ခါတလေကျရင် ဟန်ဆောင်နေရတာတွေ အများကြီးရှိတာ။ အဲဒီလိုမျိုး ဟန်ဆောင်ရတာတွေလည်း မကြိုက်တာဆိုတော့ တစ်ခါတလေကျရင် သာမန်လူတစ်ယောက်ဖြစ်ချင်တယ်။ သာမန်လူဆိုတာက အချိန်နဲ့အလုပ်လုပ်တယ်၊ ပိတ်ရက်တွေရှိတယ်၊ ကိုယ့်သူငယ်ချင်းတွေနဲ့ ဖြတ်သန်းဖို့ဆိုတာ အချိန်တွေရှိတယ်။ ကိုယ်ကကျတော့ အချိန်တိုင်းနီးပါးကို အလုပ်ထဲမှာပဲ နှစ်နေရတယ်။ စိတ်ရော၊ လူရော၊ အရမ်းနှစ်ရတဲ့အလုပ်ဆိုတော့ ပင်ပန်းတယ်။ တစ်ခါတလေကျရင် သာမန်လူလေးလို ဖြစ်ချင်တာပေါ့။

**သရုပ်ဆောင်တဲ့အလုပ်ကလည်း ဟန်ဆောင်ရတဲ့အလုပ်ပဲလေ၊ အဲဒီအပေါ်မှာရော ဘယ်လိုများ ပြောချင်သေးလဲ။**

အဲဒါပြောတာလေ၊ ကိုယ်ဝမ်းနည်းတာပဲဖြစ်ဖြစ်၊ ကိုယ့်ဝမ်းနည်းစိတ်ကို ဖျောက်ပြီးမှ ဇာတ်ကားထဲကအတိုင်းကို ပီပြင်အောင် သရုပ်ဆောင်ရတယ်။ ဇာတ်ကားထဲကို စိတ်နှစ်ရတယ်ဆိုတော့ ဒီဘက်က ဝမ်းနည်းတဲ့စိတ်တစ်ခုကို ချုပ်တည်းပြီး ဒီဘက်က နောက်စိတ်တစ်ခုကို ထားရတယ်ဆိုတော့ စိတ်ကို ခိုင်းရတာ ပင်ပန်းတယ်။ လုပ်နေကျမို့လို့ ကျင့်သားရလို့ လုပ်နိုင်တယ်ဆိုရင်တောင်မှ စိတ်လျှော့လိုက်တဲ့အချိန်မှာ လူကအရမ်းခံရတယ်။ အရမ်းပင်ပန်းတယ်။ ကိုယ်ပျော်နေရင်လည်း ဒီဘက်မှာ ငိုရမယ်ဆိုရင်လည်း စိတ်ကို မငိုငိုချင်အောင် ဝမ်းနည်းတဲ့စိတ်တွေ တွေးရတယ်။ စိတ်ကို အရမ်းခိုင်းရတယ်ဆိုတော့ ပိုပင်ပန်းတာပေါ့။

**ကိုယ်နဲ့ရွယ်တူ သာမန်မိန်းကလေးတွေမြင်ရင် ဘယ်လိုခံစားမှုမျိုး ဖြစ်သေးလဲ။**

အရင်တုန်းက စိမ်းလန်းစိုပြည်တို့မှာရိုက်ရင် ကိုယ်က အလုပ်လုပ်တဲ့အချိန်မှာ သူတို့တွေက သူငယ်ချင်းတွေစုပြီး မုန့်စား၊ စကားပြော၊ ရယ်ကြ၊ မောကြ အဲဒါကိုကြည့်ပြီး ညည်းဖူးတယ်။ ငါလည်း လိုချင်လိုက်တာပေါ့နော်။ ငါ အဲဒီဘဝ မရခဲ့ဘူးပေါ့။ ကိုယ့်ရဲ့ ဒီလိုမျိုးလူငယ်တစ်ယောက် အနေနဲ့ဖြတ်သန်းမယ့်အချိန်မှာ လူငယ်တစ်ယောက်လို မဖြတ်သန်းခဲ့ရဘူး။ ဘဝအတွက် ရုန်းကန်ခဲ့တယ်၊ ကိုယ့်မိဘအတွက် ကိုယ်ဖြစ်ချင်တာ မရောက်ရောက်အောင် တာဝန်တွေ၊ ဝတ္တရားတွေ အများကြီးပေါ့နော်။ အဲဒီပေါ်မှာပဲ ကိုယ်က ကျင်လည်ခဲ့ရတာဆိုတော့ အဲဒီအချိန်မှာတော့ သူတို့တွေကို ငေးခဲ့၊ အားကျခဲ့ဖူးတယ်။ ဒါပေမဲ့ ဒီအချိန်မှာကျတော့လည်း ဟို ဘာပဲဖြစ်ဖြစ် ကိုယ်ကြိုးစားခဲ့တဲ့အတွက် ဒီအချိန်မှာ ကိုယ်ကြိုးစားခဲ့တဲ့ ရလဒ်တော့ ရတာပဲလေ။ ကိုယ့်အဖေ၊ အမေကို ချမ်းချမ်းသာသာကြီးတော့မဟုတ်ဘူး၊ ဒါပေမဲ့ သူတို့ နေမကောင်းတဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဆေးကုဖို့ အဆင်သင့်ရှိတယ်။ အိမ်လေးနဲ့ ရာလေးနဲ့ ထားနိုင်ပြီဆိုတော့ ဘာပဲဖြစ်ဖြစ် စိတ်ချမ်းသာရတယ်။ နောက် ပရိသတ်တွေက ကိုယ့်ကို အများကြီးအားပေးကြတယ်။ ဒါတွေကရလဒ်ပဲ။ ဒီအပေါ်မှာ ကိုယ်က ကျေနပ်လိုက်တယ်ဆိုတော့ အရင်လို သူများကို အားကျတယ်ဆိုတာမျိုးမရှိတော့ဘူး။ အရင်တုန်းက အလုပ်မှာ အရမ်းနှစ်ခဲ့တော့ မိတ်ဆွေအပေါင်းအသင်းဆိုတာ အရမ်းရှားတယ်။ ဒီအနုပညာအလုပ်က သူငယ်ချင်းတွေဆိုတာကလည်း သူ့အလုပ်နဲ့သူ မအားကြတာ များတယ်ဆိုတော့ သူငယ်ချင်းအပေါင်းအသင်းက အရမ်းရှားသွားတယ်။ နောက်ပိုင်းကျတော့ ကိုယ့်ရဲ့အားနည်းချက်လို ဖြစ်သွားတယ်။ နောက်ပိုင်းမှာ သူငယ်ချင်းတွေကို၊ မိဘမောင်နှမတွေကို အချိန်ပေးတယ်။ ဒီအချိန်မှာတော့ အချိန်ပြန်ပေးလိုက်နိုင်သေးတယ်ပေါ့။

**အောင်မြင်မှုရတာနဲ့ အမျှ ကိုယ့်ပတ်ဝန်းကျင်မှာ ထိတွေ့ဆက်ဆံတဲ့သူတွေက ကိုယ့်ကို စိတ်ရင်းနဲ့ပဲ ထိတွေ့ဆက်ဆံတယ်လို့ ခံစားရလား။**

စိတ်ရင်းနဲ့ပဲ ဆက်ဆံတယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကလည်း ဟိတ်ကြီး၊ ဟန်ကြီးတွေနဲ့နေနေတာလည်း မဟုတ်ဘူး။ တစ်ခါတလေ စိတ်ထဲမှာ ကိုယ်ဖြစ်နေတယ်၊ အောင်မြင်နေတယ်ဆိုတာကို ရှိမနေဘူး။ အဲဒီတော့ သူတို့တွေ ကိုယ့် ကိုရှိန်နေလား၊ ကြောက်နေလားဆိုတာတွေလည်း စိတ်ထဲမှာမရှိဘူး။ အရင်အတိုင်းပဲနေတယ်ဆိုတော့ တစ်ခါတလေ ဘာဖြစ်လဲဆိုတော့ တချို့လူတွေက စူပါမင်းသမီးဆိုပြီး မြင်တယ်။ အဲဒီလိုတွေ မြင်တဲ့အခါကျတော့ ကိုယ်က တစ်ခုခု နောက်သလို ပြောလိုက်ရင် သူတို့က Serious ထားပြီး စိတ်ထဲ ခံစားသွားတာတွေ ရှိတယ်။ အဲဒီလိုမျိုး မကြိုက်ဘူး။ ကိုယ့်ကိုသာမန် လူတစ်ယောက်လိုပဲ ဆက်ဆံ၊ ကိုယ်ကလည်း အရင်ပုံစံအတိုင်းပဲ နေတယ်။ အဲဒီလိုမျိုးပေါ့။ ဒါပေမဲ့ တစ်ဖက်ကကြည့်ရင်တော့ တာဝန်ဆိုတာကြီးက ရှိလာတယ်။ အောင်မြင်လာတဲ့အခါ ကိုယ်ရောက်တဲ့နေရာ အနေအထားအရ ငါမလုပ်နိုင်လို့ မရဘူးဆိုတဲ့ ဖိစီးမှုတွေရှိတယ်။ သူတို့တွေက ကိုယ့်ကို ဒီလောက် ယုံကြည်နေတယ်၊ ဒီလောက်လုပ်စေချင်တယ်၊ ဒီလောက် အတိုင်းအတာ သူတို့






www.burmeseclassic.com

www.burmeseclassic.com

လိုချင်နေတယ်၊ ငါ့အနေအထားနဲ့ ဒီအတိုင်းအတာကို မရလို့မဖြစ်ဘူး ဒီစိတ်တွေနဲ့ တာဝန်က ပိုပိုကြီးလာတယ်။ ကျန်တဲ့စိတ်တွေတော့ ဘာမှမရှိဘူး။ များသောအားဖြင့် ကိုယ့်ကိုလိုက်ဖားပြီး ပြောနေတာ မရှိဘူး။ များသောအားဖြင့် ကိုယ့်ကို ပုံမှန်ပဲဆက်ဆံကြတယ်။ အဲဒီလိုမျိုး ဆက်ဆံအောင်လို့ ကိုယ်လည်းနေတယ်။

**အသက် ၃၀ အရွယ်ရောက်နေပြီဖြစ်တဲ့ သက်မွန်မြင့်အနေနဲ့ အရင်တုန်းကရော အချစ်စစ်ဆိုတာကိုတွေ့ခဲ့လား၊ အောင်မြင်မှုရတာနဲ့အမျှ အချစ်စစ်ဆိုတာကိုရလာနိုင်မယ်လို့ ယုံကြည်လား။**

ဒါကတော့ ကိုယ့်ကံတရားပဲပေါ့။ ကိုယ်မအောင်မြင်ခင်မှာလည်း တွေ့နိုင်တာပဲ။ အောင်မြင်ပြီးတော့မှလည်း တွေ့နိုင်တာပဲ။ ခုန ပြောသလို အဓိကက ကိုယ့်ရဲ့စိတ်ထားပေါ့နော်။ ကိုယ့်ရဲ့စိတ်ထားက ဘယ်လိုမျိုးလဲ။ ကိုယ်က ဟန်ဆောင်တတ်တဲ့သူလား။ ရိုးရိုးရှင်းရှင်းနေတဲ့ သူလား။ ကိုယ့်ရဲ့စိတ်အတိုင်းပဲ ကိုယ်ပြန်ရမှာပဲ။ ကိုယ့်စေတနာ ကိုယ်ရောင်ပြန်ဟပ်မှာပဲဆိုတော့ ကိုယ့်အပေါ်မှာ ကိုယ်အများကြီး မူတည်ပါတယ်။



**ကိုယ့်ကို လာကမ်းလှမ်းတဲ့ အချစ်ပေါ်မူတည်ပြီး သက်မွန်မြင့်အနေနဲ့ ဘယ်လိုတုံ့ပြန်ချင်လဲ၊ ဘယ်လိုစဉ်းစားဆုံးဖြတ်မှုတွေများ ရှိသေးလဲ။**

လူတစ်ယောက်ကပေါင်းကြည့်ရင် အချိန်ကြာလာတာနဲ့အမျှ သူ့ရဲ့စိတ်ရင်းကိုသိလာမှာပဲ။ ဘယ်လောက်ပဲ ဟန်ဆောင်ဟန်ဆောင် အချိန်ဘယ်လောက် ထိကြာကြာ သူဟန်ဆောင်နိုင်မှာလဲဆိုတော့ ဒီအပေါ်မှာသူ့ရဲ့စိတ်ကို သိလာတယ်။ အဓိကက ချစ်တယ်၊ မချစ်ဘူးဆိုတာ အချစ်တစ်ခုတည်းနဲ့လည်း ဆုံးဖြတ်လို့ မရတော့ဘူး။ ကိုယ်ကဆယ်ကျော်သက်အရွယ်လည်းမဟုတ်၊ စိတ်ကူးယဉ်ရမယ့် အရွယ်လည်းမဟုတ်တဲ့ အခါကျတော့ အချစ်ကတော့ လိုတယ်၊ ဟုတ်တယ်။ ဒီတစ်ခုတည်း ဦးစားပေးလို့ မရဘူး။ ကိုယ်တကယ်ချစ်တာလား၊ သစ္စာရှိမှာလား၊ စိတ်ထားက ဘယ်လိုလဲ၊ ကိုယ့်မိဘနဲ့ အဆင်ပြေမှာလား၊ ဘာဖြစ်လို့လဲဆိုတော့ အပျော်ချစ်ချင်တာမဟုတ်ဘူး။ သတ်သတ်မှတ်မှတ်နဲ့ ဒီလူတစ်ယောက်ကိုပဲချစ်တယ်၊ ကိုယ်ချစ်တဲ့သူနဲ့ ဘဝလက်တွဲချင်တယ်ဆိုတဲ့စိတ်က အရင်ကတည်းက ရှိနေခဲ့တယ်။ အခုအချိန်အထိ မပြောင်းလဲဘူး။ တွဲလိုက်မယ်ဆိုတဲ့စိတ် မရှိဘူး။ အဲဒီတော့ ကိုယ်ချစ်တဲ့သူပေါ်မှာ ကိုယ့်မိဘတွေက လက်ခံနိုင်မှာလား။ ဒါတွေ ကိုယ်တွေးရတယ်။ ကိုယ့်ကိုရော ဘယ်လိုသဘောထားမှာလဲ။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ အနုပညာအပေါ်မှာ သူနားလည်နိုင်မှာလား။ စဉ်းစားရတာတွေတော့ အများကြီး ရှိသွားတာပေါ့။ ရူးရူးမိုက်မိုက် အချစ်တစ်ခုတည်းပုံပြီး လုပ်လို့တော့ မရဘူး။ ဒါပေမဲ့ အချစ်မပါရင်လည်း အိမ်ထောင်တစ်ခုက သာယာမှာ မဟုတ်ဘူး။ အချစ်ရေး အချစ်ရာမှာလည်း သာယာမှာ မဟုတ်ဘူး။ အဲဒီတော့ စဉ်းစားရတာပေါ့။ နားလည်မှုတွေ၊ ယုံကြည်မှုတွေ ဒါတွေလည်း လိုတာပေါ့။

**ဒီနှစ်ပိုင်း အထူးသဖြင့် ၂၀၁၄ ထဲမှာ အိမ်ထောင်ပြုဖို့ အစီအစဉ်ရှိလား။**


မြန်မြန်ကျွတ်ပါစေ၊ အခုလို အမေးမခံရအောင်။ ဒါပဲ မေးနေကြတယ်။

**ချစ်သူရှိလား မေးရင်ရော။**

ရှိတယ်။ (ပြောပြီး ရယ်နေပါတယ်။)


**အဲဒီတော့ ဘယ်ကလဲ။ ဘယ်လိုပုံစံမျိုးလဲ မေးရင်ရော။**

အများကြီးတော့ မဖြေဘူး။ အပြင်လူတစ်ယောက်ပါပဲ။ အများကြီး မပြောဘူးဆိုတာက ကိုယ်က အနုပညာရှင်ဖြစ်တဲ့အတွက် ပရိသတ်တွေရဲ့ စိတ်ဝင်စားမှုကို ခံနိုင်ရည်ရှိတယ်။ သူတို့တွေက အပြင်လူတွေဖြစ်တဲ့အခါကျတော့ သူတို့ရဲ့ လွတ်လပ်မှုဆိုတာ ရှိတယ်။ ဘာပဲဖြစ်ဖြစ် အနုပညာရှင်တစ်ယောက်နဲ့ ပတ်သက်တယ်ဆိုမှတော့ သူတို့ကိုလည်း လူတွေ စိတ်ဝင်စားမှာပဲလေ။ အဲဒီတော့ သူတို့ရဲ့ လွတ်လပ်မှုတွေဘာတွေ ကိုယ်က တွေးပေးလိုက်တာပေါ့။ မှားရင်လည်း မှားမယ်၊ မှန်ရင်လည်း မှန်မယ်။ အဲဒါကြောင့် သေချာမှပဲပြောတာကောင်းပါတယ်။ ကံကြမ္မာဆိုတာက ပြောလို့မရဘူး။ အရင်တုန်းက ကိုယ်တွေးထားသလို မဖြစ်ခဲ့ဘူးလေ။ ဒီကံကြမ္မာက ဘယ်လိုလှည့်ဦးမှာလဲ။ ဘယ်လို အပြောင်းအလဲ ဖြစ်ဦးမှာလဲဆိုတာ မပြောတတ်တော့ ဘာပဲဖြစ်ဖြစ် လွတ်လွတ်လပ်လပ်နေတာ ပိုပြီး အဆင်ပြေတာပေါ့။ သေချာပြီဆိုရင်တော့ ကိုယ့်ပရိသတ်ကို ပြောပြမှာပါ။ ပြောပြလို့မရတဲ့ အရာလည်း မဟုတ်ဘူး။ တွေးမိတာက ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်က ချစ်တဲ့သူဆိုရင် ကိုယ့်ကိုချစ်တဲ့ ပရိသတ်က လက်ခံပေးမယ်လို့ မျှော်လင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**ကံကြမ္မာ အလှည့် အပြောင်းဆိုတာ မပြောနိုင်ပေမဲ့ ကိုယ့်ရဲ့ ဘဝလက်တွဲဖော် အဖြစ် ရွေးချယ်ထားတဲ့သူ ဖြစ်တဲ့အခါကျတော့ သက်မွန်ရဲ့ အနုပညာအပေါ်ကို ဘယ်လောက်ထိ နားလည်ပေးလဲ။**

သူကလည်း နားလည်ပေးတယ်။ သက်မွန်ကလည်း နားလည်ပေးတယ်။ အမှန်ကတော့ သူက သဝန်တိုတတ်တဲ့သူမျိုး၊ ဒါပေမဲ့ ကိုယ်က ဒီအလုပ်လုပ်နေတယ်ဆိုတော့ ကိုယ့်ရဲ့စိတ်ကိုလည်း သိနေတဲ့အခါကျတော့ သူ့ရဲ့သဝန်တိုစိတ်ကို သူ့ဘာသာဖျောက်တာပေါ့။ အဲဒီလိုမျိုးတော့ ရှိတယ်။ သူနားလည်ပေးတယ်။ ကိုယ်က အချိန်သိပ်မပေးနိုင်ဘူး။ အလုပ်မှာ အရှမ်းနှစ်တဲ့သူဆိုတော့ အဲဒါတွေလည်း နားလည်ပေးရတာပေါ့။ သူလည်း သူ့လွတ်လပ်မှုနဲ့သူ၊ ကိုယ်လည်း ကိုယ့်လွတ်လပ်မှုနဲ့ကိုယ် တစ်ယောက်နဲ့တစ်ယောက် ချုပ်ချယ်မှုတော့ မရှိပါဘူး။

**အခုရွေးချယ်မှုက အချစ်ရာခိုင်နှုန်း ဘယ်လောက်ပါလဲ။**

ရန်တိုက်မပေးနဲ့နော်။ အကုန်လုံးပေါ့။ ကိုယ်ချစ်တာရော၊ ခုနက ပြောသလို စဉ်းစားတဲ့ အတိုင်းအတာတွေရော အဲဒါတွေ အကုန်လုံးနဲ့ စဉ်းစားလည်း စဉ်းစားတယ်၊ ချစ်လည်းချစ်တာပေါ့နော်။ အကုန်လုံးပါသွားတာပေါ့။ ဆယ်ကျော်သက်လိုမျိုး ရူးရူးမိုက်မိုက်တော့ မလုပ်ဘူးပေါ့။ ၂၀၁၄ ထဲမှာ မင်္ဂလာပွဲ ကျိန်းသေလား ဆိုတာကိုတော့ "ကျိန်းသေရင်ပြောပါ့မယ်၊ ဘာမှ ကြိုပြောလို့ရတာ မဟုတ်ပါဘူး။ ကံကြမ္မာပေါ့။ ကံကြမ္မာပဲ ပုံလိုက်မယ်။ ကံကြမ္မာကယူလိုက်ဆိုရင် ယူလိုက်တော့မယ်" လို့ သက်မွန်မြင့်ကဆိုပါတယ်။ သက်မွန်မြင့်ရဲ့ အချစ်ရေးကို ဒီလောက်နဲ့ပဲ ကျေနပ်ပေးကြပါလို့ ဆိုပါရစေ။ မေးမြန်းနေတဲ့အချိန်မှာ ရိုက်ကွင်းကလည်း ပြန်စတော့မယ်လို့ဆိုတာနဲ့ အလိုက်သိစွာနဲ့အဆုံးသတ်ခဲ့လိုက်ပါတယ်။ မေးမြန်းမှုအတွက် အချိန်ပေးဖြေကြားပေးတဲ့ သက်မွန်မြင့်ကို ကျေးဇူးတင်ပါတယ်။ ဓာတ်ပုံရိုက်ကူးမှုအတွက် သက်မွန်မြင့်ရဲ့ ဆံပင်နဲ့ မိတ်ကပ်ကိုဘွေးမင်း(ဦးစိုး)က ပြင်ဆင်ပေးထားတာဖြစ်ပါတယ်။

■ ခင်လေးမြင့်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စည်းလွတ်ဝါးလွတ် မဟုတ်ဘဲ "ရနဲ့ ကိုက်ညီတဲ့ ဥ"

ခင်လေးမြင့်

ဒါရိုက်တာ ကိုဇော် (အရဏ်ဦး) ရိုက်ကူးထားတဲ့ ဥ ရုပ်ရှင်ဇာတ်ကားက ၂၀၁၂ ခုနှစ်အတွက် အကယ်ဒမီ နောက်ဆုံးခန့်မှန်းစာရင်းထဲမှာ ပါဝင်နေပါတယ်။

**အကယ်ဒမီနောက်ဆုံး အဆင့်ဝင်သွားတဲ့အတွက် ဒါရိုက်တာတစ်ယောက်ရဲ့ ခံစားချက်ကိုပြောပြပေးပါလား။**

အစကတည်းက အကယ်ဒမီအတွက် မူတွေရှိတယ်။ ရှိတော့ ကျွန်တော်ကဟာသကားတွေ ရိုက်တယ်ဆိုပေမဲ့ စည်းလွတ် ဝါးလွတ် မဟုတ်ဘူး။ မူနဲ့ကိုက်ညီတယ်။ ဒါပေမဲ့ ဘာပြဿနာရှိလဲဆိုတော့ တိုင်းကျိုးပြည်ပြုတော့ နည်းတယ်။ အသိပညာပေး နည်းနည်းပါးပါးလောက်ပဲ ပါတဲ့ဟာမျိုးဖြစ်တယ်။ အစကတည်းကဟာသကားပဲ ဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ဒီမူနဲ့ အနီးစပ်ဆုံးတော့ ကျွန်တော်ရိုက်နေတာ။ အခုကဒီဘက်ခေတ်ရောက် လာတဲ့အခါကျတော့ ဟာသကားမပေးဘူး၊ ပေးတယ်လို့တော့ မဟုတ်တော့ဘဲနဲ့ ဇာတ်သဘောပေါ်မှာပဲ မူတည်ပြီး ဇာတ်ရဲ့တင်ပြ ပုံပေါ်မူတည်ပြီးပေးတဲ့ အစိတ်အပိုင်းဘက် ရွေ့ပစ်လိုက်တယ်။ နိုင်ငံတကာမှာလည်း ဒီလိုပါပဲဘာကားရယ်လို့ သတ်မှတ်ချက် မရှိဘူး။ ဒီနှစ်ကတော့ ဒရာမာကား ၆ ကားရယ်၊ ကျွန်တော့်ဟာသကားတစ်ကားပါတယ်။ အဲဒီထဲက တစ်ခုခုတော့ ရရမယ်ပေါ့လေ။ သူတို့ပြောင်းတဲ့ ပုံစံနဲ့ ဒီထဲက သရုပ်ဆောင်တွေရကြမယ်ဆိုလည်း ဝမ်းသာစရာကောင်းပါတယ်။

**ဥ ဇာတ်ကားနဲ့ ကိုယ်တိုင်ဆုရဖို့အတွက် မျှော်မှန်းလား။**

ကိုယ့်အတွက်ဆိုတာထက် ဒီကားမှာပါတဲ့ သရုပ်ဆောင်တွေထဲကမှ မင်းသမီး ချောရတနာကိုရစေချင်တယ်။ ဘာပဲပြောပြော သူကတစ်ကားလုံး မွေနှောက်လုပ်သွားရတာကိုသူမလုပ်ဖူးတဲ့၊ မလုပ်တတ်တဲ့ဟာကို ကျွန်တော်သင်တဲ့အပေါ်မှာ မူတည်ပြီး သူကြိုးစားပြီး လုပ်သွားတယ်။ အဲဒါတစ်ခုက ပရိသတ်အနေနဲ့ကလည်း ကြိုက်ကြတယ်ဆိုတော့ သူ့ကိုမှတ်မှတ်ရရဖြစ်အောင်လို့သူ့ကိုရစေချင်တာ။ အခြားသရုပ်ဆောင်တွေအတွက်ကတော့ အိုက်တင်နဲ့ ပတ်သက်လို့ သိပ်ထူးထူးထွေထွေ မရှိဘူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဝါရင့်သရုပ်ဆောင်တွေလည်းဖြစ်ကြတယ်။ ဒါတွေက အတွေ့အကြုံရှိပြီးသား လူတွေဖြစ်တယ်။ သူတို့တွေအနေနဲ့က မရလည်း ပြဿနာမရှိဘူး။ သရုပ်ဆောင်တွေကိုပေးရင်လည်း သူတို့မူတွေရှိတယ်ဗျ။ ကြည့်ရှုတဲ့ပရိသတ်က သရုပ်ဆောင်တွေရဲ့သရုပ်ဆောင်မှု၊ စကားလုံးတို့၊ သွားလာနေထိုင်မှုတို့က အတုယူစရာဖြစ်အောင် သရုပ်ဆောင်နိုင်ရတယ်။ သရုပ်ဆောင်နိုင်တော့မှ ဆန်ခါတင်ထဲဘောင်ဝင်တာပေါ့။ ဒါမှမဟုတ် အတုယူစရာ မဟုတ်ဘဲနဲ့ဟာမျိုးဆိုရင် ဘောင်ထဲမဝင်တာမျိုးတွေရှိတယ်။ ကျွန်တော်ရဲ့ဟာသကားဆိုရင် ဘာမှအတုယူစရာလည်း မရှိဘူး။ ပညာပေးတာလည်း မရှိဘူးဆိုတော့ ကျွန်တဲ့ဟာတွေကတော့ မရှိဘူး။ ချောရတနာအတွက်ကတော့သူ့ရဲ့ကြိုးစားအားထုတ်မှုအတွက် ရစေချင်တာပါ။

**ဒီနှစ်အကယ်ဒမီပေးပွဲကိုတော့ ရင်ခုန်စွာနဲ့ တက်ရမှာပေါ့။ အဲဒီတော့ ခါတိုင်းနှစ်ထက်ပိုပြီးစိတ်လှုပ်ရှားလား။**

အင်း၊ အဲဒီလိုပဲ ပြောရမှာပေါ့။

**ဥ ဇာတ်ကားက ဗီဒီယိုအနေနဲ့ ထွက်နေပြီနော်။**

ဟုတ်ပါတယ်။ ရုပ်ရှင်ကားကြီးအနေနဲ့ မကြည့်ရသေးတဲ့သူတွေ ပြန်ကြည့်လို့ရပြီ။ ပရိသတ်အနေနဲ့အကယ်ဒမီပေးချင်ရင်လည်းကြိုပေးထားလို့ရပြီ။ ပရိသတ်ကမဲများများတော့ပေးပေါ့။

**အကယ်ဒမီအတွက် ရွေးချယ်မှုပုံစံတွေပြောင်းသွားတော့ ဥ ဇာတ်ကားနဲ့ အကယ်ဒမီရမယ်လို့ အရင်ကတည်းက မျှော်မှန်းထားသေး လား။**

အဲဒါမျိုးတော့ မရှိပါဘူး။ ကိုယ်လုပ်တဲ့အလုပ်တစ်ခုကို ကောင်းအောင်လုပ်တာပဲ ရှိပါတယ်။ ကျွန်တော်ဟာသကားတွေလည်း ရိုက်၊ ဒရာမာကားတွေလည်း ရိုက်တာပါပဲ။ ရုံတင်မယ့် **အဖြူရောင်ရဲတိုက်** ဆိုရင် သုံးပွင့်ဆိုင်ဒရာမာဇာတ်လမ်းပါပဲ။ ဒါက အကယ်ဒမီ မျှော်ပြီးရိုက်တာလားဆိုတော့လည်း မဟုတ်ပါဘူး။ သူ့ဘောင်နဲ့သူ့ ဟာသူဝင်သွားမယ်။ ကျွန်တော်တင်ပြတဲ့ဟာ ပြည့်စုံမယ်ဆိုရင်၊ သူတို့စည်းမျဉ်းစည်းကမ်းနဲ့ပြည့်စုံမယ် ဆိုရင် ပေးမှာပါပဲ။ ကျွန်တော်က လိုနေရင် ဘယ်လောက်ကောင်းကောင်းပေးလို့ရမှာမဟုတ်ဘူး။ ကိုယ့်ဟာနဲ့ကိုယ်တွက်ရတာပဲ။ ကိုယ်ကတော့ဘယ်ကားမဆို အကုန်လုံး ကောင်းအောင် လုပ်သွားရမှာပါပဲ။

ဒါရိုက်တာ ကိုဇော် (အရဏ်ဦး)ရိုက်ကူးတဲ့ ဥ ရုပ်ရှင်ဇာတ်ကားမှာ ကျော်ရဲအောင်၊ ခန့်စည်သူ၊ ထွန်းထွန်း၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ ချောရတနာ၊ သင်ဇာဝင့်ကျော် စတဲ့ သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။ ■

ခင်လေးမြင့်



www.burmeseclassic.com

www.burmeseclassic.com

# ပြင်ဆင်မှုများစွာ ပြုလုပ်နေတဲ့ ကျူး

ခင်လေးမြင့်

အနုပညာဝါသနာပိုး ဆိုတာကို ဘယ်လိုမှ သတ်လို့မရပါဘူး။ ထူးက သရုပ်ဆောင်အလုပ်လုပ်ရင်း ကုမ္ပဏီနဲ့ နားလည်မှုလွဲတာလေး ရှိတာကြောင့် ပြည်ပမှာ အလုပ်လုပ်၊ ကျောင်းတက်မယ်ဆိုပြီး ထွက်သွားတာပါ။ ၃ နှစ်လောက် ဒူဘိုင်းမှာ နေခဲ့ပြီး မြန်မာပြည်ကို ပြန်ရောက်ကာ အနုပညာအလုပ်တွေ ပြန်လည်လုပ်ကိုင်နေပါပြီ။

**ထူး ပြည်ပကို ထွက်သွားတော့ သရုပ်ဆောင်လောကကို စိတ်ပျက်လို့ ထွက်သွားတယ်ထင်ကြတယ်။ အဲဒါရောတကယ်ဟုတ်လား။**

ဟုတ်ပါတယ်။ အဲဒီအချိန်တုန်းက ကောလာဟလတွေရော၊ ကုမ္ပဏီနဲ့ ကျွန်တော် နားလည်မှုလွဲတာတွေ၊ အသက်ကလည်း ငယ်သေးတော့ စိတ်ပျက်တာလည်း ပါသေးတယ်။ အဲဒါတွေကို စွန့်ချပြီး အဝေးဆုံးကို ပြေးသွားလိုက်ချင်တဲ့စိတ်တွေ ရှိတာပေါ့။ ဒါပေမဲ့ လုံးဝစွန့်လွှတ်တယ်ဆိုတာမျိုးကြီးလည်း မဟုတ်ပါဘူး။ စိတ်တွေ အရမ်းညစ်လို့ ခဏလေးငြိမ်လိုက်တာပဲ ရှိတာပါ။ အခု ကိုယ်လည်း နည်းနည်းရင့်ကျက်လာပြီဆိုတော့ အလုပ်ကို ပြန်လုပ်ချင်လာပြီ။ အဲဒါကြောင့် ပြန်လုပ်တာပေါ့။

**အဲဒီလို ထွက်သွားတဲ့ အချိန်တွေအတွင်းမှာ သရုပ်ဆောင်နဲ့ပတ်သက်ပြီး ကြိုးစားရင်ပိုဖြစ်နိုင်တယ်လို့ တွေးမိလား။ အချိန်တွေ နှမြောမိသေးလား။**

ပြီးခဲ့တဲ့ အချိန်တွေကို တော့မနှမြောဘူး။ ကျွန်တော့်အတွက် အတွေ့အကြုံတွေ အများကြီး ရလိုက်တယ်။ လူမှုဆက်ဆံရေးတွေ ပိုသိလာတယ်။ တစ်ယောက်တည်းနေရတော့ ကလေးဆန်တဲ့ အကျင့်တွေပျောက်သွားတာရှိတယ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရတဲ့အတွက် နည်းနည်းရင့်ကျက်လာပြီး အခုဆိုရင် အလုပ်ကို ဘယ်လိုလုပ်ရမယ်၊ လူတွေနဲ့ ဘယ်လိုပေါင်းသင်းဆက်ဆံရမယ်ဆိုတာ အရင်တုန်းကထက် နားလည်လာ၊ သိလာတယ်။ အဲဒီအချိန်တွေကလည်း ကျွန်တော့်အတွက် တန်ဖိုးရှိပါတယ်။ အလုပ်ပြန်လုပ်တဲ့အခါ အများကြီးအသုံးဝင်မှာပါ။

**ဇာတ်ကားတွေ ပြန်ရိုက်တော့မယ်ဆိုတဲ့ အချိန်မှာ အရင်ကကြိုးစားရတာထက် ပိုပြီး ပင်ပန်းမယ်ထင်လား။**

အခုဟာက ပိုပင်ပန်းမယ်။ ပရိသတ်သိပြီးသွားပြီ။ ငြိမ်သွားပြီ။ ပရိသတ်နဲ့ ပြန်ထိတွေ့ဖို့၊ ရင်းနှီးဖို့အတွက်က ပိုပြီးအားစိုက်ရမယ်။ ကြိုးစားရမယ်။ အရင်က ပရိသတ်တွေသိတာက ဖက်တီးလေး၊ အခုအချိန်မှာ ကျွန်တော့်ဘက်က Body ဆိုလည်း Fit ဖြစ်နေအောင်အသားအရေကအစ အိုက်တင်ပိုင်းတွေရော ပြင်ဆင်ရတယ်။ နောက်တစ်ခေါက် ပြန်ဝင်လာတဲ့အခါ ပြန်လာပြီ မဆိုးပါဘူး။ ကြိုးစားပါတယ်ဆိုတဲ့ စကားမျိုး ကြားချင်ပါတယ်။

**ထူးက ရှေ့မှာ ထုတ်လုပ်ရေးနဲ့ စာချုပ်ချုပ်ရိုက်ခဲ့တာရှိတော့ အခုအချိန်မှာ စာချုပ်ချုပ်ရိုက်မယ်ဆိုရင်ရော ရိုက်ဖြစ်မလား။**

အခုတော့ အများကြီး အတွေ့အကြုံရပါတယ်။ အသက်အရွယ်လည်း ရလာပြီ။ အလုပ်ကိုသေချာလုပ်မယ်ဆိုတဲ့အခါကျတော့ ထုတ်လုပ်ရေးနဲ့ သေချာတိုင်ပင်ရမှာပေါ့။ ကိုယ့်ဘက်က လိုချင်တာ၊ သူ့ဘက်က ဖြစ်ချင်တာတွေ ညှိရမှာပေါ့။ သေချာတာကတော့ ဇာတ်ကားတွေ အများကြီးချုပ်ဖို့တော့ အစီအစဉ် မရှိတော့ဘူး။ တကယ့်ကို အနုပညာ ဝါသနာပါတဲ့၊ တကယ် အလုပ်လုပ်တဲ့ ကုမ္ပဏီဆိုရင် ကျွန်တော့် အကျိုးအမြတ်က အဓိကမဟုတ်ဘူး။ အနုပညာအလုပ်အတွက် လက်တွဲပြီး လုပ်မယ်။ အရင်ကတော့ ငယ်လည်းငယ်သေးတယ်။ စိတ်တွေကလည်းစောနေတဲ့ အချိန်လည်းဖြစ်တယ်။ လိုအပ်ချက်တွေ ဟာသွားတော့၊ နားလည်မှုတွေ လွဲတဲ့အခါ သူ့ရယ်ကိုယ်ရယ် စကားတွေ ပြောရတယ်။ ဒီတစ်ခေါက်တော့ သေသေချာချာ လုပ်မယ်လို့စဉ်းစားထားတယ်။


ထူးက ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)ရိုက်ကူးတဲ့ **ရည်းစားလာဂါထာရွတ်** ဇာတ်ကားမှာ နေမင်း၊ သက်မွန်မြင့်တို့နဲ့အတူ ပါဝင်သရုပ်ဆောင်ထားပါတယ်။

■

**ခင်လေးမြင့်**



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တစ်ကိုယ်တော်အတွက်

## အောင်မြင်မှု မရှာမှာစိုးရိမ်တဲ့

# အောင်မြင့်မြတ်

ခင်လေးမြင့်

Star Gate အေဂျင်စီက အောင်မြင့်မြတ်ရဲ့ တစ်ကိုယ်တော် တေးစီးရီးအတွက် ပြင်ဆင်ပေးနေပါတယ်။ အိပ်မက်ဆုံရာ Season 5 မှာ ပထမဆု ရရှိခဲ့တဲ့ အောင်မြင့်မြတ်ရဲ့ တစ်ကိုယ်တော်စီးရီးက ၂၀၁၃ ဒီဇင်ဘာမှာ ထွက်ဖို့ပြင်ဆင် ထားတာပါ။ တေးရေး မင်းချစ်သူ၊ မြင့်မိုးအောင်၊ ရခိုင်၊ ဇဝါ၊ အယ်နောင်းတို့ ရေးထားတဲ့ သီချင်းတွေကို Plus Three တီးဝိုင်းက တီးခတ်ပေးထားပါတယ်။ R & B, Slow rock, Pop rock သီချင်း အမျိုးအစားများ ထည့်ဖို့ စီစဉ်ထားတာပါ။

**အောင်မြင့်မြတ်ရဲ့ တစ်ကိုယ်တော်စီးရီးမှာ ပါဝင်မယ့် သီချင်းအမျိုးအစားတွေကို ဘယ်လိုရွေးချယ် ထည့်ထားလဲ။**

ကျွန်တော့်အသံနဲ့ လိုက်မယ့်ဟာ၊ ကျွန်တော်လည်း ဆိုနိုင်မယ်ထင်တဲ့ ဟာတွေကို ကျွန်တော်လည်း ရွေးတယ်၊ ဆရာတွေကလည်း ရွေးပေးတယ်။ ဆရာတွေနဲ့ တိုင်ပင် ရွေးချယ်တာ အကုန်လုံးပဲ။ ကျွန်တော့်ဘာသာ သီးသန့်ရွေးတာ မပါဘူး။

ပြိုင်ပွဲပြီးကတည်းက **တစ်ကိုယ်တော်အတွက် စီစဉ်တာလား။**

ပြိုင်ပွဲပြီးကတည်းက အခွေလုပ်မယ်ဆိုပြီး ဟိုလိုလို ဒီလိုလို လုပ်နေခဲ့တာ။ သီချင်းတွေ မရှာဖြစ်ခဲ့ဘူး။ စီစဉ်ထားတာ့နဲ့ အခုဖြစ်လာတာကလည်း တစ်ခြားစီပဲ။ ကျွန်တော် စီစဉ်ထားတာက ကျွန်တော်ရေးထားတဲ့ ဟာလေးတွေရယ်၊ ကျွန်တော်ကြိုက်တဲ့ Pop သီချင်းလေးတွေကို ဆိုမယ်၊ အခွေထုတ် လိုက်မယ်ပေါ့။ အဲဒီလို ဆိုလိုက်ရင်၊ အခွေထွက်လာပြီးရင် အောင်မြင်မှာ မဟုတ်ဘူး လို့ တွေးပြီးတော့လည်း ကြောက်တယ်။ ကိုယ့်ဘဝရဲ့ ပထမဆုံး မှတ်တိုင်လို့ ပြောလို့ရတယ်။ အောင်မြင်သွားသည် ဖြစ်စေ၊ မအောင်မြင် သည်ဖြစ်စေ ဘယ်အချိန် ပြန်ကြည့်ကြည့် ကိုယ့်ရဲ့မှတ်တိုင်တစ်ခုပဲ။ ပွဲဦးထွက် မလှမှာကို ကြောက်တယ်။ အခုကျတော့ ကူညီ ပေးတဲ့သူတွေရဲ့ အကြံဉာဏ်တွေပေါင်းစပ် လိုက်တော့ သီချင်းလေး တွေက သီချင်း ကောင်းလေးတွေဖြစ်လာ တယ်။ အရမ်းမိုက်လာ တယ်။ ဒီအခွေအတွက် အခုအကြောက်ဆုံးက ဆိုရမယ့် အပိုင်းကို အကြောက်ဆုံး။ သီချင်းတွေ ကောင်းတာ၊ မကောင်းတာကို လုံးဝ မကြောက်ဘူး။

**ကော်ပီသီချင်းတွေ တစ်ကိုယ်တော်စီးရီးမှာ ဘယ်လိုကြောင့် ထည့်ချင်တာလဲ။**

ပထမတော့ ကိုယ်ပိုင် သံစဉ်တွေချည်းပဲထည့်ဖို့ပါ။ ကော်ပီထည့်ဖြစ်တာက ကော် ပီဖြစ်တဲ့အတွက် အခွေထွက်လာတဲ့အခါ သီချင်းဆန်းဆန်းလေးတွေ ထွက်လာမယ်။ ဆိုရတဲ့သူအတွက်လည်း အရမ်းခေတ်မီတယ်။ ကျွန်တော်တို့ဆီမှာ Pop တို့၊ R & B တို့က နိုင်ငံခြားကိုပဲ မှီငြမ်းပြီးလုပ်နေရတာလေ။ မှီငြမ်းပြီးလုပ်နေရတော့ Creation ပိုင်းတွေ အများကြီးခေါင်းစားတယ်။ ကိုယ်က အဲဒီလို သီချင်းဆိုချင်လို့ ဖန်တီး နိုင်းရင်တောင် တော်တော် အချိန်ယူရမှာ။ အခုကတော့ ကိုယ်ကြိုက်မယ့် သီချင်းလေးတွေ၊ ဟိုကလည်းဖန်တီးပြီး သားလေးတွေ အဲဒီတော့ ခေါင်းသိပ် မစားတော့ဘူး။ ခေါင်းမစားဘူးဆိုပေမဲ့ သူတို့ဆီက အကောင်းဆုံး လုပ်ထားတဲ့ အရာတစ်ခုကို ကိုယ်ကလည်း သူ့ကို မမီရင်တောင် အကောင်းဆုံး လုပ်နိုင်မှဖြစ်မှာလေ။

တစ်ကိုယ်တော်စီးရီးအတွက် နာမည်မပေးရသေးဘဲ တေးစီးရီးထွက်လာတဲ့အခါ အောင်မြင့်မြတ်ကို ပရိသတ်တွေ မျှော်လင့်မထားတဲ့ ပုံစံမျိုး တွေမြင်နားဆင်ရမှာ ဖြစ်တယ်လို့ သိရပါတယ်။ အိပ်မက်ဆုံရာမှာ ပြိုင်တဲ့အချိန်က ဆုမရမှာ စိုးရိမ်သလို တစ်ကိုယ်တော် စီးရီးထွက်တဲ့အခါ အောင်မြင်မှုမရှာမှာကိုလည်း အောင်မြင့်မြတ်က စိုးရိမ်နေပါတယ်။

■ ခင်လေးမြင့်




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

Heart & Soul ဗီဒီယိုထုတ်လုပ်ရေး အတွက် ဒါရိုက်တာ ဝင်းထွန်းထွန်းက **စိတ်အိုင်ပက်သူ**ဆိုတဲ့ ဗီဒီယိုဇာတ်ကားကို ရိုက်ကူးပေးထားပါတယ်။ **စိတ်အိုင်ပက်သူ** က နီကိုရဲရဲ့ဝတ္ထုပါ။ နီကိုရဲရဲ့ဝတ္ထုကို ဆုညြချယ်က ဇာတ်ညွှန်းရေးပေးထားပါတယ်။ နီကိုရဲရဲ့ ဝတ္ထုတွေကို ဖတ်ဖူးသူတိုင်း သိမှာပါ။ သူ့ဝတ္ထုထဲမှာပါတဲ့ Plot လေးတွေက ပျော်စရာ၊ ရယ်စရာလေးတွေ ပါတတ်ပါတယ်။

စိတ်အိုင်ပက်သူကလည်း ဒီလိုပါပဲ။ ဒါရိုက်တာ ဝင်းထွန်းထွန်းက ဒရာမာဇာတ်ကား တော်တော်များများရိုက်တဲ့သူလို့ ပရိသတ် ထင်ထားကြပေမဲ့ ဒီဇာတ်ကားမှာတော့ ဒါရိုက်တာ ဝင်းထွန်းထွန်းရဲ့ ဖန်တီးမှုလက်ရာအသစ်ကို ခံစားရမယ်လို့ ထင်ပါတယ်။ ဧက (စိုင်းစိုင်းခမ်းလှိုင်)က အရာရာကို ကြိုတင်စဉ်းစား ဆောင်ရွက်တတ်သူတစ်ဦးပါ။ အဲဒါကြောင့် ချိုသဲကြည်(ရွှေမှုံရတီ)ဆိုတဲ့ ကောင်မလေးဆီက အချစ်ကိုရယူဖို့ အားထုတ်ကြိုးပမ်းကြံစည်ခဲ့ပါတယ်။ ဧကက သူငယ်ချင်းတွေကို ချစ်သူထားချင်ပြီလို့ ကြွေးကြော်ပြီး သူကိုယ်တိုင် အဆင့်သတ်မှတ်ထားတဲ့ကောင်မလေးတစ်ယောက်ကိုလိုက်ခဲ့ပါတယ်။ တတိယအဆင့်လို့သတ်မှတ်ထားတဲ့ မီမီ(ဆုမြတ်နိုးဦး)ကို ရွေးချယ်လိုက်

# စိတ်အိုင်ပက်သူ

**ခင်လေးမြင့်**






www.burmeseclassic.com

www.burmeseclassic.com

တာပါ။ သူငယ်ချင်းတွေနဲ့ ဆန့်ကျင်ပြီး ရင်ခုန်သံမပါ၊ တကယ်မချစ်တဲ့ မီမီကို လိုက်ခဲ့တာဖြစ်ပါတယ်။ တစ်နေ့မှာတော့ မီမီရဲ့သွားမှာ ငရုတ်သီးဖတ် ကပ်နေတာကို တွေ့လိုက်တဲ့ နောက်ပိုင်းမှာတော့ ကေကေ ရှေ့ဆက်မတိုးတော့ပါဘူး။

ကေကေ ချိုသဲကြည်ကို ပထမအဆင့်နေရာထားချစ်ပေမဲ့ မချစ်သလို၊ ဂရုမစိုက်သလို နေနေခဲ့ပါတယ်။ မီမီနဲ့ ကေတို့ အဖြစ်အပျက်ကို သိနေတဲ့ ချိုသဲကြည်က ဝေဖန်ပြောဆိုတဲ့အခါ ကေနဲ့ စကားနိုင်လုရင်း အလောင်းအစားတစ်ခု ဖြစ်သွားခဲ့ပါတယ်။ အဲဒါက ချိုသဲကြည်ရွေးပေးတဲ့ နှစ်ယောက်ထဲက တစ်ယောက်ကို ကေကေ ရအောင်လိုက်ရမှာပါ။ ချိုသဲကြည်ရွေးပေးတဲ့သူတွေက နှင်းရည်လွှင်(ချမ်းမေမြတ်နိုး)နဲ့ မြတ်မိုးအိမ်(မေမြင့်မိုရ်)တို့ပါ။ သူတို့နှစ်ယောက်ကို ကောင်လေးတွေလိုက်ရတာခက်ပါတယ်။ အဲဒီနှစ်ယောက်ထဲကမှ နှင်းရည်လွှင်ကိုကေကေစပြီး လိုက်ခဲ့ပါတယ်။ နှင်းရည်လွှင်နဲ့ ပတ်သက်တဲ့ အချက်အလက်များကိုစုဆောင်းပြီး ချဉ်းကပ်တဲ့အခါ ကေ အစစအရာရာ အဆင်ပြေခဲ့ပါတယ်။ ဒါပေမဲ့ နှင်းရည်လွှင် နှပ်ချေးဖတ်ကော်နေတာကို မြင်ရတဲ့အခါ ကေရဲ့ခြေလှမ်းတွေ ရပ်တန့်သွားပြီး နောက်ပြန်လှည့်လိုက်ပါတော့တယ်။ အဲဒီအချိန်မှာ ချိုသဲကြည်က ပြိုင်ပွဲကို ရပ်တန့်မယ်လို့ပြောပေမဲ့ မြတ်နိုးအိမ်ကို ဆက်လိုက်မယ်လို့ ပြောခဲ့ပါတယ်။ ကေကေ မြတ်နိုးအိမ်ကို လက်ဆွဲ ရည်းစားစကားပြောခဲ့တာကြောင့် ကေကျောင်းရုံးခန်းကို ရောက်ခဲ့ရပါတယ်။ ကျောင်းရုံးခန်းကို ရောက်ပေမဲ့ ကေ လက်



www.burmeseclassic.com

www.burmeseclassic.com



လျှော့သေးပါဘူး။ မြတ်နိုး
အိမ်ရဲ့ရပ်ကွက်ထဲထိ လိုက်
ကြောင့် ကေ အရိုက်ခံရ
ပြီး ဆေးရုံရောက်ခဲ့ပါတယ်။
အဲဒီအချိန်မှာပဲ မြတ်နိုးအိမ်ရဲ့
ရစိုက်မှုကို ကေရခဲ့ပါတယ်။
မြတ်နိုးအိမ်က ဘာသာတရား
ကိုင်းရှိုင်းတဲ့သူ။ မြတ်နိုးအိမ်
ရဲ့ ဘာသာတရား ကိုင်းရှိုင်းမှု
ကို အသုံးချပြီး ကေက ကြို
တင်ကျက်ထားတဲ့ ပရိတ်ကြီး
၁၁ သုတ်ကို ရွတ်ပြီး မြတ်နိုး
အိမ်ဆီက အထင်ကြီးမှုကို
ရယူပါတော့တယ်။
အဲဒီလိုနဲ့ပဲ မြတ်နိုးအိမ်ရဲ့
အချစ်ကိုရဖို့
လက်တစ်ကမ်းအလိုကို
ရောက်သွားခဲ့တာပါ။
ချိုသဲကြည်က ကေကို
တစ်ဖက်သတ်ချစ်
နေပါပြီ။ အဲဒါကြောင့်
မြတ်နိုးအိမ်ရဲ့ အနေအထား
ကိုသိတဲ့ ချိုသဲကြည်
တစ်ယောက် စိတ်ထိခိုက်



www.burmeseclassic.com

www.burmeseclassic.com

ရပါတော့တယ်။ လောင်းကြေးထပ် ပြိုင်ပွဲဖြစ်နေတာကြောင့် မြတ်နိုးအိမ်ကို မချစ်ဖို့ ချိုသဲကြည်က ပြောခဲ့ပေမဲ့ ဧကက လက်မခံခဲ့ဘူး။ ဧကက လက်မခံတော့ ချိုသဲကြည် စိတ်ထိခိုက်ရပါတော့တယ်။ ဒါပေမဲ့ ဧကက ချိုသဲကြည်ရဲ့မွေးနေ့ မွေးတဲ့အချိန် ရောက်လာပြီး မွေးနေ့ဆုတောင်း လုပ်ပေးခဲ့တာကြောင့် ချိုသဲကြည် ဧကကို ပိုပြီး ခင်တွယ်မိသွားပြန်ပါတယ်။ ဘယ်လိုပဲ ခင်တွယ်၊ ခင်တွယ် ဧကကတော့ မြတ်နိုးအိမ်ဆီကနေ အဖြေသွားတောင်းခဲ့ပါတယ်။

ဧကတောင်းတဲ့အဖြေကို မြတ်နိုးအိမ်က ပေးလိုက်မှာလား၊ မြတ်နိုးအိမ် အဖြေပေးလိုက်တဲ့အခါ ချိုသဲကြည် စိတ်ထဲ ဘယ်လိုခံစားရမလဲဆိုတာ ဒါရိုက်တာ ဝင်းထွန်းထွန်းက စိတ်အိုင်ပက်သူ

ဇာတ်ကားမှာ ဆက်လက်ပုံ ဖော်ထားပါတယ်။ နီကိုရဲရဲ့ ဝတ္ထုတွေက ဇာတ်ကား အဖြစ် ဖန်တီးလို့ကောင်း စိတ်ဝင်စားဖို့ ကောင်းတာကြောင့် Heart & Soul ဗီဒီယို ထုတ်လုပ်ရေးက ဇာတ်ကား အဖြစ် ဖန်တီးထုတ်လုပ် ရိုက်



www.burmeseclassic.com

www.burmeseclassic.com

ကူးတာဖြစ်ပါတယ်။ **စိတ်အိုင်ပက်သူ** ဗီဒီယိုဇာတ်ကားမှာ စိုင်းစိုင်းခမ်းလှိုင်၊ ရွှေမှုံရတီ၊ ဆုမြတ်နိုးဦး၊ ချမ်းမေမြတ်နိုး၊ မေမြင့်မိုရ်၊ Kညီ၊ ငြိမ်း စတဲ့ သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။ ဒါရိုက်တာဝင်းထွန်းထွန်းက **စိတ်အိုင်ပက်သူ** လူငယ်အချစ်ဇာတ်ကားကို အနုအရွ၊ အလှအပ ရိုက်ချက်လှလှလေးတွေနဲ့ ဘယ်လို ပုံဖော်ရိုက်ကူးထားမလဲဆိုတာ စောင့်မျှော်ကြည့်ရှုကြရမှာ ဖြစ်ပါတယ်။ ■

**ခင်လေးမြင့်**







www.burmeseclassic.com

www.burmeseclassic.com

# Face of Myanmar ပြိုင်ပွဲ

**ခင်လေးမြင့်**

MCC Missမော်ဒယ်လ်ပြိုင်ပွဲများစွာ ကျင်းပပြုလုပ်ကြရာ ပြိုင်ပွဲတစ်ခုနဲ့တစ်ခု ပြုလုပ်ပုံချင်း၊ ရည်ရွယ်ချက်ချင်းနှင့် မတူညီကြပါဘူး။ KMA (Korea Model Association)မှ ကြီးမှူးပြီး Aqua Land ကုမ္ပဏီလီမိတက်မှ ပံ့ပိုးကူညီကျင်းပတဲ့ Asia New Star Model Contest 2014 Face of Myanmar ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက် က ရန်ကုန်မြို့ရှိ Strand Hotel မှာ ကျင်းပခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ ဆုရရှိတဲ့သူနှစ်ဦးက ကိုရီးယားနိုင်ငံမှာ ကျင်းပမယ့် Asia New Star Model Contest 2014 မှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရမှာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ အမျိုးသားပြိုင်ပွဲဝင် ၁၆ ဦး၊ အမျိုးသမီးပြိုင်ပွဲဝင် ၁၃ ဦး၊ စုစုပေါင်း ၂၉ ဦး ယှဉ်ပြိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ Face of Myanmar ပြိုင်ပွဲကို




ဓာတ်ပုံ-ခင်လေးမြင့်



www.burmeseclassic.com

www.burmeseclassic.com




Mr. Face of Myanmar ဆုရ ဘောင်ချမ်းမြန့်
Miss Face of Myanmar ဆုရ သဉ္ဇါမောင်ရှိရှား

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ ခုနှစ်မှာ ကျင်းပနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ကိုရီးယားမှာ ပြုလုပ်တဲ့ပွဲမှာ ထွန်းကိုကိုက Asia New Star Model 2013 ဆုကို ရရှိထားခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်အတွက် ပြုလုပ်မယ့်ပြိုင်ပွဲမှာ မြန်မာပြည်ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် ပါဝင်ယှဉ်ပြိုင်ကြသူများက အကောင်းဆုံး ပြင်ဆင်ထားခဲ့ကြပါတယ်။ ပြိုင်ပွဲမှာ Sport Wears များနဲ့ ယှဉ်ပြိုင်မှု၊ ညနေခင်းဝတ်စုံများနဲ့ ယှဉ်ပြိုင်မှုများနဲ့ ပြုလုပ်ခဲ့ပါတယ်။ အမျိုးသားများရဲ့ ညနေခင်းဝတ်စုံများက ထူးခြားမှု မရှိပေမဲ့ အမျိုးသမီးများရဲ့ ညနေခင်းဝတ်စုံများက လှပဆန်းသစ်မှု ရှိပါတယ်။ အမျိုးသမီးပြိုင်ပွဲဝင်များရဲ့ ညနေခင်းဝတ်စုံများကို ဒီဇိုင်နာ မပို့ (My Favourite) က ပြင်ဆင်ဖန်တီးပေးခဲ့တာဖြစ်ပြီး ဆံပင်၊ မိတ်ကပ်ကိုတော့ ဒီဇင်ဘာနှင်းက ပြင်ဆင်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီဇိုင်နာ



Miss Face of Myanmar ဆုကို သဒ္ဒါလေရှီရုံးက လက်ခံရယူခဲ့ပါတယ်




Face of Myanmar ပြိုင်ပွဲဝင်နေကြစဉ်



www.burmeseclassic.com

www.burmeseclassic.com

မပုံ့ (My Favourite) က ပြိုင်ပွဲဝင်များရဲ့ခန္ဓာကိုယ် အချိုးအစား၊ မျက်နှာအနေအထားနဲ့ လိုက်ဖက်မယ့် ဝတ်စုံဒီဇိုင်းများကို ဖန်တီးပေးထားပါတယ်။ ပိုးသား၊ ချိဖွန်များကို ဇာများနဲ့ ရောစပ်ဖန်တီးထားတာကြောင့် ပြိုင်ပွဲဝင်များလှပမှု ရှိခဲ့ပါတယ်။ အနောက်တိုင်းပွဲတက်ညနေခင်းဝတ်စုံများ ဖြစ်ပေမဲ့ မြန်မာမျက်စိနဲ့ ရိုင်းစေတဲ့ဝတ်စုံများတော့ မဟုတ်ပါဘူး။ ပြိုင်ပွဲဝင် ၂၉ ဦးရဲ့ယှဉ်ပြိုင်မှုများ အပြီးမှာ ၂၉ ဦးထဲက ၁၀ ဦးကို ရွေးချယ်ခဲ့ပါတယ်။ ရွေးချယ်ခံရတဲ့ ပြိုင်ပွဲဝင် ၁၀ ဦးက အကဲဖြတ်များ မေးမြန်းထားတဲ့ မေးခွန်းများကို မဲနှိုက်ဖြေဆိုရပါတယ်။ ဒါ့အပြင် ကိုယ့်မှာရှိတဲ့ သင်ယူတတ်မြောက်ထားတဲ့ ကိုယ်ပိုင်အရည်အချင်းတစ်ခုစီကို ထုတ်ဖော်ပြသ ယှဉ်ပြိုင်ရပါတယ်။ ရွေးချယ်ခံရတဲ့ ၁၀ ဦးက တိုက်ကွမ်ဒို၊ ကရာတေးဒို အားကစားနည်းပြကွက်၊ ဦးရွှေရိုးကကွက်၊ ဇော်ဂျီကကွက်၊



Mr. Face of Myanmar ဆုကို
အောင်ချမ်းမြ့က လက်ခံရယူခဲ့ပါတယ်





www.burmeseclassic.com

www.burmeseclassic.com




မေနှင်းသူ



နီနီကေ

သဒ္ဒါမာရီရား



အွန်ဆိုင်း





www.burmeseclassic.com

www.burmeseclassic.com



ထက်ထက်ဝင်း

သီချင်းဆိုပြမှု၊ ပုဂံ၊ ပျူအကများ ကပြမှု၊ ကိုရီးယားရိုးရာအက ကပြမှု၊ စန္ဒရားတီးခတ်မှုစတဲ့ ကိုယ်ပိုင်အရည်အသွေးများနဲ့ တင်ဆက်ယှဉ်ပြိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ ပါဝင်ယှဉ်ပြိုင်ကြတဲ့သူများအားလုံးကြိုးစားပြင်ဆင်ပြိုင်ပွဲဝင်ခဲ့ကြတာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ Mr Face of Myanmar ဆုကို အောင်ချမ်းမြ၊ Miss Face of Myanmar ဆုကို သဒ္ဒါမာရီရားတို့က ရရှိခဲ့ပါတယ်။ အခြား Title ဆု များအဖြစ် အာကာဟိန်းက Kerasys ဆု၊ နိုနိုကေက Mizon ဆု၊ သဒ္ဒါမာရီရားက Core'ana ဆု၊ ဖွန့်သံစဉ်က Cabaco ဆုများ ရရှိခဲ့ကြပါတယ်။ ပြိုင်ပွဲမှာ အကဲဖြတ်များအဖြစ် အကယ်ဒမီ လူမင်း၊ အကယ်ဒမီ မို့မို့မြင့်အောင်တို့နဲ့အတူ Aqua Land ကုမ္ပဏီလီမိတက်မှ တာဝန်ရှိ သူများ KMA မှ တာဝန်ရှိသူ များက ဆောင်ရွက်ပေးခဲ့ကြတာဖြစ်ပါတယ်။

■ ခင်လေးမြင့်



ဇင်ဝင့်ထက်



ချိုသံစဉ်



www.burmeseclassic.com

www.burmeseclassic.com



# သီချင်းဟောင်းများထဲက အကောင်းတွေနဲ့ ဖျော်ဖြေပေးသွားတဲ့ပွဲ

လင်းနိုင်ဦး

ဂီတလောကမှာ နှစ်ပေါင်းများစွာ အောင်မြင်ခဲ့ကြပြီး မေဆွိက မေခလာထက် ဂီတလောကကိုစောပြီး ရောက်ရှိတယ်ဆိုပေမဲ့ နောက်ပိုင်းမှာ ခေတ်ပြိုင်ဖြစ်ခဲ့ကြတဲ့ မေဆွိနဲ့ မေခလာတို့ရဲ့ Two Lady Show ဖျော်ဖြေပွဲ အစီအစဉ်ကို အောက်တိုဘာလ ၁၁ ရက်နေ့က ရန်ကုန်မြို့၊ အမျိုးသားကဇာတ်ရုံမှာ ဖျော်ဖြေပေးခဲ့ရာ ပရိသတ်များက သီချင်းအဟောင်းများ သီဆိုခဲ့ကြတဲ့ အဆိုတော်နှစ်ဦးရဲ့ သီချင်းကောင်းများ ကို ပြန်လည်ပြီး နားဆင်ခွင့်ရခဲ့ကြပါတယ်။ ဒီပွဲကိုပရိသတ်များ အားပေးမှုနည်းလေမလားလို့ကြိုတွေးခဲ့ကြပေမဲ့ မေဆွိ၊ မေခလာတို့ကို ချစ်ခင်နှစ်သက်ဆဲ ပရိသတ်များ တစ်ခဲနက် လာရောက်အားပေးကြလို့ စောစောစီးစီး ကတည်းကလက်မှတ်တွေရောင်းကုန်ခဲ့တယ်လို့ သိရပါတယ်။ မေဆွိနဲ့ မေခလာ နှစ်ယောက်တွဲဖျော်ဖြေတဲ့ ဂီတပွဲမှာတော့ Plus Three အဖွဲ့က တီးခတ်ပေးခဲ့ပြီး ပထမဦးဆုံး စတင်ဖျော်ဖြေပေးတာက မေခလာပဲ ဖြစ်ပါတယ်။ မေခလာက သူ့ရဲ့နာမည်ကြီး သီချင်းတစ်ပုဒ်ဖြစ်တဲ့ အသည်းခွဲဘုရင်မ သီချင်းကို သီဆိုပေးတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



မေဆွိနဲ့ မေခလာတို့ရဲ့
အတွဲညီညီဖျော်ဖြေမှု

ဓာတ်ပုံ - လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com



မေဆွိ၊ တော်နီနဲ့ မေခလာ



မင်းယဉ်နဲ့ မေဆွိ



မေဆွိနဲ့အတူ
ခင်ပွန်းသည် အင်ဒရူး

စင်မြင့်ပေါ်ကနေ ဖျော်ဖြေပေးတာမျိုး မဟုတ်ဘဲ အမျိုးသားဇာတ်ရုံက ပရိသတ်ဝင်ပေါက်ကနေ ပါဖောမန့်ပွဲပိုးကူညီပေးမယ့် အကအလှအဖွဲ့များနဲ့ ဝင်လာပြီး စင်မြင့်ထက်မှာ သီဆိုပေးသွားတာ ဖြစ်ပါတယ်။ မေခလာအဖွင့် သီချင်းတစ်ပုဒ်နဲ့ ဖျော်ဖြေပြီးတဲ့ နောက်မှာ မေဆွိက စိုင်းထီးဆိုင်ရဲ့ *စက်ဘီးလေး* သီချင်းနဲ့စတင် သီဆိုဖျော်ဖြေပေးပါတယ်။ မေဆွိက ဒီသီချင်းကို သီဆို ဖြစ်ခဲ့ရတာနဲ့ ပတ်သက်ပြီး ပရိသတ်ကို ပြောပြတာက တော့ မဆွေ တစ်ခါတစ်ခါကျ စဉ်းစားမိတယ်။ ရန်ကုန်မြို့မှာ ကားတွေပိတ်လွန်းတဲ့အတွက် လမ်းလျှောက်ပြီးတော့သွားရင် ကောင်းမလား။ ဒါကြောင့်မို့ လွန်ခဲ့တဲ့ ၁၉၈၇ ခုနှစ်က မဆွေရဲ့ *ဆန်ဖရန် စစ္စကိုလို့* အမည်ရတဲ့ တေးစီးရီးထဲမှာ ပထမဦးဆုံး နံပါတ်တစ်အနေနဲ့ ဆိုထားတဲ့ ဒီသီချင်းဟာ အနှစ် ၂၀ ကျော်ကျော်သွားပါပြီ။ ဒါပေမဲ့ အခုချိန်မှာ ရန်ကုန် မြို့ရဲ့ ကားပိတ်တဲ့အခြေအနေ နဲ့ အင်မတန်ကိုက်ညီနေ တယ်။ ဒါကြောင့် မို့လို့ အဲဒီ သီချင်းလေးကို ကိုထီး(စိုင်း ထီးဆိုင်)ဂုဏ်ပြုတဲ့အနေနဲ့ သီဆိုပေးရတာပါ။ မဆွေက ဒီညမှာ အဟောင်းတွေထဲက အကောင်းဆုံးတွေကို ရွေးပြီး တော့ သီဆိုဖျော်ဖြေမယ်လို့ စိတ်ကူးထားတဲ့နေရာမှာ မဆွေနဲ့အရင်တုန်းက လူတိုင်း တွဲပြီးတော့ သိကြတဲ့BIMBO လို့ လူသိများတဲ့ သီချင်းကို ဆက်လက်သီဆိုသွားပါမယ် လို့ ပြောပြခဲ့ပြီး *BIMBO* သီချင်းကို အရင်တုန်းက ဟန်၊ အရင်တုန်းက အသံ အတိုင်း သီဆိုပေးသွားပါ တယ်။ ဆက်လက်ပြီး *အိပ်ဆေးမရှိ၊ အင်းလေးမှာ ရှာတဲ့မိုး* သီချင်းများကို ဖျော်ဖြေ ပေးပြီးတဲ့အနောက် မေခလာ ရဲ့တူဖြစ်တဲ့ မင်းယဉ်နဲ့ *မျက်လုံးချင်းစကားပြောနေပြီ၊ အနိုင်လွန်းတဲ့ ကျွန်မချစ်သူ* သီချင်း



www.burmeseclassic.com

www.burmeseclassic.com





ပရိသတ်ကို အားပါးတရ ဖျော်ဖြေနေတဲ့ မေဆွိ

များကို ဆက်တိုက်ဖျော်ဖြေပေးခဲ့ပါတယ်။

မေခလာရဲ့ နောက်ထပ်သီဆိုဖျော်ဖြေမှုမှာ မေခလာကလူနာ၊ *ခေါက်ထား သူငယ်ချင်း၊ အိမ်လိုက်ခဲ့ပါ ရည်းစားချော၊ မပိုပါနဲ့* စတဲ့ သီချင်းများ ဆက်တိုက်သီဆိုပြီး ရဲ သွေးနောင်နဲ့အတူ *မေမေ နေကောင်းလား၊ ဖြည်းဖြည်းလေးနဲ့ ငြိမ့်ငြိမ့်လေး* သီချင်းနှစ်ပုဒ်ကို ဆက်လက်ဖျော်ဖြေပေးပါတယ်။ နောက်တစ်ပုဒ်သီဆိုမှုမှာတော့ ဟဲလေးနဲ့ မကြာခဏဆိုဖြစ်တဲ့ *မပြောချင်လို့ ကြည့်နေတာကြာပြီ* သီချင်းကို ဖျော်ဖြေတဲ့အခါမှာတော့ မေခလာက ကိုယ်ဝန်ဆောင်ထားတဲ့ပုံစံနဲ့ သီဆိုပြီး ပါဖောမန့်လုပ်ပေးတဲ့ ကလေးနှစ်ယောက်၊ ဟဲလေးနဲ့အတူ အားလုံးသဘောကျအောင် ဖျော်ဖြေတင်ဆက်ပေးနိုင်ခဲ့ပါတယ်။

မေဆွိနဲ့ မေခလာတို့က ရှေ့ပိုင်းမှာ တစ်ယောက် တစ်



www.burmeseclassic.com

www.burmeseclassic.com



မေခလာနဲ့
ရဲသွေးနောင်



ကျော့စီ သူတို့ရဲ့သီချင်းကောင်းများနဲ့ အားရပါးရ ဖျော်ဖြေပေးရင်း တစ်ချိန်တုန်းက အကြောင်းများကိုပါ ပြန်ပြောင်းပြောပေးခဲ့ပါတယ်။ မေဆွိက ပြန်ပြောင်းပြောရာမှာတော့ လွန်ခဲ့တဲ့ နှစ် ၃၀ လောက်ကတည်းက မေဆွိနဲ့ မေခလာတို့တစ်ယောက်နဲ့တစ်ယောက်ပြဿနာတွေ ဖြစ်ခဲ့ကြတဲ့ပုံစံမျိုးရေးသားတင်ပြခဲ့ကြတာတွေ ရှိခဲ့ကြပေမဲ့ မဆွေနဲ့ မေခလာ ညီမနှစ်ယောက်က ဘာတွေမှ မဖြစ်ခဲ့ကြပါဘူး။ ရှင်းရှင်းပြောလို့ရှိရင် အနုပညာမောင်နှမအနေနဲ့ပဲ ကြီးပြင်းလာခဲ့ကြတာပါ။ အခု ဒီပွဲမှာ လာရောက်သီဆိုဖြစ်ရတာလည်း မဆွေနဲ့ မေခလာတို့ နှစ်ယောက်ဘာမှမဖြစ်ခဲ့ဘူးဆိုတာ ပရိသတ်တွေကို ပြလိုက်တဲ့ သဘောပါပဲလို့ မေဆွိက စင်မြင့်ထက်ကနေ တကူးတက ရှင်းပြခဲ့ပါတယ်။ မေဆွိက ပရိသတ် တောင်းဆိုမယ့် သီချင်းများနဲ့

ပါဖောမန့်အပြည့်နဲ့
ဖျော်ဖြေပေးတဲ့ မေခလာ



www.burmeseclassic.com

www.burmeseclassic.com



မေခလာကို
အနမ်းလက်ဆောင်ပေးတဲ့
မို့မို့မြင့်အောင်



မပြောချင်လို့ ကြည့်နေတာ ကြာပြီ
သီချင်းကို သီဆိုကြတဲ့
ထူးလေးနဲ့ မေခလာ



မေခလာနဲ့အတူ အတွဲတွဲညီညီ
ဖျော်ဖြေတီးခတ်ပေးတဲ့ **Plus Three** တေးဂီတအဖွဲ့

ဖျော်ဖြေပေးသွားမယ်လို့ စီစဉ် ထားပေမဲ့ *မောင်* သီချင်းက တော့ ပရိသတ် ရိုးနေပြီလို့ ထင်တဲ့အတွက် မဆိုတော့ပါ ဘူးလို့ စိတ်ကူးထားပေမဲ့ ပရိသတ်က တောင်းဆိုတဲ့ အခါမှာတော့ မေဆွိက ဖီလင် အပြည့်နဲ့ *မောင်* သီချင်းကို သီဆိုပေးတဲ့အခါ မေဆွိရဲ့ ခင်ပွန်းဖြစ်သူ ကိုအင်ဒရူးက ခင်မြင့်ပေါ်မှာ ပန်းစည်းပေး တာကိုလည်း တွေ့ခဲ့ရပါ တယ်။ မေဆွိနဲ့ မေခလာတို့ ရဲ့ ဖျော်ဖြေပွဲမှာ သူတို့ကို ချစ် ကြတဲ့ ပရိသတ်တွေ အများ ကြီးရှိသေးတယ်ဆိုတာ ပြသ ကြရုံမက လက်ဆောင်ပန်း စည်း၊ ပန်းခြင်း၊ အမှတ်တရ လက်ဆောင်ငွေသားများနဲ့ပါ တစ်ယောက်ပြီးတစ်ယောက် တက်ရောက်ဂုဏ်ပြုနေကြလို့ ပန်းစည်းတွေ ခဏခဏ နောက်မှာသွားထားရတာတွေ တွေ့ခဲ့ရပါတယ်။

အပိတ်သီချင်းများကို သီဆိုတဲ့ အစီအစဉ်မှာတော့ မေဆွိနဲ့ မေခလာတို့က နှစ်ယောက်တွဲ ဖျော်ဖြေမှုနဲ့ တင်ဆက်ခဲ့ကြပြီး *ကိုကြီးကိုကြီး၊ စပါကလင်အချစ်၊ ကိုကို စိတ်ကူးယဉ်၊ ကော်လံပေါ်က နှုတ်ခမ်းနီ၊ အဝေးရောက်ချစ်သူ* သီချင်းများ ဆက်တိုက် သီဆိုပြီး နောက်ဆုံးပိတ်အနေနဲ့ *နဂါးနီ* သီချင်း၊ SEA Games မှာ သီဆိုမယ့် *မြန်မာပြည်* သီချင်းတို့ကို သီဆိုပြီး Two Lady Show ဖျော်ဖြေပွဲ အစီအစဉ်ကိုအောင်မြင်စွာ ပိတ်သိမ်းခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com

# ကင်မရာရှေ့ရောက်တဲ့အခါ...

ပရိသတ်များကို ရယ်ချင်အောင်၊ ငိုချင်အောင် သရုပ်ဆောင်ပြနေကြတဲ့ သရုပ်ဆောင်အားလုံးဟာ ပုထုဇဉ်လူသားများသာ ဖြစ်တဲ့အတွက် သူတို့မှာလည်း မိသားစုအရေးကိစ္စ၊ မိတ်ဆွေ အပေါင်းအသင်းများကိစ္စ စသဖြင့် သာမန်လူများလို ခံစားကြရတာတွေ ရှိပါတယ်။ အိမ်မှာပဲဖြစ်ဖြစ်၊ ပတ်ဝန်းကျင်မှာပဲဖြစ်ဖြစ် ဖြစ်လာသမျှပြဿနာတွေကို ခေါင်းထဲက ဖယ်ထုတ်ပြီး ဇာတ်လမ်းဇာတ်ကွက်အရ လိုအပ်သလို သရုပ်ဆောင်ပြကြရပါတယ်။ ကင်မရာရှေ့ရောက်တဲ့အခါ သူတို့စိတ်တွေကို ဘယ်လိုသွင်းယူသလဲလို့ မေးကြည့်ဖြစ်ပါတယ်။ ❑



## ရန်အောင်

ဒီလိုကိစ္စတွေကတော့ ကျွန်တော်တင်မဟုတ်ပါဘူး၊ သရုပ်ဆောင်တိုင်း ကြုံဖူးမှာပါ။ အိမ်မှာပဲဖြစ်ဖြစ်၊ တပည့်တွေကြောင့် ပဲ ဖြစ်ဖြစ်၊ တယ်လီဖုန်းလာလို့ ပဲဖြစ်ဖြစ် ဒေါသဖြစ်ရတဲ့အခါတွေ ရှိပါတယ်။ ကျွန်တော်ကတော့ အိမ်ကထွက်တာနဲ့ အိမ်ကကိစ္စတွေကို တစ်ခါတည်းထားခဲ့ပါတယ်။ တစ်ခါတလေ ရိုက်ကွင်းပေါ်ရောက်မှ တပည့်တွေကြောင့်ပဲဖြစ်ဖြစ် ဒေါသဖြစ်ရတာတွေ ကြုံတတ်တယ်။ ဒါလည်း ၂ မိနစ် ၃ မိနစ်လောက် စိတ်ကို ငြိမ်အောင် ထားလိုက်ရင် ကိုယ်လုပ်ရမယ့်ဇာတ်ကောင် စရိုက်ကို ပြန်ပြီး စိတ်သွင်းလို့ ရပါတယ်။ ဖြစ်ပျက်လာတဲ့ စိတ်ဆိုတာ ကိုယ်က ခံယူရင် ကိုယ့်ဆီမှာ ငြိတွယ်လာပါတယ်။ ကိုယ်က မခံယူဘူး ဆိုရင် ဘယ်တော့မှ ပါမလာပါဘူး။ ❑



www.burmeseclassic.com

www.burmeseclassic.com

# မိုမိုမြင့်အောင်

သရုပ်ဆောင်တွေဆိုတာ
အရုပ်ထဲမှာနတ်ကတော်လို့
ခေါ်တဲ့ နတ်ဝင်သည်တွေလိုပါပဲ။
ဒီနတ်ကို ကရမယ်ဆိုရင်
ဘယ်လို
ကရမယ်၊ ဟိုနတ်ကိုဆိုရင်
ဘယ်လိုဆိုတာ
သရုပ်ဆောင်တိုင်း
သိကြပြီး
သားပါ။ ကင်မရာ
ရှေ့ရောက်သွားပြီ
ဆိုရင် သရုပ်ဆောင်
မို့မို့မြင့်အောင်
မဟုတ်တော့ပါဘူး။
ဇာတ်လမ်းထဲမှာပါတဲ့
ဇာတ်ကောင်ဖြစ်သွားပါပြီ။
နစဉ်ကာလတုန်းကတော့
အပြင်ကစိတ်ခံစားချက်ကို
ရိုက်ကွင်းပေါ်အထိ
ခံစားနေခဲ့ရတဲ့အချိန်ရှိခဲ့ဖူး
ပါတယ်။ တစ်ယောက်တည်း
ရုန်းကန်နေရတဲ့ ကာလ၊
ရတဲ့ အနုပညာကြေးလေးနဲ့
ဝယ်ထားတဲ့တိုက်ခန်း
အသိမ်းခံလိုက်ရတော့
ရိုက်ကွင်းပေါ်အထိ
ဒီစိတ်က ခံစားနေရတယ်။
အဲဒီတုန်းက
ဒါရိုက်တာ ဦးကြီးမြင့်နဲ့
**သစ္စာသည်သာ** ဇာတ်ကား
ရိုက်ကူးနေတာ။ ပါပါးကပဲ
စိတ်သွင်းနိုင်အောင်
ဆုံးမပေးလို့ အပြင်ကကိစ္စကို
ရိုက်ကွင်းပေါ်မှာ
ဖျောက်နိုင်ခဲ့ပါတယ်။
အခုတော့အပြင်ကိစ္စတွေက
အပြင်မှာပဲ ကျန်ရစ်ပြီး
ကင်မရာရှေ့မှာ
ဇာတ်ကောင်ပဲဖြစ်
သွားပါတယ်။
❑





www.burmeseclassic.com

www.burmeseclassic.com

# ကင်မရာရှေ့ရောက်တဲ့အခါ...



**လူမင်း**

ကျွန်တော်တို့လည်း
လူတွေပဲလေ။
အပြင်မှာ
အဆင်မပြေ
ဖြစ်လာတဲ့အခါ
အတတ်နိုင်ဆုံး
ရိုက်ကွင်းပေါ်ကို
အဲဒီစိတ်
ပါမလာ
အောင်
ကြိုးစားပါတယ်။
အတတ်နိုင်ဆုံး
ဖျောက်ပစ်ပါတယ်။
ဒါပေမဲ့
ကျွန်တော်
ပြောရဲတယ်။
အဲဒီနေ့ လုပ်ရတဲ့
သရုပ်ဆောင်မှုတွေဟာ
ရာနှုန်းပြည့်မကောင်း
နိုင်ဘူး။
အနည်းနဲ့
အများတော့
လျော့နေမှာပါ။
□



www.burmeseclassic.com

www.burmeseclassic.com



**မေသန်းနု**

ဒီမေးခွန်းက
မဆင့် အတွက်
နေ့စဉ်နဲ့အမျှ
ကြုံခဲ့ရတာကို
မေးလိုက်သလိုပါပဲ။
အရင်ကတော့
အပြင်က
ခံစားချက်တွေဟာ
ရိုက်ကွင်းပေါ်အထိ
ပါလာတတ်တယ်။
ဒါပေမဲ့ အတွေ့အကြုံ၊
အသက်အရွယ်က
သင်ကြားပေးလိုက်လို့
အခုတော့ အဲဒီလို
အပြင်ကိစ္စတွေကို
ရိုက်ကွင်းပေါ်ပါမလာအောင်
ဓိတ်ထားတတ်ပါပြီ။
ရိုက်ကွင်းပေါ်
ရောက်တယ်ဆိုရင်
ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေနဲ့
တွေ့လိုက်တာနဲ့
အပြင်ကကိစ္စတွေအားလုံးကို
မေ့ထားနိုင်ပါပြီ။
❑



www.burmeseclassic.com

www.burmeseclassic.com

# ကင်မရာရှေ့ရောက်တဲ့အခါ...



**ချိုပြုံး**

ကျွန်မတို့က
လူတွေဆိုတာကို
ရှင် မမေ့နဲ့ဦး။
လူဆိုတော့
ပြဿနာတွေ
အများကြီး
ရှိတာပါပဲ။
သူများတွေတော့
မပြောတတ်ဘူး။
ကျွန်မကတော့
နှလုံးသားကို
သလဲသီးများလို
အကန့်အကန့်နဲ့
ထားတဲ့အတွက်
အိမ်က ပြဿနာဟာ
ကင်မရာရှေ့အထိ
ပါမလာတော့ပါဘူး။
လုပ်ရမယ့်
ဇာတ်ကောင်
စရိုက်ကိုပဲ
စိတ်သွင်းပြီး
လုပ်လိုက်ပါတယ်။
□

www.burmeseclassic.com

www.burmeseclassic.com



## သက်မွန်မြင့်

သက်မွန်တို့က
အလုပ်လုပ်တဲ့
အချိန်မှာတော့
အလုပ်ထဲပဲ
စိတ်နှစ်ရတာပေါ့။
စိတ်ညစ်တယ်
ဆိုတာတွေကို
အလုပ်လုပ်တဲ့အချိန်မှာ
သယ်လာလို့မရဘူး။
လွှယ်လွှယ်ကူကူ
သရုပ်ဆောင်ရတာမျိုး
မဟုတ်ဘဲနဲ့ စိတ်အနှောင့်
အယှက်တစ်ခုအနေနဲ့တော့
ဖြစ်တာပေါ့။ ဒါပေမဲ့ Action
ဆိုတာနဲ့ ကိုယ့်ရဲ့
ဇာတ်ကောင်စရိုက်ကို
စိတ်ရောက်သွားတယ်။
ဒိုင်ယာလော့ခ်တွေကျက်တဲ့အချိန်မှာ
ကိုယ် ဘာလုပ်ရမလဲဆိုတာ
စဉ်းစားလိုက်တယ်။
ကိုယ့်ကိုယ်ပိုင် ဖြစ်နေတဲ့
ခံစားချက်တွေကို
မေ့ထားရတာပေါ့။
❑



www.burmeseclassic.com

www.burmeseclassic.com

# ကင်မရာရှေ့ရောက်တဲ့အခါ...

နေမင်း

ရုံးဝန်ထမ်းတစ်ယောက် ရုံးရောက်ရင် ဒီစာရင်းဇယားတွေ လုပ်ရမယ်ဆိုတဲ့ ဂျူတီတစ်ခုလိုပေါ့။ ကျွန်တော်တို့လည်း စိတ်က ခုနပြောတဲ့ ကိုယ့်ရဲ့အဆောက်အဦ၊ စက်ရုံလိုဖြစ်နေတာပေါ့။ အဲဒီတော့ ဒီစိတ်နဲ့ အလုပ်လုပ်တဲ့အခါ ကျတော့ ဒီစိတ်က လိုချင်တဲ့၊ ဒီစက်ကလို ချင်တဲ့ Position အတိုင်းထားရတယ်။ အဲဒီလိုထား တတ်အောင်လည်း အမြဲပြင်ဆင် တည်ဆောက်ထားရတယ်။ အဲဒီလိုမှ မလုပ်ရင်လည်း မလွယ်ဘူး။ အိမ်မှာဖြစ်တာက ဘယ်အချိန်မှာ ဖြစ်ခွင့်ရှိလဲ ဆိုတော့ ရှုတင် စတဲ့ မနက် ကိုးနာရီ၊ ဆယ်နာရီကနေ ညနေ ခြောက်နာရီ၊ ညရှုတင် ရှိတယ်ဆိုလည်း ရှိတယ်ပေါ့။ အဲဒီအလွန်နဲ့ အဲဒီထိပ်မှာဖြစ်ခွင့်ရှိတာကိုး။ အဲဒီအချိန်တွေ မတိုင်ခင် ရှုတင်ပေါ်မှာထားတဲ့ စိတ်အခြေအနေက ဇာတ်ထဲက ပေးထားတဲ့အခြေအနေ ပေါ်မှာပဲ အများဆုံးနေရတာ။ ဖုန်းတောင် မကိုင်ဖြစ်ဘူး။ ဟိုးရှေ့ပိုင်းမှာ ခံခဲ့ရတဲ့စိတ် အခြေအနေက ပိုပြီးပြင်းထန်ခဲ့ရတယ်။ တော်တော်များများ ကြိုးစားခဲ့ရ၊ ဖြတ်သန်းခဲ့ရတဲ့အချိန်တွေကို ကျော်လွန်ပြီးသွားတဲ့အခါ ဒီဘက်အချိန်မှာ ကလေးကစားစရာလို ဖြစ်သွားတယ်။ ကျေးဇူးတင်ထိုက်တဲ့ သူတွေကြောင့်ပါ။ ❑





www.burmeseclassic.com

www.burmeseclassic.com



## မင်းဇော်ကွန်း

ခဏလေးတော့
အကုန်လုံးကို
မေ့ပစ်လိုက်တာ
အကျင့်ပါနေပြီ။
ဒါပေမဲ့
တစ်ခါတလေကျရင်
မေ့လို့မရတဲ့အခါ
မျိုးရှိတယ်။
ပြီးခဲ့တဲ့လက
ရိုက်တဲ့ကားဆိုရင်
ရိုက်ရတာ
အခက်အခဲတော်တော်
ရှိပါတယ်။
ခဏခဏ
ပြန်ရိုက်ရတယ်။
အာရုံတွေ အရမ်းရှုပ်ထွေးတော့
အဆင်မပြေဘူး။
ရှူတင်ပေါ်အထိ ခံစားမှုက
ပါလာတယ်။ လူပဲလေ၊
ခံစားချက်ဆိုတာကတော့
ရှိတာပါပဲ။ ဒါပေမဲ့ ရိုက်တဲ့
အချိန်ကျရင်တော့
တတ်နိုင်သမျှ
ဇာတ်ကောင်စရိုက်ကိုပဲ
သွင်းပါတယ်။

■

မိုးကျော်ထွန်း၊ ခင်လေးမြင့်



www.burmeseclassic.com


www.burmeseclassic.com

# မသေခင် သွားရမယ့် နေရာပေါင်း တစ်ထောင်(၇)

# ဂရိပြည်(Greece)

မေဏ္ဍာဦး






**Santorini**

အရင်လက ရေးခဲ့တာကို ဆက်ရေးပါ့မယ်။ ဆဲန်တိုရီနီကျွန်းမှာ မီးတောင်ကြီးက အချိန်မရွေး ထပေါက်နိုင်သတဲ့။ မီးတောင်ဝကြီးက ခြောက်မိုင် အကျယ်ရှိတာမို့ ဘယ်လောက်ကြီးတဲ့ မီးတောင်ကြီးလဲဆိုတာ မှန်းကြည့်နိုင်ပါတယ်။ ဒဏ္ဍာရီအရတော့ ဆဲန်တိုရီနီက ပျောက်ဆုံးသွားတဲ့ Atlantis (အက်တ်လန်တစ်)နယ်မြေရဲ့ လက်ကျန်ဖြစ်တယ်လို့ ပြောလေ့ရှိတာပါ။ မီးတောင်မြေကြီးရဲ့ကြွယ်ဝမှုကြောင့် စပျစ်သီးအမျိုးပေါင်း သုံးဆယ့်ခြောက်မျိုးရှိတာမို့ ဝိုင်အဖြူအမျိုးမျိုးက လာရောက်မြည်းစမ်း သူတွေအတွက်တော့ စိတ်ချမ်းမြေ့ပျော်ရွှင်စေသတဲ့။ မယ်ဒီတေရေးနီယမ်ဒေသရဲ့ အိမ်တွေထဲမှာတော့ OIA(အိုင်အေ)မြို့က အဖြူရောင်ဆွတ်ဆွတ်





www.burmeseclassic.com

www.burmeseclassic.com


Santorini

လေးထောင့်ပုံ အိမ်ငယ်လေးတွေက ပေတာစ်ထောင်မြင့်တဲ့ တောင်စောင်းက နေ မဲနယ်ပြာရောင် ရေကို ငုံ့ကြည့်နေတဲ့ ပုံစံက အလှဆုံးပါပဲတဲ့။ အိုင်အေ ရောက်ရင် ပယ်ရီဗိုလတ်စ် (Perivolas) ဟိုတယ်မှာတည်းခိုသင့်သတဲ့။ လှေကား ဆင့်ပုံ အဆင့်ဆင့်ဖြစ်နေတဲ့ ပုံစံကတော့ ပို့စ်ကတ်တွေအတိုင်းပါပဲ။ အခန်း တွေက အေးပြီးဂူပုံစံမျိုး ဖြစ်နေတာတဲ့။ အခန်းကထွက်လာပြီး အဖျော်ယမကာ သောက်ပြီး မြင်ကွင်းကို ကြည့်လိုက်တဲ့ အခါ ဧရာမမြင်ကွင်းကျယ်ကြီးက ကြိုဆိုနေတာလေ။ ဆဲန်တိုရီနီကျွန်းမှာ ဇိမ်ခံဟိုတယ်တွေ အများကြီးရှိပေမဲ့



Caryatids-Athens



www.burmeseclassic.com

www.burmeseclassic.com

ပယ်ရီဗိုလတ်စ်လောက် နေ ဝင်ချိန်ကို လှပတဲ့မြင်ကွင်းမျိုး မတွေ့နိုင် ပါဘူး။ ဂူပုံအိမ်ခန်းတွေက ခမ်းနားပေ မဲ့ ရိုးရှင်းလှတဲ့ ဟိုတယ်ကို မိသားစု တစ်စုက ကိုယ်တိုင်ဖွင့်ပြီး လုပ်ကိုင်နေ တာပါ။ အဲဒီဟိုတယ်မှာ အဖြူရောင် တိုက်ခန်းပေါင်း ဆယ့်ခုနစ်ခုရှိပြီး မျက်နှာကြက်တွေရော၊ နံရံတွေကိုပါထွင်းပြီး တည်ဆောက်ထားပါတယ်။ လှေကား ထစ်လို အဆင့်တစ်ဆင့်မှာရှိတဲ့ တိုက် ခန်းတစ်ခုရဲ့ အမိုးကတော့ အပေါ်ဘက် က အဆင့်ကြီးပါပဲ။ လှေကားထစ်ပုံရဲ့



Acropolis -Athens

အဆင့်တိုင်းမှာ အနားသတ်နံရံမရှိတဲ့ ရေ ကူးကန်ရဲ့ ရေအရောင်နဲ့ အေဂျီယမ်ပင် လယ်ပြာရောင်က တူညီနေတာမို့ တကယ့်ဖြစ်နိုင်ခြေထက် ပိုလွန်းနေတာ အမှန်ပါ။

ပယ်ရီဗိုလတ်စ်ဟိုတယ် ပြင်ဆင် ထားပုံက မရပ်မနား လုပ်ကိုင်နေခဲ့ပုံ ပေါ့။ အခန်းတိုင်းမှာ ပိုင်ရှင်ရဲ့ ကိုယ်တိုင် လက်နဲ့ရက်ပြီး ဆေးဆိုးထားတဲ့ အစ တွေ၊ ကော်ဇောတွေနဲ့ ပြင်ဆင်ထား သလို လက်နဲ့လုပ်ထားတဲ့ ဂရိလက်ရာ ဇာတွေနဲ့ ပြတင်းပေါက်တွေ၊ တံခါးတွေ မှာ တပ်ဆင်ထားတဲ့အတွက် ခမ်းနား ကျက်သရေရှိလှပါရဲ့။ ဟိုတယ်ကနေ နှစ်မိနစ်လောက် ဆင်းလျှောက်သွားရင် အိုင်အေမြို့လေးက ငြိမ်သက်တဲ့ မြို့ လယ်ကိုရောက်နိုင်သလို၊ မိနစ်နှစ်ဆယ် လောက် ကားနဲ့သွားရင်တော့ တိုးရစ် တွေ ပျားပန်းခပ်နေတဲ့ သီရာခေါ်တဲ့ ကျွန်းရဲ့ အဓိကမြို့ကို ရောက်သွားပါ တယ်။ နေ့စဉ် နေဝင်ချိန်ကို စောင့်ကြည့် ကြတဲ့ တိုးရစ်တွေကတော့ သူတို့ရဲ့ဟို တယ် ကိုယ်ပိုင်ဝရန်တာတွေပေါ်ကနေ ဆဲန်တိုရီနီကျွန်းထွက် ဝိုင်အဖြူကို သောက်ကြပြီး ကြည့်နိုင်သလို ညစာကို တော့ လတ်လတ်ဆတ်ဆတ် ကင်ထား တဲ့ ယောက်သွား(Mussel)တွေကို စား သောက်ဆိုင် ခေါင်မိုးပေါ်မှာ စားနိုင်ပါ တယ်။

**Patmos**

ပက်တ်မို့စ်ကျွန်းကတော့ ဘာသာ ရေးဆိုင်ရာ ကြွယ်ဝပြီး အနုပညာ အမွေ အနှစ်တွေလည်း များပြားလှပါတယ်။ သူတော်စင် စိန့်ဂျွန်းက Book of Revelation ဆိုတဲ့ စာအုပ်ကိုရေးဖို့ AD ၉၅ ခုနှစ်မှာ ပက်တ်မို့စ်ကျွန်းမှာ နှစ်နှစ် ကြာအောင် နေခဲ့သတဲ့။ Apocalypse (အပိုကယ်လစ်)ဘုန်းတော်ကြီးကျောင်း ရဲ့မဏ္ဍိုင်ဖြစ်ခဲ့တဲ့ ဂူငယ်လေးမှာ စိန့်ဂျွန်း က ဘုရားသခင်ရဲ့အသံ ကြားခဲ့ပြီး စာအုပ်ရေးဖို့ ညဏ်ကွန့်မြူးခဲ့တာလေ၊ အဲဒီဂူကို သူတော်စင်ဂူအဖြစ် သတ်မှတ် ထားဆဲပါ။

အဲဒီကျွန်းမှာ နာမည်တကယ်ကြီးခဲ့ တဲ့ နေရာကတော့ စိန့်ဂျွန်း ဘုန်းကြီး ကျောင်းပါ။ စိန့်ဂျွန်းသူတော်စင်နှစ်ပါး က ဒီကျွန်းကို လာခဲ့တာပါ။ စာအုပ်ရေး တဲ့ စိန့်ဂျွန်းကို St.John the Devine လို့ ခေါ်ပြီး စိန့်ဂျွန်းဘုန်းကြီးကျောင်း တည် ခဲ့သူကို St.John the Theologian လို့ ခေါ်ပါတယ်။ စိန့်ဂျွန်းဘုန်းကြီးကျောင်း ကတော့ ၁၁ ရာစုနဲ့ ဘုန်းတော်ကြီး ကျောင်းတွေမှာရှိတဲ့ အဆင်အပြင် အတိုင်း ဘုရားကျောင်းတွေ အဆောက် အဦတစ်ခုနဲ့တစ်ခု ကြားမှာရှိတဲ့ ပန်း ဥယျာဉ်တွေ(Courtyards)နဲ့ပါ။ ခံတပ် တစ်ခုလို အခိုင်အခံ့ တည်ထားပြီး ဘာ သာရေးဆိုင်ရာ ပစ္စည်းတွေကို ကာကွယ် စောင့်ရှောက်ခဲ့တာပါ။ ၁၁ ရာစုရဲ့ ထူး ခြားသာလွန်တဲ့ ဗိသုကာလက်ရာပါပဲ။ စိန့်ဂျွန်းက ဘုရားကျောင်းကြီးထဲမှာ လက်ရာအထူးကောင်းတဲ့ ပန်းချီတွေ၊ ပန်းပုတွေ၊ သစ်ထွင်းလက်ရာတွေနဲ့ မွမ်း မံခဲ့တာပါ။ ဘုန်းတော်ကြီးများ စုရုံးရာ ဗဟိုဌာနအဖြစ်ရော၊ ဘုန်းတော်ကြီးတွေ စာသင်ကြားရာ နေရာအဖြစ်ပါ တစ်ချိန် က အထူးကျော်ကြားခဲ့ပါတယ်။ အခု အချိန်အထိလည်း ဂရိကျွန်းစုတွေက ဂရိ အော်သို့ဒေါ့ဇ်ဂိုဏ်းဝင်များရဲ့ အချက်အချာ နေရာဖြစ်ဆဲပါပဲ။

စိန့်ဂျွန်း စုဆောင်းထားတဲ့ စာအုပ် တွေကတော့ အနုပညာယဉ်ကျေးမှု ရတနာအဖြစ် အလွန်မှ အရေးပါတာပါ။ Mount Athos (အေသို့စ်တောင်)က ဘုန်းတော်ကြီးကျောင်းပြီးရင် စိန့်ဂျွန်း ဘုန်းတော်ကြီးကျောင်းမှာ ဒုတိယ အများဆုံး ဘာသာရေးဆိုင်ရာ စာအုပ် စာတမ်းတွေ စုဆောင်းထားသတဲ့။ ၁၉၈၈ ခုနှစ်မှာတော့ ဘုန်းတော်ကြီး ကျောင်းရဲ့ အနှစ်ကိုးရာမြောက်ပွဲကို အကြီးအကျယ် ကျင်းပခဲ့တာလေ။

ဘာသာရေး စိတ်မဝင်စားကြသူ သူတွေ ပါသို့စ်ကျွန်းကို လာရောက်သည်



www.burmeseclassic.com

www.burmeseclassic.com


Aliki Hotel-Symi

တ်တဲ့အခါ တောင်စောင်းလေးတွေက ိမ်တွေရယ်၊ အသက်ရှူမှားလောက် အောင် ကျယ်ပြန့်တဲ့ ပင်လယ်ကမ်းခြေ ကြီးက လူတွေကို ဆွဲဆောင်နေပါရဲ့။ ကျွန်မ ပါသို့စ်ကျွန်းရောက်ခဲ့ချိန်တုန်းက စိန့်ဂျွန်းဘုန်းတော်ကြီးကျောင်းကို အဝေး ကပဲ ကြည့်ခဲ့ပြီး သူတော်စင် ဂူရှိရာကို ရောက်အောင်သွားခဲ့ပါတယ်။ ထင်တာ ထက် ထူးခြားတဲ့ဂူပါပဲ။

**Rhodes**

ရိုဒ်စ်(Rhodes)ကျွန်းကတော့ ဥ ရောပနဲ့ အရှေ့ပိုင်းကမ္ဘာကို ဆက်ပေး ထားတဲ့ တံတားလို့ ခေါ်လေ့ရှိပါတယ်။ ဒီလို နည်းဗျူဟာကျတဲ့ နေရာမှာ တည် ရှိခဲ့လို့လည်း ရှေးအခါက ကုန်သွယ်ရေး အတွက် အချက်အချာနေရာ ဖြစ်ခဲ့တာ ပါ။ ရိုဒ်စ်ကျွန်းရဲ့ စီးပွားရေးက အမြဲ တမ်းလိုလို ကြွယ်ဝနေတယ်လို့ ပြောနိုင် ပါရဲ့။ ရှေးဟောင်းကမ္ဘာရဲ့ အံ့ဖွယ်ခုနစ် ပါးထဲမှာ ပေတစ်ရာမြင့်တဲ့ ကြေးရုပ်တု (သို့မဟုတ်) Colossus Of Rhodes ရှိခဲ့ပြီး အခုအခါမှာတော့ အတိတ်ရဲ့ အကြွင်း အကျန် အနည်းငယ်သာ ရှိတော့တာပါ။ ရာစုတုန်းက ကြေးရုပ်တုကြီး မြေ လျှင်လှုပ်ပြီး ပြိုကျခဲ့ချိန်မှာ ကြေး ထည်အဖြစ် ဖြတ်ယူရောင်းစားခဲ့ကြ သတဲ့။


ဥရောပ အလယ်ခေတ်မှာတော့ ဒီ ကျွန်းကို Knights of St. John (စိန့်ဂျွန်း သူရဲကောင်းများ)က သာသနာပြုအဖြစ် ရောက်လာခဲ့ပြီး လွှမ်းမိုးခဲ့တဲ့ လက်ရာ တွေကတော့ မြို့ဟောင်းမှာ အထင် အရှားရှိဆဲပေါ့။ ဥရောပမှာ ဥရောပ အလယ်ခေတ်ရဲ့ အကြီးဆုံးမြို့လို့ သတ် မှတ်နိုင်လောက်အောင် အဆောက်အဦ ကြီးတွေ ကျန်ရှိနေဆဲပါ။ မယ်ဒီတေရေ နီယမ်ဒေသမှာတော့ ဥရောပအလယ် ခေတ် သမိုင်းဝင်အထိမ်းအမှတ် အဆောက်အဦ အကြီးဆုံးအဖြစ် မြို့ရဲ့ တံတိုင်းကြီးက ခံ့ညားစွာရှိဆဲပေါ့။ ဒီ အဆောက်အဦတွေကို ကြည့်ခြင်းအား ဖြင့် အင်ဂျင်နီယာအတတ်ပညာ ထွန်း ကားမှု၊ ငွေကြေး တောင့်တင်းမှုနဲ့ လူ

အရင်းအမြစ် ကြွယ်ဝမှုတွေ အင်အား ကောင်းခဲ့တာ သက်သေပါပဲ။ ဘာသာ ရေး သူရဲကောင်းတွေက မိစ္ဆာဒိဋ္ဌိကို မြို့ ထဲမဝင်နိုင်အောင် ကာကွယ်ခဲ့တာလေ။

မြို့တံတိုင်းကြီးက သုံးမိုင်ရှည်ပြီး အချို့နေရာတွေမှာ ပေလေးဆယ်အထိ ထူတာပါ။ ကျုံးနှစ်ထပ် ရံထားပြီး မြို့ ဟောင်းကို တံတိုင်းကြီး ဝန်းရံထားပုံ က သမိုင်းဝင်ပြယုဂ်လို့ ပြောနိုင်ပါရဲ့။ ဘာသာရေး သူရဲကောင်းတွေရဲ့ သန့် လျက်ပုံတံဆိပ် (Tongues) ခုနစ်မျိုး ခွဲ ခြားထားတာကတော့ သူတို့နေထိုင်ခဲ့တဲ့ တိုင်းပြည်ပေါ် မူတည်ထားတာပါ။ သူ တို့ တည်းခိုခဲ့တဲ့ အင်း(Inn)တွေမှာ သူ တို့ရဲ့ သန်လျက်ပုံ အမှတ်တံဆိပ်နဲ့ အမည်ပေး တပ်ထားတာ ယခုတိုင်ရှိဆဲ ပေါ့။ 'Inn of the Tongue of Provence'၊ 'Spanish House' အမည်တွေနဲ့ပါ။

ကျွန်မ ရိုဒ်စ်ကျွန်းရောက်ခဲ့စဉ် သူရဲ ကောင်းလမ်းကို ဖြတ်ပြီး အိမ်ဟောင်း တွေ ကြည့်ခဲ့ရစဉ်တုန်းက ကိုယ်အကျွမ်း ဝင်ခဲ့တဲ့ အရပ်တစ်ခုကို ပြန်ရောက်သွား ခဲ့သလို ခံစားခဲ့ရတာပါ။ အထူးသဖြင့် မြို့ဟောင်းဂိတ်ဝကို ဝင်ချည်ထွက်ချည် လုပ်ခဲ့လို့ ကျွန်မရဲ့ညီမက အမြင်ကတ်လာ ခဲ့ပြီး ဘာဖြစ်နေတာလဲလို့ အဟောက် ခံခဲ့ရတဲ့ အထိပါပဲ။ စိတ်ထဲမှာ ကြည်နူး ကျေနပ်တဲ့ ပီတိကို အဲဒီကျွန်းမှာ စူးစူး နစ်နစ်ကို ရင်ထဲတိုးဝင်ခဲ့ပါရဲ့။


ရိုဒ်စ်ကျွန်းက တူရကီပြည် (Turkey) ကမ်းခြေနဲ့ ဆယ့်တစ်မိုင်သာ ဝေးတာပါ။ ဒါကြောင့် ၁၅၂၂ ခုနှစ် အော်တိုမန်အင်ပါယာရဲ့ ဧကရာဇ် ဆူလေ မန် (Suleiman The Magnificent)


Odeon of Herodes Atticus - Athens



www.burmeseclassic.com

www.burmeseclassic.com



Patmos

တန်ခိုး ထွားခဲ့စဉ်မှာ ဘာသာရေးသူရဲ ကောင်းတွေရော မြို့ရိုးကြီးတွေပါ တောင့်မခံနိုင်ခဲ့တော့ပါဘူး။ အနှစ်သုံး ရာ တူရကီလက်အောက်ကို ရို့ဒ်စ်ကျွန်း နေခဲ့ရတာမို့ တူရကီလက်မှုပညာ လက် ရာတွေကို မြို့ဟောင်းမှာ တွေ့နိုင်ဆဲ ပေါ့။

ရို့ဒ်စ်ကျွန်း ရောက်ရင်တော့ တံ တိုင်းကြီးအတွင်း မြို့ဟောင်းမှာနေသင့် သတဲ့။ မိသားစုပိုင် ဟိုတယ်ဖြစ်တဲ့ ဆဲန် နီကိုလတ်စ်ကတော့ ဥရောပအလယ် ခေတ် အဆောက်အဦတစ်ခုမှာ ဖွင့်ထား ပြီး ခေါင်မိုးပေါ်မှာ ပန်းခြံကြီးရှိပါ တယ်။ အဲဒီခေါင်မိုးပေါ်မှာ မနက်စာ စားပြီး ပတ်ဝန်းကျင်ကို အပေါ်စီးကနေ ကြည့်ရတဲ့ ရှုမျှော်ခင်းလောက်ကောင်း တာ ကမ္ဘာမှာ ရှားသတဲ့။


**Symi**

ဆိုင်မီ (Symi)ကျွန်းကတော့ ဂရိ ကျွန်းမှာ အလှဆုံးသင်္ဘောဆိပ် ရှိသတဲ့။ ဒါကြောင့် သင်္ဘောဆိပ်မြို့လို့ခေါ်ပြီး အင်မတန်ချစ်စရာကောင်းတဲ့ ကျွန်းလေး ပါပဲ။ ဂရိလူမျိုးတွေရဲ့ ရတနာလို့လည်း ပြောနိုင်ပါရဲ့။ ရေဆေးပန်းချီပြတိုက်က လည်း ၁၉ ရာစုနှောင်းပိုင်းရဲ့ နီယို ကလပ်စစ် ဗိသုကာပုံစံနဲ့ ဆောက်ထား တာပါ။ တစ်ချိန်က ကြွယ်ဝမှုတွေကို ပြသနေဆဲပေါ့။ ကျွန်းကြွယ်ဝမှုကတော့ သင်္ဘောတွေ တည်ဆောက်ခဲ့တာ၊ ချမ်း သာတဲ့ကုန်သည်ကြီးတွေက စံအိမ်ကြီး တွေ၊ ဘုရားကျောင်းတွေ တည်ဆောက် ခဲ့တာကိုး။ နောက်တော့ ဆိုင်မီကျွန်း မှေးမှိန်သွားခဲ့တာပါ။

ယခုခေတ်ကာလမှာ ပြန်လည်စည် ကားနေပြန်ပါပြီ။ ရို့ဒ်စ်ကျွန်းကနေ လှေ စီးပြီး ဆိုင်မီကျွန်းကို သွားနိုင်ပြီး အေး အေးဆေးဆေး တစ်နေ့တာခရီးကို နေ့ လယ်စာစားပြီး လျှောက်သွားလို့ကောင်း သတဲ့။ ဒါပေမဲ့ သောင်ပြင်ကျယ်ကြီး မရှိတာမို့ တချို့ တိုးရစ်တွေက မသွား ချင်ကြပါဘူး။ ဒါပေမဲ့ လမ်းကွေ့လမ်း ကောက်တွေက သဘာဝကျောက်တုံး တွေ၊ ထင်းရှူးတောနဲ့ ဆိုက်ပရပ်စ် (Cypress)တောတွေက အင်မတန်မှ လှ ပါတယ်။ ကမ်းရိုးတန်းတစ်လျှောက်မှာ တော့ တောင်စွယ်တွေ၊ ပင်လယ်အော် အသေးလေးတွေရှိပြီး လှေငယ်နဲ့ဖြစ်စေ လမ်းလျှောက်ပြီးဖြစ်စေ သွားနိုင်တာပါ။

ဆိုင်မီကျွန်းမှာ ခြေလျင်တောင် တက် လုပ်ချင်သူတွေအတွက် အကောင်း ဆုံး နေရာတစ်ခုဖြစ်သတဲ့။ အထူးသဖြင့် ဆိုင်မီမြို့လယ်ကနေ ပဲန်နော်မီတီစ် (Panormitis)ဘုန်းကြီးကျောင်းသွားရာလမ်း က ခြောက်မိုင်ရှိပြီး လမ်းလျှောက်ဖို့ အလွန်ကောင်းတယ်လို့ ညွှန်းထားပါ တယ်။ ဒါမှမဟုတ်ရင်လည်း ကမ်းနား လမ်းမှာရှိတဲ့ အယ်လီကီ (Aliki)ဟိုတယ် (အလွန်ခမ်းနားတဲ့ ရှေးဟောင်းအိမ်ကို ဟိုတယ်ပြုလုပ်)မှာ နေသင့်သတဲ့။ **Pascali's Island** ရုပ်ရှင် ရိုက်ကူးခဲ့စဉ် တုန်းက ဇာတ်ကြယ်ပွင့်တွေ အဲဒီဟိုတယ် မှာ နေခဲ့ကြတာပါ။ ဂရိပြည်ရဲ့ ဟိုတယ် ငယ်တွေထဲမှာ ဒီဟိုတယ်က အကောင်း ဆုံးစာရင်းထဲမှာ ပါဝင်ပါတယ်။ ဟို တယ်အဖြစ် ပြန်လည် မွမ်းမံထားတဲ့ လက်ရာရော၊ ရှားပါးတဲ့ မျက်စိပသာဒ ရှိအောင် ပြင်ဆင်ထားတာရောကြောင့် ထင်ရှားတာပါ။

အယ်လီကီဟိုတယ်ရဲ့ ဒုတိယထပ် ကနေ သင်္ဘောဆိပ်တစ်ခုလုံး မြင်နိုင်တာ လေ။ မနက်စာစားတဲ့ စားပွဲတွေကိုတော့ ဟိုတယ်ရဲ့ အောက်ဆုံးထပ် ရေစပ်နားမှာ ပြင်ဆင်ထားတာလေ။ လှေကားသုံးဆင့် လောက် ဆင်းလိုက်ရင်ပဲ သလင်း ကျောက်လို ကြည်လင်နေတဲ့ အေးမြိုယမ်



Perivolas Hotel-Santorini



www.burmeseclassic.com

င်လယ်ရေကို ခံစားနိုင်တာပါ။ တစ်ချိန်က လူသုံးသောင်းလောက် နေခဲ့တဲ့ ကျွန်းမှာ ယခုအခါ လူနှစ်ထောင့်ငါးရာလောက်ပဲ ကျန်တော့သတဲ့။


**၇.The Acropolis**

အေသင်(Athens) မြို့တော်မှာရှိတဲ့ Acropolis(အေခရိုပိုလစ်)အဆောက်အဦတွေကတော့ အနောက်ကမ္ဘာရဲ့ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံတွေထဲမှာ ထင်ရှားတဲ့ သာဓကတစ်ခုလို့ ပြောနိုင်ပါတယ်။ ဂရိလူမျိုးတွေရဲ့ ယဉ်ကျေးမှု ရွှေရောင်ကာလတွေတုန်းက သရုပ်ဖော်ဆောင်းထားတဲ့ လူတွေရဲ့ ဖြစ်

Parthenos)ကို ရည်ညွှန်းပြီး တည်ခဲ့တာလေ။ တစ်ချိန်က ပါသီနွန်က အခရိုပိုလစ်မြို့က အခြားအဆောက်အဦတွေလိုပဲ ရောင်စုံခြယ်ထားခဲ့တာပါ။ ဂရိပညာရှင် ပလူတမ်(Plutrach)က "ငါတို့မြို့က တပြောင်ပြောင် တလက်လက်နဲ့ စီခြယ်ထားလိုက်တာ ပုံ့တံတံ၊ နန့်တန့်တန့် မိန်းမလိုပဲ"လို့ ပြောပြီး သတိပေးခဲ့ရတဲ့အထိပါပဲ။ အခု အချိန်မှာတော့ အဖြူရောင်တွေနဲ့ နေရောင်မှာ တောက်ပနေပုံက ဆိုင်ဖဲန်တိုင် ဘုရားကျောင်း ဖရဲန်ကစ်(ရှ်)(Frankish)က သီဒရာနဲ့ အော်တိုမဲန်ဗလီတွေလို ဖြစ်နေပါပြီ။

မြင်ခဲ့ပါဘူး။

နွေရာသီမှာတော့ အေသင်ပွဲတော်ဆိုပြီး အခရိုပိုလစ်မှာ ရှေးဟောင်းဒရာမာဇာတ်တွေ၊ အော်ပရာတွေ၊ ဘဲလေးအကတွေကို ဒေသခံတွေရော အပြည်ပြည်ဆိုင်ရာ အနုပညာရှင်တွေပါ ဝင်ရောက်နွှဲပျော် ကခုန်ခဲ့ကြတာလေ။ အထူးသဖြင့် ၂ ရာစုက တည်ခဲ့တဲ့ Odeon of Herod Atticus (အိုဒီယွန် အော့ဖ် ဟီရော့ဒ် အက်တီကပ်စ်) အမိုးဖွင့် ဇာတ်ရုံကြီးက အခရိုပိုလစ်ရဲ့ တောင်ဘက်စောင်းမှာရှိပြီး အသံပိုင်းဆိုင်ရာမှာ အခုခေတ်အထိ အကောင်း


Patmos-St.John Monastery

ထွန်းမှု လက်ရာပါပဲ။ အထူးသဖြင့် အံ့ဩဖွယ်ကောင်းအောင် ခေတ်မီဆန်းပြားရှုပ်ထွေးတဲ့ ဒိုရစ်(Doric)တိုင်တွေနဲ့ ဘုရားကျောင်းကို ပါသီနွန်(Parthnon)လို့ ခေါ်ပါတယ်။ ဂရိပြည်မှာ အကြီးဆုံးအဆောက်အဦကြီးပေါ့။ အေသင်မြို့ရဲ့ အလျားလိုက်မြင်ကွင်းရဲ့ အမြင့်ဆုံးနေရာမှာလည်း တည်ရှိနေတာလေ။

အေခရိုပိုလစ်ဆိုတဲ့ အဓိပ္ပာယ်ကတော့ အပေါ်ပိုင်းမြို့ဖြစ်သတဲ့။ ဘီစီငါးရာစုကတည်းက တည်ခဲ့ပြီး မြို့စောင့်နတ်သမီး အသီနာပါသီနိုစ် (Athena

အခရိုပိုလစ်ရောက်ရင် လက်ဖျားခါဖို့ကောင်းအောင် လက်ရာမြောက်တဲ့ ရုပ်တုတွေရှိတဲ့ ကယ်ရီယာတစ်(Caryatids)ဘုရားကျောင်းမှာ Maidens (မေဒဲန်စ်)ခေါ်တဲ့ မူရင်းရုပ်တု လေးခုကို တွေ့နိုင်ဆဲပေါ့။ အဲဒီရုပ်တုတွေက စကျင်ကျောက်ကို ထွင်းထားတဲ့ရုပ်တုတွေဖြစ်ပြီး ဘုရားကျောင်းရဲ့ ထောက်တိုင်တွေအဖြစ် ပြုလုပ်ခဲ့တာပါ။ အင်္ဂလိပ်တွေ ဂရိကို နယ်ချဲ့တုန်းက လော့ဒ်အဲလ်ဂျင်က အင်္ဂလန်ပြည်ကို ဒီရုပ်တုတွေ သယ်သွားဖို့ ကြိုးစားပေမဲ့ မအောင်

ဆုံး ထိန်းထားနိုင်တယ်လို့ ဆိုနိုင်ဆဲပေါ့။

ကျွန်မ အခရိုပိုလစ်ရောက်ခဲ့ချိန်တုန်းက နေကလည်းပူ၊ တိုးရစ်တွေက ကြိတ်ကြိတ်တိုးနဲ့မို့ ပါသီနွန်နဲ့ ကယ်ရီယာတစ်တို့ရှေ့မှာ ဓာတ်ပုံရိုက်ခွင့်ရဖို့ မနည်းစောင့်ဆိုင်းခဲ့ရပါရဲ့။ အိုဒီယွန်ဇာတ်ရုံကြီးကိုလည်း အဝေးကကြည့်ပြီး ကျေနပ်ခဲ့ရတာပါ။

မုဒိတာတရား ပွားများကြပါစေ။


■

မေတ္တာဦး



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၂ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့က ပါကစ္စတန်စစ်ဆေးရုံမှာ မာလာလာကို ခွဲစိတ်ကုသဖို့ ပြင်ဆင်ကြစဉ်

# မာလာလာနဲ့ ဒုတိယဘဝ

ဇာနည်ညီမိး

၂၀၁၂ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့က တာလီဘန်သေနတ်သမားများ ကျောင်းကားပေါ်မှဆွဲချပြီး ခေါင်းကို သေနတ်နဲ့အသေပစ်သတ်တဲ့ ၁၅ နှစ်သမီးအရွယ်ကလေး မာလာလာယူစွဖ်ဇိုင်ဟာ ကံကောင်းထောက်မစွာ အသက်မသေဘဲ အင်္ဂလန်နိုင်ငံ အဲလစ်ဇဘက်ဘုရင်မကြီးဆေးရုံက ကုသပေးနိုင်ခဲ့ပါတယ်။ People မဂ္ဂဇင်းကြီးက ၁၆ နှစ်သမီးအရွယ်ရှိလာတဲ့ မာလာလာနဲ့တွေ့ဆုံခဲ့တာကို နှစ်ပတ်လည်အဖြစ် ဖော်ပြပေးခဲ့ပါတယ်။

အမျိုးသမီးကလေးများ ပညာသင်ကြားခွင့်ရရှိရေး ကြွေးကြော်တောင်းဆိုခဲ့တဲ့ မာလာလာရဲ့စကားများကို ရွှေအမြုတေပရိသတ်များအတွက် ဖော်ပြပေးလိုက်ပါတယ်။


❑

အင်္ဂလန်နိုင်ငံ ဘာမင်ဟမ်မှာရှိတဲ့ အိမ်ထဲကို ဝင်လာတဲ့ မာလာလာက နက်မှောင်သန်စွမ်းတဲ့ သူမဆံပင်များအပေါ်မှာ အုပ်ဆိုင်းထားတဲ့ ပန်းနုရောင်ပဝါကလေးကို ဖယ်ရှားလိုက်ပြီး ပတ်ဝန်းကျင်ကိုလည်း သတိကြီးစွာထားတဲ့ပုံစံနဲ့ လှေ့လာလိုက်ပါတယ်။ တကယ်တော့ သူမ ရောက်လာတဲ့နေရာက သူမရဲ့မိသားစုများနဲ့အတူ နေထိုင်ရမယ့် နေအိမ်အသစ်ဖြစ်ပါတယ်။ ဒီအိမ်ကလေးမှာ မိဘနှစ်ပါးအပြင် သူမရဲ့မောင်နှစ်ယောက်လည်း ရှိပါတယ်။ ခုံပေါ်မှာ လက်ပိုက်ထိုင်လိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

မာလာလာက နည်းနည်းပြုံးလိုက်ပြီး ပါကစ္စတန်နိုင်ငံ မင်ဂိုရာမြို့ကလေးမှာ ကျန်ရစ်တဲ့သူမရဲ့ဆွေမျိုးများ၊ သူငယ်ချင်းများအကြောင်းကို ပြောပြခဲ့ပါတယ်။ စကားပြောတဲ့အချိန်မှာ သူမရဲ့ ပါးစပ်က ဘယ်ဘက်ကို နည်းနည်းရွဲ့သွားတတ်ပါတယ်။ ဒါက နားကို ခွဲစိတ်မှုခံယူထားရတဲ့အပြင် ဒဏ်ရာရသွားတဲ့ မေးရိုးကလည်း အသက် ၁၈ နှစ်ပြည့်ပြီးမှသာ ပြုပြင်လို့ရမယ့်အနေအထားကြောင့် ဖြစ်ပါတယ်။ မိုင်ပေါင်းထောင်ချီကျန်ရစ်ခဲ့တဲ့ ဇာတိမြေမှ သူငယ်ချင်းများကို သတိရနေတယ်ဆိုပေမဲ့ မာလာလာရဲ့အသံကတော့ သန်မာပြီး ပြတ်သားပါတယ်။ 'ကျွန်မကမ္ဘာက ပြောင်းလဲသွားပါပြီ။ ဒါပေမဲ့ ကျွန်မကိုယ်တိုင်ကတော့ မပြောင်းလဲပါဘူး' လို့ ဆိုပါတယ်။

ပါကစ္စတန်နိုင်ငံ မင်ဂိုရာမြို့ကလေးက တောင်ကြားမြို့ကလေးတစ်မြို့ဖြစ်ပြီး တာလီဘန်တို့ ကြီးစိုးနေတဲ့မြို့ကလေးပါ။ ကျောင်းအုပ်ဆရာတစ်ဦးက မွေးဖွားလာခဲ့တဲ့ အကြီးဆုံးသမီး မာလာလာဟာ အသက် ၁၁ နှစ်သမီးအရွယ်ကတည်းက အမျိုးသမီးကလေးများ ပညာသင်ကြားခွင့်ရရှိရေးကို အခွင့်အရေးရရင် ရသလို လှုံ့ဆော်ခဲ့ပါတယ်။ သူမ လှုံ့ဆော်မှုကို တာလီဘန်များက မကြိုက်တာကြောင့် အကြိမ်ကြိမ်တားခဲ့ပေမဲ့ မာလာလာကတော့ အသက် ၁၅ နှစ်အရွယ်ရောက်သည်အထိ သူမ ယုံကြည်ချက်ကို မပြောင်းလဲဘဲ ကြွေးကြော်မြဲကြွေးကြော်နေခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ မာလာလာ စီးလာတဲ့ ကျောင်းကား စွာတ်တောင်ကြားအရောက် တာလီဘန်များက ကားကို တားဆီးလိုက်ကြပြီး မာလာလာကို ကားပေါ်မှ ဆွဲချကာ ခေါင်းကို သေနတ်နဲ့ ပစ်ခဲ့ကြပါတယ်။

မာလာလာက အသက် ၁၁ နှစ်အရွယ်မှ စတင်ပြီး ကလေးများ ပညာသင်ကြားခွင့်ရရှိရေး ကြွေးကြော်ခဲ့ရုံသာ



မာလာလာတို့မိသားစုအား ၂၀၁၃ ခုနှစ် ဇွန်လက တွေ့ရစဉ်




ပါကစ္စတန်ကျောင်းမှာ ကျန်ရစ်တဲ့ သူငယ်ချင်းများက သူတို့သူငယ်ချင်းမာလာလာအတွက် ခုံတစ်ခုံကို ချန်ထားလေ့ရှိပါတယ်

မက BBC အသံလွှင့်ဌာနသို့ စာရေးသားပြီး ပေးပို့ခဲ့သူကလေးဖြစ်တာကြောင့် သူမ လုပ်ကြံခံရစဉ်မှာ အားလုံးက ဝိုင်းပြီး ကူညီစောင့်ရှောက်ခဲ့ကြတာကြောင့် အင်္ဂလန်နိုင်ငံ Queen Elizabeth Hospital မှာ အကြိမ်ပေါင်းများစွာ ခွဲစိတ်ကုသမှုခံယူခဲ့ရပြီး ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှာ ဆေးရုံမှ ဆင်းခွင့်ရခဲ့ပါတယ်။ မာလာလာရဲ့ ဦးခေါင်းမှာ ဆရာ

ဝန်များက တိုက်တေးနီယမ်သတ္တုပြား အစားထိုးတပ်ဆင်ပေးခဲ့ကြခြင်း ဖြစ်ပါတယ်။ မာလာလာရဲ့ဖြစ်ရပ်ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကပါ စိတ်ဝင်တစားကြေညာချက်တွေ ထုတ်ပြန်ပေးတဲ့အထိ ဖြစ်ခဲ့ပါတယ်။ သူမက I Am Malala လို့အမည်ပေးထားတဲ့မှတ်တမ်းစာအုပ်တစ်အုပ် ရေးလိုက်ပြီး အောက်တိုဘာလ ၈ ရက်နေ့က ဖြန့်ချိလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဲဒါအပြင် မာလာလာကို ငြိမ်းချမ်းရေးနိုဗယ်လ်ဆုအတွက်လည်း စာရင်းတင်သွင်းခြင်း ပြုခဲ့တာကြောင့် အသက်အငယ်ဆုံး အဆိုပြုခံရသူ ဖြစ်ခဲ့ပါတယ်။

သေမင်းနဲ့ ရင်ဆိုင်တွေ့ခဲ့ပေမဲ့ မာလာလာက သူမရဲ့လုပ်ဆောင်မှုများကို ရပ်လိုက်ဖို့ လုံးဝအစီအစဉ်မရှိဘူးလို့ ဆိုပါတယ်။ ဒီကိစ္စအတွက် သူမအသက်ပဲဖြစ်ဖြစ်၊ သူမမိသားစုအသက်ပဲဖြစ်ဖြစ် စွန့်လွှတ်ရမယ်ဆိုရင်လည်း စွန့်လွှတ်ရဲတယ်လို့ ဆိုပါတယ်။ 'ကျွန်မ သေမင်းကို တွေ့ခဲ့ပြီးပြီပဲ။ သေရမှာကို ကျွန်မ မကြောက်တော့ပါဘူး'လို့ ဆိုပါတယ်။

ကြိမ်ဖန်များစွာ ခွဲစိတ်ကုသမှုများကို ခံယူခဲ့ရတာကြောင့် နာကျင်မှုဝေဒနာများကိုလည်း ခံစားခဲ့ရမှာပါ။ မျက်နှာပြင်ပေါ်က ပျက်စီးသွားတဲ့ အာရုံကြောများကိုလည်း ဆရာဝန်များက ကုသမှုပေးခဲ့ပေမဲ့ မေးရိုးကိုတော့ အသက် ၁၈ နှစ်ပြည့်ပြီးမှသာ ထပ်မံခွဲစိတ်ကုသရမှာပါ။

ဒေါက်တာများနဲ့ အင်္ဂလန်နိုင်ငံ ဘာမင်ဟမ်မြို့က ဆေးရုံကို ရောက်လာချိန်မှာ သူမတစ်ယောက်တည်းပါ။ မိသားစုပါမလာခဲ့ပါဘူး။ ဆယ်ရက်ကြာတော့မှ မိသားစုရောက်ရှိလာခဲ့ပါတယ်။ အဲဒီအချိန်မှာ မာလာလာ မျက်စိဖွင့်နိုင်ပြီဖြစ်လို့ မျက်လုံးဖွင့်လိုက်တာနဲ့တစ်ပြိုင်နက် မိဘနှစ်ပါးကို တွေ့လိုက်ရတော့ ရင်ထဲအသည်းထဲက စီးကျလာတဲ့မျက်ရည်များနဲ့ မာလာလာ ငိုခဲ့မိပါတယ်။

အသက် ၄၄ နှစ်အရွယ်ရှိ ဖခင်ဖြစ်သူ ဇိုင်အွတ်ဒင်က ကျောင်းအုပ်ဟောင်းတစ်ဦးဖြစ်ပြီး ပညာရေးအတွက် လှုပ်ရှားမှုတွေ ပြုနေသူအဖြစ် ထင်ရှားပါတယ်။ မိခင်ဖြစ်သူက အိမ်ရှင်မတာဝန်ကိုသာ ထမ်းဆောင်ပြီး အသက် ၁၃ နှစ်အရွယ်နဲ့ အသက် ၈ နှစ်အရွယ်ရှိ မောင်နှစ်ယောက်လည်း ရှိပါတယ်။

မာလာလာဟာ မွေးရာဇာတိမြေနဲ့ မိုင်ပေါင်းထောင်ချီ ဝေးကွာခဲ့ပါပြီ။ ပါကစ္စတန်မှာ နေစဉ်တုန်းကတော့ သူငယ်ချင်းမိန်းကလေးများနဲ့ လူငယ်သဘာဝ ဂျပ်စတင်းဘီဘာ သီချင်းတွေအကြောင်း တွတ်ထိုးခဲ့ကြပါသတဲ့။ အခုတော့ သူမက သူငယ်ချင်းများနဲ့ Skype ကတစ်ဆင့် အိန္ဒိယရုပ်ရှင်ကားတွေအကြောင်း၊ မင်းသားမင်းသမီးတွေအကြောင်း ပြောဖြစ်နေတယ်လို့ ဆိုပါတယ်။ ပါကစ္စတန်နိုင်ငံသူဖြစ်တဲ့ မာလာလာဟာ ခရစ်ကက်ကိုလည်း ကစားတတ်ပါတယ်။ အဲဒါအပြင် အိမ်မှာနေရင် မောင်နှစ်ယောက်ကို အစသန်တဲ့အစ်မတစ်ယောက်လည်း ဖြစ်ပါတယ်။ ကမ္ဘာကျော်တစ်ယောက် ဖြစ်

ကျွန်မ
နောက်ဆုံး
ပြောချင်တာ
ကတော့
ကျွန်မကို
တာလီဘန်တွေ
ပစ်သတ်ခံရတဲ့
မိန်းကလေးလို့
မြင်တာထက်
ပညာရေးအတွက်
တိုက်ပွဲဝင်တဲ့
မိန်းကလေး
တစ်ယောက်
အဖြစ်သာ
မြင်စေချင်ပါတယ်

သော်ငြားလည်း အိမ်မှာတော့ သူမဟာ ပီဘိဆယ်ကျော်သက်တစ်ယောက်သာ ဖြစ်ပါတယ်။

ဖခင်ဖြစ်သူက သူတို့ဟာ အခြေအနေအရ ဇာတိမြေကို စွန့်ခွာပြီး ကမ္ဘာသစ်တစ်ခုကို ရောက်လာချိန်မှာ အစအရာရာ အဆင်ပြေဖို့အတွက် ညှိညှိနှိုင်းနှိုင်း လုပ်ကိုင်နေရတယ်လို့ ဆိုပါတယ်။ 'ကျွန်တော်တို့ အိမ်မှာတုန်းကတော့ အိမ်တွေက ကပ်နေတာဆိုတော့ အိမ်နီးနားချင်းတွေရဲ့ ကလေးတွေ ဆူသံ၊ ညံသံကိုကြားနေရပေမဲ့ ဒီမှာ ကျွန်တော်တို့ပတ်ဝန်းကျင်က ဘာသံမှ မကြားရတော့ ကျွန်တော့်ကလေးတွေ ပျင်းနေကြတယ်'လို့ ဆိုပါတယ်။ အခြေအနေအရ ကျောင်းအုပ်ဘဝကနေ ထွက်ခဲ့ရတဲ့အပြင် လူမှုရေးလှုပ်ရှားမှုတွေကိုလည်း စွန့်လွှတ်ခဲ့ရတာကြောင့် စိတ်မကောင်းဖြစ်နေပုံရပါတယ်။

သူတို့မိသားစုတစ်စုလုံး မွေးရပ်မြေကို လွမ်းနေကြပေမဲ့ အိမ်ကို ပြန်ရင် တာလီဘန်တွေရဲ့အန္တရာယ်ကနေ မလွတ်ကင်းနိုင်သေးတာကြောင့် ဘယ်လိုနည်းနဲ့မှ အိမ်ကို ပြန်ကြမှာ မဟုတ်ပါဘူး။ မိခင်ဖြစ်သူကလည်း မာလာလာကို 'သမီး မှန်တာကိုပြော၊ ရသင့်ရထိုက်တဲ့အခွင့်အရေးမှန်သမျှကို တောင်းဆိုတတ်ရမယ်'လို့ သွန်သင်ခဲ့တာပါ။ 'ကျွန်မအမေက သူ့သမီး၊ ဒါမှမဟုတ် သူ့ခင်ပွန်း ပစ်သတ်ခံရမှာကို မြင်လိုသူမဟုတ်ပေမဲ့ အမှန်တရားကို ရင်ဆိုင်ဖို့ကိုတော့ သတ္တိအပြည့်ရှိတယ်'လို့ မိခင်နဲ့ပတ်သက်ပြီး ပြောပြပါတယ်။

'ကျွန်မ ဖေဖေကလည်း ကျွန်မအတွက် ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေ ချပိုင်ခွင့်ပေးထားပါတယ်။ မိန်းကလေးတွေမှာ ဒီလို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိရပါမယ်။ တချို့မိဘတွေကတော့ သမီးတွေကို ဒီလိုဆုံးဖြတ်ပိုင်ခွင့် မပေးဘဲ ပိတ်ပင်ထားကြပါတယ်'လို့လည်း ဖခင်နဲ့ပတ်သက်ပြီး ပြောပြပါတယ်။

ဇူလိုင်လ ၁၂ ရက်နေ့က မာလာလာရဲ့ ၁၆ နှစ်ပြည့်မွေးနေ့ပါ။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

နေ့ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက 'မာလာလာနေ့' လို့ ဂုဏ်ပြုသတ်မှတ်ပေးခဲ့ပါတယ်။ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရတဲ့ ပါကစ္စတန်ခေါင်းဆောင် ဘေနာဇီယာဘူတို လို ပဝါကိုခြုံပြီးကုလသမဂ္ဂမှာ မာလာလာက မိန့်ခွန်းပြောကြားခဲ့ပါသေးတယ်။ သူမ ပြောကြားတဲ့အထဲမှာ 'သူတို့က ကျည်ဆန်တွေဟာ ကျွန်မတို့ကို နှုတ်ပိတ်သွားစေလိမ့်မယ်လို့ ထင်ခဲ့ကြပါတယ်။ ဒါပေမဲ့ သူတို့ အထင် တက်တက်စင်အောင် လွဲခဲ့ပါတယ်' လို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။

မာလာလာကို နှုတ်ပိတ်ဖို့ ကြိုးစားခဲ့ကြပေမဲ့ ပိုမိုကျယ်လောင်တဲ့အသံ တွေ ခန့်တီးရာသာ ရောက်ခဲ့ပါတယ်။ ကုလသမဂ္ဂမှာ မိန့်ခွန်းပြောကြားတော့ မိဘနှစ်ပါးက ပရိသတ်အတွင်းမှာ ထိုင်နားထောင်ခဲ့ပြီး မျက်ရည်ကျခဲ့ကြပါတယ်။ အဲဒီနေ့က ပြောရမယ့်မိန့်ခွန်းကို ကျောင်းသူကလေးတစ်ဦးဖြစ်တဲ့ မာလာလာက အိမ်စာများ လုပ်အပြီးမှာ ရေးခဲ့တာဖြစ်တယ်လို့လည်း ဆိုခဲ့ပါတယ်။

မာလာလာက ကျောင်းထဲမှာ စာတော်သူတစ်ဦးဖြစ်ချင်သလို ကလေးတိုင်း ပညာတတ်မြောက်တာကို မြင်ချင်သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပညာမသင်ကြားနိုင်လောက်အောင် ချို့တဲ့နေတဲ့ကလေးများကို ထောက်ပံ့ပေးဖို့ 'မာလာလာ ရန်ပုံငွေ' တည်ထောင်ထားပါပြီ။ အသက်အရွယ်ရလာလို့ နိုင်ငံရေးသမားဖြစ်လာခဲ့ရင်လည်း မာလာလာက ကလေးများရဲ့အခွင့်အရေးကိုတိုက်ပွဲဝင်သွားမယ်လို့ဆိုပါတယ်။

'ကျွန်မ နောက်ဆုံးပြောချင်တာကတော့ ကျွန်မကို တာလီဘန်တွေ ပစ်သတ်ခံရတဲ့ မိန်းကလေးလို့ မြင်တာထက် ပညာရေးအတွက် တိုက်ပွဲဝင်တဲ့ မိန်းကလေးတစ်ယောက် အဖြစ်သာ မြင်စေချင်ပါတယ်' လို့ ဆိုခဲ့ပါတယ်။ ■

စာနည်းညိမ်း



တာလီဘန်တို့
ပစ်သတ်တဲ့မိန်းကလေးလို့
ဆိုတာထက်
ပညာရေးအတွက်
တိုက်ပွဲဝင်သူအဖြစ်
အသိအမှတ်ပြုတာကို
မာလာလာက
ပိုပြီးလိုလားပါတယ်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ပြီးလကThe Diving Board လို့ အမည်ပေးထားတဲ့အယ်လ်ဘမ်သွင်းစဉ် ဘားနတ်နဲ့အတူ တွေ့ရတဲ့ အယ်လ်တန်ဂျွန်

# သီချင်းတွေပြောတဲ့ Elton John ရဲ့ဘဝ

ရာပြည့်

'အသံလေးရဲ့လိုက်လို့ စိတ်အနှောင့်အယှက် မဖြစ်လောက်ပါဘူးနော်' လို့ဆိုရင်း အားကစားသမားတစ်ယောက်ရဲ့ ဖျတ်လတ်မှုမျိုးနဲ့ ခန္ဓာကိုယ်တစ်ဖက်တစ်ချက်မှာ လက်မောင်းအစုံကို လွှဲရမ်းရင်း စတီးရီယိုသီချင်းဖွင့်စက်နားကို အသာအယာ တိုးကပ်သွားသူက နာမည်ရင်း Reginald Dwight လို့ ခေါ်တဲ့ ကမ္ဘာကျော် စန္ဒရားပညာရှင်၊ အဆိုတော်ကြီး Elton John ပဲ ဖြစ်ပါတယ်။ The Million Dollar Piano လို့ ဒေသခံတချို့က သိရှိထားကြတဲ့ဖျော်ဖြေပွဲ နောက်ဆုံးပွဲစဉ်ရက်တွေအတွင်း Elton John ရဲ့ Las Vegas မြို့က ကွန်ဒိုတိုက်ခန်းနေအိမ်မှာ ရှိနေခိုက်ဖြစ်ပါတယ်။ *The Diving Board* အမည်ရ

သူ့ရဲ့နောက်ဆုံးထုတ် အယ်လ်ဘမ်ဓာတ်ပြားကို စက်ထဲထည့်ပြီး ဖွင့်လိုက်စဉ်မှာတော့ အဲဒီဓာတ်ပြား အသံသွင်းဖို့ တစ်နှစ်ခွဲလောက် သူနဲ့အတူ လက်တွဲလုပ်လာခဲ့ သူတွေက သူ့ရဲ့သီချင်းတွေ သူကိုယ်တိုင် လွတ်လွတ်လပ်လပ် နားဆင်နိုင်အောင်လို့ အခန်းပြင်ကို အလိုက်တသိ ထွက်ခွာပေးခဲ့ကြပါတယ်။ ဒီအချိန်မှာ သူဟာ Elton John မဟုတ်တော့ပါဘူး။ အသံချဲ့စက်ရှေ့က ဆိုဖာခုံသေးသေးလေးပေါ်ဝင်ထိုင်၊ မျက်လုံးစုံမှိတ်ပြီး Elton John ရဲ့သီချင်းကို နားဆင်နေတဲ့ ပရိသတ်တစ်ယောက်ပေါ့။ သီချင်းသံကလည်း ကျယ်လောင်ပျံ့ လွင့်နေလေရဲ့။ ဘောလုံးစကားနဲ့ ပြောရရင်တော့ *The Diving Board* ဟာ Elton John အတွက် ပွဲရလဒ်ကို ပြောင်းပစ်နိုင်တဲ့ သွင်းဂိုးတစ်ဂိုးပဲ ဖြစ်ပါတယ်။ စတီးရီယို သီချင်းဖွင့်စက်နံဘေးမှာလည်း သီချင်းစီဒီချပ်တွေက ပြန့်ကျဲလို့နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၅ ခုနှစ်က
နာမည်မပြောင်းခင် တွေ့ရတဲ့
အယ်လ်တန်ဂျွန်

Nina Simone at Town Hall စတဲ့ အဆိုတော်သစ်တွေ အပါအဝင် တခြားအဆိုတော်တွေရဲ့ သီချင်းစီဒီပြားတွေပဲ ဖြစ်ပါတယ်။ Elton John ဟာ အင်တာနက်ကနေ သီချင်းတွေ ကူးယူတာမျိုးကို မနှစ်သက်သူပါ။ သူ့အတွက်တော့ ဂီတဆိုတာ ထိတွေ့ခံစားရတဲ့ အရာမျိုးပါ။ သူက အောက်ခြေမှာ ရေးပေးထားတဲ့ သီချင်းစာသားတွေကို လိုက်ဖတ်ကြည့်ချင်သူ၊ ဗီဒီယိုထဲက အရုပ်တွေကို ငေးကြည့်ရင်း ဂီတရေလျှဉ်ကြောမှာ လိုက်ပါစီးမျောခံစားတတ်သူ ဖြစ်ပါတယ်။

*The Diving Board* ကို နားထောင်နေတဲ့ Elton John ဟာ မျက်လုံးအစုံကို မှိတ်ထားပြီး သူ့ခြေထောက်တွေနဲ့ ဦးခေါင်းကလည်း နရီစည်းချက်ကျကျ လိုက်လံလှုပ်ရှားနေပါတယ်။ သူ့ပုံကို ကြည့်လိုက်ရင် အရင်က ဒီလိုဓာတ်ပြားတွေ ထုတ်ခဲ့ဖူးတယ်ဆိုတာ မေ့သွားလောက်စရာပါ။


*The Diving Board* က Elton ရဲ့ အချပ် ၃၀ မြောက် အယ်လ်ဘမ်ဖြစ်ပါတယ်။ ဒီအယ်လ်ဘမ်ကို T Bone Burnett က ထုတ်လုပ်ပေးတာဖြစ်ပြီး အသံစသွင်းစတုန်းကတော့ သုံးယောက်တွဲအဖွဲ့နဲ့ပါ။ အယ်လ်ဘမ်ရဲ့ ပထမပိုင်းပါ သီချင်းတွေကတော့ အေးဆေးငြိမ့်ညောင်းပေမဲ့ ဒုတိယပိုင်းမှာတော့ ရေရှည်လက်တွဲခဲ့တဲ့ သီချင်းရေးဖော်ရေးဖက် Bernie Taupin ရဲ့စာသားတွေက အရှိန်မြှင့်တင်ပေးလာပြီး



www.burmeseclassic.com

www.burmeseclassic.com

…တရေအလျဉ်ထဲကို ဆွဲခေါ်သွားပါ…တယ်။ ဒီမြင်ကွင်းကို မြင်လိုက်ရတာ…ဟာ Elton ရဲ့ ဂီတခရီးအစောပိုင်းတုန်း…က *11-17-70* အမည်ရ အယ်လ်ဘမ်ကို …ဆုံးယောက်တွဲအဖွဲ့နဲ့အတူ တိုက်ရိုက် (Live) အသံဖမ်းခဲ့ရတာကို ပြန်လည်…မှတ်ရစေခဲ့ပါတယ်။ ဒါပေမဲ့ Elton



၁၉၇၁ ခုနှစ်က ငယ်ချစ်ဖြစ်တဲ့ ဘော်ပင်း(ဝဲ)နဲ့ တွေ့ရတဲ့ အယ်လ်တန်ဂျွန်

…ရဲ့အသံက အရင်ထက်ပိုပြီး ကြည်လင်…လို့တောင် နေပါသေးတယ်။ သီချင်း…တွေက သူ့ရဲ့အတွေ့အကြုံတွေ၊ သူ့ဘဝ…ရဲ့ အတက်အကျတွေနဲ့အတူ အပြောင်း…အလဲမရှိ တည်တံ့ခဲ့တဲ့ အခိုက်အတန့်…တွေအကြောင်း ထင်ဟပ်နေပါတယ်။ …လက်ရှိအချိန်မှာ သူဟာ အသက် ၆၀ …တွင်းရောက်ရှိနေပြီဖြစ်ပြီး ကလေးနှစ်…ယောက်ဖခင်၊ မိသားစုကို ခင်တွယ်တတ်သူနဲ့ အလုပ်ကြိုးစားတဲ့ အနုပညာရှင်တစ်ယောက်ဖြစ်ပါတယ်။

သူ့ရဲ့ အယ်လ်ဘမ်တွေနဲ့ တရင်းတနှီးရှိတဲ့စာရေးသူ (Camoron Crowe)နဲ့ နောက်လ အနည်းငယ်အကြာမှာ ပြန်ဆုံဖြစ်တဲ့အခါ သူ့ရဲ့ကိုယ်ပိုင်သီချင်းတွေထဲက သူ့အပေါ် လွှမ်းမိုးမှုအရှိဆုံးသီချင်းတွေစာရင်းကို နှစ်ယောက်သားရွေးချယ်ကြည့်မိကြပါတယ်။ သိပ်မကြာသေးခင်က အူအတက်ဝေဒနာအတွက် ခွဲစိတ်ကုသမှုခံယူခဲ့ရပြီးနောက် ချပ်ရိုးပြန်ဖြေဖို့ ဆရာဝန်နဲ့ တွေ့ခွင့်စောင့်ဆိုင်းနေစဉ် အချိန်ဖြုန်းလို့ကောင်းတဲ့ နွေရာသီနှောင်းပိုင်းရဲ့ လှပတဲ့ ညနေခင်းတစ်ခုမှာ အခုလို Elton နဲ့ ဆုံတွေ့ခဲ့ရတာပဲဖြစ်ပါတယ်။ သူ့ရဲ့ ဂီတလက်ရာတွေထဲက Elton ရွေးချယ်ခဲ့တဲ့ သီချင်းတွေဟာ နာမည်ကြီးသီချင်းတွေ ဖြစ်ချင်မှဖြစ်ပေမဲ့ သူ့ရဲ့ ရင်ကို အခုထက်ထိ တိုးဝှေ့ရိုက်ခတ်နေဆဲသီချင်းတွေပဲ ဖြစ်ပါတယ်။

ရုပ်ရှင်ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာလည်းဖြစ်၊ ကမ္ဘာကျော် Rolling Stone မဂ္ဂဇင်းကြီးရဲ့ အယ်ဒီတာလည်းဖြစ်တဲ့ Cameron Crowe နဲ့ Elton John တို့ တွေ့ဆုံစဉ် Elton ရွေးချယ်ပေးခဲ့တဲ့ သီချင်းအပုဒ် နှစ်ဆယ်အကြောင်း သူ့ရဲ့အပြောလေးနဲ့ တင်ဆက်ပေးထားတာဖြစ်ပါတယ်။

**_Empty Sky_ (၁၉၆၉ ခုနှစ်ထုတ် အယ်လ်ဘမ်သစ် _Empty Sky_)**

*Empty Sky* ဟာ ရော့ခ်အင်ရိုးလ်သီချင်းကောင်းတစ်ပုဒ်ပါ။ ကိုယ်တိုင်လည်း အသေအလဲ ကြိုက်တဲ့သီချင်းပေါ့။ သီချင်းထဲမှာ ပဲ့တင်သံကိုရဖို့အတွက် လန်ဒန်က စတူဒီယိုအသေးစားလေးတစ်ခုရဲ့ လှေကားအိမ်အောက်ထဲမှာ ဆိုခဲ့ရတာကို သတိရနေမိတယ်။ Caleb Quaye ရဲ့ ဂစ်တာလက်စွမ်းပြအတီးပိုဒ်ကိုလည်း လှေကားအိမ်အောက်မှာပဲ တီးခဲ့ရတာပါ။ အဲဒီ ပထမဆုံးဇာတ်ပြားရဲ့ နောက်သီချင်းတစ်ပုဒ်ဖြစ်တဲ့ *Skyline Pigeon* တော့ Bernie နဲ့ ကျွန်တော် ပထမဆုံး လက်တွဲရေးသားခဲ့ကြတဲ့ သီချင်းကောင်းတစ်ပုဒ်ပေါ့။ ဒါပေမဲ့ *Empty Sky* မှာ မှော်ဆန်တာလေးတစ်ခုရှိတယ်။ အခုထိလည်း နားထောင်လို့ ကောင်းနေတုန်းပဲ။ စန္ဒရားသမားတစ်ယောက်အတွက် ရော့ခ်အင်ရိုးသီချင်းတစ်ပုဒ်ရေးရတာ ခက်ခဲပါတယ်။ *Empty Sky* ဟာ Rolling Stone ရဲ့ သီချင်းလား မှတ်ရပါတယ်။ ရော့ခ်အင်ရိုးလ်ကို ငါလုပ်ပြနိုင်တယ်လို့ အတွေးရောက်မိတော့တာပေါ့။

**_Your Song_ (၁၉၇၀ ခုနှစ်ထုတ် အယ်လ်ဘမ် _Elton John_)**

ပြီးပြည့်စုံတဲ့သီချင်းလို့ ဆိုနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒီသီချင်းက ဆိုတဲ့အခါတိုင်း ပိုပြီး ကောင်းလာတာ။ လန်ဒန်မြောက်ပိုင်းက ကျွန်တော့်မိဘတွေရဲ့ နေအိမ်တိုက်ခန်းမှာ ဒီသီချင်းရေးခဲ့တာကို အမှတ်ရမိပါသေးတယ်။ စန္ဒရားရှေ့မှာ ထိုင်နေတဲ့ ကျွန်တော့်ကို Bernie က သီချင်းစာသားတွေ လာပေးတာပါ။ စာသားတွေကောင်းလွန်းလို့ ဘုရားတောင် အများကြီးပေးခဲ့ပါတယ်။ *Empty Sky* က ချစ်စရာသီချင်းကောင်းတစ်ပုဒ်ဖြစ်ပေမဲ့ ရိုးစင်းလွန်းပြီး အနုပညာမမြောက်လှဘူး။ *Take Me to the Pilot* လို ဂီတပညာ နားလည်သူတွေသာ ခံစားတတ်တဲ့ သီချင်းမျိုးတွေကို ဆက်ပြီး ဆိုခဲ့၊ ရေးခဲ့ကြတယ်။ ဒါကို ဂီတပညာရပ် ရှုထောင့်ကကြည့်ရင်တော့ ရှေ့ခရီး

ကျွန်တော်က လွမ်းရတဲ့ ခံစားချက်ကို နှစ်သက်တယ်။ အလွမ်းအဆွေး ကြိုက်တယ်ပေါ့။ ဒီတော့ အလွမ်းသီချင်းတွေရေးတယ်ပေါ့။ ကိုယ်တိုင်က လွမ်းရတဲ့သူ မဟုတ်ပေမဲ့ သီချင်းတွေက ကိုယ့်ကို လွမ်းစေခဲ့တာပါ။ Dylan, Joni Mitchell, Neil Young စတဲ့ သူတွေက ဒါမျိုးတွေ အများကြီးရေးခဲ့တာ။



၁၉၇၄ ခုနှစ်က နယူးယောက်မြို့မှာ ဘီတဲလ်အဖွဲ့မှ ဂျွန်လင်နွန်နဲ့ အယ်လ်တန်ဂျွန်တို့ ဆုံစည်းခဲ့ကြဖူးပါတယ်

တမိတယ်။ ဒီသီချင်းကို အသံထည့်တာ မိနစ်နှစ်ဆယ်လောက်ပဲ ကြာတယ်။ Bernie ကို လှမ်းခေါ်ပြလိုက်တဲ့အခါ သီချင်းကောင်းတစ်ပုဒ် ရပြီဆိုတာ နှစ်ယောက်သား သိခဲ့ကြရပါတယ်။ အဲဒီတုန်းက ကျွန်တော့်အသက် ၂၂ နှစ်၊ Bernie က ၁၉ နှစ်ပဲ ရှိသေးတယ်။ ဒီသီချင်းက ကျွန်တော်တို့ကို ယုံကြည်မှုအတွက် အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ပေါ့။ အသက်အရွယ် ရလာတဲ့အခါ ဒီလိုမျိုး စာသားတွေကို ပိုပြီး သီဆိုဖြစ်လာတာနဲ့အမျှ ကိုယ်နဲ့ပိုပြီး တစ်သားတည်းဖြစ်လာခဲ့ပါတယ်။

***Come Down in Time*** (၁၉၇၁ ခုနှစ်ထုတ် အယ်လ်ဘမ် ***Tumbleweed Connection***)

Peter Gabriel ရဲ့ *Don't Give Up* လည်းပါတာပေါ့။ အဲဒီသီချင်းတွေက ကျွန်တော် တစ်သက်လုံးစွဲနေတဲ့ သီချင်းတွေပါပဲ။ *Come Down in Time* က ကျွန်တော့်အကြိုက် သီချင်းလေး တတိယမြောက် အယ်လ်ဘမ်ထဲက သီချင်းပါ။ ဒီသီချင်းက ဂျဇ်အဆိုတော် တစ်ယောက်ဆိုဖို့ ကောင်းတဲ့သီချင်းပဲ။



www.burmeseclassic.com

www.burmeseclassic.com

…စ်တာကော့ဒ်ဖွဲ့စည်းပုံအရဆိုရင်တော့ ဘာမှ မဟုတ်တဲ့သီချင်းလေးပေါ့။ ဒါပေမဲ့ ဒီသီချင်းဟာ ကျွန်တော် အရင်ရေးခဲ့တဲ့ သီချင်းတွေနဲ့ လုံးဝ မတူပါဘူး။ အခုရွေးချယ်နေတဲ့ စာရင်းအတွက် မပါမဖြစ်လားလို့ဆိုရင်တော့ လုံးဝပဲလို့ ဆိုရမှာပေါ့။

***Burn Down the Mission*** (၁၉၇၁ ခုနှစ်ထုတ် အယ်လ်ဘမ် ***11-17-70***)

*Burn Down the Mission* နဲ့အတူ *My Baby Left Me* နဲ့ *Get Back* တို့ကို တွေဒီယိုကနေ ပထမဆုံး FM ရေဒီယို တိုက်ရိုက်ထုတ်လွှင့်ရာမှာ Mary Travers အပါအဝင် ဖိတ်ကြားထားတဲ့ ဧည့်သည်တော် ၃၀၀ လောက် တက်ရောက်ခဲ့ကြပါတယ်။ ကျွန်တော်တို့အားလုံး ခေါင်းစွပ်နားကြပ်ကိုယ်စီနဲ့ အယ်လ်ဘမ်တစ်ချပ်ကို အသံသွင်းနေတာကျနေတာပဲ။ ဒါပေမဲ့ တကယ်မှာတော့ ရေဒီယိုကနေ တိုက်ရိုက်အသံလွှင့်နေတာလေ။ တစ်ယောက်အသံကို တစ်ယောက် ကောင်းကောင်းကြားရတယ်။ အဲဒီ ၁၈ မိနစ်တာ တိုက်ရိုက် အသံလွှင့်မှုမှာ အကောင်းဆုံး ဒရမ်ရိုက်ချက်တွေ၊ ဘေ့စ်ဂစ်တာသံတွေနဲ့အတူ ကျွန်တော် တီးခတ်ခဲ့သမျှထဲမှာ အကောင်းဆုံး စန္ဒရားလက်သံကို ပြနိုင်ခဲ့ပါတယ်။ တကယ့်ကို ကောင်းတဲ့ ဂီတဝိုင်းတစ်ခုပဲပေါ့။

ပုဂ္ဂိုလ်ရေးအရ ပြောရရင် ကျွန်တော်က ပိုးအိမ်ထဲက အကောင်ပေါက်ပြီး ပျံထွက်လာတဲ့ လိပ်ပြာလေးတစ်ကောင်လိုပါပဲ။ တဖြည်းဖြည်းချင်း တိုးတက်ပြောင်းလဲလာတာပေါ့။ ဂီတရှုထောင့်ကဆိုရင် Reginald Dwight ဆိုတာ သွားပြီ၊ မရှိတော့ဘူး။ ကျွန်တော့်နာမည်ကို Elton John လို့ ခံယူလိုက်ချင်းမှာပဲ ကျွန်တော်ဟာ Elton John ဖြစ်လာခဲ့တယ်။ Reg ဆိုတာက လူခန္ဓာကိုယ်အဖြစ်နဲ့သာ ကျန်နေရစ်တာ။ အဲဒီခန္ဓာကိုယ်ကြီးက နောက်ပိုင်းမှာ ပြဿနာတွေ အများကြီး ဖြစ်စေခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ရဲ့ ကိုယ်ရေးဘဝက အတတ်ပညာရှင်ဘဝကို အမီ မလိုက်နိုင်လို့ဘဲ။ ကျွန်တော်က စင်ပေါ်မှာ မဟုတ်ရင် ရှက်ရွံ့တတ်တဲ့ လူငယ်လေးတစ်ယောက် ဖြစ်နေခဲ့တုန်းပဲ အဲဒီအချိန်က။ ဒါပေမဲ့ စင်ပေါ်မှာဆိုရင်တော့ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ အများကြီး ရှိခဲ့တယ်။ အမေရိကကို ရောက်လာကာစမှာပဲ ကျွန်တော် သဘောကျတဲ့သူတွေကို Neil Diamond က မိတ်ဆက်ပေးလို့ ဆုံတွေ့ခဲ့ရတယ်။ ဂီတအဖွဲ့နဲ့ တွေ့ရတယ်။ အဆိုတော် Bob Dylan နဲ့ တွေ့ရတယ်။ Lean Russell နဲ့ တွေ့ရတယ်။ George Harrison လို ပုဂ္ဂိုလ်မျိုးကတောင် ကျွန်တော့်ဆီ ကြေးနန်းရိုက်ပြီး ချီးကျူးခဲ့ပါတယ်။ ဒါတွေက ကျွန်တော့်ကို ယုံကြည်မှုတွေ အများကြီး ဖြစ်စေခဲ့တာပါပဲ။ 'ငါ့လက်ထဲတော့ ဘောလုံးရနေပြီ။ ဒီလူတွေနဲ့ ငါ ယှဉ်ပြိုင်နိုင်ရမယ်' လို့ အရင်ကတည်းက တွေးခဲ့တဲ့ တွေးလုံးတွေကို အစပြုလိုက်တာလည်း ဖြစ်ပါတယ်။ ဒါဟာ ဒီကနေ့ခေတ် လူငယ်ဂီတအဖွဲ့တွေအတွက် ကျွန်တော်လုပ်ပေးဖို့ ကြိုးစားနေတဲ့အရာလည်း ဖြစ်ပါတယ်။ သီချင်းကောင်းတစ်ပုဒ်ကို ကြားလိုက်ရတိုင်း 'အရမ်းကိုကောင်းတဲ့ သီချင်းပဲဟေ့' လို့ သူတို့လေးတွေကို ကျွန်တော် ပြောပြရမှာပါ။ စကင်ဒီနေးဗီးယားဒေသက Fountains of Wayne ရဲ့ ခြေရာကို ကျွန်တော် နင်းနိုင်ခဲ့တယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ သူတို့ကတော့ အဲဒီလို မထင်ကြဘူးပေါ့။ (ရယ်လျက်)

***Madman Across the Water*** (၁၉၇၁ ခုနှစ်ထုတ် အယ်လ်ဘမ် ***Madman Across the Water***)

*Madman Across the Water* အယ်လ်ဘမ်က ခေတ်တစ်ခေတ်ကို အဆုံးသတ်ပေးခဲ့တဲ့ အယ်လ်ဘမ်ပါပဲ။ အဲဒီ အယ်လ်ဘမ်မှာ Session musician လို့ခေါ်တဲ့ အချိန်ပိုင်းတီးခတ်သူတွေနဲ့ နောက်ဆုံးတီးခတ်တာပဲဖြစ်ပါတယ်။ ဒါဟာ စီးပွားရေးတွက် တွက်တာ မဟုတ်ပါဘူး။ ကိုယ့်လုပ်ငန်းမှာ အပြောင်းအလဲလေးတစ်ခု လုပ်ဖို့ ကျွန်တော် အမြဲစဉ်းစားခဲ့တာပါ။ အဲဒီအခွင့်အရေးကို အယ်လ်ဘမ်တိုင်းမှာ ရအောင် ယူခဲ့ပါတယ်။ ဒီအယ်လ်ဘမ်မှာ Levon နဲ့ Tiny Dancer စတဲ့ ဆင်ဂဲလ်သီချင်းတွေ ရေးသားဖန်တီးခဲ့ကြတယ်။ ဒီသီချင်းတွေက အရောင်းဇယားမှာတော့ အလုပ်မဖြစ်လှဘူး။ Tiny Dancer က ဆိုရခက်တဲ့သီချင်းတစ်ပုဒ်ပါ။ ဒါပေမဲ့ အယ်လ်ဘမ်အနေနဲ့ကတော့ အရမ်းကို ကောင်းပါတယ်။ ဒီ အယ်လ်ဘမ်က ဂီတလမ်းမကြီးပေါ်က သုံးယောက်တွဲခေတ်တစ်ခေတ်ကို အဆုံးသတ်လိုက်တာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်သွားရင် သွားသလောက် ခရီးပေါက်ချင်တာလေ။ နောက်တော့ ကျွန်တော့်အဖွဲ့ထဲကို ဂစ်တာသမားတစ်ယောက် ထပ်ခေါ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီမှာ Davey Johnstone က သစ်လွင်တဲ့ အနှစ်သာရတစ်ရပ်ကို ယူဆောင်လာခဲ့တော့တာပါပဲ။ အဲဒီကစပြီး ကျွန်တော့် ဓာတ်ပြားတွေမှာ သူတို့ သုံးယောက်ရဲ့ အသံတွေက သင်္ကေတတစ်ခု ဖြစ်လာတော့တာပေါ့။ ခေါင်းစီးသီချင်းကတော့ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာနဲ့ အပတ်သက်ဆုံးပါပဲ။

***Rocket Man*** (၁၉၇၂ ခုနှစ်ထုတ် အယ်လ်ဘမ် ***Honky Chateau***)

ကျွန်တော် ပထမဆုံး နာမည်ကျော်ခဲ့တဲ့ *Your Song* က 'ဟစ်' ဖြစ်တဲ့ ဆင်ဂဲလ်သီချင်းတစ်ပုဒ်လို့ဆိုရင် *Rocket Man* က သူ့ထက် ပိုသာတဲ့ အကြီးစား ဟစ်သီချင်းပေါ့။ ဒီသီချင်းမှာ Acoustic Guitar နဲ့ပဲ တီးထားတာ။ ကျွန်တော့်အတွက်တော့ ကွဲပြားတဲ့ဟန်တစ်ခုပဲ။ အသံကလည်း ပိုပြီးတော့ ရိုးစင်းပါတယ်။ နောက်ပိုင်းမှာ ကျွန်တော် အိမ်ပြောင်းတယ်။ ပိုပြီး အောင်မြင်လာတယ်။ ဂီတပိုင်းမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှု ပိုပြီးရလာတယ်။ ဘာလုပ်လုပ် ဂီတနဲ့ပဲ ပတ်သက်နေတော့တယ်။ နယ်လှည့်ပွဲတွေထွက်၊ အသံသွင်း၊ ရေဒီယို



www.burmeseclassic.com

www.burmeseclassic.com

အင်တာဗျူးတွေလုပ်၊ ဓာတ်ပုံအရိုက်ခံ စသဖြင့် စုံနေအောင်ကိုပါပဲ။ နောက်ကို ရော ဘာတွေ ဆက်လုပ်ကြမလဲ။

**Crocodile Rock (၁၉၇၃ ခုနှစ်ထုတ် အယ်လ်ဘမ် Don't Shoot Me I'm only the Piano Player)**

*Don't Shoot Me I'm only the Piano Player* က UK မှာ အရောင်း ဇယားနံပါတ် 'တစ်' ချိတ်တဲ့ ကျွန်တော့်ရဲ့ ပထမဆုံး အယ်လ်ဘမ်ပါ။ အဲဒီ အယ်လ်ဘမ်မှာ Daniel လို့ အမည်ရတဲ့ ပေါ့ပ်သီချင်းစစ်စစ်တစ်ပုဒ်ပါတယ်။ ဒါပေမဲ့ *Elderberry Wine, Teacher I Need You* စတဲ့ သီချင်းမျိုးတွေလည်း ပါပါသေးတယ်။ *Crocodile Rock* ကို မျိုးစေ့ချပေးတဲ့ အယ်လ်ဘမ်ဆိုလည်း ဟုတ်ပါတယ်။ *Crocodile Rock* က ဝေဖန်ရေးဆရာတွေ၊ ကျွန်တော့်အပေါ် ထားတဲ့ အမြင်ကို ပြောင်းလဲစေခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဒီသီချင်းက Speedy Gonzales ကိုသာမက Danny and the Junior အဖွဲ့ရဲ့ *At the Hop* အပါအဝင် ကျွန်တော်တို့ နှစ်သက်စွဲလမ်းခဲ့ကြရတဲ့ ၅၀ ခုနှစ်နဲ့ ၆၀ ခုနှစ်တွေအတွင်းက ခေတ်ပြားသီချင်းတွေပါ။ လူတကာ အံ့အားသင့်လောက်အောင် တကယ့်ကို ဂါရဝပြုလိုက်တဲ့သီချင်းပဲ ဖြစ်ပါတယ်။ ကျွန်တော် လုပ်ရမှာက *Crocodile Rock* အကြောင်း မဟုတ်ပါဘူး။ ဒါဟာ ကျွန်တော့်အလုပ်တွေထဲက တစ်ခုပါ။ ဒါပေမဲ့ ဒီသီချင်းက အကြီးအကျယ်ကို လူကြိုက်များ၊ 'ဟစ်'ဖြစ်တဲ့သီချင်း ဖြစ်သွားတယ်။ ဒါပေမဲ့ ရေရှည်မှာ အဲဒါကြီးက ကျွန်တော့်ကို အပျက်သဘော ရိုက်ခတ်လာခဲ့တယ်။ လူတွေက ပြောကြတာလေ။ 'အိုး *Crocodile Rock* ကတော့ ကောင်းမှကောင်းပဲဟေ့'လို့။ တကယ်တော့ ကျွန်တော်က နာမည်ကြီးသီချင်းရေးဆရာအဖြစ် စခဲ့ရတာ မဟုတ်သလို နာမည်ကျော် လူကြိုက်များအောင် ဘယ်လိုရေးရမယ်ဆိုတာလည်း သိသူ မဟုတ်ပါဘူး။ ဒါကို ကျွန်တော့်ရဲ့ ပထမအယ်လ်ဘမ်လေးချပ်

ကျွန်တော်က
လွှမ်းရတဲ့
ခံစားချက်ကို
နှစ်သက်တယ်
အလွှမ်းအဆွေး
ကြိုက်တယ်ပေါ့
ဒီတော့
အလွှမ်းသီချင်းတွေ
ရေးတယ်ပေါ့
ကိုယ်တိုင်က
လွှမ်းရတဲ့သူ
မဟုတ်ပေမဲ့
သီချင်းတွေက
ကိုယ့်ကို
လွှမ်းစေခဲ့တာပါ

မှာပဲ သက်သေအဖြစ် မြင်တွေ့နိုင်ပါတယ်။ ကမ္ဘာကျော် Rolling Stone ဂီတမဂ္ဂဇင်းက ကျွန်တော့်ရဲ့ *Crocodile Rock* ကို သုံးသပ်ရေးသားဖော်ပြခဲ့ပြီး ကြယ်နှစ်ပွင့်အဆင့် ပေးခဲ့ပါတယ်။

**We All Fall in Love Sometimes (၁၉၇၅ ခုနှစ်ထုတ် အယ်လ်ဘမ် Captain Fantastic and the Brown Dirt Cowboy)**

ဒီသီချင်းကတော့ ကျွန်တော့်ရဲ့ နောက်ထပ်ဖန်တီးမှု အရွေ့တစ်ခုဖြစ်ပါတယ်။ *Captain Fantastic and the Brown Dirt Cowboy* အယ်လ်ဘမ်မှာ ပါဝင်သမျှစာသားတွေက Bernie နဲ့ ကျွန်တော့်ရဲ့ အကြောင်းတွေပါ။ သီချင်းတွေကို ဘယ်လိုနှစ်ယောက်တွဲ ဖန်တီးနိုင်ခဲ့တယ်ဆိုတာနဲ့ ဘယ်လို နာမည်ကျော်ခဲ့တယ်ဆိုတဲ့ အကြောင်းတွေပေါ့။ ဒီသီချင်းကိုဆိုတော့ ကျွန်တော် မျက်ရည်ကျရတယ်။ ဘာဖြစ်လို့လဲဆိုတော့ Bernie ကို ကျွန်တော် ချစ်နေမိလို့ပဲ။ ချစ်တယ်ဆိုတာက တဏှာနဲ့ မပတ်သက်ပါဘူး။ သူက ကျွန်တော့် တစ်ဘဝလုံး လိုက်ရှာနေရတဲ့ စိတ်ချင်းပေါင်းဖက်လို့ရတဲ့သူမို့လို့ပါ။ ကျွန်တော်တို့ လက်တွဲခဲ့တာ ကြာပါပြီ။ ဒါပေမဲ့ အခုထိ ရိုးသားဖြူစင်နေတုန်းပါပဲ။ အဲဒီအချိန်က ကျွန်တော်ဟာ လိင်တူချစ်သူ ဖြစ်နေပြီ။ သူကတော့ အိမ်ထောင်သည်ပေါ့။ ဒါပေမဲ့ သူက ကျွန်တော် အမြတ်နိုးရဆုံးသူပါ။ ကျွန်တော်တို့နှစ်ယောက် အကြားက ဆက်ဆံရေးဟာ ခါးအောက်ပိုင်းဆက်ဆံရေး မဟုတ်လို့ တစ်မူ ထူးပါတယ်။ အဲဒီလို ခါးအောက်ပိုင်း ဆက်ဆံရေး မဟုတ်တဲ့အတွက် ဘုရားသခင်ကိုလည်း ကျေးဇူးတင်ရပါတယ်။ ဒီဆက်ဆံရေးက ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာ အရေးအပါဆုံး ဆက်ဆံရေးပဲ ဖြစ်ပါတယ်။ ဒီလိုနဲ့ နှစ် အတော်ကြာတော့ ကျွန်တော်လည်း Captain Fantastic မဟုတ်တော့သလို သူလည်း Brown Dirt Cowboy မဟုတ်တော့ဘူးလေ။ အခု တော့ ကျွန် တော် က ကျွန်တော့်ရဲ့ လှပတဲ့ ဘဝလေးထဲမှာပဲ ပန်းချီကားတွေ စုဆောင်းရင်း နေနေပါတယ်။ Bernie ကတော့ နွားရိုင်းစီးတာနဲ့ မြင်းတွေကို စိတ်ဝင်စားတယ်လေ။ ကျွန်တော်တို့ အဲဒီလိုတွေ ဖြစ်လာမယ်ဆိုတာ ဘယ်သူက သိခဲ့မှာလဲ။

ကျွန်တော်ဟာ Southampton နဲ့ New York ကို ကူးတဲ့ SS France သင်္ဘောပေါ်မှာ စီးနင်းလိုက်ပါရင်း သီချင်းတွေ အများကြီး ရေးခဲ့ဖူးပါတယ်။ တီးဝိုင်းအဖွဲ့သားတွေဖြစ်တဲ့ Nigel နဲ့ Davie ကိုလည်း ကျွန်တော်က ခေါ်သွားတတ်ပါတယ်။ သင်္ဘောပေါ်ပါတဲ့ စန္ဒရားကို အော်ပရာ အဆိုတော်တစ်ယောက်က တစ်နေ့လုံးလိုလို ယူထားတတ်လေတော့ နေ့လယ်စာ ထမင်းစား



www.burmeseclassic.com

www.burmeseclassic.com

…ကျမှာပဲ ကျွန်တော်က စန္ဒရားနဲ့ သီချင်းရေးရပါတယ်။

*Someone Saved My Life Tonight* သီချင်းဟာ အခုလုပ်နေတဲ့ …ရင်းအတွက် တကယ်ရွေးချယ်ထိုက်တဲ့ သီချင်းပါ။ ဒီသီချင်းက ကျွန်တော့်အကြောင်း ရေးထားတာလေ။ ဒါပေမဲ့ ဒီသီချင်းကို ရွေးမှာ မဟုတ်ပါဘူး။ အဲဒီသီချင်းအပြင် *(Gotta Geta) Meal Ticket* …ည်ရ သီချင်းကိုလည်း ကြိုက်ပါတယ်။ ဒီအယ်လ်ဘမ်ထဲက သီချင်းပဲလေ။ ဒီအယ်လ်ဘမ်က အစကနေ …ဆုံးအထိ အပြေးအလွှားရေးခဲ့ရတာ…။ ဒါဟာ ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ အဲဒီအချက်ကြောင့်ပဲ ဒီအယ်လ်ဘမ်ဟာ ကျွန်တော်ရေးခဲ့သမျှထဲက အပြောင်မြောက်ဆုံး အယ်လ်ဘမ်လို့ ဆိုရမှာပါ။

**Song for Guy (၁၉၇၈ ခုနှစ်ထုတ် အယ်လ်ဘမ် *A Single Man*)**

ဒီသီချင်းကတော့ Bernie Taupin ပါဘဲ ကျွန်တော် တစ်ယောက်တည်း ရေးခဲ့တဲ့ ပထမဆုံးသီချင်းဖြစ်ပါတယ်။ Bernieနဲ့ ကျွန်တော်ဟာ ဘယ်တုန်းကမှ …ခဲ့ကြတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ဟာ မူးယစ်ဆေးဝါးနဲ့ အရက်ကို အလွန်အကျွံဖြစ်လာကြပြီးတဲ့နောက် သူက တခြားသူတွေနဲ့တွဲပြီး သီချင်းရေးတတ်လာတယ်။ ဒါကို ကျွန်တော်က မနာလိုဖြစ်တာပေါ့။ ကျွန်တော်လည်း တခြားသူတွေနဲ့ တွဲရေး…ယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒီအကြောင်းကို နှစ်ယောက်သား တစ်ခါ…မှ မဆွေးနွေးခဲ့ကြဘဲ ဒီအတိုင်း လွှတ်ထားလိုက်ကြတယ်။ ကြာတော့ ဒီကိစ္စကြီးဟာ သူ့ကိုရော ကျွန်တော့်ကိုပါ ထိခိုက်လာစေခဲ့တယ်။ ဒါပေမဲ့ နှစ်ယောက်စလုံးဟာ နောက်ပြန်ကန်တတ်တဲ့သဘာဝရှိတယ်ဆိုတာ သိထားကြသလို တခြားတစ်ယောက်ယောက်နဲ့ …တွဲပြီး သီချင်းရေးတာကို ခွင့်မပြုဘူးဆိုရင် ကျွန်တော်တို့နှစ်ယောက်ရဲ့ ဆက်ဆံရေး ပြိုကွဲသွားနိုင်တယ်ဆိုတာကို ဆင်ခြင်နိုင်တဲ့ အသိလည်း ရှိနေကြတယ်။

*A Single Man* အယ်လ်ဘမ်ထဲက ကျွန်တော့်အကြိုက်ဆုံး တစ်ပုဒ်ကတော့ *Song for Guy* ပါပဲ။ ဒီသီချင်းက ထူးခြားတယ်။ အဆိုမပါ အတီးသက်သက်ချည်းပဲလေ။ သီချင်းတစ်ပုဒ်လုံးကို ကျွန်တော်တစ်ယောက်တည်း ကြိတီးတာ။ ဒီသီချင်းက ကျွန်တော့်အတွက် သိပ်ပြီး အဓိပ္ပာယ်ရှိတဲ့သီချင်းပါ။ ဒီသီချင်းက အင်္ဂလန်တင်မက ကမ္ဘာတစ်လွှားမှာပါ အောင်မြင်ခဲ့တယ်။ ဒါပေမဲ့ ဒီသီချင်းက အမေရိကန်ပြည်ထောင်စုရဲ့ ထိပ်တန်း ၁၀၀ စာရင်းထဲမဝင်တဲ့ ကျွန်တော့်ရဲ့ ပထမဆုံး ဆင်ဂဲလ်သီချင်းလည်း ဖြစ်ပါတယ်။ MCA Records ဓာတ်ပြားတိုက်နဲ့ စိတ်ဆိုးပြီး လမ်းခွဲခဲ့ရတဲ့ အကြောင်းရင်းလည်း ဟုတ်တယ်လေ။ ကျွန်တော်က အရောင်းဇယားချပ်တွေပေါ်မှာ တီးလုံးသက်သက် သီချင်းတစ်ပုဒ်ကို မြင်ချင်ခဲ့တာ။ သူတို့က မထည့်ရဘူးဆိုလို့ စိတ်ဆိုးပြီး Geffen ဓာတ်ပြားတိုက်နဲ့ လက်တွဲခဲ့တာ။ နောက်မှ ပြန်သုံးသပ်ကြည့်တော့ ဒါဟာ အမှားကြီးတစ်ခုပဲလို့ သိလာခဲ့ပါတယ်။

**Mama Can't Buy You Love (၁၉၇၉ ခုနှစ်ထုတ် အယ်လ်ဘမ် The Thom Bell Sessions)**

ဒီသီချင်းက ဓာတ်ပြားချပ်ရေ တစ်သန်းကျော် ရောင်းချခဲ့ရပြီး လူမည်းရေဒီယိုကနေပဲ ထုတ်လွှင့်ခဲ့တဲ့ သီချင်းဖြစ်ပါတယ်။ *Philadelphia Freedom, Bennie and the Jets, Mama Can't Buy You Love* စတဲ့ သီချင်းတွေနဲ့ R & B ဂီတကဏ္ဍမှာ နံပါတ်'တစ်' သုံးနေရာ ရခဲ့တယ်။ ဒါဟာ Pinner က လူဖြူတစ်ယောက်အတွက်တော့ သိပ်ပြီး အဓိပ္ပာယ်ရှိပါတယ်။ ထုတ်လုပ်သူ Thom Bell ဟာ ကျွန်တော် စံထားလေးစားရတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ကျွန်တော်က Philadelphia ရဲ့ ဂီတကို သိပ်ပြီး မြတ်နိုးသူပါ။ Gamble and Huff, MFSB, The Three Degrees, the O'Jays, Teddy Pendergrass စတာတွေအားလုံးကိုပဲပေါ့။ R & B ဂီတခေတ်ဟာ သိပ်ပြီး ကြီးကျယ်ပါတယ်။ အရမ်းကောင်းတဲ့သီချင်းတွေဖြစ်ပြီး ဘယ်တော့မှ ရိုးမသွားနိုင်တဲ့ သီချင်းတွေပါ။

***Elton's Song* (၁၉၈၁ ခုနှစ်ထုတ် အယ်လ်ဘမ် *The Fox*)**

ကျွန်တော်က 'ဟစ်'သီချင်းတစ်ပုဒ် ရှာဖွေနေခဲ့သူပါ။ ဓာတ်ပြားတိုက်တွေကလည်း 'ဟစ်'ဖြစ်တဲ့သီချင်းတစ်ပုဒ်တော့ ထုတ်နိုင်မှ။ *The Fox* က 'ဟစ်'ဖြစ်တဲ့ သီချင်းတော့ မပါဘူး။ ဒီအယ်လ်ဘမ်က Geffen ဓာတ်ပြားတိုက်အတွက် ကျွန်တော်ရေးပေးတဲ့ ပထမဆုံး အယ်လ်ဘမ်ပေါ့။ အောင်မြင်တဲ့ အယ်လ်ဘမ်တော့ မဟုတ်ပါဘူး။ ကျွန်တော်က အဲဒီမှာ အဖော်ကောင်းရှိတယ်လေ။ David Geffen က John Lennon နဲ့လည်း စာချုပ်ချုပ်ထားတာကိုး။ သူ့ဓာတ်ပြားက အရင်းအနှီးကြီးလှတယ်။ ဒါပေမဲ့ မမျှော်လင့်ဘဲ သေနတ်နဲ့ ပစ်ခတ်လုပ်ကြံခံရပြီးနောက်မှာ John Lennon ရဲ့ ဓာတ်ပြားက အရောင်းဇယား ထိပ်တန်းစာရင်း ဝင်သွားခဲ့ပါတယ်။ ဒါက ကျွန်တော့်ကို အထိနာစေခဲ့တယ်။ မူးယစ်ဆေးဝါးဘက်ကို နောက်တစ်ခါ လှည့်ပြန်တာပေါ့။ ဒါပေမဲ့ *Elton's Song* ဆိုတဲ့ သီချင်းလေးက အရမ်းကိုလှတဲ့ သီချင်းလေးပါ။ Tom Robinson ရဲ့ စာသားတွေကလည်း သိပ်ပြီး လှနေတာလေ။ ဒီသီချင်းက Lindsay Anderson ရဲ့ **If ----** ဆိုတဲ့ ဇာတ်ကားကို သတိရစေပါတယ်။ ပြီးတော့ လိင်တူချင်း ဆက်ဆံလိုစိတ်ဖြစ်စေတယ်။ ဒီသီချင်းဟာ ကျွန်တော့်ရဲ့ ပထမဆုံး လိင်တူချစ်သူ သီချင်းပဲဖြစ်ပါတယ်။ *All the Girl Love Alice* ထက်စောပြီးတော့ ယောကျာ်းလေးချင်း အချစ်ကို ကျွန်တော်ရေးထားတဲ့ ပထမဆုံး သီချင်းပေါ့။ ဘာဖြစ်လို့လဲဆိုတော့

www.burmeseclassic.com

Tomကိုယ်တိုင်ကလည်း လိင်တူချစ်သူ မို့လို့ပဲ။ နောက်တော့ ကျွန်တော်တို့ တစ်တွေ မိတ်ဆွေကောင်းတွေ ဖြစ်ခဲ့ကြ တယ်။

**I Saw Her Standing There (၁၉၈၁ ခုနှစ်ထုတ် EP 28th November 1974)**

ဒီသီချင်းက John Lennonနဲ့ နှစ်ယောက်တွဲပေါ့။ ကျွန်တော် သူ့ရဲ့အရှိန်အဝါကို ကြောက်ရွံ့နေခဲ့ပေမဲ့ သီချင်းကတော့ လူကြိုက်များသီချင်း ဖြစ်ခဲ့တယ်။ သူက ကျွန်တော့်အပေါ် ကြင်နာတတ်သူပါ။ သူ့အပေါ် တခြားအမြင်နဲ့ ကျွန်တော်မမြင်မိပါဘူး။ အရက်သောက်တတ်တဲ့ John အပေါ် Harry Nilsson ရဲ့ အမြင်မျိုး ကျွန်တော်တစ်ခါမှ မြင်မကြည့်မိဘူး။ သူ့ကို လူကြီးလူကောင်းဆန်ပြီး ချောမောလှပတဲ့ ရှုထောင့်ကပဲ ကျွန်တော်မြင်တယ်။ John ဟာ ကျွန်တော့်အပေါ်သာမက ကျွန်တော့်မိဘတွေအပေါ်ရော၊ ကျွန်တော့် ပိုင်းတော်သားတွေ အပေါ်ပါ သိမ်မွေ့နူးညံ့လှသူ ဖြစ်ပါတယ်။ ဒီတော့ ကျွန်တော် သူ့ကို ချစ်မိသွားတာပေါ့။ ပြီးတော့ ကျွန်တော်ဆိုတဲ့ကောင်က သူ့ကို Madison Square Gardenမှာ ကျွန်တော်ဖျော်ဖြေတဲ့ ပွဲဆီလာဖို့ ခေါ်လိုက်သေးတယ်။ *Whatever Gets You Through The Night* အမည်ရသီချင်းကို သူနဲ့ အလောင်းအစားလုပ်ခဲ့တာလေ။ ဒီသီချင်းက အရောင်းဖယားနံပါတ် 'တစ်' ရသွားခဲ့တာ။ အဲဒီညက John ကိုယ်တိုင် ပွဲဆီကို ရောက်လာတယ်။ သူက ဖျော်ဖြေပွဲတွေ မလုပ်တာ နှစ်နဲ့ချီနေပြီ။ ဒါပေမဲ့ အဲဒီညကတော့ လာခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ဖျော်ဖြေတင်ဆက်မှုက သူ့ကိုတောင် ကြက်သေသေသွားစေခဲ့တယ်။ ပရိသတ်က မတ်တတ်ရပ် ကောင်းချီးပေးတာ ရှစ်မိနစ်လောက်ကြာတယ်။ တစ်ခါမှ ဒီလောက် ရင်ထဲလှိုက်လှိုက်လှဲလှဲ ဖြစ်စေတဲ့ မတ်တတ်ရပ် ကောင်းချီးပေးတာမျိုး မကြားဖူးခဲ့ဘူး။ အဲဒီည ပွဲခင်းကို သူမလာခင်မှာ ဖျားနေခဲ့တာ။ ဒါပေမဲ့ ပွဲခင်းထဲမှာ Yoko Onoနဲ့သူ ပြန်ဆုံဖြစ်ခဲ့ တယ်လေ။ ဒီညလေးက သူ့ရဲ့ဘဝကို တစ်ဆစ်ချိုးအရွေ့အပြောင်း ပြန်ဖြစ်စေခဲ့တဲ့ ညလည်း ဖြစ်ခဲ့ပါတယ်။ Johnရဲ့ ဘဝထဲမှာ Yokoနဲ့ ပြန်ဆုံတွေ့ဖို့ ဖန်တီးခဲ့သူအဖြစ် ဖော်ပြခံရနိုင်လောက်ပါရဲ့။

> ကျွန်တော်က နာမည်ကြီး သီချင်းရေးဆရာ အဖြစ် စခဲ့ရတာ မဟုတ်သလို နာမည်ကျော် လူကြိုက်များအောင် ဘယ်လို ရေးရမယ် ဆိုတာလည်း သိသူ မဟုတ်ပါဘူး ဒါကို ကျွန်တော့်ရဲ့ ပထမ အယ်လ်ဘမ် လေးချပ်မှာပဲ သက်သေအဖြစ် မြင်တွေ့နိုင်ပါတယ်

Johnနဲ့ ကျွန်တော်ဟာ ဂီတတွေအတူ ဖန်တီးခဲ့ကြသလို ဆိုးဖော်ဆိုးဖက်တွေလည်း ဖြစ်ခဲ့ကြတယ်။ Sherry-Netherland Hotelမှာ တစ်ညတာအဖြစ်အပျက်လေးကို အမှတ်ရနေမိပါသေးတယ်။ အဲဒီညက ကျွန်တော်တို့ ကိုကင်း သုံးထားကြတာလေ။ ည နှစ်နာရီလောက်မှာ အခန်းတံခါး လာခေါက်သံကြားရတယ်။ တံခါးဆီရောက်အောင် သွားဖို့ကို ငါးမိနစ်လောက်ကြာအောင် သွားရတယ်။ ကိုကင်းကြောင်နေတော့ လူတွေက ကိုယ့်ကို ရန်ပြုမယ်ချည်းထင်နေတဲ့အချိန်ပေါ့။ ချောင်းကြည့်ပေါက်ကနေ မြင်ရတာက မတ်တတ်ရပ်နေတဲ့ Andy Warhol(ကမ္ဘာကျော် ပန်းချီဆရာ)။ ကျွန်တော်က Ardy Warhol လို့ လှမ်းပြောလိုက်တော့ John က 'အခန်းထဲ အဝင်မခံနဲ့၊ ကင်မရာတစ်လုံးနဲ့ မြင်သမျှ လျှောက်ရိုက်လိမ့်မယ်' လို့ John က အထဲကနေ ပြန်အော်တယ်။ Ardy ထွက်သွားအောင် ကျွန်တော်တို့ အသာလေးငြိမ်ပြီး စောင့်နေလိုက်ကြတယ်။ ကျွန်တော်တို့နှစ်ယောက်ကြားမှာ အဲဒီလို အဖြစ်အပျက် အသေးအမွှားလေးတွေ အရူးထတာတွေ ရှိခဲ့ကြောင်း ပြောတာပေါ့။ အခု ရွေးချယ်တဲ့ စာရင်းထဲမှာ *I Saw Her Standing There* ကို မလွဲမသွေ ထည့်ရမှာပေါ့။ John ကတော့ ဒီသီချင်းကို Paul ရေးပေးတာလို့ဆိုတယ်။ သီချင်းကောင်း တစ်ပုဒ်ပါပဲ။

***I Guess That's Why They Call It The Blues* (၁၉၈၃ ခုနှစ်ထုတ်အယ်လ်ဘမ် *Too Low For Zero*)**

*Too Low For Zero* အယ်လ်ဘမ်မှာ Bernie နဲ့ ပြန်လက်တွဲပါတယ်။ အယ်လ်ဘမ်မှာပါသမျှ သီချင်းအားလုံး Bernieနဲ့ ကျွန်တော်ရေးတာပါ။ ပထမဆုံး အိမ်ထောင်ဖက်ဖြစ်တဲ့ Renate Blauelနဲ့လည်း စပြီး တွေ့ခဲ့တာပေါ့။ Renate က ဒီအယ်လ်ဘမ်မှာ အမျိုးသမီး အသံဖမ်းအင်ဂျင်နီယာလေ။ တကယ်တော့ ဒီသီချင်းက ကိုယ့်ပုံစံကို ပြန်ရတဲ့ သီချင်းလည်းဖြစ်တယ်။ *I'm Still Standing* က အရမ်းနာမည်ကျော်တဲ့ သီချင်းဖြစ်ပေမဲ့ *I Guess That's Why They Call It The Blues* ကတော့ ကျွန်တော်ဆိုရတာ အာတွေ့တဲ့ သီချင်းပေါ့။ ဒီသီချင်းလေးက ဘယ်တော့မှ မရိုးနိုင်တဲ့ သီချင်းလေးပါ။

***I Don't Wanna Go on With You Like That* (၁၉၈၈ ခုနှစ်ထုတ် အယ်လ်ဘမ်**

www.burmeseclassic.com

*Strikes Back*)

တကယ်တော့ ကျွန်တော်ဟာ ရာချောက်ထဲကို ဦးတည်သွားနေခဲ့ ။ လွတ်မြောက်ရာလမ်း ရှိပုံမရတဲ့ ကြီးနက်ကြီးဆီကိုပေါ့။ ကျွန်တော်က ယစ်ဆေးဝါး သုံးခဲ့ဖူးသူ မဟုတ်ဘူး၊ လိုဘဲလေ။ ကျွန်တော့်မှာ ဘာကိုပဲ ဖြစ် ရင်ဆိုင်နိုင်တဲ့ အစွမ်းအစရှိပြီး ။ စိတ်အားထက်သန်မှုကလည်း ပြည့်။ ကိုကင်းသုံးရတဲ့ တစ်ခုတည်း အကြောင်းရင်းကတော့ ကိုကင်း ကျွန်တော့်အတွက် ကာမစိတ်နိုးဆွ လို့ပါပဲ။ တခြားလူ ၉၉ ရာခိုင်နှုန်း တော့ အဲဒီလို မဖြစ်ဘူးဆိုပေမဲ့ တော့်အတွက်ကတော့ တကယ် ပါတယ်။ ဒါကြောင့်လည်း ကို င်းသုံးရတာကို ကြိုက်မိတာပေါ့။

*I Don't Wanna Go on With You That* ဟာ 'ဟစ်'ဖြစ်တဲ့ ဆင်ဂဲလ် ချင်းတစ်ပုဒ်ဖြစ်ပြီး ရွှေဓာတ်ပြားဆုရ တယ်။ Tempo အမြင့်နဲ့ ဖန်တီးထား သီချင်းပေါ့။ စတူဒီယိုမှာ အလုပ်လုပ် အခါ ကျွန်တော်က အပြည့်အဝ အာရုံ က်လေ့ရှိတယ်။ ဒါပေမဲ့ အဲဒီအယ်လ် အသံသွင်းတုန်းက ကျွန်တော်ဟာ ကယ့်ကို အထိန်းအကွပ် လွတ်ခဲ့တာ။ အထဲက ဟစ်သီချင်း၊ ရွှေဓာတ်ပြား ရတဲ့သီချင်း ထွက်လာတာကတော့ နည်း ကိုးရိုးကားရားတော့ ဖြစ် ပေါ့။ စင်ပေါ်တက်တဲ့အခါ ကိုယ် နေကျ (မူးယစ်ဆေး)ကို ကျွန်တော် သွားလေ့ မရှိဘူး။ နာမည်ကျော်တွေ စ်တဲ့ Billie Holiday, Diana Ross, Redding နဲ့ Johnny Cash တို့လည်း လိုပါပဲ။ စင်ပေါ်မှာ စိတ်ခံစားမှု ဖြစ် ယ်အောင် ကိုယ်သုံးနေကျ (မူးယစ် ဆေးဝါး) လေးကို ယူသွားမယ်ဆိုတာ ကို Judy Garland လည်းလုပ်တယ်။ ပေမဲ့ Amy Winehouse လိုတော့ သွား လုပ်နဲ့။ စင်ပေါ်တက်ပြီး ကိုယ့်ဘဝ ကိုယ် မဖျက်ဆီးပါနဲ့။ စင်ပေါ်မှာဆို ကျွန်တော်က ပရိသတ်ရယ်၊ စန္ဒရား ယ်၊ ကိုယ့်ရဲ့ ဂီတအဖွဲ့ရယ်ကိုပဲ မြင် တယ်။ စင်ပေါ်က ဆင်းရင်တော့ ဒါကို သုံးတာပဲ။ နှစ်နာရီခွဲလောက် အချိန် အတွင်းမှာတော့ ကျွန်တော်ဟာ အဝေး တစ်နေရာဆီကို လွင့်မျောနေတာပေါ့။

***Club at the End of the Street*** (၁၉၈၉ ခုနှစ်ထုတ်အယ်လ်ဘမ် ***Sleeping With the Past***)

ဒီအယ်လ်ဘမ်ကို ဖန်တီးချိန်မှာ မူးယစ်ဆေးဝါးထက် အရက်ဘက်ကို ပိုပြီး ရောက်နေတဲ့အချိန်ပေါ့။ အရက် ဖြတ်စခန်း မဝင်ခင် နောက်ဆုံး ရေးခဲ့တဲ့ အယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒါက အယ်လ်ဘမ်ကောင်းတစ်ချပ်ပါ။ *Club at the End of the Street* ဆိုတဲ့ သီချင်းလေးကို ကျွန်တော် တော်တော် သဘောကျတယ်။ The Drifters အဖွဲ့ရဲ့ သီချင်းလိုမျိုး သီချင်းတစ်ပုဒ်လောက် ရေးချင်ခဲ့တာလေ။ဒီသီချင်း လေးက အနီးစပ်ဆုံး ဖြစ်ခဲ့ပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်က တို တောင်းလှတဲ့ ကျွန်တော့်ရဲ့ အောင်မြင်မှု အချိန်ကာလလေး ကုန်ဆုံးပြီဆိုတာ သိ နေခဲ့ပြီးသားပါ။ အရောင်းဇယားချပ်တွေ ကို ကျွန်တော် လေ့လာကြည့်တယ်။ ကျွန်တော်က ပရိသတ်တစ်ယောက်ပေါ့။ လူတွေက သူတို့ရဲ့ အားလပ်ချိန်လေးမှာ အပန်းဖြေကြမယ်။ အဆိုတော်တစ် ယောက်ကို အယ်လ်ဘမ်ငါးခု၊ ခြောက် ခုလောက် နားထောင်မိပြီးရင် နောက် တစ်ယောက် ပေါ်လာမှာလေ။ ကျွန် တော့်နောက်မှာဆိုရင် Phil Collins, Madonna, Prince, U2, The Police စတဲ့ အဆိုတော်တွေ ပေါ်လာတာ။ ကျွန် တော့်မှာ ကိုယ်နေရာကို ဆက်ပြီး ထိန်း သိမ်းထားနိုင်တဲ့ အရည်အချင်း ရှိတယ် ဆိုတာ ကျွန်တော်သိတယ်။ ကျွန်တော် က စင်မြင့်ဖျော်ဖြေပွဲတွေ အားသန်တာ ကိုး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကို ကျွန်တော် ပြောရတယ်။ 'ငါဟာ နံပါတ်'တစ်'နေ ရာကို တစ်သက်လုံး ယူထားနိုင်မှာ မဟုတ်ဘူး'လို့။ အဲဒီလို ပုံမှန်အတိုင်း တွေးမြင်တတ်တဲ့ အသိတရား ပေးအပ် ခဲ့တဲ့ ဘုရားသခင်ကို ကျေးဇူးတင်မိပါ တယ်။ Michael Jackson လိုလူမျိုးက 'Thriller ထက်ပိုနဲ့ ဓာတ်ပြားတွေ ရောင်းချင်သေးတယ်'လို့ ဆိုလာတဲ့ အခါ ကျွန်တော်တွေးမိတယ်။ နောက် နေတာနေမှာပါလို့။ ကိုယ့်ရဲ့ ကျဆုံးမှုကို ကိုယ်တိုင် အစပျိုးနေတာပဲ၊ ဒီလိုလုပ် နိုင်ဖို့ မမျှော်လင့်သင့်ဘူး။

***The North*** (၁၉၉၂ ခုနှစ်ထုတ်အယ်လ်ဘမ် ***The One***)

ကျွန်တော် အရက်ဖြတ်ပြီး ပြန် လည်ထူထောင်ရေးစခန်း ဝင်ခဲ့ရတယ်။ ကျွန်တော်ပိုင် ပစ္စည်းတွေကို Sotheby လေလံခန်းမဆောင်ကနေ လေလံတင် ရောင်းချပစ်လိုက်တဲ့ ၁၉၈၉ ခုနှစ်မှာ ပြန်လည်ထူထောင်ရေး စခန်းဝင်ဖို့ အသိတရားရခဲ့တာပါ။ ကျွန်တော့်ရဲ့ အိမ် ထောင်ရေးကလည်း ပြီးဆုံးခဲ့ပြီ။ လက် တွဲဖော် မရှိတော့ဘူး။ လွှမ်းနေရတာ ပေါ့။ ကျွန်တော်စဉ်းစားမိတယ်။ 'ဟုတ် ပြီ ဘဝသစ်စဖို့အတွက် ဟောဒီ ပိုင်ဆိုင် မှုတွေ ရှင်းပစ်ရမယ်။ ပြီးရင် နံရံမှာ ရွှေဓာတ်ပြားတွေ ချိတ်ထားတဲ့ နာမည် ကျော် ပေါ့ပ်စတားအဆိုတော် တစ် ယောက်ရဲ့ အိမ်အမျိုးအစား Woodside မှာ ရိုးရိုးအိမ်လေးတစ်လုံးနဲ့နေပြီး ဘဝ ကို ပြန်စရမယ်။ လူသားတစ်ယောက် ရဲ့ ဘဝကို ပြန်ရရမယ်'လို့ ကိုယ့်ကိုယ် ကို ပြောခဲ့မိတာပါ။ မူးယစ်ဆေးဝါးကို သုံးနေတုန်းပဲဆိုပေမဲ့ သာမန်လူတစ် ယောက်ဆန်ဆန် ပိုပြီးတော့ နေဖြစ်လာ တယ်။ ခြောက်လလောက်နေတော့ အဲဒီ အချိန်က ကျွန်တော့်ရဲ့ လက်တွဲဖော်က လည်း Arizona ပြည်နယ်က ပြန်လည် ထူထောင်ရေး စခန်းထဲမှာလေ။ သူ့ဆီ ကို ကျွန်တော်သွားတွေ့တော့ ဘာဖြစ် မယ်ဆိုတာကို ကျွန်တော်သိခဲ့ရတယ်။ သူ့မှာလည်း မူးယစ်ဆေးဝါး အစွဲဖြတ်ဖို့ နှစ်သိမ့်ဆွေးနွေးသူရှိသလို ကျွန်တော်မှာ လည်းရှိတယ်။ ကျွန်တော်တို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ဒူးတိုက်ဆွေးနွေးကြတယ်ပေါ့။ တစ်ယောက်နဲ့တစ်ယောက် ဘာအမှားတွေရှိနေလဲဆိုတာကို စာရင်းတစ်ခု ချရေးကြည့်ကြတယ်။ ကျွန်တော့် စာရင်းက သိပ်ပြီးတော့ မကြီးကျယ်လှပါဘူး။ စီဒီကာဗာတွေကို သူ့နေရာနဲ့သူ နေသားတကျ ပြန်မထားတာမျိုးလောက်ပဲ ပါတာပါ။ သူကတော့ ကျွန်တော့်ကိုပြောလိုက်တာ မူးယစ်ဆေးသမားတဲ့။ အစားကြူးတဲ့ စုစကား၊ ကာမဂုဏ်တပ်မက်သူ အရက်သမား၊ အစားပုပ်တဲ့၊ စုံနေတာပဲ။ ကျွန်တော်က 'မင်းပြောတာအားလုံးမှန်တယ်၊ ငါ အရှုံးပေးပါတယ်၊ လက်နက်ချပါတယ်' လို့ပြောပြီး ပြန်ထွက်လာလိုက်တယ်။ အဖြစ်အပျက်တွေကို စီကာစဉ်ကာ ပြန်တွေးကြည့်ရင် အံ့သြစရာပဲ။ အရာရာဟာ တစ်ခါပြန်ရှင်သန်လာခဲ့တယ်။ မျှော်လင့်ချက်နဲ့ရှိသမျှ အရာအားလုံးပေါ့။ ဂီတဟာ ကျွန်တော့်နံဘေးက ဘယ်တုန်းကမှ ခွဲခွာမသွားခဲ့ပါဘူး။

အရက်ပြတ်သွားတာက အရာအားလုံးကို စွန့်လွှတ်နိုင်စေခဲ့တယ်။ ကျွန်တော့်ဘဝမှာ ပြဿနာမျိုးစုံ ကြုံခဲ့ရတာ၊ မန်နေဂျာထွက်သွားတာ၊ ငွေတွေ ခိုးခံရတာစတဲ့ ပြဿနာမျိုးတွေ အပါအဝင်ပေါ့။ သာမန်အနေအထားနဲ့ဆို ထိတ်လန့်စရာတွေချည်းပဲ။ အရက်ပြတ်ပြီး တည်တည်ကြည်ကြည် နေတတ်လာတာက အတိတ်က အဖြစ်တွေကို မေ့ထားစေနိုင်ခဲ့ပြီး လက်ရှိအချိန်ပေါ်မှာသာ အာရုံစိုက်နိုင်စေခဲ့တယ်။ ကျွန်တော် ပြီးခဲ့တဲ့ ကိစ္စတွေအတွက် နောင်တရ၊ ဝမ်းနည်းမနေတတ်ပါဘူး။ အရက်ပြတ်သွားကတည်းက ကျွန်တော့်ဘဝမှာ မဟုတ်တရုတ်တွေ ဘာမှမဖြစ်တော့ဘူး။ အဖြစ်အပျက်တွေကတော့ ဆက်ပြီးသွားနေတာ။ လူကြိုက်များတာ လျော့ကျလာတယ်ဆိုပေမဲ့ ဒါကိုပြုပြင်ဖို့ ကျွန်တော့်အတွက် ကိရိယာတစ်ခုရလာပြန်တယ်။ ဒီလို အခက်အခဲတွေကို ရင်ဆိုင်လက်တွဲဖြေရှင်းပေးမယ့် လက်တွဲဖော် David Furnish နဲ့ ဆုံစည်းခွင့်ရခဲ့တာဟာ ကျွန်တော့်အတွက်တော့ ကံကောင်းတာပါပဲ။ ကျွန်တော်ဟာ လက်ရှိဘဝကို မြတ်နိုးခဲ့မင်သလို အရင်က ဘဝကိုလည်း သဘောကျပါတယ်။ ဘယ်လိုရှင်သန်နေရမလဲဆိုတာကိုတော့ မသိခဲ့ပါဘူးပေါ့။

*The One* ကို ဖန်တီးဖို့ ပါရီကို ကျွန်တော်သွားခဲ့တယ်။ ဒါက ကျွန်တော့်အတွက် မရင်းနှီးသေးတဲ့ အတွေ့အကြုံသစ်လည်းဖြစ်တယ်။ ကျွန်တော်က ဂီတကို ဖန်တီးရာမှာ မူးယစ်ဆေးဝါးလေး ရီဝေဝေ၊ အရက်ကလေး တမြမြနဲ့မှ ဖန်တီးတတ်တဲ့ အလေ့ရှိတယ်။ အခုကတော့ အရက်ကို ရာနှုန်းပြည့် ဖြတ်ထားတာလေ။ ဒီတော့ ပင်ပန်းတာပေါ့။ ဒါပေမဲ့ သီချင်းကောင်းတစ်ပုဒ် ရအောင်တော့ ကျွန်တော်လုပ်နိုင်ခဲ့ပါတယ်။ ဒါဟာ အယ်လ်ဘမ်ရဲ့ ခေါင်းစဉ်သီချင်းလည်းဖြစ်တယ်။ နာမည်က *The North* တဲ့။ ကျွန်တော် သိပ်ကြိုက်တယ်။ ဒါဟာ ကျွန်တော့်အကြိုက် သီချင်းဆိုတာ မေးခွန်းတောင် ထုတ်စရာမလိုအောင်ပါဘဲ။ ဒီသီချင်းပြီးရင်တော့ *The Lion King* ပေါ့။

**Circle of Life (၁၉၉၄ ခုနှစ်ထုတ် အယ်လ်ဘမ် The Lion King)**

*The Lion King* က ကျွန်တော့်ဘဝကို ပြောင်းလဲပစ်ခဲ့တာပါ။ ဒီအယ်လ်ဘမ်က ကျွန်တော့်ကို ပြဇာတ်သီချင်းတွေရေးဖို့ အခွင့်အရေးတွေ ပေးခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ဂီတလေးတစ်စင်းအတွက် မြားတွေပိုပစ်နိုင်အောင် လေးညှို့ကြိုးတွေ ပိုပြီး ပေးအပ်ခဲ့တယ်လို့ ဆိုရမှာပေါ့။ *The Lion King* အပြီးမှာ *Aida* ဆိုတဲ့ သီချင်းကို ကျွန်တော်ရေးတယ်။ ပြီးတော့ *Billy Elliot* နဲ့ *The Vampire Lestat* ကိုရေးတယ်။ အဲဒီလေးပုဒ်ဟာ ပြဇာတ်သီချင်းတွေချည်းပဲ။ ဟုတ်ပါတယ်။ အဲဒီသီချင်းတွေ ဒီလောက်အောင်မြင်မယ်လို့ ဘယ်သူမှ မသိခဲ့ပါဘူး။ အဲဒီသီချင်းတွေ ဖန်တီးရာမှာ ပါဝင်ခဲ့ရတဲ့အတွက် ဂုဏ်ယူရပါတယ်။ ဒီအတွက် Tim Rice ကိုလည်း ကျေးဇူးတင်ရမှာပါ။ သူ ကျွန်တော့်ဆီ ဖုန်းဆက်ပြီး 'မင်းလုပ်မှာ မဟုတ်ဘူးလို့ Disney က ပြောနေတယ်' လို့ ပြောခဲ့တာလေ။ 'ကောင်းပြီ၊ ကျွန်တော်လုပ်မယ်၊ ဒါဟာ ဇာတ်လမ်းကောင်းပဲ' လို့ ကျွန်တော်က ပြန်ပြောခဲ့ပါတယ်။ Jeffrey Katzenberg, Time Rice တို့နဲ့ လက်တွဲ အလုပ်လုပ်ရတာ အံ့ဖွယ်အတွေ့အကြုံတစ်ရပ်ပါပဲ။ Bernie ကလည်း ကျွန်တော့်ကို ကောင်းချီးပေးပါတယ်။ မနာလိုတာတွေ၊ ဘာတွေ မရှိခဲ့ပါဘူး။ အဲဒီသီချင်းတွေကို စင်ပေါ်မှာတော့ ကျွန်တော် ဖျော်ဖြေတီးခတ်လေ့ မရှိဘူး။ သိပ်ပြီးတော့ အံမဝင်ဘူးထင်လို့ပါ။ ဒါပေမဲ့ *Circle of Life* ကိုတော့ တီးခတ်သီဆိုဖြစ်ပါတယ်။ ဒီသီချင်း စာသားတွေက အရမ်းကောင်းပါတယ်။ *Circle of Life* ဟာ အော်စကာဆုတောင်ရသင့်တဲ့ သီချင်းပါ။ ဒါပေမဲ့ *Can You Feel The Love Tonight* သီချင်းက ရသွားခဲ့ပါတယ်။ ဝေဖန်စရာတော့ မရှိပါဘူး။

**Original Sin (၂၀၀၁ ခုနှစ်ထုတ် အယ်လ်ဘမ် Songs From The West Coast)**

Ryan Adam ရဲ့ အယ်လ်ဘမ် *Heartbreaker* ကို နားထောင်လိုက်ရတာဟာ ကျွန်တော့်အလုပ်အတွက် မျိုးစေ့ကောင်းတစ်ခုလိုပါပဲ။ ကျွန်တော်က သူ့ဓာတ်ပြားကိုရော၊ သူ့ကိုပါ နှစ်သက်ခဲ့တာပါ။ Songs From The West Coast ကို ဖန်တီးရာမှာ ထုတ်လုပ်သူ Pat Leonard နဲ့ ဆုံရတာကလည်း ကျွန်တော် ကံကောင်းတာပါပဲ။ သူက ကျွန်တော့် စိတ်ကူးကို ဓာတ်ပြားပေါ်မှာ လွယ်သွားအောင် လုပ်ပေးခဲ့ပြီး တခြား ဂီတသမားတွေနဲ့လည်း လက်တွဲအလုပ်လုပ်စေခဲ့ပါတယ်။ ကျွန်တော့်ဘဝမှာ နောင်တရစရာတွေထဲက အကြီးမားဆုံးတစ်ခုက Pat နဲ့ ဝေးရာကို ကျွန်တော်မျှော်လင့်ခဲ့တာပဲဖြစ်ပါတယ်။ သူနဲ့ နောက်ထပ် ဓာတ်ပြားတစ်ချပ်ထပ်ပြီး မဖန်တီးနိုင်တာဟာ သူ့အပေါ် ကျေးဇူးမသိတတ်

www.burmeseclassic.com

ရာ ကျတယ်လို့ ကျွန်တော်ခံစားမိပါတယ်။ အဲဒီဓာတ်ပြား ဖန်တီးရင်း Pat နဲ့ အရမ်းရင်းနှီးခဲ့ပါတယ်။ ကျွန်တော်သွားချင်တဲ့ ဦးတည်ရာတော်တော်များများကို သူက ရွှေ့ပြောင်းပေးခဲ့ပါတယ်။ *Original Sin* ဟာ ကျွန်တော်ရေးခဲ့သမျှထဲက အကောင်းဆုံးတစ်ပုဒ်ပါပဲ။

***Gone to Shiloh*** **(၂၀၁၀ ခုနှစ်ထုတ် အယ်လ်ဘမ် *The Union*)**

*The Union* မတိုင်ခင် *The Captain & The Kid* အမည်ရ အယ်လ်ဘမ်ဟာ ကျွန်တော့်ဘဝမှာ ပျောက်ဆုံးခဲ့ရတဲ့ ရတနာတစ်ခုပါ။ ဒီသီချင်းက အခု Bernie နဲ့ Elton လို့ခေါ်တဲ့ ကျွန်တော်တို့နှစ်ယောက်အကြောင်း ရေးဖွဲ့ထားတာပါ။ ဒီသီချင်းကို ကျွန်တော် တော်တော်ဂရုတစိုက် လုပ်ထားတာ။ သီချင်းက ကိုယ့်အကြောင်းဖြစ်တာကြောင့်ဆိုတဲ့အပြင် တကယ်ကောင်းတဲ့ ဓာတ်ပြားမို့လို့လည်း ပါပါတယ်။ ဒီသီချင်းကို အယ်လ်ဘမ်ထဲက ဖြုတ်ချလိုက်တော့ Interscope Records ဓာတ်ပြားတိုက်ကို ကျွန်တော် အရမ်းစိတ်ဆိုးမိတယ်။ ပြင်သစ်တောင်ပိုင်းမှာ အစည်းအဝေးလုပ်ရင်း တွေ့ကြတော့ ဒီသီချင်းကို ထည့်ပေးဖို့ ကျွန်တော်ပြောပေမဲ့ သူတို့က ဖြုတ်ချပစ်ခဲ့ကြတယ်။ တစ်ကိုယ်တော်ဓာတ်ပြား ကျွန်တော်ထပ်မလုပ်ဖြစ်တာ အဲဒါကြောင့်လည်း ပါပါလိမ့်မယ်။ တကယ်ကို အသည်းကွဲရတာပါ။

အဲဒီအတွက် တော်တော်လည်း စိတ်ပျက်ခဲ့ရတယ်။ Leon Russell အတွက်သာ မဟုတ်ရင် စတူဒီယိုကို ကျွန်တော် နောက်တစ်ခါ ပြန်လာဖြစ်မယ် မဟုတ်ဘူး။ တစ်ရက်မှာ Leon ကို နေထိုင်ကောင်းရဲ့လား နှုတ်ဆက်ဖို့နဲ့ ကျွန်တော့်အတွက် တီးခတ်ပေးခဲ့တဲ့ လူငယ်ဂီတသမားတစ်ယောက်အနေနဲ့ ကျေးဇူးတင်စကားပြောဖို့ ရောက်သွားခဲ့ရတယ်။ အဲဒီကနေ ကျွန်တော့်ဘဝရဲ့ အခမ်းနားဆုံး အတွေ့အကြုံတွေထဲက တစ်ခုအဖြစ် ပြောင်းလဲသွားခဲ့တာပါ။

*Gone to Shiloh* ဟာ ရုပ်ရှင်ဇာတ်ကားတစ်ကားကို ကြည့်သလိုမျိုး ခံစားရတဲ့ သီချင်းဖြစ်ပါတယ်။ ဒါက ကျွန်တော်နဲ့ Leon တို့ ဖန်တီးခဲ့တဲ့ The Union အတွက် အရေးပါတဲ့ အချိန်အခိုက်အတန့်လေး ဖြစ်ခဲ့ပါတယ်။ သီချင်းရေးတဲ့ ကျွန်တော်တို့တစ်တွေအတွက်လည်း အရေးပါတဲ့ အခိုက်အတန့်လေးပါပဲ။

Robert Plant နဲ့ Alison Krauss တို့ရဲ့ *Raising Sand* အမည်ရ ဓာတ်ပြား သီချင်းကို နားဆင်ရတဲ့အခါမှာ T Bone Burnett ကို သတိထားမိခဲ့ပါတယ်။ သူထုတ်လုပ်ပေးခဲ့တဲ့ Elvis Costello ဓာတ်ပြားတွေအားလုံးကို ကျွန်တော် နားထောင်ခဲ့ဖူးပြီးသားပါ။ ဒါပေမဲ့ Raising Sand လို ရိုးစင်းတဲ့ ဓာတ်ပြားတစ်ချပ်ကသာ ကျွန်တော့်ကို သူနဲ့ လက်တွဲ အလုပ်လုပ်ချင်အောင် ဆွဲဆောင်နိုင်ခဲ့ပါတယ်။ Leon နဲ့ သီချင်းရေးဖြစ်တော့ ထုတ်လုပ်သူအဖြစ် ကျွန်တော် ပထမဆုံး သတိရမိတာက Burnett ပါပဲ။ ဒီလိုနဲ့ ပထမဆုံး လက်တွဲဖြစ်ခဲ့ကြတာ တခြားဘယ်သူနဲ့မှ လက်တွဲ သီချင်းသွင်းတာ မရှိသလောက်ဖြစ်တဲ့အထိ အားကောင်းတဲ့ ဆက်ဆံရေးတစ်ရပ် ရလာခဲ့ပါတယ်။ နိဒါန်းတစ်ခုရဲ့ အစဆိုပါတော့။

***My Quicksand*** **(၂၀၁၃ ခုနှစ်ထုတ် အယ်လ်ဘမ် *The Diving Board*)**

*My Quicksand* ကို ဖန်တီးပြီးတဲ့နောက်မှာ ကျွန်တော် အသံသွင်းခဲ့သမျှထဲမှာ အကောင်းဆုံး ဖြစ်တယ်လို့ တွေးမိလာတယ်။ စန္ဒရားတီးခတ်မှု ဘက်ကရော၊ အဆိုဘက်ကရော အဘက်ဘက်ကကို ကောင်းနေတယ်လေ။ ကျွန်တော်ဟာ ဘယ်ဓာတ်ပြားသီချင်းမှာမှ စန္ဒရားကို အခုလောက် စိတ်ပါလက်ပါ မတီးဖူးဘူး။ စန္ဒရားတစ်ကိုယ်တော် လက်စွမ်းပြ အတီးပိုင်းမှာလည်း စိတ်ကူးပေါ်တဲ့အတိုင်း လက်တန်းတီးထားတာ။ ဒါဟာ ဂီတရသကို အပြည့်အဝ ခံစားရတဲ့ အချိန်အခိုက်အတန့်ဖြစ်ပြီး ဒီဓာတ်ပြားအတွက် သိပ်ကို ဂုဏ်ယူမိတယ်။ ဒီသီချင်းဟာ ဟိုးအရင်တုန်းက ဒါမျိုး ဆိုဖြစ်လိမ့်မယ်လို့ ထင်တောင်မထင်ခဲ့မိတဲ့ သီချင်းမျိုးပါ။ *Goodbye Yellow Brick Road* နဲ့ *Don't Shoot Me I'm Only The Piano Player* စတဲ့ အယ်လ်ဘမ်တွေ ထုတ်လုပ်တုန်းက ကျွန်တော် ခပ်ငယ်ငယ်ပဲ ရှိပါသေးတယ်။ အဲဒီတုန်းက ထင်တောင် မထင်ခဲ့မိတဲ့ သီချင်းမျိုးပါ။ အခုတော့ ကျွန်တော်က အဲဒီအရွယ် မဟုတ်တော့ဘူးလေ။ ဒါမျိုးသီချင်းတွေ ဆိုပြနိုင်နေပြီ။ ဒီသီချင်းဟာ ကျွန်တော် ဖန်တီးခဲ့သမျှထဲမှာ အရိုးသားဆုံးသီချင်းလည်း ဖြစ်ခဲ့ပါတယ်။

အခု ကျွန်တော်က ကိုယ်တတ်နိုင်သမျှ ပြန်လည်ပေးဆပ်ဖို့အတွက် စင်ပေါ်မှာ ရှိနေပါတယ်။ ဒါတွေဟာ ရှင်းပြလို့ မရနိုင်တာတွေပါပဲ။ တစ်ချိန်တုန်းက သာမန်ပုံစံမျိုးမဟုတ်တဲ့ ကောင်လေးတစ်ယောက်ရှိခဲ့တယ်။ ရော့ခ်ဂီတမှာ ကျွန်တော့်လိုလူ နောက်ထပ်တစ်ယောက် မရှိပါဘူး။ ကျွန်တော်က စန္ဒရားခုံမှာပဲ တွယ်ကပ်နေသူပါ။ ပြီးတော့ ပရိသတ်တွေလည်း သူတို့ရဲ့ မေတ္တာတရားကို ကျွန်တော်က အမှန်တကယ် လေးစားတန်ဖိုးထားကြောင်း သိကြမှာပဲလို့လည်း ထင်မိပါတယ်။ အားလုံးပြီးသွားတဲ့အခါမှာ အရမ်းကို ပျော်စရာကောင်းမှာပါ။ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို ဘယ်သူမှန်းတောင် မသိခင်ကတည်းက ကိုယ်နဲ့အတူရှိနေတဲ့ ကိုယ့်ရဲ့ အသားအရေကိုလည်း အမြဲတမ်း ဘဝင်မကျလှေ့ရှိသူပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ဖန်တီးချင်တဲ့ ဂီတတွေကို ဖန်တီးခွင့်ရတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ ဒါဟာ ကျွန်တော်လုပ်နိုင်သမျှ အကောင်းဆုံး လုပ်ပေးတာပဲဖြစ်ပါတယ်။

***Ref: Elton John: My Life in 20 Songs by Cameron Crowe***

■

ရာပြည့်



www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်စဉ်က တေးသံရှင်(ဒေါ်)မာမာအေး

(မာမာအေးနှင့် တွေ့ဆုံခြင်း)

*(ယခင်လမှအဆက်...)*

သီချင်းရေးဆရာ ကိုလေးညွန့်ရဲ့ သီချင်းတွေကို မမဆိုရင် ပိုပြီး အာတွေ့ပုံရတယ်နော် မမ။

ကိုလေးညွန့်ရေးတဲ့ သီချင်းတွေက စာသားရော အသံဖွဲ့စည်းပုံပါကောင်းတဲ့အပြင် မမ အဆိုနဲ့ဆိုတော့ သီချင်းတိုင်း Hit ဖြစ်သွားတာ များတယ်လို့ ပြောရမှာပဲ။ ကိုလေးညွန့် ရေးတဲ့သီချင်းတွေ မမ တော်တော် ဆိုခဲ့တယ်နော်။

ကေသီပန်ဝိုင်းမှာကတည်းက ကိုလေးညွန့်ရေးတဲ့ *တစ်နေ့တော့ မောင်ပြန်လာမည်* ဆိုတဲ့သီချင်း ဆိုဖြစ်ခဲ့တယ်။ အဲဒီသီချင်း ဆိုရမယ်ဆိုတုန်းက အစ်မ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ်။ ဘယ်လိုပြောရမှန်း မသိဘူး။ စိတ်ထဲ မစွဲသလိုဖြစ်နေတာပေါ့လေ။ နောက်တော့ ဆိုရင်းဆိုရင်းက သီချင်းကို ကြိုက်လာတယ်။ ဆိုပါများလာတော့မှ သီချင်းကောင်းပဲလို့ ခံစားမိတယ်။ အစ်မတို့ ဆိုနေကျလိုင်းက သီချင်းမျိုး မဟုတ်ဘဲ ကွဲသွားတဲ့သီချင်းကိုး။ အစ်မ ကြိုက်တယ်ဆိုတာက အဓိပ္ပာယ်ကလည်း ကောင်းတယ်။ ချစ်သူနှစ်ဦးသည် မပေါင်းချင်သော်ရှိ ပေါင်းချင်သော်ရှိ တစ်နေ့တော့ ဘဝတစ်ကွေ့မှာ ပြန်ဆုံတတ်တဲ့ သဘာဝရှိတယ်။ တစ်ဦးကိုတစ်ဦး ယုံကြည်မှုနဲ့ သစ္စာရှိရှိစောင့်နေ ကြမယ်ဆိုတဲ့သဘောကလေး ပါတယ်။ သန့်စင်တဲ့မေတ္တာ၊ မျှော်ကိုးခြင်းကြီးစွာနဲ့ စောင့်စောင့်စားစားရှိဖို့ပဲ လိုတယ်။ တစ်နေ့တော့ မောင်ပြန်လာမယ် ဆိုတာ ချစ်သူ ယုံကြည်ဖို့ပဲ လိုတယ်ဆိုတာ အဓိပ္ပာယ်အရကော ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သိမ်မွေ့သလဲ ငါ့မောင်ရယ်။ အဲဒီသီချင်းက *မေ့ကွက်ကိုရှာ* သီချင်းနဲ့ အတူတူ တစ်ချိန်တည်း အသံသွင်းခဲ့တာပါ။ *မေ့ကွက်ကိုရှာ*ကတော့ မဟာဂီတတစ်ပုဒ်ထဲက အရိုးတစ်ခုကို ခံထားတဲ့အတွက် သူကလည်း မိန်းမသားသဘာဝပေါ်လွင်တဲ့သီချင်းပါပဲ။ *တစ်နေ့တော့ မောင်ပြန်လာမည်* ကလည်း မိန်းမသားစိတ်ကို ဖွဲ့တယ်။ ကေသီပန်ဝိုင်းထောင်ကြတော့ ကိုချစ်ဆွေရေးတဲ့ *မေ့ကွက်ကိုရှာ* သီချင်းကို အစ်မဆိုတယ်။ ကေသီပန်ကျမှပဲ ကိုလေးညွန့်သီချင်းကိုလည်းဆိုဖြစ်တယ်။ ကိုလေးညွန့်သီချင်းတွေထဲကဆိုရင် အခုပြောတဲ့ *တစ်နေ့တော့ မောင်ပြန်မည်၊ ယုံရခက်ခက်၊ ဆယ်မိုးဆယ်နွေ မျှော်လေလေဝေး၊ တစ်ရေးချစ်ခွင့် မြင်ရနိုး၊ သျှောင်နောက်ဆံထုံးပါ၊ တစ်နေ့ပြန်လာမယ်* စသည်ဖြင့် အများကြီးပဲ။ အခုပြောတဲ့ *တစ်နေ့ပြန်လာမယ်* ဆိုတာ သတ်သတ်တစ်ပုဒ်နော်။ ဒီသီချင်းကရုပ်ရှင်သီချင်း။ မေသစ်နဲ့ ဝါဝါဝင်းရွှေ သရုပ်ဆောင်တဲ့ **တစ်နေ့ပြန်လာမယ်** ဆိုတဲ့ဇာတ်ကားရဲ့ Title သီချင်း။ ဦးမျိုးလှိုင်နဲ့ ရိုက်တဲ့ကား။ သီချင်းက ဇာတ်ကားထဲမှာ ဒေါ်မေသစ်အတွက် နောက်ခံဆိုပေးတဲ့ သီချင်း။ အဓိပ္ပာယ် အင်မတန်ကောင်းတယ်။ မိန်းမနှစ်ယောက်ရဲ့ဇနီးမယားဘဝကိုပြတဲ့အခါ ဒီသီချင်းကအထောက်အကူပေးနိုင်တဲ့ သီချင်းမျိုး။ ကမ္ဘာ့နိယာမမှာ နေ့အလင်းရောင်က ကမ္ဘာတစ်ခြမ်းမှာမှောင်၊ ကမ္ဘာတစ်ခြမ်းမှာလင်းတာ ရှိသလိုပဲ၊ အိမ်ထောင်မှုဘဝမှာလည်း ကိုယ့်ဘက်ကိုလင်းတဲ့အလှည့် တစ်လှည့်လာရမှာပေါ့ဆိုတဲ့ Theme ကိုယူရေးတာ။ ကောင်းတယ်။ ကိုလေးညွန့်က စာတွေ ကောင်းတယ်။ အသံယူတာတွေကလည်း တစ်ဘာသာပဲ။ ကိုလေးညွန့်ရဲ့ သီချင်းလို့ပြောနိုင်အောင် သူ့သဘာဝကလေးနဲ့သူ ရေးနိုင်တဲ့ ပညာရှင်ပါပဲ။

မြန်မာ့အသံမှာ အသံလွှင့်တော့ ကိုလေးညွန့်က အစ်မဆိုဖို့ *ဆည်းဆာ*

ချစ်သူနှစ်ဦးသည်
မပေါင်းချင်သော်ရှိ
ပေါင်းချင်သော်ရှိ
တစ်နေ့တော့
ဘဝတစ်ကွေ့မှာ
ပြန်ဆုံတတ်တဲ့
သဘာဝ ရှိတယ်
တစ်ဦးကိုတစ်ဦး
ယုံကြည်မှုနဲ့
သစ္စာရှိရှိ
စောင့်နေကြမယ်ဆိုတဲ့
သဘောကလေးပါတယ်

သီချင်းကို ရေးပေးတယ်။ နောက်ဘာရှိသလဲဆိုတော့ *ပန်းကြွေသည် မြင်လေတိုင်း*။ ဓာတ်ပြားတို့ ကက်ဆက်တို့ခေတ်မှာ ဆိုခဲ့တဲ့သီချင်းက *နှောင်အင်းလေး။ ဖက်ဖူးဆင် ခင်ခင်ကြိုက်တယ်* လည်း ကိုလေးညွန့်ရေးတာပဲ။ *ဖက်ဖူးဆင်*က ကေသီပန်ဝိုင်းမှာတုန်းက ခင်သစ်လွင် ဆိုခဲ့တဲ့သီချင်းပါ။ ဓာတ်ပြားသွင်းမှ အစ်မ ပြန်ဆိုတယ်။ ပြောရရင် အစ်မ သီချင်းရေးဆရာ တော်တော်များများရဲ့သီချင်းတွေ တော်တော် ဆိုဖြစ်ခဲ့တယ်။ ပရိသတ်ကလည်း အစ်မ ဆိုခဲ့သမျှ သီချင်းတွေကို အားပေးကြတယ်။ နှစ်သက်ကြတယ်။ ခံစားသူက နှစ်သက်လေ သီချင်းဂီတဖန်ဆင်းသူက တာဝန်ကြီးလေပဲ။ ဒါကို အစ်မငယ်ငယ်ကတည်းက သိတယ်။ လူ့ဘဝလိုပါပဲ။ ကိုယ့်ဘဝရဲ့အကြောင်းကံဆိုတာတွေ ခဏဖယ်ထား၊ လူဆိုတာ မိမိကိုယ်မိမိ ခိုင်အောင်၊ မာအောင် တည်ဆောက်ကြတာ သဘာဝပဲ မဟုတ်လား။ သီချင်းတစ်ပုဒ်ရဲ့ဘဝသည်လည်း သည်လိုပါပဲ။ ရေရှည်ကျန်တဲ့သီချင်း တစ်ပုဒ်ကို ကြည့်ရင် သီချင်းစာသားက ကောင်းတယ်။ အသံဖွဲ့စည်းမှုကောင်းတယ်။ ဂီတပိုင်းကလည်း အဝင်အထွက် စည်းဝါးနရီ မှင်မောင်း အတောအခုက စလို့ ဂီတဖွဲ့စည်းမှုကောင်းတယ်။ ဆိုတဲ့အဆို

ရှင်ကလည်း သံညင်းသံချို လေဖိုလေ[...]
မျှတအောင် နာပျော်ဖွယ်ဖြစ်အောင်
ဆိုရတယ်။ သီချင်းရဲ့သဘောကလည်း
လောကထဲက ခံစားဖွယ်၊ ဆင်ခြင်ဖွယ်
အောက်မေ့ဖွယ်သဘောတွေကို ရသနဲ့
နှယ်ပြီးဖွဲ့ထားတယ်ဆိုရင် အဲဒီသီချင်း
မျိုးက ရေရှည်ခံတာပါပဲ။ ဘဝပုံရိပ်တွေ
ပါတာကိုး။ တစ်ခါတစ်ခါ အစ်မ ပြ[...]
စဉ်းစားတယ်။ အစ်မ ဆင်ခြင်မိတယ်
ပြောရမှာပေါ့။ အနုပညာရှင်တစ်ဦး
အရှည်သဖြင့် ဘာကြောင့် ရပ်တည်နိုင်
သလဲဆိုရင် လူတွေဆိုတာက မသေ[...]
မချင်း ဘဝကိစ္စတွေ မဆုံးနိုင်ဘူး။
မဆုံးနိုင်တဲ့ဘဝကို တစ်လျှောက်လုံး
ကောင်းအောင် တည်ဆောက်မယ်လို့ လူ
တွေကိုယ်တိုင် ပိုင်းဖြတ်ထားရသလို[...]
တေးသံရှင်တစ်ယောက်ဘဝနဲ့ ငါ စမိပြ[...]
ဒီ မဆုံးနိုင်တဲ့ဂီတခရီးကို လျှောက်ရာ
လမ်းမှာ ငါ အကောင်းဆုံးဖြစ်အောင်
ရေရှည်တည်တံ့နိုင်အောင် ထိန်းနိုင်
ရမယ်ဆိုတဲ့စိတ်နဲ့ အစ်မ ထိန်းခဲ့တယ်။
ကျားကန်ချက်တွေပေါ့လေ။ အဓိက
ဘာပါသလဲ ဆိုတော့ လူတိုင်းကို ချစ်ခင်
စိတ်ထားရမယ်။ မေတ္တာဓာတ် ဖြန့်ကြက်
နိုင်ရမယ်။ စေတနာထားရမယ်ဆိုတာ
တွေလည်း ဒီဖန်တီးမှုထဲမှာ ပါတယ်။
ချစ်ခင်ခြင်း၊ မေတ္တာပြုခြင်း၊ စေတနာ
ထားခြင်းတွေရှိရင် တူသောအကျိုး ပေး
တယ်လို့ အစ်မ ယုံတယ်။ အစ်မ ဒီစိတ်နဲ့
သီချင်းဆိုတယ်။ ဒါကြောင့်လည်း
အကျိုးပေးတယ်လို့ ယုံကြည်တယ်။
ဒါကြောင့် မိမိကိုယ်တိုင်က ကောင်း
အောင်လုပ်ရမယ်ဆိုတဲ့စိတ်ရှိရင် အဲဒီ
ကောင်းခြင်းအာနိသင်က အများအတွက်
လည်း အကျိုးရှိသွားတယ်။ မြန်မာတွေ
ထားတဲ့စိတ်ပါပဲ။ ကိုယ့်အလုပ်မှာ မြတ်
မြတ်နိုးနိုး တန်ဖိုးထားမှု၊ စကားကတိ
တည်ကြည်မှု၊ အများနဲ့ချစ်ခင်မှုရအောင်
နေထိုင်ပြုမူမှုတွေကလည်း အနုပညာရှင်
တစ်ယောက်အတွက် သိပ်ကို အရေး
ကြီးတယ်။ အစ်မတို့နဲ့ ခေတ်ပြိုင်သီချင်း
ရေးဆရာတွေ၊ ဂီတဆရာတွေ၊ ဝိုင်း[...]
ပံ့ပိုးကြတဲ့ ဂီတမောင်နှမတွေအားလုံး



www.burmeseclassic.com

www.burmeseclassic.com

လိုလို ဒီလိုစိတ်ထား ရှိကြတာပါပဲ။ ပရိသတ်ထဲကို နာမည်တစ်လုံး ကျပြီဆိုကတည်းက အဲဒီ ပညာရှင်ရဲ့ စေတနာ၊ မေတ္တာ၊ အနုပညာကို ခံစားနားဆင်သူတွေက အသိအမှတ်ပြုတာပဲ မဟုတ်လား။ ကိုလေးညွန့်ဆိုရင် သူ့သီချင်းတွေကောင်းတယ်လို့ အခုပဲ ငါ့မောင်ကိုယ်တိုင် ပြောရပြီ မဟုတ်လား။

အဲဒါ သူ့အမြဲကြိုးစားနေလို့၊ ကြံဆနေလို့၊ ဆင့်ကာဆင့်ကာ ကောင်းအောင်ကြိုးစားနေလို့ သူ့အရှိန် သူ့သြဇာကြီးရတာမျိုးပဲ။ အစ်မတို့လည်း ဒီလိုပါပဲ။ မိမိနဲ့မိမိ ပြိုင်နေရတယ်။ သီချင်းတစ်ပုဒ်ကောင်းလို့ နောက်တစ်ပုဒ်မှာ အလျှော့မခံဘူး။ ပိုပြီးတော့တောင် အားစိုက်ရတယ်။ ကိုယ်ကြိုက်မှ အများကြိုက်မှာပေါ့။ တချို့ သီချင်းရေးဆရာက သူရေးလေ့ရေးထရှိတဲ့အသံ၊ ယူလေ့ယူထရှိတဲ့ ထောင့်ကလေးတွေ၊ အချိုးကလေးတွေ စွဲနေတတ်တယ်။ ဒါကို အဆိုတော်က သိရတယ်။ သူက အဲဒီလိုလေး ယူတာတွေရှိတတ်တယ်။ အဲဒါကို ကိုယ်က ဘယ်လိုကွဲအောင် ဆိုမလဲ။ အစ်မတို့မှာ အဲဒီလိုကအစ စဉ်းစားရတယ်။ ရေရှည်မြဲတယ်ဆိုတဲ့ အနုပညာရှင်တွေဟာ မိမိကိုယ်တိုင်ရင့်မာအောင်၊ ခိုင်မြဲအောင်၊ တည်တံ့အောင်၊ အမြစ်တွယ်အောင် သူတို့အနုပညာနဲ့ပဲ လုပ်ယူကြသူတွေပဲ မဟုတ်လား။

ဂီတလုလင် ဦးကိုကို တီးပြခဲ့တဲ့ *ပန်းမြိုင်လယ်* Compose ကို ကျွန်တော်တို့ အရွယ်ရလာတော့ ကြားခဲ့ရတယ်။ ဒီ Composition နဲ့ Pattern ကို သိပ်ကျေနပ်သွားမိတယ်။ ဒေါ်တင်တင်မြကတော့ သံရိုးအတိုင်း ဒီစည်း ဒီဝါးထဲက ဆိုသွားပေမဲ့ နောက်ခံအတီးက ကြားနေကျအသံတွေထဲက ခွဲထွက်တာမျိုးဆိုတော့ New Version လို့ ခံစားရတယ်။ ဒါပေမဲ့ အဲဒီအချိန်က ဝေဖန်မှုတွေလည်း ရှိခဲ့ပါတယ်။ အစ်မ ဘယ်လိုမြင်သလဲ မသိဘူး။

သီချင်းကြီးတွေကို နားထောင်နေကျ အသားကျနေကျ နားနဲ့ဆိုရင်တော့ ပန်းမြိုင်လယ်ဂီတအဖွဲ့အနွဲ့ဟာ တစ်ဘာသာ ဆန်းသစ်တဲ့ဂီတ အရသာကို ရနိုင်ပါတယ်။ ရနိုင်လို့လည်း ဂီတဝါသနာကြီးသူတွေကြားမှာ ထဲထဲဝင်ဝင်ဖြစ်ခဲ့ရတဲ့ အတွဲအဖက်ဖြစ်ခဲ့တယ်။ ဒေါ်တင်တင်မြက သူ့စည်းသူ့ဝါးထဲမှာပဲ တည်တည်ငြိမ်ငြိမ် ဆိုသွားတယ်။ အတီးကသွက်လို့ အဆိုကလိုက်ပြီး ပြေးတာ၊ ရှန်းတာမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ အတီးကလည်း စည်းဝါးကန့်သတ်မှုထဲမှာပဲ ပြေးနေတာဆိုတော့ တစ်နေရာမှာ ပြန်ဆုံရတာမျိုးကိုး။ ဒီလို အတီးက ရံဖန်ရံခါ ကောင်းတယ်။ ဂီတဘက်က မိတ်သံရန်သံကလေးတွေကို ကမ္ဘာ့ဂီတအတွဲအစပ်မျိုးနဲ့ ရိုးရာမဟာဂီတကို တီးပြသွားတာ အမျိုးသားဂီတဘက်ကကြည့်ရင် အင်မတန် ကောင်းပါတယ်။ ဆိုရတဲ့အဆိုတော်ကသာ အဆိုမခိုင်ရင် အတီးနောက် လိုက်သွားနိုင်တယ်။ *ပန်းမြိုင်လယ်* မှာတော့ အဆိုနဲ့အတီးက မူလသံရိုးထဲက ပြေးထွက်သွားလိုက်၊ လာပူးလိုက်။ ဒါကို ရော်တီးတယ်ခေါ်တယ်။ တစ်ခါတစ်ခါ တောက်တောက်ခါးခါး တီးနေရာက နဂိုသံရိုးဘက် အသာလေး ပြန်ကူးလာတာတွေဆိုရင် နားထောင်တတ်သူအဖို့ အရသာတစ်မျိုးရတယ်။

ဂီတမှာ အပေးအယူဆိုတာရှိတယ် ငါ့မောင်ရဲ့။ အတီးနဲ့အဆိုတော်ဖြစ်ဖြစ်၊ အတီးနဲ့နားထောင်သူဖြစ်ဖြစ် ဂီတက ဆွဲခေါ်ရာနောက်ကို စိတ်ကလိုက်ပြီး မျှောပြီးခံစားရတာတွေလည်း ရှိရတယ်။ အဆိုကလည်း ဒီလိုပဲ။ ဂီတ်နောက်က မှေးဆိုရတာရှိသလို ဂီတရှေ့က မသိမသာကျူးဆိုရတာတွေရှိတယ်။ မှီဆိုတာနဲ့ မှေးဆိုတာ၊ နင်းဆိုတာနဲ့ ချန်ဆိုတာတွေလည်းရှိတယ်။ ဂီတမှာ ဟန်တွေများပြန်တော့ အကွန့်တွေ အလွန့်တွေများပြန်တော့ သောတလင်္ကာရာက မရောက်ဘူးပေါ့။

ဂီတလုလင် ဦးကိုကိုရဲ့ *ပန်းမြိုင်လယ်* အတီးပိုင်းကို ဝေဖန်တာတွေ ရှိခဲ့ပါတယ်။ တချို့က ပြောကြတယ်။ ရိုးရာဂီတကို ဖက်တွယ်ထားတဲ့လူကြီးတွေက မကြိုက်ကြဘူး ဘာညာပေါ့။ အစ်မ သိခဲ့ရသလောက်တော့ အဲသလို မဟုတ်ပါဘူး။ လူကြီးတွေပြောတာက ဆန်းသစ်တဲ့အတွေးအခေါ်နဲ့ ဂီတကို ဖော်ကျူးတာကို လက်ခံတယ်။ သို့သော် ဘယ်လိုကြောင့် ဒီလို အတွဲအဖက်တွေနဲ့တီးရတယ်၊ ဂီတတေးသွားအဖွဲ့ရဲ့ စနစ်သဘောက ဘယ်လိုရှိတယ်ဆိုတာ နောက်လူငယ်တွေ လိုက်တီးနိုင်အောင် ဒါမှမဟုတ် သိအောင် ရှင်းပြဖို့တော့လိုမယ်လို့ ပြောကြတာမျိုးပါ။ သဘောက ဦးကိုကိုတီးခဲ့တဲ့ *ပန်းမြိုင်လယ်* အတီးပိုင်းက ရှင်းလင်းချက်ကို သိချင်ကြတယ်။ လူကြီးတွေက မဟာဂီတကို မွှေနှောက်တီးလို့ မကြိုက်ဘူးလို့တော့ အစ်မသိရသလောက် မရှိပါဘူး။ နောက်လူငယ်တွေက အကျိုးအကြောင်း မသိဘဲ (အတွဲအဖက်တွေကို စနစ်တကျ မသိဘဲ) တီးချင်သလိုတီးကြမှာကို တော့ စိုးရိမ်ကြတာရှိပါတယ်။ အနောက်တိုင်းဂီတအတွဲအဖက်ကို လေ့လာထားသူတွေကျတော့လည်း ဒီအတွဲအဖက်တွေဟာ Internationalized ဖြစ်ရဲ့လားပေါ့။ သိချင်ကြတယ်။ အစ်မကတော့ အဆိုသမားတစ်ယောက်အနေနဲ့ ဒီလောက်ပဲ ပြောနိုင်မှာပေါ့။ ဦးကိုကိုရဲ့ဆန်းသစ်မှုကို အစ်မအနေနဲ့ အတီးပညာရပ်ထောင့်က ပြောဖို့ခက်ပါတယ်။ ဦးကိုကိုကတော့ နှစ်ပေါင်းများစွာ ဂီတနဲ့မွေ့လျော်ခဲ့သူပါ။ အနုပညာပါရမီကြီးသူပီပီ သူ အနှစ်နှစ်အလလ ဆည်းပူးထားတဲ့အထဲက လုပ်ပြချင်တာကို လုပ်ပြတာပဲလို့ အစ်မ ထင်တယ်။ အဆိုအနေနဲ့ ဒေါ်တင်တင်မြကလည်း တည်တည်ငြိမ်ငြိမ် လှလှပပ ဆိုသွားတယ်။ အစ်မ ဘယ်လိုခံစားရသလဲဆိုတော့ တစ်ယောက်က အငြိမ်၊ တစ်ယောက်က အလှုပ်။ ဒီခံစားမှုကို အစ်မ ခံစားရတယ်။ သီချင်းကြီးမှ သီချင်းကြီးရယ်လို့ ရှေးမူ အပျက်မခံဘဲ အသေဆုပ်ကိုင်ထားသူတွေကျတော့လည်း မကြိုက်နိုင်ဘူးလေ။ ဒါတော့ရှိမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com

အစ်မကတော့ *ပန်းမြိုင်လယ်* အတီးမှာ ဆရာ ရွှေပြည်အေးတီးတာကို ပိုကြိုက်တယ်လို့ ငါ့မောင်ကို ပြောဖူးပါတယ်။ ဆရာအေးနဲ့မအေးမိ တွဲတီးတွဲဆိုတဲ့ *ပန်းမြိုင်လယ်*ကို နားထောင်ရင် သိနိုင်ပါတယ်။ အဲဒီအချိန်မှာ မြန်မာ အတီးပညာရှင်တွေက သံမှန်ရယ်၊ ငါးပေါက်ရယ်၊ ခြောက်ပေါက်ရယ်လို့ အသံဘက်က များများတီးကြတဲ့အချိန်။ အကွက်ကိုကြည့်ပြန်တော့ တစ်လျှောက်လုံးကရှိခဲ့တဲ့ ဗမာအကွက်တွေနဲ့ပဲ တီးကြတာများတယ်။ အဲဒီအချိန်မှာ ဆရာအေးက စန္ဒရားခလုတ်တွေကို လက်ချောင်းဆယ်ချောင်းစလုံးနဲ့ထိအောင် တီးသွားတယ်။ အလူးအလိမ့်တွေနဲ့ အသံဝဲကလေးတွေပါထည့်ပြီး တီးတာဆိုတော့ ဆရာအေးရဲ့ Style လို ဖြစ်သွားတယ်။ သီချင်းကြီးကို ဒီလိုတီးလို့လည်း ဖြစ်ပါလားလို့ ဖြစ်လာကြတယ်။ မဟာဂီတကို ခံ့ခံ့တီးနေကြတဲ့ကာလမှာ ဆရာအေးက အကွက်ပြည့်ပြည့် အပူးအခွာ အတိုးအကျယ်တွေနဲ့ မွှေမွှေနှောက်နှောက် တီးပြလိုက်တော့ အသစ်ဖြစ်သွားတယ်။

တူရိယာကထွက်တဲ့အသံကလည်း ပညာရှင်တွေ ဆွေးနွေးရမယ့်အချက်ပဲ။ အသံအနေနဲ့တော့ အနောက်က သံမှန်နဲ့ အစ်မတို့ ဗမာသံစစ်စစ် သံမှန်က တစ်စိတ်လောက် ကွာတယ်လို့ ကြားဖူးတယ်။ ဒါက စန္ဒရားကို အခြေခံပြီးပြောတာ။ သူတို့ စီ(C)နဲ့ အစ်မတို့ စီ(C)က ကွာတယ်ဆိုရင် ဘယ်လောက်ကွာတာလဲ။ ဒါတွေလည်း သုတေသနရှိသင့်တယ်။ ခက်တာက ဗမာသံစီ(C)ခေါ်တဲ့ သံမှန်က ဟောဒီအသံပါလို့ တိတိကျကျခွဲခြားပြနိုင်တဲ့ ရှေးပညာရှင်ကြီးတွေက မရှိကြတော့ဘူး။ စန္ဒရားသံမှာလည်း ဗမာသံအစစ်ကို ညှိပေးနိုင်သူ ရှားသွားပြီ။ အစ်မအိမ်မှာတော့ ဗမာသံနဲ့ ညှိထားတဲ့ ဝါးပတ္တလား အရွက်တစ်စုံရှိတယ်။ သိမ်းထားတာကြာပြီ။

**Key ကကော မမ။ အခုခေတ်မှာ Key ချိန်တယ်ဆိုတဲ့စကား ရှိတယ်။ မူရင်းတေးသံရှင်ရဲ့သီချင်းကို နောက်ဆိုမယ့် တေးသံရှင်က Key အရ လိုက်မတင်နိုင်ရင် သူဆိုနိုင်တဲ့ Key အထိချဆိုတာမျိုးပေါ့။ သီချင်းသစ်ဆိုရင်လည်း တေးသံရှင်ဆိုနိုင်တဲ့ Key နဲ့ ဆိုကြတယ်။ Key ကြောင့် သီချင်းမှာ အရသာ ပြောင်းနိုင်သလား။**

Key ကြောင့်တော့ သီချင်းမှာ ပြဿနာ သိပ်မရှိဘူး။ မရှိဘူးဆိုတာက တေးသံရှင်တစ်ယောက်က သီချင်းဆိုမယ်ဆိုတဲ့အခါ သူ အမြင့်ဆုံးတင်နိုင်တဲ့အသံနဲ့ အနိမ့်ဆုံးကျတဲ့အသံကို တူရိယာနဲ့၊ အတီးနဲ့တွဲပြီး ရှာယူကြတာပါပဲ။ အဆိုတော်တစ်ယောက်နဲ့တစ်ယောက် Key ချင်း မတူနိုင်ဘူးပေါ့။ ဒါကြောင့် Key ကြောင့် အော်နိုင်တယ်၊ အော်နိုင်သေးတယ်၊ များသွားပြီ၊ လျှော့ကြည့်စမ်း စသည်ဖြင့် အော်နိုင်တာ၊ ဆွဲငင်နိုင်တာကို ချိန်ယူတာပဲ ရှိပါတယ်။ Key ကြောင့်တော့ ရသမပျက်ပါဘူး။ အသံလွှင်လွှင်ဖြစ်ရမယ့်အစား Key က ဘယ်သံ သိပ်ကျနေလို့တော့ မကောင်းဘူးပေါ့လေ။ ဟိုတုန်းကတော့ စာရေးဆရာ၊ သီချင်းရေးဆရာတွေက သူတို့ မူတည်ထားတဲ့အသံ ပြောင်းမပေးဘူး။ Key အပြောင်း မခံဘူး။ သူချပေးတဲ့ Key နဲ့ ဆိုတော့ပဲ။ ငါးပေါက်သံသီချင်းကို မချိန်းနဲ့။ ငါးပေါက်သံနဲ့ ရအောင်ဆို။ တချို့ဆိုရင် ဟိုတုန်းက စန္ဒရားခလုတ်က အနက်လုံးတွေ ဖြုတ်ထားတာ ရှိသေးတယ်။ ဗမာသံအစစ်ပဲ ထွက်တာပေါ့။

အစ်မတို့ကျတော့ ရှေးက အဆိုတော်ကြီးတွေဆိုတဲ့သီချင်းကို ပြန်ဆိုရမယ်ဆိုရင် သူ့နဂို Key က ဘာနဲ့ဆိုထားသလဲကြည့်တယ်။ သီချင်းရေးကတည်းက မာမာအေးအတွက် ရေးခဲ့တာ မဟုတ်ဘူးကိုး။ ဟိုတုန်းက အသံကို ဦးစားပေးစပ်တာဆိုတော့ ဆိုမယ့်အဆိုတော်က ရအောင်ဆိုပဲ။ မကြည်အောင်သီချင်း ပြန်ဆိုမယ်ဆိုရင် မကြည်အောင်ရဲ့ Key ပဲ။ အစ်မက အသံပိုအော်နိုင်တော့ အစ်မအသံ အစ်မ Key နဲ့ကိုက်အောင် ပြောင်းယူတယ်။ မူရင်းအဆိုတော်အသံက သြတယ်၊ ဝ တယ်ဆိုရင် အသံစူးသူ၊ အသံလွှင်သူက သူ့ Key နဲ့ ဘယ်ဆိုမလဲ။ Key ပြောင်း ဆိုတယ်။ သဘာဝကျပါတယ်။ တစ်ခါ တလေတော့ မူရင်းအဆိုတော်က ဘယ် သံကျကျနဲ့ဆိုတာကို ကိုယ်ကပါ သူ့ Key နဲ့ လိုက်ဆိုရင် အော်ပေတော့ပဲ။ Key မတူလို့။ အစ်မတို့ဆိုရင် ရုပ်ရှင် ခေတ်တစ်ခေတ်လုံး ကိုယ်ပိုင် Key နဲ့ မဆိုခဲ့ရဘူး။ စန္ဒရားဆရာ တီးတာ မီအောင် လိုက်ဆိုခဲ့ရတယ်။ ဒီသီချင်းက သံမှန်၊ ဒီသီချင်းက ငါးပေါက် သတ် မှတ်ထားရင် အဆိုတော်က ကြေးများ ခွင့်မရှိဘူး။ စန္ဒရားဆရာတီးတဲ့ Key နဲ့ ဆိုကြရတယ်။ Key တွေဘာတွေ ပြောင်းတဲ့စနစ်က အသံလွှင့်ရုံတွေဘာ တွေ ရှိလာတော့မှ အသံနဲ့လိုက်တဲ့ Key တို့ ဘာတို့ရယ်လို့ ရှိလာတာပါ။ အစ်မ ဆိုခဲ့တဲ့ *သက်တန့်ပေါ်မှာကစားမယ်* အီးဖလက်၊ *မေ့ကွက်ကိုရှာ* အီးဖလက် နောက်ပိုင်းခေတ်တွေမှာ တူရိယာပစ္စည်း တွေကလည်း ဆန်းသစ်လာတော့ အဆို တော်တွေ ဆိုရတာ သက်သက်သာသာ ရှိပါတယ်။ အသံဖမ်းစနစ်မှာ အဆိုတော် ရဲ့အသံကို သန့်စင်အောင်၊ အသံထွက် ကောင်းအောင် လုပ်ယူတာမျိုးတွေ တောင် လုပ်နိုင်ကြတယ်။ Echo ပါးပါး ကလေးထည့်တာက အစပေါ့။

**မမနဲ့ကျွန်တော် စကားတွေ ပြောခဲ့ ကြတာ များပြီနော်။ မမကချည်း ပြော တာပါလေ။ အင်မတန်မှလည်း တန်ဖိုး ရှိပါတယ်။ နိုင်ငံကျော် ပြည်သူချစ်သော အနုပညာရှင်ကြီးတစ်ယောက်အနေနဲ့ တစ်နည်းအားဖြင့် မမက တိုင်းပြည်ရဲ့ ပုံရိပ်လည်း ဖြစ်လေတော့ မမရဲ့ ဖြတ် သန်းမှုကို ကြားချင်သိချင်ကြပါတယ်။ မမလည်း အမေရိကန်သွားဦးမှာဆိုတော့ ပြန်လာရင် စကားတွေ ဆက်ချင်ပါသေး တယ်။ မေးချင်တာတွေလည်း ရှိပါ သေးတယ်။ အခုတော့ မမပြောချင်တာ ရှိရင်ပြောပါဦး။**

အစ်မကလည်း သတိရသလောက်



www.burmeseclassic.com

www.burmeseclassic.com

ပြောခဲ့တာတွေဆိုတော့ စကားတွေ ကျန်ကောင်းကျန်မှာပဲ။ အစ်မကိုယ်တိုင်ကလည်း ရေးချင်တာတွေရှိသေးတော့ စကားဝိုင်းမှာ ထည့်မပြောဖြစ်တာတွေလည်းရှိတယ်။ ဘာပဲဖြစ်ဖြစ် အနုပညာရှင်တစ်ယောက်ဟာ ပညာကိုရနိုင်သလောက် ဆည်းပူးဖို့ လိုအပ်ပါတယ်။ ဒါပြောချင်တယ်။ လူငယ်တွေကို ပြောချင်တာ။ အစ်မတို့ကိုယ်တိုင် သီချင်းတွေကို ငယ်ငယ်ကတည်းက ဆိုခဲ့ရတယ်။ ဆရာကြီးတွေလည်း မီခဲ့တယ်။ သူတို့အရွယ်ရကြတော့လည်း အစ်မတတ်စွမ်းသမျှ ကန်တော့ပါတယ်။ ဒါတွေပြောခဲ့ပါပြီ။ အစ်မတို့ ပညာရှာခဲ့တုန်းက ဘယ်ဟာကိုအရင်းခံထားပြီး ပညာရှာမလဲ စ,စဉ်းစားတာ။ ဘာတွေ့သလဲဆိုတော့ အစ်မတို့ အမျိုးသားယဉ်ကျေးမှုဂီတလို့ ပြောနိုင်တဲ့ မဟာဂီတကို သွားတွေ့တယ်။ အဆိုဘက်ကချည်း မဟုတ်ဘဲနဲ့ ပညာရပ်ထောင့်က ချဉ်းကပ်တာမျိုးကို အစ်မသိပ်လုပ်ချင်ခဲ့တယ်။ စာတွေလည်း ဖတ်တယ်ဆိုတော့ ရှေးက ခက်ဆစ်လို ပေါရာဏဝေါဟာရတွေကိုများတွေ့ရင် ဒါဘယ်မဟာဂီတသီချင်းထဲမှာ သုံးတဲ့ စကားလုံးပဲ၊ သူ့အဓိပ္ပာယ်က ဒီလိုဆိုတာပါလား စသည်ဖြင့် သိလာတယ်။ သိလာတော့ သီချင်းလေဖြစ်လာတယ်။ စကားလုံးတွေရဲ့အလှ၊ အသုံးအနှုန်းတွေရဲ့ အလှတွေပေါ့။ အဲဒါကိုက အရသာရှိနေတာ ငါ့မောင်ရဲ့။ စကားလုံးရဲ့နောက်ခံသဘောကို ရှာဖွေရတာကပဲ စိတ်ဝင်စားစရာကိုး။

အစ်မဆိုရင် ငယ်ငယ်ကတည်းက ရနိုင်သမျှရှာတယ်၊ မေးတယ်၊ ဆည်းပူးတယ်။ *မန်းရာပြည့်* သီချင်းတွေဘာတွေ ဆိုပြီးတော့ အစ်မ မဟာဂီတနဲ့ ပတ်သက်လို့ ဆရာရှာတယ်။ ဆရာကြီး စောင်းဦးဘသန်းဆီမှာ အဆိုပညာယူခဲ့တာ အစ်မ ပြောခဲ့ပါပြီ။ ဆရာ့ဆီမှာ မဟာဂီတသီချင်းတွေတက်တဲ့အခါ ဆရာက သင်ရိုးကို စသင်ပေးတယ်။ အစ်မက ဆရာ့ကို ပြန်ပြောတယ်။ ဆရာကလည်း သင်ရိုးက စတာလား၊ သင်ရိုးတွေသင်ပေးရတုန်းလားလို့ မေးမိတယ်။ သင်ရိုးတွေက အခြေခံတွေဆိုတော့ တစ်ခေါက်လောက် အတီးနဲ့ဘာနဲ့ချလိုက်ရင် ချက်ချင်းရတာကိုး။ အစ်မက အဲသလို စရတာကို ပျင်းတယ်။ ဒါပေမဲ့ သင်ရိုးမှာ စည်းဝါးအဝင်အထွက်တွေရှိတာ သတိမထားမိဘူး။ အစ်မက ဘာစဉ်းစားတုန်းဆိုတော့ ဆိုကွက်ဆိုခွင်ကောင်းတဲ့ မဟာဂီတသီချင်းတွေ ဆိုချင်တာလေ။ ပတ်ပျိုးလို၊ ယိုးဒယားလိုသီချင်းတွေ တန်းတက်ချင်တာ။ ဆရာက အဆင့်ကျော်ပြီး တက်မပေးဘူး။ ဆရာက ဘာပြောသလဲဆိုတော့ နင်က အသက် ဒီလောက်ပဲနေမှာ လားတဲ့။ နင်သီချင်းပဲဆိုမှာလား၊ ဆရာကော မလုပ်တော့ဘူးလားတဲ့။ ငါလည်း ငယ်ငယ်က တပည့်ပဲ။ အခု ငါ အသက်ကြီးလာတော့ နင်ငါ့ဆီ လာသင်ရပြီ မဟုတ်လားတဲ့။ ကြီးလာတော့ နင်လည်း ဆရာဖြစ်ရဦးမှာပဲတဲ့။ တပည့်ဘဝတုန်းက အောက်သက်မကျေခဲ့ရင် ကြီးလာတော့ ဘယ်လိုလုပ် ဆရာကောင်း ဖြစ်မှာလဲတဲ့။ အခု မဟာဂီတသီချင်းတွေ နင်ဆိုဖို့ သင်ပေးနေတာ မဟုတ်ဘူး၊ နင်ကြီးရင် ပြန်သင်နိုင်ဖို့ အခု ငါက သင်ပေးတာလို့ ပြောလိုက်တော့ အစ်မလေ ဆရာ့ကို ကြည်ညိုလိုက်တာ မပြောပါနဲ့တော့။ ဆရာက ကိုယ့်အလှည့်မှာ ပြန်သင်ပေးရမယ့် ဝတ္တရားတစ်ခုရှိတယ်၊ အတတ်ပညာနဲ့ ပတ်သက်ရင် အဲဒီဝတ္တရားကို ဆောင်ယူရမယ်လို့ ပြောလိုက်တာလေ။ ဒါမှ ဂီတခရီးလမ်းဟာ တစ်လျှောက်လုံး ဝေဝေဆာဆာရှိမှာပေါ့။ ခါးဆက်မပြတ်မှာပေါ့။ ဟုတ်တယ်နော်။ အဲဒီတော့မှ အစ်မ ဆရာသင်ပေးသမျှကို လေးလေး နက်နက်ခံယူပြီး တက်ယူတယ်။ ပြောချင်တာက ဆရာတို့က အဲဒီလိုစိတ်နဲ့ ပညာကို ဆည်းပူးခဲ့ကြတယ်ဆိုပါတော့ ငါ့မောင်ရယ်။

အစ်မလည်း သီချင်းတွေ သင်ပေးတဲ့အခါ ကလေးတွေရင်ထဲ ရောက်အောင်၊ နှလုံးသားထဲရောက်အောင် သင်ပေးနိုင်ခဲ့တယ်။ အစ်မက ဘယ်လိုစဉ်းစားမိသလဲဆိုတော့ အမေကြီးဒေါ်အောင်ကြည့်ဆီမှာ အစ်မ သီချင်းကြီးတက်တဲ့အခါ အမေကြီးက ခေါင်းကလေးတုန်တုန်၊ အသံကလေးတုန်တုန်နဲ့ တက်ပေးတာကိုး။ အမေကြီးကို ကြည့်ပြီး ဒီအရွယ်အထိ မဟာဂီတသီချင်းတွေကို သင်ကြားပေးနေတဲ့စိတ်စေတနာကို လေးစားမိတယ်။ အစ်မက ဘယ်လိုစဉ်းစားမိသလဲဆိုတော့ ငါလည်း အရွယ်ရှိတုန်း ပညာပေးမှ သင်ယူသူကို အသံပြည့်ပေးနိုင်မယ်။ အရွယ်ကြီးမှပညာပေးရရင် အမေကြီးလို ပင်ပန်းရှာမယ်လို့ တွေးမိလို့ လူငယ်တွေကို အစ်မ အရွယ်ရှိတုန်း သင်ပေးနေတာပါ။ အားတဲ့အချိန်မှာ အစ်မတတ်သလောက် သိသလောက် သင်ပေးနေတယ်။ အစ်မမှာ အသံရှိတုန်း သင်ပေးတာဆိုတော့ ကိုယ်ပေးချင်တဲ့အသံကို ရောက်တယ်၊ အဆွဲအငင် တိတိကျကျရှိတယ်။ ဒီသဘောလေးနဲ့ ပညာကို ခါးဆက် မပြတ်အောင် ဝတ္တရားရှိတယ်လို့ သဘောထားပြီး သင်ပေးနေတာပါ။

**ကျေးဇူးတင်ပါတယ်မမရယ်။ အမေရိကားက ပြန်တော့ မောင်နှမနှစ်ယောက် ဒုတိယပိုင်း ဆက်ကြသေးတာပေါ့။ ကျွန်တော့်မှာ မေးချင်တာတွေ ရှိသေးလို့ပါ။**

အေးပါ။ အစ်မလည်း မကြာပါဘူး။

**ကျေးဇူးစကား ။ ။**

*မမအေးက အစ်မလည်း မကြာပါဘူးဆိုခဲ့ပေမဲ့ အမေရိကားမှာ ၁၅ နှစ်ကြာခဲ့ပါတယ်။ အမေရိကားမသွားခင် ကျွန်တော်မေးသမျှ စိတ်ရှည်လက်ရှည် ဖြေကြားပေးခဲ့တဲ့ မမအေးနဲ့ ဒီအင်တာဗျူးကို (၁၃)လတိုင်တိုင် ဖော်ပြပေးတဲ့ ရွှေအမြုတေမဂ္ဂဇင်း အယ်ဒီတာချုပ် ဦးဝင်းငြိမ်းနဲ့ အယ်ဒီတာအဖွဲ့ဝင်များကို ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါတယ်။*

■

နေဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



The Spy Who Came in from the Cold ဇာတ်ကားမှ ရစ်ချတ်ဘာတန်ရဲ့သရုပ်ဆောင်မှု



www.burmeseclassic.com

သူတို့နှစ်ယောက်
စတွေ့ဆုံအကြိမ်
ခုံစည်းမှုအဖြစ်
၁၉၆၅ ခုနှစ်
ဇန်နဝါရီလမှာ
ဒါရိုက်တာ
မာတင်ရစ်
ရိုက်ကူးတဲ့
The Spy Who Came
in from the Cold
ဇာတ်ကားမှာ
ခုံစည်းကြပါတယ်

ယခင်လမှအဆက်...
ကလယ်ရာနဲ့ ဘာတန်တို့
ပထမအကြိမ်
ချစ်ကြိုးသွယ်ကြစဉ်တုန်းကဆိုရင်
ဘာတန်ဟာ ဟောလိဝုဒ်မှာ
အမျိုးသမီးသရုပ်ဆောင်များရဲ့
အသည်းကျော်ဆိုတဲ့ ဘွဲ့ထူးကို
ရရှိနေချိန်ဖြစ်ပါတယ်။
သူတို့နှစ်ယောက်
ကလယ်ရာရဲ့မိခင်အိမ်မှာပဲ
ဆုံတွေ့ကြတာပါ။ ဘာတန်က
ညလူခြေတိတ်ချိန်မှာ ရောက်လာပြီး
မနက်အရုဏ်မတက်ခင်
ကလယ်ရာရဲ့မိခင်အိမ်ကနေ
ပြန်လည်ထွက်ခွာလေ့ရှိပါတယ်။
တစ်ခါတလေမှာတော့
သူတို့နှစ်ယောက် ရိုက်ကွင်းပေါ်က
အဝတ်လဲခန်းများထဲမှာ
ချစ်ရည်လူးနေကြတာကိုလည်း

ကိုယ့်ရင်ထဲမှာ အဲဒီလို
ခံစားချက်မဖြစ်ပေါ်ဖူးဘူး။
မင်းနဲ့တွေ့တော့မှ
ကိုယ့်ခံစားချက်တွေဟာ
လုံးလုံးပြောင်းလဲသွားခဲ့တယ်။
ဒီလိုပြောင်းလဲသွားခြင်းဟာ
ကိုယ် ရင့်ကျက်လာပြီလို့
ပြောရမယ်ထင်ပါတယ်' လို့
ရေးခဲ့ပါတယ်။ ဘာတန်
ရေးခဲ့တဲ့စာများကို ကလယ်ရာက
ရုပ်ရှင်မင်းသား ရော့ဒ်စတီဂါနဲ့
လက်မထပ်ခင်တစ်ညနေမှာ
မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ သူ
လက်ထပ်လိုက်တဲ့ ရော့ဒ်ဟာလည်း
ဘာတန်လို ရုပ်ခပ်ကြမ်းကြမ်းနဲ့
မိန်းမပွေသူတစ်ဦးပဲ ဖြစ်ပါတယ်။
နောက် ၅ နှစ်လုံးလုံး ဘာတန်နဲ့
ကလယ်ရာတို့ဟာ မကြာခဏဆိုသလို
ဆုံတွေ့လေ့ရှိပါတယ်။

# ရမ္မက်ဇော

ဝင်းငြိမ်း

တွေ့ကြရပါတယ်။ My Cousin
Rachel ရုပ်ရှင်ဇာတ်ကားကို
အိုလီဗီယာဒီဟာဗီလဲန်းနဲ့
တွဲဖက်ရိုက်ကူးဖို့အတွက်
ဘာတန်နဲ့စစ်ဘဲလ်တို့ ဟောလိဝုဒ်မှ
ထွက်ခွာရချိန်မှာလည်း
ကလယ်ရာနဲ့ ချစ်သဝဏ်လွှာတွေ
အပြန်အလှန်ပေးပို့ခဲ့ကြပါတယ်။
တစ်ခါတလေမှာ
ဘာတန်က တစ်နေ့တည်း
နှစ်စောင်လောက်ရေးတတ်ပါတယ်။
စာတစ်စောင်မှာ ဘာတန်က
'ကိုယ် တခြားဘယ်မိန်းမကိုမှ
ကြည့်တောင်မကြည့်ဖြစ်တော့ဘူး။
မင်းနဲ့ မတွေ့ခင်ကဆိုရင်

ချစ်သူတစ်ယောက်အနေနဲ့
ကလယ်ရာက 'ဘာတန်ဟာ
ကြင်နာတတ်သူတစ်ဦးဖြစ်ပြီး
မျှမျှတတ တွေးခေါ်တတ်သူလည်း
ဖြစ်တယ်' လို့ မှတ်ချက်ပြုပါတယ်။
အဲဒီကာလတုန်းက
ကလယ်ရာဟာ အသက် ၂၀
ဝန်းကျင်သာရှိသေးပြီး
သူ ချစ်မိတဲ့ဘာတန်က ဇနီးဖြစ်သူ
စစ်ဘဲလ်ကို ဘယ်တော့မှစွန့်ပစ်မှာ
မဟုတ်ဘူးဆိုတာ သိသိကြီးနဲ့
ချစ်မိခဲ့တာဖြစ်ပေမဲ့ ကြာရှည်မှာတော့
ခံနိုင်ရည်မရှိတော့ပါဘူး။
သူတို့နှစ်ဦးရဲ့မေတ္တာဇာတ်လမ်း
အဆုံးသတ်ခဲ့ပေမဲ့ ကလယ်ရာက


www.burmeseclassic.com



The Spy Who Came in from the Cold ဇာတ်ကားမှ ကလယ်ရာနဲ့ ဘာတန်

ဘာတန်သည်သာ သူ့ဘဝမှာ အချစ်ဆုံး ယောကျ်ားတစ်ယောက်ဖြစ်သလို ဘဝတစ်ခုလုံးကို ပုံအပ်ရဲတဲ့သူလည်း ဖြစ်တယ်လို့ရေးခဲ့ဖူးပါတယ်။ ဘာတန်ရဲ့အထိအတွေ့၊ စိတ်နှလုံး၊ အသံတို့ကို ကြားနေသိနေရရင် သူ့အတွက် ပျော်စရာအတိဖြစ်ပြီး ဘာတန်ပေးတဲ့ချစ်သက်လက်ဆောင်များဟာလည်း သူမအတွက် ဂုဏ်ယူစရာဖြစ်တယ်လို့လည်း ကလယ်ရာက ပွင့်ပွင့်လင်းလင်း ဆိုခဲ့ပါတယ်။

ဒါပေမဲ့ ဒါရိုက်တာ တိုနီရစ်ချတ်ဆန် ရိုက်ကူးတဲ့ Look Back in Anger ဇာတ်ကားမှာ သူတို့နှစ်ယောက် ပြန်လည်ဆုံစည်းကြချိန်မှာတော့ ကလယ်ရာရဲ့ခံစားချက်တွေက ပြောင်းလဲသွားခဲ့ပါပြီ။ ဒီဇာတ်ကားမှာ ဘာတန်က ဒေါသကြီးတဲ့ ဂျင်မီပေါ်တာ အမည်ရှိလူငယ်တစ်ယောက်အဖြစ် သရုပ်ဆောင်ရပြီး ကလယ်ရာက ဂျင်မီရဲ့ချစ်သူဟယ်လီနာ အဖြစ် သရုပ်ဆောင်ရပါတယ်။ ဒီကားမရိုက်ခင် ၁၉၅၇ ခုနှစ်တုန်းက Time Remembered ဇာတ်ကားကို နယူးယောက်မှာ ရိုက်ကူးခဲ့ပါတယ်။ အဲဒီဇာတ်ကားမှာ မင်းသမီးငယ်ကလေးတစ်လက်ဖြစ်တဲ့ ဆူဇန်စတားစ်ဘာ့ဂ်နဲ့ တွဲဖက်သရုပ်ဆောင်ရင်း မေတ္တာဇာတ်လမ်း ရှိခဲ့ဖူးပါတယ်။ အခု




ဘာတန်နဲ့ ကလယ်ရာတို့ ပြန်လည်ဆုံစည်းကြချိန်မှာ ကလယ်ရာက သူ့အနေနဲ့ ဘာတန်ရဲ့ရင်ခွင်မှာ အလွယ်တကူ ပြန်လည်ခိုဝင်နိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ပါတယ်။ ဆူဇန်က ဘာတန်နဲ့ ဇာတ်လမ်းအဆုံးသတ်ချိန်မှာ သူမအနေနဲ့ အိမ်ထောင်လက်ရှိဖြစ်တဲ့အပြင် တွေ့သမျှအမျိုးသမီးဇာတ်ဆောင်များကို မလွတ်တမ်းချစ်ကြိုးသွယ်နေတဲ့ ဘာတန်ကို မေ့လိုက်ပြီဖြစ်ကြောင်း စာရေးသားပြီး အဆက်အသွယ် ဖြတ်ခဲ့ပါတယ်။ သူမဘာကြောင့် အဆက်အသွယ်ဖြတ်တယ်ဆိုတာကို နောင်မှာ ရေးသားထုတ်ဝေလိုက်တဲ့ Time Remembered စာအုပ်မှာ ဆူဇန်က သူမကိုယ်တိုင် ရေချိုးခန်းထဲမှာပုန်းပြီး ကလယ်ရာနဲ့ ဘာတန်တို့ရဲ့ချစ်ပွဲဝင်ခန်းကို ကြည့်ခဲ့ရတာကြောင့် ဘာတန်ကို ရွံမုန်းသွားခဲ့ခြင်းဖြစ်ကြောင်း ဖွင့်ဟရေးသားခဲ့ပါတယ်။ ဒီမြင်ကွင်း... ဆူဇန် မြင်တွေ့ခွင့်ရခဲ့ချိန်က အသ... ၁၉ နှစ်သာ ရှိပါသေးတယ်။ ကလ... ရာကတော့ ဘယ်သူတွေ ဘာပဲပြ... ပြော ဘာတန်ဟာ ကျရာဇာတ်ရုပ်... ပီပြင်အောင် သရုပ်ဆောင်နိုင်စွမ်းရှိ... သူတစ်ဦးအဖြစ် မွေးဖွားလာခဲ့ခြင်း ဖြ... တယ်လို့ မှတ်ချက်ပြုပါတယ်။

ဇာတ်ကောင်ဖြစ်တဲ့ ဂျင်မီအဖြ... သရုပ်ဆောင်ရာမှာ ဘာတန်က ... ပွားရေးကပ်ဆိုးကြီး ဆိုက်ရော... ချိန်မှာ သူ့မိသားစု ခံစားခဲ့ရ... ဆင်းရဲမွဲတေမှု၊ သူ့အစ်ကိုတွေ ... လပြည်နယ်က ကျောက်မီးသွေး... တွင်းများထဲမှာ နှစ်ရှည်လများ... လုပ်ကိုင်ရတဲ့အတွက် မကျန်းမမာ... ဖြစ်ခဲ့တာတွေကို ပြန်ပြောင်းသတိ... ရပုံရပါတယ်။ ဘာတန်ဟာ လက်... ရှိအခြေအနေမှာ ဘယ်လောက်... ချမ်းသာချမ်းသာ တစ်ချိန်တုန်းက... သူ့မိသားစု ဆင်းရဲမွဲတေခဲ့တာကို... ဘယ်တော့မှ မမေ့တဲ့သူဖြစ်ပါ... တယ်။ ကျွန်မစိတ်ထင် ပြောရရင်... ဘာတန်ရဲ့မျက်နှာပေါ်မှာ သူ့မိသား... စုအတွက် ဝမ်းနည်းကြေကွဲမှုခံစား... ရတာတွေ အမြဲတစေ ပေါ်လွင်နေ... တယ်လို့ ထင်ပါတယ်။ ဒါကြောင့်... လည်း သူ့သရုပ်ဆောင်မှုတွေဟာ... အောင်မြင်နေတာလည်း ဖြစ်နိုင်ပါ... တယ်။

လို့ ကလယ်ရာက သူ့မှတ်တမ်း... စာအုပ်မှာ ရေးသားခဲ့ပါတယ်။

သူတို့နှစ်ယောက် စတုတ္ထအကြိမ်... ဆုံစည်းမှုအဖြစ် ၁၉၆၅ ခုနှစ် ဇန်နဝါရီ... လမှာ ဒါရိုက်တာ မာတင်ရစ် ရိုက်ကူး... တဲ့ The Spy Who Came in from the Cold ဇာတ်ကားမှာ ဆုံစည်းကြပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားကို လန်ဒန်မြို့က... ရှက်ပါတန် စတူဒီယိုမှာ ရိုက်ကူးတာ... ပါ။ တချို့ဇာတ်ဝင်ခန်းများကိုတော့... ဒပ်ဗလင်မှာ ရိုက်ကူးခဲ့ပါတယ်။ ဒီတ... ကြိမ် ဆုံစည်းရာမှာတော့ ကလယ်ရာ... ဘာတန်ဟာ ပြောင်းလဲသွားခဲ့ပြီလို့ သုံး...



www.burmeseclassic.com

သပ်ပါတယ်။ ၁၉၆၅ ခုနှစ်မှာ ဘာတန်ဟာ ကမ္ဘာကျော်မင်းသားတစ်လက် ဖြစ်နေခဲ့ပြီး သူ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ သရုပ်ဆောင်အလုပ်မှာ ဝင်ငွေအကောင်းဆုံး ဖြစ်နေခဲ့ပါပြီ။ အဲဒါအပြင် ကမ္ဘာပေါ်မှာ အချောဆုံး မိန်းမတစ်ဦးလို့ တင်စားခံရတဲ့ လစ်ဇ်တေလာနဲ့လည်း လက်ထပ်ပြီးဖြစ်တာကြောင့် သူ့ဘဝဟာ အစစပြည့်စုံနေခဲ့ပါပြီ။ ဒါပေမဲ့ ကလယ်ရာက ဘာတန်ဟာ



ဘာတန်နဲ့ လစ်ဇ်

သူ မျှော်မှန်းခဲ့သလောက်တော့ အောင်မြင်မှုမရသေးဘူးလို့ အတင်းအဖျင်းများရေးတဲ့ သတင်းထောက်တစ်ဦးဖြစ်သူ သျှီလာဂရေဟာမ်သို့ ပြောကြားခဲ့ပါတယ်။ 'ဘာတန်က ပြောင်းလဲသွားပြီဆိုပေမဲ့ အားလုံးပြောင်းလဲတာတော့ မဟုတ်ပါဘူး။ ရုပ်ပိုင်းဆိုင်ရာသာ ပြောင်းလဲတာပါ။ အရက်သောက်တာက အရင်အတိုင်း၊ ကြွားတာဝါတာကလည်း အရင်အတိုင်း၊ ရိုက်ကွင်းပေါ် နောက်ကျတာကလည်း ဒီလိုပဲ။ ရှိတ်စပီးယားရဲ့ ကဗျာတွေကို ရွတ်ဆိုနေတာကလည်း မပြောင်းလဲသလို အသက် ၂၃ နှစ်အရွယ်တုန်းကအတိုင်း သူ့ရဲ့ချစ်ပုံပြင်တွေ ပြောနေတုန်းပါပဲ။ သူဟာ အင်မတန်ကြီးကျယ်တဲ့ငွေကြယ်တစ်ပွင့် ဖြစ်လာပေမဲ့ သရုပ်ဆောင်ကောင်းတစ်ဦးတော့ ဖြစ်မလာသေးပါဘူး။ ငွေကြယ်ပွင့်နဲ့ သရုပ်ဆောင်ဆိုတာကို သူ ကွဲကွဲပြားပြား နားမလည်သေးဘူး'လို့ ပြောခဲ့တာပါ။

ဒါရိုက်တာ မာတင်ရစ်၊ ကလယ်ရာဘလူးမ်တို့နဲ့ လန်ဒန်မှာ နေ့လယ်စာစားရင်း ရုပ်ရှင်ဇာတ်ကားအကြောင်း ဆွေးနွေးဖြစ်ခဲ့တဲ့ ဘာတန်က သားရေဖုံးသူ့ဒိုင်ယာရီစာအုပ်မှာ 'ကလယ်ရာကို ကြည့်ရတာ စိတ်လှုပ်ရှားနေပုံရတယ်။ ဒါပေမဲ့ အဆင်ပြေပါတယ်'လို့ မှတ်တမ်းတင်ခဲ့ပါတယ်။ တကယ့်ပြဿနာက ကလယ်ရာဆီက တက်လာတာမဟုတ်ဘဲ လစ်ဇ်ထံမှ ဖြစ်ပါတယ်။ ဘာတန်နဲ့ ပတ်သက်လာရင် သဝန်တိုတတ်တဲ့ လစ်ဇ်ပါ။ ဇာတ်လမ်းထဲမှာ ကလယ်ရာရဲ့ဇာတ်ကောင်နာမည်က 'လစ်ဇ်' ဖြစ်ပေမဲ့ ဘာတန်ရဲ့ကမ္ဘာကျော်ဇနီးသည် နာမည်နဲ့တူနေတာကြောင့် ဇာတ်ကောင်နာမည်ကို 'နန်း'လို့ ပြောင်းခဲ့ကြရပါတယ်။ တကယ်တော့ ဒီဇာတ်ကို လစ်ဇ်တေလာနဲ့ ရိုက်ဖို့ စိတ်ကူးခဲ့တာကြောင့် ဇာတ်ကောင်နာမည်ကို 'လစ်ဇ်'လို့ သုံးခဲ့တာဖြစ်ပြီး ဇာတ်လမ်းမှာ မင်းသမီးဇာတ်ထက် မင်းသားဇာတ်ဖြစ်နေတာကြောင့် လစ်ဇ်တေလာနဲ့ မရိုက်ဖြစ်ခဲ့ခြင်းပါ။

ရုပ်ရှင်ဇာတ်ကား ရိုက်ကူးနေစဉ်အတွင်းမှာ ကလယ်ရာက 'လစ်ဇ်အနေနဲ့ ကျွန်မနဲ့ဘာတန် ပြန်လည်ဆုံစည်းမိတာကို တော်တော်ကြီး စိတ်ပျက်နေပုံရတယ်'လို့ ဆိုခဲ့ပါတယ်။ 'အထူးသဖြင့် ဘာတန်နဲ့ကျွန်မ နှစ်ယောက်တွဲရိုက်ရတဲ့ ဇာတ်ဝင်ခန်းတွေ ရိုက်ပြီဆိုရင် သူက ရိုက်ကွင်းပေါ်ကို ရောက်နေတယ်။ ပူးပူးကပ်ကပ် အခန်းဆိုရင် လစ်ဇ်က 'ရစ်ချတ်'လို့ တစ်ခွန်းခေါ်လိုက်တာနဲ့ ဘာတန်ကလည်း သူ့မယားနား ရောက်သွားပြီ။ အဲဒါကြောင့် ကျွန်မ သရုပ်ဆောင်ရတာ တော်တော်ကသိကအောက်နိုင်တယ်'လို့လည်း ကလယ်ရာက ဆိုခဲ့ပါတယ်။ လစ်ဇ်ရဲ့ရင်ထဲမှာ ဘာတန်ဟာ တစ်ခါတုန်းက ချစ်ခဲ့ဖူးတဲ့ မိန်းကလေးနဲ့ ပြန်ပြီးများ ချစ်ကြိုးသွယ်သွားလေမလားလို့ စိုးရိမ်စိတ်တွေ လွှမ်းကဲနေပုံရပါတယ်။ ဒီလိုဆိုရင် လစ်ဇ်ဟာ ဘာတန်အပေါ်မှာ လုံးဝဥဿုံယုံကြည်စိတ်ထားပုံမရသေးပါဘူး။

ကလယ်ရာက ဘာတန် အရက်တွေပိုသောက်လာခြင်းဟာ လစ်ဇ်ရဲ့ အမိန့်သြဇာတွေကြားမှာ မလူးသာမလွန့်သာဖြစ်နေလို့လည်း ဖြစ်နိုင်တယ်လို့ သုံးသပ်ပါတယ်။ တစ်ချိန်တုန်းက ကျောက်မီးသွေးတွင်းတူးသမားရဲ့သားပီသစွာ ခန္ဓာကိုယ်ပေါ်မှာ ကျစ်လျစ်ခိုင်မာတဲ့ ကြွက်သားတွေ ရှိခဲ့ဖူးပေမဲ့ သူနဲ့ စတုတ္ထအကြိမ် ပြန်ဆုံတဲ့အချိန်မှာတော့ ဒီကြွက်သားတွေလည်း မရှိတော့ဘူးလို့ ဆိုပါတယ်။ ရိုက်ကွင်းပေါ်မှာ ရှိတဲ့ စာရေးဆရာ ဖရန့်ခ်ဒီလာနီကတော့ ဘာတန်ရဲ့ကဗျာရွတ်ဆိုနိုင်စွမ်းတွေကို အမြဲချီးကျူးခဲ့ပါတယ်။ ရှိတ်စပီးယားရဲ့ ကဗျာများသာမက Ulysses ဇာတ်ကားရဲ့အဖွင့်ကဗျာတွေကိုလည်း မမေ့မလျော့ ရွတ်ဆိုပြနိုင်တာကို ချီးကျူးခဲ့ပါတယ်။ ဘာတန်က ကမ္ဘာကျော် ရုပ်ရှင်မင်းသားဖြစ်နေသော်ငြားလည်း ဇနီးဖြစ်သူက သူ့ထက်အောင်မြင်တဲ့ ကမ္ဘာကျော်ရုပ်ရှင်မင်းသမီးတစ်လက် ဖြစ်နေခြင်းကိုက သူ မကျော်လွှားနိုင်တဲ့ အချက်တစ်ခု ဖြစ်ခဲ့ပါတယ်။

ရုပ်ရှင်ရိုက်ကူးရေး ရုပ်နားထား

www.burmeseclassic.com

ချိန် ဘာတန်က သူ့ဆွေမျိုးများနဲ့တွေ့ဖို့ ဝေလပြည်နယ်ကို သွားခဲ့ပါတယ်။ အမျိုးတွေနဲ့ တွေ့လိုက်ရင် သူ့စိတ်ခတ်ခွန်အားတွေ ပြန်လည်တက်ကြွလာခြင်းကြောင့်ပါ။ သူတို့နှစ်ယောက် Cardiff Arms Park မှာရှိတဲ့ Queens ဟိုတယ်မှာ တည်းခိုကြပါတယ်။ လစ်ဇ်က ဝေလပြည်နယ်သားတို့အကြိုက် အနီရောင်ဝတ်စုံကို ဝတ်ဆင်ပြီး ရပ်ဘီပွဲကို သွားခဲ့ကြပါတယ်။ အဲဒီပွဲမှာ ဝေလပြည်နယ်အသင်းက အင်္ဂလန်အသင်းကို နိုင်လိုက်တဲ့အတွက် အားလုံးပျော်ခဲ့ကြပါတယ်။ ဒါကြောင့် ဝေလပြည်နယ်ရဲ့နိုင်ငံတော်သီချင်းဖြစ်တဲ့ Cwm Rhondda ကို သီဆိုတဲ့အခါ သူတို့နှစ်ယောက်လည်း ပျော်ပျော်ပါးပါးဆင်နွှဲခဲ့ကြပါတယ်။ အဲဒီလိုအပျော်အပါးတွေနဲ့ ညနေခင်းကို ဖြတ်သန်းခဲ့ကြပြီး ဟိုတယ်ကို ပြန်လာချိန်မှာတော့ ဝေလပြည်နယ်အသင်းရဲ့ အောင်မြင်မှုကို ဆက်လက်အောင်ပွဲခံလိုကြတဲ့ ပရိသတ်များက သူတို့ကို စောင့်ကြိုနေကြပါတယ်။ သူတို့ဇနီးမောင်နှံနဲ့အတူ ညီဖြစ်တဲ့ ဂရေဟာမ်ဂျန်ကင်စ်လည်း လိုက်ပါလာခဲ့တာပါ။ နောင်မှာ ဂရေဟာမ်က ပြန်ပြောပြတာကတော့ 'ကျွန်တော် ကြုံဖူးသမျှထဲမှာတော့ ကြောက်စရာကောင်းလောက်အောင် ပရိသတ်တွေရဲ့သောင်းကျန်းမှုကို သူတို့နှစ်ယောက် ခံလိုက်ကြရတယ်။ ဘယ်သူမှလည်း မထိန်းနိုင်ကြဘူး။ ကျွန်တော်အပါအဝင် သုံးယောက်စလုံး ပရိသတ်ကြားကနေ တိုးမထွက်နိုင်ခဲ့ကြဘူး' လို့ ပြောပြခဲ့ပါတယ်။ ဘာတန်တို့လင်မယားအနေနဲ့ကတော့ ဒီလိုပရိသတ်တွေနဲ့ ကြုံခဲ့ဆုံခဲ့ရတာတွေ များခဲ့ပါပြီ။ သူတို့ကို ဝေလရပ်ဘီကစားသမားတစ်ဦးဖြစ်တဲ့ ဟောဒန်က မီးဖိုခန်းကတစ်ဆင့် ဟိုတယ်အတွင်းကိုဝင်ပြီး ကယ်ထုတ်ခဲ့ရပါတယ်။

Port Talbot မှာလည်း ဘာတန်က သူ့ဇနီးချောကို ဂုဏ်ယူဝင့်ကြွားစွာနဲ့ မိုင်းလုပ်သားများ အပန်းဖြေသောက်စားလေ့ရှိတဲ့ စားသောက်ဆိုင်ဘက်ကို ခေါ်သွားခဲ့ပါတယ်။ စားသောက်ဆိုင်ထဲမှာရှိနေတဲ့ မိုင်းတူးသမားတစ်ဦးက အားမလိုအားမရစိတ်နဲ့ လစ်ဇ်ကို ဆိတ်ကြည့်လိုက်ပါတယ်။ လက်မနှေးတဲ့ လစ်ဇ်ကလည်း ဘာတန်ကိုတောင် တိုင်မနေတော့ဘဲ သူကိုယ်တိုင်လှည့်ပြီး ဆိတ်လိုက်သူရဲ့မျက်နှာတည့်တည့်ကို လက်သီးနဲ့ ထိုးလိုက်ပါတယ်။ ဇနီးသည်ရဲ့လှုပ်ရှားမှုကို လျှပ်တစ်ပြက်မြင်လိုက်ရတဲ့ ဘာတန်က သဘောကျလို့ မဆုံးပါဘူး။ တစ်ဆိုင်လုံးလည်း အုန်းအုန်းကျွတ်ကျွတ်ရယ်မောခဲ့ကြပါတယ်။ လစ်ဇ်က ခင်ပွန်းရဲ့အမျိုးအနွယ်တွေဖြစ်တဲ့ ဝေလပြည်နယ်သားတွေကို ချစ်ခင်စိတ်ရှိပါတယ်။ ဝေလပြည်နယ်မှာနေရရင် ကိုယ့်အိမ်ကိုယ့်ယာမှာနေရသလိုစိတ်အေးလက်အေးလည်း ရှိပါသတဲ့။ နေရပ်အတည်တကျမရှိတဲ့လစ်ဇ်အတွက် ပွဲတော်ဗာလထရာမှာ နေရတာဟာ ကိုယ့်အိမ်ကိုယ့်ယာလို ဖြစ်တယ်လို့ ဆိုပါတယ်။

ထုံးစံအတိုင်း ဒီခရီးမှာလည်း ဘာတန်ရဲ့အမျိုးတွေအတွက် လက်ဆောင်ပစ္စည်းများစွာ ဝယ်ယူသွားခဲ့ပါတယ်။ လစ်ဇ်က တစ်ပွေ့တစ်ပိုက်အဝတ်အစားတွေ၊ ဘော်ကြယ်ထိုးထားတဲ့ မင်းသမီးများသာဝတ်စားတဲ့ ဝတ်စုံတွေ၊ အမွေးအကြိုင်ပစ္စည်းတွေကို ဝယ်ယူသွားခဲ့ပါတယ်။ ဘာတန်ရဲ့အစ်မတစ်ဦးဖြစ်တဲ့ ဟီလ်ဒါအိုဝင်စ်က အမှတ်တရပြန်ပြောပြရာမှာ 'သူတို့လင်မယားလာရင် ကျွန်မတို့ဆွေမျိုးတစ်စုသာမက တစ်ရွာလုံးအတွက် ပွဲတစ်ခုလိုပါပဲ။ အင်္ဂလန်နိုင်ငံရဲ့ BBC အသံလွှင့်ဌာနကသာမက တခြားရုပ်မြင်သံကြားအစီအစဉ်တွေလည်း ရောက်လာကြတာကြောင့် ရွာမှာ စည်ကားနေတာပေါ့။ တချို့ဆိုရင် အနီးအပါးမြို့ရွာတွေကနေ တကူးတက ဘတ်စ်ကားတွေနဲ့ လာကြည့်ကြတယ်။ သူတို့က စိတ်ညစ်ကောင်းညစ်နေမှာဖြစ်ပေမဲ့ ကျွန်မတို့ကတော့ တစ်ရွာလုံး ပျော်နေကြတာပဲ' လို့ ဆိုခဲ့ပါတယ်။ ဘာတန်က သူ့အိမ်ကို ရောက်ပြီဆိုရင် ခွေ သီချင်းတွေကို စန္ဒရားတီးပြီး သီဆို တတ်သလို ညီအစ်ကိုမောင်နှမများနဲ့ စကားပြောတဲ့အခါမှာလည်း ဝေလ စကားနဲ့သာ ပြောလေ့ရှိပါတယ်။ အစ်မ တွေကလည်း သူတို့မောင် ရောက်လာ ခိုက်မှာ ဝေလရိုးရာဟင်းတွေ ချက်ကျွေး ကြတာပါ။

ဒီခရီးစဉ်က ဘာတန်ကို စိတ်အား တက်ကြွမှုအများကြီး ပေးခဲ့တာကြောင့် ဗြိတိန်မှာပြန်ပြီး အခြေချနေရရင်ကောင်း မလားလို့ စိတ်ကူးမိတဲ့အထိ ဖြစ်ခဲ့ပါ တယ်။ ဗြိတိန်မှာနေရင် သူ ပေးရမယ့် အခွန်အခက မနည်းပါဘူး။ ဒီအခွန်ကို ရှောင်နိုင်ဖို့အတွက် သေတ္တာတစ်လုံးနဲ့ ဟိုတယ်တကာ လှည့်နေရတဲ့ဘဝကို သူ ငြီးငွေ့လာပုံရပါတယ်။ ဒါပေမဲ့ ဘာ တန်နဲ့လစ်ဇ်တို့ဟာ ဒပ်ဗလင်ကို ပြန် သွားကြပြီး Gresham ဟိုတယ်မှာ တည်း ခိုကာ The Spy Who Came in from the Cold ဇာတ်ကားဇာတ်ဝင်ခန်းများ ရိုက်ကူးနိုင်မယ့်နေရာတွေကို လေ့လာ ကြပါတယ်။ အဲဒီအချိန်တုန်းက သူ တို့တည်းတဲ့ဟိုတယ်နဲ့ မျက်နှာချင်းဆိုင် ဘက်မှာရှိတဲ့ ရုပ်ရှင်ရုံမှာက ကလီယိုပါ ထရာ ဇာတ်ကား ရုံတင်ပြသနေတာဖြစ် လို့ သူတို့အခန်း ပြတင်းပေါက်ကနေ ကြည့်လိုက်မယ်ဆိုရင် ဇရာမ သူတို့ရုပ် ပုံကားချပ်ကြီးတွေ ထောင်ထားတာကို တွေ့မြင်နိုင်ပါတယ်။

အဲဒီအချိန်တုန်းက ရာသီဥတုက မကောင်းပါဘူး။ ရုပ်ရှင်ရိုက်ဖို့ အဆင် မပြေဖြစ်နေချိန်မှာ သူတို့မွေးစားထားတဲ့ မာရီယာဘာတန်ကလည်း ရောက်ရှိလာ ပါတယ်။ အဲဒီအချိန်ကစပြီး သူတို့နှစ်ဦး အတွက် ကံဆိုးမိုးမှောင်တွေ ကျရောက် လာပြီလို့ ဆိုနိုင်ပါတယ်။ သူတို့ဇနီး မောင်နှံထံမှာ နှစ်ရှည်လများ သစ္စာ စောင့်သိစွာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ယာဉ်မောင်း ဂတ်စတန်ရဲ့အသက် ၁ နှစ်အရွယ်ရှိ သားကလေးမှာ မတော်



www.burmeseclassic.com

www.burmeseclassic.com

သေနတ်ထိမှန်ခံရပါတယ်။ ဂျတ်စ နဲက ပြင်သစ်တပ်မတော်မှာ ကွန်မန် ဘာစ်ဦးဖြစ်ပြီး သူရဲကောင်းအဖြစ် ဆု ဆိပ်ချီးမြှင့်ခြင်း ခံထားရသူပါ။ စ်ခံထဲမှာ အမှုထမ်းခဲ့တာ ၁၂ နှစ်ရှိ ပြီ။ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ ကျင်း ယ့် သားရဲ့ရှာပနအခမ်းအနားကို က်ရောက်ဖို့ ဂျတ်စတန် သွားရောက် မှာ လစ်ဇ်ကလည်း သူကိုယ်တိုင် ပနအခမ်းအနားကို လိုက်ပါပြီး တက် ရောက်ပေးခဲ့ပါတယ်။ ပြင်သစ်နိုင်ငံမှာ ရောက်ရှိနေချိန် ဒေါ်လာ ၅ သောင်း နဲဖိုးရှိ လစ်ရဲ့လက်ဝတ်ရတနာများ ဟိုတယ်ခန်းအတွင်းမှ ခိုးယူခြင်းခံခဲ့ ပါတယ်။ နောက်ထပ် ကံဆိုးသွားတဲ့ ချက်တစ်ခုကတော့ ဂျတ်စတန်နဲ့လစ်ဇ် ဒပ်ဗလင်ကို ပြန်ရောက်ချိန် ဂျတ်စ နဲမောင်းလာတဲ့ ကားပေါ်မှာ လစ်ဇ် လာချိန်မှာပဲ မတော်တဆကားတိုက် ဖြစ်ပွားပြီး လူသေဆုံးမှုဖြစ်ခဲ့ရပါ ယ်။ နောက်တစ်ခါ မတ်လ ၁၂ ရက် မှာ လော့စ်အိန်ဂျလိစ်မြို့မှာ နေထိုင်တဲ့ သက် ၆၇ နှစ်အရွယ်ရှိ ဖခင်ဖြစ်သူ စွဲစတေလာက လေဖြတ်ရောဂါ ခံ လိုက်ရပြန်ပါတယ်။ ဖခင်ရဲ့အပါးမှာ ပေးမှုအတွက် ကယ်လီဖိုးနီးယားကို လာခဲ့ရပြီး ဖခင်နဲ့အတူ ဝမ်းနည်း ကြကွဲနေတဲ့ မိခင်ကို တစ်ပတ်ကြာမျှ သိမ့်အားပေးပြီးတဲ့နောက် ဒပ်ဗလင် ပြန်ခဲ့ပါတယ်။ ဖခင်ဖြစ်သူက သက်မဆုံးရှုံးပေမဲ့ နဂိုမူလအတိုင်း မာရေးပြန်လည်ကောင်းမွန်လာခြင်း တော့ မရှိတော့ပါဘူး။ လစ်ဇ်ရဲ့ဘဝမှာ ဒီလို အခက်အခဲပြဿနာတွေ ကြုံ တိုင်း စိတ်ဓာတ်ခွန်အားပြိုလဲသွား င်းမရှိဘဲ ကြံ့ကြံ့ခံနိုင်တဲ့စိတ်ဓာတ်ရှိ တယ်။

ဘာတန်ကတော့ သူ့ထုံးစံအတိုင်း က်ကွင်းပေါ်မှာ အရက်ကို အလွန် ကျွံသောက်မြဲသောက်နေပြီး အပေါ်က ပ်ဝတ်ထားတဲ့ မိုးကာအင်္ကျီလိုမျိုးရဲ့ တ်ထဲမှာ စကော့ဝီစကီတစ်လုံး အမြဲ ည့်ထားတတ်ပါတယ်။ တစ်ညမှာ

> အဲဒီအချိန်တုန်းက
> ရာသီဥတုက
> မကောင်းပါဘူး
> ရုပ်ရှင်ရိုက်ဖို့
> အဆင်မပြေ
> ဖြစ်နေချိန်မှာ
> သူတို့
> မွေးစားထားတဲ့
> မာရီယာ
> ဘာတန်ကလည်း
> ရောက်ရှိလာပါတယ်
> အဲဒီအချိန်ကစပြီး
> သူတို့နှစ်ဦး
> အတွက်
> ကံဆိုးမိုးမှောင်တွေ
> ကျရောက်လာပြီလို့
> ဆိုနိုင်ပါတယ်

တော့ ညရိုက်ကွင်းဖြစ်ပြီး ဒပ်ဗလင်ရဲ့ လမ်းများပေါ်မှာ ရိုက်ကူးနေပါတယ်။ တကယ်တော့ ဒီဇာတ်ဝင်ခန်းက ဘာ လင်မှာ ရိုက်ရမှာ ဖြစ်ပြီး အစားထိုး ရိုက်ကူးခြင်းပါ။ ရုတ်တရက်ရိုက်ကွင်း ရှိရာသို့ အဖြူရောင် ရိုးလ်စ်ရွိုက်စ်ကား တစ်စီး ဆိုက်ရောက်လာပါတယ်။ ကား မောင်းလာသူက ဂျတ်စတန်ဖြစ်ပြီး ကားပေါ်မှာ လစ်ဇ်ကိုယ်တိုင် ပါလာပါ တယ်။ ရုပ်ရှင်ရိုက်ကွင်းကို ခပ်လှမ်း လှမ်းကနေ ကြည့်နေကြတဲ့ ပရိသတ် တွေက ဒေါ်လာသန်းပေါင်းများစွာကို ရုတ်တရက်ကြီဖြန့်လိုက်သလိုဖြစ်သွား ပြီး ရုတ်ရုတ်သဲသဲနဲ့ မထိန်းနိုင်မသိမ်း နိုင် ဖြစ်သွားကြပါတယ်။ သရုပ်ဆောင် နေတဲ့ဘာတန်လည်း ရိုက်ကွင်းပေါ်မှာ စိတ်မသွင်းနိုင်တော့ဘဲ 'ဘုရားသခင်… ကျွန်တော့်မိန်းကလေးပါလား' လို့ မြည် တမ်းလိုက်ပါတယ်။ ဘာတန်ကိုယ်တိုင် ပရိသတ်များ ဝိုင်းအုံနေတဲ့ မော်တော် ကားဆီကို ပြေးသွားပြီး ဇနီးသည်ကို ချက်ချင်း ရိုက်ကွင်းပေါ်ကနေ ထွက်ခွာ သွားဖို့ ပြောကြားခဲ့ပါတယ်။ အဲဒီညက ရိုက်ကွင်းဖျက်သိမ်းလိုက်ရပါတယ်။

ဒီရုပ်ရှင်ကားရိုက်ကူးနေတဲ့ သုံး လကာလအတွင်းမှာ ကလယ်ရာနဲ့လစ်ဇ် တို့ တစ်ကြိမ်သာ မှတ်မှတ်ရရ ဆုံစည်း ကြပါတယ်။ ဒါကလည်း ဘာတန်တို့ ဇနီးမောင်နှံက စာရေးဆရာနဲ့ ကလယ် ရာတို့ကို သူတို့တည်းခိုနေထိုင်တဲ့ဟို တယ်မှာ ညစာ လာရောက်စားသုံးဖို့ ဖိတ်ကြားတဲ့အတွက် ဆုံစည်းကြခြင်း ပါ။ ညစာစားကြရင်း စာရေးဆရာနဲ့ ဘာတန်တို့က တစ်ယောက်နဲ့တစ် ယောက် အနိုင်မခံအရှုံးမပေး အငြင်းပွား နေကြတာဟာ တော်တော်ကြာခဲ့ပါ တယ်။ တစ်ယောက်နဲ့တစ်ယောက် သေ နတ်နဲ့များထပစ်ကြမလားလို့ ပူပန်ရတဲ့ အထိပါပဲ။ အချိန်တော်တော်ကြာလာလို့ လစ်ဇ်က ထမင်းစားစားပွဲကနေထပြီး သူ့အခန်းကို ပြန်သွားပါတယ်။ မကြာ ခင်မှာဘဲ ဟိုတယ်ရဲ့စပီကာများကနေ အသံခပ်ကျယ်ကျယ်နဲ့ ဘာတန်ကို အမြန်ဆုံးပြန်လာဖို့ တကြော်ကြော်အော် ခေါ်နေတဲ့လစ်ဇ်ရဲ့အသံကို ကြားကြရပါ တယ်။ ဘာတန်က နေရာကမထတဲ့ အဆုံးမှာတော့ လစ်ဇ်ကိုယ်တိုင် ဒေါသ တကြီးနဲ့ ထမင်းစားပွဲကို ပြန်လာခဲ့ပြီး အော်ဟစ်သောင်းကျန်းခဲ့ပါတယ်။

ဧည့်သည်တွေရှေ့မှာ ဘာတန်နဲ့ လစ်ဇ်တို့ စစ်ပွဲတစ်ပွဲတမျှ ရန်ဖြစ်ကြ တာတွေဟာ မိတ်ဆွေများအတွက်တော့ ရိုးနေပါပြီ။ တစ်ခါတုန်းကလည်း စာ ရေးဆရာ Le Carre ကို သူမတို့တည်း ခိုနေရာ ဟိုတယ်အခန်းသို့ ဖိတ်ကြားခဲ့ ပါတယ်။ အကြောင်းကတော့ စာရေး

www.burmeseclassic.com

ဆရာရဲ့နာမည်ကြီး သူလျှို ဝတ္ထုကို စိတ်ဝင်စားလို့လို့ဆိုပါတယ်။ စာရေးဆရာ ရောက်လာချိန်မှာတော့ ဧည့်ခန်းထဲမှာ ဘာတန်တစ်ယောက်တည်း ထိုင်နေပြီး သူ့နံဘေးမှာ စာအုပ်ပုံကြီးတစ်ပုံလည်း တွေ့ရပါတယ်။ သူ ဝင်လိုက်တဲ့အချိန်မှာပဲ အင်တာကွန်းမှ ထွက်ပေါ်လာတဲ့ လစ်ဇ်ရဲ့အသံကို ကြားရပါတယ်။

'ရစ်ချတ်လား…'

'ဟုတ်တယ် ဒါလင်'

'အခန်းထဲမှာ ဘယ်သူရှိသေးလဲ'

'စာရေးဆရာ ရှိတယ်လေ'

ဘာတန်က အိပ်ခန်းထဲဝင်သွားပြီး ချစ်တင်းနှီးနှောနေကြတဲ့အသံတွေကို အင်တာကွန်းကတစ်ဆင့် စာရေးဆရာက ကြားနေခဲ့ရပါတယ်။ ခဏအကြာမှာတော့ ဖိနပ်မပါဘဲ ညဝတ်အင်္ကျီရှည်ဝတ်ထားတဲ့လစ်ဇ်တစ်ယောက်တည်း ဧည့်ခန်းထဲကို ထွက်လာခဲ့ပါတယ်။ ထူးထူးခြားခြား ဆွဲဆောင်မှုအပြည့်ရှိပြီး အလှပဆုံးမျက်လုံးများနဲ့ သူ့ကိုကြည့်နေတာ ဘယ်တော့မှ မေ့မှာမဟုတ်ဘူးလို့ စာရေးဆရာက မှတ်တမ်းတင်ခဲ့ပါတယ်။

စာရေးဆရာ Le Carre က သူနဲ့ ပတ်သက်သမျှ မှတ်တမ်းတင်ခဲ့တာဆိုရင် ဘာတန်နဲ့ လစ်ဇ်တို့ရဲ့ချစ်ခရီးမှာ တက်စုံရွက်စုံလွှင့်ခဲ့ရာကနေ အရှိန်လျှော့လာပြီလို့ သုံးသပ်ပါတယ်။ 'ကျွန်တော့်အမြင်ပြောရရင် သူတို့နှစ်ယောက်ကြားမှာ ပျော်ရွှင်မှုဆိုတာ အရင်ကလောက်မများတော့ဘူးလို့ ထင်ပါတယ်။ ပျော်လိုက်ကြ၊ ရန်ဖြစ်လိုက်ကြ၊ ချစ်ပွဲဝင်လိုက်ကြနဲ့ သံသရာလည်ခဲ့ကြတဲ့ သူတို့နှစ်ယောက် အခုတော့ တည်ငြိမ်စပြုလာပါပြီ'လို့ ပြောခဲ့တာပါ။ Spy ဇာတ်ကားမှာ အဓိကဇာတ်ကောင်အဖြစ် ဘာတန်ကို ရွေးချယ်ခဲ့တာက ဒါရိုက်တာ မာတင် ဖြစ်ပါတယ်။ ဒါပေမဲ့ မူရင်းစာရေးဆရာဖြစ်တဲ့ Le Carre ကတော့ အဓိကဇာတ်ကောင်ဖြစ်တဲ့ အဲလက်လီမားစ်နေရာမှာ ဂျိမ်းစ်မေဆင် ဒါမှမဟုတ် ထရီဗာဟောဝက်တို့နဲ့ ပိုပြီးသင့်တော်မယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ဇာတ်ကောင်က ဘာတန်လို တောင့်တောင့်တင်းတင်း ရှိနေတာထက် ခပ်နွမ်းနွမ်းအနေအထားမှာ ရှိနေရမှာ ဖြစ်လို့ပါပဲ။ လအနည်းငယ်အကြာ ဘာတန်ကို Le Carre က ဟော်လန်နိုင်ငံ ပင်လယ်ကမ်းခြေမှာ တွေ့တော့ တော်တော်အံ့သြသွားပါတယ်။ ဘာတန်ရဲ့အနေအထားက အရင်လိုအနေအထားမဟုတ်တော့ဘဲ သူ့ဇာတ်ကောင်ပုံစံအတိုင်း နွမ်းလျနေလို့ ဖြစ်ပါတယ်။ ဒီပုံစံအတိုင်းဆိုရင်တော့ သူ့ဇာတ်ကောင် အဲလက်လီမားစ်နေရာမှာ လိုက်ဖက်သွားပြီပေါ့။ အဲဒါအပြင် နောက်ထပ်ရိုက်ကူးမယ့် ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်တဲ့ Who's Afraid of Virginia Woolf ဇာတ်ကားအတွက်လည်း အသင့်တော်ဆုံးအနေအထားကို ရောက်ရှိနေတာ ဖြစ်ပါတယ်။ အဲဒီဇာတ်ကားက ဘာတန် သရုပ်ဆောင်ခဲ့သမျှသော ကားများထဲမှာ အကောင်းဆုံးဖြစ်တယ်လို့ဆိုရင် ငြင်းနိုင်ဖွယ်ရာ မရှိပါဘူး။

မတ်လအတွင်း Spy ဇာတ်ကားရိုက်ကူးနေတာ ပြီးခါနီးအချိန်မှာ လစ်ဇ်ကို ဆေးရုံတင်လိုက်ရပါတယ်။ သူမရဲ့ကျန်းမာရေးအခြေအနေက နည်းနည်းမှ အတိမ်းအစောင်းခံတာ မဟုတ်ပါဘူး။ ဘာတန်က ဆေးရုံတင်ထားရတဲ့လစ်ဇ်ကို အရမ်းကို ဂရုစိုက်ပါတယ်။ ဒီလို ဂရုစိုက်တာကို လစ်ဇ်ကလည်း အကျေနပ်ကြီး ကျေနပ်ခဲ့တာပေါ့။ ဘာတန်က ဆေးရုံခန်းများထဲမှာ မကျန်းမာတဲ့သူ အနီးမှာ နေဖို့ရာ အင်မတန်ဝန်လေးတဲ့သူပါ။ သူ့စိတ်က အလိုလိုကြောက်ရွံ့နေခြင်းကြောင့် ဖြစ်ပါတယ်။ ဒါကို သိထားတဲ့လစ်ဇ်က ကြောက်စိတ်ကို ဘေးဖယ်ပြီး ဂရုစိုက်နေတဲ့ ခင်ပွန်းသည်ကို အလေးအနက်ကျေးဇူးတင်ခဲ့ပါတယ်။

ဘာတန်က သူ့မှတ်စုစာအုပ်ထဲမှာ 'တ… နေလုံး စိတ်လှုပ်ရှားနေတယ်။ လ… အတွက် စိတ်ပူနေရတယ်'လို့ မှတ်တမ်… တင်ခဲ့ပါတယ်။ အဲဒါအပြင် သူ့အနေ… လစ်ဇ်နဲ့ ပေါင်းဖက်ရာမှာ ရင်သွေးတ… ယောက်လောက် လိုချင်တယ်ဆိုတာ… လည်း ရင်ဖွင့်ရေးသားခဲ့ပါသေးတယ်… ဒါပေမဲ့ လစ်ဇ်က ပထမခင်ပွန်းသည… မိုက်တော့ဒ်နဲ့ ပေါင်းသင်းနေစဉ် ရရှိ… တဲ့ ကျောရိုးဒဏ်ရာကြောင့် မကြာခဏ… မကျန်းမမာဖြစ်တဲ့အပြင် ကိုယ်ဝ… ဆောင်တိုင်း ဒီဒဏ်ရာက ဒုက္ခပေးတာ… ကြောင့် နောက်ထပ်ကိုယ်ဝန်ဆောင်ဖို့… တာ မဖြစ်နိုင်ပါဘူး။ တကယ် လိုအ… ရင်တော့ နောက်တစ်ကြိမ် ခွဲစိတ်ကုသ… မှု ခံယူပြီးမှသာ ကိုယ်ဝန်ဆောင်နိုင်မှာ… ဖြစ်ပါတယ်။

ရုပ်ရှင်ဇာတ်ကားကို အပြီးသတ်… ရိုက်ကူးပြီးချိန်မှာတော့ သားသမီးလေး… ဦးနဲ့အတူ အပန်းဖြေခရီးထွက်သွားခဲ့… ကြပါတယ်။ ပရိသတ်များနဲ့ ကင်းဝေး… တဲ့နေရာ၊ ရိုက်ကွင်းမရှိတဲ့နေရာကို သွား… ခဲ့ကြပြီး မိသားစုအပန်းဖြေခရီးသက်… သက်ဖြစ်တာကြောင့် ဘာတန်က သူ့… မှတ်စုစာအုပ်မှာ မှတ်တမ်းတင်ခဲ့ပြန်ပါ… တယ်။ 'သားသမီးတွေဖြစ်တဲ့ မိုက်… ကယ်၊ ခရစ္စတိုဖာ၊ လီဆာတို့နဲ့ ကျောင်း… ပို့ကျောင်းကြိုလုပ်ရတာဟာ ကိုယ့်ဘဝ… အတွက် သာယာမှုတစ်ခုပါ။ လီဆာနဲ့… မိုက်က ပျော်ပျော်ရွှင်ရွှင်ရှိပေမဲ့ ခရစ္… တိုဖာကတော့ တစ်ခါတစ်ခါ ဖောက်… လာတတ်တယ်။ သူများအပေါ် အနိုင်… ကျင့်တာမျိုး လုပ်တတ်တာကြောင့် ဒီ… အကျင့်ကိုတော့ ကိုယ် မကြိုက်နိုင်ခဲ့ဘူး… သဲသောင်ပေါ်မှာ လမ်းလျှောက်သွားနေ… တဲ့ မာရီယာကလေးနဲ့အတူ လမ်း… လျှောက်သွားရတာဟာလည်း ဘဝမှာ… သာယာမှုတစ်ခုပါပဲ'လို့ ဆိုခဲ့ပါတယ်… မွေးစားသမီးကလေး မာရီယာနဲ့ ဘာ… တန်တို့ သဲသောင်ပေါ်မှာ လမ်းလျှောက်… နေတဲ့နေရာကို လစ်ဇ်ကလည်း ဘေးက… လိုက်လျှောက်နေခဲ့တာပါ။ သူတို့နှစ်ဦး… စလုံးက ကျန်းမာရေးအခြေအနေ…



www.burmeseclassic.com

www.burmeseclassic.com

ကောင်းရှာတဲ့ မာရီယာကလေးကို ခွေးစားခဲ့ခြင်းနဲ့ပတ်သက်ပြီး လုံးဝနောင်တမရှိခဲ့ကြပါဘူး။ အထူးသဖြင့် ဘာတန်က မာရီယာကို သူ့သမီးအရင်းအဖြစ် 'မာရီယာဘာတန်' လို့ မှည့်ခေါ်နိုင်ခြင်းကို ပီတိဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ကလေးများထဲမှာ မာရီယာနဲ့ လီဆာကို အချစ်ပိုခဲ့ပါတယ်။ ရပ်ဘီအစားသမားတစ်ယောက်ဖြစ်ခဲ့ဖူးတဲ့ ဘာတန်ဟာ ရုပ်ရှင်ရိုက်ကူးမှုမရှိဘဲ အားလပ်နေတဲ့အချိန် ကလေးများနဲ့နေရတဲ့အခါ သူတို့တစ်တွေ ပျော်ရွှင်ဖို့အတွက် သူ ကပြခဲ့ဖူးတဲ့ ရှိတ်စပီးယားပြဇာတ်ထဲက ဇာတ်ဝင်ကဗျာတွေကို ရွတ်ဆိုပြတတ်တာကြောင့် ကလေးတွေကလည်း ဘာတန်ကို သူတို့ဖခင်ရင်းသဖွယ် ခင်တွယ်ကြပါတယ်။

လစ်ဇ်ကလည်း ဘာတန်နဲ့ သူ့ကလေးတွေ သွေးရင်းသားရင်းများသဖွယ် ခင်တွယ်နေကြခြင်းကို အင်မတန်ကျေနပ်ပါတယ်။ မိုက်ကယ်နဲ့ ခရစ္စတိုဖာက သူတို့မိခင်ရဲ့အမွေ ဆက်ခံထားတဲ့ရုပ်ရည်ရှိပါတယ်။ မျက်လုံးများက အပြာရင့်ရောင်ဖြစ်ပြီး မျက်တောင်များကလည်း နက်မှောင်ရှည်လျားကြပါတယ်။ ခရစ္စတိုဖာက ပလွေကို ကောင်းကောင်းမှုတ်တတ်ပြီး အင်္ဂလိပ်အဆိုကျော် ဂစ်တာသမား နစ်ခ်ဒရိတ်နဲ့ ရုပ်ရည်ဆင်ပါတယ်။ သူက ဘာတန်ကို တော်တော်ကြီးကို ခင်တွယ်ပါတယ်။ တစ်ခါတစ်လေမှာ ရစ်ချတ်ရဲ့ရင်ခွင်ထဲဝင်ပြီး ပါးကိုဘယ်ပြန်ညာပြန် နမ်းချင်နမ်းနေတာပါ။ မာရီယာကတော့ အရပ်မြင့်မြင့်နဲ့ အားကစားသမားပုံပေါက်ပေမဲ့ ရုပ်ရည်ချောမောပါတယ်။ သူကလည်း ဘာတန်ကို ဖခင်ရင်းသဖွယ် ခင်တွယ်ပါတယ်။ သမီး လီဆာကတော့ သူ့မရဲ့ခင်လို မေးရိုးကားကားနဲ့ ခေါင်းမာတဲ့ရုပ်ရည်ရှိသလို မျက်လုံးကလည်း တောက်ကျစ်တတ်တဲ့ပုံ ပေါ်ပါတယ်။ စိတ်ထားကတော့ မိခင်နဲ့တူပြီး တိရစ္ဆာန်များကို ချစ်တတ်ပါတယ်။ အထူးသဖြင့် မြင်းများကို ချစ်တတ်တဲ့စိတ်ဓာတ်က မိခင်နဲ့ တစ်ထပ်တည်းပါပဲ။ လီဆာက ဖခင်ကို လုံးဝမမြင်လိုက်ဖူးသူပါ။ သူ ကိုယ်ဝန် ၇ လရှိချိန်မှာ ဖခင်မိုက်တော့ဒ်က ကွယ်လွန်သွားခဲ့တာကြောင့်ပါပဲ။ လီဆာရဲ့လှုပ်ရှားမှုပုံစံများ ပခုံးတွန့်ပုံတို့က ကွယ်လွန်သူ သူ့ဖခင်နဲ့ တစ်ထပ်တည်းတူပါသတဲ့။ နောင်မှာတော့ လီဆာက မြင်းများပုံ ပန်းပုထုတဲ့နေရာမှာ အောင်မြင်ကျော်ကြားတဲ့ ပန်းပုဆရာမ တစ်ယောက် ဖြစ်လာခဲ့ပါတယ်။

ရက်စွဲတပ်မထားဘဲ ရေးခဲ့တဲ့ ဘာတန်ရဲ့မှတ်စုမှာ ဘာတန်က မိသားစုနဲ့ နေခဲ့ရတဲ့ တစ်ညနေဟာ အင်မတန်ကြည်နူးစရာကောင်းကြောင်း မှတ်တမ်းတင်ရေးဖွဲ့ခဲ့ပါတယ်။ အထူးသဖြင့် လီဆာရဲ့ပျော်ရွှင်နေပုံများဟာ မိသားစုတစ်ခုလုံး အပျော်တွေကူးစက်စေခဲ့ပုံများ ရေးဖွဲ့ခဲ့တာ ဖြစ်ပါတယ်။ ဘာတန်ဟာ လစ်ဇ်က အရင်ခင်ပွန်းသည်များနဲ့ မွေးဖွားခဲ့တဲ့ သားသမီးများအပေါ်မှာ ဖခင်ရင်းသဖွယ် ချစ်ခင်တွယ်တာသူဖြစ်ပါတယ်။ ဒါကြောင့်လဲ လစ်ဇ်က သူ့အပေါ်မှာ ချစ်အားပိုခဲ့တာ ပါပါလိမ့်မယ်။

❑

၁၉၆၅ ခုနှစ် ဧပြီလမှာ ယခင်နှစ်က ရိုက်ကူးခဲ့တဲ့ Becket ဇာတ်ကားအတွက် ဘာတန်ကို အကယ်ဒမီ ဆန်ခါတင်စာရင်းမှာ ကြေညာခြင်းခံခဲ့ရပါတယ်။ ဒီတစ်ကြိမ် ဆန်ခါတင်စာရင်းဝင်ခြင်းဟာ တတိယအကြိမ် ဖြစ်ပါတယ်။ ဒါပေမဲ့ အကယ်ဒမီဆုပေးပွဲမှာတော့ သူ ချီးမြှင့်ခြင်း မခံရဘဲ သူနဲ့အတူ ဆန်ခါတင်စာရင်းဝင်ခဲ့တဲ့ Rax Harrison ကို My Fair Lady ဇာတ်ကားအတွက် ချီးမြှင့်ခံခဲ့ရပါတယ်။ ဒါကြောင့် စာနယ်ဇင်းများက မာ့ခ်အန်သိုနီဟာ ဒီတစ်ကြိမ်မှာ ဂျူးလီယပ်ဆီဇာကို အရှုံးပေးလိုက်ရပြီလို့ သူတို့နှစ်ဦးအတူတကွ သရုပ်ဆောင်ခဲ့ကြတဲ့ ကလီယိုပါထရာ ဇာတ်ကားမှ ဇာတ်ကောင်များနဲ့ တင်စားပြီး ရေးသားဖော်ပြခဲ့ကြပါတယ်။ အော်စကာဆုနဲ့ လွဲသွားတဲ့အတွက် ဘာတန် စိတ်ပျက်သွားခဲ့ရပေမဲ့ ရုပ်ရှင်လောကမှာ သူက အသက် ၄၀ နားနီးသာ ရှိသေးပြီး အရှိန်အဟုန်ကောင်းနေသူဖြစ်တာကြောင့် နောက်ကားများမှာ ရနိုင်သေးတယ်လို့ ဖြေသိမ့်ခဲ့ရပါတယ်။ ဇနီးသည်ဖြစ်သူ လစ်ဇ်က ဟောလိဝုဒ်မှာ ရုံပြည့်ရုံလျှံအောင်ပွဲခံနိုင်တဲ့ မင်းသမီးတစ်လက် ဖြစ်သလို ဘာတန်ကလည်း ထုတ်လုပ်သူများအတွက် အာမခံချက်ပေးနိုင်တဲ့ မင်းသားတစ်လက် ဖြစ်လာခဲ့ပါပြီ။ အောင်မြင်မှုချင်း ယှဉ်ရင် လစ်ဇ်က ပိုပြီးအောင်မြင်တာမှန်ပေမဲ့ ရုံပြည့်ရုံလျှံအာမခံချက်ချင်းတော့ တူလာခဲ့ပါပြီ။ အော်စကာဆန်ခါတင်စာရင်းဝင်ခဲ့တဲ့ Becket, The Night of the Iguana နဲ့ The Spy Who Came in from the Cold ဇာတ်ကားတို့မှာ လစ်ဇ်မပါခဲ့ပေမဲ့ ဘာတန်တစ်ယောက်တည်းနဲ့ အောင်မြင်ခဲ့ခြင်းက သက်သေခံလာခဲ့ပါပြီ။ Spy ဇာတ်ကားမှာဆိုရင် သူ သရုပ်ဆောင်ရတဲ့ဇာတ်ကောင် လီမားစ်က ဘာလင်တံတိုင်းကြီးကို တက်ပြီး တံတိုင်းတစ်ဖက်မှာရှိနေတဲ့ ချစ်သူ နန်းကိုတွေ့ဖို့ ကြိုးစားခဲ့ပါတယ်။ အဲဒီအချိန်မှာ နန်းကို ဂျာမန်စစ်သားများက သေနတ်နဲ့ ပစ်ချလိုက်ပါတယ်။ ရုတ်တရက်ကြောင်သွားတဲ့ လီမားစ်က ဘာဆက်လုပ်ရမှန်းမသိဘဲ တွေဝေနေချိန်မှာ အရှေ့ဂျာမန်စစ်သားတို့ရဲ့မီးမောင်းက သူ့မျက်နှာကို တည့်တည့်ထိုးလာပါတယ်။ သူ ထွက်ပြေးရမလား၊ ချစ်သူကို သေနတ်ဒဏ်ရာနဲ့ ထားပစ်ခဲ့ရမလား စသဖြင့် တွေဝေစဉ်းစားနေပုံများက သူ့အော်စကာဆုဆီကို လှမ်းနိုင်စေခဲ့ပါတယ်။

နောက်ဆုံးမှာတော့ မီးမောင်းများအောက်က လီမားစ်အဖြစ် သရုပ်ဆောင်တဲ့ ဘာတန်ဟာ ဘာလင်တံတိုင်းကို ကျော်ဖြတ်ခြင်းမပြုတော့ဘဲ နောက်ဆုတ်သွားခဲ့ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

မိုးစက်များ ပက်ဖျန်းထားသော
ညနေခင်းသည် မြေသင်းရနံ့များဖြင့်
သင်းအံလို့ ရှိနေသည်။
တစ်နေကုန် တစ်နေခန်း
အချိန်မရခဲ့သော မိုးသည် ခုတော့
သူ့ မဟုတ်သလို။ ကော်ဖီခါးဖို့အရေး
အချိန်ပေးညှိကြရသော
ကျွန်မတို့ သူငယ်ချင်း သုံးယောက်
တက္ကသိုလ်တက်သည့်
တစ်လျှောက်လုံး စွဲစွဲမြဲမြဲ
ထိုင်ခဲ့သည့် ကော်ဖီနှင့်ကြော်ဆိုင်တွင်
ညနေစာ အဆာပြေ
ဝင်စားကြသည်။
ကော်ဖီနှင့်ဆိုင်လေးသည်
ယခင်က ပုံစံနှင့် အနည်းငယ်
ကွဲပြားသွားသည်။ ယခင်က
စားပွဲဝိုင်း၊ ခုံပုလေးများနှင့်
ဆိုင်ခန်းက ကျဉ်းကျဉ်း၊
ရောင်းသည်မှာလည်း
ကော်ဖီနှင့်တစ်မျိုးတည်းသာ။
အခုတော့ ဆိုင်ပုံစံသည်
သားသားနားနား၊ စားပွဲမြင့်ခုံရှည်နှင့်
ကော်ဖီနှင့်ကြော်၊ သနပ်ခါး၊
အအေး၊ မုန့်လက်ဆောင်၊
ကောက်ညှင်းပေါင်း၊ အကြော်စုံ
စသည့် စုံလင်လှသော
စားဖွယ်များနှင့် ညနေခင်းချိန်ဆိုလျှင်
စည်ကားနေတော့သည်။
မတည်မြဲသော လောကသဘော
သဘာဝကို ကော်ဖီနှင့်ဆိုင်က
သက်သေပြနေသည်။
ဆိုးမိုးယာခဲ့သော စားပွဲရှည်
တစ်ခုမှာ နေရာယူလိုက်ရင်း
စားစရာများ မှာလိုက်သည်။
ကျွန်မက စားပွဲတစ်ဖက်မှာ
ထိုင်လိုက်ပြီး မော်နှင့် ညိုတို့
ချစ်သူချင်းဆိုင်ရာ
စင်လိုင် ထိုက်ကြသည်။
ကျွန်မဘေးကခုံသည် အလွတ်။
ပိုင်ရှင်မရှိသော ခုံလေးသည်
ပိုင်ရှင်မျှော်နေသလား။
ဆိုင်ထိုင်သည့်အခါတိုင်း
ကျွန်မနံဘေးက ခုံကို အလွတ်ထား

ခွေယယ်ရှုံးသော
သစ်လက်ဖဝါး
ရှည်ရှည်ထဲမှာ
ကျွန်မ
လက်ဖဝါး
သေးသေးလေးကို
အုပ်မိုးဆုပ်ကိုင်
ထားချိန်တိုင်း
နွေးထွေးသော
နှလုံးသွေးများသည်
တစ်မြန်တစ်လည်
စီးဆင်းနေကြသည်





www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသားဖြင့်
# ဖွဲ့ချိသောကြိုး

## ဂျူနှမိုး

အမှတ် ၂၈၉၊ ဒီဇင်ဘာ၊ ၂၀၁၃
ရွှေအမြုတေ



www.burmeseclassic.com

www.burmeseclassic.com

တတ်သည်မှာ အကျင့်တစ်ခုလို ဖြစ်နေခဲ့ပြီ။ ဒါဟာ စွဲလမ်းခြင်းတစ်မျိုးလား၊ တစ်ခုံတည်းသော နေရာကို တစ်ယောက်တည်းသော သူအတွက်သာ ချန်ထားချင်ခဲ့သော၊ ချန်ထားမိနေဆဲဖြစ်သော ကျွန်မ အတိတ်၏ လွှမ်းမိုးမှုမှ ရုန်းထွက်နိုင်ခြင်း မရှိသေးပေ။

'မိုး ဘာငေးနေတာလဲ စားလေ'

ဆိုင်လေးကို ကြည့်ရင်း တွေငေးငေးနေသည့် ကျွန်မ မော့်အသံကြောင့် ရှေ့က ကော်ပြန့်ပန်းကန်ထဲမှ ကော်ပြန့်တစ်ဖတ် လှမ်းနှိုက်ယူလိုက်သည်။

'နင့်ကလေးရော နေကောင်းရဲ့လား မော်'

'အင်း ခုတော့ ကောင်းသွားပါပြီ၊ ကလေးက ချူချာတယ်ဟာ'

မော်နှင့် ညိုတို့ အိမ်ထောင်ရေးအကြောင်း၊ ကလေးအကြောင်း၊ စီးပွားရေးအကြောင်းများ တစ်ပြန်တစ်လှည့်စီ မေးပြော ပြောနေကြသလို ကျွန်မသည်လည်း မရင့်ကျက်သေးသော နုလုံးသားမှ တောင်းဆိုသော အတိတ်၏ အငွေ့တို့ကို စိတ်တိုင်းကျ နမ်းရှိုက်မိနေရင်း နံဘေးရှိ ခုံအလွတ်လေးမှ အရိပ်၏အငွေ့ကို ပြန်လည်ခံစားမိနေလေသည်။

❑

၇၃ လမ်းထောင့်တွင် ရပ်ထားသော ကျောင်းဖယ်ရီကားများပေါ်သို့ မနက် ၇ နာရီထိုးသည်နှင့် ကျောင်းသားများ အလုအယက် တက်ကြသည်။ ဦးထား

သူ့ရင်ခွင်သည်
ကျွန်မ
ငိုကြွေးရာ
ရယ်မောရာ
အပန်းဖြေရာ
အေးရိပ်မြုံလေး
လည်း ဖြစ်သည်
ပင်ပန်းလွန်းလျှင်
သူခိုညည်းသော
ကိုငှက်
သီချင်းများအား
နားဆင်ရင်း
သူ့ပခုံးစွန်းတွင်
မှီ၍
အိပ်ပျော်
သွားသည့်အခါတိုင်း
ကျွန်မ၏
နဖူးသည်
သူ့အနမ်းများနှင့်
ပြည့်နေ
တတ်ပြန်သည်

သော နေရာများတွင် သူများဝင်မထိုင်စေရန် ဂရုစိုက်ရင်း မလာနိုင်သေးသော မော်နှင့် ညိုအား မျှော်ရပြန်သည်။ လက်ချင်းတွဲ၍ ခပ်ဝေးဝေးမှ ပြေးလာနေကြသော မော်နှင့် ညိုအား ကျွန်မရှိသည့် ကားကို သိသာစေရန် အပေါက်ဝမှ အတင်းတိုးထွက်ရင်း ခြေနင်းခုံပေါ် ဆင်းလိုက်သည့်ချိန် အားနှင့် နင်းခံရသည့် နာသွားသော ခြေတစ်ဖက်ကြောင့် ဒေါသထွက်ထွက်နှင့် မော့ကြည့်လိုက်ရာ တောက်ပသော မျက်ဝန်းတစ်စုံနှင့် ရင်ဆိုင်လိုက်ရသည်။ ကြည်လဲ့လဲ့ အပြုံးတစ်ခု ပိုင်ဆိုင်ထားသော သူက...

'တောင်းပန်ပါတယ်နော်၊ တော်တော် နာသွားလား ဟင်'

ကျွန်မသည် သူ့ပခုံးသာသာသာရှိသဖြင့် တိုးလျှိုးလျှို သူ့အသံကို ပီသစွာ ကြားလိုက်ရသည်။

'ရပါတယ်၊ ကိစ္စမရှိပါဘူး'

ရန်တွေ့မှာပဲဟု ထင်ထားသော မော်နှင့် ညိုတို့က အံ့သြတကြီး ကြည့်ကြသည်။ နေရာတွင် ထိုင်မိချိန်ကိုယ်ကို အသာညွှတ်ရင်း နာသွားသော ခြေဖမိုးအား လှမ်းပွတ်ကာ ကားပေါက်ဆီ လှမ်းကြည့်တော့ သူက အပြုံးတစ်ချက်နှင့် ခေါင်းလေးအသာ ရှိလို့။ ထိုနေ့က ကျောင်းရောက်ပြီး အခန်းတွင်းဝင်ချိန်ထိ သူ၏ ချိုလဲ့ကြည်သာသော အပြုံးနှင့် မျက်ဝန်းသည် ကျွန်မရင်ထဲသို့ စွဲငြိတွယ်ကပ် ပါလာခဲ့လေသည်။

❑

သူနှင့် ကျွန်မ ကားတစ်စီးတည်း အတူစီးမိသည့်ရက်များတွင် သူက ကျွန်မနှစ်သက်သည့် အပြုံးနှင့် နှုတ်ဆက်တတ်သည်။ သူသည် အစဉ်ပြုံးရွှင်နေသော လူတစ်ဦးဖြစ်သည်။ မြင့်မားသောအရပ်၊ ခပ်လတ်လတ် အသားအရေနှင့် လိုက်ဖက်ညီစွာ လည်ကတုံးအင်္ကျီဖြူ လက်ရှည်နှင့် စိမ်းပြာပုဆိုးကို ဝတ်ဆင်သော သူ့တွင် ကျွန်မသဘောကျသော အခြားအရာတစ်ခုမှာ သူ့နဖူ ရှေ့တွင် ဝဲကျနေသော ဆံနွယ်လေးများပင်။

ကျွန်မမျက်နှာတွင် ဝက်ခြံဖုများ အစဉ်ရှိနေ တတ်သော်လည်း သူသည် ချောမွတ်သော မျက်နှာကို ပိုင်ဆိုင်ထားပြန်သည်။ ညာ ဘက်မေးဖျားတွင်ရှိသော မဲ့ နက်တစ်လုံးနှင့် ရှင်းသန့်နေ သော သူ့မျက်နှာသည် ရှု မက်စရာ ကောင်းလှသည်။ ကျောင်းကင်တီး(န)များ ကော်ရစ်တာပေါ်များနှင့် လှေကားထစ်များပေါ်တွင် လည်း သူနှင့် မကြာခဏ ဆုံမိတတ်သည်။ ဆုံမိတိုင်း လည်း အပြုံးနှင့် နှုတ်ဆက် ပုံမှာ နှစ်ခြိုက်စရာကောင်း သည်။ ကြာလာတော့ ကျွန်မ တို့၏ ခင်မင်မှုကို မော်နှင့် ညိုတို့က အရေးတယူရှိလာ ကြသည်။

တစ်ရက်။ ထိုနေ့က ကျောင်းသားရေးရာဌာန တွင် ပုံနှိပ်များရောင်းသည်။ အလွန်တရာ နည်းပါးလှ သော စာအုပ်များအား ကျောင်းသားများ သူ့ထက် ငါ အလုအယက် တိုးဝှေ့ ဝယ်ယူနေသည်ကို ကြည့်ရင်း ကျွန်မတို့သုံးယောက် စိတ် ညစ်သွားခဲ့သည်။ ဒီလူအုပ် ထဲသို့ အရပ်ပုသော ကျွန်မ ကလည်း ဝင်မတိုးနိုင်သလို သေးသွယ်သော မော်နှင့် ညို တို့ကလည်း တိုး၍ ပေါက်နိုင် မည်မဟုတ်။ စိတ်ညစ်ညစ် နှင့် စာအုပ်ဖိုးများကိုင်ရင်း အပေါက်ဝနှင့် ခပ်လှမ်းလှမ်း တွင် ရပ်နေကြစဉ်–

'မိုး မိုး မိုးတို့အားလုံး ပုံနှိပ်ယူမှာမလား၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ကို ပိုက်ဆံလှမ်းပေးလိုက်' အော်သံကြား၍ လှမ်းကြည့်လိုက်စဉ် အဝင်ဝအနီး သို့ တိုးနေသော သူ့ကို တွေ့လိုက်ရသည်။

ထိုနေ့က သူ့ကျေးဇူးကြောင့် ကျွန်မတို့အားလုံး စာအုပ်များ ရခဲ့ကြသည်။ စာအုပ်များ ထုတ်ပြီးချိန် အတန်းလည်း မရှိကြသဖြင့် ကင်တီး(န)ဘက် ခြေဦး လှည့်ခဲ့ကြသည်။

'မိုးတို့ ဘာစားမလဲ၊ ကျွန်တော် ကျွေးပါရစေ၊ ဟိုတစ်ခါ ခြေထောက်ခိုက်မိတဲ့အတွက် တောင်းပန်တဲ့ အနေနဲ့ပေါ့'

'တကယ် ကျွေးမှာလား၊ ကို...ဘယ်သူ'

ညို၏ ခပ်သွက်သွက်မေးသံ အဆုံးတွင် သူ့ အကြောင်းကို ကျွန်မတို့ သိလိုက်ရသည်။ သူနှင့် ကျွန်မ အတန်းတူပင် ဖြစ်သော်လည်း မေဂျာမတူ၍ အခန်း တွေကွဲ။ သူက ကွန်ပျူတာနည်းပညာ (CT)က ဖြစ်၍ ကျွန်မက ကွန်ပျူတာသိပ္ပံ (CS)က ဖြစ်သည်။ သူ၏ စကားပြောဟန်သည် တိုးလျှ ညင်သာလှ၍ ကြင်နာဟန်များ ရောယှက်ပါနေသည် ကိုလည်း ကျွန်မ ခံစားမိသည်။ ကျောင်းသားများ စည်း၍ ဆူညံမှု အနည်းငယ် လျော့ပါးသော ကင်တီး(န) တွင် ကျွန်မတို့ စာသင်ချိန် တစ်ချိန်စာ အချိန်ဖြုန်းခဲ့ကြလေသည်။

ညနေပိုင်း အတန်းတစ်ချိန်လွတ်၍ နေရာဦးရန် ကားများရပ်ထားရာသို့ လာခဲ့ကြစဉ် 'ရွှေမန်းမေ' ကားတစ်စီးပေါ်မှ လက်လှမ်းပြ၍ အော်ခေါ်နေသော သူ့ကို တွေ့ရသည်။

'မိုးတို့ ကားနေရာ လာဦးတာလား'

'ဟုတ်တယ်၊ နောက်ဆုံးချိန် Class မရှိလို့လေ၊ ကိုဆက်ပိုင်ရော အတန်းချိန် မရှိဘူးလား'

'ဟုတ် မိုးတို့ ဒီမှာထိုင်လေ'

ခုံများပေါ်တွင် ချထားသော စာအုပ်များကို ကျွန်မတို့ထိုင်ရန် ဖယ်ရင်း ပြောသည်။ မော်နှင့် ညိုတို့က ပြုံးစစနှင့် မျက်နှာပေးများဖြင့်။ ထိုနေ့မှစ၍ ကျောင်းသွား၊ ကျောင်းပြန်ချိန်တိုင်း မော်နှင့် ညိုတို့က ကျွန်မတို့နောက်ဘက်ခုံတွင် ထိုင်၍ နေကြာစေ့စား၊ သီချင်းနားထောင်ရင်း စကားပြောကြသလို၊ ကျွန်မနှင့်သူကလည်း ရောက်တတ်ရာရာများ ပြောဆိုကြသည်။ တစ်ခါတစ်ရံလည်း ဖတ်မှတ်ထားသော စာများ ပြန်လည်ဝေငှ ဆွေးနွေးကြဖူးသည်။ သူက Robot အား Program ရေး၍ Control လုပ်နည်းအကြောင်း ရှင်းပြတတ်သလို၊ ကျွန်မကလည်း Software တစ်ခုရေးလျှင် လုပ်ဆောင်ရသည့် အဆင့်များအား ရှင်းပြတတ်သည်။

ကားအတူစီးသည့်အခါ၊ အတန်းချိန်နား၍ ကော်ရစ်တာတွင် ဆုံကြသည့်အခါ၊ ကင်တီး(န)ထိုင်သည့်အခါမျိုးများတွင် အချိန်သည် ကုန်လွန်းလှသည်။ ကျွန်မနှင့်သူသည် စာဖတ်ခြင်းတွင် ဝါသနာတူသည်။ တစ်ခါတစ်ရံ သူနိုင်ကိုယ်နိုင် ငြင်းခုံကြသည့်အခါမျိုးများတွင် အဆုံးသတ်တိုင်းသူက အလျှော့ပေးသကဲ့သို့ ကျွန်မကလည်း အနိုင်ရမှကျေနပ်တတ်သည်။

ကျွန်မအား မာနကြီးသည်ဟု ကွယ်ရာတွင် ပြောဆိုကြသလို ကျွန်မတွင် ယောကျ်ားလေး အပေါင်းအသင်း တစ်ယောက်မျှ မရှိပေ။ တက္ကသိုလ် ပထမနှစ်တက်စဉ်ကတည်းက တွဲလာသော မော်နှင့် ညိုသာ ကျွန်မအပေါ် နားလည်မှု အပေးနိုင်ဆုံး သူငယ်ချင်းများ ဖြစ်ခဲ့သည်။ မျက်နှာထားတည်၍ နှုတ်နည်းသော ကျွန်မအား ဘယ်ယောကျ်ားလေးကမျှ အနားမကပ်ရဲခဲ့ပေ။ ထိုသို့သော ကျွန်မထံသို့ သူ၏ ရွှန်းလဲ့သော မျက်ဝန်းများ၊ အပြုံးများနှင့် နူးညံ့ပျော့ပျောင်းသော စကားသံများက လှပစွာ တိုက်စစ်ဆင်လာခဲ့ရာ ကျွန်မ ကျေနပ်စွာ လဲပြိုခဲ့ပါသည်။

ကျွန်မကို နားလည်သော မော်နှင့် ညိုတို့က ကျွန်မအား မည်သည့်ဝေဖန်စကားများ မဆိုကြသလို၊ ပြတ်သားစွာ ဆုံးဖြတ်တတ်သော ကျွန်မနှလုံးသားမှ စကားသံများကိုလည်း သူတို့ အလေးထားခဲ့ကြသည်။

အဆောင်မှာနေရသော သူ့အတွက် ကျွန်မ၏ သုံးဆင့်ပါ စတီးချိုင့်သည် နှစ်ယောက်စာဖြစ်ခဲ့သည်။ တစ်မည်တည်းသော ဟင်းတစ်ခွက်သည် ကျွန်မတို့နှစ်ယောက် ငဲ့ညှာနေတတ်ကြသဖြင့် ကျန်သွားတတ်သည်လည်းရှိသလို အလုအယက် အပြိုင်ယူစားကြရင်း မလောက်လေသည်လည်းရှိသည်။ သူက သူ့တစ်နေ့တာ အသုံးစရိတ်အတွင်းမှ ကျွန်မကြိုက်သော လက်ဖက်သုပ်၊ ရှောက်သီးသုပ်နှင့် ရေခဲသုပ်တို့ကို ဝယ်ကျွေးလေ့ရှိသည်။ ညနေကျောင်းဆင်းချိန်များတွင် ကျွန်မတို့အားလုံး မန္တလေးတက္ကသိုလ်အနီးမှ ကော်ပြန့်ဆိုင်လေးတွင် အမြဲလို ထိုင်ဖြစ်ကြသည်။ သူနှင့်ကျွန်မ ယှဉ်တွဲထိုင်ကြ၍ မော်နှင့် ညိုတို့က မျက်နှာချင်းဆိုင်တွင် ထိုင်ကြသည်။ 'မိုးဘေးမှာ ကျွန်တော် အမြဲရှိနေမှာ' ဟု သူပြောသည့် အခါတိုင်း ကျွန်မက အပြုံးလေးနှင့် ယုံကြည်ပေးတတ်သည်။ မော်နှင့် ညိုတို့ မလိုက်ဖြစ်သည့်အခါ ကျွန်မနှင့်သူသည် ကော်ပြန့်ဆိုင်လေးတွင် နေရောင်ကွယ်သည်အထိ အတူရှိတတ်ကြသည်။ အချိန်တွေသည် ကုန်လွယ်လွန်းလှပါဘိ။

❑

မိုးတဖြောက်ဖြောက် ရွာပြီဆိုလျှင် မိုးရေစက်များကြား အတူလမ်းလျှောက်ထွက်ကြသည်။ ကျောင်းနှင့် မနီးမဝေး ဆီးခြံသည် ကျွန်မနှင့်သူ၏ နားခိုရာနေရာလေး တစ်ခုပင်။ ဆီးခြံအတွင်း ပြွတ်သိပ်သီးနေသော ဆီးသီးများ ခူးစားကြရင်း ကလေးငယ်များလိုလည်း ပျော်မြူးတတ်ကြသည်။ ထိုအချိန်မျိုးတွင် ချိုမြမြ ဆီးသီးရည်များနှင့်အတူ နွေးထွေးလိုက်ခုန်ခြင်းများသည် နှစ်ဦးသားရင်တွင်းသို့ စီးဝင်သွားကြလေသည်။ သွယ်လျသော သူ့လက်ဖဝါးရှည်ရှည်ထဲမှာ

www.burmeseclassic.com

ကျွန်မ လက်ဖဝါးသေးသေးလေးကို အုပ်မိုးဆုပ်ကိုင်ထားချိန်တိုင်း နွေးထွေးသောနှလုံးသွေးများသည် တစ်ပြန်တစ်လှည့် စီးဆင်းနေကြသည်။ သူ့ရင်ခွင်သည် ကျွန်မ ငိုကြွေးရာ၊ ရယ်မောရာ၊ အပန်းဖြေရာ အေးရိပ်မြုံလေးလည်းဖြစ်သည်။ ပင်ပန်းလွန်းလျှင် သူဆိုညည်းသော ကိုင့်ကတ်သီချင်းများအား နားဆင်ရင်း သူ့ပခုံးစွန်းတွင် မှီ၍ အိပ်ပျော်သွားသည့်အခါတိုင်း ကျွန်မ၏ နဖူးသည် သူ့အနမ်းများနှင့် ပြည့်နေတတ်ပြန်သည်။

ကိုယ်စီ နှလုံးအိမ်မှာဖြစ်တည်လာသော ချစ်ခြင်းမေတ္တာများဖြင့် ထုံမွှမ်းထားသော ကြိုးတစ်ချောင်းပေါ်တွင် ကျွန်မတို့၏ ခြားနားသော စရိုက်၊ အမူအကျင့်များအား နားလည်မှုအပြည့်နှင့် သီကုံးခဲ့ကြသည်။ နှစ်ယောက်အတူ ယှဉ်လျှောက်သည့်အခါ သူ့ပခုံးမရှိတရှိသာရှိသော ကျွန်မခေါင်းမှ ဆံနွယ်များအား အသာအယာသပ်တင်ပေးတတ်သလို ကျွန်မကလည်း သူ့နဖူးရှေ့တွင် ဝဲကျနေသော ဆံစများအား မမှီတမီနှင့် လှမ်းဆွဲကျီစားတတ်သည်။ ကျွန်မက စိတ်တို၍ စကားမပြောသည့်အခါတိုင်းလည်း စိတ်ပြေအောင် အမျိုးမျိုး ချော့မော့ပြောလေ့ရှိသည်။ စိတ်တိုတိုနှင့် ဆွဲခြင်းတောင်းနှင့် စာအုပ်များအား သူ့ရှေ့ပစ်ချခဲ့လျှင်လည်း သူ့စာအုပ်တွေက တစ်ဖက်နှင့် မနိုင်နင်း သယ်လေ့ရှိသည်။ သူက ပျော့ပျောင်းသော ဖယောင်းရည်ဆိုလျှင် ကျွန်မက မာကျောသော ဖယောင်းစက် ဖြစ်ပေလိမ့်မည်။ ကျွန်မ၏ အနိုင်ယူလိုမှုများအား မညည်းမညူနှင့် ကလေးတစ်ယောက်ကဲ့သို့ အလိုလိုက် ချစ်ခင်ပေးနိုင်သည့် သူဖြစ်သည်။ ကျောင်းတော်ရာသည် ကျွန်မတို့ကဲ့သို့သော စုံတွဲများ၏ ခြေရာလေးများ၊ အမှတ်တရပေါင်းများစွာနှင့် လှပပျို့မြစ်နေခဲ့လေသည်။

❑

ကျွန်မနှင့်
သူသည်
မည်သည့်
ကတိသစ္စာ
စကားတစ်ခွန်းမျှ
ဆိုခဲ့ကြခြင်း
မရှိ
ထို့အတွက်
ကျွန်မတို့၏
ချစ်ခြင်းသည်
လွတ်လပ်သည်၊
အနှောင်အဖွဲ့
ကင်းသည်
လှပသည်

နောက်ဆုံးနှစ် စာမေးပွဲသည် ကျွန်မနှင့် သူ့အား နာကျင်စေခဲ့သည်။ တစ်မြို့တစ်နယ်စီခြားသော်လည်း ကျွန်မတို့ နှလုံးသားသည် အစဉ်နီးနေခဲ့သည်။ ကျောင်းပိတ်ရက်များတွင် နှစ်ဦးစလုံး၏လွမ်းဆွတ်မှုများသည် စကားလုံးများအသွင်ပြောင်း၍ လူးလာခေါက်ပြန်လျက်။ ဝေးကွာခြင်းဆိုသည်ကို ရင်နှင့်ရင်း၍ ခံစားမိလာခါမှ ချစ်ခြင်း၏ တန်ဖိုးကို ပိုမိုသိမြင်နားလည်လာခဲ့ကြသည်။

ဂုဏ်ထူးတန်းများ ဖွင့်ခါနီးတစ်ရက်။

သူ ဝများလာသလား၊ ပိန်များသွားသလား၊ တွေ့သည့်အခါ ကျွန်မနဖူးထက်ကို သူ့အလွမ်းများ ပြည့်လျှံနေသော အနမ်းများ ခြွေဦးမှာလေလား။ အတွေးများစွာနှင့် ကျွန်မ မှန်တင်ခုံရှေ့တွင် လိမ်းပြီးသား သနပ်ခါးရည်ကျဲကို မညီညီအောင် ညှိရင်းရင်ခုန်ပျော်မြူးနေမိသည်။ အိုခွဲနေရတဲ့ အချိန်တွေ စက္ကန့်နဲ့တွက်ရင် နည်းမှမနည်းဘဲ။ သူလည်း ကျွန်မလိုပဲဖြစ်လိမ့်မည်။

မော်နှင့်ညီအား စောင့်ရင်း ဆိုင်ကယ်ကို ကားဂိတ်သွားရန် အသင့်ပြင်ထားလိုက်သည်။ နောက် ၁၅ မိနစ်ကြာလျှင် ကျွန်မချစ်သူ သူ၏အပွေ့အဖက်တွင် အတိုးချ လွမ်းပြလိုက်ဦးမည်။ အိတ်အတွင်းမှ မြည်လာသော ဖုန်းသံကြောင့် အတွေးစတို့ပြတ်တောက်သွားသည်။ ကြည့်လိုက်တော့ မော့်ဖုန်း။ အစိမ်းခလုတ်လေးအား မြူးထူးစွာဖြင့် နှိပ်လိုက်မိသည်။ ထိုခဏမှာတော့ဖြင့်…။

❑

'နင် သူ့ကို သတိရ[...]
တယ်မလား'

မော်၏ အဖြေသိပြ[...]
သား ပုစ္ဆာတစ်ပုဒ်ကို ကိုယ်[...]
ချင်းစာ နားလည်မှုဖြင့် [...]
လာသံကို အဖြေပြန်မပေးမိ[...]

'နင်တို့ ချစ်ခြင်းကို [...]
တို့ နားလည်ပါတယ်။ ဒါ[...]
မဲ့ မရှိတော့တဲ့ သူ့ကို ဖွဲလ[...]
နေတဲ့ နင့်ကို ငါတို့မကြည့်[...]
ရက်ဘူး။ အချိန်တွေ [...]
လောက်ကြာခဲ့တာတောင် နင်[...]
သူ့ကို မမေ့နိုင်သေးဘူးပေ[...]
ဟုတ်လား မိုး'

ညို့အား မျက်ရည်[...]
သော အကြည့်များဖြင့်သာ[...]
ပြန်ကြည့်မိသည်။

ကျွန်မနှင့်သူသည် မည်[...]
သည့် ကတိသစ္စာ စကား[...]
တစ်ခွန်းမျှ ဆိုခဲ့ကြခြင်းမရှိ[...]
ထို့အတွက် ကျွန်မတို့၏ ချစ်[...]
ခြင်းသည် လွတ်လပ်သည်[...]
အနှောင်အဖွဲ့ကင်းသည်၊ လှပ[...]
သည်။

ကျွန်မရင်ထဲ သူရှိနေ[...]
သရွေ့ ကျွန်မအနီးတွင် သူရှိ[...]
သည်။ ဘယ်ကိုပဲရောက်[...]
ရောက် ကျွန်မအလိုရှိလျှင် သူ[...]
ရောက်လာလိမ့်မည်ဆိုတာ[...]
လည်း လက်ခံယုံကြည်နေ[...]
လျက်။

ကျွန်မနှင့် သူ နှလုံး[...]
သားဖြင့် ဖွဲ့သီခဲ့သော ကြိုး[...]
သည် ချစ်ခြင်းများဖြင့် အမြဲ[...]
လှပနေမည့် ကြိုးလေးတစ်[...]
ချောင်းပင်။

ရုတ်တရက် ကျွန်မ[...]
လက်ကလေး နွေးသွားသည်။[...]
အို ဘေးက ခုံလေးမှာထိုင်[...]
ရင်း ကျွန်မကို သူ ပြုံးကြည့်[...]
နေပါပေါ့လား။

■

ဩန်မိုး



**ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**

စီးပွားရေး နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတို့၏အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင်ကောင်းတို့၏ အမှုအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမှုအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။

**မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ - ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)**



ဓမ္မအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်းလျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍လောကီအကျိုး လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမပြဩဝါဒများကို ပေးလိုသည့်အခါ ဂိုးရိုးစကားဖြင့် ဆုံးမဩဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး၊ သို့မဟုတ် ရေးသားပြီး ဆုံးမဩဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။



**ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဝါလတိဋ္ဌ)**

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးစနိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်းထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြကုန်သူအားလုံး၊ အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ၊ ငွေကြေးဈေးကွက်တွင် လုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။

**အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့**



နည်းပြ သရုပ်ပြများ၊ စီမံခန့်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ ဒုမြို့နယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများ စသည့် ဌာနဆိုင်ရာ အရာရှိငယ်များနှင့် ပြန်တမ်းဝင်အရာရှိရာထူးအားလုံးအတွက် ရေးဖြေ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန် ပြုစုထားသည်။ အထွေထွေဗဟုသုတနှင့် မြန်မာစာ ဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုးပြုနိုင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။



**ထေရဝါဒရှုထောင့် - မင်းနှန်(ဖော်ကျွန်း)**

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရွန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သီလမှုမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်း ပါးလျား၍မလာ၊ ဘာတရားထူးမှုလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာဝေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှုကုသိုလ်တို့၏ အစအမွန်ဖြစ်ကြောင်း ဖော်ပြထားသည်။

**မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ**



အရာရာ၌ ယောက်ျားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသော်ဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ရူပနန္ဒာ၊ သုမနဒေဝီ၊ ဒီဃကောသိ၊ ဥတ္တရာနှင့် သိရိမာ၊ စာပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

အလင်းသစ်

အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၃၀၂။

ထွက်ပြီ

Designed by Lynn Wunna

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြော အင်္ဂလိပ်ပြော

မောင်ခင်မင် (ဓနုဖြူ) (၃)

ကုန်းဘောင်ခေတ် နှောင်းပိုင်းတွင် ကင်းဝန်မင်းကြီး ကဲ့သို့ပင် ခေတ်မီသော အတွေးအမြင်ဖြင့် ကျမ်းများ ရေးသားပြုစုသော ပညာရှင်တစ်ဦးမှာ ယောမင်းကြီး ဦးဖိုးလှိုင်ဖြစ်သည်။ ယောမင်းကြီးသည် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် နိုင်ငံခြားဆက်ဆံရေးကိစ္စများကိုဆောင်ရွက်ရသည်။ ကနောင်မင်းသားကြီးလုပ်ကြံခံရပြီးနောက် မင်းသားကြီး တည်ထောင်ခဲ့သော စက်မှုလက်မှု အလုပ်ရုံ ငါးဆယ်ကျော်ကို ကြီးကြပ်ရသည်။ ထိုအခြေအနေတွင် ယောမင်းကြီးသည် ခေတ်မီသိပ္ပံပညာရပ်များကို မြန်မာတို့တတ်မြောက်ရန် လိုအပ်ကြောင်း သတိပြုမိလာသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းသောအားဖြင့် သိပ္ပံကျမ်းတစ်ကျမ်းကို မြန်မာဘာသာပြန်ဆိုသည်။ ဖန်ချက်ဝန် မင်းထင်ပညာသိဒ္ဓိကျော်ခေါင်နှင့်တွဲဖက်၍ ဘာသာပြန်ဆိုသော ထိုကျမ်းမှာ 'လောကဓာတ်ဆေးကျမ်းကြီး' ဖြစ်သည်။ မူလကျမ်းရင်းမှာ ဓာတုဗေဒကျမ်းဖြစ်သည်။ 'ပြင်သစ်အခေါ် ရှမိ၊ အင်္ဂလိပ်အခေါ် ကင်မစ်စထရီမည်သော အရပ်ရပ်ဓာတ်မျိုးတို့ကို ဆိုရာဆိုကြောင်းဖြစ်သော ဓာတ်ကျမ်း'ကို မြန်မာဘာသာ ပြန်ဆိုခြင်းဖြစ်ကြောင်း ကျမ်းအဆုံးတွင် ဖော်ပြထားသည်။

ထိုကျမ်းကို ယောမင်းကြီးနှင့် တွဲဖက်ဘာသာပြန်ဆိုသော ဖန်ချက်ဝန်ထောက်မှာ ကနောင်မင်းသားကြီးက နိုင်ငံခြားသို့ ပညာတော်သင် စေလွှတ်သော လူငယ်များတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ဖန်ချက်ဝန်ထောက်ဖြစ်လာမည့် လူငယ်သည် အသက် ၁၈ နှစ်တွင် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့တွင် ၄ နှစ် ပညာသင်၍ ပြန်လာပြီးနောက် မိမိနှင့်ခင်မင်သော ပြင်သစ်မြို့စားတစ်ဦး၏ အကူအညီဖြင့် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တော်သို့ ပညာတော်သင်သွားရသည်။ ပြင်သစ်ဘာသာ သင်ယူပြီးနောက် 'ပန်သိယန်'ခေါ် ပြင်သစ်သိပ္ပံကျောင်းတွင် သိပ္ပံပညာရပ်များကို ၅ နှစ် သင်ယူပြီး ဘီအေဘွဲ့၊ အမ်အေဘွဲ့များရရှိသည်။ ကနောင်မင်းသားလုပ်ကြံခံရပြီးနောက် မန္တလေး နေပြည်တော်သို့ ပြန်လာရသည်။ 'လောကဓာတ် ဆေးကျမ်းကြီး'ကို မြန်မာဘာသာ ပြန်ဆိုရာတွင် ဖန်ချက်ဝန်၏ ကျမ်းရင်း အလေ့အလာနှင့် ယောမင်းကြီး၏ မြန်မာဘာသာ ပြန်ဆိုမှုစွမ်းရည်တို့ပေါင်းစပ်၍ ပုံဖော်ခြင်းဖြစ်သည်။

ဘာသာပြန်ရာတွင် သိပ္ပံပညာဆိုင်ရာ ဝေါဟာရများကို မြန်မာသုံး အင်္ဂုရတ် ကျမ်းများတွင် ရှိပြီးသော ဝေါဟာရများနှင့် ညှိနှိုင်း၍ ဘာသာပြန်ကြောင်း တွေ့ရသည်။ ပါဠိသက္ကတ ကျွမ်းကျင်သည့်အလျောက် အခဲကို 'ဃန'၊ အရည်ကို 'ဒဝ'၊ အခိုးကို 'ဓုမ'၊ ဒြပ်စင်ကို 'သုဒ္ဓ'၊ ဒြပ်နှောကို 'ဝိလီန'၊ ဒြပ်ပေါင်းကို 'မိဿက'၊ လျှပ်စစ်ဓာတ်ကို 'အက္ခဏိက'၊ အဖိုကို 'ဓန'၊ အမကို 'ဣန'၊ အောက်ဆီဂျင်ကို 'ရီတိဇ' စသည်ဖြင့် ဘာသာပြန်ထားကြောင်း ဆရာ မောင်ထင်က ယောမင်းကြီး အတ္ထုပ္ပတ္တိတွင် ဖော်ညွှန်းထားသည်။ 'ဓာတ်တစ်မျိုးတည်းသာ ရှိသည်ကို သုဒ္ဓခေါ်သည်။ စင်ကြယ်ပြီးသော ရွှေ ငွေစသော ဓာတ်တို့ကဲ့သို့ သုဒ္ဓဓာတ်ကို မှတ်ရာ၏။ ၂ ခု အစရှိသည်ကို ပေါင်း ဖက်၍ရှိသောဓာတ်ကို မိဿကဓာတ်ဟု ခေါ်သည်။ ကြေးဝါ၊ မိုးကြိုးကဲ့သို့ မှတ် ရာ၏'ဟူသော အရေးအသားမျိုး၊ 'ယ အခါ မြေအစရှိသော ရှေးလူတို့သိသော ဓာတ် ၄ ပါး၌ ဓာတ်တစ်ပါးချင်း သု ဓာတ်မဟုတ်၊ ၂ ပါး၊ ၃ ပါး အစ သည် ပေါင်း၍ ရှိသောကြောင့် မိဿက ဓာတ်ဖြစ်ကြောင်းကို ဓာတ်ခွဲ၍ သိကြ ၏'ဟူသော အရေးအသားမျိုးတို့ကို ကြည့်ရုံဖြင့် ယောမင်းကြီး၏ ရှင်းလင်း ကျစ်လျစ်သော ဘာသာပြန်ပုံကို အကဲ ခတ်နိုင်လောက်ပါသည်။

နယူတန်၏ နိယာမနှင့် ဆက်စပ်၍ 'ငင်းအင်္ဂလိပ်ဆရာ နယူတန်ဖော်ပြသော ဆွဲငင်စုရုံးခြင်း သဘောနှင့်အတူ ဤ ဓာတ်ကျမ်း၌လည်း ဓာတ်တို့၏ အစိုင် အခဲဖြစ်အောင် မြူတို့၏ အချင်းချင်း ဆွဲငင်စုရုံး ပေါင်းစည်းခြင်းသဘော သည်ကို မှတ်ရမည်'ဟူ၍ ရှင်းလင်း ဖော်ပြရာ၌ 'ဆွဲငင်စုရုံးခြင်း သဘော'ဟူ၍ မြန်မာဝေါဟာရပြုပုံကိုတွေ့နိုင်ပါသည်။

ဓာတုဗေဒသုံး ဝေါဟာရများကို ဘာသာပြန်ရာတွင် ဆရာမောင်ထင် ညွှန်ပြသည့်အတိုင်း ပါဠိဝေါဟာရများ ဖြင့် ဖလှယ်၍ ပြန်ဆိုသည့်အပြင် မြန်မာ ဘာသာဖြင့်လည်း ရှင်းပြထားသည်ကို တွေ့ရသည်။ ဆာလဖာကို 'သောဏ္ဍာ ရီ'စင်ကြယ်သော ကန့်)၊ ကာဗွန်ကို 'ကာယလ' (မီးသွေး)၊ ကလိုရင်း 'ကာဠာရ'(စိမ်းဝါသော အဆင်ရှိ



www.burmeseclassic.com

www.burmeseclassic.com

> သိပ္ပံဝေါဟာရများကို မြန်မာမှုပြုရာတွင် ဆာလဖြူရစ်အက်စစ်ကို 'ငရဲမီးရည်' အာမိုနီယမ်ကလို ရိုက်ကို 'ဇဝက်သာ' သာမိုမီတာကို 'ပြဒါးတိုင်'စသည်ဖြင့် ဆီလျော်ရာရာ မြန်မာဝေါဟာရများ အသုံးပြုထားပုံကိုလည်း တွေ့ရပါသည်

သော ဓာတ်တစ်မျိုး)၊ Heat ကို 'တေဇော'(အပူ)၊ Light ကို 'အာလောက' (အလင်း) စသည်ဖြင့် ရှင်းလင်းပုံမျိုး ဖြစ်သည်။

အလားတူ သိပ္ပံဝေါဟာရများကို မြန်မာမှုပြုရာတွင် ဆာလဖြူရစ်အက်စစ်ကို 'ငရဲမီးရည်'၊ အာမိုနီယမ်ကလိုရိုက်ကို 'ဇဝက်သာ'၊ သာမိုမီတာကို 'ပြဒါးတိုင်'စသည်ဖြင့် ဆီလျော်ရာရာ မြန်မာဝေါဟာရများ အသုံးပြုထားပုံကိုလည်း တွေ့ရပါသည်။

ယောမင်းကြီး ဦးဖိုးလှိုင်သည် ကျန်းမာရေးလမ်းညွှန်ဟု ဆိုနိုင်သော ကျမ်းတစ်ကျမ်းကိုလည်း ရေးသားပြုစုသည်။ 'ဥတုဘောဇနသင်္ဂဟကျမ်း' ဖြစ်သည်။ ဥတုနှင့် အာဟာရဟူသော အကြောင်း ၂ ပါးတို့သည် လူတို့၏ ကျန်းမာခြင်း၊ မကျန်းမာခြင်း၊ အသက်ရှည်ခြင်း၊ အသက်တိုခြင်းတို့ဖြစ်၍ လောကလူသားတို့ အကျိုးစီးပွား ဖြစ်စေလိုသော ၄၁ ရေးသားခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ပါဠိသက္ကတကျမ်းများနှင့် အနောက်တိုင်း ဆေးကျမ်းအချို့ကို မှီငြမ်းကိုးကား၍ ရေးသားသော ထိုကျမ်းတွင် အနောက်နိုင်ငံသုံး ဆေးနည်းအမျိုးအမည်များစွာ ပါဝင်ပြီး ထိုအမည်များကို အသံလှယ်၍ ဖော်ပြထားသည်ကို တွေ့ရသည်။ စင်ခိုနာ(စင်ခိုနာပင်)၊ ကွီနိုင်(အခါးအရသာ)၊ အာစစ်ဂါလစ်(အဖန်အရသာ)၊ ကာကြူပတီ (ချိုဆိမ့်အရသာ)၊ ကလော်ရဖန်(မေ့လျော့ ထိုင်းမှိုင်းစေသော ဆေးတစ်မျိုး)၊ ဟိုက်ဒရော်ဂျင်(ငိုစေတတ်သော၊ စိုစေတတ်သော၊ အခိုးအငွေ့ဖြစ်သောဓာတ်)၊ အောက်ကဇီဂျင်(ချေးတက်စေတတ်သော၊ အခိုးအငွေ့ဖြစ်သောဓာတ်)၊ ဗလွန်း(ဟိုက်ဒရော်ဂျင် အခိုးသွတ်သော ပိုးအိတ်)၊ ဘီနီဂါတ် (ဘီနီဂါ၊ စပျစ်သီးကိုလုပ်သော ပထမပုန်းရည်)၊ အာစီတစ်အာစစ်(သစ်သားကိုလုပ်သော ဒုတိယပုန်းရည်)၊ ဝိုင်(ကစော်ရည်)၊ ဗြန္ဒီ(စပျစ်သီးကိုလုပ်၍ ဖြစ်လာသော ဝိုင်)၊ ဝှစ္စကီ (မုယောကိုလုပ်လျှင် ဝီစကီ) စသည့် အသံထွက် ဝေါဟာရ အများအပြား ပါဝင်ပါသည်။

ယောမင်းကြီးသည် မင်းတုန်းမင်းတရားကြီး၏ သမီးတော် စလင်းမြို့စားမင်းသမီး၏ တောင်းပန်ချက်အရ ကာယာနုပဿနာ ကျမ်းကို ပြုစုရာတွင် အနောက်နိုင်ငံ၌ ပြန့်ပွားနေသော 'အနာတမီ'ခေါ် လူတို့၏ ခန္ဓာအိမ် ဖွဲ့စည်းပုံကို ပြဆိုသည့်ကျမ်းတို့မှ အယူအဆများကို ထည့်သွင်းပြုစုသည်။ 'သသံကရိုက်ဆေးကျမ်း၊ အနာတမီစသော ရောမနိုင်ငံဖြစ် လူတို့၏ ဒွတ္တိံသကိုဆိုသော ကျမ်းတို့နှင့် ညှိနှိုင်းပြုစုကြောင်း သိရသည်။

သီပေါမင်းလက်ထက်တွင် နိုင်ငံအုပ်ချုပ်ရေးဆိုင်ရာ ကျမ်းတစ်ကျမ်းကိုလည်း ပြုစုသည်။ 'ရာဇဓမ္မသင်္ဂဟကျမ်း'ဟု ထင်ရှားသည်။ ထိုကျမ်းတွင် 'အနောက်နိုင်ငံသားတို့၏ ညီညွတ်သော အစည်းအဝေးဖြင့် အုပ်စိုးသောစနစ်' ခေါင်းစဉ်ဖြင့် ရေးသားရာ၌ ဗြိတိသျှပါလီမန်ကို ဖော်ညွှန်းသည်။ House of Commons ကို 'နိုင်ငံတွင်းမြို့ ကျေးရွာလူတို့က သဘောတူပေးသည့် လူကြီးစုတစ်သင်း'၊ House of Lords ကို အရိုးအစဉ်အလာအတိုင်းလာသော မှူးမတ်စုတစ်သင်း'ဟု ဖော်ပြလျက် ထိုအသင်း ၂ သင်းက စနစ်တကျ ဥပဒေပြုကြောင်း ဖော်ပြသည်။ ဗြိတိသျှပါလီမန် ၂ ရပ်ကို မြန်မာဝေါဟာရများဖြင့် ရည်ညွှန်းခေါ်ဝေါ်ပုံကို တွေ့နိုင်ပါသည်။

ယောမင်းကြီး ဦးဖိုးလှိုင်သည် အနောက်နိုင်ငံသို့ ပညာတော်သင် သွားရောက်ဆည်းပူးခဲ့သော ဖန်ချက်ဝန် အစရှိသည့် တပည့်လူငယ်များ၏ အကူအညီဖြင့် ခေတ်မီ ပညာရပ်များကို မြန်မာမှုနယ်ပယ်ထဲသို့ ရောက်အောင် မြန်မာမှုပြုပုံမှာ မှတ်သားစရာကောင်းပါသည်။ နိုင်ငံကို ခေတ်မီတိုးတက်စေလိုသော စေတနာဖြင့် မြန်မာမှုပြုရာတွင် ပါဠိ၊ သက္ကတ၊ အင်္ဂလိပ်၊ ပြင်သစ်စသည့် တိုင်းခြားဝေါဟာရများကို မြန်မာဘာသာပြန်ခြင်း၊ အသံဖလှယ်ခြင်းတို့ဖြင့် 'မြန်မာပြော'ပြောရန် အားထုတ်ခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။ ကင်းဝန်မင်းကြီးကဲ့သို့ပင် အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာကို ဆက်စပ်ပေါင်းကူးပေးခြင်းဖြင့် မြန်မာဝေါဟာရ တိုးပွားအောင် ဆောင်ရွက်မှုများကို ယောမင်းကြီး၏ ကျမ်းများတွင် တွေ့ရပါသည်။ ခေတ်မီသိပ္ပံ ကျမ်းများဖြစ်သော 'ဗိဇစ်ကျမ်း'၊ 'ဂျော်လော်ဂျီကျမ်း'တို့ကို လေ့လာသင့်ကြောင်း ဖော်ညွှန်းထားသည်ကိုလည်း တွေ့ရပါသည်။ ■

**မောင်ခင်မင်(ဓနုဖြူ)**



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍သာ ယနေ့နံနက်
တစ်ကိုယ်လုံးကိုက်ခဲကာ
အဖျားတစ်ရာသုံး
ဒီဂရီဖာရင်ဟိုက်အထိ
တက်မလာခဲ့ပါမူ မမမာတို့
သူငယ်ချင်းတစ်သိုက်၏
စကားဝိုင်းနှင့်ကြုံဆုံမိစရာ
အကြောင်းမရှိပါ။
နယ်မှကွဲကွာနေသော
သူငယ်ချင်းများ
ရန်ကုန်ရောက်ခိုက်
မမမာ၏မွေးနေ့နှင့်လည်း
ကြုံကြိုက်သည်မို့ ရန်ကုန်ရှိ
သူငယ်ချင်းများပါ
စုပေါင်းဆုံတွေ့ကာ
ပျော်ပျော်ပါးပါး
စားသောက်ကြရင်း
ရှေးဟောင်းနှောင်းဖြစ်
ပြောနိုင်ကြစေရန်
ရည်ရွယ်ရင်းဖြင့် မမမာက
အုန်းနို့ခေါက်ဆွဲစား
ဖိတ်ထားသည်ဟု
သိရကတည်းက ကျွန်တော်
အိမ်မကပ်ဖြစ်မှာ
သေချာလှပါသည်။
အသက်လေးဆယ်ပတ်
ဝန်းကျင် အပျိုကြီး
မမမာတို့စကားဝိုင်းသည်
ကျွန်တော့်အတွက်
မည်မျှငြီးငွေ့ဖွယ်
ကောင်းလိမ့်မည်ကို
တွေးကြည့်ဖို့ပင်
လိုမည်မထင်ချေတကား။
'ဒီလောက် အဝေးကြီး
ကားစီးလာရတော့
ခရီးလည်းပန်း၊
လူလည်းသောင်း၊
လမ်းမှာ မိုးက မိလိုက်
ပြန်တော့ ဖျားတော့မှာပေါ့။
ကဲ ဘတ်စပရိန်နှစ်လုံး
သောက်လိုက် အပါ။
ကော်ဖီပူပူလေးနဲ့
သောက်လိုက်စမ်း။

ငါကတော့
အပျိုကြီး
လုပ်ချင်လို့
လုပ်ရတာ
မဟုတ်ဘူးဟေ့
ချစ်သူကို
အချစ်ဆုံး
သူငယ်ချင်းက
ဖြတ်သုတ်သွားလို့
အင်း
တစ်ခါတစ်ခါ
ဟာတာတာကြီး

ဒါမှ ချွေးစို့လာမယ်'

မမမာသည် ကျွန်တော့်ခြေသလုံးများကို နှိပ်နယ်ပေးနေ သည်။ ကြားမှာ ညီမသုံးယောက်ခြားပြီးမှ မွေးဖွားခဲ့သော သူမထက် ဆယ့်ငါးနှစ်တိတိငယ်သော တစ်ဦးတည်းသော မောင်ငယ် ကျွန်တော့်ကို မမမာသည် ညီမများထက် သာလွန်၍ ချစ်ခင်လေ၏။ မိဘနှစ်ပါး မျက်နှာလွှဲခဲ့ချိန်တွင် ပညာမပြည့်စုံသေးဘဲ ကျန်ရစ်သောကျွန်တော့်ကို မမမာပင် ဘွဲ့ရသည်အထိ ဆက်လက်ပညာသင်ပေးခဲ့ကာ၊ အလုပ်မရမီ အိမ်ထောင်ကျပြန်တော့လည်း ကျွန်တော့်မိသားစုကို မမမာပင် ငွေကြေးထောက်ပံ့ကာ ကျားကန်ပေးခဲ့ပါ၏။ ကျွန်တော်သည်လည်း အစ်မကြီး အမိအရာမို့ တခြားသောအိမ်ထောင်ကွဲအစ်မငယ်များထက် မမမာကိုပဲ ပို၍တွယ်တာရသည် အမှန်ပါ။

'အရေးထဲ ဖျားနေရသေးတယ်ဗျာ' ဟု မကျေမနပ်နှင့် ကျွန်တော် ညည်းနေမိ၏။

'အညာမှာ မဖျားတာ ကျေးဇူးတင်ဦး။ ပြုစုမယ့်သူမရှိ၊ ဘာမရှိနဲ့။ ခွင့် ၁၀ ရက်တောင် ရလာတာပဲဟာ။ အဖျားပျောက်မှ ပဲခူးပြန်ပေါ့။ အချိန်ရှိသားနဲ့။ ဒါမှ မဟုတ်လည်း သဇ္ဈာကို ဖုန်းဆက် ခေါ်ချင်ခေါ်'

ကျွန်တော် ငြိမ်နေလိုက်သည်။ ခွင့်ယူပြီး ပြန်လာခြင်းမှာ အရေးတကြီးကိစ္စ တစ်စုံတစ်ရာ ရှိလိမ့်မည်ဟူ၍ မမ တွေးမိမည် မဟုတ်။ ခါတိုင်းလို သဇ္ဈာထံ တန်းမပြန်ဖြစ်သည်ကိုပင် ဖျားနေ၍ သူမထံ သောင်တင်နေသည်ဟု၊ တစ်နည်းအားဖြင့် ကျေနပ်နေဟန်ရှိလေသည်။ ယခင် အခြေအနေအတိုင်းဆိုပါက ဖျားနေလည်း သဇ္ဈာဆီ ဖွတ်ပြန်ပြေးမည်ဟု ကွာဟချက်ကို ကျွန်တော့်အစ်မ အပျိုကြီး တွေးတတ်ဟန် မတူပေ။ သဇ္ဈာထံပြန်ဖို့ မရည်ရွယ်ပါကြောင်း မမမာကို ကျွန်တော် မည်သို့ ပြောရပါ့။

'မမ လုပ်စရာရှိတာ သွားလုပ်ပါ'

ချက်ရပြုတ်ရနှင့် မအားလပ်သည့်ကြားမှ ကျွန်တော့်ကို ပြုစုနေရသည့် မမမာကို ကျွန်တော် အားနာလာသည်။ မမ၏ ကြင်နာမှု၊ ယုယမှုများသည် ကျွန်တော့်ရင်ကို ငြိမ်းချမ်းစေသည်နှင့်အမျှ မမကို အသိပေးရမည့် ပြဿနာသည် မမ၏ ဆန္ဒသဘောထားနှင့် လုံးလုံးလျားလျား ဆန့်ကျင်နေကြောင်း

အမှတ် ၂၇၉၊ ဒီဇင်ဘာ၊ ၂၀၁၃

ရုပ်စုံမဂ္ဂဇင်း

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

*စာရေးဆရာမ မြနှောင်းညို ရေးသားပြီး ၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာလထုတ်၊ ပေဖူးလွှာမဂ္ဂဇင်း၊ အမှတ်(၇)တွင် ဖော်ပြပါရှိခဲ့သည့် 'ကျွန်တော်နှင့် အိုဂျီ၊ ပြီးတော့ အချစ်' ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်။ သရုပ်ဖော်ပုံမှာ ပေဖူးလွှာမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် ပန်းချီမောင်ညိုဝင်း ရေးဆွဲသော မူရင်းပုံကို ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။*

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကြိုတင်သိနေသောကြောင့် ရင်မှာ ပူပြင်းရပြန်သည်။

'ဟင်းကတော့ ကျက်နေပါပြီ။ ကြက်သွန်တွေဘာတွေ ကြီးမေလှီးနေတယ်။ မမ လက်ဖက်ပြင်လိုက်ဦးမယ်။ ကဲ ခဏ မှိန်းနေ။ ချွေးသိပ်ထွက်ရင်လည်း အဝတ်လဲဦး။ စားပွဲပေါ်မှာ ဇွပ်ကျယ်နဲ့ မျက်နှာသုတ်ပဝါ တင်ထားတယ်'

မမမာက အခန်းဝမှ လှည့်ကြည့်ကာ-

'ဟုတ်ပါရဲ့။ နင့်ကို မေနဲ့ ပြရမယ်'ဟု သတိရလာဟန်နှင့်ဆို၏။

'ဆရာဝန်လား'

'အေး၊ အထူးကုလေ။ သားဖွားနဲ့ မီးယပ်ရောဂါ အထူးကု၊ အတိုကောက်တော့ အိုဂျီပေါ့'

'ဟာဗျာ'

'ဟဲ့ သားဖွားနဲ့ မီးယပ်ရောဂါအထူးကုတာပဲဟာ၊ ရိုးရိုးဖျားတာ နာတာလည်း ကုတတ်တာပေါ့'

ရိုးရိုးဆရာဝန်နှင့် ဆေးကုရခြင်းမှာ မဆန်းသော်လည်း သားဖွားနှင့် မီးယပ်ရောဂါအထူးကု ဆရာဝန်မကြီး၏ ဆေးကုသခြင်းကို ယောကျ်ားတန်မဲ့ ခံယူရမည်ကိုတော့ ဘဝင်မကျ။

'တုပ်ကွေးပါ မမရာ။ နက်ဖြန်လောက်ဆို ကောင်းသွားမှာပါ။ အိုဂျီနဲ့တော့ မပြနဲ့။ မမ သူငယ်ချင်းတွေနဲ့လည်း မိတ်ဆက်ပေးမနေနဲ့ဦး။ ကျွန်တော် သိပ်ခေါင်းကိုက်နေတာ'ဟု လိုက်အော်ပြောရလေ၏။

တစ်ရေးလောက်အိပ်ဖို့ ကြိုးစားဆဲမှာပင် မမမာ၏ သူငယ်ချင်းနှစ်ယောက် ရောက်လာကြောင်းကို သူတို့အချင်းချင်း အားပါးတရ အော်ဟစ်နှုတ်ဆက်သံများအရ ကျွန်တော် သိလိုက်ရသည်။

'အမလေးဟယ် မိချိုတို့များ ဗိုက်ကြီးကို ရွဲလို့။ ငအေး၊ နင် ရန်ကုန်ရောက်နေတာ ကြာပြီဆို။ ငါ့ဆီ မလာဘူးဟယ် အံ့ရော'

'အမှတ်လာဖျက်နေရတာ အမာရဲ့၊ နင်ကဖြင့် ဝလို့၊ နုလို့၊ လှလို့'

'အေးပါဟဲ့ နင်တို့အကြိုက် အုန်းနို့ခေါက်ဆွဲချက်ထားပါတယ်။ အမယ် ငအေးက မျက်ခုံးတွေဘာတွေ နုတ်လို့'

'ဩော် မိမာကလည်း အသက်ကြီးလာပြီ မဟုတ်လား။ ဇရာကို ဖုံးဖိရတာလေ'

အထိန်းအချုပ် အကွပ်အကဲမရှိသော ရယ်သံများက ပို၍ ခေါင်းကိုက်လာစေ၏။ မမမာ၏ဆေးဗီရိုထဲမှ ဝါဂွမ်းစအနည်းငယ်ကိုထ ယူကာ နားနှစ်ဖက်ထဲသို့ ဆို့လိုက်ပြီးနောက် စောင်ခေါင်းမြီးခြုံလိုက်ရသည်။ ကျွန်တော့်အိပ်ခန်းနဲ့ဧည့်ခန်းကြားတွင် ထမင်းစားခန်းခြားနေရကား ဤသို့ အကာအကွယ်ယူလိုက်ခြင်းဖြင့် အတန်အသင့် နားချမ်းသာသွားစေသည်။ သို့တိုင် လူစုံလာလေ မသဲမကွဲစကားသံများက နားထဲတိုးဝင်လာလေနှင့် အိုးကွဲခွက်ကွဲ ရယ်မောသံများကလည်း ဝါဂွမ်းကို ထိုးဖောက်ကာ နားထဲမှာ စူး၍စူး၍ သွားလေသည်။

အိပ်မပျော်လေ၍လည်း ဇွတ်မှိတ်မေ့ပျောက်ထားရသော သဥ္ဇာနှင့် သားနှစ်ယောက်သည် ကျွန်တော့်အတွေးထဲသို့ တိုးလျှိုးနှိမ့်ချဝင်ရောက်လာကြတော့သည်။ သဥ္ဇာ၏ယုံစားအားကိုးသောမျက်လုံးများကို အတွေးထဲမှာပင် ရင်မဆိုင်ဝံ့။ သားကလေးနှစ်ယောက်၏ အပြစ်ကင်းသောမျက်နှာကလေးများသည် ကျွန်တော့်လိပ်ပြာကို ချောက်ချားစေပြန်သည်။ ရန်ကုန်မြေနှင်းကာမှပင် သဥ္ဇာနှင့်နီးကပ်လာသောကြောင့်လား၊ လဲ့လဲ့၏ပြုစားချက်မှ အယစ်အမူးပြေလျော့လာသောကြောင့်လား အမှန်တရားကို ရင်ဆိုင်ရတော့မည့်အခြေဆိုက်လာသောကြောင့်လား ဘာကြောင့်ရယ် မသိ၊ အတိတ်ကိုသတိရခြင်းဖြင့် ကျွန်တော် တွေဝေပြီ။ ကျွန်တော့်လုပ်ရပ်ကို ကျွန်တော် မှန်ကန်သည်ဟု မယုံကြည်နိုင်ခြင်းသည် ကျွန်တော်၏အဓိက အခက်အခဲဖြစ်နေသည်။ တစ်ကိုယ်ကောင်းဆန်နေပြီဟု ကိုယ့်ကိုယ်ကို စွဲချက်တင်ကာ အပြစ်ရှိသည်ဟု သက်သေအခိုင်အမာပြပြီးလျှက်က ပြစ်ဒဏ်မှဖြေလွှတ်မည့် အဆုံးအဖြတ်ပေးဖို့ ကြိုးစားနေသည့် ကျွန်တော်။

အမှန်တော့ ကျွန်တော့်ချစ်ဇနီး သဥ္ဇာမှာ ကျွန်တော် နှစ်သက်မြတ်နိုးလှစွာ လက်ထပ်ယူခဲ့သော ချစ်သူဖြစ်ခဲ့ရိုး အမှန်ပါပဲ။ ကျွန်တော် အလုပ်မရမီ သဥ္ဇာ့လခကလေးနှင့် ချို့ချို့ငဲ့ငဲ့နေထိုင်ရစဉ်က မငြိုမစူချစ်ကြည်ဖြူခဲ့ပြီး ကျွန်တော် အလုပ်ရ၍ အညာသို့ပြောင်းရွှေ့သွားရပြန်တော့လည်း စီးပွားရေးအခြေမခိုင်မီ သူမ၏လခကို မစွန့်လွှတ်နိုင်ကြသေးသော အခြေအနေများကြောင့် အလုပ်မထွက်နိုင်ရှာသေးဘဲ သားနှစ်ယောက်ကို ပိုက်ထွေးရင်း ခွဲခွာနေရစ်ရရှာသော သဥ္ဇာ။ သဥ္ဇာစာများသည် ယနေ့တိုင် ချစ်ငွေ့ချစ်သက် နွေးထွေးဆဲ။

ခွဲခွာရခါစကတော့ ကျွန်တော်သည်လည်း အလွမ်းတွေ ရင်နှင့်အမျှ ပွေ့ပိုက်သယ်ဆောင်သွားခဲ့ရသူပါပဲ။ အဝေးမှာ အနေကြာလာသောအခါတွင်မူကား မီးဝေး၍ ချိတ်မာသည်ဆိုလည်း မမှား၊ ငါးစိမ်းမြင် ငါးကင်ပစ်သည့် အဖြစ်ကိုလည်း မငြင်းသာ။ အညာရောက်မှ သိကျွမ်းရသော လဲ့လဲ့၏ ကွန်ရက်မှ ကျွန်တော် ရုန်းမထွက်နိုင်အောင် ဖြစ်ခဲ့ရပြီ။ သဥ္ဇာတို့သားအမိနှင့်ပတ်သက်၍ ရင်မှာ နာတတ်သေးလျက်နှင့်ပင် ပို၍နီးသော နွယ်ပင်သည် ရစ်ပတ်ငြိတွယ်လွန်းလှသည်။ ယခုတော့ လဲ့လဲ့ကို အတိအလင်းလက်ထပ်ယူနိုင်ရေးအတွက် သဥ္ဇာနှင့် ကွာရှင်းကြရန် မမမာမှတစ်ဆင့် စီစဉ်တောင်းဆိုရတော့မည်။

'လူတွေကလည်း ပြောကြကုန်ပြီ မောင်ရယ်။ မေမေတို့ကလည်း လဲ့ကို ဆူကြတယ်။ သူတို့ ရှက်သတဲ့'ဟု မြူချော့သော တောင်းဆိုချက်ကို ကျွန်တော် လိုက်လျောရတော့မည်။

ကျွန်တော့်အခန်းဘက် ဦးတည်လာသော အသံများကြောင့် မျက်စိမှိတ်ကာ အိပ်ဟန်ပြုမိသည်။ နူးညံ့သော လက်တစ်ဖက်က နဖူးပြင်ကို စမ်းသပ်ပြီးနောက် လက်ကောက်ဝတ်ကိုကိုင်ကာ သွေးခုန်နှုန်းစမ်းလေသည်။ မမမာက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာကို အစုံအလင်တင်ပြဆဲ မလွဲမရှောင်သာ မျက်စိဖွင့်ထား အားယူ၍ ပြုံးရသည်။

'ကိုယ်တော့ ပူတယ်။ တုပ်ကွေးဖြစ်မှာပါပဲ။ အဖတ်တော့ မကျွေးနဲ့ပေါ့။ စက်ပ်ထရင်တူးဘီဒီတိုက်။ မနက် နှစ်လုံး၊ ညနှစ်လုံးပေါ့။ ရေများများ တိုက်ပေး'

ကျွန်တော့်မျက်လုံးများ ပြန်မှိတ်လိုက်စဉ်မှာပဲ မမမာတို့ အခန်းထဲမှ ထွက်သွားကြသည်။ မမမာ၏ အိုဂျီသည် လှပသလောက် ကျက်သရေရှိလှသော အမျိုးသမီးတစ်ဦးပေပဲ။

ထမင်းစားခန်းထဲသို့ မမမာတို့လူစု နေရာရွှေ့ပြောင်းလာကြသံတွေ ကြားရပြန်သည်။ စားသောက်ကြတော့မည်။ ဤမျှနီးကပ်နေတော့လည်း ဆူညံသံများကို ဂွမ်းစများက တားဆီးနိုင်မည် မဟုတ်ရကား နားထဲမှ ဂွမ်းစများကို ထုတ်ပစ်လိုက်ရတော့သည်။

'နင့်လက်ရာကို အုန်းနို့ခေါက်ဆွဲစားတိုင်း တမ်းတတာ အမာရဲ့။ အမာ ချက်သလောက် ဘယ်မှာမှ စားမကောင်းဘူးကွာ' အာပြဲလျှာပြဲနှင့်။

'အစားပုပ်လို့ အများကြီးစားတာလို့တော့ နင် ဘယ်ဝန်ခံပါ့မလဲ လူစီရယ်' ကရင်သံဝဲဝဲ။

'ပြောပေါ့ မိချိုရယ်။ နင်က စွံဦးမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ကိုယ်ကာယအလှကိုထိန်းဖို့ အစားလျှော့နေတဲ့သူကိုး' ဒေါ်လူစီ၏ တုံ့ပြန်ချက်။

'အစားလျှော့တာက အဆီပိတ်မှာ ကြောက်လို့ပါဟဲ့။ မေ လျှော့ခိုင်းလို့ပါ။ ငါ မစွံနိုင်တော့မှန်း သိပါတယ်' ဒေါ်ချို ဖြေရှင်းသံ။

ကြီးမေ အခန်းထဲဝင်လာသည်။ ကျွန်တော်က နှုတ်ခမ်းတွင် လက်ညှိုးတေ့ကာ မျက်ရိပ်မျက်ကဲပြလျှင် ကြီးမေ ပြုံးပြုံးကြီး ခေါင်းညိတ်သည်။ ကြီးမေသည် မေမေ့ညီမဖြစ်ကာ ခင်ပွန်းကွယ်လွန်ပြီးနောက် သားထောက်သမီးခံ မကျန်ရစ်ဘဲ မမမာနဲ့ အတူနေလေသည်။

'အပါ ဘာစားမလဲ'

'မစားဘူး ကြီးမေ။ ဒါနဲ့ အဲဒီအဖွဲ့က ဘယ်တော့မှ ပြန်မှာလဲ'

'ပြန်မှာပေါ့ သားရဲ့။ ဒီကအပြန် ရုပ်ရှင်ကြည့်ကြဦးမယ် ဆိုလား'

'ကျွန်တော့်မေးရင် အိပ်နေတယ် ပြောနော်'

ထင်သည့်အတိုင်းပင် ကြီးမေထွက်သွားသည်နှင့် မမမာ လှမ်းမေးသဖြင့် ကြီးမေက ကျွန်တော် အိပ်နေကြောင်း ပြောသံ ကြားရသည်။

'နင့်မောင်က ငါတို့ရောက်ကတည်းက အိပ်နေတာ ခုထမင်းပုံထောက်တော့ အိပ်ပျော်နေတာမှ ဟုတ်ရဲ့လား' ဟူသော ဒေါ်လူစီ့စကားက အနှောင့်အသွား မလွတ်။

'ငါ့မောင်ဝေဒနာက သေလောက်အောင် မပြင်းထန်ပါဘူး လူစီရယ်'

'အိပ်ပျော်ဟန်ဆောင်နေသလားလို့ပါဟဲ့'

'အပျိုကြီးတပ်ကြီး ချီတက်လာလို့ ကျောချမ်းတယ်ထင်တယ်' အိုဂျီ့အသံချိုချို။

'လူစီ့ကြောက်တာ ဖြစ်မှာ' ဒေါ်အေးအသံ အေးအေးနဲ့နဲ့။

'အမယ် ကိုယ်ဖိရင်ဖိပြုစုလိုက်ရ ကြီးရင်မှီရတယ်ဖြစ်သွားမယ် ဟင်း' ဟု ဒေါ်လူစီ မလျှော့တမ်းဆိုလျှင် မမမာက 'ငါ့မောင်က ကလေးနှစ်ယောက်အဖေဟဲ့ လူစီ။ လူပျို မှတ်မနေနဲ့' ဟု ကန့်ကွက်ကာ တဝါးဝါးရယ်မောကြပြန်လေ၏။

ကျွန်တော်တို့ မောင်နှမတစ်သိုက်တွင် မမမာ တစ်ယောက်သာ အပျိုကြီးဖြစ်ရကြောင်း စကားအစပျိုးနေကြစဉ် ကျွန်တော်သည် အိပ်ခန်းနှင့်တွဲလျက် ရေချိုးခန်းသို့ဝင်ကာ မျက်နှာသစ်လိုက်သည်။ ဒီရေချိုးခန်း မရှိပါက ဆီးချုပ်ဝမ်းချုပ်နှင့် ဝေဒနာတိုးနိုင်ပေ၏။ ရေချိုးခန်းမှ ပြန်အလာ မမမာ၏ အသံကို ကြားရသည်။

'အချစ်ရေး အဆင်ပြေလျက်နဲ့ အပျိုကြီးဖြစ်ရတာလို့ နင် ဆိုချင်တာလား မေ၊ ငါ့ဘဝအတွေ့အကြုံအရ အခြေအနေဖန်တီးလာတာ နင် မေ့သွားပြီလား။ နေ့ပြိုမလား၊ ညပျက်မလားနဲ့ ယိုင်နဲ့နေတဲ့ အိမ်ထောင်ရေးမှာ မအေးရတဲ့ အမေ့သောကတွေကို သမီးအကြီးဆုံး ငါ့မှာ မသိချင်လည်း မနေရဘဲ ဝေမျှခံစားရင်း ယောကျ်ားတွေကို စိတ်နာလာခဲ့တာပါဟယ်။ အချစ်ဆိုတာ မတည်မြဲလွန်းတော့၊

ယောကျ်ားတွေဟာ
သာယာမှုနောက်
တကောက်
ကောက်
လိုက်တတ်တယ်
ဆိုတဲ့
အသိဟာ
ငါ့အသည်းမှာ
သံပူကပ်ပြီး
တံဆိပ်ခတ်နှိပ်
လိုက်သလိုပါပဲ
နောက်တော့
အဖေဟာ
အမေ့ဆီ
ပြန်လာပါရဲ့
အိမ်ဦးခန်းမှာ
အဖေ
ရှိနေတာကို
ဝမ်းသာမိရင်းကပဲ
ဒီအမည်း
ကွက်ကြီးသာ
ငါတို့မိသားစု
ဘဝမှာ
မစွန်းထင်းခဲ့ရင်
သိပ်ကောင်းမှာပဲ
ဆိုတဲ့
ဆန္ဒကို
ဖျောက်မရခဲ့ဘူး

www.burmeseclassic.com

ပြောင်းလဲလွန်းတော့ ငါ သိပ်ကြောက်သွားတော့တယ်။ အဖေနဲ့ အမေက ချစ်လို့ယူကြတာ။ ငါတို့မောင်နှမတွေကိုလည်း အစက သိပ်ချစ်တာပဲ။ ဟော နောက်မိန်းမလည်းယူရော အမေနဲ့ ငါတို့ကို စိမ်းကားရက်စက်လိုက်တာများဟယ်။ ခုပြန်တွေးရင် ခုမျက်ရည်လည်လာမိတယ် သူငယ်ချင်းတို့။ တကယ် တကယ်' စကားနည်းသော မမမာသည် သိုင်းသိုင်းဝိုင်းဝိုင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောနေရာမှ အသံအဖျားခတ်တုန်ခါသွားလေ၏။

ခေတ္တ ငြိမ်သက်တိတ်ဆိတ်သွားကြသည်။ အဖေနောက်မိန်းမယူ၍ အမေနှင့်အစ်များ မျက်ရည်ပေါက်ကြီးငယ် ကျခဲ့ရပုံများကို ထိုစဉ်က ငယ်သေး၍ မမှတ်မိလှသော ကျွန်တော်သည် အစ်မများ ပြန်ပြောင်းပြောကြလျှင် ပုံပြင်သဖွယ် နားထောင်ရတတ်သည်။

'အဲဒီတုန်းက ကိုစိုးခကြီးခမျာ နင့်ကို ဖျောင်းဖျပေးဖို့ အဝါ့ဆီလာလာ အပူကပ်လိုက်ပုံများ'

ကိုစိုးခကြီးဆိုမှ မမမာဘွဲ့ရပြီး အလုပ်ဝင်စက အချိန်မှန် အိမ်လည်ရောက်ဖူးသော အရာရှိကလေးတစ်ဦးကို ကျွန်တော် အမှတ်ရလာသည်။ အစ်မငယ်များ ရှေးဖြစ်ဟောင်းပြောကြရင်း စကားစပ်မိလျှင် ကိုစိုးခကို မမမာ ငြင်းပယ်ခဲ့ကြောင်း ပြန်ပြောပြတတ်ကြလေသည်။ ကလေးဘဝကတော့ မိဘများ၏အဆင်မပြေသောအိမ်ထောင်ရေးသည် မမမာ၏အချစ်ရေးကို အရိပ်ထိုး၍ ညှိုးရော်စေခဲ့ကြောင်း ကျွန်တော် နားမလည်ခဲ့ပေ။

'ယောကျ်ားတွေဟာ သာယာမှုနောက် တကောက်ကောက် လိုက်တတ်တယ်ဆိုတဲ့အသိဟာ ငါ့အသည်းမှာ သံပူကပ်ပြီး တံဆိပ်ခတ်နှိပ်လိုက်သလိုပါပဲ။ နောက်တော့ အဖေဟာ အမေ့ဆီ ပြန်လာပါရဲ့။ အိမ်ဦးခန်းမှာ အဖေရှိနေတာကို ဝမ်းသာမိရင်းကပဲ ဒီအမည်းကွက်ကြီးသာ ငါတို့မိသားစုဘဝမှာ မစွန်းထင်းခဲ့ရင် သိပ်ကောင်းမှာပဲဆိုတဲ့ဆန္ဒကိုဖျောက်မရခဲ့ဘူး။ သူ့တစ်ယောက် သာယာမှုအတွက် ငါတို့သားအမိတစ်တွေရဲ့ မျက်ရည်နဲ့ ရင်းနှီးရက်ပလေလို့ မတွေးဘဲ မနေနိုင်ခဲ့ဘူး။ အေးလေ မရှိတော့တဲ့ အဖေ့အကြောင်း ငါ မပြောသင့်ပါဘူး'

အမေနှင့်အစ်မများ၏ မျက်ရည်စိုရွှန်းသောမျက်လုံးများကို မြင်ယောင်သည်။ သဇ္ဇာနှင့်သားကလေးများ၏ မျက်နှာတွင် မျက်ရည်စိုရွှန်းသည်ကို မြင်ယောင်မိလျှင် ယောင်ယမ်း၍ မျက်လုံးစုံမှိတ်ကာ ခေါင်းကို ခါယမ်းပစ်လိုက်ရချေ၏။

စိတ်မကောင်းဖွယ် ဖြစ်ရပ်ကို ဆက်မပြောလိုဟန်နှင့် -

'ငါကတော့ အပျိုကြီးလုပ်ချင်လို့ လုပ်ရတာ မဟုတ်ဘူးဟေ့၊ ချစ်သူကို အချစ်ဆုံးသူငယ်ချင်းက ဖြတ်သုတ်သွားလို့။ အင်း တစ်ခါတစ်ခါ ဟာတာတာကြီး'ဟု ဒေါ်လူစီက အရွှန်းဖောက်လေ၏။

သူတို့ ရယ်မောသံများသည် ကျွန်တော့်ကို လှောင်လိုက်သလို နားထဲတွင် ပူဆင်းသွားလေသည်။

'သဇ္ဇာနဲ့ ဝေးရပေမဲ့ တော်ပါသေးရဲ့ မောင်ရယ်။ လဲ့လဲ့ရှိလို့ သဇ္ဇာ စိတ်အေးရသေးတယ်။ လဲ့လဲ့က သဇ္ဇာ့ကို သိပ်ချစ်တာ၊ အချစ်ဆုံးသူငယ်ချင်းတွေပဲ။ သဇ္ဇာ့ယောကျ်ားကို ဂရုစိုက် မှာပါပဲ'ဟု ဆိုခဲ့သောသဇ္ဇာ။ ယခု သူ့အချစ်ဆုံးသူငယ်ချင်းက သူ့ယောကျ်ားကို လုယူရုံမျှမက၊ အငယ်အနှောင်း မဖြစ်ပါရစေ နဲ့မောင်ရယ်။ တရားဝင်ကွာရှင်း ပြတ်စဲလိုက်ပါ။ သူ့မှာလည်း ဝင်ငွေနဲ့ပဲ။ ခုရုပ်မှ နောင်ရှင်းမှာမို့ပါ' ဟု ပြောသည်ကိုကြား လျှင် အသည်းထပ်ဆင့် ကွဲရရှာတော့မည်။

'အစက ဒါတွေ မတွေးမိဘူးလား'ဆိုလျှင်ဖြင့် ဦးနှောက်၏ ဆင်ခြင်တုံတရားကို ရီဝေယစ်မူးစေတတ်သော သာယာမှု များက ပိတ်ပင်တားဆီးထားခဲ့ကြောင်း ဝန်ခံရပေတော့မည်။

'လက်ထပ်ဖို့ ရက်ရွေးပြီးနေမှကွာ။ ငါ့မှာ ရှက်လို့ အလုပ်တောင် မတက်ဝံ့ဘူး။ အိမ်ထောင်ပစ္စည်းတွေလည်း ဝယ်ပြီးတာအစုံ။ မမြင်ဝံ့လို့ သော့ပိတ်သိမ်းထားတာ နှစ်ပေါင်း မနည်းဘူး။ ခြကိုက် ဘာကိုက်နဲ့ ခုတော့လည်း ထုတ်သုံးနေ တော့တယ်…ဟားဟား…'

'သိပ်ပျော်တတ်တဲ့လူ မျက်ရည်ကျတော့ အဝါ့မှာ သနား လွန်းလို့ ရောင်ငိုရသေး'

'အဝါက ပါလေရာလေ။ ငအေးကို သူ့အရာရှိကြီး အတင်းကပ်လို့ ထွက်ပြေးရတုန်းကလည်း နင့်အိမ်ပဲ'ဟု ဒေါ်ချို က တစ်ဇာတ်လမ်းစပြန်၏။

'ငအေးသာ ယူလိုက်မိရင် နံပါတ်ရှစ်ပေါ့' ဟု ဒေါ်လူစီ က ကျီစယ်သည်။

'မယားကြီးကို ကွာမလို့ပါကွာ။ ငါက ခါးခါးသီးသီး ငြင်းလွှတ်လိုက်လို့ပါ။ အလုပ်ပါ ထွက်ပြီး ရှောင်ပစ်တာပါ' ဟု ဒေါ်အေးက မခံနိုင်ဘဲ ရှင်းပြသည်။

'ငအေး ပြဿနာပေါ်တုန်းက ငါ မန္တလေးမှာ။ ငအေး လုပ်ရပ်တွေကြားရတော့ ငါဖြင့် အလေးအနက် ဂုဏ်ယူခဲ့ရ ပါတယ်ဟာ'ဟု အိုဂျီက ချီးသာစွာ ဝင်ပြောလေ၏။

'ငါကလည်း ချစ်မိတာမေ။ ဒါပေမဲ့ ယူဖို့ လုံးဝ ထည့် မစဉ်းစားခဲ့ပါဘူး။ ဘယ့်နှယ်ကွာ သူ့သားမယား စိတ်ဆင်းရဲ ပြီးမှ ငါ လင်တစ်ယောက် မရချင်ပါဘူး'

စားပွဲကို ဖြန်းခနဲ ပုတ်သံနှင့်အတူ 'သိပ်မိတာပဲကွာ။ သူ့သားမယား စိတ်ဆင်းရဲပြီးမှ လင်တစ်ယောက် မရချင်ပါ ဘူးတဲ့။ ပွိုင့်ပဲ…ပွိုင့်ပဲ'ဟု အိုဂျီက နှစ်ထောင်းအားရ ပြော လိုက်လေ၏။

'အချစ်အချစ်နဲ့ အင်မတန်လေးနက်တဲ့၊ မွန်မြတ်တဲ့၊ သန့်စင်တဲ့ဂုဏ်အပေါင်း ပြည့်စုံတဲ့အချစ်ကို လိင်မှုကိစ္စတွေမှာ ရောထွေးယှက်တင်ပြီး သုံးနှုန်းလိုက်ကြတော့ အချစ်ဆိုတာ လူမှုရေးဖောက်ပြန်မှုတွေရဲ့ အကာအကွယ် ဒိုင်းကြီးဖြစ်နေရ တော့တယ်။ တကယ်တော့ အချစ်ဟာ တစ်ကဏ္ဍ၊ လူ့ကျင့် ဝတ်၊ လူ့သိက္ခာ ပျက်ပြားတာဟာ တစ်ကဏ္ဍ လုံးဝရောနှောလို့ မရပါဘူးကွာ'

အိုဂျီစကားလုံးတိုင်းသည် ကျွန်တော့်နားရွက်များ၊ မျက် နှာများကို ပူခနဲ ရှိန်းခနဲ ဖြစ်သွားစေသည်။ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com

သက်ညှိုးငေါက်ငေါက်ထိုး၍ ပြောလိုက်သလိုပါပဲ။ ကျွန်တော့်ကိုယ် ကျွန်တော် သိနားလည်လျက် ဆုံးမခက်လေသမျှ အိုဂျီနှင့်မှ ရင်ဆိုင်တွေ့နေရပါပကော။

'တို့အိုဂျီကွ ကြိတ်လိုက်စမ်း'ဟု ဒေါ်လူစီရွှန်းပြက်သည်ကို ဒေါ်ချိုက 'နင့်ပါးစပ်ပြဲကြီးကို ပိတ်ထားစမ်း လူစီ'ဟု ခြာန်မဲလေ၏။

'ငအေးရဲ့ စကားလေးကို ငါ သိပ်သဘောကျတယ်။ ဘာတဲ့ သူ့သားမယား စိတ်ဆင်းရဲပြီးမှ လင်တစ်ယောက် ရချင်ပါဘူးတဲ့။ ဒီလိုပဲဖြစ်သင့်တာပေါ့။ သူ့အသိုက်အမြုံတစ်ခု ပြိုပျက်အောင်၊ ဖရိုဖရဲဖြစ်အောင်လုပ်တာဟာ ဘယ်လိုပဲ တွက်တွက် အကြင်နာနည်းတာလို့ပဲ အဖြေထွက်ပါတယ်ကွာ။ တစ်နည်းအားဖြင့်တော့ လူမှုရေးစည်းကမ်း ဖောက်ဖျက်တာ။ အပြတ်သားဆုံး ပြောရရင်တော့ လူမဆန်တာ'

'ပြင်းထန်လှချေလား မေရယ်'ဟု ဒေါ်အဝါက ဇဝေဇဝါဆို၏။

'ငါတို့ မိန်းမသားတွေရဲ့ မျက်ရည်တွေ ပင်လယ်မဝေဖို့အတွက် ငါတို့ ပြင်းထန်ရမယ် အဝါရဲ့။ ငအေးလိုပဲ မိန်းမသားချင်းစာနာကြဖို့ လိုအပ်တယ်လို့ ငါပြောချင်တယ်။ ငါတို့ဟာ မိန်းမသားချင်း ကိုယ်ချင်းစာရမယ်။ ငဲ့ညှာရမယ်။ ရိုင်းပင်းရမယ်။ သာယာတဲ့အိမ်ထောင်တွေ တည်ဆောက်ရေးအတွက် မိန်းမသားချင်း စည်းလုံးကြရမယ်'

'ငါ ဘဝင်မကျပါဘူးဟယ်။ ယောကျ်ားတွေ သာယာမှုကို မက်မောလွန်းလို့သာ အိမ်ထောင်တွေ ပြိုကွဲကြရတာလို့ ငါတော့ ထင်တာပဲ'ဟု မမမာ ငြင်းချက်ထုတ်လေ၏။

'နင့်အယူအဆကို ငါ မငြင်းပါဘူး အမာ။ ဒါပေမဲ့ ခုနက နင်ပြောခဲ့တဲ့ အချစ်ဟာ ပြောင်းလဲတယ်ဆိုတာကိုသာ ငါ လက်မခံတာ။ ပြောင်းလဲတယ်ဆိုတဲ့အချစ်ဟာ အဲဒီအချစ်လို့ သုံးနှုန်းလိုက်တဲ့ လူ့ရဲ့တန်ဖိုးအပေါ်မှာ မူတည်နေတာပါ။ အချစ်စစ်ဆိုတာ လိင်မှုကိစ္စတွေနဲ့ မရောထွေးအပ်တဲ့အရာပါ။ အချစ်ဟာ မပြောင်းလဲပါဘူး'

'ဆိုပါဦးကွာ'

'ငါက ဆေးပညာရှင်ဆိုတော့ စကားတစ်ခွန်းတင်ပြလိုက်တိုင်း ခြွင်းချက်တော့ရှိတယ်ဆိုတာ နားလည်ပြီးသားကိစ္စဖြစ်နေတယ်။ နင်တို့လည်း ဒါသဘောပေါက်ဖို့ လိုတယ်နော်။ အဲ မင်းပြောသလို များသောအားဖြင့် ယောကျ်ားတွေဟာ သာယာမှုကို မက်မောတယ်။ အဲဒါ အခြေအနေပေးလို့ မက်မောခွင့်ရနေတာကွ။ နှစ်ချက်ကွာ။ တစ်အချက်က သဘာဝက ပေးတဲ့အခြေအနေ၊ နှစ်အချက်ကတော့ ငါတို့မိန်းမတွေက ပေးတဲ့ အခြေအနေ'

'စိတ်ဝင်စားစရာပဲဟေ့'ဟု ဒေါ်အဝါက အားပေးသည်။

ကျွန်တော်လည်း အိုဂျီ့အယူအဆသီအိုရီကို စိတ်ဝင်စားနေမိပါပြီ။ 'လူဘယ်လိုဖြစ်လာတယ်ဆိုတာတော့ နင်တို့လည်း ခေတ်ပညာတတ်တွေပဲ။ သိကြမှာပါ။ သုက်ပိုးနဲ့ မျိုးဥပေါင်းစပ်ပြီး သန္ဓေသားဖြစ်လာတယ်ဆိုတာလောက်ပေါ့'

'အိုဂျီနော် အိုဂျီ။ နင်ဆရာဝန်ဖြစ်တိုင်း သိပ်နှိုက်နှိုက်ချွတ်ချွတ်မပြောနဲ့။ ငါတို့က အပျိုကြီးတွေ'ဟု ဒေါ်လူစီရွှတ်နောက်လျှင် 'ရှူး-ရှီး'တားမြစ်ကြလေ၏။

'လူ့ရဲ့ကလာပ်စည်း Cell တစ်ခုစီမှာ ကရိုမိုဇုမ်းလေးဆယ့်ခြောက်ခုစီ ပါတဲ့အနက် လိင်ကွဲပြားမှုအတွက် နှစ်ခုစီ သက်ဆိုင်တယ်ဆိုတာ လည်းကြားဖူးမှာပေါ့။ ကျမ်းလေးမှာစိုးလို့ အကျယ်မချဲ့တော့ဘူးနော်။ အဟမ်း…'

'ရုပ်ရှင်မမီမှာလည်း စိုးရသေးတာ'ဟု ဒေါ်လူစီက ဝင် ကလိသေးသည်။

'လူ သန္ဓေ သားဟာ ကိုယ်ဝန်ဆောင်ချိန် ခြောက်ပတ်ရတဲ့အထိ လိင်ကွဲပြားမှု မရှိသေးဘူး။ အတူတူပဲကွ။ လေးငါးပတ် သားအရွယ်မှာ Genital Ridge ခေါ်တဲ့ သက်ဆိုင်ရာ အစိတ်အပိုင်းကလေး စပေါ်လာပြီးတဲ့နောက် အဲဒီကမှ တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာရာက ယောကျ်ားဆိုရင် ဝှေးစေ့၊ မိန်းမဆိုရင် မျိုးဥအိမ်ရယ်လို့ ကွဲပြားလာတာ။ Wolffian ဆိုတဲ့ ပြွန်ကလေးကျတော့ ယောကျ်ားမှာ သုက်ကြောတို့ ဘာတို့ဖြစ်ပေါ်လာပြီး မိန်းမမှာတော့ ဆုတ်ယုတ်သွားတော့တယ်။ အဲသလိုပဲ Mullerian ပြွန်ကနေ မိန်းမတွေမှာ သားအိမ်တို့ ဥပြွန်တို့ဖြစ်ပေါ်လာပြီး ယောကျ်ားတွေမှာတော့ ဆုတ်ယုတ်သွားတယ်ပေါ့'

'ရှုပ်ကုန်ပြီ'ဟု ဒေါ်ချိုညည်းညူရှာ၏။

နောက်မိန်းမ
ယူတယ်
ဆိုတာ
အိမ်ထောင်ရှိမှန်း
သိလျက်နဲ့
နောက်မိန်းမက
လက်ခံလို့ပေါ့
ရှင့်မှာ
သားနဲ့
မယားနဲ့
ဥက္ကဲ့သိုက်ပျက်
မလုပ်နိုင်ပါဘူးလို့
ငြင်းလိုက်ရင်
ယူပါဦးမလား



www.burmeseclassic.com

www.burmeseclassic.com

'ငါပြောချင်တာက ဒီလိုပါကွာ။ မူလက အတူတူဖြစ်လျက်က လိင်ဆိုင်ရာ ကရိုမိုဇုမ်းတွေရဲ့လမ်းကြောင်းပေးမှုအရ လိင်တစ်မျိုးမှာ ဖွံ့ဖြိုးတဲ့အင်္ဂါတွေဟာ ဆန့်ကျင်ဘက်လိင်မှာ ဆုတ်ယုတ်သွားရင်းနဲ့ပဲ ငါတို့မိန်းမတွေမှာ သားအိမ်ရယ်လို့ ဖွံ့စည်းဖြစ်ပေါ်လာရတယ်။ အဲဒီသားအိမ်ကို ပိုင်ဆိုင်ရရင်ပဲ ငါတို့မိန်းမသားတွေဟာ ကိုယ်ဝန်ဆောင်ပြီး သားမွေးရတဲ့တာဝန်ကိုထမ်းဆောင်ရတော့တယ်။ မွေးလာတဲ့သားဟာ မိန်းမရဲ့ တာဝန်ဖြစ်လာသလို ကိုယ်တိုင်လွယ်မွေးရတော့ လွယ်လွယ်နဲ့ မရက်စက်နိုင်တဲ့ သံယောဇဉ်တွေ ပိုရပြန်တယ်။ တရားမဝင်၊ မလိုလားအပ်တဲ့အခြေအနေမှာ ဒီသားအိမ်ထဲ သန္ဓေတည်မှာကိုလည်း ကြောက်ကြရပြန်ရော။ အရှက်နဲ့အသက်လဲရတာတွေ၊ ရာဇဝတ်မှုကျူးလွန်မိကြတာတွေ။ ဒါတွေဟာ သားအိမ်ကိုပိုင်ဆိုင်ရာက ဆင့်ပွားလာတဲ့အကျိုးတရားပေါ့'

အိုဂျီ့အကြောင်းပြချက်များသည် မည်သို့ နိဂုံးချုပ်လေမည်နည်း။ ကျွန်တော် နားစွင့်နေမိပြီ။

'ယောကျ်ားတွေကတော့ သိကြတဲ့အတိုင်းပဲ။ သားအိမ်မရှိဘူး။ ဒီတော့ ကလေးမမွေးရဘူး။ တာဝန်မရှိဘူးပေါ့။ ဒီတော့လည်း ပရမ်းပတာပြုနိုင်ပေတာပေါ့။ ဒါ့ကြောင့် ငါပြောချင်တာ၊ ယောကျ်ားတွေ သာယာမှုနောက် လိုက်နိုင်တာဟာ သဘာဝကပေးတဲ့ အခြေအနေကြောင့် တစ်ချက်လို့'

'ရှင်းပြီ မေရေ့ ရှင်းပါပြီကွာ' ဟု ဒေါ်ချို က ဆိုသည်။

'နှစ်အချက်ကို ရှင်းမယ်နော်။ ပထမဆုံး အမှာ့ပြဿနာကို ဆန်းစစ်ကြည့်။ နောက်မိန်းမယူတယ်ဆိုတာ အိမ်ထောင်ရှိမှန်း သိလျက်နဲ့ နောက်မိန်းမက လက်ခံလို့ပေါ့။ ရှင့်မှာ သားနဲ့ မယားနဲ့ ဥက္ကဲသိုက်ပျက် မလုပ်နိုင်ပါဘူးလို့ ငြင်းလိုက်ရင် ယူပါဦးမလား။ လူစီ့ပြဿနာ ကြည့်ဦး။ တင်တင်အုန်းကသာ ငါ့သူငယ်ချင်း အင်မတန်ချစ်တဲ့ချစ်သူကို မလုရက်ပါဘူးဆိုရင် လူစီ အသည်းကွဲပါဦးမလား။ ပြီးတော့ ငအေး။ ငအေးကျတော့ သူ့သားမယားကို ငဲ့တယ်လေ။ မိန်းမချင်း စာနာတယ်။ ဒါကြောင့် ငါပြောရတယ်။ ယောကျ်ားတွေ ဖောက်ပြားနိုင်အောင် မိန်းမတွေက အခြေအနေပေးတာက တစ်ချက်လို့'

'ဟုတ်ပါရဲ့ဟယ်၊ ငါတို့ကျောင်းအုပ်ကြီးကိုလေ သူ့မိန်းမက နာတာရှည်နဲ့ အိပ်ရာထဲလဲနေတာမှ မသေသေးဘူး။ မျှော်လင့်ချက် မရှိဘူးလဲသိရော ဝိုင်းချိန်နေလိုက်တဲ့ မိန်းမတွေဆိုတာ မပြောနဲ့တော့။ ဒါလည်း မွှေမွှေချင်း ခြေမြင်ပြီး အတင်းအဖျင်းပြောရင်း သိလာရတာလေ။ အဲဒီအထဲတော့ ငါ မပါဘူးနော်' ဟု ဒေါ်အဝါက ဆို၏။

'နိဂုံးချုပ်ပါတော့မယ်ကွာ။ ခုနက အချက်နှစ်ချက်အနက် ယောကျ်ားတွေ ဖောက်ပြားနိုင်အောင် အခြေအနေပေးတဲ့ သဘာဝကို မိန်းမသားတွေက သန္ဓေတားနည်းမျိုးစုံကို အားကိုးပြီး အန်တုလာတော့ အဖြေက ဘာလဲ။ အိမ်ထောင်တွေ ပြိုကွဲနှုန်း တိုးတက်များပြားလာတာပဲ မဟုတ်လား။ မြေစာပင်ကတော့ သားသမီးတွေပေါ့ သူငယ်ချင်းတို့ရာ။ အပြစ်မဲ့တဲ့

ကလေးတွေရဲ့အသည်းနှလုံးမှာ ဒဏ်ရာကိုယ်စီနဲ့ပေါ့။ ...

သဘာဝကို အန်တုတဲ့ နည်းလမ်းဟာ ကောင်းနိုင်သေးရဲ့လား'

သားကလေးနှစ်ယောက်မျက်နှာကို မြင်ယောင်ကာ ရင် ... မှာ ပူပြင်းရတော့သည်။ အိုဂျီ တမင်ညှဉ်းသလားပင် ထင် ... တော့၏။

'ဒုတိယအချက်ဖြစ်တဲ့ မိန်းမသားတွေကပေးတဲ့ အခြေ ... အနေ။ ဒီအခြေအနေပေးမှုကို ငါတို့ ထိန်းသိမ်းဆင်ခြင်သင့် ... တယ်ကွ။ မိန်းမသား အချင်းချင်း မစာနာမှု၊ မညှာတာမှုတွေ ... လျော့နည်းသွားအောင် အဆုံးစွန် ပြောရရင် ပပျောက်သွား ... အောင် ငါတို့ မိန်းမတွေ ကြိုးစားသင့်တယ်။ ဒါမှသာ အချ ... အချစ်နဲ့ ကြွေးကြော်ပြီး လူမှုရေးစည်းကမ်း ဖောက်ဖျက်တာ ... တွေကို တိုက်ဖျက်ပစ်နိုင်တော့မပေါ့'

အတွေးနက်နေသလား မသိ၊ မမမာတို့စကားဝိုင်း ခေတ္တ ... မျှ တိတ်ဆက်သွားလေ၏။ ကျွန်တော်သည်လည်း အိုဂျီသရုပ် ... ခွဲပြသောအချစ်နဲ့သာယာမှု၊ လူမှုရေးဖောက်ပြန်ခြင်းနှင့် မိန်း ... သားချင်း စာနာမှုတို့ကို အပြန်အလှန် ဆက်စပ်ကြည့်နေမိ၏။

'ရုပ်ရှင်လက်မှတ် မရဘဲနေမယ်ဟော့၊ သွားကြမှ' ဟူသော ... ဒေါ်လူစီ့လှို့ဆော်သံနောက်ဝယ် တစ်ယောက်တစ်ပေါက် ရယ် ... မောနှုတ်ဆက်သံများ မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်သွားတော့သည်။

သူ့သူငယ်ချင်းများ ပြန်သွားလျှင် မမမာ ခန်းဆီးပင့်ကာ ... အခန်းဝမှ လာကြည့်သည်။

'သက်သာရဲ့လား အပါ၊ နင့်ကြည့်ရတာ ကြက်ကြီး ... လည်လိမ်ထားသလိုပဲ'

စကားမဆက်စပ်ပါဘဲ 'မမသူငယ်ချင်းက စကားပြော ... ကောင်းတယ်။ အပျိုကြီးပီပီ အယူအဆတွေကလည်း တစ်မျိုး ... ကြီး။ သူ့မှာ ဘာမကျေနပ်ချက်တွေရှိနေတယ် မသိဘူးနော်' ဟု ... မေးမိသည်။

'ဘယ်သူ့ကို ပြောတာလဲ အပါ'

'အိုဂျီလေ'

မမမာ ဟက်ဟက်ပက်ပက်ရယ်တော့သည်။

'အပျိုကြီး မဟုတ်ပါဘူး အပါရယ်။ ယောကျ်ားနဲ့ ... ကလေးနှစ်ယောက်နဲ့ သူချစ်ကိုယ်ချစ် သာယာတဲ့အိမ်ထောင် ... ကို တည်ဆောက်နေတာပါ။ သူ့အယူအဆဟာ သူ နေ့စဉ် ... ဆက်ဆံနေရတဲ့ အမျိုးသမီးထုကြီးရဲ့ ပြဿနာတွေအပေါ် ... အခြေခံပြီး ပေါ်ထွက်လာတဲ့ စေတနာ အရင်းခံတာပါဟယ်။ ... နင်တို့ ယောကျ်ားတွေဟာ ဝေဖန်ခံရရင်ပဲ အပျိုကြီးတွေ ခွ ... တယ် ပြောချင်တာကိုး'

မမမာ ပြန်လှည့်ထွက်သွားပေမဲ့ ကျွန်တော်ကား အငိုင် ... သား ကျန်ရစ်သည်။ သားနှစ်ယောက်နှင့် သဇ္ဇာကို လွဲလွဲက ... မစာနာသည့်တိုင် ကျွန်တော်ကား သဘာဝပေးသော အခြေ ... အနေကို အပြည့်အဝ အသုံးချကာ ရက်စက်ဖို့ လိပ်ပြာ မသန့်နိုင် ... ပြီတကား။

မြနှင်းညို ...



www.burmeseclassic.com


www.burmeseclassic.com

# စာနဒီစာအုပ်တိုက်

TEXT RIVER
PUBLISHING HOUSE

## ဒီစာအုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ






ိုအ္ဂင်ပီရိယ (တောင်စွန်း)
သွေးစည်းမှုအောင်ပွဲနှင့် အာဇာနည်တို့လာရာလမ်း
သန့်)
ညာအာရုံခံစားမှုနှင့် အနုပညာဝေဖန်ရေး
etics and Philosophy of Art Criticism
by JEROME STOLNITZ
တ်ကာလ မပွင့်သေးသောဘုရားများအား
င့်မသင့်နှင့် ဘာသာရေးဖြတ်ထုံးများ
(ဝန်ကြီးဟောင်း)
ပျောက်စေဆရာကြီး ရုပ်စပြူတင်
ကြီးဦးတင့်ဆွေ
ရေစီစီတ်ထား
(စမ်းချောင်း)
လက်ဆောင်ကမ်း Message to Teen
နှုတ်သားကြောင်နှက်ရုပ်နှင့်သည်းထိတ်ဖိုဝတ္ထုတိုများ
ဦးကျော်လွင်
ကျေးမှုဆိုင်ရာ အဓမ်းနှစ်ရာ အဖြေနှစ်ထောင်
ကြီးကတောင်ကန်မြောက်ကန်
ညိမောင်မောင်
တ်လပ်ရေးသမိုင်းဝင်စစ်မြေပြင်ခရီးကြမ်းနှင့်
တွေ့မှတ်တမ်း
(လတ်ာသာရ)
ကန်နှင့် သီဟိုဠ်ဓမ္မဝတ္ထုတိုများ
ကြုန်း)
ရင်ခက်မယ်
ကြောင်းရေးတစ်ကြောင်းဖြစ်
(စမ်းချောင်း)
ကျော်တို့ ဆုံးဖြတ်ရမည့်
ကြီးဆုံးအချက် (၆) ချက်

- တင်မိုး
  ပိတောက်မှ သရဖီသို့
- ဂျူလွန်းသစ်
  အနာဂတ်ကိုထွန်းညှိခြင်းနှင့်
  သမိုင်းရှိသောနေ့စွဲများ
- ဒေါက်တာအရှင်သာမိန
  ငါ့မျက်ရည်တွေဘယ်ကိုရောက်နှင့်
  ဘာသာရေးအတွေးဆောင်းပါးများ
- နုတ်စည် (ဂျူလွန်းသစ်)
  ဘုန်းနှင့်ကံနှင့်လူငယ်တွေ
  ကာရိုက်တာပြပွဲ
- သာထက်အောင်
  တွေးမိသမျှ ပြောမိသမျှ ရေးမိသမျှ
  သူတို့ဆီက ကျွန်တော့အတွေးအကြံ
- ဓမ္မာစရိယအရှင်ဝီရိယ (တောင်စွန်း)
  ကမ္ဘာတစ်ခြမ်းကိုပြောင်းလဲစေခဲ့သော
  သာမဏေနှင့် သံယာ့ကျေးဇူး




## ယခုထွက်ရှိသည့် စာအုပ်များ

- ဒုတိယတာရာ
  ကိုအောင်ဆန်း
  (ဗိုလ်ချုပ်ဓာတ်ပုံ အလွှာပုဂ္ဂိုလ်
  ပုံပေါင်း ၄၀၀ ခန့်ပါဝင်သည်။)
- ဒေါက်တာရန်မျိုးသိမ်း
  ၂၀၁၅ ခုနှစ်အလွန် NLDနှင့်
  သမ္မတအာဏာလမ်း




စာနဒီစာအုပ်တိုက်မှ
ယခုထွက်ရှိသည့် စာအုပ်များ

ဖြန့်ချိရေး–စာနဒီစာအုပ်တိုက်၊ အမှတ်–၉၇၁၊ ပျဉ်းမမြိုင်လမ်း၊ ၁၄ ရပ်ကွက်၊ မြောက်ဒဂုံ
ဖုန်း–၀၉ ၅၀၇ ၁၃၉၆၊ ၀၉ ၅၀၇ ၁၃၉၇။

www.burmeseclassic.com

www.burmeseclassic.com




ဆရာပန်ဆိုတာ ပညာရေး တက္ကသိုလ်မှာ ထူးထူးချွန်ချွန်အောင်မြင်ပြီး အထက်တန်းပြဆရာ အဖြစ်နဲ့ ဝေးလံခေါင်သီဒေသတွေမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကျောင်းဆရာတစ်ယောက်ပါ။ ဆရာပန်ဟာ တက္ကသိုလ်မှာလည်း ထူးချွန်ခဲ့သူပါ။ ဆရာပန် ပထမဦးဆုံး တာဝန်ထမ်းဆောင်ရတဲ့ ကျောင်းကတော့ နာဂတောင်တန်း၊ ဟုမ္မလင်းမြို့နယ် ကက်သာရွာကလေးက ကျောင်းပါ။ အဲဒီမှာ နာဂ၊ ရှမ်း၊ ချင်းတိုင်းရင်းသားကလေးတွေနဲ့ ဆရာပန်ဟာ ပျော်ပျော်ရွှင်ရွှင်ပဲ တာဝန်ထမ်းဆောင်ခဲ့ပြီး မော်လမြိုင်ကို ပြောင်းခဲ့ရတယ်။ အဲဒီက ရန်ကုန်ကိုရောက်ပြီး

သူ အမြတ်တနိုး တန်ဖိုးထားခဲ့ရတဲ့ အသက်မွေးဝမ်းကျောင်း ကျောင်းဆရာဘဝက အနားယူခဲ့ရပါတယ်။ လုပ်သက် ၂၂ နှစ်ရှိခဲ့ပေမဲ့ ဆရာပန်ဟာ ပင်စင်မရခဲ့ပါဘူး။ ယခုဆိုရင် ဆရာပန်ဟာ အသက် ၆၄ နှစ် ရှိနေပါပြီ။ စေတနာထားပြီး ကျောင်းသားတွေကို သင်ကြားပေးခဲ့တဲ့ ဆရာပန်ဟာ အဲဒီလို ဘာကြောင့် ဖြစ်ရတာလဲ။ ၁၉၇၄ ခုနှစ်လောက်တုန်းက ဆရာပန်တို့ကျောင်းကို လမ်းစဉ်ပါတီခေတ်၊ ပါတီယူနစ် ဥက္ကဋ္ဌ ရောက်လာပါတယ်။ စီမံကိန်းအရ ကျောင်းဆောင်သစ် တစ်ဆောင်ဆောက်ဖို့ ရှိနေတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com




ကျောင်းသားတစ်ယောက်စီဆီက ငွေ ၂၅ ကျပ် ကောက်ခိုင်းခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ က ငွေအစိတ်ဆိုတာ ကျောင်းသားမိဘတွေအတွက် မလွယ်ပါဘူး။ ကျောင်းအုပ်ဆရာကြီး အပါအဝင် ဆရာ၊ ဆရာမတွေ အားလုံးက ကောက်ခံပေးပါ့မယ်လို့ အာမခံပေမဲ့ ဆရာပန်ကတော့ 'ကျွန်တော်ကတော့ မကောက်ပေးနိုင်ပါဘူး။ ကျောင်းသားမိဘတွေ သိပ်ကျပ်တည်းကြပါတယ်။ အတန်းထဲမှာ မနက်စာ မစားရဘဲ ကျောင်းလာတက်ကြရတဲ့ ကျောင်းသားကလေးတွေ၊ တစ်လကို ကျောင်းလခ ၅ ကျပ်၊ ၆ ကျပ်တောင် မှန်မှန်မပေးနိုင်တဲ့ ကျောင်းသားကလေးတွေဆီက ခင်ဗျားတို့ တောင်းတဲ့ ၂၅ ကျပ်ကို ဘယ်လို တောင်းရမယ် ဆိုတာ အကြံပေးစေချင်ပါတယ်'လို့ ထပြောလိုက်မိလို့ လပယ်မြို့နယ်ကို ချက်ချင်းပြောင်းခဲ့ရတယ်။

ဒီလ မဟေသီမှာ ဖော်ပြတဲ့ မောင်ပန်နိုင်ရဲ့ **အညတရ ကျောင်းဆရာတစ်ယောက်ရဲ့ ဖွင့်ဟဝန်ခံချက်ဟာ** လမ်းစဉ်ပါတီခေတ် ကျောင်းဆရာတစ်ယောက်ရဲ့ ဘဝဖြတ်သန်းမှုကို ရေးသားတင်ပြထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ မောင်ပန်နိုင်ဟာ ခေတ်ကို သူ့ဆောင်းပါးထဲမှာ ပီပီပြင်ပြင် ပေါ်လွင်အောင် ရေးသားထားတဲ့အပြင် ဆရာကောင်းတစ်ယောက် ဆုံးရှုံးသွားခဲ့ရတဲ့ အကြောင်းရင်းကိုလည်း သူ့ဆောင်းပါးမှာ ဖော်ပြထားပါတယ်။

ထက်ကျော်ရဲ့ **နိုင်ငံရဲ့ အမွေအနှစ်တွေ** ဟာ ဆင်းရဲတွင်းထဲက ခုန်တက်နိုင်ဖို့ဆိုပြီး တန်ဖိုးဖြတ် မရတဲ့ နိုင်ငံရဲ့ အမွေအနှစ်တွေကို ရောင်းစားခဲ့တဲ့ စီမံခန့်ခွဲမှု မှားယွင်းတာကို ရေးသားထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ ဆရာ ထက်ကျော်က သူ့ဆောင်းပါးမှာ ဂျပန်နိုင်ငံက မီးရထားဖောက်လုပ်တဲ့ကိစ္စလေးကို ဥပမာပေး ရေးသားထားပါတယ်။ စာဖတ်သူတွေကို ဖတ်စေချင်လို့ အဲဒီဥပမာလေးကို ရေးမပြတော့ပါ။ ဖတ်ကြည့်ပါဦး။

ဒေါက်တာ လွမ်းဆွေရဲ့ **မြောက်ဥက္ကလာပ၊ ကန်ဘဲ့မှသည် ၂၇ လမ်းသို့** ဟာ ဆရာဝန်ဘဝ ကိုယ်တွေ့ခံစားရမှုကို ရေးဖွဲ့ထားတဲ့ အက်ဆေး တစ်ပုဒ်ပါ။ ဆရာဝန်ဆိုတာ ဆေးပညာတတ်ကျွမ်းရုံမျှ လောက်နဲ့ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုကို လုပ်နိုင်ပြီလို့ ပြောလို့ မရပါဘူး။ ဆရာဝန်တစ်ဦးရဲ့ စိတ်ထား၊ ပီတိကိုဖွဲ့ထားတဲ့ အက်ဆေးပါ။

*၂၀၁၃ အောက်တိုဘာ မဟေသီ*

❑

အတွေးအမြင် အယူအဆ မတူရင်လည်း သည်းခံကြဖို့ အရင်ပြောထားပါရစေ။ ရွှေမောင်းကတော့ အသစ်တွေကို စင်တင်ပေးခြင်းဟာ အနာဂတ် ရသစာပေရှင်သန် ဖွံ့ဖြိုးရေးလို့ မြင်ပါတယ်။ အဲဒီလုပ်ငန်းကို ရွှေမောင်းအနေနဲ့ အဓိက ပါဝင် ကူညီချင်တဲ့စိတ်ရှိပါတယ်။ ဒါကြောင့်လည်း မဂ္ဂဇင်းတွေပါတဲ့ 'အသစ်'တွေရဲ့ ဝတ္ထုတွေကို ဂရုစိုက်ဖတ်ရှုပါတယ်။ ဒီလ



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်တေးကဗျာ စင်တင်ပွဲသစ်ကဏ္ဍမှာဖော်ပြထားတဲ့ အောင်ကိုး(ချောက်)ရဲ့ **ဘူးခါးရေနဲ့ ကြမ်းကြားလေ** ဟာ အသစ်ကလောင်တစ်ချောင်းရဲ့ ဝတ္ထုအနုပညာကို ဖော်ပြလိုက်တဲ့ဝတ္ထုလေးပါ။ Satire ဝတ္ထုတိုလေးပါ။ အသစ်ကလောင်တစ်ချောင်းက အလွန်ခက်ခဲတဲ့ Satire ဝတ္ထုကိုကြိုးပမ်းထားလို့လည်း ရွှေမောင်းအနေနဲ့ လက်ခုပ်တီးပေးလိုက်ခြင်းဖြစ်ပါတယ်။ အကြောင်းအရာကို တော့ မပြောတော့ပါဘူး။ မဖြစ်ဖြစ်အောင် ဖတ်ကြည့်ပါလို့ ညွှန်းလိုက်ပါရစေ။

မေမောင်ရဲ့ **ရက်ရောသူများ**ဟာ ရုပ်ရှင်မင်းသမီးတစ်ယောက်နဲ့ မော်ဒယ်လ်တစ်ယောက်ရဲ့ အဖော်အချွတ် ဓာတ်ပုံနှစ်ပုံကို ကြည့်ရသူတွေ ခံစားရှုမြင်ပြောပြကြပုံတွေကို ရေးဖွဲ့ပြထားတဲ့ ဝတ္ထုတိုပါ။ မိန်းမတစ်ယောက် 'ပြ'လို့ မရတဲ့နေရာတွေကိုတောင်ပြဖို့ နည်းမျိုးစုံနဲ့ကြိုးပမ်းနေကြတဲ့ ဒီနေ့မိန်းမတွေကို ဝတ္ထုရေးသူက သူ့ဝတ္ထုမှာ အခုလို အဆုံးသတ် နိဂုံးပြုထားပါတယ်။

*'အင်း ဒီကောင်မလေးတွေ တော်တော်သဘောကောင်းတာပဲ။ ကိုယ့်ရဲ့အလှအပကို ရက်ရက်ရောရော ပြထားကြတာ။ ဒါတစ်ဦးတစ်ယောက်ပဲ မြင်ခွင့်ရရမယ့် အလှအပ။ အခုတော့ အများပြည်သူ ကြည့်ရှုခံစားရန် သူတို့ခမျာ အစွမ်းကုန် ကြိုးစားထားကြတာ၊ တော်တော်စေတနာသဒ္ဓါအားကောင်းတဲ့ ကောင်မလေးတွေပဲ'တဲ့။*

> မြသွေးနီဟာ
> ခေတ်ကို
> ရုပ်လုံးဖော်
> ပစ္စည်းတွေနဲ့
> ပြသွားခဲ့ပါတယ်
> ကုန်ဈေးနှုန်း
> ကြီးမြင့်မှု
> ငွေကြေးဖောင်းပွမှု
> ဆိုတာတွေကို
> တစ်ခွန်းတစ်ပါဒမှာ
> မပြောဘဲ
> ခေတ်အလိုက်
> ကန်တော့တဲ့အခါမှ
> လူကြီးတွေက
> မုန့်ဖိုးပြန်ပေးတဲ့
> ငွေကြေးပမာဏနဲ့
> ဖော်ပြ
> ရေးဖွဲ့
> သွားခဲ့ပါတယ်

စမ်းစမ်းတင်ရဲ့ **နှင်းဆီအလှည့် အလှသာဆင်မည်**ဟာ သင်္ကေတဝတ္ထုတစ်ပုဒ်ပါ။ အက်ဆေးတစ်ပုဒ်ကို ဖတ်နေရသလိုမျိုး ခံစားရပါတယ်။ နှင်းဆီပင်တစ်ပင်ကို သင်္ကေတပြုပြီး ခေါင်းမထောင်နိုင်အောင် ချိုးနှိမ်ခံလိုက်ရတဲ့ နှင်းဆီပင်တစ်ပင် အချိန်တန် ပန်းနှင်းဆီ ပြန်လည်ပွင့်လာပုံကို ရေးဖွဲ့ပြထားပါတယ်။ ဖတ်ကြည့်ပါဦး။

*၂၀၁၃ အောက်တိုဘာ*
*ရုပ်ရှင်တေးကဗျာ။*

❑

ဒီလ ရွှေအမြုတေမှာ ရွှေအသစ်ဝတ္ထုတို ၆ ပုဒ်ဖော်ပြထားပါတယ်။ ပြောရရင်တော့ ၆ ပုဒ်စလုံးကို ကောင်းနေပါတယ်။ ပြီး ကလောင်သစ်လို့ပြောရမှာတောင် ခပ်ခက်ခက်ပါ။ သူတို့ အရေးအသား၊ သူတို့ လက်တွေက ကောင်းမွန် တည်ငြိမ်နေပါတယ်။ မင်းညိုသွေးရဲ့ **ယိုင်နဲ့နဲ့** က ဖိုးပိန်ဆိုတဲ့ ကလေးတစ်ယောက်ရဲ့ ဘဝဖြတ်သန်းမှုကို ရေးဖွဲ့ထားတာပါ။ လက်ဖက်ရည်ဆိုင်မှာ အလုပ်သမားလေးဘဝနဲ့ ရတဲ့လခကို အိမ်ပို့ပြီး မိသားစုစားဝတ်နေရေးကို ပံ့ပိုးနေရတာ။ အဲဒီမှာ ဆိုင်ရှင် တရုတ်၊ သူတို့မိသားစု စီးပွားရေးဘဝ၊ မလုပ်ချင်ပေမဲ့ လုပ်နေရတဲ့ သူ့ဘဝတို့ကို လှလှပပ ရက်ဖွဲ့ထားပါတယ်။ ရေအေးရဲ့ **မွေးမေလေ့က** မိခင်မေတ္တာဘွဲ့ပါ။ အမေ့မေတ္တာကြီးမားပုံကို လှည့်ကွက်ကလေးနဲ့ တင်ပြထားပါတယ်။ ခန့်ညီဖေရဲ့ **မျှော်လင့်ခြင်းအသစ်ရင်တွင်းဖြစ်တည်**ဟာ ဖိုးကျော်ဆိုတဲ့ ကလေးငယ်တစ်ဦး ရှန်းကန်လှုပ်ရှားမှုကို စိတ်လှုပ်ရှားဖွယ် ရေးဖွဲ့ပြထားတဲ့ ဝတ္ထုပါ။ နေ(ပင်လယ်ပြာ)ရဲ့ **သခင်** ဟာ ဖတ်သူရဲ့ရင်ကို နင့်ခနဲဖြစ်သွားစေလောက်တဲ့ ဖွဲ့စည်းမှုနဲ့ တင်ပြရေးဖွဲ့ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ ပေါ်ဦးလင်းရဲ့ **မမြင်နိုင်သောနားရွက်**ဟာ အိမ်ထောင်ရှိပြီး စာဖတ်၊ လက်ဖက်ရည်ဆိုင်ထိုင်၊ အိမ်ထောင်မိသားစုအတွက် အလုပ်မလုပ်တဲ့ အောင်ဒင်ရဲ့ဘဝကို ရေးဖွဲ့ထားတဲ့ ဝတ္ထုပါ။ အဲဒီမှာ

ပေါ်ဦးလင်းဟာ ဗိုလ်ချု
အောင်ဆန်းရဲ့မိန့်ခွန်းတွေကို
ထုတ်နုတ်ကိုးကားပြီး ဝတ္ထု
ကို လှလှပပ ရက်ဖွဲ့ထားပ
တယ်။ ရွှေအသစ်ဝတ္ထုတို ၆
ပုဒ်ထဲက ရွှေမောင်းအကြိုက်
ဆုံးကတော့ အသင်ရဲ့ **လေ**
**ကားထစ်**ပါ။ အနာဂတ်ကို
မျက်နှာမူထားတဲ့ အပြင်
အဆင်းရဲဆုံးလူ့အဖွဲ့အစည်း
တစ်ခုက လှမ်းတက်နိုင်ဖို့
အတွက် ဒီနေ့ ကလေးတွေ
အကျင့်မပျက်ဖို့ လိုပါတယ်။
ကလေးသူငယ် ပြုစုပျိုး
ထောင်ရေးကို ရေးဖွဲ့ထားတဲ့
ဝတ္ထုတိုတစ်ပုဒ်ပါ။

မြသွေးနီရဲ့ **သီတင်း**
**ကျွတ် ရင်ခုန်တမ်းချင်း** ဟာ
ဗုဒ္ဓဘာသာဝင် မြန်မာများရဲ့
ဓလေ့ဖြစ်တဲ့ လူကြီးမိဘတွေ
ကို ကန်တော့တဲ့ကိစ္စကို ရေး
ဖွဲ့ထားတဲ့ ဝတ္ထုတိုပါ။ အဲဒီမှာ
မြသွေးနီဟာ ခေတ်ကို ရုပ်
လုံးဖော်ပစ္စည်းတွေနဲ့ ပြသွား
ခဲ့ပါတယ်။ ကုန်ဈေးနှုန်း
ကြီးမြင့်မှု၊ ငွေကြေးဖောင်းပွ
မှု ဆိုတာတွေကို တစ်ခွန်း
တစ်ပါဒမှ မပြောဘဲ ခေတ်
အလိုက် ကန်တော့တဲ့အခါမှာ
လူကြီးတွေက မုန့်ဖိုးပြန်ပေး
တဲ့ ငွေကြေးပမာဏနဲ့ ဖော်ပြ
ရေးဖွဲ့သွားခဲ့ပါတယ်။ ဖတ်
ကြည့်ပါဦး။

ကျော်မောင်မောင်ဟန်
ရဲ့ **တန်ရာတန်ကြေး** ဟာ
KTV ဝန်ဆောင်မှုလုပ်ငန်းနဲ့
အသက်မွေးဝမ်းကျောင်း ပြု
နေရတဲ့ မိန်းကလေးတစ်ဦးရဲ့
စိတ်ခံစားမှုကို ရေးဖွဲ့ထားတဲ့
ဝတ္ထုတိုပါ။ စကားလုံး သုံးနှု
ပုံ၊ ပေးရသူနဲ့ယူသူ၊ လူတန်း
စားစိတ်၊ အတွေးအမြင်နဲ့
လက်ရှိ မြန်မာနိုင်ငံ မြို့ပြ



www.burmeseclassic.com

www.burmeseclassic.com

…နေမှုတို့ကို သူ့ဝတ္ထုထဲမှာ …ည့်သွင်းထားပါတယ်။ …တ်ကြည့်ပါ။ ဖတ်လို့ …ောင်းနေသလို မိန်းကလေး …ဘဝကို ထင်းခနဲ ပေါ်လွင် …ပါတယ်။ စာရေးသူက …ထ္ထုရဲ့ နိဂုံးမှာ 'ညီမင်းညို' …ကဗျာကို မှီးတယ်လို့ ဝန်ခံ …ထားပါတယ်။ ဖတ်ကြည့်ပါ …ဦး။

လမင်းမောင်မောင်ရဲ့ **…အတောင်ကျိုးသွားတဲ့မေတ္တာ** …ဟာ မိခင်မေတ္တာကို အောက် …အဖြစ်ထားပြီး နိုင်ထက်စီး …င်း လုပ်တတ်သူတွေကို စာ …ဖတ်သူ မြင်လာစေရန် ရေးဖွဲ့ …ထားတဲ့ဝတ္ထုတိုပါ။ အတောင် …ကျိုးနေတဲ့ ပြွတ်မကြီးရဲ့ သူ့ …ကလေးတွေဆီ ရောက်အောင် …ကြိုးပမ်းရပုံ၊ အဲဒီအင်အား …နည်းတဲ့ မိသားစုကို အင်အား …ကြီးတဲ့ ငှက်မြီးရှည်နဲ့ ကျီး …တွေက တိုက်ခိုက်ကြပုံ။ အဲဒီ …မြင်ကွင်းကိုမြင်နေရတဲ့ ဇာတ် …ကောင်ရဲ့ ခံစားမှု၊ အဲဒါတွေ …ကို သူ့ဝတ္ထုမှာ ပုံဖော်ရေးဖွဲ့ပြ …ပါတယ်။ ပဓာန ရည်ရွယ် …ချက်ကို ပုံဖော်ရာမှာ လမင်း …မောင်မောင်ဟာ အားပြိုင်မှု …ပေးပြီး စာဖတ်သူကို ဖမ်း …စားနိုင်ခဲ့ပါတယ်။

ယုယရဲ့ **ခွေးလေးတစ်…ကောင် ဖမ်းမိတယ်** ဟာ ကား …တိုက်မိပြီး အမေခွေးမကြီး …သေတော့ အမေ့နို့ကိုလာစို့တဲ့ …ခွေးလေးကို အိမ်ယူမွေးမိလို့ …ဒုက္ခရောက်ရပုံကို ရေးဖွဲ့ထား …တဲ့ ဝတ္ထုတိုပါ။ စာမရေး …ဖတ်သူဆိုရင်တော့ ဝတ္ထု …တစ်ပုဒ် ဖြစ်မလာနိုင်ပါဘူး။ …ဒါပေမဲ့ ယုယက အဲဒါလေး …ကို အဖွင့်၊ အပိတ်လှလှလေး …နဲ့ ဝတ္ထုလုပ် ရေးပြသွားခဲ့ပါ တယ်။

ဒီလ ရွှေအမြုတေ ဝတ္ထုရှည်စဆုံးက ယဉ်ယဉ်နု(မန္တလေး)ရဲ့ **အုပ်ကြီးက တစ်ရာနှစ်ရာ** ပါ။ အုပ်ကြီးဆိုတာက ဥက္ကဋ္ဌကို ပြောတာပါ။ ရပ်ကွက် သာရေး၊ နာရေး အသင်းဥက္ကဋ္ဌ ဦးကြိုင်တိုင်းအောင်၊ ဥပုသ်ဆွမ်းလောင်းအသင်း ဥက္ကဋ္ဌ ကိုညွန့်ဝင်း၊ ပြီး အဲဒီ ဆွမ်းလောင်းအသင်းကို လက်လွှဲယူလိုက်တဲ့ ကိုစန်းလွင်။ အဲဒီသုံးယောက်ရဲ့ဆောင်ရွက်ချက်တွေကို ဆရာမ ယဉ်ယဉ်နုက ဇာတ်ကွက်လေးတွေနဲ့ စာဖတ်သူကို 'ပြ'ပါတယ်။ စာဖတ်သူဟာ ဝတ္ထုရေးသူရဲ့ ခေါ်ယူရာနောက်ကို လိုက်နေရပြီး ဦးကြိုင်တိုင်းအောင်ရဲ့ ပိရိသေသပ်တဲ့ ရန်ပုံငွေကိုယ်ကျိုးသုံးမှုကို စာဖတ်သူမြင်လာတယ်။ မကြာမီမှာပဲ ဒုတိယတစ်ယောက်ဖြစ်တဲ့ ကိုညွန့်ဝင်းရဲ့ အလွဲသုံးစားမှု၊ ကိုယ်ကျိုးရှာမှုကိုလည်း စာဖတ်သူမြင်လာပါတယ်။ တတိယအုပ်ကြီးဖြစ်တဲ့ ကိုစန်းလွင်ကို ရေးပြပုံလေးက သိပ်လှတယ်။ ဖိနပ်အလုပ်ရုံမှာ ဆွမ်းလောင်းအသင်းလုပ်ပြီး နောက်ဆုံး သူ့အလုပ်သမားဆယ်ယောက်ကပဲ အလှူခံတဲ့ အဆင့်အထိ ကိုစန်းလွင်တဖြည်းဖြည်း ပြောင်းယူလိုက်ပုံကို ဆရာမ ယဉ်ယဉ်နုက လှလှပပ ရေးဖွဲ့ပြသွားပါတယ်။ ရွှေမောင်းအကြိုက်ဆုံးက နိဂုံးပါ။ ဖတ်ကြည့်ပါဦး။

*၂၀၁၃ အောက်တိုဘာ ရွှေအမြုတေ။*

❑

ဒီလ Look မှာ ဖော်ပြတဲ့ ထွေးကိုထွန်းရဲ့ **အိုဘားမား၏ နယ်လ်ဆန်မင်ဒဲလား ဂုဏ်ပြုခရီး** ဟာ အသားအရောင်ခွဲခြားမှုကို ဆန့်ကျင်ပြီး တော်လှန်ရေးကို ဦးဆောင်ခဲ့တဲ့ တောင်အာဖရိကခေါင်းဆောင် နယ်လ်ဆန်မင်ဒဲလားရဲ့ ဆေးရုံပေါ်က နောက်ဆုံးအချိန်လေးမှာ အိုဘားမား သွားရောက်ဂုဏ်ပြုခဲ့ပုံကို ရေးသားထားတဲ့ ဆောင်းပါးပါ။

ရွှေကူမေနှင်းရဲ့ **တာဝန်ရှိမှု** ဟာ Responsibility နဲ့ Duty ကွာခြားပုံကို ရှင်းလင်းဖွင့်ဆိုပြထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ ဆရာမက သူ့ဆောင်းပါးမှာ Responsibility နဲ့ Duty ကို ဥပမာပေး ရှင်းလင်းဖွင့်ဆိုထားပါတယ်။

ကိုအောင်(စပယ်ခြံ)ရဲ့ **အနုပညာနဲ့ ရှန်းကန်မှုဟာ** အနုပညာနဲ့ ဘဝကို ရပ်တည်နေရသူတွေရဲ့ အခက်အခဲ၊ သူတို့ရဲ့ ပိုင်ဆိုင်မှု၊ ရပ်တည်မှုကို ဖော်ညွှန်းထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။

*၂၀၁၃ အောက်တိုဘာ Look*

❑

ဒီလ ရတီမှာပါတဲ့ သော်ဇင်(လှိုင်ကော်)ရဲ့ **ညအမှောင်ယံထဲမှာဟာ** အတူနေကြသူတွေရဲ့ သံသယကို ရေးဖွဲ့ထားတဲ့ ဝတ္ထုပါ။ ကာလ၊ ဒေသနဲ့ စဉ်ဆက်ညီညွတ်မှုကို ဂရုတစိုက် ရေးဖွဲ့ထားပါတယ်။

ဆလိုင်းနွေ(မင်းတပ်)ရဲ့ **အရုးသွင်းတဲ့ဂီးဟာ** အတွေ့အကြုံက သီးပွင့်လာတဲ့ ဝတ္ထုတစ်ပုဒ် ဖြစ်ဟန်တူပါရဲ့။ ကဗျာဆရာဆိုတဲ့ 'နာမည်'ကို သူ့ဆီပေါင်၊ သူက သူ့သူငယ်ချင်းဆီ သူ့နာမည်ကို ထိုးအပ်၊ အဲဒီလိုနဲ့ နောက်ဆုံး သူပဲ ခံလိုက်ရပုံရယ်၊ သူတကာ ကြီးပွားအောင် အခမဲ့ အကြံပေးခဲ့ရပုံတွေကို ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ ဆရာ လူထုဦးလှရဲ့ပုံပြင်တစ်ပုဒ်ကို ဝတ္ထုရဲ့ နိဒါန်းနဲ့ နိဂုံးမှာ သုံးစွဲပြီး စာဖတ်သူကို သတင်းပေးရေးဖွဲ့ထားပါတယ်။

*၂၀၁၃ အောက်တိုဘာ ရတီ။*

❑

ဒီလ ကလျာဝတ္ထုတိုတွေထဲက နွေမွှန်(မန်း)ရဲ့ **ရွှေကျို၍ ရေချိုထွက်စေတော့** ကို ညွှန်းချင်ပါတယ်။ ခေတ်တစ်ခေတ်၊ အဲဒီခေတ်မှာ 'အဘ' ဝေါဟာကို ဘယ်တီထွင် ဖန်တီးရှင်က ဖန်တီးပေးလိုက်သည် မသိ။ ပင်စင်စားပြီး ပြန်လည်ခန့်ထားတဲ့ ၆၀ ကျော်က အသက် ၄၀၊ ဟိုဒင်းကို 'အဘ'ကို ခေါ်နေတဲ့ခေတ်။ ရွှေမောင်းတို့လို စာရေးဆရာတွေကတော့ အဲဒီလို ခေါ်စရာမလိုပါဘူး။ ရေမထွက်တဲ့ မကွေးတိုင်းမှာ ရေချိုတူးပြီး အပင်စိုက်မတဲ့။ 'အဘ'ရဲ့မဟာစိတ်ကူးကြီး။ အဲဒါကို မလုပ်နိုင်ခဲ့လို့ အလုပ်ပြုတ်မှာကြောက်ပြီး ဇနီးရဲ့ကိုယ်ပေါ်မှာရှိသမျှ ရွှေတွေချွတ်၊ ဘူးလေးထဲ ထည့်ပြီး သူ့အမေ မဟုတ်တဲ့ အမေကို ဆက်သလိုက်တော့မှ ဝန်ထမ်းဘဝလေး အေးငြိမ်းသွားရပုံကို ရေးဖွဲ့ပြထားတဲ့ ဝတ္ထုတိုပါ။ နွေမွှန်ရဲ့ ဝတ္ထုကိုဖတ်ပြီး ရွှေမောင်း စဉ်းစားကြည့်တယ်။ ရာစုနှစ်လေး


www.burmeseclassic.com

www.burmeseclassic.com

ပုံတစ်ပုံ၊ သူတို့လုပ်ချင်သလို လုပ်တာကို မြန်မာနိုင်ငံသားတွေ ထိုင်ကြည့်နေခဲ့ရပါလားလို့ပါ။ အဆိုးဆုံးက အဲဒီထဲမှာ ရွှေမောင်းကိုယ်တိုင် ပါဝင်နေတာပါပဲ။

ခင်မြဇင်ရဲ့ **ရန်သူတော် သို့မဟုတ် သူငယ်ချင်းကောင်းတစ်ယောက်** ဟာ မကြာမီက ကွယ်လွန်သွားတဲ့ ဆရာ မင်းလူအကြောင်းပါ။ ရန်ကုန်တက္ကသိုလ်မှာ အတူနေခဲ့စဉ်က အကြောင်းတွေပါ။ ရွှေအမြုတေမှာလည်း ဆရာမင်းလူနဲ့ တွေ့ဆုံမေးမြန်းခန်းရယ်၊ သူ့ဝတ္ထုရယ်ကို ဖော်ပြပေးပါတယ်။ ရွှေမောင်းနဲ့ နောက်ဆုံးတွေ့လိုက်စဉ်က စာနယ်ဇင်းပွဲတစ်ပွဲမှာပါ။ ရွှေမောင်းကို အသာလက်တို့ခေါ်ပြီး သူ့ထုံးစံအတိုင်း အထူးလျှို့ဝှက်လုပ်ငန်းပုံစံနဲ့ တိုက်ပုံအင်္ကျီဘေးအိတ်ထဲမှာ ဝှက်လာတဲ့ စာအုပ်တစ်အုပ်ပေးတယ်။ အဲဒီစာအုပ်က ဆရာ မင်းလူရေးတဲ့ စာအုပ်မဟုတ်ပါဘူး။ ကိုဝဏ္ဏရဲ့စာအုပ်လေးပါ။ မြန်မာပြည် စာပေလောကမှာ Satire ရေးတဲ့ နေရာမှာတော့ အလွန်ထူးချွန်ပြောက်မြောက်တဲ့ စာရေးဆရာတစ်ဦးပါ။ အသေစောလို့ နှမြောမိတာတော့ အမှန်ပါပဲ။

*၂၀၁၃ နိုဝင်ဘာ ကလျာ။*

❑

ဒီလ ပေဖူးလွှာမှာဖော်ပြတဲ့ ဦးတင်ဦး(ကျူရှင်)ရဲ့ **လူငယ်နှင့်နိုင်ငံရေး**ဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးသမိုင်းမှာ ထွန်းပြောင်ခဲ့တဲ့ အောင်ဆန်းနဲ့ အပေါင်းပါ လူငယ်တွေရဲ့ လှုပ်ရှားမှုကို ၁၉၈၈ ခု ပြည်သူတွေ စစ်အာဏာရှင်လက်အောက်က လွတ်မြောက်ရန် လှုပ်ရှားမှုမှာ ပါဝင်ခဲ့တဲ့ ၈၈ မျိုးဆက်လူငယ်တို့ရဲ့ ကိုယ်ကျိုးစွန့်၊ အနစ် နာခံမှုနဲ့ နှိုင်းယှဉ်ရေးပြထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ ဆရာဟာ အတွေ့အကြုံရှိသူပီပီ ဒီဆောင်းပါးမှာ သူ့သဘောထားအမြင်ကို ရဲရဲဝံ့ဝံ့ တင်ပြထားပါတယ်။ ဒီနေ့ လူငယ်တွေ ဒီမိုကရေစီနိုင်ငံကြီး တစ်နိုင်ငံဖြစ်ပေါ်ရေးမှာ ဘယ်အခန်းကဏ္ဍက ပါဝင်နေကြသလဲ၊ ပါဝင်သင့်သလဲဆိုတာကို ဆန်းစစ်ပြထားပါတယ်။ ဖတ်ကြည့်ပါဦး။

ယုယရဲ့ **ခွေးလေးတစ်ကောင်ဖမ်းမိတယ်** ဟာ ကားတိုက်မိပြီး အမေခွေးမကြီးသေတော့ အမေ့နို့ကိုလာစို့တဲ့ ခွေးလေးကို အိမ်ယူမွေးမိလို့ ဒုက္ခရောက်ရပုံကို ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုပါ စာမရေးတတ်သူဆိုရင်တော့ ဝတ္ထုတစ်ပုဒ် ဖြစ်မလာနိုင်ပါဘူး ဒါပေမဲ့ ယုယက အဲဒါလေးကို အဖွင့်၊ အပိတ် လှလှလေးနဲ့ ဝတ္ထုလုပ် ရေးပြသွားခဲ့ပါတယ်

နန်းဇကေရီရှင်ရဲ့ **ရာသီမသိဘာဝနဲ့ညီမယ်** ဟာ စာအုပ်ကို မက်မောတဲ့ စာကြည့်တိုက် ဝန်ထမ်းတစ်ဦးရဲ့ ဘဝဖြတ်သန်းမှုကို စာရေးသူရဲ့အတွေးစဉ်နဲ့ ရေးဖွဲ့ထားတဲ့ အက်ဆေးတစ်ပုဒ်ပါ။ နန်းဇကေရီရှင်ဟာ ဝတ္ထုတိုအရေးကောင်းသလို၊ သူ့အတွေးအမြင်လေးတွေကလည်း တခြားသူတွေနဲ့ မတူတတ်ပါဘူး။ ဒီအက်ဆေးမှာ စာကြည့်တိုက်ဘက်မှာနေရင် ရာထူးတက်ကြာမယ်မှန်းသိပါလျက်နဲ့ စာအုပ်ကို ခုံမင်မွေ့ပိုက်တတ်လို့ ရာထူး တိုးမယ့်ဘက်ကို မသွားခဲ့ပါဘူး။ ပြီး ရန်ကုန်တက္ကသိုလ်ရဲ့ သမိုင်း၊ အတိတ်ဖြစ်ရပ်တွေ၊ ပြီး သူဖတ်ဖူးတဲ့ ဂန္ထဝင်ဝတ္ထုတွေကို စနစ်တကျ ဖြန့်ခင်းပြီး သူ့အက်ဆေးကို အလှဆင်ထားပါတယ်။ ဖတ်ကြည့်ပါဦး။

ဆန်းမြင့်(ပခုက္ကူ)ရဲ့ **မခူးရက်ခဲ့ ဆူးမဲ့နှင်းဆီ**ဟာ ပုဂံနဲ့ ကျွန်းချောင်းကို စုန်သွားနေတဲ့ ဇက်ရေယာဉ်က ဒု-စက်ခန်းအုပ် ဆန်းမြင့်နဲ့ ယွန်းလုပ်ငန်းကို လုပ်နေတဲ့ နှလုံးသားဖြူစင်သူ ရွှေရည်လှိုင်တို့ တွေ့ဆုံရင်းနှီးပုံကို ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုပါ။ ပြောရရင် ဘာမှ ထူးခြားတာ မရှိပါဘူး။ ဒါပေမဲ့ ဝတ္ထုကို ဖန်တီးသူ ဆန်းမြင့်ဟာ သူ့ဝတ္ထုမှာ ယွန်းအတတ်ပညာကို ထည့်ပြထားတဲ့အပြင် ရွှေရည်လှိုင်ရဲ့ စိတ်အလှကိုလည်း ပေါ်လွင်အောင် ရေးဖွဲ့နိုင်ပါတယ်။ ဘာမဟုတ်တဲ့ နှလုံးသားကိစ္စလေးတစ်ခုကို လှလှပပ စာဖတ်သူရင်ကို ထိ ရှအောင် ရေးဖွဲ့နိုင်ခဲ့ပါတယ်။

ရည်ဝေ(လင်းရောင်ခြည်)ရဲ့ **ကြိုးလေးသုံးချောင်း**ဟာ နောက်ယောကျ်ားယူတဲ့ မိခင်ဟာ သားအရင်းသုံးယောက်ကို ဆိုင်ဝန်ထမ်းအဖြစ် လုပ်ခိုင်းပြီး ကလေးတွေရဲ့လုပ်အားကို ခေါင်းပုံဖြတ်စားနေပုံကို ရေးဖွဲ့ပြထားတဲ့ ဝတ္ထုတိုပါ။ ဒီနေ့ ရန်ကုန်မြို့တော် ပိုင်နက်အတွင်းက စားသောက်ဆိုင်တွေမှာ အရွယ်မရောက်သေးတဲ့ ကလေးတွေကို ခေါ်ခိုင်းနေကြပါတယ်။ အဲဒါကို သက်ဆိုင်ရာတွေကလည်း ဘာမှ အရေးမယူကြပါဘူး။ ဒီဝတ္ထုကတော့ မိခင်အရင်းကိုယ်တိုင်က သားသုံးယောက်ကို ရောင်းစားနေပုံလေးပါ။ ရည်ဝေက တာဝန်ကျေစွာ ထောက်ပြထားပါတယ်။

*၂၀၁၃ အောက်တိုဘာ ပေဖူးလွှာ*

❑

ဒီလရဲ့ ရနံ့သစ်ဝတ္ထုတိုတွေထဲက သတိုးရဲ့ **မျှော်** ကို ညွှန်းချင်ပါတယ်။ စီးပွားရေးသိပ်မကောင်းလို့ ဗေဒင်ကြည့်၊ ယတြာချေခိုင်းလိုက်တာက ပေါင်မုန့် နှစ်လုံးကို ခွေးကျွေးပါတဲ့။ အဲဒါ အိမ်ကြီးရှင်ရဲ့ အိမ်ဖော်ကလေးမလေး နေရီက သွားကျွေးရပါတယ်။ အဲဒီမှာ ရေသန့်ဘူးကောက်တဲ့ကောင်လေးနဲ့ နေရီ ဆုံရတယ်။ နေရီရယ်၊ အဲဒီကလေးရယ်၊ အိမ်ကြီးရှင်ရယ် ဘဝသုံးခုကို နှိုင်းယှဉ် ရေးပြထားတဲ့ ဝတ္ထုတိုပါ။



www.burmeseclassic.com

www.burmeseclassic.com

...တိုးဟာ သူ့ဝတ္ထုရဲ့ နိဂုံးကို ...တ်သူ စိတ်ဝင်စားအောင် ...လုပပ သေသေသပ်သပ် ...ခဲ့နိုင်ခဲ့ပါတယ်။ လူ့အဖွဲ့ ...စည်းတစ်ခုကို မီးမောင်း ...ပြထားတဲ့ ဝတ္ထုတိုတစ်ပုဒ် ...ပါတယ်။

ဒီလ ရန်နံ့သစ်ကဗျာ ...တွေဟာ ရွှေမောင်းရင် ... လာလာပြီးထိတဲ့ ကဗျာ ...တွေချည်း ဖြစ်နေပါ ...ယ်။ အဲဒီထဲက လင်းခါးရဲ့ **...ကျောက်ဆည်ဆိုတော့လည်း ...ခေတ်ပဲ မဟုတ်ဘူးလားကို** ...န်းလိုက်ပါတယ်။ သူ့ ...ဗျာရဲ့ နိဂုံးပိုဒ်ကလေးကို ...ကြည့်ကြရအောင်။ *ဟို ...ကော ကျောက်ဆည်သား ...ဟုတ်လား၊ သခင်မကြီး ...မြရီ ကျောက်ဆည်သူကွ။ ...သံခဲ ကျောက်ဆည်သား ... ....၊ ကိုကိုးကျွန်း ...စာတော်ခံ ဆန္ဒပြပွဲမှာ ကျ ဆုံးခဲ့တဲ့ ကိုလတ်(ခ) မောင်မောင်စိုး ကျောက်ဆည်သားကွ။ အစွန်အဖျား မွေးစားသားကို တ, မနေနဲ့။ ဒါနဲ့များ မင်းတို့ ကျောက်ဆည်၊ ကျောက်ဆည်ဆိုတော့လည်း အာဏာရှင်ခေတ်ကို ဖြတ်ခဲ့ရတာပဲ မဟုတ်လား* တဲ့။

စိုးအုပ်ရဲ့ **အိုဘားမား၊ စန်းဒင်နှင့် ပူတင်**ဟာ လူငယ်တွေရဲ့ ပင်ကိုအရည်အသွေးကို ဖော်ထုတ်ဖို့ မကြိုးပမ်းဘဲ အာဏာတည်မြဲပြီး သယံဇာတ အရင်းအမြစ်တွေကနေ သူ့ရဲ့ 'ခြသေ့်ဝေစု' ရရှိရေးကိုသာ လုံးပမ်းနေတဲ့ ပူတင်ရဲ့ လုပ်ဆောင်ချက်ကို ဝေဖန်ဆန်းစစ်ပြထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ ဒီနေ့ ကမ္ဘာမှာ စိတ်ကူးဉာဏ် ကွန့်မြူးခြင်းကို အားပေးတဲ့ နိုင်ငံနဲ့ အားမပေးတဲ့ နိုင်ငံရယ်လို့ပဲ ရှိပါတယ်။ အဲဒီလို ကမ္ဘာထဲမှာ ပူတင်ဟာ ရုရှားကို အနိမ့်ဆုံး (L.I.E) နိုင်ငံဖြစ်သွားစေမယ့် နိုင်ငံရေးအရ တစ်ရောင်တည်းခြယ်တဲ့ နိုင်ငံဖြစ်အောင် ဖန်တီးတည်ထောင်နေပါတယ်' လို့ ဆောင်းပါးရှင်က ဝေဖန်ပြထားပါတယ်။

ဒီလ ရွှေမောင်းနောက်ဆုံး ညွှန်းချင်တဲ့ ဆောင်းပါးက သန်းစိုးနိုင်ရဲ့ **ပြေလျော့လာသော လက်သီးဆုပ်များ**ပါ။ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်တွင် ရာထူးလက်ခံပြီးနောက် ဦးသိန်းစိန် အုပ်ချုပ်ရေးအဖွဲ့ လုပ်ငန်းများကို စစ်ဦးစီးဌာနချုပ်တစ်ရပ်ကဲ့သို့ လှုပ်ရှားဆောင်ရွက်ခြင်း မပြုဘဲ အစိုးရတစ်ရပ်ကဲ့သို့ ပြုမူလှုပ်ရှားလာခဲ့တယ်။ ဒီဆောင်းပါးဟာ ဒီနေ့ နိုင်ငံရေး အကူးအပြောင်းမှာ အထောက်အကူ ပြုနိုင်တဲ့ ဆောင်းပါးတစ်ပုဒ်ဖြစ်ပါတယ်။

ဦးသန်းရွှေ အသက်ထင်ရှားရှိနေဆဲ အခြေအနေမှာ တပ်မတော်ကို လွှတ်တော်ထဲက ဆွဲထုတ်တာမျိုးဟာ ဖြစ်နိုင်စရာ မရှိလှပါဘူး။ အသွင်ကူးပြောင်းရေးရဲ့ အစောပိုင်းကာလ၊ ဒီမိုကရေစီ အခြေခံများ တောင့်တင်းခိုင်မာမှု မရှိသေးချိန်မှာ အဲဒီလို တောင်းဆိုမှုမျိုးဟာ အန္တရာယ်ရှိနိုင်ပါတယ်လို့ ဆောင်းပါးရှင်က ထောက်ပြဝေဖန်ထားပါတယ်။ လူတိုင်းဖတ်ရမယ့် ဆောင်းပါးတစ်ပုဒ်လို့ ဆိုပါရစေ။ အထူးသဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ် ရေးဆွဲမယ်ဆိုတဲ့ လူတွေ ဖတ်သင့်တဲ့ ဆောင်းပါးပါ။

*၂၀၁၃ အောက်တိုဘာ*

*ရန်နံ့သစ်။*

■ မင်္ဂလာရွှေမောင်း




သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ"

ကွန်ပျူတာဗေဒသုခုမ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်၊ ဘြိစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

ဒေါက်တာတင်ဗိုလ်ဗိုလ် (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၆၅၊ ၀၉-၇၃၀၇၇၇၃၀၊ ၀၉-၅၁၀၄၂၂၆


Website: www.baydathukhuma.com




www.burmeseclassic.com

www.burmeseclassic.com

Book Making
AMK
creation




နွယ့် အရှေ့တွင်
သူ ရှိနေသည်။
နှင်းဆီပွင့်ကလေးများစွာက
သူ့ အပေါ်တွင်ရော
သူ့အနားတွင်ပါ
ဖုံးလွှမ်းပြန့်ကျဲလျက်ရှိသည်။
နှင်းဆီပွင့်များ၏ သင်းရနံ့က
ပျံ့လွင့်နေခဲ့လေသည်။
သူ ကြိုက်နှစ်သက်လွန်းသည့်
နှင်းဆီပွင့်များအကြား
သူ ပျော်မွေ့ နေပြီလား•••
သူ ကြေကွဲနေမည်လား•••

## ဖြန့်ချိရေး

**AMK Creation**

အမှတ်-၂၁၁၊ ပထမထပ်၊ ၃၇ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀ ၉၇၀၃၆၊ ၀၉ ၄၂၀၀ ၇၅၅၅၇

www.burmeseclassic.com

www.burmeseclassic.com


စိတ်ကူးမိုးစက်များ၏ ပွင့်ဖတ်ဆယ့်နှစ်လွှာ

သစ်ခက်ဦး




နှံ့ချီရေး

လောက (၅)

တ်(၁၃၇/၁၄၀)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

 - ၀၉ ၇၃ ၁၂၅၀၆၇၊ ၀၉ ၇၃ ၁၄၀၉၃၆


www.burmeseclassic.com

www.burmeseclassic.com



# ဒဂုန်တာရာ နှင့် တွေ့ဆုံခြင်း

ဝင်းငြိမ်း

(ယခင်လမှအဆက်…)
ဘာသာပြန် ကဗျာတွေ
မဂ္ဂဇင်းတွေထဲမှာပါတာ
ရှိပါတယ်။
ဆရာ ဖတ်ဖြစ်သေးလား။
ဖတ်ပါတယ်။
အဲဒီကဗျာနဲ့ ပတ်သက်လို့
ဘယ်လိုသဘောထားပါသလဲ။
ဒီခေတ်…လွန်ခဲ့တဲ့ ၁၀ နှစ်
၁၅ နှစ်၊ နှစ် ၂၀ အတွင်းပေါ့ဗျာ။
ဘာသာပြန်ကဗျာတွေ
တော်တော် ထွက်လာတယ်။
အဲဒါ တော်တော်လေး ကောင်းတဲ့
အလားအလာပါ။ (ဘာသာပြန်
ကောင်း၊ မကောင်းကို ကျွန်တော်
ဆိုလိုတာ မဟုတ်ဘူးနော်။)
ဘာဖြစ်လို့လဲဆိုတော့
ကဗျာနဲ့ပတ်သက်ပြီး
စာဖတ်ပရိသတ်ကို
အမြင်ကျယ်စေချင်တယ်။
အထူးသဖြင့် မြန်မာကဗျာတွေနဲ့တင်
မဟုတ်ဘဲ အရှေ့တိုင်းကရော
အနောက်တိုင်းက ကဗျာတွေနဲ့ပါ
ရင်းနှီးစေချင်တယ်။
ခေတ်ပေါ်ကဗျာတွေ
ဘာသာပြန်ထွက်တာ ကောင်းတယ်။
ခုခေတ် ကဗျာရေးနည်းက
'သင်္ကေတ' နည်းနဲ့ ရေးကြတယ်။
သင်္ကေတစာပေဝါဒက
တစ်ကမ္ဘာလုံး ထွန်းကားနေတယ်။
ရှေးကနဲ့ကို မတူဘူး။
ဒီနေ့ ကဗျာရေးနေကြတဲ့သူတွေက
လူငယ်တွေ များတယ်။
အဲဒီ လူငယ်ကဗျာဆရာတွေရဲ့
ခံစားမှုက ကျွန်တော်တို့တုန်းကထက်
ခံစားမှု အားကောင်းတယ်
ထင်တယ်။ ဘာဖြစ်လို့
အားကောင်းသလဲဆိုတော့
ကျွန်တော်တို့ ကဗျာရေးစတုန်းက
တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံနဲ့
ဒီနေ့ လူငယ်တွေရဲ့ အတွေ့အကြုံက
တော်တော်လေး ခြားနားတယ်။
ကျွန်တော်တို့ခေတ်က အတွေ့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

အကြဲ့က ရှင်းတယ်၊ ရိုးတယ်။ ရိုးရိုးရှင်းရှင်းပဲ။ နည်းတယ်။ ခေတ်ပြီးခေတ်မှာ ကမ္ဘာ့သမိုင်းကြောင်း အပြောင်းအလဲတွေက သိပ်ကိုမြန်တယ်၊ များတယ်၊ စုံတယ်။ အဲဒီခေတ်မှာ မွေးဖွားလာတဲ့ လူငယ်တွေရဲ့ ခံစားမှုအားက ကျွန်တော်တို့ထက် ကောင်းတယ်။ ဒီခံစားမှုကို ကဗျာနဲ့ တုံ့ပြန်ကြတယ်။ အထူးသဖြင့် ကျွန်တော်တို့ မြန်မာစာပေလောကမှာ ခံစားမှုကို ပြင်းပြင်းထန်ထန် ကဗျာနဲ့ရေးကြတာ လူငယ်တွေပဲ။ သူတို့ ရေးတဲ့အခါမှာ ခံစားမှုကို သင်္ကေတနဲ့တင်စားပြီး ရေးကြတယ်။ တခြားနိုင်ငံတွေမှာလည်း ကျွန်တော်တို့ထက်စောပြီး သင်္ကေတဝါဒနည်းနဲ့ ရေးကြတယ်။ ဒီနည်းနဲ့ ရေးကြတာကြာပြီ။ ဒီနေ့ခေတ်ပေါ် ကဗျာအားလုံးက ဒီနည်းပဲ။ ကဗျာမှာ ခံစားမှုချင်း တူညီရင် ပိုပြီး နားလည်တယ်။ တချို့က ပြောကြတယ်။ ဟာ ဒီခေတ်ကဗျာတွေက ဘယ်လိုဟာတွေမှန်း မသိဘူးတဲ့။ ဒီလိုပြောတဲ့သူတွေမှာ အများအားဖြင့် အသက်အရွယ်ကြီးတဲ့သူတွေပဲ။ ဒါမှ မဟုတ်ရင်လည်း ခေတ်ခံစားမှုနဲ့ ဝေးလို့ ဖြစ်လိမ့်မယ်။ ဒီခေတ်ခံစားမှုလည်း ဘာမှရှိပုံ မရပါဘူး။ လူငယ်တွေထဲမှာကို ခံစားမှုအမျိုးမျိုး ရှိတယ်။ ဒါလည်း ခေတ်ရဲ့ အခြင်းအရာတစ်ရပ်ပါပဲ။ ပြဿနာတွေ အမျိုးစုံတယ်။ အဖြစ်အပျက်တွေ အမျိုးစုံတယ်။ လှုပ်ရှားမှုတွေ အမျိုးစုံတယ်။ အဲဒီဟာတွေကို ပြန်ရေးကြတော့ ပြဿနာကိုတင်စားတဲ့ သင်္ကေတ၊ အဖြစ်အပျက်ကို တင်စားတဲ့ သင်္ကေတ၊ လှုပ်ရှားမှုကို တင်စားတဲ့ သင်္ကေတ အမျိုးစုံရှိလာတာပေါ့။ အနောက်နိုင်ငံက ခေတ်ပေါ် ကဗျာတွေလည်း ဒီအတိုင်းပါပဲ။ ဒါပေမဲ့ မြန်မာ ခေတ်ပေါ်ကဗျာနဲ့ အနောက်နိုင်ငံက ခေတ်ပေါ်ကဗျာကိုတော့ တစ်ထပ်တည်းထား စဉ်းစားလို့ မရနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ စီးပွားစနစ် ဖွံ့ဖြိုးတိုးတက်မှုချင်းမှ မတူဘဲကိုး။ သူတို့က အရင် ဖွံ့ဖြိုးတိုးတက်တယ်။ ကျွန်တော်တို့က နောက်ကျတယ်။ အဲဒီလို မတူတဲ့အတွက် 'ခေတ်ပေါ်' ဆိုတဲ့ စကားလုံးသုံးတဲ့နေရာမှာ ခေတ်ချင်း မတူတော့ဘူး။ ဒါကြောင့် ကျွန်တော်တို့ထက်စောပြီး ပေါ်ထွက်လာတဲ့ သူတို့ ခေတ်ပေါ်ကဗျာတွေကို ဖတ်စေချင်တယ်။ အဲဒီတော့ ဘာသာပြန်ကဗျာတွေ ပေါ်ထွက်လာတဲ့အခါကျတော့ ကဗျာရေးတဲ့ သူတွေအတွက်ကော၊ ခေတ်ကိုလေ့လာတဲ့ သူတွေအတွက်ပါ သူတို့ကဗျာတွေက ဒီလိုပါလားဆိုတာ သိလာစေနိုင်တယ်။ ဘာသာပြန်ကဗျာတွေသာ မထွက်ဖြစ်ခဲ့ရင် ကဗျာရေးတဲ့သူတွေလည်း ဒါလောက် ဖတ်ချင်မှ ဖတ်ဖြစ်မယ်။ သူတို့အတွက် ကောင်းတယ်။ ဒါကြောင့် ဘာသာပြန်ကဗျာ ထွက်လာတာ ကောင်းတယ်။ အဲ ဘာသာပြန်တဲ့ နေရာမှာသာ ကဗျာပုံစံမျိုး လှလှပပ ဖြစ်စေချင်တယ်။ စကားလုံးရွေးတဲ့ နေရာမှာလည်း နားလည်လွယ်တဲ့ စကားလုံးမျိုး ဖြစ်စေချင်တယ်။

**အဲဒီတော့ဆရာ ကဗျာဆိုတာက စကားပြေနဲ့မတူဘဲ ကဗျာစကားလုံး တစ်လုံးရဲ့ နောက်မှာ အဓိပ္ပာယ် အများကြီးရှိနိုင်တယ် မဟုတ်လား။ အဲဒီလို မူရင်းရေးဖွဲ့သူက နက်ရှိုင်းတဲ့ အဓိပ္ပာယ်နဲ့ ရေးထားတာမျိုးကို ဘာသာပြန်တဲ့သူက ပေါ်လွင်အောင် ပြန်နိုင်ဖို့ရာ လွယ်ပါ့မလား။**

အခု ကျွန်တော်တို့ ဘာသာပြန်နေကြတဲ့ကဗျာတွေက များသောအားဖြင့် အင်္ဂလိပ်ဘာသာကနေ မြန်မာပြန်တာကိုး။ ပြန်တဲ့နေရာမှာလည်း ကဗျာပုံစံနဲ့ ဘာသာပြန်ကြတယ်။ စကားပြေနဲ့ ပြန်ကြတာလည်း ရှိပါတယ်။ အဲဒီနေရာမှာ ဘာသာစကားချင်းမတူဘူး။ ဆိုပါတော့ဗျာ၊

၂၀၁၃ ခုနှစ်
ဩဂုတ်လ ၁၉ ရက်နေ့တွင်
စာရေးဆရာ ဒဂုန်တာရာသည်
အောင်ပန်းမြို့တွင်
ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါသည်။
၁၉၈၆ ခုနှစ် ဒီဇင်ဘာ၊
၁၉၈၇ ခုနှစ် ဇန်နဝါရီ၊
၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလထုတ်
ပေဖူးလွှာမဂ္ဂဇင်းတို့တွင်
ဖော်ပြခဲ့သည့်
'စာဖတ်သူများနှင့် တွေ့ဆုံခြင်း'
ကဏ္ဍတွင်
ဆရာဒဂုန်တာရာအား
ဆရာဝင်းငြိမ်းက
တွေ့ဆုံမေးမြန်းခဲ့သည်များကို
ရွှေအမြုတေ
စာဖတ်ပရိသတ်အတွက်
ပြန်လည်ဖော်ပြ
လိုက်ပါသည်။
သရုပ်ဖော်ပုံကို
ပန်းချီ မြင့်မောင်ကျော်
ရေးဆွဲပါသည်



www.burmeseclassic.com

www.burmeseclassic.com

နားလည်သလောက် ပြောရရင် သူတို့ အနောက်နိုင်ငံက ဘာသာစကားအချင်းချင်း ဘာသာပြန်တဲ့အခါကျတော့ သူတို့ မူရင်းစကားလုံးချင်း ဖလှယ်လိုက်ရုံပဲ ရှိတယ်။ လက်တင်တို့ဘာတို့ မိခင် ဘာသာရပ်မှာ သွားတူတော့ စကားလုံး လဲလိုက်ရုံနဲ့ ပြီးတယ်။ ဒါကြောင့် သူတို့ အချင်းချင်းဘာသာပြန်တော့ အခက်အခဲ မရှိနိုင်ဘူး။

ကျွန်တော်တို့ အင်္ဂလိပ်ကဗျာတွေကို မြန်မာဘာသာနဲ့ ပြန်ကြတဲ့အခါကျတော့ ဘာသာစကားချင်း အများကြီး ခြားနားတယ်။ ဒါကြောင့် ကဗျာကို ဘာသာပြန်ရင် အခက်အခဲ အများကြီး ရှိတယ်။ ဒါကတော့ ကဗျာတင် မဟုတ်ပါဘူး။ စကားပြေမှာလည်း အခက်အခဲ ရှိတာပါပဲ။ သို့သော် ကဗျာကို ဘာသာပြန်တဲ့နေရာမှာ စောစောက ကျွန်တော် ပြောသလို စကားလုံး လှလှပပ သုံးပြီး ဘာသာပြန်ရတယ်။ ဒါကတော့ ကဗျာရေးတဲ့သူက ဘာသာပြန်ရင် ပိုပြီး သင့်လျော်မလား မသိဘူး။

ကဗျာစကားလုံးနဲ့ပဲ ပြန်ထည့်တယ်။ ဒါပေမဲ့ အဓိပ္ပာယ် တိတိကျကျ ရအောင်ထည့်ဖို့ကျတော့ အခက်အခဲ ရှိနေပြန်ရော။ သူ့အဓိပ္ပာယ် ပေါ်အောင် ဆိုရင် အရှည်ကြီးဖြစ်နေမယ်။ ကဗျာပုံစံ မဝင်တော့ဘူး။ အဲဒီတော့ ကဗျာပုံစံဝင်အောင် ရေးလိုက်ရင် မူရင်းနဲ့ နီးစပ်တဲ့ အဓိပ္ပာယ်ပဲရတယ်။ အဲဒီ အခက်အခဲ ရှိတယ်။

ဘယ်သူဘယ်ဝါရယ်လို့တော့ မပြောလိုတော့ပါဘူး။ တချို့ ဘာသာပြန်ကဗျာတွေကို ကျွန်တော် ကြုံကြိုက်လို့ မူရင်းနဲ့ တိုက်ဖတ်ကြည့်တော့ ကဗျာ စကားလုံးမျိုး မဟုတ်တာတွေ တွေ့ရတယ်။ ဒါကြောင့် ဘာသာပြန်တဲ့သူတွေလည်း ပြန်ကြပါ။ သို့သော် အတတ်နိုင်ဆုံး မူရင်းစကားလုံးနဲ့ နီးစပ်ပါစေ။ ကဗျာစကားလုံး လှလှပပ ဖြစ်ပါစေလို့ ပြောချင်တယ်။

ကျွန်တော်လည်း တာရာမဂ္ဂဇင်းထုတ်တုန်းက ကဗျာတွေ ဘာသာပြန်ဖူးတာပဲ။ အခက်အခဲတွေ့ခဲ့တာပဲ။ အဓိပ္ပာယ်လည်း မပျက်အောင်၊ ကာရန်လည်း လှအောင် ကြိုးစားရပါတယ်။ စကားပြေမှာ စာကြောင်းလေးတွေကို ကဗျာနဲ့ တူသယောင် ယောင်ဖြစ်အောင် စာပိုဒ်ကလေးတွေ ခွဲရေးတယ်။ အဲဒီလို ဘာသာပြန်ခဲ့တာပဲ။

**အဲဒီလို ဘာသာပြန်ကဗျာတွေမှာ Line by Line ဘာသာပြန်ပြီး စာကြောင်းခွဲ ရေးတာကို ဒီနေ့ကဗျာရေးစလူငယ်တွေက ပုံသဏ္ဌာန်တစ်ခုရယ်လို့ မှတ်ထင်ပြီးတော့ များ ရေးနေကြသလား ဆရာ။**

ကျွန်တော့် အထင်ကတော့ ဒီလို မဟုတ်ဘူးဗျ။ အဲဒီလို စာကြောင်းခွဲရေးတာ ကိုလည်း သူတို့ စိတ်ထဲမှာ ကဗျာပုံသဏ္ဌာန်ရယ်လို့ထင်မှာ မဟုတ်ပါဘူး။ တချို့ လည်း အနောက်နိုင်ငံကဗျာကို ဒါလောက်လေ့လာပြီး ရေးတာဟုတ်ချင်မှ ဟုတ်မှာ ပါ။ ဒါ ကျွန်တော့်အထင် ပြောတာပါ။

ဒီခေတ်မှာ လူငယ်တွေက ကျွန်တော် စောစောကပြောခဲ့သလို ခံစားမှု ပြင်းပြ တယ်။ ခံစားမှုအင်အား ထက်သန်တယ်။ ဒါ သဘာဝပဲဗျ။ ပတ်ဝန်းကျင်ကလည်း သူတို့ ထက်သန်လောက်အောင် အမျိုးမျိုးဖြစ်နေတယ်။ ပတ်ဝန်းကျင် အဖြစ်အပျက် သမိုင်းအဖြစ်အပျက်တွေက သူတို့ကိုလာပြီး ရိုက်ခတ်တာပေါ့။ သူတို့က အဲဒီရိုက်ခတ် မှုကို ကဗျာနဲ့တုံ့ပြန်တာပဲ။ အဲဒီလိုကဗျာနဲ့ တုံ့ပြန်တယ်ဆိုတာဟာလည်း မြန်မာ အမျိုးသားတွေရဲ့ ရိုးရာစိတ်ဓာတ်ပဲဗျ။

မြန်မာတွေက ရိုးရာအားဖြင့် ကဗျာစိတ်ရှိတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်း ကဆိုရင် ဖိတ်စာတွေကို ရိုးရိုးမရေးဘဲ ကဗျာကာရန်နဲ့ရေးတယ်။ ဗေဒင်ကို တေးထပ်နဲ့ ဖွဲ့တယ်။ ဆေးနည်းကို လင်္ကာနဲ့ ရေးတယ်၊ မှတ်တယ်။ အဲဒီ ရိုးရာစိတ်ဓာတ်တွေက အခု လူငယ်တွေရဲ့ အသွေး အသားထဲ ရောက်လာတာပဲ ထင်တယ်။ အဲဒီတော့ ကဗျာ နဲ့ ရေးချင်တယ်။ သူတို့ ရေး တဲ့အခါကျတော့ ကဗျာဖွဲ့ပုံ နည်း နည်းဗေဒပေါ့ဗျာ။ အဲဒါ ကြီးက ခက်ခက်ခဲခဲဖြစ်နေရင် ရေးလို့ဖြစ်မှာ မဟုတ်ဘူး။ ရင်ထဲရှိသလောက်၊ ခံစားလို့ ရသလောက် ရေးဖြစ်မှာ မဟုတ်ဘူး။ ဒီတော့ ကဗျာရေးတဲ့နည်းက ကျယ်ကျယ်ပြန့်ပြန့်ရှိမှ လွယ်မှသာ လျှင် သူတို့ခံစားချက်ကို ရေးဖြစ်မှာပဲ။ အဲဒီလိုဖြစ်လာတော့ ဒါကတော့ လိုလျှင်ကြံဆ နည်းလမ်းရဆိုတဲ့ စကားလိုပဲဗျ။ သူတို့နည်းလမ်း ရှာကြတော့တာပဲ။

မိမိရင်ထဲရှိတဲ့ ခံစားချက်ကို ဖွင့်ချနိုင်ဖို့ ပုံသဏ္ဌာန်ရှာတဲ့အခါကျတော့ လွယ် လည်း လွယ်တယ်၊ ကျယ်လည်းကျယ်တဲ့နည်းကို ရှာမှာပဲ။ ကျွန်တော့် အတွေ့အကြုံ ကတော့ အဲဒီလိုပဲ။ ကျွန်တော်တို့ရှေးက ရေးခဲ့တာတွေ အခု ကိုဝင်းငြိမ်းတို့ ဖတ်ကြည့် ရင် ရယ်မှာပဲ။ တကယ့်ကိုစည်းကမ်းနဲ့အညီပဲ ရေးထားတာကိုး။ ဘာကြောင့် အဲဒီလို ရေးနိုင်တာလဲဆိုတော့ ကျွန်တော်က ဟိုးရှေးက ကဗျာတွေ အများကြီးဖတ်ထားတ ဆိုတော့ ဒီပုံစံတွေနဲ့ရေးရတာ ကျွန်တော့်အတွက် အခက်အခဲမရှိဘူးလေ။ အဲဒီကဗျာ

> ခုခေတ် ကဗျာရေးနည်းက 'သင်္ကေတ'နည်းနဲ့
> ရေးကြတယ်။ သင်္ကေတစာပေဝါဒက တစ်ကမ္ဘာလုံး
> ထွန်းကားနေတယ် ရေးကန့်ကို မတူဘူး
> ဒီနေ့ကဗျာရေးနေကြတဲ့သူတွေက လူငယ်တွေ
> များတယ်။ အဲဒီလူငယ်ကဗျာဆရာတွေရဲ့
> ခံစားမှုက ကျွန်တော်တို့တုန်းကထက်
> ခံစားမှု အားကောင်းတယ် ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ပြန်ချရေးရတာ သာသာပဲရှိတယ်။ စကားလုံးအသစ်က သိပ်မပါဘူး။ နည်းနည်းပါးပါးပဲပါတယ်။ အစွန်းအစ အရိပ်အငွေ့လေးတွေလောက်ပဲ ပါတယ်။

နောင် စစ်ပြီးခေတ်ရောက်လာတော့ ကျွန်တော် ရေးတာတွေက အကြောင်းအရာသစ်တွေ ဖြစ်လာပြီ။ ရှေးကလို ဇာတကတွေ ရေးတာ မဟုတ်တော့ဘူး။ မျက်မှောက်ခေတ်မှာ ကျွန်တော်တို့ ကြုံတွေ့နေတဲ့ သမိုင်းခေတ်တွေဆိုတော့ ဒီခေတ်ပြိုင်စကားလုံးတွေပဲ သုံးရတာပေါ့။ အဲဒီအကြောင်းတွေ ကျွန်တော် ပေါ်အောင်ရေးရမယ်ဆိုတော့ ခက်ခဲတဲ့ပုံစံမျိုးနဲ့ ရေးလို့ဖြစ်မှာ မဟုတ်ဘူး။ ဒါ လွန်ခဲ့တဲ့ နှစ်လေးဆယ်လောက်က ကြုံခဲ့တဲ့ ကျွန်တော့် စာပေအတွေ့အကြုံလေ။ အဲဒီတော့ ကျွန်တော်လည်း နည်းလမ်းရှာရတာပေါ့။

အဲဒီတော့ ကျွန်တော်က စာနာတယ်။ ဒီနေ့ လူငယ်တွေအတွက် အခွင့်အရေးရတာက လွတ်လွတ်လပ်လပ်ရေးတဲ့နည်းကို ရှေ့မှာ လမ်းထွင်ပြီးသား ရှိနေပြီ။ အဲဒါကို ကြည့်ပြီး ဒီလိုလွတ်လွတ်လပ်လပ်ရေးလို့ရသားပဲဆိုတဲ့ အတွေးပေါက်ကြတာဖြစ်ချင်လည်း ဖြစ်နိုင်တယ်။ ဒါတော့ ကျွန်တော် သူတို့ဘက်ကစဉ်းစားကြည့်တာပါ။

ကာရန်မဲ့ ဆိုတာကလည်း အဲဒါပဲ။ လွယ်အောင် ရေးတာ။ လွယ်မှလည်း အကြောင်းအရာသစ်တွေကို ရေးလို့ ရမှာကိုးဗျ။ အဲဒါက လွတ်လပ်တဲ့ အဖွဲ့အနွဲ့သဏ္ဌာန်မျိုးကို ရှာတာ။ ရှာတဲ့အခါကျတော့ အဟောင်းနဲ့ အသစ် ရှိတယ်ဗျ။ အဟောင်းကတော့ ရိုးရာပေါ့ဗျာ။ အသစ်ကတော့ ကဗျာသစ်ပေါ့။ အဟောင်းဆိုတာ နှစ်ပေါင်းများစွာက ရေးခဲ့တာ။ သူတို့လည်း ကဗျာရေးစကတော့ ဒီလိုပဲ ခက်ခက်ခဲခဲ ထုပ်လာရမှာပါပဲပေါ့။ ဥပမာ ကျွန်တော်တို့ငယ်ငယ်က ရေးခဲ့ကြတဲ့ လေးလုံးစပ်နည်းဆိုတာ ကျွန်တော်တို့အတွက် လွယ်နေပြီ။ သူတို့က ရှေ့က ရေးခဲ့တာကို ကြည့်ပြီး ရေးရတာကိုး။ အဲဒီလေးလုံးစပ်ကို စထွင်ခဲ့တဲ့ သူအတွက်တော့ နှစ်ပေါင်း ဘယ်လောက် ကြိုးစားခဲ့ရမလဲ။ ဒါတော့ မှတ်တမ်းမရှိလို့ မသိကြဘူး။ နှစ်ပေါင်းရာချီပြီး ကြာချင်လည်း ကြာခဲ့မယ်။ အမျိုးမျိုး နည်းလမ်းတွေ ကြံဆပြီးမှ လေးလုံးစပ်နည်းရယ်လို့ ဖြစ်လာတာ ဖြစ်ချင်လည်း ဖြစ်မယ်။

သူတို့ ခေတ်တုန်းကလည်း ဝေဖန်တာတွေ ဘာတွေ ခံချင်ခံခဲ့ရမှာပေါ့။ နောက်တော့ ဒီနည်းကို လက်ခံလာတော့မှ လေးလုံးစပ်ပျို့၊ ကဗျာ၊ လင်္ကာဆိုတာတွေ ပေါ်လာတာဖြစ်မှာပေါ့။ ဒီလေးလုံးစပ်နည်းပေါ်မှာ မူတည်ပြီး နှစ်ပေါင်းများစွာ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် စသည်ဖြင့် ကျင့်သုံးခဲ့ကြတယ်။ ဒီနည်းက အခြေကျလာတော့ ကျောင်းသုံးဘာသာ ဖြစ်ခဲ့တယ်။

အသစ်ဆိုတာက အပင်များလိုပဲ ဖြစ်လာခါစမှာ ပုံပန်းသဏ္ဌာန် မကျနဘူး။ နုသေးတာကိုး။ ကလေးငယ်နဲ့လည်း တူတယ်။ လမ်းလျှောက်တတ် ခါစကလေး လမ်းလျှောက်တာ ဘယ်မှာ ပုံစံကျလို့လဲ။ ဖြည်းဖြည်း ဖြည်းဖြည်းနဲ့မှ မတ်တတ်ရပ်နိုင်လာပြီး ကိုယ်လိုရာကို သွားနိုင်တော့မပေါ့။ အခု လူငယ်တွေကို ကျွန်တော်ကတော့ အဲဒီလိုပဲ စာနာမိတယ်။

အသစ်ဆိုတာ အားနည်းသေးတယ်။ နုနေသေးလေတော့ ဝေဖန်စရာတွေလည်း များမှာပဲ။ ကဗျာခေတ်က ရင့်လာမယ်ဆိုရင်တော့ ဝေဖန်စရာ နည်းသွားပါလိမ့်မယ်။ ကျွန်တော်တို့ ရေးစကလည်း ဝေဖန်ခံခဲ့ရတာပါပဲ။

**ပုံစံသစ်ကို ထွင်တာတော့ ထွင်ကြပေါ့ဆရာ။ ဒါပေမဲ့ သိပ်ပြီး လျှော့ပေးလိုက်ရင် အမျိုးသားဟန်များ ပျောက်သွားမလားလို့။**

အဲဒါကတော့ ဒီလိုဗျ။ အမျိုးသားဟန်ဆိုတာလည်း ထိန်းတော့ ထိန်းသိမ်းရမှာပဲ။ ဒါကတော့ ကျွန်တော်တို့စာပေလောကမှာတင် မဟုတ်ဘူး။ ဘယ်နေရာဖြစ်ဖြစ် 'မူ'ပဲ။ သို့သော်လည်းပဲ ထိန်းသိမ်းတဲ့နေရာမှာ 'ဆုပ်'ထားလို့တော့ မဖြစ်ဘူးဗျ။ ဆုပ်ထားရင် တိုးတက်မှာ မဟုတ်တော့ဘူး။ ဒါကတော့ ရှင်းပါတယ်။

အဲဒီပေါ်မှာ အခြေတည်ပြီးတော့မှ မြေသြဇာပေါ့ဗျာ။ ဂန္ထဝင်စာပေတို့၊ ရှေးဟောင်းစာပေတို့ကို မြေသြဇာလို သဘောထားရမယ်။ ဒီမြေသြဇာပေါ်မှာ မူတည်ပြီးတော့မှ အသစ်က ရှင်သန်ကြီးထွားရမယ်။ မြေသြဇာ အခံမရှိရင် မခိုင်မာနိုင်ဘူး။ ဆိုပါတော့ဗျာ။ အပင်ဟောင်းတွေကို မီးရှို့လိုက်တော့ မြေသြဇာဖြစ်လာတယ်။ ဒီမြေသြဇာပေါ်မှူတည်ပြီး အသစ်က ရှင်သန်ရတာပဲ။ အသစ်ဆိုတာက စကားလုံးလည်း သစ်ရမယ်။ အကြောင်းအရာလည်း သစ်ရမယ်။ ဘယ်အချိန်အထိ သစ်နိုင်မလဲဆိုတဲ့ အချိန်ကာလ အတိုင်းအတာကတော့ မပြောနိုင်ဘူး။ စိတ်ရှည်ရှည်နဲ့ သည်းခံပြီး စောင့်ဆိုင်းရမှာပဲ။

**ဆရာ စာပေဝေဖန်ရေးလည်း ရေးဖူးတယ်ဆိုတော့ စာပေဝေဖန်ရေးသမားတစ်ယောက်အနေနဲ့ ဘယ်လိုအရည်အချင်းမျိုး ရှိသင့်ပါသလဲ။**

ကျွန်တော်ကလည်း ဝေဖန်ရေးရေးတဲ့သူဆိုတော့ ပြောရတာ တော်တော်ခတ်တယ်။ အကြမ်းအားဖြင့် ကျွန်တော်ထင်တာကတော့ စာပေဝေဖန်ရေးကို ဘယ်ဘက်ကနေ ရေးမလဲ။ ဒါက တစ်ချက်ပေါ့ဗျာ။ စာရေးဆရာဘက်က ရေးမလား၊ စာဖတ်ပရိသတ်ဘက်က ရေးမလား။ အဲဒီလို ကွဲပြားရမယ့် အပိုင်းနှစ်ပိုင်းပေါ့ဗျာ။ အရည်အချင်းလို့ ပြောချင်ပြောပေါ့ဗျာ။

ကဗျာတစ်ပုဒ်၊ စာတစ်ပုဒ်ကို သုတေသနပြုကြမယ်၊ ခွဲခြမ်းစိတ်ဖြာပြီး ဝေဖန်ကြမယ်ဆိုရင်တော့ ဒါ စာရေးဆရာနဲ့ပဲဆိုင်တယ်။ ဒီစာရေးဆရာရဲ့ စာအားလုံး အကုန်အစင် အပြတ်ရှင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

ရမယ်၊ ဝေဖန်နိုင်ရမယ်။

နောက် ဝေဖန်ရေးကတော့ ဒီလို မဟုတ်ဘူး။ စာဖတ်ပရိသတ်ဘက်က ကြည့်ပြီးတော့ ဒီစာပေဟာ အများ အကျိုးအတွက် ကောင်းကျိုးပြုမပြု၊ အနာဂတ်ကို ကြည့်ပြီးတော့ စာဖတ်ပရိသတ်ဘက်က ပြည်သူ့ဘက်က။ (စာဖတ်ပရိသတ်ဘက်က ပြည်သူ့ရဲ့ တစ်စိတ်တစ်ဒေသပေါ့)။ တစ်နည်းအားဖြင့် ပြောရရင်တော့ စာဖတ်သော ပြည်သူဘက်ကနေ ရေးရမယ်။

အရည်အချင်းအားဖြင့် အဲဒီလိုရှိရမယ်။ ပညာအရည်အချင်းအားဖြင့်တော့ သတ်မှတ်မှုတော့ မရှိပါဘူး။ အနိမ့်ဆုံးအားဖြင့် စာပေဇာစ်မြစ်၊ သမိုင်းကြောင်းလောက်ကိုတော့ သိထားရမယ်ပေါ့။ စာပေကို လေးလေးနက်နက် ခံစားနိုင်တဲ့ သူဖြစ်ရမယ်။ ဒါမှ စာပေဝေဖန်လို့ ရမယ်။

နောက်ပြီးတော့ တစ်ဖက်သားရဲ့ အားနည်းချက်ကိုပဲ ထောက်ပြီး ဝေဖန်တာမျိုး မဖြစ်သင့်ဘူး။ ဥပမာ စာဆယ်ပုဒ်လောက် ရေးထားတယ်။ သုံးပုဒ်လောက်က အားနည်းတယ်။ ဒါကိုပဲ ထောက်ပြီး ဝေဖန်တာမျိုး မဖြစ်သင့်ဘူး။ မျှမျှတတ၊ မျှမျှတတဆိုတာ ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်တာမျိုးပဲ ဖြစ်သင့်တယ်။ ကျွန်တော်ကတော့ စာပေဝေဖန်ရေးသမားတစ်ယောက်မှာ အဲဒီလို အရည်အချင်းမျိုး ရှိသင့်တယ်ထင်တယ်။ ဝေဖန်တဲ့သူများလေ စာပေအတွက် ကောင်းလေပါပဲ။ ကျွန်တော်တို့မှာ ဝေဖန်တဲ့သူက နည်းတောင်နေသေးတယ်။

**ဆရာ့ကို ခေတ်ပြိုင်စာရေး ဆရာတွေကကော၊ အခုခေတ် လူငယ်စာရေးဆရာတွေကပါ စကားလုံးဆန်းသစ်တဲ့ စာရေးဆရာရယ်လို့ လေးစားကြတယ်။ ဥပမာ 'လေနုအေးက တန့်နှဲ့နှဲ့နော့နေဆဲကို' 'ရွှေအိုရောင်'တို့၊ 'ဝတ်လစ်စလစ် လမ်းမကြီး' စသဖြင့်ပေါ့လေ။ အဲဒီစကားလုံးတွေ ရေးတုန်းက ရေးခဲ့ပြီးတော့ အခု ဒီစကားတွေနဲ့ပတ်သက်ပြီး ဘယ်လိုခံစားရပါသလဲ။**

မကျေမနပ် ဖြစ်တာရယ်လို့တော့ မရှိလှပါဘူး။ ဒီစကားလုံးတွေ ရေးတဲ့အချိန်က ကျွန်တော်က စကားပြေ(ဝတ္ထုရှည်)စရေးတဲ့ အချိန်ကိုး။ ခုနက ကိုဝင်းငြိမ်းပြောတဲ့ 'လေနုအေးသည် တန့်နှဲ့နှဲ့ နော့နေဆဲကို' ဆိုပါတော့။ ဒီအချိန်က ကဗျာစိတ်ပဲ ရှိသေးတယ်။ စကားပြေစိတ်သိပ်မဟုတ်သေးဘူး။ ဝတ္ထုစရေးမယ်ဆိုရင်တော့ ဘယ်လို စရမှန်း မသိဘူး။ စကားပြေလို မစဘဲ ကဗျာလိုစမိတယ်။ အဲဒါကတော့ ကျွန်တော့် အားနည်းချက် ဖြစ်မယ်ထင်တယ်။ အမှန်ကတော့ 'လေနုအေးသည် တန့်နှဲ့နှဲ့နော့နေဆဲကို' ဆိုတဲ့ စကားဟာ စကားပြေကို မဖြစ်နိုင်ဘူး။ 'နော့နေဆဲကို' ဆိုတဲ့ စကားလုံးကလည်း ရှေးက လယ်တီဆရာတော်သုံးတာ။ အဲဒီစကားလုံးက ဝင်လာတာ။

ကဗျာ၊ ရတု၊ လင်္ကာမှာသုံးတဲ့ အချုနည်းမျိုးကို ကျွန်တော် ဒီမှာသုံးလိုက်တာပဲ ဝတ္ထုအဖွင့်က ရာသီဥတုက သာယာတဲ့အကြောင်းပဲ။ ဘာရယ်လို့ မဟုတ်ဘူး၊ ကဗျာသမားဆိုတော့ ရိုးရိုးစကားပြေသမားရေးသလို လေပြည်လေညင်းလို့ မရေးချင် တော့ဘဲ လေနုအေးလို့ ရေးလိုက်မိတယ်။

အဲဒီတော့ စကားလုံးထွင်တယ်ဆိုတဲ့ နေရာမှာ နှစ်ပိုင်းရှိတယ်ဗျ။ တစ်ပိုင်းက ခုနက ကိုဝင်းငြိမ်းပြောသလို လူငယ်တွေကြိုက်ကြတယ်၊ လေးစားကြတယ် ဟုတ် လား။ နောက်တစ်ပိုင်းက မကြိုက်ကြတာလည်း ရှိတယ်ဗျ။ ဒါလဲသိထားမှ။ ဒါ ကြောင့် စကားလုံးထွင်တာနဲ့ပတ်သက်ပြီး ကျွန်တော့်ကို အပြောခံခဲ့ရတာတွေလည်း ရှိပါတယ်။ စာရေးဆရာကြီးတစ်ယောက်ကဆိုရင် မင်းက စကားလုံးကို သက်သက် ထွင်နေတာပဲတဲ့။ အဓိပ္ပာယ်ကတော့ လူတွေ စိတ်ဝင်စားအောင် တမင်တကာလုပ်နေ တာပဲပေါ့ဗျာ။ ကျွန်တော်က ပြောတယ်၊ ကျွန်တော်ရေးလိုက်တာကတော့ ရိုးရိုး ရေးလိုက်တာပါပဲလို့။ စာတစ် ပုဒ်ရေးရင် ဒါလောက်ကြီး ကြံဆပြီး ရေးနေတာလည်း မဟုတ်ဘူးလေ။

တချို့ဘာသာပြန်ကဗျာတွေကို ကျွန်တော် ကြုံကြိုက်လို့ မူရင်းနဲ့ တိုက်ဖတ်ကြည့်တော့ ကဗျာစကားလုံးမျိုး မဟုတ်တာတွေ တွေ့ရတယ်။ ဒါကြောင့် ဘာသာပြန်တဲ့သူ တွေလည်း ပြန်ကြပါ။ သို့သော် အတတ်နိုင်ဆုံး မူရင်းစကားလုံးနဲ့ နီးစပ်ပါစေ ကဗျာစကားလုံးလှလှပပ ဖြစ်ပါစေလို့ ပြောချင်တယ်

ဒါဖြင့် စကားလုံး ဘာ ကြောင့် အသစ်အဆန်းထွင်ရ သလဲဆိုတော့ ကဗျာဖြစ်စေ စကားပြေဖြစ်စေရေးတဲ့နေရာ မှာ ရင်ထဲမှာ ခံစားရတဲ့ ခံစား ချက်ကို ပေါ်လွင်အောင် ရေး ချင်တယ်။ စကားလုံး ရှိပြီးသားဆိုရင်တော့ ထွင်စရာ မလိုဘူးပေါ့။ မရှိသေးဘူး ဆိုရင်တော့ ထွင်ရမှာပဲ။ 'ရွှေအိုရောင်' ဆိုတဲ့ စကားလုံးကတော့ မေ ဝတ္ထုမှာ (အင်္ဂလိပ် ဝတ္ထုယူထားတာကိုးဗျ)။ သူ့ပင်ရင်းစကားလုံးက Ragged Gold တဲ့။ သူ့အဓိပ္ပာယ် က ပန်းကလေးရဲ့အရောင်ကို ဖွဲ့ထားတာဗျ။ ကျွန်တော်ကတော့ စံကားဝါပန်းပဲ ထင်တယ်။ ဒီပန်းက နဂိုပွင့်ခါစကလို လတ်လတ်ဆတ်ဆတ် မဟုတ်တော့ဘဲ ကြာတဲ့ အခါကျတော့ အရောင်ဖျော့သွားတာ။ ကြာသွားတော့ ဖျော့သွားတာ။ ကျွန်တော် က ကြာသွားတာကို 'အို' တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ယူလိုက်တာ။ ဒါကြောင့် ရွှေအိုရောင် ဖြစ်လာတာ။

အဲဒီစကားလုံးနဲ့ပတ်သက်ပြီး ကျွန်တော်ဝေဖန်ခံရတယ်။ ကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com

# စာဖတ်သူများနှင့် တွေ့ဆုံပေးခြင်း

ဆိုရင် ကိုတက်တိုးရေးတဲ့ စာထဲမှာ ပါပါတယ်။ အမျိုးသမီးတစ်ယောက်က ပြောတယ်တဲ့။ ဒဂုန်တာရာက စာရေးတာ ခရစ်ယာန်ဆန်လိုက်တာတဲ့။ သူပြောတာ မှားဘူးဗျ။ အဓိပ္ပာယ်က သမ္မာကျမ်းစာတွေ ဘာသာပြန်တဲ့ ဂျပ်ဆင်က အင်မတန် ချင်တယ်ဗျ။ အဲဒါ ကျွန်တော်ငယ်ငယ်က ဖတ်တယ်။ သို့ပေမဲ့ အဲဒီက ယူတာတော့ မဟုတ်ပါဘူး၊ သုံးနေကျစကားလုံးနဲ့ မတူတာကို ခရစ်ယာန်ဆန်တယ်လို့ ပြောတာ နေတူပါတယ်။

ရွှေအိုရောင်ကိုလည်း ကျွန်တော့်ကို ဝေဖန်သူကသာ ဒါအင်္ဂလိပ်စကားကို တိုက်ရိုက်ကြီးသုံးတာလို့ ဝေဖန်တယ်။ Old Gold ကို တိုက်ရိုက်ပြန်တယ်လို့ ဝေဖန်တယ်။ သူဝေဖန်တုန်းက ပထမတော့ ကျွန်တော်လည်း ကိုယ့်ဘာသာ မသိလိုက်ဘူးဗျ။ နောက်တော့ မူရင်းဝတ္ထုကို ပြန်ဖတ်လိုက်မိတော့မှ ကိုယ်ဘာသာပြန်တဲ့ဟာကို သွားတွေ့ရတယ်။ Old Gold မဟုတ်ဘူး။ Ragged Gold ။ အဲဒီဟာမျိုးပေါ့ဗျာ။ ရွှေအိုရောင်ကတော့ အဲဒါပဲ။

ကျွန်တော်တို့က အင်္ဂလိပ်စာတော်တော်များများဖတ်တော့ သူတို့စကားလုံးတွေမှာ အတွေးအခေါ်တွေ၊ စိတ်ကူးတွေ ပါတာရှိတယ်။ ကျွန်တော်က မြန်မာစကားလုံးတွေ အဲဒီလိုဖြစ်အောင် တချို့စကားလုံးတွေ ထွင်ပြီးသုံးတယ်။ ပထမတော့ မြန်မာဆန်ချင်မှဆန်မယ်။ 'ရွှေအိုရောင်' ဆိုတဲ့ စကားလုံးတောင်မှ စတုတ္ထပုံနှိပ်ခြင်းမှာ စာပြင်ဆရာက မှားတယ်ထင်ပြီး 'ရွှေအိုးရောင်' လို့ ပြင်လွှတ်လိုက်သေးတယ်။ တော်တော်ဆိုးသွားတယ်။

စကားလုံးထွင်တယ်ဆိုပေမဲ့ ကိုယ့်ဘာသာကိုယ်တော့ ထွင်မှန်းတောင် မသိပါဘူး။ ခံစားချက်ပေါ်လွင်အောင် ရေးတာပဲရှိပါတယ်။ သက်သက် လုပ်ယူတာရယ်လို့တော့ မဟုတ်ပါဘူး။ အခု လူငယ်တွေလည်း ထွင်ကြတာရှိပါတယ်။

**ဆရာ ဘာသာပြန်ဝတ္ထုတွေကော ရေးသေးလား။**

ရေးပါတယ်၊ နှစ်မျိုးပေါ့ဗျာ။ ဥပမာ မူရင်းဝတ္ထုမှာ မြို့တွေ၊ ရွာတွေ၊ နာမည်တွေပါတယ်။ အင်္ဂလိပ်ဆို အင်္ဂလိပ်၊ ရုရှားဆို ရုရှား၊ ပြင်သစ်ဆို ပြင်သစ်အတိုင်း ရေးတာကတစ်မျိုး။ ဒါကတော့ တိုက်ရိုက်ဘာသာပြန်တာပေါ့။ နောက်တစ်မျိုးကတော့ နိုင်ငံခြားဝတ္ထုဖတ်ပြီး မြန်မာအမျိုးသား၊ အမျိုးသမီးနာမည်၊ မြန်မာမြို့ရွာ၊ မြန်မာသစ်ပင်နာမည်တွေနဲ့ ရေးတာ။ ဒါလည်း ဘာသာပြန်တာတစ်မျိုးပါပဲ။ သူ့ရဲ့မူကို မဖျက်ဘူးလေ။ ဘာသာပြန်မှာ အဲဒီလို နှစ်မျိုးနှစ်စားရှိတယ်။

**မေ ဝတ္ထုကလည်း အဲဒီအတိုင်းပါပဲ။**

**မြန်မာမှုပြုထားတာပေါ့။**

အင်း အခုတော့ အဲဒီလိုသုံးကြတယ်။ ပင်ရင်းကတော့ သူ့အတိုင်းပဲ။ ဒါပေမဲ့ သူ့အတိုင်း အကုန်လုံး မဟုတ်ဘူး။ ဥပမာ မေ ဝတ္ထုအဆုံးမှာ ကျွန်တော်ရေးထားတာတွေ့မှာပေါ့။ 'အကောင်းကိုရှာ၏။ အကောင်းကား မရှိတော့' ဆိုတာ။ သူ့မူရင်းက အကောင်းမှ မဟုတ်ဘဲ။ Back to the Flash, the flash had gone တဲ့။ ဒါကို အဓိပ္ပာယ် ဆင်တူယိုးမှားဖြစ်အောင် ပြန်ရတာပဲ။ မှီးတယ် ခေါ်မှာပေါ့။ ဒါလည်း ဘာသာပြန်နည်းတစ်မျိုးပါပဲ။ အဲဒါမျိုး ကျွန်တော် တော်တော်များများ ရေးဖူးပါတယ်။

**ဆရာ ဒီနေ့ ဘာသာပြန်တွေကော ဖတ်ဖြစ်လား။**

ဖတ်ပါတယ်။

**အဲဒီဘာသာပြန်တွေနဲ့ပတ်သက်လို့ ဘယ်လိုမြင်ပါသလဲ။**

ကျွန်တော်တို့ ဘာသာပြန်တယ်ဆိုတာက စာအုပ်ကောင်းတစ်အုပ် ဖတ်မိရင် စာဖတ်သူကိုလည်း ဒီစာအုပ်ဖတ်စေချင်လို့ ဘာသာပြန်တာပဲ။ အဲဒီသဘောပါတယ်။ နောက်တစ်ခုက ဝတ္ထု ရေးနည်း သားနည်းတွေမှာ အနောက်နိုင်ငံတွေက ကျွန်တော်တို့ထက် အများကြီး တိုးတက်တယ်။ ဝတ္ထုရေးနည်းတွေက အမြဲတမ်း ဆန်းသစ်နေတယ်။ အဲဒီနည်းတွေကိုလည်း သိစေချင်တယ်။ အဲဒီအတွက် ကျွန်တော်တို့က ဘာသာပြန်တာ။ မြန်မာစာပေလောကအတွက် တိုးပွားလာအောင်ပေါ့ဗျာ။ ဥပမာ ဝတ္ထုဘာသာပြန်တယ်ဆိုရင် ဝတ္ထုရေးနည်း၊ ဝတ္ထုအတတ်ပညာ တိုးပွားလာစေချင်တဲ့ ဆန္ဒပေါ့။ နည်းတွေ ရလာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘာသာပြန်တာ။

ဒီနေ့ ဘာသာပြန်နေကြတဲ့ သူတွေကတော့ ဘယ်လိုရည်ရွယ်ချက်ရှိသလဲ မပြောတတ်ဘူး။ တချို့ဘာသာပြန်နေကြတဲ့ ဝတ္ထုတွေက အနောက်နိုင်ငံမှာကို အများကြိုက် ဝတ္ထုမျိုးတွေ ဖြစ်နေတယ်။ အများကြိုက်ဝတ္ထုဆိုတာ လူအများကြိုက်တဲ့ ဝတ္ထုမျိုးသာဖြစ်လို့ အဆင့်အတန်း သိပ်မြင့်မြင့်ကြီးတွေလို့တော့ ပြောလို့မရဘူး။ အများကြိုက်အောင် လုပ်ထားရတဲ့ ဝတ္ထုတွေဆိုတော့ သူတို့ပုံစံကတစ်မျိုးလေ။ အဲဒီလို ဝတ္ထုမျိုးတွေ တချို့က ရွေးပြီးပြန်ကြတာ တွေ့ရတယ်။ တချို့ကတော့လည်း ဆိုပါတော့ဗျာ၊ 'စစ်နဲ့ငြိမ်းချမ်းရေး' ဒါမျိုးကျတော့ ကမ္ဘာမှာကိုက ဂန္ထဝင်မြောက် ဝတ္ထုလို့ သတ်မှတ်ထားတာ။ ဒါမျိုး ဘာသာပြန်တာတော့ ကောင်းပါတယ်။

**ဘာသာပြန်တဲ့သူတစ်ယောက်က ဘာသာစကား၊ ဘာသာစာပေတတ်ရုံနဲ့ ပြန်လို့ ဖြစ်နိုင်သလား။ သူ့မှာကော ရသစာပေနဲ့ပတ်သက်ပြီး ကျွမ်းကျင်မှု ရှိဖို့ မလိုဘူးလား။**

ဘာသာပြန်တယ်ဆိုတဲ့ အဓိပ္ပာယ်ကတော့ ဘာသာစကားတစ်ခုကနေ နောက်ဘာသာစကားတစ်ခုကို ပြောင်းလဲလိုက်တာပဲ။ အဲဒီတော့ သိပ္ပံစာပေ

www.burmeseclassic.com

တစ်ခုဗျာ။ သုတ ခေါ်မှာပေါ့။ အဲဒါကို ဘာသာပြန်ရင် နားလည်အောင် ပြန်တာပဲ။ အင်္ဂလိပ်လိုရေးထားတဲ့ သိပ္ပံစာအုပ်တစ်အုပ်ကို မြန်မာဘာသာပြန်တယ်။ နားလည်အောင်ရေးတတ်ရင် ပြီးသွားတာပဲ။ ဘာသာပြန်တဲ့လုပ်ငန်း ပြီးသွားပြီ။

ဒါပေမဲ့ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်စတဲ့ ရသစာပေကို ဘာသာပြန်တဲ့အခါကျတော့ နားလည်သွားအောင် ဘာသာပြန်တာသက်သက် မဟုတ်တော့ဘူး။ သူက ခံစားရမယ်။ ရသစာပေဆိုတာ ခံစားမှုစာပေကိုး။ ခံစားလို့ရအောင် ဘာသာပြန်ရမယ်ဆိုတော့ သူက ပေါ့ပေါ့ဆဆ ဘာသာပြန်လို့ မရတော့ဘူး။ ဘာသာပြန်တယ်ဆိုတာ စကားလုံးချင်း လဲတာပဲ။ ဒါပေမဲ့ ရသစာပေမှာတော့ စကားလုံး လဲတာမှန်ရုံနဲ့မပြီးဘူး။ ထိသွားအောင် ပြန်နိုင်ရမယ်။ စကားလုံးတစ်လုံးတည်းကိုပဲ တစ်နေရာမှာတစ်မျိုးလဲထည့်သွားရတယ်။ မြန်မာလို ခံစားလို့ ရအောင်ပေါ့ဗျာ။ သူ့ကျတော့ စကားချင်း ဖလှယ်တာထက် ခံစားမှုချင်း ဖလှယ်တာ ဖြစ်သွားပြီ။

မြန်မာတွေက ရိုးရာအားဖြင့် ကဗျာစိတ်ရှိတယ်
ကျွန်တော်တို့ငယ်ငယ်တုန်းကဆိုရင် ဖိတ်စာတွေကို
ရိုးရိုးမရေးဘဲ ကဗျာကာရန်နဲ့ရေးတယ်။ ဇေဒင်ကို
တေးထပ်နဲ့ ဖွဲ့တယ်။ ဆေးနည်းကို လင်္ကာနဲ့ရေးတယ်
မှတ်တယ်။ အဲဒီရိုးရာစိတ်ဓာတ်တွေက အခု လူငယ်တွေရဲ့
အသွေးအသားထဲ ရောက်လာတာပဲ ထင်တယ်

စကားလုံးချင်း ဖလှယ်တာက လွယ်ပါတယ်။ အဘိဓာန်ကြည့်ပြီး ဖလှယ်လိုက်ရင်ရတာပဲ။ ခံစားမှုချင်း ဖလှယ်တာကျတော့ မလွယ်ဘူး။ ခံစားမှုပါအောင် ဖွဲ့နွဲ့ရေးနိုင်ရမယ်။ စကားလုံးလည်း သေသေချာချာ ရွေးချယ်နိုင်ရမယ်။ ဒါမှလည်း ထိရောက်မယ်။ တချို့ဇာတ်လမ်းပဲ အားပြုရေးထားတဲ့ ဝတ္ထုတွေကျတော့ စကားလုံးချင်း

ဖလှယ်တာနဲ့ရပါတယ်။ ခံစားမှုအသေးစိတ်ပါတာမျိုးကျတော့ မရတော့ဘူး။

**ဘာသာပြန်တဲ့သူဟာ Translator သာဖြစ်တယ်။ Author မဟုတ်ဘူး ဆိုရင် ဆရာ ဘယ်လိုယူဆမလဲ။**

သူပြောတဲ့ အဓိပ္ပာယ်က ခုနက ဘာသာပြန်ဆိုတာကို အဓိပ္ပာယ်ဖွင့်ခဲ့သ ပေါ့။ ဘာသာစကားတစ်ခုကနေတစ်ခုကို စကားချင်းဖလှယ်တာ။ အဲဒါ ဘာသ ပြန်၊ ဝတ္ထုကိုဘာသာပြန်ရာမှာတော့ ခံစားမှုပါရမယ်။ Author မဟုတ်ဘူး ဆို ကတော့ ဘာသာပြန်တဲ့သူရဲ့ ပင်ကိုစိတ်ကူးနဲ့ တီထွင်ထားတာ မဟုတ်တဲ့အတွ Author မဟုတ်ဘူးလို့ ပြောဟန်တူတယ်။ ဒါကတော့ အမှန်ပဲလေ။ ဘာသာပြန် သူက ပင်ကိုမှ မဟုတ်ဘဲ။

သို့သော် တစ်ခုတော့ရှိတယ်။ မြန်မာလို ဘာသာပြန်တဲ့နေရာမှာ မြန်မာစာ စိတ်ကူးတော့ နည်းနည်းရှိဖို့ လိုတယ်။ ဒါမှ ခံစားမှုပါမှာကိုး။ အင်္ဂလိပ် စာတတ် မြန်မာစာတတ်ရုံနဲ့ မပြီးဘူး။

**ဒါဆို ဆရာက ဘာသာပြန်တွေကို ရေးတဲ့သူတွေကိုလည်း စာရေးဆရာ Auth အဖြစ် လက်ခံတယ်လား။**

လက်ခံပါတယ်။ ဒါပေမဲ့ ခြွင်းချက်တော့ရှိတာပေါ့။ စာရေးဆရာအသင စည်းကမ်းထုတ်တော့ 'စာရေးဆရာ'ဆိုတဲ့ ဝေါဟာရကို အဓိပ္ပာယ်ဖွင့်ရာမှာ အငြ ပွားခဲ့ကြသေးတယ်။ ကျွန်တော်နဲ့ ဦးသိန်းဖေမြင့် ငြင်းခဲ့ကြတာပါ။ ကျွန်တော် စာရေးဆရာအသင်းမှာ ဘာသာပြန်တဲ့သူတွေ မထည့်ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော သူတို့က ပင်ကိုဉာဏ်သုံးတာ မဟုတ်လို့ ကျွန်တော်ကတောင် ပြောခဲ့သေးတယ် ဘာသာပြန်တဲ့သူဆိုတာ စာပေအလုပ်ကြမ်းသမားပဲလို့။ အဲဒီတော့ တစ်ဖက် ပြောတယ်။ ဒါလည်း သူ့ဟာနဲ့သူတော့ ကြိုးစားအားထုတ်မှု ပြုရတာပဲတဲ့။ အဖွဲ့အ သုံးရတာပဲတဲ့။

ခု ကျွန်တော်ပြောနေတာက စာရေးဆရာအသင်းဝင်တို့ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချ ကို ပြောတာနော်။ တစ်ဦးချင်းရဲ့သဘောကတော့ ဘာသာပြန်တဲ့သူဟာ စာရေးဆ ပဲ လို့ ပြောလို့လည်းရတာ မဟုတ်ဘူး ပြောရင်လည ရတာပဲ။ အသင်းအနေ ကျတော့ နည်းနည်း ကျယ် အောင်လုပ်ရတာပေါ့။ ဒ ကြောင့် ရသစာပေရေးသူတ မကဘူး၊ ရသစာပေဝေဖန် သူ၊ ရသစာပေအကြော အရာ ရေးတဲ့သူကိုလည စာရေးဆရာအသင်းဝင်အ သတ်မှတ်ခဲ့ကြတာပဲ။ ရသစာပေ ဘာသာပြန်တဲ့သူတွေကိုလည်း အသင်းဝင်အ လက်ခံခဲ့ပါတယ်။

**အဲဒီတုန်းက စာရေးဆရာတွေကို (က) (ခ)အဆင့်ခွဲတယ်ဆိုတာ ဘယ်လို တာပါလဲဆရာ။**

အဲဒါက (က)က မဲပေးခွင့်ရှိတယ်၊ အမှုဆောင် အရွေးခံခွင့်ရှိတယ်။ (ခ) ကတော မဲပေးခွင့်ရှိတယ်။ အမှုဆောင် အရွေးခံခွင့်မရှိဘူး။ စာရေးဆရာအသင်း ဖွဲ့စည်း မှာ စာရေးနေတဲ့သူတွေကို (က)သတ်မှတ်ပြီး၊ ရေးစ လက်သင်တွေကို(ခ)သ မှတ်တယ်။ နောက် ကျွန်တော်တို့ ကော်မတီထိုင်တဲ့ အချိန်မှာကျတော့ သက် ကို ပိုင်းလိုက်တယ်။ စာရေးသက် ဘယ်လောက်ရှိရင်(က)ဆိုပြီး သတ်မှ ကြ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကျွန်တော့်ကိုစံထားပြီး မေးခဲ့တာပဲ။ မေ ဝတ္ထုရေးခဲ့တာ ဘယ်နှနှစ်ရှိပြီလဲ ဆိုပြီး အဲဒီကာလကို ကြိတ်နှုန်းအနေနဲ့ ယူခဲ့တာပါ။

အဲဒီတုန်းက မေ ရေးတာ ငါးနှစ်ရှိ ပြီ။ စာရေးသက် ငါးနှစ်ရှိရင်(က)အဆင့် လို့ သတ်မှတ်ကြတယ်။ အဲဒီတုန်းက ဦးထင်ဖတ်ကတောင် စောဒက တက်သေး တယ်။ စာရေးသက် ငါးနှစ်ရှိပြီး ဒီငါးနှစ်အတွင်းမှာ နှစ်ပုဒ်ပဲရေးမယ်ဆိုရင်ကော ဗျာတဲ့။ အဲဒါကောရမလားတဲ့။ နောက်ဆုံးကျတော့ ပုဒ်ရေနဲ့မဟုတ်ဘဲ ငါးနှစ် သက်တမ်းနဲ့သာ သတ်မှတ်လိုက်ကြတယ် ထင်တယ်။

**မေရဲ့ နောက်ကြောင်းတစ်ခုကို မေးပါရစေဆရာ။ မေကိုရေးမယ်လို့ ဆရာ့ စိတ်ထဲမှာ ရှိနေတာကြာပြီ၊ မရေးဖြစ်ခဲ့ဘူး။ အဲဒီအချိန်မှာ အရေးအခင်းတွေဖြစ် တာတော့ ရန်ပုံငွေအတွက် ရုပ်ရှင်ရိုက်ကြဖို့ ဆရာမ ဒိုရာသန်းအေး(အဆိုကျော် ဘီလပ်ပြန်သန်း)ကို သွားစည်းရုံးကြတယ်။ ဆရာမဆီက အပြန်မှာ မေကို ရေးဖို့ စိတ်အားပိုထက်သန်လာတယ်ဆိုတော့ ဒိုရာသန်းအေးကများ မေအတွက် စွမ်းဆောင်မှု တစ်စုံတစ်ရာ ပေးခဲ့ပါသလား။**

အင်း အဲဒါကတော့ ဖော်ပြဖို့ သင့် မသင့် ချင့်ချိန်ကြပေါ့ဗျာ။ မေကလည်း ကောင်မလေး ချောချောလေးဗျ။ ဒီကောင်မလေးက နောက်တော့ ပျက်သွားတာ။ အဲဒီအကြောင်း ရေးထားတာပဲ။ ကောင်မလေး ချောချောအကြောင်း ရေးချင်ပေမဲ့ ရေးဖြစ်ဘူး။ အဲဒီနောက်တော့ ခင်ဗျားပြောသလို ရုပ်ရှင်မင်းသမီး လုပ်ခိုင်းဖို့ ဆရာ အတတ်သင် ကောလိပ်ကို ရောက်ခဲ့တယ်။ မင်းသားကတော့ ဆရာဘညွန့်(ချစ် ခုက္ခ) ပေါ့။ ဒိုရာသန်းအေးအသံကို ကျွန်တော်က သဘောကျတယ်။ လူချင်းကတော့ အဲဒီတော့မှ မြင်ဖူးတာပါ။

အပြန်ကျတော့ မေ ကို ရေးချင်စိတ် လှိုက်လှိုက်လှဲလှဲ ဖြစ်လာတယ်။ အဲဒီ ညကပဲ မေ ကို စရေးဖြစ်သွားတယ်။ ကျွန်တော် အိန္ဒိယရောက်တော့ ဒိုရာသန်းအေး ကို သွားတွေ့ပါတယ်။ ဝတ္ထုထွက်ချိန်မှာ သူက ဒီမှာမရှိတော့ဘူး။ ဒါပေမဲ့ သူ့ကို ဘယ်သူကပြောလဲ မသိပါဘူးဗျာ၊ သူက သိနေတယ်။ ကျွန်တော့်ကို နည်းနည်းပါး ပါး မေးတယ်။ တော်တော်တောင် မျက်နှာပူသွားတယ်။ အဓိပ္ပာယ်က အဲဒီလိုဖြစ်သွား တယ်ဗျ။ သူကလည်း အဆိုးမြင်အနေနဲ့တော့ မဟုတ်ပါဘူး။ အကောင်းအနေနဲ့ မေးတာပါ။

**ဆရာက ဂီတနဲ့လည်း ကျွမ်းဝင်နေတော့ ဂီတနဲ့ပတ်သက်တာလေးလည်း မေးခွင့် ပြုပါဦးဆရာ။ ဆရာ့ဝတ္ထုတိုပေါင်းချုပ် အမှာစာမှာ ရှေးဟောင်းသီချင်းကြီးတွေကို ခေတ်ပေါ်နည်းနဲ့ တီးကြည့်ချင်တယ်လို့ ရေးထားတာ ဖတ်ရပါတယ်။ လွန်ခဲ့တဲ့ လေးငါးခြောက်နှစ်ကစပြီး သီချင်းကြီးတွေကို ဒီနေ့လူငယ်တွေက လျှပ်စစ်ဂစ်တာ၊ လျှပ်စစ်ပစ္စည်းတွေနဲ့ တီးလာကြပါတယ်။ အဲဒီသီချင်းတွေနဲ့ ပတ်သက်ပြီး ဆရာ ဘယ်လို ခံစားရပါသလဲ။**

စန္ဒရားဆိုတာက စောင်းတို့ ပတ္တလားတို့က တီးကွက်ကို စန္ဒရားခလုတ်တွေပေါ် ပြောင်းတီးထားတာပဲ။ မြန်မာသီချင်းကြီးတွေကို အရင်တုန်းက စောင်းတို့၊ ပတ္တလား တို့နဲ့ပဲ တီးကြတယ်။ စန္ဒရားကတော့ အနောက်နိုင်ငံနည်း။ သူက လက်ဆယ်ချောင်းနဲ့ အသံစုံစုံ တီးတာပေါ့။ အဲဒီလိုခေတ်နည်းနဲ့ သီချင်းကြီးတွေကို တီးချင်တယ်လို့ ရေးခဲ့တာပါ။ နည်းနည်းပါးပါးလည်း စမ်းခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဒီဘက်ကို သိပ်မလိုက်ခဲ့ဘူး၊ မဖြစ်မြောက်ခဲ့ဘူးပေါ့ဗျာ။

ဆိုပါတော့ မောင်ကိုကိုရဲ့ *ပန်းမြိုင်လယ်*။ အဲဒါ အနောက်နိုင်ငံက စန္ဒရားနည်း နဲ့ တီးထားတာပဲ။ တချို့ကတော့ မကြိုက်ဘူး။ ကျွန်တော်ကတော့ ကြိုက်တယ် ဗျ။ အခုကလေးတွေ လျှပ်စစ်ပစ္စည်းနဲ့ တီးတဲ့သီချင်းတွေက တကယ့်သီချင်းကြီး တွေ မဟုတ်ဘူး။ ဥပမာ စုံတောမြိုင်တို့ ဘာတို့။ ဒါတွေကတော့ နီးစပ်ပါတယ်။

# စာဖတ်သူများ (နှင့်) တွေ့ဆုံမေးမြန်းခြင်း

လက်လည်းခံတယ်။ ခေတ်ပေါ်နည်းနဲ့ ရှေးဂန္ထဝင်တွေကို ဖော်ထုတ်တာ။ ဒါလုပ်လည်းလုပ်သင့်တဲ့ အလုပ်ပါ။

**ဒီနေ့ဂီတသမားတွေအပေါ်ကော ဆရာဘယ်လိုမြင်ပါသလဲ။**

ခုကတော့ ကော်ပီသီချင်းများ တယ်။ ကော်ပီသီချင်းဆိုတာ အနောက် နိုင်ငံတီးလုံးမှာ မြန်မာစာသားထည့်ပြီး အနောက်နိုင်ငံ တီးနည်းနဲ့ တီးကြဆို ကြတာကို ကော်ပီသီချင်းခေါ်တာကိုး။ ကော်ပီသီချင်း မဟုတ်တာတွေကလည်း တီးတာကတော့ ခေတ်ပေါ်နည်းပဲ။ ဒါပေမဲ့ အသံက အသစ်ထွင်ပြီးတော့ ထည့်တဲ့အသံ။ အဲဒါမျိုးက နည်း တယ်။

ခုခေတ် တီးနေကြတဲ့ ဂီတဆရာ တွေကလည်း အတီးသက်သက်ပဲ။ ကဗျာစာသားတွေနဲ့ သိပ်ပြီး မနီးစပ် ဘူး။ သူတို့က အနောက်နိုင်ငံဆန်ဆန် တော့ တော်တော်လေး တီးနိုင်ကြပါ တယ်။ မြန်မာမှုနဲ့ သိပ်ဆက်စပ်ပုံ မရ ဘူးထင်တယ်။ ကျွန်တော်တို့ မြန်မာ စာပေမှာကြည့်ရင် ဂန္ထဝင်စာပေထဲမှာ သီချင်းလည်းပါတယ်။ ခေါ်တာကိုက တေးကဗျာလို့ ခေါ်တာကိုး။ လေးလုံး စပ်ရတာဆိုရင် စောင်းနဲ့တီးလို့ရတယ်။ တခြား တူရိယာပစ္စည်းနဲ့လည်း တီး လို့ ရတယ်။ အနောက်နိုင်ငံနဲ့မတူဘူး။ အနောက်နိုင်ငံက ကဗျာတွေ ရွတ်တယ် ဆိုတာက ဒီအတိုင်းရွတ်တာ။ သူတို့ ကဗျာရဲ့ သဘာဝကိုက အသံအနိမ့် အမြင့်ရှိတယ်။

ကျွန်တော်တို့ မြန်မာကဗျာတွေ ကတော့ ရွတ်လို့လည်းရတယ်၊ တူရိယာ ပစ္စည်းနဲ့ တီးလို့လည်းရတယ် ဆိုလို့ လည်းရတယ်။ ဘောလယ်တို့၊ တေး ထပ်ရတုတို့ကတော့ စပ်ကတည်းက

www.burmeseclassic.com

တီးလုံးအတွက် အသံထည့်ပြီးသား။ လေးလုံးစပ်ကျတော့ အသံအနိမ့်အမြင့်ကို တီးဖို့အတွက် ယူထားတာမဟုတ်ဘူး။ အဓိပ္ပာယ်အတွက်ပဲ ယူထားတာ။ ဒါပေမဲ့ မြန်မာကဗျာရဲ့ ပုံစံကိုက အသံအနိမ့်အမြင့် ရှိပြီးသားမို့ တီးချင်ရင် တီးလို့ရတာ။

ဒါကြောင့် ကျွန်တော့်ဆန္ဒကတော့ ဒီနေ့ လျှပ်စစ်ဂီတသမားတွေကို မြန်မာတေးကဗျာတွေနဲ့ ဆက်နွယ်စေချင်တဲ့ ဆန္ဒရှိပါတယ်။

**ဆရာတို့ခေတ်ရဲ့ နောက်ပိုင်းမှာ ကဗျာဆရာတချို့က 'ကဗျာသစ်' လို့ ကြွေးကြော်ခဲ့ကြတာ ရှိဖူးတယ်။ ဘာကြောင့် ဒီလို ကြွေးကြော်တာပါလဲ။**

ကဗျာသစ်ဆိုတာကတော့ ဒီလို ရှိတယ်ဗျ။ ကဗျာသစ်ဆိုတဲ့ စာအုပ်လည်း ထုတ်ဖူးပါတယ်။ အဲဒါကတော့ အဲဒီအခါမှာ ပေါ်နေတဲ့ ကဗျာရေစီးကြောင်းနဲ့ အဲဒီအခါမှာပေါ်နေတဲ့ စာရေးဆရာတွေ၊ ကဗျာဆရာတွေရဲ့ အဖွဲ့အနွဲ့ ရေစီးကြောင်းနဲ့ ဆိုင်မယ်ထင်တယ်။ ကဗျာသစ်ဆိုပြီး အထူးသဘောတရားတို့၊ အဖွဲ့အနွဲ့တို့တော့ မတွေ့မိဘူးဗျ။

**ခေတ်စမ်းကဗျာတွေကို ကော ဒီနေ့ပြန်ကြည့်တဲ့အခါ ဘယ်လိုမြင်ပါသလဲ။**

ခေတ်စမ်းကဗျာကတော့ ကျွန်တော်တို့ငယ်စဉ်က ပေါ်ခဲ့တာပဲ။ အဲဒီအချိန်တုန်းက ကျွန်တော်က ရှေးဟောင်းဂန္ထဝင်တွေ သိပ်ဖတ်နေတဲ့ အချိန်ပေါ့။ ခေတ်ဆန်းကဗျာဆိုတာ အဲဒီရှေးဟောင်း ဂန္ထဝင်တွေက လမ်းခွဲထွက်တဲ့ ကဗျာတွေပဲ။ ခေတ်ပေါ်စာပေရဲ့ လမ်းစတစ်စပဲပေါ့။

စာပေပြောင်းလဲမှုဆိုတာက အဆင့်နဲ့သွားတာ။ တစ်ဆင့်တစ်ဆင့် ပြောင်းလဲသွားတတ်တယ်။ နိုင်ငံရေးလိုပေါ့ဗျာ။ တော်လှန်တယ်ဆိုတာ အဆင့်ဆင့် တော်လှန်သွားကြတာ။ ဥပမာ မြေရှင်ပဒေသရာဇ်ကို တော်လှန်တယ်။ တစ်ခါ ဓနရှင်စနစ်ကို တော်လှန်တယ်။ ပြီးတော့မှ ဆိုရှယ်လစ်စနစ်ကိုရောက်အောင် တော်လှန်ကြတယ်။ စာပေမှာလည်း အဲဒီလို ခေတ်အဆင့်ဆ... သွားကြရ တာပဲ။

ခေတ်စမ်းကဗျာပေါ်တဲ့အချိန်က ဝံသာနုအမျိုးသားလှုပ်ရှားမှုရဲ့ဂယက်... ထင်ဟပ်ချက်ပဲ။ ဝံသာနု အမျိုးသားလှုပ်ရှားမှုဆိုတာ နိုင်ငံရေးခေတ်နဲ့ပိုင်းရင်တော့ ဓနရှင်အမျိုးသားလှုပ်ရှားမှုပေါ့။ နိုင်ငံခြားကိုလိုနီအဖြစ်ကနေ လွတ်လပ်ချင်တယ်... လွတ်လပ်ပြီးတော့ သူက ဓနရှင်စီးပွားရေးစနစ်ကို ထူထောင်ချင်တယ်။ ဟိုတုန်းက... တို့ဗမာအစည်းအရုံး ကြွေးကြော်သံမှာကိုက ပါနေတာပဲ။ ဗမာစာပေ ဒို့စာပေ၊ ဗမာ... စကား ဒို့စကား။ အဲဒါမျိုးချစ်စိတ် သဘောပဲ။

**စာပေသစ်ကကော ဘယ်အချိန်က စခဲ့ပါသလဲဆရာ။**

စာပေသစ်ကတော့ ကျွန်တော် တာရာမဂ္ဂဇင်းထုတ်တဲ့ အချိန်ကတည်းက... ကြွေးကြော်သံအနေနဲ့ စခဲ့တာပါ။ ၁၉၄၆ ပေါ့။

**စတည်ထောင်တော့ ဆရာပဲ ဦးဆောင်ခဲ့တာပဲလား။ ဘယ်သူတွေပါပါသေး... သလဲ။**

တည်ထောင်တာရယ်လို့တော့ မဟုတ်ဘူးဗျ။ ဦးဆောင်တယ်ဆိုတာလည်... တစ်မျိုးအဓိပ္ပာယ်ထွက်ပါလိမ့်မယ်။ ကျွန်တော်တို့ တာရာမဂ္ဂဇင်းထုတ်မယ်ဆိုတော့ လွတ်လပ်ရေးရခါနီး လွတ်လပ်ရေးစပြီးစ အချိန်ကိုး။ အဲဒီအချိန်မှာ လူတွေက... နိုးကြားနေတယ်။ စာပေကလည်း နိုးကြားတက်ကြွနေတဲ့သဘောပါပဲ။

အဲဒီမှာ ဘယ်လိုစာပေမျိုး ရေးရမလဲလို့ စဉ်းစားတော့ ကျွန်တော်က 'စာပေ... သစ်' လို့ ခေါ်လိုက်တာပဲ။ နောက် ကျွန်တော် စာပေသဘောတရားတွေရေးတော့... စာပေသစ်မှာ ရေးရမယ့် အပိုင်းသုံးပိုင်း ခွဲလိုက်တယ်။ တစ်က ဓနရှင်ခေတ်ကို... ရေးတာ၊ ဓနရှင်ဘဝကို သရုပ်ဖော်တာ။ အဲ သရုပ်ဖော်တဲ့နေရာမှာ ဓနရှင်စနစ်... တည်မြဲဖို့ထက် ဓနရှင်စနစ်ကိုဝေဖန်တဲ့သဘော ရေးတာ။ ဝေဖန်သော သရုပ်ဖော်... စာပေပေါ့။

ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်မှာ နိုင်ငံရေးအသိက ဓနရှင်စနစ်ကို ဖျက်သိမ်း... ရမယ်၊ ဆိုရှယ်လစ်စနစ်ကို ထူထောင်ရမယ်ဆိုတဲ့ နိုင်ငံရေးအသိက ရှိပြီးသား... ဒီဦးတည်ချက်က ဖက်ဆစ်တော်လှန်ရေးကတည်းက ရှိပြီးသား။ တော်လှန်ရေးတပ်ဦး... တို့ ဘာတို့မှာပါပြီးသား။ စစ်မဖြစ်ခင်ကတည်းက ဒီလှုပ်ရှားမှုကရှိပြီးသား။ အဲဒီတော့... စာပေသစ်ဆိုတာ ဓနရှင်စနစ်ကို သရုပ်ဖော်တဲ့ နေရာမှာ ဝေဖန်သော သရုပ်ဖော်... စာပေဖြစ်ရမယ်ဆိုတဲ့ ဦးတည်ချက် ရှိခဲ့တယ်။

နောက်တစ်ခုကတော့ အလုပ်သမားလယ်သမား ပြည်သူအများစုရဲ့ လုပ်... တန်းစားကို သရုပ်ဖော်ရမယ်။ နံပါတ်သုံးက အဲဒီတုန်းက လှုပ်ရှားနေတဲ့ တော်လှန်ရေးကို... သရုပ်ဖော်ပါ။ အကြမ်းဖျင်းအားဖြင့် အဲဒီသုံးခုပေါ့။

**အဲဒီတုန်းက ဆရာနဲ့ အယူအဆချင်း တူတဲ့သူတွေ ရှိခဲ့မှာပေါ့။**

အဲဒီတုန်းကတော့ ကြိုက်တဲ့သူရော၊ မကြိုက်တဲ့သူပါ ရေးကြတယ်ဗျ။ စာပေ... တိုက်ပွဲပေါ့ဗျာ။ ဒီစကားလုံး သုံးရတာ သိပ်တော့ မကောင်းပါဘူး။ အငြင်းအခုံ... ဖြစ်ကြတယ်ပေါ့ဗျာ။ ကိုကြည်လင်တို့၊ ကိုမြသန်းတို့က ကျွန်တော်တို့ဘက်ကပေါ့။

**ကျေးဇူးတင်ပါတယ် ဆရာ။**

ကိုဝင်းငြိမ်းမေးနေတာလည်း တော်တော်စုံပြီထင်ပါတယ်။

ဟုတ်ကဲ့ဆရာ၊ ခုလို ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ဖော်ပြခွင့်ရတဲ့အတွက် စာပေ... ပရိသတ်နဲ့ ပေဖူးလွှာစာတည်းအဖွဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်ဆရာ။ ဆရာ... လည်း ခုလိုပဲ ကျန်းမာရေးကောင်းကောင်းနဲ့ စာတွေ၊ ကဗျာတွေ ဆက်ရေးနိုင်ပါစေ... လို့ မေတ္တာပို့ပါတယ်ဆရာ။ ■

ဝင်းငြိမ်း




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း
ရသစာတမ်း
အမှတ် ၂၇၉၊ ဒီဇင်ဘာ၊ ၂၀၁၃

# ဆဲဆိုခြင်းယဉ်ကျေးမှုနှင့် အနုပညာဒဏ်ရာ

နှုတ်မဂ်လာ၊ စကားမှာကား
အသာအချို၊ သူနာလိုအောင်
မိန့်ဆိုခြင်းလျှင်၊ တန်ဆာဆင်၏ (စိန္တကျော်သူဦးဩ)

❑

ရှေးစာဆိုများ၊ သူတော်ပီပီများ၊ ကျွန်တော်တို့၏ လူကြီးမိဘများက နှုတ်ချိုခြင်း၊ အပြောအဆို လိမ္မာခြင်းဆိုင်ရာအတွက် ဆုံးမလမ်းညွှန်၊ သွန်သင်ရေးဖွဲ့ခဲ့ကြသော ကဗျာ၊ လင်္ကာများစွာကို

www.burmeseclassic.com

www.burmeseclassic.com



သတိတရ ပြန်ဖတ်မိလေတိုင်း
ကျွန်တော့်စိတ်တွင် ပြန်လည်ချေပချင်စိတ်
ဖြစ်မိသည်။ ကျွန်တော်အပါအဝင်
သက်တူရွယ်တူ လူငယ်များသည်လည်းကောင်း၊
ကျွန်တော်တို့၏ ရှေ့မျိုးဆက်များသည်လည်းကောင်း
ဘကျင်မှုခေတ်ထဲတွင် မလွဲမရှောင်သာ
ဖျော်ဝင်စီးမျောခဲ့ကြရသည်။ သူတို့ဆီမှ

ထွက်ကျပွင့်ထွက်လာသော စာများ၊
ကဗျာများသည် သွေးအလိမ်းလိမ်း ပေကျံလျက်။
တချို့က တောက်ခေါက်သံ ရွဲရွဲစိုလျက်။
ကျွန်တော်တို့ ကျင်လည်ရာ လူ့ပတ်ဝန်းကျင်တွင်လည်း
'အမိယုတ်တော့ နှုတ်ကြမ်း၏၊ အဖယုတ်တော့
ကိုယ်မူရာ ကြမ်းတမ်း၏' ဟူသော စကားကို
တော်တော်များများ မကြာခဏ ဆိုသလို ပြောဆိုလေ့



www.burmeseclassic.com

www.burmeseclassic.com

ရှိကြသည်။ ဆဲဆိုခြင်းသည်လည်း နှုတ်ကြမ်းခြင်း၏ တစ်စိတ်တစ်ဒေသဟု အများစုလိုလို သတ်မှတ်ထားကြသည်။ ဤသို့ဆိုလျှင် လူအများစုသည် ဆဲဆိုခြင်း အပြုအမူ၊ နှုတ်ထွက်စကားတို့ကို ရှောင်ကြဉ်ကြပြီလောဟု မေးမြန်းစရာပင် ဖြစ်ပါသည်။

ဆဲဆိုခြင်းသည် မကျေနပ်ခြင်းကို ဖော်ထုတ်ပြသော၊ အားမလို အားမရခြင်းကို အော်ဟစ်ဖောက်ခွဲပစ်သော အပြုအမူဟုဆိုသော် မည်သူမျှ ငြင်းအံ့မထင်။ ရိုင်းစိုင်းမှုထဲတွင်လည်း အလှတရားတို့ ရှိနေနိုင်ပါသည်။ ကျွန်တော်တို့သည် နာနာကျင်ကျင် ခံစားမိသော အတိတ်များအတွက် တခုတ်တရ မြတ်မြတ်နိုးနိုးပင် ဆဲဆိုနေရ/ဆဲဆိုနေကြပါသည်။ တချို့က သွေးစိမ်းရှင်ရှင်ကျသော အနုပညာမြောက် ဆဲဆိုခြင်းမျိုးဖြင့် လှပစွာ ဆဲဆိုနေကြပါသည်။ တချို့က ကိုယ့်နှလုံးသားပေါ် ထုထွင်း၍ မျှော်လင့်ခဲ့သော အတိတ်ကိုလည်းကောင်း၊ မျှော်လင့်နေသော အနာဂတ်ကိုလည်းကောင်း လှပစွာ ဆဲဆိုနေကြပါသည်။

*'ဗမာတွေ စည်းကမ်းဖောက်လို့*
*ထီးနန်းပျောက်ဖြစ်ပြီ*
*မိုင်ငြမ်းထောက် အသစ်မှီသည်*
*ညစ်ပလီ လူမျိုး*
*.... ....*
*တွေးမိတိုင်း အရိုးနာသည်*
*အမျိုးပါ ဆဲချင်ပေါ့လေး'*

ကိုလိုနီခေတ်ဦးပိုင်းတွင် အချုပ်တန်း ဆရာဖေ၏ ဆဲဆိုသော အသံကို ဖော်ထုတ်ရေးဖွဲ့ခဲ့သော တေးထပ်သည် အခုတောင် လှုပ်ခတ်ဆဲ။ သူ၏ ဆဲချင်သော အသံတွင် ဝေဒနာပါသည်။ စေတနာပါသည်။ သူ့ရင်တွင်း မကျေနပ်ချက်ကို တတ်နိုင်သရွေ့ ဖော်ထုတ်ပြသွားခြင်းမျိုးသာဖြစ်သည်။ ခေတ်ပေါ် ကဗျာဆရာ ခရမ်းပြာထက်လူကလည်း-

*'စိတ်ရှည် ဘဝရှည်*
*ကြယ်တွေကို ထုခွဲကာ ရှာမတွေ့*

မေ့ပျောက် မေ့ဖျောက်ရန်
ခက်ခဲသော
အတိတ်စာမျက်နှာ
များအတွက်
လူတိုင်းလိုလို မဆဲချင်
မဆိုချင်ကြတော့ပါ
သို့သော်
တချို့စာမျက်နှာများက
ကျွန်တော်တို့ကို
ခြောက်လှန့်နေဆဲ
နာကျင်မှုးမှုး
အမှောင်များကြားဝယ်
မြုပ်ချည်ပေါ်ချည်
နံရံကြားမှ
အော်ဟစ်သံများ
မိုးခေါင်ရေရှားရပ်ဝန်းမှ
တောင်းဆိုသံများ
အရာရာသည်
ခါးသီးပြတ်ရှခဲ့လွန်းသည်

*ပြီးတဲ့နောက်*
*အမွန်မြတ်ဆုံး အလုပ်တစ်ခုအဖြစ်*
*စစ်ကို အော်ဆဲခဲ့ကြတယ်'*

ဟု သူ့ကဗျာတစ်ပုဒ်တွင် ရေးဖွဲ့ခဲ့ဖူးသည်ကို ကျွန်တော်ဆဲချင်၊ ဆိုချင်စိတ်ဖြစ်တိုင်း သတိရမိမြဲ။ အချုပ်တန်းဆရာဖေ၏ ဆဲဆိုခြင်းမျိုး၊ ဆရာ ခရမ်းပြာထက်လူ၏ နာကျင်ဝေဒနာမျိုးကို တော့ တော်တော်များများ ထောက်ခံကြရပါလိမ့်မည်။

ဆဲဆိုခြင်းအထွေထွေ၊ အမျိုးမျိုးရှိသည်ဆိုပါက လူတစ်စုဖြစ်စေ၊ တစ်အုပ်တစ်သင်းဖြစ်စေ နှာခေါင်းရှုံ့ကြလိမ့်မည်ထင်ပါသည်။ ကျွန်တော် ချီးမွမ်းလိုသော ဆဲဆိုခြင်းမျိုးထဲတွင် ဂဏန်းကောင်တွေလို ဘေးတိုက်ကန့်လန့်သွားရင်း သူများအပြစ်ကိုသာ စောင့်ကြည့်ဝေဖန်ဆဲဆိုခြင်းမျိုးတော့ မပါဝင်နိုင်သည်မှာ သေချာပါသည်။ ကျွန်တော်တို့လူ့အဖွဲ့အစည်းတွင် ထိုသို့ ဘေးတိုင်

ဘုပြောသူတို့၏ ဆဲသံ၊ အမှန်တစ်ခု
သာ ရှေ့တည့်တည့်ရှု၍ အားမလို အား
မရ ဖြစ်သူတို့၏ ဆဲသံဆိုသံစသည်
များပြားလျှံဝေနေပါသည်။

စင်စစ်အားဖြင့် လူတို့သည်
ဖွားလာကတည်းကပင် 'အူဝဲ အူဝဲ' ဟု
ကိုယ်လိုချင်ရာကို တောင်းဆို အော်ဟ
ခဲ့ကြသည် မဟုတ်ပါလား။ မိမိထင်မြ
ချက်၊ မိမိမကျေနပ်ချက်တို့ကို သူတ
ပါးက လာရောက်ချုပ်ချယ် ကန့်သ
သောအခါ ပေါက်ကွဲလွင့်စဉ်တတ်
သည်မှာလည်း ဓမ္မတာပင်ဖြစ်၏။

စာရေးဆရာ မင်းလူ၏ လုံးချ
ဝတ္ထုတစ်ပုဒ်တွင်ဖြစ်သည်။ ဝတ္ထုစာ
အမည်က **သူ့ဆံပင် နှင်းဆီပွင့်တွေ**
ဇာတ်ကွက် တစ်နေရာတွင် အချိ
ကဗျာလေးတစ်ပုဒ် ဖတ်လိုက်ရသည်
မှတ်မှတ်ထင်ထင် ရှိလှသည်။

*'နောက်တစ်ခါ*
*လာချင်ဘူး ဒီအထဲ*
*မှန်နိုင်လွန်း ဟင်းရည်ကျဲနှင့်*
*သဲငပိ ဆန်လုံးတီး*
*(....)လိုမှပဲ'*

ဟူ၍ဖြစ်သည်။ ဇာတ်ကောင်
တစ်ဆင့် လူပီပီ လူမည်ကာမျှ ဆက်
မခံရသော နေရာရပ်ဝန်းတစ်ခုကို ဖော်
ညွှန်းပြသွားသည်။ ဤသို့သော ဆဲဆို
ခြင်းမျိုးကို ယဉ်ကျေးသော ဆဲဆိုခြင်
ဟုသာ အမည်တပ်၍ ရနိုင်ပါလိမ့်မည်
ကိုယ့်ဝေဒနာဒဏ်ရာကို ထိုသို့ဖော်ပြ
သာ တတ်နိုင်ခဲ့ကြသည် မဟုတ်လော

ကျွန်တော်တို့တွင် ဆဲဆိုစရာပေါင်
များခဲ့လေပြီ။ အတိတ်ကို မျှော်တွေး
ကြည့်ရင်း မကျေနပ် မထွေးနိုင်၊ မအ
နိုင်ဖြစ်ရ၏။ မရေရာသော အနာဂတ်
ငေးမောရင်း သက်ပြင်းပူတွေ ခြွေခြွေ
နေရသည်။ တချို့က လက်ဖက်ရည်
ဆိုင်ထဲတွင် ဘောလုံးပွဲကြည့်ရင်း ဆဲဆို
အပြစ်တင်လျက်။ တချို့က ရုပ်မြင်သံ
ကြား သတင်းကြည့်ရင်း စိတ်ပျက်လက်
ပျက်။ တချို့က သတင်းစာဖတ်ရင်း
ငေးငိုင်မိန်းမောလျက်။

မောခဲ့ကြပြီလေ။ ဆဲဆိုရန် မဆုံး



www.burmeseclassic.com

www.burmeseclassic.com

နိုင်သော အဖြစ်အပျက် အပေါင်းတို့အတွက် နာကျင်ခဲ့ရလေပြီ။

❑

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အပြန်အလှန် ဆက်သွယ်နေကြောင်းမှာ မည်သူမှ ငြင်းဆို၍မရသော အမှန်တရား စစ်စစ်ဖြစ်သည်။ အတိတ်၏ အကျိုးဆက်များကို လက်ရှိပစ္စုပ္ပန်တွင် ခံစားနေရသကဲ့သို့ပင် ပစ္စုပ္ပန်၏ အကျိုးဆက်များကို နောင်တစ်ချိန် ခံစားကြရဦးမှာ မြေကြီးလက်ခတ်မလွဲပါ။ ငြင်းဆိုကြသူများလည်း ရှိကောင်း ရှိပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ သေချာသည်ကတော့ ပြီးခဲ့လေသော ကာလ၊ အတိတ်(သို့မဟုတ်)သမိုင်းကိုကား မည်သို့မျှ ဖျောက်ဖျက်ဖြစ်၍ မရသလို ငြင်းဆို၍လည်း ရခြင်းပေ။

တချို့က အတိတ်ကို မေ့ထားချင်ကြသည်။ ဖြစ်နိုင်ပါသည်။ မေ့ထား၍ ရနိုင်ကောင်း ရနိုင်ပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ လိမ်ညာပုန်းကွယ်၍တော့ ရနိုင်မည် မဟုတ်ပါ။ အတိတ်ဟူသော ခေါင်းစဉ်ဖြင့် လွန်ခဲ့သော နှစ်အနည်းငယ်က ကဗျာတိုတစ်ပုဒ် ရေးဖြစ်ခဲ့ဖူးသည်။ မည်သည့် မဂ္ဂဇင်းတွင်မျှ ပုံနှိပ်ဖော်ပြခြင်း မခံရပါ။

*အတိတ်*
*ပြီးခဲ့ပြီးပြီ*
*စာရွက်တွေ ဝါကြင့်လို့*
*နောက်ဆို ကြေသွားတော့မယ်*
*ခုတော့ ဒီဇာတ်လမ်းမှာ*
*သူဟာ ဇာတ်လိုက်*
*နောက်ဆို စာအုပ်တွေထဲ*
*မင်နီတွေနဲ့ နာမည်ကြီးဦးမှာ။*

တိုနံ့နံ့ ဤကဗျာ၏နောက်တွင် ရှည်လျား ငြီးငွေ့ဖွယ်ကောင်းသော အတိတ်ကို ကြိတ်မနိုင် ခဲမရအသံ၊ အားလို အားမရအသံတို့ ရောစွက်နေပေလိမ့်မည်။ အတိတ်ကို နောက်တစ်ကြိမ်လည်း ခရီးသွားဟန်လွှဲပင်ဖြစ်စေ မည်သည့်အခါတွင်မျှ ပြန်မတွေ့ချင်တော့ပါ။

❑

တချို့ စာမျက်နှာများကို မေ့လွယ်ကြသည်။ တချို့စာမျက်နှာများကို စွဲစွဲထင်ထင်ရှိဆဲ။ မည်သည့်လက်နှင့်မျှ ဖျက်မရလေသော အမှားများလည်း ခြင်းခြင်းနီလျက်။ 'အမှန်တရားဆိုတာ တစ်ခုတည်းပဲ ရှိတယ်'ဟု ကျွန်တော် ချစ်ခင်လေးစားရသော ဝတ္ထုတိုရေးဆရာ မောင်နှင်းပန်းဆီမှ မကြာခဏ ကြားရတတ်သည်။ တစ်ဆက်တည်းမှာပင် 'အမှားတွေ အားကောင်းလာတဲ့အခါ အမှားပေါင်းများစွာဟာ အမှန်တစ်ခုဖြစ်သွားတတ်တယ်'ဟုလည်း မေးရိုးတွေထောင်ထလု သူက ပြောတတ်ပြန်သည်။ သူ့စကားကို ရံဖန်ရံခါလိုလို ငေးငိုင်၊ အားအင်မဲ့စွာ စဉ်းစားကြည့်မိသည်။ ကျွန်တော်တို့ လူငယ်တွေသည် အတိတ်ကာလ၏ အမှားပေါင်းများစွာ အမှောင်ထုများကြားမှ တိုးဝှေ့ ဖူးပွင့်ခဲ့ရသော မလှမပ ပန်းပွင့်များလေလား။

ပစ္စုပ္ပန်ကို ငေးရီကြည့်မိတော့လည်း ကျွန်တော်တို့ ချစ်စွာသော ကမ္ဘာကြီးသည် ဟိုနေရာတစ်ပွက်၊ ဒီနေရာတစ်ပွက် ဒေါသမီးလျှံများ၊ ရန်လိုပြိုင်ဆိုင်မှုတွေကြား၊ အငြင်းပွားတွေကြား ဆူပွက်ထလျက်။ တချို့သည် မှုန်ပျဝေရီကာ မင်နီစက်တို့ဖြင့် ကျန်ခဲ့လေပြီ။ တချို့သည် လူသေဆုံးပြီးသည့်တိုင်အောင် ၄င်းတို့ရှင်သန်စဉ်က ပြုမူခဲ့ကြသော လူသားဆန်ဆန် လုပ်ရပ်များအတွက် ယခုတိုင်အောင်လည်းကောင်း၊ နောင်တိုင်အောင်လည်းကောင်း ဝင့်ကြွားခဲ့ညားလျက်။

ဟီလာနိုဂေးလေယာဉ်ပေါ်မှ လေယာဉ်မှူးသည် ဟီရိုရှီးမားကို ဗုံးကြဲချပြီးသော် 'ဘုရား၊ ဘုရား'ဟူသော စာလုံးကိုသာ သူ့ပျံသန်းမှု မှတ်တမ်းတွင် ရေးထိုးနိုင်ခဲ့ကြောင်း ဆရာ မြသန်းတင့် ဘာသာပြန်သော ရသစာတမ်းတစ်ပုဒ်တွင် ဖတ်ခဲ့ရဖူးသည်။ ထိုသို့သော မိမိ၏ ခလုတ်တစ်ချက်၊ မိမိလက်တစ်ဖက်၊ မိမိပြုမှု လှုပ်ရှားမှုအပိုင်းအစ တစ်ခုအတွက် နောင်တရလက်စမဆုံးသူတွေ မည်မျှများမည်နည်းဟု တစ်ဆက်တည်းမှာ စဉ်းစားမိပြန်သည်။ သို့သော် မိမိလုပ်ရပ်ကိုပင် ဂုဏ်ယူမဆုံးကြသူများ၊ ဝေတွေနောင်တဘယ်အခါမှာမှ မရကြသူများလည်း ရှိနေနိုင်ပါသေးသည်။ မည်သို့ပင်ဖြစ်စေ ပြီးခဲ့၊ ဖြစ်ပျက်ခဲ့သမျှကို ပြန်ပြင်မရတော့သည်မှာ အသေအချာပင်ဖြစ်သည်။ ထိုအခြင်းအရာတို့မှ သင်ခန်းစာယူကာ ပစ္စုပ္ပန်တွင် အနာဂတ်လှအောင် ထုဆစ်ရုံမှတစ်ပါး အခြားမရှိ။

မေ့ပျောက် မေ့ဖျောက်ရန် ခက်ခဲသော အတိတ်စာမျက်နှာများအတွက် လူတိုင်းလိုလို မဆဲချင်၊ မဆိုချင်ကြတော့ပါ။ သို့သော် တချို့စာမျက်နှာများက ကျွန်တော်တို့ကို ခြောက်လှန့်နေဆဲ။ နာကျင်မှုးမှုး အမှောင်များကြားဝယ် မြုပ်ချည်ပေါ်ချည် နံရံကြားမှ အော်ဟစ်သံများ၊ မိုးခေါင်ရေရှားရပ်ဝန်းမှ တောင်းဆိုသံများ၊ အရာရာသည် ခါးသီးပြတ်ရှခဲ့လွန်းသည်။ ထို့အတွက် ကျွန်တော်တို့တွင် ယဉ်ကျေးသော အော်ဟစ်ဆဲဆိုခြင်းမျိုးကိုသာ တတ်နိုင်ကြသည် မဟုတ်ပါလား။

တချို့စာမျက်နှာတို့ကို ကျွန်တော်တို့ ဆဲဆိုခဲ့ကြရသည်။ နောင်လာမည့် စာမျက်နှာများအတွက် မဆဲဆိုရစေရန် ဆုတောင်းကြရပါဦးမည်။ မေ့ပစ်ရန် ခက်ခဲသော အတိတ်ခါးခါးများအတွက် အိပ်ပျော်ရန် အားထုတ်ကြရပါဦးမည်။ အိမ်ထောင်ဦးစီး မပီသသော ဖခင်ကို အိမ်ထောင်စုသားတို့ မကျေမနပ်ဖြစ်ပါက ကွယ်ရာတွင် အံကြိတ်ငိုကြွေးရုံသာ တတ်နိုင်ကြသကဲ့သို့ပင် ကျွန်တော်တို့တွင်လည်း တစ်စုံတစ်ရာကို စိတ်ပျက်လက်ပျက် မကျေမနပ်ဖြစ်ရသော် ဆဲဆိုတောက်ခေါက်ရုံသာ စကားလုံးဝါကျများကို အားအင်ချည့်နဲ့စွာ တည်ဆောက်ရုံသာ တတ်နိုင်ခဲ့ကြပါသည်။ မည်သို့ဖြစ်စေ ကျွန်တော်တို့အားလုံး ထပ်မံ၍ပင် နောင်လာမည့်စာမျက်နှာများအတွက် မဆဲရ မဆိုရစေရန် ဆုတောင်းကြရပါဦးမည်။ ■

**မောင်ရေချမ်း**



www.burmeseclassic.com

www.burmeseclassic.com



## မောင်သိန်းဆွေ(ထားဝယ်)

# ထူးဆန်းသောအိပ်မက်နှင့် မဒရစ်ပြီပါဒြာပျိုတော်များ

စာရေးသူသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်သမ္မတကြီး၏ ရတနာဂီရိသို့သွားသော အိန္ဒိယ ခရီးစဉ်တွင် ယဉ်ကျေးမှုဒုတိယဝန်ကြီးအနေဖြင့် လိုက်ပါသွားရပါသည်။ ထိုခရီးစဉ်နှင့် ပတ်သက်၍ အလင်းတန်းဂျာနယ်တွင် ဆောင်းပါးရေးခဲ့သည်။ ထိုဆောင်းပါး၌ စာရေးသူ၏ ထူးဆန်းသော အိပ်မက်အကြောင်းကို အောက်ပါအတိုင်းရေးခဲ့၏။

'ထိုညက စာရေးသူ ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်သည်။





www.burmeseclassic.com

www.burmeseclassic.com



သို့အိပ်မက်မျိုး တစ်ခါမှမျှ မမက်ဖူးပါ။ အိပ်မက်ထဲတွင် သီပေါမင်းတရား၏ ရတနာဂီရိစံအိမ်တော်ကြီးရှေ့မှ ကွင်းထဲတွင် စာရေးသူက ရောက်နေသည်။ ဖြူစင်သော ဝတ်ရုံများ ဝတ်ဆင်ထားပြီး အနောက်တွင် အတောင်ကြီးများပေါက်နေသော ခရစ်ယာန်တို့၏ကောင်းကင်တမန် နတ်သမီး (Angel) ရုပ်ယောက်တို့က စာရေးသူအား လှည့်ပတ်၍ ကနေကြပါသည်။ သူတို့၏မျက်နှာများမှာ အင်္ဂလိပ်ပုံများမဟုတ်ဘဲ မြန်မာမျက်နှာများဖြစ်ပါသည်။ မျက်စိမှေးမှေး နှာခေါင်းပြားပြားနှင့် တရုတ်နှင့်ပိုတူသည်။ စာရေးသူက သူတို့ကိုကြည့်ပြီး

'ဘာလုပ်တာလဲ' ဟု မေးရာ…

'ရတနာဂီရိကို ဟောမှာမို့ ဝမ်းသာနေကြတယ်' ဟု ပြောကြပါသည်။ သူတို့အသံကလည်း မြန်မာအသံမဟုတ်ပါ။ ခပ်ဝဲဝဲပင်ဖြစ်သည်။ စာရေးသူ ရုတ်တရက် အိပ်ရာမှလန့်နိုးလာပါသည်။

'ငါ ရတနာဂီရိကို စိတ်စွဲနေလို့ မက်တာပဲ' ဟု တွေးလိုက်မိသည်။ အိပ်ရာမှထပြီး ကိုယ်လက်သန့်စင်လိုက်သည်။ နာရီကိုကြည့်ရာ နံနက် (၂း၀၀) နာရီသာ ရှိသေးသည်။ စောသေး၍ ပြန်အိပ်လိုက်ပါသည်။ အလားတူ အိပ်မက်ကိုပင် ပြန်မက်ပါသည်။ နံနက် (၅း၃၀)မှ အိပ်ရာမှ နိုးလာပါသည်။ ထူးဆန်းသည့် ဤအိပ်မက်ကို အမျိုးမျိုးတွေးကြည့်ရာ မည်သို့မျှသဘောမပေါက်ခဲ့ပါ။ ဆက်စပ်ကြည့်၍လည်း မရပါ။ အတော့်ကိုထူးဆန်းသည့် အိပ်မက်ဖြစ်၍ ယခုလိုဖော်ပြရေးလိုက်ခြင်း ဖြစ်ပါသည်' စာရေးသူ ဆောင်းပါးကို သီပေါမင်းတရား စတုတ္ထသမီးတော်၏ ဒုတိယသမီးတော် ထိပ်စုဘုရားကြီးက ဖတ်ရသည်ဆိုပါသည်။ တစ်လောက အန်တီစု(ထိပ်စုဘုရားကြီး)နှင့် တွေ့ကြသောအခါ သူက…

'ကိုသန်းဆွေ ဆောင်းပါးကို ကျွန်မ ဖတ်ရတယ်။ ကိုသန်းဆွေက အိပ်မက်နဲ့ပတ်သက်ပြီး ဆက်စပ်ကြည့်လို့ မရဘူး။ ဘယ်လိုမှသဘောမပေါက်ဘူးလို့ ရေးထားပေမဲ့ ကျွန်မတော့ တွေးလို့ရတယ်'

'ဟင် ဟုတ်လား အန်တီစု၊ အန်တီစုရဲ့အတွေးအမြင်ကို ပြောပါဦး'

'ကျွန်မတော့ ရှင့်အိပ်မက်ထဲက အိန္ဒိယ်ယ်ရုပ်ယောက်ဟာ ဘွားတော်တို့နဲ့ ခေါင်းပါကိုပါသွားတဲ့ အပျိုတော်လေးတွေဖြစ်မယ်'

ဟု ပြောသွားပါသည်။ အန်တီစုစကားကြောင့် ကျွန်တော့်အတွက် တွေးရခက်ခက်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

စာဖတ်သူများအနေနှင့် အန်တီစု (ထိပ်စုဘုရားကြီး)ပြောသည့် မဒရပ်ပါ အပျိုတော်များအကြောင်းကို သဘော ပေါက်မည် မထင်ပါ။ သို့ကြောင့် စာ ဖတ်သူများ သဘောပေါက် နားလည်၍ ရှင်းသွားစေရန် ဖော်ပြပါမည်။

အရှင်နှစ်ပါး ပါတော်မူစဉ်က အရှင်နှစ်ပါးနှင့်အတူ လိုက်ပါသွားကြ သူ အားလုံးသည် တန်ဆောင်မုန်း လပြည့်ကျော် ၉ ရက်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် လီဗာပူးတပ်မဟာမှ ဗိုလ်မှူးကြီး လဲမယ်စူးရီးယား ဦးစီး သော တပ်ဖွဲ့နှစ်ဖွဲ့ စောင့်ကြပ်လျက် သူရိယသင်္ဘောနှင့် ရန်ကုန်သို့ စတင် ထွက်ခွာခဲ့ရသည်။ လပြည့်ကျော် ၁၅ ရက်တွင် ရန်ကုန်သို့ ရောက်သည်။ ကလိုက်ခေါ် ပင်လယ်ကူးသင်္ဘောပေါ် သို့ ပြောင်းကြရ၏။

နတ်တော်လဆန်း ၄ ရက်၊ ညနေ ၅နာရီတွင် အရှင်နှစ်ပါးသည် ညီမတော် ရမည်းသင်းစုဘုရား၊ သမီးတော်နှစ်ပါး၊ အထိန်းတော် တောင်ဆင်းမြို့စား၊ မိုး ညှင်းမြို့စား၊ အပျိုတော်ဝသန်၊ ခါနွေ၊ တိမ်ပြာ၊ မိလ္လာ၊ ဇေဠာ၊ သောရီ၊ နန်းပေါ၊ နန်းထူး၊ သံတော်ဆင့်ပန်းတဦး ဝန်၊ ဘဏ္ဍာစိုးစာရေးကြီး၊ အင်္ဂလိပ်မင်း က ထည့်လိုက်သော ဟသ်ာတဇာတိ စကားပြန် မောင်ရှိန်း၊ ညီမောင်သိန်းတို့ နှင့်အတူ ကလိုက်သင်္ဘောမှ 'အိပ်ချ်အမ် အက်စ် ကင်းနင်း'ခေါ် ပင်လယ်ကူး သင်္ဘောပေါ်သို့ ပြောင်း၍ မဒရပ်သို့ ခရီးဆက်ရသည်။ မဒရပ်တွင် အရှင် နှစ်ပါးနှင့်အဖွဲ့သည် အတန်ကြာနေခဲ့ရ လေသည်။

ထိုသို့နေစဉ်အတွင်း အပျိုတော် ငယ်လေးများနှင့် ပြဿနာဖြစ်လာ၏။ အရှင်နှစ်ပါး၏ အခြေအနေကား အာ ဏာလက်ရှိ မဟုတ်သဖြင့် ပြောင်းလဲ သွားခဲ့ပေပြီ။ နန်းကျဘဝသို့ ပြောင်းလဲ သွားသည့် အခြေအနေကို မဒရပ်သို့ လိုက်ပါလာသည့် ကျွန်တော်ရင်းများ က နားလည်သဘောပေါက်ကြရုံမက ကောင်းစွာ အခွင့်ကောင်းယူကြ၊ အသုံး

> အပျိုတော်ငယ်
> တစ်စုကို
> သံတော်ဆင့်
> ပန်းတဦးဝန်က
> ဆံကိုခွဲ
> လဲအောင်ထောင်း၍
> ဆုံးမသည့်အမှု
> ထပ်မံဖြစ်ပွားခဲ့ပြန်သည်
> ဤအကြိမ်တွင်မူ
> ထိုသို့ဆုံးမခြင်းသည်
> အကြောင်းမဲ့သက်သက်
> ဖြစ်ရုံသာမက
> သီပေါမင်းက
> စေခိုင်းအမိန့်
> ပေးချက်လည်း
> မရှိဟု
> ဆိုပါသည်

ချကြသည်ဟု ဆိုရပေမည်။

ထို့ကြောင့် အပျိုတော်ငယ်လေး များသည် ရေးကကဲ့သို့ ပြားပြားဝပ် ရို သွတ်ကိုင်းရှိုင်း ကျိုးနွံခြင်း မရှိတော့ဘဲ ကလန်ကဆန် ပြုမူနေထိုင်လာကြ သည်။ လွတ်လွတ်လပ်လပ် နေထိုင် ပြောဆိုကြခြင်း၊ ကျယ်လောင်စွာ ရယ် မောကြခြင်း၊ ဆူညံဟစ်အော် ပြောဆိုကြ ခြင်းများ ပြုကြသည်။ ထိုထက် ရုံဖန် ရံခါ သီပေါမင်းအနီးအပါး ကြားသာ မြင်သာသည့်နေရာများမှပင် မဆင် မခြင် ရန့်ရင်းကြမ်းတမ်း မဖွယ်မရာ သောစကားများ သုံးနှုန်းပြောဆိုကြ သဖြင့် မင်းမိဖုရားတို့မှာ များစွာမခံချိ မခံသာ စိတ်ဆင်းရဲခြင်း ဖြစ်ကြရသည် ဟု ဆိုပါသည်။ ဤတွင် အရှင်နှင့် ကျွန် တို့၏ဆက်ဆံရေးမှာ ပို၍မပြေမလည် ဖြစ်လာခဲ့လေသည်။

ထိုသို့ မပြေမလည်ဖြစ်ပေါ်လာ... များကို နန်းကျဘုရင်နှင့် မိဖုရားတို့အ... လိုက်ပါစောင့်ကြပ်နေရသည့် အရာရှိ... ကျေအေးအောင် ဖျန်ဖြေစီစဉ်ပေးရ... ၏။ သို့သော် အလွန်ထက်မြက် ခ... ထန်လှသည့် မိဖုရားခေါင်ကြီး၏ စိတ်... ကျေနပ်မှုရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ...

မိဖုရားခေါင်ကြီးသည် ထိုသို့ မ... နာသည့် အပျိုတော်လေးများကို လုံး... မဆက်ဆံ၊ မိမိထံ မခစားစေဘဲ ဝိုင်း... ပယ်ထားတော်မူသည်။ သူ၏ စိတ်တိုင်း... ကျ ရေးမူမပျက် ကျိုးနွံသူ အပျိုတော်... ငါးဦးကိုသာ ခစားစေသည်။ အသုံးပြု... တော်မူလေသည်။ ဆုလာဘ်ပေးကမ်း... ချီးမြှင့်တော်မူလေသည်။ ဤတွင် ဝိုင်း... ပယ်ခံရသည့် အပျိုတော်များက ပို၍... မကျေမချမ်းဖြစ်ကာ ဆူဆူပွက်ပွက် ရှိ... လာကြပြန်သည်။

အဖြစ်အပျက်မှာ စင်စစ်သော် ကြီး... ကျယ်လှသည် မဟုတ်ပေ။ သို့ရာတွင် နန်းကျဘုရင်နှင့် မိဖုရားတို့အတွက် အလွန်... မခံချိစရာ ဖြစ်ပေမည်။ သုံးလတာမျှ... ကာလအတွင်းဝယ် မိမိတို့သည် ရေမြေ... ရှင် သက်ဦးဆံပိုင် ဘုရင်မင်းမြတ် ဖြစ်ခဲ့... ခြင်းကို လွယ်လင့်တကူ မေ့ပျောက်နိုင်... ကြရန် ခဲယဉ်းလှပေမည်။ မိမိတို့ ကျ... ရောက်ရပ်တည်နေရသည့် ဘဝအမှန်ကို... ဆင်ခြင်သုံးသပ်နိုင်ကြဦးမည် မဟုတ်... ပေ။ ထို့ကြောင့် အပျိုတော်ငယ်တို့၏... မကျိုးနွံမှု၊ အာခံမှု၊ ပြောင်းလဲလာမှုကို... လုံးဝသည်းမခံနိုင်၊ လျစ်လျူမရှုနိုင်... ရှိကြပေမည်။

အပျိုတော်ငယ်တို့ကား ပြောင်းလဲ... မှုကို သဘောပေါက်နားလည်၍ ရေးက... ကဲ့သို့ ပြားပြားဝပ်ဝပ်မရှိကြ၊ ရေးကကဲ့... သို့ အသက်ဆံဖျားထားကာ ကြောက်ရွံ့... ခြင်းမျိုး ကင်းလာကြသည်။ ထိုသို့... အပြုအမူပြောင်းလဲလာအောင်၊ သတ္တိ... ရှိလာအောင်၊ လူမတတ်သော်လည်း... လက်ဖက်ထုပ်တတ်သည် ဆိုသကဲ့သို့... သွေးထိုးမြှောက်ပင့် သွန်သင်နည်းပြသူ... များလည်းရှိမည်ဟု တွေးထင်နိုင်စရာ... ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းမတ်လအတွင်းမှာပင် အပျိုတော်ယပ်တစ်စုကို သံတော်ဆင့် ပန်းဦးဝန်က ဆံကိုဆွဲ လဲအောင်ထောင်း၍ ဆုံးမသည့်အမှု ထပ်မံဖြစ်ပွားခဲ့ပြန်သည်။ ဤအကြိမ်တွင်မူ ထိုသို့ဆုံးမခြင်းသည် အကြောင်းမဲ့သက်သက် ဖြစ်၍ သာမက သီပေါမင်းက စေခိုင်းအမိန့်ပေးချက်လည်း မရှိဟု ဆိုပါသည်။ သို့ရှိ၍ ဆုံးမခံရသည့်အပျိုတော် ၇ ယောက်သည် ထိန်းကွပ်မရအောင် မကျေမနပ်ဆူဆူပွက်ပွက်ဖြစ်ကြလျက် မြန်မာပြည်သို့ ပြန်ပို့ရန် တောင်းဆိုကြလေတော့သည်။ နောက်ဆုံး၌ ယင်းအပျိုတော် ၇ ဦးကို မြန်မာပြည်သို့ ပြန်ပို့ခွင့် ပြုလိုက်ရလေသည်။

အပျိုတော် ၇ ယောက်တို့သည် မြန်မာပြည်သို့ပြန်ရန် အက်(စ်)အက်(စ်)အေရှ သင်္ဘောပေါ်သို့ ရောက်ပြီးမှ မိမိတို့၏အမှားကို နောင်တရ၍ သည်းထန်စွာ ငိုကြွေးကြသည်။ အရှင်နှစ်ပါးထံ ပြန်ပို့ရန် တောင်းပန်ကြသည်ဟု ဆိုပါသည်။ သို့သော် အခါနှောင်းခဲ့လေပြီဖြစ်၍ အက်(စ်)အက်(စ်)အေရှ သင်္ဘောခေါ်ဆောင်ရာ ရန်ကုန်မြို့သို့ပင် လိုက်ပါခဲ့ကြရလေတော့သည်။

နန်းကျမင်း၊ မိဖုရားတို့နှင့်အတူ အိန္ဒိယသို့ လိုက်ပါခဲ့သည့် အပျိုတော်ယပ် ၇ ဦးကား ရတနာဂီရိသို့ မရွှေ့ပြောင်းရမီ မဒရပ်၌ ခေတ္တနေထိုင်စဉ်အတွင်း မြန်မာပြည်မှ ထွက်ခွာ၍ လေးသန်းမျှ အကြာတွင်ပင် ရေးကကဲ့သို့ ကျိုးမနွံတော့သည့် ပြဿနာပေါ်ကာ မြန်မာပြည်သို့ ပြန်ခဲ့ကြပေသည်။ ထိုသူများမှာ…

| | |
|---|---|
| မိလ္လာ | အသက် ၁၅ နှစ် |
| သောရီ | အသက် ၁၅နှစ် |
| တိမ်ပြာ | အသက် ၁၅နှစ် |
| ဝသန် | အသက် ၁၄နှစ် |

(ခင်မှာ ပြည်မြို့မှ ဦးအောင်သန်းဖြစ်သည်ဟု တွေ့ရသည်)

| | |
|---|---|
| နန်းပေါ | အသက် ၁၅နှစ် |
| မင်းလွင် | အသက် ၁၇နှစ် |
| ဟေမန် | အသက် ၁၃နှစ် |

> ပါတော်မူစဉ်က
> အရှင်နှစ်ပါးနှင့်အတူ
> ပါသွားသည့်
> အပျိုတော်
> ငယ်များမှာလည်း
> ၈ ယောက်ပင်ဖြစ်၏
> သို့ရာတွင်
> အမည်များ
> လွဲနေပါသည်
> ပါတော်မူစဉ်က
> ပါသွားသော
> အပျိုတော်
> ၈ ယောက်မှာ
> ဝသန်၊ ခါန္တေ၊ တိမ်ပြာ၊
> မိလ္လာ၊ ဇေဠာ၊ သောရီ၊
> နန်းပေါ်၊ နန်းထူး
> ဟူ၍ဖြစ်သည်

တို့ ဖြစ်ကြသည်။

ထူးခြားသည့်အချက်မှာ ထိုသူများအထဲမှ သုံးယောက်သည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။ ထို့ထက် မိလ္လာသည် 'မေရီ'ဟူသည့် အမည်ကိုလည်းကောင်း၊ သောရီသည် 'အီဗလင်'ဟူသည့် အမည်ကိုလည်းကောင်း၊ တိမ်ပြာသည် 'ဩဂုတ်စတာ' ဟူသည့် အမည်ကိုလည်းကောင်း ခံယူထားသည်ဟု တွေ့ရခြင်းပင်ဖြစ်သည်။

မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် နန်းပေါ၊ မင်းလွင်နှင့် ဟေမန်တို့သည် မန္တလေးမြို့ရှိ မင်းသား၊ မင်းသမီးကြီးအချို့တို့ထံ ခိုဝင်၍ ဆက်လက်နေထိုင်ကြသည်ဟု ဆိုပါသည်။

မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် ထိုအပျိုတော် ၇ ဦးကို ဗြိတိသျှအစိုးရက ထောက်ပံ့ကြေးပေးထားလေသည်။ ထောက်ပံ့ကြေးမှာ ၁၈၈၆ ခုမေလမှစ၍ တစ်လလျှင် ၁၀ ကျပ်စီဖြစ်ပြီးလျှင် အိမ်ထောင်ပြုသည်ထိဟူသည့် ကန့်သတ်ချက် ပါရှိလေသည်။

ယင်းအပျိုတော်တို့၏ ထောက်ပံ့ကြေးထုတ်ယူရာဌာနကို ထောက်ရှု၍ ပြောရသော် အပျိုတော် ဝသန်နှင့် ဟေမန်တို့သည် မဒရပ်မှ ပြန်ရောက်ပြီးနောက် မန္တလေးမြို့တွင် ဆက်လက်နေထိုင်ကြသည်။ နန်းပေါ၊ မိလ္လာနှင့် မင်းလွင်တို့သည် ရန်ကုန်မြို့၌ နေထိုင်ကြ၍ သောရီနှင့် တိမ်ပြာတို့သည် မော်လမြိုင်မြို့တွင် နေထိုင်ကြကြောင်း တွေ့ရသည်။ ထိုသို့နေထိုင်ခဲ့ကြသည်မှာ မိမိတို့သဘောဆန္ဒအလျောက်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် ဗြိတိသျှအစိုးရတို့က ပို့ထားရာတွင် နေထိုင်ကြရခြင်းလည်း ဖြစ်နိုင်ပေသည်။

အထက်ပါအတိုင်း ဖတ်ရှုရပြီးနောက် မဒရပ်ပါ အပျိုတော်များအကြောင်းကို စာဖတ်သူများ သဘောပေါက်နားလည်၍ ရှင်းသွားလောက်ပါပြီ။ သို့သော် တကယ်အဖြစ်အပျက်၊ စာရေးသူ၏ အိပ်မက်နှင့် အန်တီစု (ထိပ်စုဘုရားကြီး)တို့၏ အပြောမှ ကွဲလွဲမှုများကို ဆန်းစစ်ကြည့်ရပေမည်။

စာရေးသူ၏ အိပ်မက်ထဲတွင် ကောင်းကင်တမန်နတ်သမီး ၈ ယောက်ဖြစ်နေသည်။ ပါတော်မူစဉ်က အရှင်နှစ်ပါးနှင့်အတူ ပါသွားသည့် အပျိုတော်ငယ်များမှာလည်း ၈ ယောက်ပင်ဖြစ်၏။ သို့ရာတွင် အမည်များ လွဲနေပါသည်။ ပါတော်မူစဉ်က ပါသွားသော အပျိုတော် ၈ ယောက်မှာ ဝသန်၊ ခါန္တေ၊ တိမ်ပြာ၊ မိလ္လာ၊ ဇေဠာ၊ သောရီ၊ နန်းပေါ၊ နန်းထူး ဟူ၍ဖြစ်သည်။ ဒေါ်ကြန်၏ 'မဒရပ်ပါအပျိုတော်များစာရင်း' တွင် အပျိုတော် (၇)ဦးသာရှိပြီး မိလ္လာ၊ သောရီ၊ တိမ်ပြာ၊ ဝသန်၊ နန်းပေါ၊ မင်းလွင်နှင့်ဟေမန်ဟူ၍ ဖြစ်နေပါသည်။

တစ်ထပ်တည်းကျသော အမည်များမှာ မိလ္လာ၊ သောရီ၊ တိမ်ပြာ၊ ဝသန်နှင့် နန်းပေါဟူ၍ (၅)ယောက်သာဖြစ်

www.burmeseclassic.com

သည်။ လွဲနေသည့် အမည်များမှာ ခါနွေ၊ ဇေဌာ၊ မင်းလွင်၊ ဟေမန်နှင့် နန်းထူးဟူသည့် (၅)ယောက်ဖြစ်၏။ ပါတော်မူစဉ်က ပါသွားသော အပျိုတော်စာရင်းမှ ခါနွေ၊ ဇေဌာ၊ နန်းထူးဟူသော အပျိုတော်သုံးယောက် အမည်မှာ ဒေါကြန်၏ မဒရပ်ပါအပျိုတော်စာရင်းတွင် မပါသကဲ့သို့၊ ဒေါကြန်၏ မဒရပ်ပါ အပျိုတော်များစာရင်းမှ မင်းလွင်နှင့် ဟေမန်ဟူသည့် အမည်နှင့် အပျိုတော်များသည်လည်း ပါတော်မူစဉ်က ပါသွားသည့် စာရင်းတွင် မပါဝင်သည်ကို တွေ့ရပါသည်။

မည်သို့ပင် အမည်များ လွဲနေစေကာမူ နှစ်ပေါင်း ၁၂၈ နှစ်အတွင်းဖြစ်၍ မှတ်တမ်းမှတ်ရာ ကွဲလွဲမှုအရ အမည်များ ကွဲလွဲခြင်းဖြစ်မည်ဟု ယူဆနိုင်ပါသည်။ သို့ရာတွင် ထိုမဒရပ်ပါ အပျိုတော် ၇ ယောက် သို့မဟုတ် ၈ ယောက်တို့အနက် မိလ္လာ(ခေါ်)မေရီ၊ သောရီ(ခေါ်)အိဗလင်၊ တိမ်ပြာ(ခေါ်)ဩဂတ်စတာတို့ သုံးယောက်သာ ခရစ်ယာန်ဘာသာဝင်များဖြစ်သည်။ စာရေးသူ အိပ်မက်ထဲတွင်မူ ကောင်းကင်တမန် နတ်သမီးများသည် ၈ ယောက်ဖြစ်နေသည်။ မဒရပ်ပါ အပျိုတော်များသည် ရတနာဂီရိသို့လည်း မရောက်ကြချေ။ မဒရပ်မှပင် မြန်မာပြည်သို့ ပြန်လာခဲ့ကြရသည်။ မန္တလေးမြို့၊ ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့တို့တွင် နေထိုင်ကြရကြောင်း သိရပြီး၊ ထိုမြို့များတွင်ပင် ကွယ်လွန်ကြပေမည်။ ရတနာဂီရိတွင် တစ်ယောက်မျှ မကွယ်လွန်ပါ။ သို့သော် စာရေးသူ၏ အိပ်မက်ထဲတွင် ရတနာဂီရိစံအိမ်တော်ကြီးရှေ့၌ စာရေးသူအား လှည့်ပတ်ကနေကြသည့် ကောင်းကင်တမန်နတ်သမီးများမှာ ၈ ယောက် ဖြစ်နေပါသည်။

သို့ဖြစ်၍ စာရေးသူ၏ အိပ်မက်သည် ထူးခြားသည့် အိပ်မက်မျှသာဖြစ်ပြီး အန်တီစု(ထိပ်စုဘုရားကြီး)၏အမြင်သည် သူ့အတွေးအခေါ်မျှသာဖြစ်သည်ဟုဆိုနိုင်ပါသည်။ ဆောင်းတွင်းအိပ်မက် ကယောက်ကယက်ဟုလည်း ပြော၍ရသည်။ သို့သော် ဤသို့သော အိပ်မက်မျိုး တစ်ခါမှ မမက်ဖူးသကဲ့သို့၊ တိုက်တိုက်ဆိုင်ဆိုင် ရတနာဂီရိ... မသွားမီည မွန်ဘိုင်းတွင် အိပ်မက်... ခြင်းဖြစ်သည်။ မက်သည်ကလည်း... တစ်ညတည်း နှစ်ခါဆက်၍ မက်... ဖြစ်ပါသည်။ သံသရာကို ယုံကြည်သော... ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေ... ဘဝသံသရာ၏ ဆန်းကြယ်မှုများ... ကား ယုံကြည်လက်ခံပါသည်။ ■

မောင်သန်းဆွေ၊ထားဝယ်


<u>ကိုးကားချက်</u>

(၁) ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (တတိယတွဲ)

(၂) Burma Foreign Proceedings 1886-1890.

(၃) W. S. Desai: Deposed. King Thibaw of Burma in India, 1885-1916

(၄) ဒေါကြန် မဒရပ်ပါအပျိုတော်များ ဆောင်းပါး

(၅) မောင်သန်းဆွေ(ထားဝယ်)- ရတနာဂီရိခရီးသည် ဆောင်းပါး အလင်းတန်းဂျာနယ်၏



Dictionary for All

သာလွန်

အင်္ဂလိပ် - မြန်မာ

အဘိဓာန်

THALUN
Bookstore
Yangon

သာလွန်စာအုပ်တိုက်

ခ၆၉၊ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၄၁...

၅၂၅၊ ကုန်သည်လမ်းနှင့်၃၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၀၃၈၊၃၈၂၂...

၁၆၅/၂ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်၄၅လမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၉...၂၈

www.burmeseclassic.com

www.burmeseclassic.com

မူးဝေ၊ မောပန်း၊ ဇက်ကြောတက်၊ နောက်ကြောထိုး၊ နာမွှန်ခြင်းများဖြစ်လို့
စိတ်ညစ်နေပါသလား

စိန်ဟသ်ာဆေးတိုက်မှထုတ်လုပ်သော

# ရန်ပုံခွင်း

# ရှူဆေး

ကိုဆောင်ထားပါ။




ဖြန့်ချိရေး - ဦးမြင့်ဆွေ၏သား ကိုအေးထွန်းဆေးဆိုင်
**(C/264)**မြေအောက်ထပ်၊ သိမ်ကြီးဈေး **(D)** ရုံ၊ ဖုန်း ၀၉ ၅၁၇၀၁၆၂

လေထိုးလေအောင့်ခြင်း၊ ဗိုက်နာခြင်း၊ ချောင်းဆိုးရင်ကျပ်သလိပ်ကပ်ခြင်းများကို
ရှောက်ရည်(သို့)သံပရာရည်နှင့်သောက်ပါ။
အစာမကြေ ရင်ပြည့်ရင်ကယ်ဖြစ်ပါက အချိန်မရွေး ရေနွေးနှင့်သောက်ပါ။
ခေါင်းချာ၊ ဝမ်းချုပ်ခြင်း၊ အကြောတက်ညောင်းညာသူများ ညအိပ်ရာဝင်တိုင်း ရေနှင့်သောက်ပါ။

# ရန်ပုံခွင်း

# အစာအိမ်လေနိုင်ဆေး

ပင်ရင်း
အမှတ်-၁၄၂၊ ၄-လွှာ၊ ၂၆လမ်း၊ ပန်းဘဲတန်းမြို့နယ်
ရန်ကုန်။ ဖုန်း-၇၃၀၁၃၆၀၄၇၊ ၇၃၀၄၈၇၆၁




www.burmeseclassic.com

www.burmeseclassic.com



# ဓာတ်ပုံ

**မောနီ၊ ဆောင်လုံးပြန်၊**

ဘုန်းတော်ကြီးကျောင်းဝင်းကြီးမှာ
အတော်ကျယ်ပြန့်သည်။
ရွာစည်းရိုးအစပ်မှ
ဘောလုံးကွင်းတစ်ကွင်းစာ
အကွာလောက်တွင်
ကျောင်းတိုက်ကိုတည်ဆောက်
ထားသည်။ ထို့ပြင်
ဆွမ်းစားဆောင်က သီးသန့်၊
ကုဋီအိမ်သို့သွားသည့်လမ်းမှာလည်း
ကျောင်းတိုက်၏ ညာဘက်ခြမ်းမှ
သွယ်ထွက်သွားပြီး
ဓာတ်တိုင်နှစ်တိုင်စာအကွာ
အဝေးတွင် အုတ်တိုက်ဖြင့်
တည်ဆောက်ထားသည်။
ကျောင်းအတွက် သောက်သုံးရေ
ကန်ကြီးသည်ပင် ဘယ်ဘက်ခြမ်း၌
တခမ်းတနား ရှိနေသည်။
ကျွန်တော် ကင်မရာ ဒေါက်ခုံကို
အနောက်သို့ဆုတ်ခဲ့သည်။
သို့တိုင် မြင်ကွင်းထဲသို့
ကျောင်းပုံရိပ်အပြည့်အစုံ
ဝင်ဖို့မလွယ်သေး။
ကျောင်းတိုက်တစ်ခုတည်းကို
သီးသန့်ရိုက်ရမည်။ ဘေးရှုခင်းများကို



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

သီးသန့်ရိုက်ရမည်။ ကျောင်း အဝင်မှ မုခ်ဦးကို သီးသန့်ရိုက် ရမည်။

ကျွန်တော် အကြံထုတ် နေချိန်မှာပင် ဆရာတော်သည် ကျွန်တော့်ထံသို့ ကြွလှမ်းလာ ပါသည်။

'ရေနွေးလေး ဘာလေး သောက်ပါဦး၊ ဖြည်းဖြည်း ပေါ့'

ဆရာတော်က မိန့်ကြား လာပါသည်။ မျက်နှာပြည့် ပြည့်၊ အသားအရေဝါဝင်း စို ပြည်လှသဖြင့် ရှမ်းအနွယ်ဟု ကျွန်တော် ထင်မိသည်။

'အရဏ်တက်ချိန်လေး မိချင်လို့ပါ ဘုရား'

ကျွန် တော့် စ ကား ကြောင့် ဆရာတော်ကကျောင်း ကိုလှမ်း၍အကဲခတ်ပါသည်။ ထို့နောက် ခေါင်းညိတ်ပြရင်း ကျောင်းပေါ်လာခဲ့ပါဦးဟု မိန့် ကြားကာ ပြန်လည်ထွက်ခွာ သွားတော့သည်။

ကျွန်တော် မြင်ကွင်းကို ချိန်ဆရင်း အရုဏ်ဦး နေ ရောင်ခြည် တစ်စတစ်စထိုး ထွက်လာသည်ကို ချိန်နေသည်။ လောကသည် အဖြူထည် လင်းလျက်ရှိနေပြီ။ သို့ရာ တွင် မြူနှင်းတို့ပိတ်ဆီးနေ သောကြောင့်ကောင်းစွာမရှင်း လင်းသေး။ ဘောင်းဘီအိတ် ထဲမှ စီးကရက်ကိုထုတ်ကာ ပတ်ဝန်းကျင် ကို ထပ်မံ အကဲခတ်နေမိသည်။ ခွေး တစ်အုပ်သည် ကျောင်းတိုက် အောက်ထပ်မှ စီတန်း၍ ထွက်လာကြတော့သည်။ ကျွန်တော့်မြင်ကွင်းကို ဒုက္ခ ပေးမည့်ခွေးများသာတည်း။ သို့သော် တစ်ကောင်ကစ၍ ဆော့ကစားကိုက်ခဲလိုက်ရာမှ

ဓာတ်ပုံမှာ
ခေတ်ပေါင်း
လက်ရာမို့
ခေးသားတို့က
စွဲစွဲခိုင်ခိုင်
ရှိလှသည်
ကိုမောင်ကြည်
တပ်ထဲဝင်ခါစက
ရိုက်ထားသည့်ပုံ
ဖြစ်လိမ့်မည်
ငယ်ရွယ်
နုပျိုသော
စစ်သားပျို၏
ဟန်တို့က
ထင်ဟပ်နေဆဲပင်
ကျောဘက်၌
အမေနှင့်
ချစ်ညီလေးသို့ဟု
ရေးထားသေးသည်

သင်းတို့တစ်အုပ်လုံး ပြေးပြေး လွှားလွှားဖြင့် ကွက်လပ်ထဲ သို့ရောက်သွားကြတော့သည်။

ကျွန်တော် စီးကရက်ခဲ ရင်း အရုဏ်တက်လာသည့် မြင်ကွင်းပသာဒကို ငေးကာ လက်ထဲမှ စီးကရက်ကိုပစ်ချ လိုက်သည်။ ကျောင်းတိုက် ကြီး၏ အပေါ်ထပ်တွင် တပ် ဆင်ထားသော စုလစ်မွမ်းချွန် များဆီသို့ အရုဏ်ဦး ရောင် ခြည်တော်စ၍ ဦးခိုက်လေပြီ။

'အဖေ၊ အဖေ မပြေးနဲ့ ...မပြေးနဲ့ ပြန်လာခဲ့'

ကျွန်တော် ခလုတ်ဆွဲ ရန် ပြင်နေဆဲမှာပင် ကျောင်း တိုက်အောက်ထပ်မှ အသံနှင့် တကွ လူနှစ်ဦးပေါ်လာသည်။ ရှေ့မှ လူသည် ဘောင်းဘီတို ပွပွကြီးဝတ်လျက် ပါးစပ်ကို ပိတ်ကာ ပြေးထွက်လာသည်။ နောက်မှ လိုက်လာသူက မိန်း ကလေးတစ်ဦးပင်။ အဖေဟု တစာစာအော်ကာ နောက်မှ လိုက်နေသည်။ သူပြေးလာ သည်က ကျွန်တော့်ထံသို့ ပင်။ ကျွန်တော် ကင်မရာ ရော၊ ဒေါက်တိုင်ကိုပါ ကာ ကွယ်ရန် ရှေ့သို့ထွက်ရပ်မိပါ သည်။

'အဖေ၊ အဖေ ဆရာ တော် ခေါ်နေတယ်၊ မပြေးနဲ့'

အ ခြေ အ နေ မ ၂ ၁ မကောင်း။ ပြေးလာသူ၏ ပုံ ပန်းသဏ္ဌာန်မှာ ကျွန်တော့်ကို ရန်မူမည့်ဟန်မျိုးပင်။ သူ့ကို ကြည့်နေရင်း ကျွန်တော် ကင်မရာရော ဒေါက်ကိုပါ ဆွဲ ကိုင်ရင်းနောက်ဆုတ်နေမိသည်။ ထိုလူက ကျွန်တော့်အနားသို့ ကပ်လာပြီး စူးစိုက်ကာ ကြည့်နေသည်။ သူ့ပုံမှာ မူမှန် လူတစ်ဦးကဲ့သို့မဟုတ်။ ပါး စပ်ကို လက်နှစ်ဖက်ဖြင့်ပိတ် ထားသည်။ ခေါင်းတုံးဆံပင် ဖြင့် ပုပုတိုတို၊ အသက်လေး ဆယ်ဝန်းကျင်ခန့်ဖြစ်သည်။ ဝတ်ထားသော စွပ်ကျယ်မှာ စစ်စွပ်ကျယ်ချိုင်းပြတ်ဖြစ် သည်။

'အဖေ၊ ဆရာတော်ရိုက် မယ်နော်၊ လာပါ လာပါ''

'ဟိတ်' ဆိုသော အော် သံကြီးမှာ ကျောင်းတိုက်အပေါ် ထပ်မှ ဟိန်း၍ထွက်လာပါ သည်။ ထိုအသံကြောင့်ပင် ကျွန်တော့်ရှေ့မှ ပါးစပ်အစုံကို လက်နှစ်ဖက်ဖြင့် ပိတ်ထား သည့် လူထူးဆန်းကြီး တုံ့ခနဲ

ဖြစ်သွားသည်။ ဆရာတော်
အသံပေးလိုက်ခြင်းပင်။
အုပ်စုသည်လည်း အ
တကော ဟောင်လာကြ
သည်။ ကလေးမသည်
ဖြစ်သူကိုဆွဲခေါ်ရင်း ကျော
ခွေးများကို ဟောက်လိုက်
သည်။

ထိုလူသည် ပြူးပြ
ကြောင်နေသော မျက်လုံးမ
ဖြင့် ကင်မရာကိုကြည့်ရ
လိုက်ပါသွားတော့သည်
ကျွန်တော် ဘာလုပ်ရမှ
မသိ။ တစ်သက်နှင့် တ
ကိုယ် ဤသို့ ဖြစ်ရပ်ဆန်း
မကြုံဖူးသည်မို့ ကယော
ချောက်ချားဖြစ်နေလျက်ပ

ကလေးမသည် နော
မှ လိုက်လာသော ကိုရင်
နှစ်ပါးလက်ထဲသို့ သူ့ဖ
ကိုလွှဲပေးပြီး ကျွန်တော့်ထံ
ခပ်သွက်သွက်လျှောက်လာ
သည်။ ကလေးမအသက်
နှစ်ဆယ်မျှပင်ရှိဦးမည်မထ
အညာဖြစ် ဖျင်ကြမ်းအင်္ကျီ
ဝတ်ထားပြီး ကျောင်းစိမ်း
လုံချည်အဟောင်းလေးဖြ
သူ့မျက်နှာမှာ အားနာစိုးရွံ့
ရှာသည်။ ကျွန်တော်လည်း
ကင်မရာကို မတည်လိုတော့
ဆရာတော်က ပြတင်းပေါ
မှ လက်ယပ်ခေါ်နေပါတော့
သည်။

❑

ခွက်ထိုးခွက်လှန်ရ
နေသော ကိုဝင်းဌေးကို ကြ
ရင်း ကျွန်တော် မရိုတော့
ကျွန်တော်တို့အုပ်စု အောက်
ထွက်ရန် တိုင်ပင်စဉ်က
ဝင်းဌေးက အဆွယ်ကောင်း
ကြောင့် ပျော်ဘွယ်မြို့နယ်
ချဉ်ယားကုန်းကျေးရွာ
သို့ ရောက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုဝင်းဌေးက သူ့ဆေးခန်းကို ...၍လာခဲ့သလို လမ်းခရီး ...တစ်လျှောက် ဒေသန္တရ ...စေသည့် အကြောင်းအရာ ...စုံကို ရှင်းပြလာခဲ့သူပင်။ ...ရပ်ရွာဖြစ်သော ချဉ်ယား ...န်းကျေးရွာလေးမှာ အိမ် ...ခြေ ရှစ်ဆယ်မျှသာ။ သို့ရာ ...တွင် ရွာပတ်ဝန်းကျင်၏ ...ဆောင်းဦးပေါက် အလှကို ...င်မရာသမားများဖြစ်သော ...ကျွန်တော်တို့အတွက် မရောက် ...လျှင် ရှုးလောက်စေအောင် ...ညွှန်းခဲ့သည်။ ရွာအနောက် ...ကတ်တွင် ရှမ်းရိုးမတောင် ...တန်း၊ သောက်သုံးရေကန်၊ ...ခင်းများ၏ ဆောင်းအလှ ...တို့ကို တသသ ညွှန်းဆိုခဲ့ ...သည်။ ကျွန်တော် သဘော ...ကျစရာအချက်မှာ တစ်ခု ...သည်းသာ။ ရွာဦးဘုန်းတော် ...ကြီး ကျောင်း အမှတ်တရ ...ကွဲဒိန် ထုတ်လိမ့်ဦးမည်ဟူ ...သောအချက်ပင်။

'ခင်ဗျား တွေ့ခဲ့တာ ...စစ်ပြန်ကြီး ကိုမောင်ကြည်ဗျ၊ ...ဟားဟား တကယ့်လူနဲ့မှ ...သွားတိုးတာကိုး၊ တော်တော် ...အေးတဲ့လူပါဗျာ၊ ခင်ဗျားနဲ့ ...ကျမှ…'

ကိုဝင်းဌေးက စကား ...ဆက်။ သူ့အစ်မကြီးဖြစ် ...သည့် ရွာခံအဒေါ်ကြီးက ...အယ်အယ်နှင့် အုံ့အားသင့် ...နေဆဲပင်။ အဒေါ်ကြီးက ...ဝင်၍ ထောက်ခံပါသည်။

'အယ် အဟုတ်လား ...တော်၊ မောင်ကြည်က သိပ် ...အေးတာရယ်၊ ဘယ်သူနဲ့မှ ...စကားပြောတာမဟုတ်ဘူးရယ်၊ ...ရွာကလည်း ဟုတ်ဘူးရယ်၊ ...ဆရာတော် မြို့က ခေါ်လာ ...တာ…။ အယ်… အယ်'

အဒေါ်ကြီးက အံ့သြ ကုန်နိုင်ဖွယ် မရှိသေး။ ကျွန်တော် ကင်မရာနှင့် ဒေါက်တိုင်ကိုပွေ့ကာ စော စောစီးစီး တပ်ဆုတ်လာချိန် တွင် ကိုဝင်းဌေးမှာ မနိုးသေး။ ကျန်ကင်မရာသမားဖြစ်သူ ကိုးစိုးရွှေက ရိုးမတောင်တန်း ၏ နံနက်ခင်းရှုခင်းအတွက် ထွက်သွားလေပြီ။ ကိုဝင်း ဌေးသည် ထုံးတမ်းစဉ်လာ အတိုင်း ရွာခံများအား တစ်ည လုံး အခမဲ့ဆေးကုသစစ်ဆေး ပေးခဲ့သဖြင့် စောစောစီးစီး မထနိုင်ခဲ့။

'အရင်တစ်ခေါက်က ကျွန်တော် ကြည့်ပေးခဲ့သေး တယ်။ ဘာမှထွေထွေထူးထူး တော့မတွေ့ပါဘူးဗျာ။ ကျန်း မာရေးက အကုန်ကောင်း တယ်။ အေးဗျ သူ့ပါးစပ်ကို လက်နှစ်ဖက်နဲ့ အမြဲအုပ်အုပ် ထားတာ တစ်ခုပဲ။ ဘာမှ တော့ အန္တရာယ်မပေးဘူး'

ကျွန်တော်က ခေါင်းခါ နေမိသည်။

'ခင်ဗျားနဲ့ အရင်က ဆုံဖူးလား'

'ကြုံကြုံဖန်ဖန်ဗျာ'

ကျွန်တော်က အဖြေပေး တော့ ကိုဝင်းဌေး ရယ်ပြန် သည်။ ကျွန်တော် ကင်မရာ ကို ဘက်ထရီထုတ်၊ Zoom ကို ပြန်ဖြုတ်ပြီး စနစ်တကျ သိမ်းဆည်းနေချိန်မှာပင် ခြံဝင်းထဲဝင်လာသော ကိုစိုး ရွှေနှင့် ရွာခံနှစ်ဦးကို တွေ့ရ သည်။ ကိုဝင်းဌေးကအကွက် ကောင်းရထားသူတစ်ဦးနှယ် မျက်နှာထားဝင်းပသွား သည်။

ကျွန်တော် တား၍ လည်းရမည် မဟုတ်တော့။ မိတ်ဆွေရင်းတို့၏ သဘော သဘာဝပေကိုး။ ကျွန်တော် ချောက်ကျပုံကို ကိုဝင်းဌေး မပြောလျှင် ဘယ်အရာကို ပြောပါမည်နည်း။

ကျွန်တော်သည် ကိုဝင်း ဌေး၏သားကောင်ဖြစ်ရလေ ပြီ။ သူပြောသမျှ ကိုစိုးရွှေက ကောင်းတယ်၊ ကောင်းတယ် ဟု ခေါင်းကိုညိတ်ကာ ညိတ် ကာ၊ မျက်လုံးကို ပြူးကာ ပြူးကာ ထောမနာပေးနေ သည်။ ထို့အတူ ကိုဝင်းဌေး ၏အစ်မကြီးမှာလည်း တအယ်အယ်နှင့် ဝင်၍ပြော ဆိုပြပြန်တော့သည်။ ကိုယ် သားကောင်ဖြစ်ရသော စကားဝိုင်းမျိုးကို ကြာကြာ နားမခံသာသည့်အဆုံး ကိုစိုး ရွှေရိုက်ချက်များကို ယူကြည့် နေမိသည်။ သူတို့လည်း အရှိန်ကျသွားလေပြီ။

'ငှက်တစ်မျိုးတွေ့ တယ်ဗျ'

ကိုစိုးရွှေက ငှက်ဝါ သနာကြီးသူမို့ ကျွန်တော် ယူကြည့်နေသော သူ့ကင်မရာ ကို ဆွဲယူရင်း ရိုက်ထားသည့် ငှက်ပုံကို ရှာပြသည်။ ကိုဝင်း ဌေးက အဖြေပေးမည့်တရား သူကြီးနှယ် ကင်မရာ မြင် ကွင်းကို ဂရုတစိုက် ကြည့် နေသည်။ ကျွန်တော်လည်း ရေချိုးရန် ထွက်လာခဲ့ပါတော့ သည်။

ပါးစပ်ကို လက်နှစ်ဖက် ဖြင့်ပိတ်လျက် စူးစူးစိုက်စိုက် ကြည့်နေသော စစ်ပြန်ကြီးကို တွေးမိတော့ ကျွန်တော်ချမ်း စိမ့်စိမ့်ဖြစ်သွားမိပါသည်။

❑

ကျွန်တော်နှင့် ကိုဝင်း ဌေးတို့ တပ်မတော်မှတ်တမ်း ရုံးကားဂိတ်အနီးမှ လက်ဖက် ရည်ဆိုင်တွင် ထိုင်နေမိသည်။ ကြားခဲ့ရသော သတင်းအရ ကျွန်တော်တို့ စစ်ပြန်ကြီး၏ ဇာတ်ကြောင်းမှာ ဘာမှရေရေ ရာရာမရှိလှ။ သူ့ဆရာဖြစ်သူ ဗိုလ်ကြီးသိန်းအေး ပြောပြ ချက်အရ စစ်ဆင်ရေးတစ်ခု တွင် ပါဝင်ခဲ့ချိန်မှစပြီး ကျန်းမာရေး ချို့ယွင်းလာ သည်ဟု သိရသည်။ နောက် ပိုင်းတွင် တပ်ပြေးအဖြစ် သတ်မှတ်ခံရသည်။ တပ်မှ လိုက်လံရှာဖွေချိန်တွင် မိဘ ရပ်ရွာ၌ ရှာဖွေတွေ့ရှိခဲ့ပြီး ထိုအချိန်မှစ၍ ယခုလို အခြေအနေသို့ ဆိုက်ရောက် သွားခဲ့ကြောင်း သိရတော့ သည်။

ကျွန်တော်တို့ ချဉ်ယား ကုန်းရွာမှ ပြန်လာပြီးသည့် နောက်ပိုင်း စစ်ပြန်ကြီး၏ အခြေအနေမှာ ဆိုးဝါးလာခဲ့ ကြောင်းသိရသည်။ မြင်မြင် သမျှ ရန်ပြုချင်လာသည်။ ထမင်းလည်း မစားတော့။ ခွေးများကို ရန်ရှာလာသည်။ ထို့ကြောင့် ဆရာတော်က ကိုဝင်းဌေးထံသို့ အကြောင်း ကြားကာ ရန်ကုန်တွင် ကုသလိုကြောင်း မိန့်ကြား လာပါသည်။ ကိုဝင်းဌေးက စိတ်ကျန်းမာရေးဆေးရုံနှင့် ဆက်သွယ်ပြီး စစ်ပြန်ကြီးကို ခေါ်လာခဲ့သည်။

ခက်နေသည်ကား လူ နာ၏ နောက်ကြောင်းဖြစ်ရပ် များကို သိဖို့ပင်။ သို့မှသာ ကုသရလွယ်ကူမည်ဟု အဖြေ ထွက်လာခဲ့သည်ကော။ ကို ဝင်းဌေးမှာ ဆရာတော် စိတ် ချမ်းမြေ့စေရန် စစ်ပြန်ကြီး၏ နောက်ကြောင်း ရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com

အရေးကို လေ့လာရလေပြီ။ ကျွန်တော်လည်း ကိုဝင်းဌေး ခေါ်သဖြင့် လိုက်ခဲ့ရခြင်းပင်။

'အရပ်ထဲက ပြောစကားကတော့ သူ့မိန်းမက ပိုသိမှာဗျ။ ရှမ်းပြည်နယ်ဘက်ကလို့ပြောတာပဲ။ သူ့ရွာကိုပြန်သွားတာ လုံးဝမပြန်လာတော့ဘူး။ ကလေးမလေး ဆယ့်သုံးနှစ်လောက်မှာ ထွက်သွားတာ။ ပြောကြတာပေါ့ဗျာ။ သူ့မိန်းမပဲ ပြုစားသလိုလို'

ကျွန်တော် ဘာမှမဆွေးနွေးနိုင်သေး။

'ကလေးမလေးက အဲဒီတုန်းက မော်ဘီမှာ နေတာတဲ့၊ စစ်ပြန်ကြီးက ဇာတိက သိမ်တောင်က၊ အမေတော့ ဆုံးသွားတာ တစ်နှစ်ကျော်လောက်ရှိပြီ၊ ညီတစ်ယောက်က ဘုန်းကြီး ဝတ်နေတယ်။ အဖေလည်း မရှိတော့ဘူး'

'အခု ကလေးမလေးရော'

'ချဉ်ယားကုန်းမှာ ထားခဲ့ရတာပေါ့။ သူ့မေးတော့လဲ ဘာမှရေရေရာရာ မသိဘူး၊ စဖြစ်တုန်းက ရန်ကုန်ကပြန်လာချိန်မှာ ဖြစ်တာတဲ့၊ အဲဒီတုန်းက ရွှေဝါရောင်ဖြစ်သေးတယ်လေ'

ကိုဝင်းဌေး လေသံမှာ တစ်မျိုး။

ကျွန်တော်က ထိုအဆုံးသတ်လေသံကြောင့် သူ့ကို ငေးကြည့်မိသည်။ စောစောကလည်း ဆရာဖြစ်ခဲ့ဖူးသူ ဗိုလ်ကြီးသိန်းအေးက ရန်ကုန်အကြောင်းကို သိပ်မပြောသွားခဲ့ချေ။

'သူက ဘာလဲဗျ'

ကျွန်တော်က တည့်တည့်ပင်မေးမိသည်။

> အဲဒီနေ့က
> သူ့အစ်ကိုကြီးကို
> အင်တာနက်မှာ
> တွေ့လိုက်လို့
> ဆိုပြီး
> ဘုန်းကြီး
> တားနေတဲ့
> ကြားက
> မြို့ထဲကို
> ထွက်သွားတယ်
> ရုတ်ရုတ်
> ဖြစ်တုန်းကိုး
> ညနေကျတော့
> သက်ဆိုင်ရာက
> ဘုန်းကြီးကို
> လာမေးတော့တာပဲ
> ရှင်သုဝဏ္ဏကို
> သိလားတဲ့

ကိုဝင်းဌေးက သိပ်မဖြေချင်။ သို့ရာတွင် ကျွန်တော့်ကိုလည်း လျှို့ဝှက်မထားဝံ့သဖြင့် ခပ်တိုတိုဖြေသည်။

'သူက လက်ဖြောင့်တပ်သားဗျ၊ လက်ရွေးစင်ထဲမှာပါတယ်။ ဆုတွေရထားတာလည်း မနည်းဘူး'

'ဘာလဲ၊ ရွှေဝါရောင်မှာ ပါခဲ့တာလား'

ကိုဝင်းဌေးက ပခုံးတွန့်ပြသည်။ ကျွန်တော် အတော်လေးချဉ်သွားမိပါသည်။ ဒီကိစ္စမျိုးတွင် ဝင်မပါချင်တော့။ ဒီလိုလူမျိုး ရူးရုံမက လို့လဲပင်သေသေဟု ကျွန်တော် အတွေးဝင်လာသည်။

'ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ဆရာတော်ရှိသေးတယ်လေ'

ကိုဝင်းဌေးက လေသံဖော့ကာ ဆက်ပြောပါသည်။

'သူက ခင်ဗျားကိုတွေ့တော့ ရန်ရှာချင်တာ တခြားတော့မဖြစ်နိုင်ဘူး၊ ကင်မရာကို ဘာထင်သွားမှန်းမှ မသိတာ'

'ဆရာဝန်က ပြောတာလား'

ကျွန်တော်က စိတ်ကျန်းမာရေးဆရာဝန်ကို ရည်စူးမေးလိုက်ခြင်းပင်။ ကိုဝင်းဌေးက ဆက်ပြောသည်။

'ဆေးရုံရောက်တော့ အဖြစ်အပျက်ကို ကျွန်တော် ရှင်းပြတယ်။ ဆရာဝန်က သူ့ရှေ့မှာ ကင်မရာကို ဒေါက်နဲ့တွဲပြတော့ ခင်ဗျားကြုံခဲ့သလို ထဖြစ်တာပဲဗျ၊ အဲဒါကြောင့်ပြောတာ'

'သူ့ညီ ဘုန်းကြီးဆိုတာကော'

ကိုဝင်းဌေးက ခေါင်းခါနေသည်။ ပြီးတော့မှ သူ့ရွာက လူတွေတော့ သိချင်သိမှာဟု ရှင်းပြပါသည်။ သိပ်ရေရာလှသည်လည်း မဟုတ်။ သိရပြန်လျှင်လည်း စစ်ပြန်ကြီးရောဂါနှင့် ပတ်သက်၍ သိပ်သက်ဆိုင်လှသည် မဟုတ်သောကြောင့် ကိုဝင်းဌေးက ဖယ်ထားလိုက်သည်။

'ကလေးမလေးက သနားပါတယ်ဗျာ၊ အမေကလည်း ပြန်မလာ၊ အဖေကလည်း…'

ကျွန်တော် ဆက်၍ မပြောနိုင်။ လောကလူမှ [illegible] ရာများကို ကိုယ့်အရေးမှ [illegible] ၍ ကြာကြာခေါင်းထဲထ [illegible] ရခြင်း အလေ့အထမရှိ [illegible] သော ကျွန်တော်တို့အဖို့ ကြာကြာ မတွေးချင်တော့။

ကိုဝင်းဌေးက စီး [illegible] ရက်ကို ထိုးခြေပြီး စား [illegible] ထရန်ပြင်တော့သည်။ သူ [illegible] တော့ ကျွန်တော့်ထက် ပို [illegible] ထဲထဲဝင်ဝင် တွေးရမည် [illegible] ကိုး။ ကျွန်တော့်လို ခေါ [illegible] ထဲက ထုတ်ပစ်၍မဖြစ်။

ကျွန်တော်တို့ ကား [illegible] ကင်မှ ကားထွက်လာချိန်တွင် ကားရှိရာသို့ အပြေးတစ်ပိုင်း ရောက်လာသော လူတစ်ဦး ကို တွေ့ရသဖြင့် ကိုဝင်းဌေး က အရှိန်လျှော့လိုက်သည်။ လွယ်အိတ်ကို စလွယ်သိုင်း လျက် အရိုးအရပ်မြင့်မြင့် [illegible] သက္ကလတ်ဦးထုပ်ကို ဆောင်း ထားသော အသက်ငါးဆယ် ကျော် လူတစ်ဦးက ကား [illegible] တားနေသည်။ သူ့လက်ထဲမှာ စာအုပ်တချို့ကို ပွေ့ထား သည်။ စစ်ဘောင်းဘီဝတ် ထားသော်ငြား အပေါ် အင်္ကျီ ကစွပ်ကျယ်အဖြူတွင် အား ကစားအသင်းတံဆိပ်လို [illegible] ရိုက်နှိပ်ထားသည်။

'ခဏလေးပါဗျာ၊ ခဏ လေးပါ'

ထိုလူက ကားနံဘေး တွင်ရပ်ကာ အော်နေသည်။ ကြည့်ရသည်မှာ စာအုပ်လိုက် ရောင်းနေသည့် စစ်ပြန်ကြီး တစ်ဦးလိုပင်။

ကိုဝင်းဌေးက ကားမှန် ကို ချလိုက်ပါသည်။

'မောင်ကြည်ကော [illegible] ဟင်၊ မောင်ကြည်ကော'

ကိုဝင်းဌေးက



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ဘက်သို့ မကြည့်ဘဲ ထိုလူကို မေးခွန်းပြန်ထုတ်လိုက်ပါသည်။

'ခင်ဗျားက…'

'ကျွန်တော် မောင်ကြည့် သူငယ်ချင်းပါ၊ တွေ့ချင်လို့ပါ'

ကိုဝင်းဌေးက ကားကို ဆက်မမောင်းတော့၊ ခဏလေးဗျာဟု ထိုလူကို ပြောလိုက်သည်။ ကားကို ပါကင်ပြန်ထိုးသည်။ ကျွန်တော်လည်း ဆင်းရပါတော့သည်။

ထိုလူက လက်ဖက်ရည်ဆိုင်ကို ဝေ့ဝဲကြည့်နေသည်။ ကိုဝင်းဌေးက စကားပြောရအောင်ဟု ဖိတ်ခေါ်ကာ ဆိုင်ထဲသို့ ပြန်ဝင်လာပါတော့သည်။

❑

'ဗိုလ်ကြီးသိန်းအေး ပြောလို့ ကျွန်တော် ချက်ချင်းလိုက်လာတာ၊ မောင်ကြည်နဲ့ တွေ့ချင်တယ်ဗျာ။ ဆေးရုံမှာ ကျွန်တော် တွေ့ချင်လို့ပါဗျာ၊ သူ့ကျေးဇူးတွေ ကျွန်တော့်မှာ ရှိတယ်၊ သူ့ သမီးကောဗျာ'

'ရှိပါတယ်၊ ပျော်ဘွယ်ရှိတယ်၊ ဒါထက်ခင်ဗျား က…'

'ကျွန်တော်က မောင်ကြည်နဲ့ တစ်တပ်တည်း စစ်ထဝင်တုန်းကလည်း အတူပဲ၊ နောက်မှ ကျွန်တော်က ဗမာကိုရောက်သွားတာ၊ ပင်စင်ယူတာတော့ သုံးနှစ်ရှိပြီ။ မောင်ကြည့်သတင်းကိုကြားတယ်၊ သူမိန်းမသွားတောင်းတော့ ကျွန်တော်ပါတယ်။ သူ့မိန်းမနဲ့လည်း ခင်ပါတယ်။ ကျွန်တော်က ရုံးဘက်ကို ပြောင်းသွားတာလေ'

ထိုလူ နာမည်ကို မပြောနိုင်သေး။ အတိတ်ကို အစချီကာ ကပေါက်တိကပေါက်ချာ ဇာတ်စုံခင်းနေတော့သည်။ ကိုဝင်းဌေးက လူရေးလူရာ၌ ကျွန်တော့်ထက် ပါးနပ်သူဖြစ်၍ ထိုလူပြောသမျှ အသာလေး စောင့်စားနားထောင်နေတော့သည်။

ထိုလူက စစ်သားဟောင်းပီပီ နောက်ကြောင်းပြန်ပြောပြနေသည်။ ရှမ်းပြည်နယ်မှ တိုက်ပွဲများအကြောင်း၊ မောင်ကြည် အလွန်လက်ဖြောင့်ကြောင်း၊ ကြက်ခိုးချက်ကြသည့်အကြောင်း၊ ရှမ်းစကားမတတ်၍ ဈေးထဲ၌ ကမောက်ကမ ဖြစ်ရကြောင်း၊ သူ အကျိတ်ခွဲစဉ်က မောင်ကြည် သွေးလှူပေးသည့်အကြောင်း၊ မင်္ဂလာဆောင်စဉ်က မောင်ကြည် အုန်းပွဲငှက်ပျောပွဲကြီးဖြင့် ချော်လဲသည့်အကြောင်း၊ သူနှင့်မောင်ကြည်တို့ ဗရုတ်ကျခဲ့သည့်အကြောင်းများ။… …အကြောင်းများ။

စီးကရက်များလည်း ကုန်ခဲ့ပြီ။ စကားဝိုင်း၌ ကျွန်တော်က သီးသန့်ဖြစ်နေသည်။ ကိုဝင်းဌေးနှင့် ထိုလူမှာတော့ လေကြောသင့်ကြလေပြီ။ ကျွန်တော်တို့ စစ်ပြန်ကြီး ကိုမောင်ကြည်မှာ ကား နှယ်နှယ်ရရ မဟုတ်ပါကလား။ လက်ဖြောင့်သည့်နေရာတွင် ဆုတံဆိပ်ပေါင်းများစွာ အောင်ပွဲခံခဲ့သူပင်။ ကြည်း၊ ရေ၊ လေ ပြိုင်ပွဲများတွင် တပ်၏ဂုဏ်ကို ဆောင်နိုင်သော ဈေးမလက်ဖြောင့် တပ်သားကြီးဟု ဥဒါန်းတွင်ခဲ့သည်ကိုး။

'ဒါထက် သူ့ညီဘုန်းကြီးဆိုတာကော'

'ဩော် သာကေတ ရှခင်းသာနားက မင်္ဂလာမြိုင်ကျောင်းမှာထင်တယ်။ မဆုံတော့မဆုံဖူးဘူးဗျ၊ ကျွန်တော် မောင်ကြည်နဲ့ တွေ့ချင်တယ်ဗျာ'

'ဒီလိုလုပ်လေ၊ ခင်ဗျား အခုအားလား၊ ဒါနဲ့ခင်ဗျား နာမည်ပြောပါဦး၊ ကျွန်တော်က ဝင်းဌေးပါ၊ ဒေါက်တာဝင်းဌေး။ သူက ကိုဇော်ဝင်းတဲ့ ကင်မရာမင်းလေ'

ထိုလူက မတ်တတ်ရပ်ကာ လက်ဆွဲနှုတ်ဆက်ပါသည်။ ကျွန်တော်တို့လည်း သူနည်းတူ မတ်တတ်ရပ်ရတော့သည်။ စကားပုံတစ်ခုက ကျွန်တော့်ခေါင်းထဲဝင်လာသည်။ စစ်ထွက်၊ ဘုန်းကြီးထွက်၊ ဇာတ်သမားလူထွက်တို့ လူမှုရေးရာ မသိကြဆိုသည်မှာ မမှန်ပါချေ။

'ကျွန်တော် လှဦးပါ၊ တပ်ထွက်ပေါ့ဗျာ၊ စာအုပ်လေး ဘာလေးရောင်းတယ်။ စာလည်း သိပ်ဖတ်ပါတယ်'

'ကောင်းပါတယ်ဗျာ၊ စာဖတ်တော့ ကောင်းတာပေါ့'

ကိုဝင်းဌေးက အလိုက်အထိုက်ပင်။ ကျွန်တော်လည်း ဟုတ်တာပေါ့ဟု သံယောင်ပြောရတော့သည်။ တကယ်တော့ တပ်မတော်သားများ စာဖတ်သည်ကို ရည်စူးသည်တော့ မဟုတ်။ ပြောရိုးပြောစဉ်မျှသာဖြစ်ပါသည်။

'ဒီလိုလုပ်ဗျာ၊ ရော့'

ကိုဝင်းဌေးက လိပ်စာကတ်လေးကိုထုတ်ပေးသည်။

'ညနေ သုံးနာရီ လောက်လာခဲ့ဗျာ၊ ခင်ဗျားကို ကိုမောင်ကြည့်ဆီ လိုက်ပို့မယ်၊ သူ့ဆရာဝန်ကလည်း ခင်ဗျားနဲ့ တွေ့ချင်မှာပဲ'

'ကောင်းတာပေါ့ဗျာ၊ ကောင်းတာပေါ့၊ မောင်ကြည်က လူကောင်းပါ ဆရာရယ်၊ ကျွန်တော် ကျိန်ပြောဝံ့ပါတယ်ဗျာ'

ကျွန်တော်တို့၏ ဒုတိယ အကြိမ်လက်ဖက်ရည်ပွဲသည် အောင်မြင်စွာ ပြီးမြောက်ခဲ့ပါပြီ။

'ဟော့လူ၊ ညနေကျရင် လိုက်ခဲ့ဗျာ'

ကိုဝင်းဌေးထံမှ အမိန့်သံဆန်ဆန် စကားထွက်ပေါ်လာပါပကော။ သူက စစ်သားများနှင့်တွေ့ရမှ ဘာလေသံ ပေါက်သွားသည် မသိ။ ကျွန်တော်လည်း မငြင်းဝံ့ပါချေ။

❑

ကျွန်တော်သည် သချိုင်းလက်မှတ်ဟုသော သေဆုံးသူ၏ ကိုယ်ရေးအချက်အလက်အကျဉ်းချုပ် ပါဝင်သည့် စာရွက်လေးကို ဖတ်ကြည့်နေမိသည်။ ကိုမောင်ကြည်မှာ ကျွန်တော့်ထက် ၂ နှစ်သာကြီးသည့် အသက် လေးဆယ့်သုံးနှစ်အရွယ်၊ သေဆုံးရသည့်ရောဂါ အမည်က အစာအိမ်ရောဂါဟု ညွှန်းဆိုထားသည်။ သူ့ဈာပနမှာ ဘာမှ မခမ်းနား၊ ကိုဝင်းဌေး၊ ကျွန်တော်၊ ကိုလှဦးတို့ သုံးဦးသားဖြင့် နာရေးအသင်းမှ တာဝန်ရှိသူနှစ်ဦးတို့ လိုက်

www.burmeseclassic.com

ပါသဂြိုဟ်လိုက်ကြခြင်းဖြင့် ဆုံးခန်းတိုင်ခဲ့လေပြီ။ ပင်စင်ကိစ္စအတွက် သန်ချိုင်းလက်မှတ်ကို မိတ္တူယူထားရန် ကိုဝင်းမွေးက အသိပေးသဖြင့် ကျွန်တော် မိတ္တူကူးထားလိုက်ခြင်းဖြစ်သည်။

ရွာပနတွင် ကိုလှဦးသည် ကြိတ်မနိုင် ခဲမရဖြစ်နေရှာသည်။ တောက် အကြိမ်ကြိမ်ခေါက်နေခဲ့သည်။ သို့ရာတွင် ဘာတတ်နိုင်မည်နည်း။

ကိုမောင်ကြည်သည် ဆေးရုံရောက်ပြီး သုံးပတ်အကြာတွင် ကွယ်လွန်သွားခဲ့ရှာသည်။ သမီးဖြစ်သူမှာ ဆရာတော်နှင့် ဒုတိယအပတ်က ရောက်ရှိလာခဲ့ပြီး ရွာသို့ပြန်သွားခဲ့သည်။ အမေ့ကို ရွာဦးမည်ဟု လေသံတိုးတိုးလေး ပြောသွားပါသေးသည်။

ကျွန်တော်တို့အတွက် ဆက်လက်ဆောင်ရွက်ဖွယ်ရာ သိပ်မရှိတော့။ ကိုဝင်းမွေးကတော့ ညီဖြစ်သူ ဘုန်းကြီးကို အကြောင်းကြားမှကောင်းမည်ဟု ဆိုလာသည်။ သူက ဒါမျိုးတွေ သိပ်အလေးထားတတ်သူကိုး။

ကိုလှဦးကတော့ ကျောင်းလိပ်စာပြောပြပြီး ရေဝေးမှ အထွက်မှာပင် မင်္ဂလာဒုံဘက်သို့ သွားဦးမည်ဟုပြောကာ ထွက်ခွာသွားတော့သည်။

ကိုဝင်းမွေးက ဆရာဝန်ပေးလိုက်သော ဓါတ်ပုံလေးကို ကျွန်တော့်ဘက်သို့ ကမ်းပေးရင်း တွေတွေငေးငေးဖြင့် ကားကိုဆက်မောင်းနေသည်။ ဓါတ်ပုံလေးမှာ ၄ × ၆ လက်မအရွယ်အစားဖြစ်ပြီး စစ်သားတစ်ဦး သေနတ်ကို

ဘယ်သူ
ပစ်လို့
ဘယ်သူ
ပစ်မှန်းတော့
ဘုန်းကြီးလည်း
မသိဘူး
ဒကာကြီးရေ
ရှင်သုဝဏ္ဏ
ပျံလွန်တော်မူ
သွားတာတော့
အမှန်ပဲ

ထောင်လျက်ပွေ့ကိုင်ထားသည့်ပုံ။ သေဆုံးသူကိုမောင်ကြည် ထံမှရသော ပုံတူတစ်ပုံဖြစ်သည်။ ဓာတ်ပုံမှာ ခေတ်ဟောင်း လက်ရာမို့ ဆေးသားတို့က စွဲစွဲခိုင်ခိုင်ရှိ လှသည်။ ကိုမောင်ကြည် တပ်ထဲဝင်ခါစက ရိုက်ထားသည့်ပုံဖြစ်လိမ့်မည်။ ငယ်ရွယ်နုပျိုသော စစ်သားပျို၏ ဟန်တို့က ထင်ဟပ်နေဆဲပင်။ ကျောဘက်၌ အမေနှင့် ချစ်ညီလေးသို့ဟု ရေးထားသေးသည်။

ကိုဝင်းမွေးနှင့် ကျွန်တော်တို့ ရှခင်းသာဆီသို့ ဆိုက်ရောက်လာခဲ့ပါသည်။ ကိုလှဦး ညွှန်းဆိုလိုက်သည့် ဘုန်းကြီးကျောင်းကား မရှိပါချေ။ နာမည်ဆင်တူများ ရှိသော်ငြား မင်္ဂလာမြိုင်စာသင်တိုက်ဟူ၍မရှိ။ ဘုန်းကြီးကျောင်းအုပ်စုမှာ စုစုဝေးဝေးရှိနေသည်။ မင်္ဂလာမြိုင်စာသင်တိုက်သာ မရှိခြင်းပင်။ ခက်တော့နေပြီ၊ လာရှာသည့် ဘုန်းကြီး၏ဘွဲ့အမည်လည်း မသိ။ မြင်ဖူးခြင်းလည်း မရှိလေသည်မို့ မေးဖို့မြန်းဖို့ မလွယ်။ စာသင်တိုက်နာမည်များ၊ ကျောင်းတိုက်နာမည်များက အထင်အရှားမုခ်ဦးတွင်ဖြစ်စေ၊ ဆိုင်းဘုတ်တွင်ဖြစ်စေ ရေးထိုးထားသည်။ မင်္ဂလာမြိုင် စာသင်တိုက်သာ မရှိ။

ကိုဝင်းမွေးသည် သုံးလေးကြိမ် မေးမြန်းပြီးချိန်တွင် လမ်းဘေးတစ်နေရာသို့ အရိပ်ရှာလျက် ကားကို ထိုးရပ်လိုက်သည်။

'ကိုမောင်ကြည်နဲ့ သူ့ညီဘုန်းကြီးက အသက် ၁၅ နှစ်လောက် ကွာတယ်တဲ့။ ဘုန်းကြီးအရွယ်တော့ မဖြစ်နိုင်ဘူး။ ဦးဇင်းအရွယ်ပဲရှိမှာ၊ နေဦးဗျာ'

ကိုဝင်းမွေးသည် စီးကရက်ဘူးကို အိတ်ထဲမှ ထုတ်ကာ ကားဒက်ဘုတ်ရဲ့ပေါ်သို့ ပစ်တင်ပေးသွားသည်။ သဘောကတော့ ကျွန်တော်ကို စောင့်ပေဦးဆိုသည့် အဓိပ္ပာယ်ပင်။ သူက ကားထဲမှထွက်ကာ လမ်းသွယ်ထဲသို့ လျှောက်ဝင်သွားပါသည်။ အချိန်မှာ ဆွမ်းခံပြန်ချိန်ဖြစ်သည်။ ထိုလမ်းသွယ်ထဲမှ ထွက်လာသော ဆွမ်းခံပြန်ကိုရင်လေးများ၊ ဦးဇင်းများကိုတွေ့နေရသည်။ ကျွန်တော် လည်း စီးကရက် မီးညှိ ကားလမ်းမကြီးပေါ်မှ ဖြ သန်းမောင်းနှင်နေကြသ ကွန်တိန်နာကားများ၊ သ ကားကြီးများကို ကြည့်နေ သည်။ ထိုကုန်ကား၊ သ ကားများ ဖြတ်သန်းချိန်တွ လမ်းမှာ သိမ့်သိမ့်တုန်နေ ထို့ပြင်လမ်းသားအနေအထာ မှာ အလယ်ပိုင်းနှစ်ဖက်သ အဆင်ချောသဖြင့် ကားကြီ များက ထိုလမ်းသားကောင် ပေါ်မှ တရွေ့ရွေ့ဖြတ်နေကြ သည်။ ကျန်သောလမ်းသာ မှာ ခယောင်းထနေ၏။ ကျေ တက်လိုသည့် ကားတို့မှာ လမ်းဆိုးမှဆင်း၍ မကျေ ဘဲ နောက်မှ တအိအိလိုက်ေ ကြရသည်။

ကျွန်တော်၏ မြေပထ သုတေသနမှာ မဆုံးလိုက်

'ဟော့လူ တွေ့ပြီဗျ'

ကိုဝင်းမွေးက ကမ် ကတန်းပြေးလာပါသည်။

'ဓာတ်ပုံ၊ ဓာတ်ပုံ ပေ စမ်းပါ'

သူက ကိုမောင်ကြည် ကို အလောတကြီးတောင် ရင်း သူ့နောက်မှ ကြွလှမ်းလာ သော ဆွမ်းခံပြန် ဦးပဉ္ စ နှစ်ပါးကို ကမ်းပေးလိုက်ပ သည်။

အသားဖြူဖြူ၊ ကိုယ်ခ ဖိုင့်ဖိုင့်၊ မျက်နှာတော်ပြည့် ပြည့်ဖြင့် သပိတ်တော်လွယ ထားသည့် ဦးဇင်းက ဓာတ်ပုံ ကိုယူကြည့်ရင်းတိုင်းရင်းသာ သံဝဲဝဲဖြင့် ပြောလာပါသည်။

'ကျောင်းကို သွား လိုက်လေ'

'ကားပေါ်ကြ ဘုရား'



www.burmeseclassic.com

www.burmeseclassic.com

ကိုဝင်းငွေးက ဖိတ်ခေါ်ပါသည်။ ကိုယ်တော်က ငြင်းဆန်ရင်း ကျောင်းနေရာကို လမ်းညွှန်ပါတော့သည်။ ဘာမျှဝေးလှသည်မဟုတ်။ ကားလမ်းမပေါ်မှ လှမ်းမြင်နေရသော လမ်းသွယ်ထဲသို့ ဝင်သွားရုံသာဖြစ်တော့သည်။

ကိုဝင်းငွေးက ကားပေါ်တက်ရင်း ပြောပါသည်။

'ကျောင်းတိုက်က နာမည်ပြောင်းသွားပြီဗျ။ ဒါပေမဲ့ အရင်ကျောင်းက ကိုယ်တော်တွေ ကျန်သေးတယ်တဲ့၊ အခုနကကိုယ်တော်က မင်္ဂလာမြိုင်ကျောင်းတိုက်ထွက်ပဲ။ ကိုမောင်ကြည်ရဲ့ညီ ဦးခင်းကို သိတယ်။ ကိုမောင်ကြည်ပုံကိုလည်း မြင်ဖူးတယ်။ တော်သေးတာပေါ့ဗျာ'

ကိုဝင်းငွေးက စကားအပြောပြောဖြင့် ကားလမ်းဖြတ်ကောင်းရန် နောက်မှကားတန်းကိုငဲ့၍ကြည့်သည်။ ကားရှင်းအောင်စောင့်စားပြီးကာမှ လမ်းတစ်ဖက်သို့မောင်းထွက်လာသည်။ လီမိတက်ကားဆိုမှ ကားမှပစ်ကပ် ကောင်းလွန်းလှသည်။ လမ်းကြောင်းဖက်စလုံးကို အလျင်အမြန်ဖြတ်ရင်း လမ်းသွယ်ထဲသို့ ကိုးဝင်လာခဲ့သည်။

'မသိပါဘူးဗျာ၊ စောစောက ဦးဇင်းတွေ မှတ်လို့'

ကျွန်တော်က စကားဆက်လိုက်သည်။

'ကြည့်ရတာ သိပ်တော့ ပြောချင်ပုံမရဘူးဗျ၊ ကျွန်တော်က ကိုမောင်ကြည် ဆုံးသွားတာကို ပြောပြမှ မင်္ဂလာမြိုင်စာသင်တိုက်ကိစ္စ ပြောပြတာ၊ အရင်က ဒါမျိုးတွေလာလာစစ်လို့တဲ့၊ ခေတ်က ပြောင်းနေလို့ပေါ့ဗျာ၊ ကျွန်တော်တို့ကိုထောက်လှမ်းရေးနဲ့ မှားနေတာ'

သူ့စကားအဆုံးမှာပင် ညွှန်ပြလိုက်သော ကျောင်းတိုက်သို့ ဆိုက်ရောက်လာပါသည်။ ကမ်းနဖူးတွင်မျက်နှာမူ၍ တည်ဆောက်ထားသော နှစ်ထပ်ကျောင်းတိုက်ဖြစ်သည်။ ကျောင်းဝင်းတံခါးမှာ စေ့စေ့စပ်စပ်ပိတ်ထားလျက်ပင်။ ကြည့်ရသည်မှာ စာသင်တိုက်နှင့် မတူ။ ဆွမ်းခံကိုယ်တော်များလည်း အဝင်အထွက် ရှိပုံမရချေ။

ကိုဝင်းငွေးက ကားပေါ်မှဆင်းကာ ကျောင်းတံခါးဝဆီသို့ လျှောက်သွားပါသည်။ ဦးလေးကြီးတစ်ဦးက အထဲမှလှမ်း၍ မေးခွန်းထုတ်ပါသည်။ ကိုဝင်းငွေးက ဆရာတော်နှင့် တွေ့ချင်လို့ပါဟု ခွင့်တောင်းပါသည်။ ဦးလေးကြီးက မေးမြန်းနေသည်။ ကိုဝင်းငွေးက သူ့ကတ်ပြားလေးကို ထုတ်ပေးပြီး ဆရာဝန်ဖြစ်ကြောင်း ပြောပြသည်။ ဦးလေးကြီးက အထဲသို့ ပြန်ဝင်သွားပါတော့သည်။

ကျွန်တော် ကားပေါ်မှ ဆင်းလိုက်သည်။ ကိုဝင်းငွေးအနီးသို့ ကပ်သွားပြီး အထဲသို့ လှမ်း၍အကဲခတ်ကြည့်မိသည်။

'အရေးအခင်းကာလက ဒီကျောင်းတိုက်တွေ အကြမ်းဖက်ခံရတာဗျ၊ ဒါကြောင့် သူစိမ်းဆို သိပ်မရောချင်ကြဘူး'

'ခင်ဗျားက ထောက်လှမ်းရေးပုံမပေါက်ပါဘူးဗျာ'

ကျွန်တော့်စကားကြောင့် ကိုဝင်းငွေးခါးကို ကော့လျက်ဆရာဝန်ပါဗျ၊ ဆရာဝန်ပဲဟု ပြန်သရော်ပါသည်။ ဦးလေးကြီးက တံခါးဆီသို့ ပြန်လျှောက်လာရင်း ကားသွင်းဦးမလားဟု မေးလာသည်။ ကိုဝင်းငွေးက ခေါင်းခါပြသည်။ တစ်ကိုယ်စာဝင်ပေါက်လေးကို ဖွင့်ပေးသဖြင့် ကျွန်တော်တို့ နှစ်ဦးသား ဖိနပ်ချွတ်ရန် ပြင်ကြသည်။

'စီးလို့ရတယ်၊ စီးပါ၊ စီးသွားပါ။ အပေါ်ထပ်မှာ ဆရာတော် ရှိတယ်၊ ငါတူတို့လာ'

ဦးလေးကြီးမှာ စကားမဆက်။ ကိုဝင်းငွေးက ဆေးဝန်ထမ်းကတ်ပြားကို ပြလိုက်ပါသည်။

'စိတ်မရှိပါနဲ့ကွယ်၊ ဟိုတုန်းက ခဏခဏလာ စစ်ကြလွန်းလို့ ဆရာတော် သိပ်စိတ်ရှုပ်ရတာ၊ ဒါကြောင့်ပါ'

ကိုဝင်းငွေးက သူ့အတွေးမှန်သွားသဖြင့် မျက်ခုံးပင့်ပြပါသည်။ အပေါ်ထပ်သို့တက်သည့် လှေကားမှာ ကျောင်းတိုက်၏ညာဘက်တွင် ရှိနေသည်။

❑

ဆရာတော်သည် ဓာတ်ပုံလေးကို ကြည့်ရင်း တုဏှီဘာဝေဖြစ်လျက် ပက်လက်ကုလားထိုင်ပေါ်တွင် ငေးငိုင်နေရှာသည်။ သက်တော် ခုနစ်ဆယ်ကျော်ပြီဟု ဦးလေးကြီးကပြောပြထားသဖြင့် အရွယ်တင်သော ဆရာတော်ကို အာရုံစိုက်၍ကြည့်နေမိသည်။

ဆရာတော်သည် တဖြည်းဖြည်းချင်း ဓာတ်ပုံကို ပွတ်သပ်နေသည်။ ကိုဝင်းငွေးလျှောက်တင်စဉ်က သေသေချာချာ အာရုံစိုက်၍ နားထောင်ပေးခဲ့သော်ငြား ဘာတစ်ခွန်းမှ မိန့်ကြားခြင်းမရှိသေး။ ကိုမောင်ကြည် ကွယ်လွန်သွားပြီဆိုသည်ကို ကြားရချိန်တွင် ခေါင်းကို သာသာညိတ်ပါသည်။ ယခုလည်း ဓာတ်ပုံကိုသာ ပွတ်သပ်၍ ကြည့်နေဆဲပင်။ ကိုဝင်းငွေးမေးမြန်းသည့် ကိုမောင်ကြည်၏ညီ ဘုန်းကြီးကိုမူ အဖြေမပေးသေး။ ထို့နောက် ဓာတ်ပုံလေးကို နံဘေးမှစားပွဲပေါ်သို့ ပြန်ချထားလိုက်သည်။

'အင်း၊ ငါးနှစ်တောင်ပြည့်သွားပြီကော။ အေးလေ ဘုရားဟောခဲ့တာပဲ မည်သူမပြု မိမိမှုတဲ့။ ဘုန်းကြီး ဒါတွေပြီးသွားပြီ ထင်နေတာ၊ အခုမှ တကယ်ပြီးမှန်း သိရတာ။ သံသရာမှာတော့ ဘာတွေဆက်ဖြစ်ကြဦးမလဲ မသိဘူးပေါ့'

'မှန်လှပါဘုရား'

ကိုဝင်းငွေးက အလိုက်သင့်လျှောက်ထားသည်။

'အစကတော့ ဘုန်းကြီး သိပ်ဒေါသဖြစ်တယ်၊ ဒီမှာတောင် သီတင်းမသုံးချင်တော့လို့ နယ်ကိုကြွသွားတာ၊ ဒကာ၊ ဒကာမတွေက ကျောင်းကို နာမည်ပြောင်းပြီး စာသင်တိုက် မလုပ်တော့ဘူး၊ ပြန်သီတင်းသုံးပေးပါလို့ မရမကလျှောက်လို့ ပြန်လာတာ၊ ဘာ့ကြောင့် ဒီလိုဖြစ်ရတာတယ်ဆန်းလှပါလား'

'တင်ပါ့ဘုရား'


www.burmeseclassic.com

www.burmeseclassic.com

'ရှင်သုဝဏ္ဏက ပျံလွန်တော်မူသွားပြီကွဲ့'

'ဗျာ…ဘုရား'

ကိုဝင်းမြွေး အံ့အားသင့်နေသည်။

'ဒကာကြီး တွေ့ချင်တဲ့ ကိုယ်တော်က ဘုန်းကြီးရဲ့ တပည့်ရှင်သုဝဏ္ဏလေ၊ ဒကာကြီးတို့ စစ်သားကြီးရဲ့ညီ အရင်းပေါ့။ ပြောရဦးမယ် အဟမ်း'

ဆရာတော်က အရှိန်ယူလိုက်ပါသည်။ အဟမ်း အဟမ်းဟု ထပ်၍ ချောင်းဟန့်နေသည်။ စကားသီးသွားပုံရသဖြင့် ဦးလေးကြီးက ထွေးခံခွက်ကို မ၍ ကပ်လိုက်ပါသည်။

ဆရာတော်က သူ့စိတ်ကို သူပြန်ထိန်းလိုက်ပုံပင်။ နောက်သို့ အသာပြန်မှီသည်။ ပြီးမှ အားယူကာ ကိုယ်ကိုပြန်ကိုင်းလိုက်ရင်း မိန့်ကြားပါသည်။ လက်ထဲမှ ဓာတ်ပုံကို ပြန်ကိုင်ပြရင်း…။

'အဲဒီနေ့က သူ့အစ်ကိုကြီးကို အင်တာနက်မှာ တွေ့လိုက်လို့ဆိုပြီး ဘုန်းကြီးတားနေတဲ့ကြားက မြို့ထဲကိုထွက်သွားတယ်၊ ရုတ်ရုတ်ဖြစ်တုန်းကိုး၊ ညနေကျတော့ သက်ဆိုင်ရာက ဘုန်းကြီးကို လာမေးတော့တာပဲ ရှင်သုဝဏ္ဏကို သိလားတဲ့။ ဆုံးပြီတဲ့။ နောက်တစ်ပတ်နေတော့ အဲဒီ ဒကာကြီး ရောက်လာတာပဲ။ ဘယ်သူပစ်လို့ ဘယ်သူ ပစ်မှန်းတော့ ဘုန်းကြီးလည်း မသိဘူး ဒကာကြီးရေ ရှင်သုဝဏ္ဏ ပျံလွန်တော်မူသွားတာတော့ အမှန်ပဲ။ သူ့အစ်ကိုရဲ့ဓာတ်ပုံလေးကို ကိုင်ပြီး ပျံလွန်တော်မူသွားတာ၊ အဲဒီဓာတ်ပုံက အခုပြန်တွေ့တာပဲ။ ကြည့်ရတာတော့ သူ့ညီကို သူပြန်ပစ်မိသလားပဲ၊ ဓာတ်ပုံကို သူ့ဆီပြန်ရောက်နေတာမို့ တွေးကြည့်တာပါ။ သူတို့အမေ မမာတုန်းကတော့ ဘုန်းကြီးဆီ အကြောင်းကြားသေးတယ်၊ မသွားဖြစ်ပါဘူး။ သူတို့အမေလည်း ရှင်သုဝဏ္ဏစိတ်နဲ့ ဆုံးသွားတာပဲလေ၊ ဘုန်းကြီးလည်း ဟိုကလာမေး ဒီကလာမေးနဲ့ စာသင်တိုက်ပိတ်လိုက်တာတောင် လာနေတာပဲကိုး။ အခု ကျောင်းတံခါးပိတ်ထားလိုက်တယ်၊ ကဲ ဘာသိချင်သေးလဲ'

'သြော် ကိုမောင်ကြည် ဆရာတော်ဆီ လာသေးတယ် ဆိုတာက…'

'ဒီပုံပဲ၊ ဒီဓာတ်ပုံပဲ သူ့ညီကို သူ့အမေ ပေးလိုက်တဲ့ ပုံလေ။ ပျံလွန်တော်မူသွားတဲ့ ရှင်သုဝဏ္ဏလက်ထဲကနေ သူ့ဆီ ဘယ်လိုရောက်သလဲတော့ သူပဲသိမှာပဲ၊ ဘုန်းကြီးလာမေးတော့ ဟုတ်တ… အဲဒါ ရှင်သုဝဏ္ဏ ယူသွား… ပုံပဲလို့ ပြောလိုက်တယ်၊ … ခါတည်း ချုံးပွဲချ ငိုတော့… ပဲလေ၊ လောက ဆန်းကြ… တယ်ဆိုတာ အဲဒါပဲ… တယ်ကြောက်စရာကော… တဲ့ဘုံလောကပဲကိုး'

ကျွန်တော်သည် ရွာ… စတင် ဆုံစည်းခဲ့စဉ်က … မောင်ကြည်၏ ပုံရိပ်ကို … ပင်မြင်ယောင် နေမိပါ… သည်။ လက်နှစ်ဖက်… ပါးစပ်မှာ ထပ်ကာပိတ်… ကင်မရာကို ရူးရူးစိုက်… ကြည့်နေပုံက မသက်မသာ…

သူ ဘာတွေ သိသွား… သနည်း။

သူ ဘာတွေ ပြောပြ… ပါသနည်း။

သူ၊ သူ ဘာတွေ … ခွင့်မရခဲ့လေသနည်း။ ■

မာန်၊တောင်လုံးပြ…

ရန်ကုန် ဆရာမြင့် (ခ) ဆရာသြဘာ



နက္ခတ္တဗေဒ၊ လက္ခဏာ အထူးကျွမ်းကျင်ပညာရှင်

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ် (၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့

Ph : 09 420034597



www.burmeseclassic.com

www.burmeseclassic.com

# အောင်အောင်

ဆံပင်မိတ်ကပ် အလှပြင်ခန်းမနှင့်
ဆံပင်ညှပ်ဆိုင်သုံး အလှကုန်ပစ္စည်းအမျိုးမျိုး
လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချရေး

အလှပြင်သင်တန်းလည်း ရှိပါသည်



...ကုန် - ၂၅(စီ)၊ ရတနာလမ်း၊ ၁၆/၂ သဃ်န်းကျွန်း၊ ဖုန်း - ၅၆၀၉၁၃၊ ၀၉၅၁၀၇၀၈၈
...လေးပင်ရင်း- အမှတ် ၂၆၊ ၃၀×၇၉ လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၂ ၇၂၄၂၈၊ ၀၉၅၁၃...
...ဆိုင်ခွဲ - အမှတ် ၃၀၁၊ ကျောက်တာလမ်း၊ မြဝတီရပ်၊ မုံရွာမြို့။ ဖုန်း - ၀၉၅၁၅၇၇...

www.burmeseclassic.com

www.burmeseclassic.com

# အရွယ်သုံးပါး

ခြိမ့်သဲ


ပထမအရွယ်
မီမီတင်သည်
ယဉ်စစလေးနှင့်လှသည်။
တမူးမြို့
အထက်တန်းကျောင်းတွင်
မီမီတင်ထက်လှသူတွေ
ရှိကောင်းရှိနိုင်ပါသည်။
သို့ရာတွင်
အိမ်ဝတ်အိမ်စားနှင့်
ကပိုကရိုဟန်လေးကအစ၊
ကျောင်းစိမ်းလုံချည်
အင်္ကျီဖြူလေးနှင့်သိမ်မွေ့
ယဉ်ကျေးဟန်လေးက
အလယ်၊ ပွဲသွားလမ်းသွား
အဝတ်အစားနှင့်
သားနားတင့်တယ်
ဟန်လေးကအဆုံး
ဘယ်အချိန်ကြည့်ကြည့်၊
ဘယ်အခါမြင်မြင်
မီမီတင်၏ယဉ်စစ
အလှကလေးမှာ
ရိုးသွားသည်ဟူ၍မရှိ။
ထို့ကြောင့်လည်း
မီမီတင်ကို
သတ်သတ်မှတ်မှတ်
ရွေးချယ်မထားပေမဲ့
တမူးမြို့
အထက်တန်းကျောင်း၏
Queen အဖြစ်
ကျောင်းသားတိုင်း၏
ရင်ထဲမှာ
သတ်မှတ်ရွေးချယ်
ထားကြသည်။
'မီမီဆယ်တန်းအောင်ရင်
တက္ကသိုလ် ဆက်တက်မယ်
မဟုတ်လား'
မီမီတင်က ငေးငေးလေး
ငိုင်နေသည်။

မိခင်မုဆိုးမ၏
တစ်ဦးတည်းသော
သမီးဖြစ်သူ နေထိုင်ရသူမို့
တက္ကသိုလ်အဆင့်ကို
တက်လှမ်းနိုင်ဖို့ဆိုတာ
မလွယ်လှပါ။
ထိုစဉ်က တက္ကသိုလ်ဆို၍
မန္တလေးနှင့်
ရန်ကုန်တွင်သာရှိပြီး
ကောလိပ်ကျောင်းကလည်း
မြစ်ကြီးနား၊ တောင်ကြီး၊
မကွေး၊ ပုသိမ်နှင့်
မော်လမြိုင်တွင်သာ
ရှိသည်။ မီမီတင်အတွက်
လက်လှမ်းမမီနိုင်သော
နေရာဒေသများသာ
ဖြစ်နေသည်။
'တက်ဖြစ်မယ်
မထင်ပါဘူး၊
ကိုအောင်တို့လို
စိတ်သွားတိုင်း
ကိုယ်ပါနိုင်တဲ့ဘဝမျိုး
မဟုတ်လေတော့'
စိတ်အားငယ်သူလေးကို
သနားစိတ်တွေ
ယိုဖိတ်ကာ ကိုယ်ဖိရင်ဖိ
အားပေးချင်နေမိသည်။
ကျွန်တော်၏
ကရုဏာတရားသည်
ရိုးသားပါရဲ့လားဟု
တွေးမိသည်။
'မင်းသနားတာ
ငါ သိပါတယ်'ဟု



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၀ ဒီဇင်ဘာ ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း ၁၃၃

www.burmeseclassic.com

တစ်ဦးဦးက ရယ်ရွှန်းဖတ်ရွှန်း ပြောခဲ့သော် ရက်စနိုးဖြင့် ခေါင်းငုံ့၍သာ နေရပါလိမ့်မည်။

'တကယ်လို့များ ကိုယ် တက္ကသိုလ်က ဘွဲ့ရတဲ့အချိန်ထိ စောင့်နိုင်မယ်ဆိုရင် ကိုယ့်ရဲ့ အမွန်မြတ်ဆုံး စကားတစ်ခွန်းကို ညွှန်းဖွဲ့ပါရစေလား'

စာရေးဆရာ အောင်လင်း၏ **ချစ်ဦးသူသို့ ပေးစာများ** စာအုပ်တွင် ဖတ်နေကျ ဆိုတော့ ရည်းစားစကားကို စောင်းပါးရိပ်ခြည် ပြောတတ်နေသည်။

'ကိုအောင့်လို ကဗျာတွေ၊ စာတွေ မရေးတတ်တော့ ကိုအောင့်စကားကို ဘယ်လို နားလည်ရမှာတဲ့လဲ'

မျက်နက်ဝန်းလေး ထောင့်ကပ်ကာ ပြုံးစစ ပြောလာသူကို ဘယ်လို မျက်နှာချင်းဆိုင်၍ ရင်တွင်းဖြစ် စကားတစ်ခွန်းကို ဘယ်လို ညွှန်းဆိုရမည်ဟု မသိသား ဆိုးဝါးလှစွာ ရှက်ရွံ့တွန့်ဆုတ်၍သာ နေမိပါတော့သည်။

❑

**ဒုတိယအရွယ်**

တက္ကသိုလ်ကျောင်းပိတ်ရက် ပြန်လာတိုင်း မီမီတင်ကို တွေ့ရသည်တော့ မဟုတ်ပါ။ တောရပ်ကျေးတွင် တောကျောင်းဆရာမလေးဘဝနှင့်ကျင်လည်နေ၍ ဖြစ်သည်။ ကံစီမံရာကံကြမ္မာ၏အလိုအရ ကြုံရသလို ဘဝမှာကျသလို ကျင်လည်ခဲ့ကြရသည်။ ဘွဲ့ရပြီး မြို့ကြီးပြကြီးတွင်သာ ပျော်ရာမှာမနေ တော်ရာမှာ နေရသော ကျွန်တော့်အဖို့ မီမီတင်သာမက ဇာတိမြို့ကလေးနှင့်ပါ

> မီးဝေး၍
> ချိတ်မာသည်ဟု
> ပြောချင်ပြောကြပါစေ
> တက္ကသိုလ်
> အတူတက်ရင်း
> ဘဝချင်းနီးစပ်ခဲ့သော
> ရပ်ဝေးကချစ်သူနှင့်
> ဖူးစာကံကြုံ၍
> ဆုံခဲ့ကြရသည်
> အချစ်ဆိုတာ
> အတိတ်က
> ခံစားမှုကို
> ပစ္စုပ္ပန်တွင်
> ခံယူနိုင်ပြီး
> အနာဂတ်သို့
> ခံစားမှုထပ်တူပြုနိုင်
> မပြုနိုင်
> အကျယ်ဆပွား
> စဉ်းစား၍သာ
> မနေပါခဲ့

ကင်းကွာ၍နေပါသည်။ ကျွန်တော်သည် မြို့ကလေးအတွက် တစ်ခေါက်တစ်ခါ ရောက်ရောက်လာသော ဧည့်သည်ပမာ စိမ်းဆတ်၍ နေပါလိမ့်မည်။

ကျွန်တော်၏ မိခင်ကြီး ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်သဖြင့် ဇာတိမြို့လေးသို့ ရောက်တုန်းရောက်ခိုက် ပထမဆုံးအကြိမ် ကျင်းပသော တမူးမြို့ အထက်တန်းကျောင်း၏ အာစရိယပူဇော်ပွဲကို နွှဲခွင့်ကြုံခဲ့ရပါသည်။ ကျောင်းနေဖက် သူငယ်ချင်းများနှင့် ငယ်ကျိုးငယ်နာတွေပြောရင်း တသောသော ရယ်ကြရသည်။ ဟိုးတစ်ခါက အလွမ်း၊ ဟိုတုန်းခါက ကျမျက်ရည်တို့သည် အခုအခါ ရယ်သွမ်းသွေးစရာများအဖြစ်သို့ ပေါ့ပြက်ပြက်နိုင်လှစွာ ပြောင်းလဲသွားတော့သည်။

'ကိုအောင် ဝလာတယ်နော်'

အထက်တန်းပြဆရာမ ဖြစ်နေသော ဒေါ်မီမီတင်သည် ယဉ်လက်စနှင့် ယဉ်၍မဆုံး။ ဟိုအခါတုန်းက ဖူးငုံပန်းပွင့်သည် အခုတော့မူ လန်းဆန်းပွင့်ဝေလျက်ဖြင့် တွေ့ရသည်။

'လေးဆယ်နား နီးလာတော့ အလှတွေပျက်ပြီး ဘဝတွေဘက် ရောက်လာကြပြီပေါ့၊ မီမီတင်တစ်ယောက်တော့ ဟိုတုန်းကလို လှတုန်းနုတုန်း'

'မိမ့်သူငယ်ချင်းကို မုန့်ကျွေးမှာပါ၊ မြှောက်ပင့်ပြောစရာ မလိုပါဘူးကွယ်'

'တကယ်ပြောတာပါ၊ မီမီကို တွေ့ချင်လွန်းလို့ အသည်းအသန် ရှာဖွေခဲ့ဖူးပါတယ်'

စကားလမ်းကြောင်းလွဲကာ မပြောဖြစ်ခဲ့သော စကားတစ်ခွန်းကို ညွှန်းဖွဲ့၍ဆိုမိသည်။ အသက်ကလေးရလာပေမဲ့ အရှက်သွေးကြွကာ ပါးပြင်လေးတွေ နီမြန်းလာသော ပန်းကလေးလိုလှသည့် မီမီတင်ကို မချင့်မရဲမြင်တွေ့လာရသည်။ ကျွန်တော်ပြောမည့် စကားတစ်ခွန်းကို မီမီတင် အချိန်ကာလတစ်ခုအထိ စောင့်စားကာ နေခဲ့လိမ့်မည်ဟု ကိုယ့်ဘက်ကိုယ်ယက်ကာ တွေးမိသည်။

ဘွဲ့ရပြီး အလုပ်မဝင်ရသေးခင်က ဇာတိရပ်မြေတွင် မီမီတင်၏သတင်းကို နားစွင့်ခဲ့ဖူးသည်။ မီမီတင်တို့သား အမိ ရှမ်းပြည်နယ်ဘက်မှာ လိုလို၊ ကချင်ပြည်နယ်ဘက် မှာလိုလိုနှင့် စေလိုရာစေ ဝန်ထမ်းဘဝဖြင့် ရွက်လွှင့် ချင်တိုင်း လွင့်ကာသာနေလေ သည်။

'ကိုအောင့်အကြောင်း ကိုတော့ ကိုအောင်ရေးတဲ့ ဝတ္ထုတွေဖတ်ရလို့ ဘယ် ရောက်နေတယ်၊ ဘာလုပ်နေ တယ်၊ အိမ်ထောင်ရက်သား ကျသွားတာကအစ သိရပါ တယ်၊ ကလေးဘယ်နှယောက် ရပြီလဲ'

ငယ်ဘဝတွင် လွင့်မျော ချင်တိုင်း လွင့်မျောနေသော စိတ်ကို လက်ရှိဘဝသို့ ရောက်ရှိအောင် မီမီတင်က ဆွဲ ငင်ခေါ်ယူလိုက်သည်။ မီး ဝေး၍ ချိတ်မာသည်ဟု ပြော ချင်ပြောကြပါစေ၊ တက္ကသိုလ် အတူတက်ရင်း ဘဝချင်းနီး စပ်ခဲ့သော ရပ်ဝေးကချစ်သူ နှင့် ဖူးစာကံကြုံ၍ ဆုံခဲ့ကြရ သည်။ အချစ်ဆိုတာ အတိတ် က ခံစားမှုကို ပစ္စုပ္ပန်တွင် ခံယူနိုင်ပြီး အနာဂတ်သို့ ခံစားမှုထပ်တူပြုနိုင်၊ မပြုနိုင် အကျယ်ဆပွား စဉ်းစား၍ သာ မနေပါခဲ့။ မီမီတင်သည် ငယ်ဘဝ ပုံရိပ်များနှင့်အတူ မေးမှိန်ပြယ်လွင့်၍ ပျောက် ဆုံးနေခဲ့သည်မှာ ကြာခဲ့ပါပေ ကောလား။ ကွယ်လျှင်မေ့၍ တွေ့သေအောင်လွမ်းသူဟု ဆိုချင်ဆိုကြပါစေ။

အထက်တန်းပြဆရာမ ဒေါ်မီမီတင်ကို မြင်တွေ့ရ၍ ငယ်ဘဝကို ပြေးမြင်ပြီး ငယ် စဉ်က မပြောဖြစ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

ကောားတစ်ခွန်းကို ကိုယ့်ဘဝ သေး အခြေအနေအရ မပြော သက်စနှင့် မပြောဘဲ နေရပါ တော့သည်။ ပြောခွင့်မကြုံ၍ ဆုံစည်းခွင့်မရနိုင်သော အဖြစ် အပျက်ကိုသာ တအုံနွေးနွေး လွမ်း၍ဆွေးလျက်သာ ရှိပါ တော့သည်။

❑

တတိယအရွယ်

တမူးမြို့၊ မြို့မပရိယတ္တိ သာသနာ့ရိပ်သာ ပဓာနနာယ က ဆရာတော် ဘဒ္ဒန္တမာနိတ သိရီသည် ဘာသာရေး၊ သာ သနာရေး၊ ပညာရေး၊ လူမှု ရေးစသည့် ကိစ္စအဝဝကို နေမနား အားသွန်ခွန်စိုက် ကြိုးပမ်းတော်မူ၍ နိုင်ငံတော် က အဂ္ဂမဟာ သဒ္ဓမ္မဇောတိ ကဓဇ ဘွဲ့ထူးဂုဏ်ထူးကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ဘွဲ့ရဆရာတော် ပူဇော်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံ ရွာမြို့ ရွှေစည်းခုံဘုရားဝန်း အတွင်းရှိ တင်ဝင်းထွန်း ဓမ္မာ ရုံတော်ကြီးတွင် ဗုံချီးဆင်ယင် ကျင်းပခဲ့သည်။

'ဒကာကြီးလည်း ကိုယ့် မြို့၊ ကိုယ့်ဒေသ မရောက်တာ ကြာလှပြီ။ ဘုရားဂေါပက ဥက္ကဋ္ဌ ဒကာကြီးအစ်ကို ဦးတင်အေးကလည်း လိုက် နိုင်ရင် ခေါ်ခဲ့ဖို့ ပြောတယ်၊ ဘုန်းကြီးကားနဲ့ ကြုံတုန်း ကြုံခိုက်လိုက်ခဲ့ပါလား'

ဆရာတော်က ဖိတ်ခေါ် သဖြင့် ရေတတ်တုန်း ရေတွင်း ထဲကျသလိုပျော်ရွှင်ဝမ်းမြောက် မိသည်။ ကျွန်တော်သည် ခေါ်ခင်က လိုက်ချင်နေမိ၍ သွားခင်က ရောက်ချင်နေမိ သည်။ ဆရာတော်၏ မြို့မ ကျောင်း ဗိမာန်သည် အင်မ

> ငယ်ငယ်က
> စွန်းထင်း
> ညစ်ထေးခဲ့တဲ့
> အညစ်အကြေး
> တွေကို
> ဘာဝနာကမ္မဋ္ဌာန်း
> အစွန်းချွတ်ဆေးနဲ့
> လျှော်ဖွပ်သန့်စင်ဖို့
> အချိန်အခါ
> ရောက်နေပြီလေ
> နောင်ဘဝအတွက်
> ရိက္ခာထုပ်ကို
> ထုပ်ပိုးဖို့တောင်
> အချိန်နောက်ကျ
> နေပြီလား
> မပြောတတ်ပါဘူး

တန် ခံ့ညားထည်ဝါလှပေ သည်။ တစ်ခါက သစ်သား ကျောင်းအိုသည် ထိုကျောင်း ဝန်း တစ်နေရာတွင် ရှိခဲ့ဖူး သည်ဟုပြောလျှင် သိမီလိုက် သူမှအပ ယုံချင်သူ ရှိမည် မထင်။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကလည်း ကောင်းစွာ အောင်မြင်နေ သည်။ သာသနိကအဆောက် အဦတွေကတော့ ကျောင်း တွင်းရော ကျောင်းပြင်မှာပါ တင့်တယ်ခြင်းမက တင့်တယ် လှပေသည်။ သာသနာရောင် ဝါလင်းလျက်ပင် ရှိပါတော့ သည်။

'ဆရာတော်နဲ့အတူ ကိုအောင်ပါလာတာလား'

တစ်ခါက မီမီတင်ဟူ သော ယဉ်စစကောင်မလေး ဟူ၍ ပြောမှသိ ကြည့်မှမြင်ရ လောက်အောင် ငယ်ရွယ်ပျို မျစ်ခြင်းတွေ တစ်စမကျန် ပျောက်ဆုံးသွားသည်တော့ မဟုတ်ပါ။ အရေးအကြောင်း တွေ အထင်းသားပေါ်လာ သော မျက်နှာနှင့် ဆံဖြူကျိုး ကျဲ အသားအရေ လျော့တွဲ လာသော်လည်း အရွယ်အို ပေမဲ့ ပျိုသေးသည်ဟု ထင် မြင်နေမိသည်။

'ကိုယ့်မြို့၊ ကိုယ့်ဒေသ မရောက်တာကြာလို့ ဆရာ တော်နဲ့ လိုက်လာတာပါ။ အလုပ်က အငြိမ်းစားယူလိုက် တာလည်း တစ်နှစ်ကျော် လောက်ရှိသွားပြီ။ သားကြီးနဲ့ သားလတ်က အိမ်ထောင်ခွဲ တွေလေ၊ အငယ်မလေးနဲ့ပဲ အေးအေးလူလူနေပါတယ်'

'ကိုအောင့် ဇနီးဆုံး သွားတာ အတော်တောင် ကြာသွားပြီနော်၊ သတင်းတွေ တော့ ကြားနေရပါတယ်'

'ဟုတ်ပါတယ်၊ အခု တော့ ပင်စင်စားအဘိုးအို မုဆိုးဖိုဘဝ ရောက်နေရပါပြီ'

သွက်လက်ခဲ့သော အရွယ်၊ ထက်မြက်ခဲ့သော အရွယ်တို့ကို မရကောင်းသော အရာမို့ ပြန်လည် မတမ်းတ လိုတော့ပါ။ အချစ်တို့ဖြင့် သစ်ခဲ့သောမျက်နှာ၊ အချစ်တို့ ဖြင့် ညစ်ခဲ့သောမျက်နှာ၊ အချစ်တို့ဖြင့် ပစ်ခဲ့သောမျက် နှာ စသည်ဖြင့် အရွယ်သုံး ပါးမှာ မျက်နှာသုံးစား ရှိခဲ့ပါ သည်။ အရွယ်သုံးပါးတွင် မျက်နှာသုံးစားမရှိဘဲ မပြောင်းမလဲ မျက်နှာဖြင့် ရပ် တည်ခဲ့၍ထင်သည်၊ အရွယ် တင်နုပျိုစွာ အိုချိန်တန်လျက် ပျိုဟန်မပျောက်သော အပျို ကြီးတစ်ကိုယ်တည်း ဒေါ်မီမီ တင်သည် ဘုရားဝေယျာဝစ္စ၊ ကျောင်းဝေယျာဝစ္စတို့ကို အမြဲ မပြတ် နိစ္စပတ် ဆောင်ရွက် လျက်ရှိသော ယောဂီစင်စစ် ဖြစ်၍နေလေသည်။

'ငယ်ငယ်က စွန်းထင်း ညစ်ထေးခဲ့တဲ့ အညစ်အကြေး တွေကို ဘာဝနာ ကမ္မဋ္ဌာန်း အစွန်းချွတ်ဆေးနဲ့ လျှော်ဖွပ် သန့်စင်ဖို့ အချိန်အခါ ရောက် နေပြီလေ၊ နောင်ဘဝအတွက် ရိက္ခာထုပ်ကို ထုပ်ပိုးဖို့တောင် အချိန်နောက်ကျနေပြီလား မပြောတတ်ပါဘူး'

ဒေါ်မီမီတင်၏ ဘဝနှင့် အလှကို မြင်တွေ့ရ၍ တတိယအရွယ် ပြတင်းပေါက်မှ ဒုတိယအရွယ်သို့ ပြေးပေါက် မှားသည့်စိတ်ကို သိနေ၍ လား မပြောတတ်ပါ။ ဒေါ်မီမီ တင်၏ စောင်းပါးရိပ်ခြည် အပြောက ကျွန်တော်၏ မစင် ကြယ်သော စိတ်အညစ် အကြေးကို မြင်တွေ့နေရ သောကြောင့် ဖြစ်မည်ထင်ပါ သည်။

'ဒီအချိန်မှာ လာတွေ့ တာ ဘာလုပ်ရမလဲ'ဟု အဆို တော် ကိုင်ဇာလို သီချင်းအော် ဟစ်သီဆိုရမည်လား။ ယခု ဘဝတွင် ရွှေဖူးစာမင်ရည်ကျဲ ၍ လွဲခဲ့ကြသော်လည်း ဘဝ ဆက်ကာ သံသရာဝယ် ချစ် ကြမ္မာကံ ပြန်ဆုံပွဲကို နွဲလိုက် ချင်သေးသည်။

ခြေဘိ-တရားမရတဲ့ များလှသတ္တဝါစာရင်းတွင် ကျွန်တော်သည် ထိပ်ဆုံးက ပါဝင်နေပြီ ထင်မိသည်။

■

ခြိမ့်သဲ



www.burmeseclassic.com

www.burmeseclassic.com

# ဦးဖိုးတို့ ကျပင်း

## ဦးစန္ဒိမ
(စလင်း)



ကျပင်းတရားစာအပါအဝင်
အခြားကျမ်းစာ များစွာကို ရေးသားပြုစုခဲ့တဲ့
အရှင်ဓမ္မရက္ခိတရယ်၊ မန္တလာဆရာတော်ရယ်
'သာသနာ နှစ်ထောင်ကျော် ငဝါတစ်ကောင်ပေါ်'၊
'ငဝါနဲ့ ကင်း၊ စလင်းကျပင် အဖျင်း'ရယ်လို့
တဘောင်စာချိုးပေါ်လာရတဲ့ထိအောင်
စာတတ်ပုဂ္ဂိုလ်ကျော်ဖြစ်ပြီး ပညာတတ်
ရဟန်းသံဃာတွေ အမြောက်အမြား မွေးထုတ်
ပေးခဲ့တဲ့ ဆုတ်လေဦးကျောင်း ဆရာတော်
ဦးဝါယမရယ် ဗုဒ္ဓဝင်ဇာတ်စာ၊ တောလား၊
တေးထပ်၊ ဘိသိက်၊ စာပေဟောများ
အရေးအသားကောင်းလှသလို သဘင်ပညာမှာ
မယှဉ်သာအောင် ရုတ်ခြည်းစပ်ဆိုနိုင်ပြီး
ပြည့်ပြည့်ဝဝရှိတဲ့ ဆရာ ဦးဖိုးတို့လို
အကျော်အမော် ပုဂ္ဂိုလ်မျိုးတွေကို ကျပင်းရွာက
မွေးဖွားပေးလိုက်တာပါ။ ကျပင်းတရားစာကို
ဟိုတုန်းက တက္ကသိုလ်မှာ မဟာဝိဇ္ဇာ
ဂုဏ်ထူးတန်းအပို စာကြည့်အဖြစ်
ပြဋ္ဌာန်းခဲ့ဖူးသလို ရွှေမန်းတင်မောင် ဗုဒ္ဓဝင်
ဇာတ်ထုပ်မှာလည်း ကျပင်းဆရာဖိုးရဲ့ စာတွေက
သက်ဝင်လှုပ်ရှားနေဆဲ ရှိပါသေးတယ်။
ကျပင်းကို ၂၁၁ ခုနှစ်မှာ ပုဂံသီရိပစ္စယာနဲ့
တစ်နှစ်တည်း တည်တယ်လို့ မှတ်သားရဖူးပါ
တယ်။ ကျပင်းဟာ ဟိုတုန်းက အလွန်စည်ကားတဲ့
မြို့တစ်မြို့ ဖြစ်ခဲ့သလို ကြာပင်အင်းတွေနဲ့
ဝန်းရံထားလို့ 'ကြာပင်မြို့'လို့တွင်ရာက ကာလ
ရွေ့လျောခြင်းနဲ့အတူ ကြာပင်ကနေ ယနေ့တော့
မြို့မဟုတ်တော့ဘဲ 'ကျပင်း'လို့
တောင်ရွာမြောက်ရွာ နှစ်ရွာဖြစ်နေလေရဲ့။
ကျပင်းဆိုတာ ရွာအနီး ကြာပင်များစွာရှိတဲ့
အင်းကြီးကို အစွဲပြုပြီး ကြာအင်းလို့
မှည့်ခေါ်ရာက ကာလရွေ့လျောကာ 'ကျပင်း'လို့
တွင်လာခဲ့သလို၊ ရွာအနီးတောထဲမှာ နားပင်းတဲ့
ကျားကြီးတစ်ကောင်ရှိနေတာကို အစွဲပြုပြီး

www.burmeseclassic.com



'ကျားနားပင်း'လို့ တွင်ရာကနေ ကြာလာတော့ ကျားပင်းမှ 'ကျပင်း'လို့ တွင်ရစ်ခဲ့ကြောင်းကိုလည်း ရှေးသူဟောင်းစကား မှတ်သားရဖူးပါတယ်။ ဟိုတုန်းကတော့ 'ကျပင်း'၊ ဖောင်းလင်း၊ ကျောက်စစ်၊ စေတုတ္တရာဆိုတာတွေဟာ စလင်းမြို့ရဲ့ အရံမြို့ လေးမြို့ပါ။ 'ချင်းစစ်တော့ စလင်း၊ မင်းစစ်တော့ ကျပင်း'ဆိုတဲ့ စကားပုံအရ ပျူခေတ်ပျက်စီးသွားတော့ ပျူမင်းမျိုးနွယ် အဆက်များဟာ ကျပင်းကို လာရောက်နေထိုင်ခဲ့ပါသတဲ့။ 'သားချစ်တော့ ကျပင်း၊ သမီးချစ်တော့ စလင်း'ရယ်လို့ ရှေးဘုရင်များဟာ လုပ်သီးကိုင်စာ ဖွံ့ဖွံ့ဖြိုးဖြိုးရှိတဲ့ စလင်းနဲ့ ကျပင်းမြို့များကို မုန့်ဖိုးများများပေးတဲ့အနေနဲ့သားကို ကျပင်း၊ သမီးကို စလင်းအပိုင်စားပေးလေ့ ရှိခဲ့ပါတယ်။ အနုပညာမှာ ပန်းချီပန်းပုဘက်မှာ ဆိုရင်လည်း 'စလင်းပန်းပု၊ စကုပန်းချီ'ဆိုပြီး ပြောစမှတ်တွင်ခဲ့တာကလား။ ကျပင်းဟာ စာပေအနုပညာ ပေါ်ထွန်းတဲ့ မြို့တစ်မြို့ဖြစ်ခဲ့ပြီး ဒီရွာက လူတချို့ဆိုရင် ကျပင်းတရားစာနဲ့ ဆရာဖီးတို့ စာတွေကို ခုချိန်ထိ အာဂုံဆောင်နိုင်ကြတုန်းပါ။ ကျပင်းရောက်လာတဲ့ လူတွေကို လိုလိုလားလား ရိုးသားဖြူစင်စွာနဲ့ သိသလောက် ပြောပြကြ၊ ရွတ်ဆိုပြကြနဲ့ လေ့လာသူများအဖို့ အဆင်ပြေလှပါတယ်။ အစဉ်အလာကြီးမားတဲ့ ဆရာဖီးဟာ လေပြေ၊ စာစု၊ နရီချ၊ တောလား၊ ယာလား၊ ဒီလား၊ ပါတော်မူစာတမ်း၊ တဘောင်စာတမ်း၊ ဇာတ်ထုပ် များနဲ့ ဘိသိက်စာ၊ ဗုဒ္ဓဝင်ဇာတ်စာ အများအပြား ရေးသားနိုင်ခဲ့သူပါ။ ဒီလိုအများအပြားထဲက ရွှေမန်းတင်မောင် ဇာတ်ပြားသွင်းလို့ အောင်မြင်မှုသရဖူဆောင်းသွားနိုင်တဲ့ ဗုဒ္ဓဝင်ဇာတ်တော် ဆိုရင် ဂန္ဓဝင်မှတ်တိုင်ကြီးတစ်ခုပါပဲ။ ဒီမှတ်တိုင်က ဆရာဖီးရဲ့ စာအလင်္ကာ တစ်ဆစ်တစ်ဝကို လှစ်ဟ ရွေးထုတ်ပြရ မယ်ဆိုရင်…။

'ပယင်းသကဲ့၊ နန္ဒင်းမှည့်ကဲ့သို့ ဝင်းလဲ့လဲ့ထိန် နဖီလံမျိုး ပြည်တန်စိုးပါတဲ့ သတိုးရှိန် ခင်လေးဗျ၊ ညှိုးမှိန် မျက်နှာမသက်သာ မမာလို့လား၊ ရက်ဆုံးမမြင် သက်လုံးကြင်မယ့် လင်မယားမို့ အားခပ်နာနာ ကိုယ့်အရှက်သိုဝှက်လို့မထားပါနဲ့ မမ္မာတာအရေး သတိမချို့မသိလို့ မေးပါရစေတော့၊ ရှေးနှင့်မတူ တွေးချင့်ယူ မူယာကျော် ချို့ခြေလက်မသယ် မျက်နှာငယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ဘယ့်နှယ်ကြောင့် ပျို့ရတယ်။ ဆို့တ အန်အန်ကိုယ့်သဏ္ဌာန်ကြို့လှန်လေတက် ချောင်းဟက်ဟက်နှင့် စိတ်လက်နှလုံး မသာကြည်တဲ့ ဒါလီကုန်းမှာ ထုံးအမှု လစဉ်အမှန် မခင်ပန်တဲ့ကျန်ရတုပြည့်လု ချိန်သင့် သန္တာနီမြန်း ရာသီပန်းဟာ ရွှင် လန်းစွာပွင့်ပါသေးစ၊ ဩော်…မင့်အခင်း သွား ချင့်စဉ်းစားတော့ ယောကျ်ားမို့ မသိ ကျုပ်နှမ စံရွှေလှော်မှာ သန္ဓေတော် ခတာ ဘယ်နှစ်လလောက်ရှိပြီတုန်း ကျော့မဟေသီ ကော့ဒေဝီငယ် မအိမသာ အထက်ကိုလေရန်းလို့ ရွှေနှလုံးများမနာ လား၊ ထိုအခါ မေးစက်မပျော်လွန်မူး မော်ချဉ်ပွဲတော်ကြိုက်မှဖြင့် ပိုက်တဲ့ကိုယ် ဝန်ကိုတစ်လဆိုရမယ်တဲ့ ချိုပျားသကာ နှစ်လကြာတော့ ရသာတင်လဲ သွားပင် ကျိတ်လို့မို့ စားချင်စိတ်စွဲတတ်သတဲ့။ မြေပဲအဆိမ့် သုံးလနီးပြန်တော့မြည်းချင် လိမ့်မတဲ့။ စိမ့်စိမ့်အေးမြ ငါးလမှာအဖန်၊ ဟိုခြောက်လရောက်ပြန်တော့ စပ်ငန်အမွှန် ငရုပ်ဟင်း၊ ချင်း၊ ကြက်သွန် လွန်အောင် ငတ်မွတ်၊ ခုနှစ်လမှာတော့ ဝန်ကလည်း ကျွတ်တတ်သတဲ့။ အဝတ်မသိမ်း ခါး တင်လျှောလို့မို့ ရင်ကြောများစိမ်းမှဖြင့် မိန်းမတို့မှတ်ရိုး၊ ရှစ်လရေတစ်ခု သေလု အောင် ချိုးချင်လိမ့်မတဲ့။ ကိုးလမြောက် များ နဖူးဆံစ နားသယ်ကျပြီး ဆယ်လ မှာဖွားပါသတဲ့။ စဉ်းစား၍ကြည့် ငယ် နှမမှာဆယ်လဖြင့် စေ့လောက်ကရော ပေါ့၊ တယ်…မိမိတို့ ရုပ်နာမ်ပျက်သကို' လို့ သုဒ္ဓေါဓနမင်းကြီးက မယ်တော်မာ ယာကို ပဋိသန္ဓေ ဘယ်နှလရှိပြီးလဲ ဆိုတာ မေးတဲ့အခန်းပါ။ ဆရာဖီးက အရေးကောင်းသလို ရွှေမန်းတင်မောင် ကလည်း အာရောလျှာရော ဌာန်ကရိုဏ်း ကျပြီး ပီပီသသ အပြောကောင်းတော့ ကြားရသူတွေမှာ နားထဲက ထွက်တယ် ကို မရှိဘူး။ မျက်စိထဲ မြင်လာအောင်ကို ပဲ ရွှေမန်းတင်မောင်ကလည်း အာဝဇ္ဇန်း ကောင်းလှပေသကိုး။ဆရာဖီးရဲ့ယာ လားမှာလည်း ကွင်းကွင်းကွက်ကွက်၊ ရှင်း ရှင်းသွက်သွက်နဲ့ ဖတ်ရသူတို့ကိုယာခင်း ထဲဆွဲခေါ်ပြီး လက်ညှိုးထိုးပြလိုက်သလို

**အမယ်ကြီးအို ဦးအောင်စိန်ဆိုတာ မင်းသားကြီးပါ ဇာတ်စီးနိုင်သူပေါ့ သူက သူ့သူငယ်ချင်း ဦးဘသော့ရှိတဲ့ ကျပင်းကို ဒုတိယကမ္ဘာစစ်အတွင်းမှာ အကြာကြီး လာရောက်နေထိုင်ရင်း ကောက်စိုက်ရာ ပျိုးနုတ်ရာ၊ ရေခပ်ရာ လယ်ထွန်ရာ ထင်းခွေရာအနှံ့ လိုက်လံ ရေးသားစုဆောင်းပြီး ဆရာဖီးစာတွေ အတော်များများ ယူသွားပါသတဲ့**

မျိုး ထင်ယောင်မြင်ယောင်လာအောင် ခုလိုဆရာဖီးက ရေးထားပြန်ပါတယ်။

'ယာအဝင်နား ဝါပင်များနှင့် သခွားဖရုံ၊ ဖရုံဖရဲ၊ ဘူးတစ်မျိုးတို့ကို စူးထိုးလို့ကြဲရော့ထင့် ခဝဲ၊ သပြွတ်မီး မြိုက်ယာမို့ သီးလိုက်တာ ပြွတ်ကရော၊ မလွတ်မလပ် မဆွတ်တတ်အောင် လူး ဆပ်ပြောင်းပဲ၊ ထန်းတစ်တွေ နှမ်းတွေ ကြဲသနဲ့ တောင်သူမင်းဟာမို့ လုပ်ခင်း ကြည့်လိုက်ပြန်တော့ ယာခင်းပျက်ပျက် ထိုးမထွန်ရ၊ မျိုးသွန်ချ၊ မိုးလွန်မှ ပက် ကရောထင့်။ မြက်သောက်ယုန်လျှေး၊ သမင်မွေးနှင့် ဘောက်ခွေးဒန်ချွဲ့ ကပ် စေးနဲ့ ပဲရိုင်းတစ်တွေ၊ ရုံးပတီရော၊ ကုန်း ပီလောနှင့် သောသောငယ်ဝေရော့၊ ဆူး လေမြောက်ပြီး စာတနှင့်ခန့် ယာပြင် ကြီးဆီခံဖောင်ချမ်း အနှစ်စိုတဲ့ သစ်ညို တန်းမှိုက် သန်ဂျီရုတ်၊ သမင်ဖြူ နှစ်ပင် တုံလူ မခုတ်ရော့ထင့်၊ ဂျုပ်နှင့် သမုန်း နှစ်ပင်လုံး ဆင်တုံးမန္တယ် ရုံ၍ကင်းပုံ၊ နွားလျှာနည်းမကွာ ကျီးအာဆူးပုတ်၊ ဘယ်သူတစ်ဦး လူမခူးအဖူးနှယ် တုတ်

သနဲ့၊ လုပ်ခင်းပြင်ကျယ် ရိုးအစောင်း
မိုးကောင်းလယ် မြောင်းသွယ်တူးထာ
ပဲနံပြားနှင့် သဲများရုပ်ရုပ်ကြဲတတ်ပ
ခဝဲမြောင်နှင့် ပဲတောင့်ရှည်၊ မြ
နွားဝါနှစ်ကောင်နှင့် အပြာစောင်ခေါ
တွင်ရွက်ပါလို့ ချောင်းပြင်မှာ ပေါင်းတ
လျှက်သာပ။ ခူးမကုန် သပွတ်ခရမ်း
ကို ဆွတ်ဆန်းပါဟယ်။ ငါမြင်ပြင်းက
ရန်ကောလို့ ယာရှင်ခြင်း အဖော်တ
ခေါ်ကြတဲ့ အားနာခံရင်း သွားရဦးတေ
မလေ…'လို့ စပ်ဆိုထားပုံက စာဖတ်
ကိုယ်တိုင် ယာထဲလယ်ထဲ ရောက်သွ
သလို ခံစားရပါတယ်။

ဗုဒ္ဓဝင်ဇာတ်စာတွေကို ရွှေမန်းတင်
မောင်နဲ့ အမယ်ကြီးအို ဦးအောင်စိန်
ပူးတွဲဖော်ထုတ်သွားခဲ့တယ်။ အမယ်ကြီ
အို ဦးအောင်စိန်ဆိုတာ မင်းသားကြီးပ
ဇာတ်စီးနိုင်သူပေါ့။ သူက သူ့သူငယ်
ချင်း ဦးဘသော့ရှိတဲ့ ကျပင်းကို ဒုတိယ
ကမ္ဘာစစ်အတွင်းမှာ အကြာကြီး လာ
ရောက်နေထိုင်ရင်း ကောက်စိုက်ရာ၊ ပျိုး
နုတ်ရာ၊ ရေခပ်ရာ၊ လယ်ထွန်ရာ၊ ထင်း
ခွေရာအနှံ့ လိုက်လံရေးသားစုဆောင်းပြီး
ဆရာဖီးစာတွေ အတော်များများ ယူ
သွားပါသတဲ့။ ကျပင်းကလူတွေ
သားကြပုံကဖြင့် ဦးတင်ဟန်ရဲ့အဖေ ဦး
ရွှေဇင်ဆိုတာ ပြောစမှတ်တွင်လော
အောင်ပဲ ရိုးရာတယ်။ ၁၉၇၀ ပြည့်နှ
ပတ်ဝန်းကျင်လောက်တုန်းက ဆရာ
စာတွေကို သံနေသံထားနဲ့ အာဂုံရွတ်
နိုင်တဲ့ ဦးရွှေဇင်ကို ရန်ကုန်ခေါ်ပြီး နိုင်
တော်အကြီးအကဲတစ်ယောက်က ရွ
ဖတ်ခိုင်းပြီး အသံသွင်းယူတော့ သဘော
ကျလွန်းလို့ လိုချင်တာကိုသာပြော
ဝယ်ပေးပါ့မယ်လို့ ရေလာ မြောင်းပေ
ဖွင့်ဟပြောတာကိုပင် ဦးရွှေဇင်က သူ့မှာ
ဗိုက်နာရောဂါရှိလို့ ဆော်ဒါ အစိတ်သာ
ကိုသာဝယ်ပေးပါလို့ ပြောသတဲ့။
လိုက်ပုံများ ပြောပါတယ်။ အခွင့်အရေ
ပေးတာကိုတောင်မှ မယူရှာဘူး။ အဲဒါ
အရာရှိကြီးက သူ တောင်းတဲ့ဆော်ဒါ
အင်္ကျီ၊ လုံချည်၊ ဖောင်တိန် စတာ
ပေးလိုက်သတဲ့လေ။ ခုချိန်ထိ



www.burmeseclassic.com

www.burmeseclassic.com

ှင့်အရေးမယူတတ်တဲ့လူဆိုရင် ကျုပ် ဘက်မှာ ကျပင်းက ဦးရွှေဇင်ကျနေ ပဲလို့ ပြောကြတုန်းပါ။ ကျပင်းဟာ န်းဘောင်၊ အမရပူရ၊ မန္တလေးတို့ ပြာနဲ့ စစ်ကိုင်း၊ အင်းဝတို့ထက် ောင်မှ မြို့တည်သက် အတော်လေး ပါတယ်။ ၇၂၆ ခုနှစ်မှာ အင်းဝ ည်၊ ၆၇၇ ခုနှစ်မှာ စစ်ကိုင်း တည်၊ ည်က ၈၄၄ ခုနှစ်မှာ တည်တာဖြစ်ပြီး ပင်းက ၂၁၁ မှာ တည်ခဲ့တာကိုး။ ရိပစ္စယာပုဂံနှင့် တစ်နှစ်တည်း တည် ပါ။ 'ကြာအိုးအံ ပုဂံ'တဲ့၊ 'ကြာအိုး င်း ကျပင်း'တဲ့၊ 'ကြာသီးနု စကုတည်' 'ကြာညိုဝိုင်း လယ်ကိုင်းတည်' 'ကြာဖက်အင်း စလင်းတည်' တဲ့ တ်လို့ လွယ်တယ်လေ။ ကျပင်းဟာ တုန်းက စည်ကားတဲ့ မြို့တစ်မြို့ဖြစ် ပေမဲ့ ခုတော့ တောင်ရွာ မြောက်ရွာ ရွာဖြစ်နေပါပြီ။

၂၀၀၁ ခုနှစ်အထိ ကျပင်းတောင် ရွာ အိမ်ခြေ ၅၆၃၊ အိမ်ထောင်စု ၅၆၃၊ ဦးရေ ၂၉၈၄ ဦးရှိပြီး ကျပင်းမြောက် ကတော့ အိမ်ခြေ ၉၃၊ အိမ်ထောင်စု ၃နဲ့ လူဦးရေ ၄၆၆ ဦး ရှိပါတယ်။ ါး၊ ပဲ၊ ပြောင်း၊ ဝါ၊ နှမ်း၊ ငရုတ်၊ န်း သီးနှံမျိုးစုံထွက်ရှိတဲ့ ကျပင်းပါ။ စ်နည်းအားဖြင့် ပြောရရင် စာပေအမြု ော ရတနာသိုက်ကြီး တည်ရှိနေတဲ့ ရာဖြစ်တယ်။ ကျပင်းနားက ကုက္ကို န်းရွာဆိုရင် အင်မတန်တော်တဲ့ အနိုပ် ရာ၊ အကြောပြင်ဆရာတွေ ထွက် ယ်။ ယောကျ်ားမင်းသမီး မယ် ောင်ဗလအဖေနဲ့ မင်းသားကြီး ပုလဲ တို့ဟာ ကုက္ကိုတန်းရွာ ဇာတိပါ။ ပုခ်ရွာဆိုတာကလည်း ကျပင်းရွာရဲ့ ြာက်ဘက်ကပါ။ ဟိုတုန်းက နာမည် ြီး ဗမာဆေးဆရာကြီးတွေ ပေါ်ထွန်း ူးတယ်။ ဆရာကြီး တစ်ဦးဆိုရင် ာမည်မမှတ်မိ)ကျွဲခတ်ခံရတဲ့လူနာ စ်ဦးကို လက်နဲ့ မတို့မထိဘဲ အပြင် တ်နေတဲ့ အူတွေ ဝမ်းဗိုက်ထဲ ပြန် င်အောင် ကုသပြီး ဝေဒနာပျောက် င်းစေခဲ့တဲ့ထိအောင်ပါ။ အဖြစ်က ဒီလိုပါ။ တစ်နေ့တော့ ကျွဲခတ်ခံရတဲ့ လူနာ ဆရာကြီးဆီရောက်လာတော့ ဝေဒနာပျောက်အောင် ကုပေးမယ်။ ငါ ခိုင်းတာ လုပ်မလားလို့ ကတိတောင်း တယ်။ ဒီတော့ လူနာက ကျွန်ခံချင် ခံရပါစေလို့ ကတိပေးတယ်။ ကျွေး သမျှစားရမယ်ဆိုတော့ မစင်ကျွေး တောင် စားပါ့မယ်ပြောလို့ ရွာထဲက လူတွေခေါ်ပြီး ဆရာကြီးက ပန်းကန်ထဲ တံတွေးဝိုင်းအထွေး ခိုင်းသတဲ့။ ဒီနောက် လူမမာကို လျှာနဲ့ လျက်ခိုင်းတော့ လူနာက မလျက်ချင်ဘူး။ နို့ပေမဲ့ ကတိ အတိုင်း လျက်တဲ့ အခါမယ် လျှာနဲ့ တံတွေးမထိခင် အော့နလုံးနာပြီး အူက အလိုလို ဝမ်းထဲဝင်သွားရောတဲ့။ အူတွေ အားလုံး ဗိုက်ထဲရောက်မှ ဆေးဝါးနဲ့ ကုတာ အသက် ချမ်းသာရသွားရောတဲ့။ အဲသလောက် ရေခံမြေခံကောင်းတဲ့ နယ်မြေပါ။ ကျပင်းဟာ ပညာရှိတွေနေ ခဲ့တဲ့အရပ်မို့ ဝါသနာရှင် သုတေသီတွေ မျက်စိကျတဲ့ နေရာ၊ ခေတ်အဆက်ဆက် တူးဖော်လို့ မကုန်နိုင်တဲ့ စာပေအနုပညာ၊ အမြုတေ ရတနာသိုက်ကြီးတစ်ခုပေပေါ့။ ဟို ရှေးယခင်ကတိုင် ဒီနေ့အထိ တူးဖော် ကြ၊ ရှာဖွေကြပေမဲ့ ဘယ်မှာကုန်သွား တယ်၊ ခန်းသွားတယ်ဆိုတာ ရှိလို့တုံး။ မြန်မာ့တန်ခိုးနဲ့ နှစ်ဆတိုးဆိုတဲ့နေရာ လေ။ အတိတ်ခြေရာဆိုလို့'အရှင်မဟ္ဂရက္ခိတ'ကျပင်းဆရာတော် သီတင်းသုံးခဲ့တဲ့ ကျောင်းနေရာနဲ့ ကျောင်းဟောင်းတစ်ခု၊ ကျပင်းဆရာတော်ရဲ့ အရိုးဂူ၊ လွမ်းစေတီ ရယ်၊ ကျပင်းဆရာဖီးရဲ့ အုတ်ဂူရယ် ရှိနေသေးလို့ အလွမ်းပြေကြည့်နိုင်ပါ သေးရဲ့။ အတိတ်ဆိုတာရှိရတယ်။ အတိတ်ရှိလို့ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတာ ရှိတာပါ။ ဒီလိုပဲ သမိုင်းအထောက် အထား၊ သင်္ကေတပြယုဂ်ဆိုတာလည်း ရှိရမယ်။ ဂုဏ်ယူစရာရှိမှ ဂုဏ်ယူ၊ တန်ဖိုးရှိတဲ့ စာပေတွေကို လွမ်းလောက်မှ လွမ်းတာပါ။ ကျပင်းဟာ ဂုဏ်ယူစရာ တွေ၊ လွမ်းလောက်စရာတွေ ကျန်ရစ်နေ သေးတာဝမ်းသာစရာပါ။ ဒီလို ကျပင်း ကလည်း ထိန်းသိမ်းကြပါ။ ဂုဏ်ယူကြ ပါလို့ ပြောချင်ပါတယ်။ ကျပင်းတာရား စာဖတ်လေတိုင်း၊ ဆရာဖီးဂူ မြင်လေ တိုင်း၊ ရွှေမန်းတင်မောင် မဟာဗုဒ္ဓဝင် ဇာတ်အသံကို ကြားလေတိုင်း မသိ၊ မမီ၊ မမြင်ဖူးတဲ့ သူတို့ရဲ့ပုံရိပ်တွေကို ပုံဖော် လွမ်းဆွတ်တမ်းတမိပါတယ်။ ဒီလို တမ်းတ လွမ်းဆွတ်မိခြင်းနဲ့အတူ စာဖတ် ပရိသတ်ကို ဆရာဖီးရဲ့ ဘိသိက် မင်္ဂလာ အခြေခံရှင်းတမ်း စာပိုဒ်ကလေးကို ကမ်းဆင့် မျှဝေလိုက်ပါရစေလား။ လက်ဆောင်ပေါ့နော်။

'စိတ်ဟဒယရွှင်စရာ တကယ် သဇင်ဥကဲ့သို့ ဓမ္မိဿရ သခင်ဘဂဝါ နှယ် အစဉ်ရှုပြီးလျှင် ဣန္ဒဘဝင်မှာ စလွယ်တင်အမူသာပေါ့၊ ရှင်ပြုသော ယခုမင်္ဂလာနှင့် တစ်ဖြာယှဉ်စရာ၊ မြတ် နဝရတ်ပုလဲတို့မှာ ယခု မင်္ဂလာတစ်ဖြာ လက်ထပ်ပွဲညိုကာဆလျက် ဝိဝါဟက ညာနှင့် မင်္ဂလာနောက်တစ်ကြိမ်ပေါ့၊ မောက်တသိန် ငှင်းမင်္ဂလာတို့ဝယ် တောက်အရှိန် အပေါင်းနားဝင်သာဖို့ မပျောက်မတိမ် သောင်းခွင် ပထဗျာတွင် အကြောင်းယှဉ်ကာ ခေါင်နိမိတ်ဟု အောင်ဘိသိက် အောင်သြဘာယင်ပြီး လျှင် နောင်လောကတစ်ခွင်မှာ ယခုက စ၍မို့ အတုမရတေဇာဂုဏ်နှင့် ခေမာ အလုံ ရန်မျိုးအောင်ဖို့ ဘုရားဘဂဝါနှင့် တရားရတနာ 'သံဃာ'ပရမတ်တို့ကို အမှန် 'ပဝရာနုတ်'ဟု အထွတ်ထားပါ သဖြင့် ညွှတ်တွားကာ အောင်မြင် ကြောင်းပေမို့ ရွှတ်ပွားကာ နောင်အစဉ် မပြောင်းရန်ဘို့ အလွတ်မကြွားမဝါ ရှောင်တခင်ကောင်းကြအောင် ကဝိ ဉာဏ်ဘုရင် ဝိုင်းမဟာက တိုင်းနဂရာတုံ ပြောင်းအောင် တစ်ဖုံပြောင်းပြီးတော့ ဂုဏ်ပေါင်းဖွင့်တော်မူစမ်း။

■

**ဦးစန္ဒိမ၊စလင်း၊**

*ကျမ်းကိုး။ ။*

*စာပေဗိမာန်စာမူဆုရ ပန်တျာ အေးလွင်(ဆင်ဖြူကျွန်း)ရေးတဲ့ ကျပင်း ဆရာဖီး၏ ဇာတ်ချင်းစာပေ အထွေထွေ စာအုပ်ကို မှီငြမ်းရေးပါသည်။*

www.burmeseclassic.com

ကောင်းသွန်း

# စာရက်ရှုသမျှ




အရက်ကို ခွက်ထဲ
ထည့်မယ်လုပ်ပြီးမှ
ပုလင်းကို သူ့နေရာမှာသူ
ပြန်ချထားလိုက်မိတယ်။
မဖြစ်သေးဘူး ထင်ပါရဲ့။
မဖြစ်သေးဘူး ထင်လို့
ဒီမောင် ပြန်သွားပြီးမှ
သောက်ပြန်တော့လည်း
အခါတိုင်း
သောက်နည်းကားလို
ခပ်သုတ်သုတ်ကလေး
သောက်ရတော့မှာ။

အခါတိုင်း ရှုံးနေ့တွေဆို
ရှုံးကအပြန် ရေမိုးချိုး
ပြင်တာဆင်တာနဲ့ ငါးနာ
ငါးနာရီခွဲလောက်မှ
စသောက်ဖြစ်တာ။
ဒီတော့ ထမင်းစား
ညဥ့်မနက်အောင် အချိန်
သိပ်မဆွဲနိုင်တော့ဘူးပေါ့
ဆက်တိုက်နီးပါးလောက်
မော့ပြီး ခုနစ်နာရီလောက်
လက်စသတ်ပစ်လိုက်ရ
ဇိမ်မရှိဘူးပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဇိမ်နဲ့သောက်ရတာက အခုလို စနေ၊ တနင်္ဂနွေလို နေမျိုးမှာမှ သောက်ရတာလေ။ ညနေ သုံးနာရီလောက်ကတည်းက အစပျိုးလိုက်ရင် အတော်ပဲ။ ဂျာနယ်လေး၊ မဂ္ဂဇင်းလေး ဟိုဖတ် ဒီဖတ် ဖတ်လိုက်၊ တစ်ကျိုက်နှစ်ကျိုက် မော့လိုက်၊ အမြည်းကလေး စားလိုက်၊ တီဗွီကလေး ကြည့်လိုက်၊ ဇိမ်ကိုကျလို့။

ကျွန်တော်က အရက်သောက်ရင် အဲဒီလို ဇိမ်ဆွဲပြီး သောက်ချင်တာ။ အရက်သောက်တာ ရေသောက်တာမှ မဟုတ်ဘဲနော်။ အခုလို ရုံးအားရက်ဆိုရင် အနည်းဆုံး လေးနာရီလောက်တော့ ကြာတာချည်းပဲ။ သုံးနာရီမှာ စသောက်ရင် ခုနစ်နာရီလောက် လည်းရောက်ရော ရေချိုးလည်းကိုက်၊ ထမင်းစားလည်း ခါတိုင်းလို နောက်မကျတော့ဘူးပေါ့။

ဟိုအရင်ကဆို ပိုးအိက အထာမနပ်ဘူး။ ဒီမိန်းမ အရက်မှ မသောက်တတ်တာ ဘယ်သိပါ့မလဲနော်။ စပြီး သောက်ခါစပဲ ရှိသေးတယ်။ ထမင်းစားတော့မလားတဲ့။ ကျွန်တော်က အခုမှ ဗိုက်ထဲပဲ ရှိသေးတယ်လို့ ပြန်ပြောလိုက်ရတာပေါ့။ တစ်အောင့်နေမေးပြန်ရော။ ကျွန်တော်ကလည်း အခုမှ ရင်ခေါင်းလောက်ပဲ ရောက်သေးတယ်လို့ ပြောရပြန်ရော။ နောက်တစ်ခါ မေးတဲ့အခါကျတော့ လည်ချောင်းပဲ ရောက်သေးတယ်ပေါ့လေ။ ဒီလိုနဲ့ မေးလိုက်ဖြေလိုက်ရင်းနဲ့ နောက်ဆုံးကျတော့မှ စားမယ်ဟေ့၊ အခုမှ နားထင်ဆီ ရောက်လာပြီကွဆိုပြီး ထမင်းစားလိုက်တာကိုး။

အိမ်ထောင်သက်ကြာလာပြီးလို့ ကျွန်တော့်အထာတွေ သိလာပြီးတဲ့နောက်ပိုင်းကျတော့ ပိုးအိက မမေးတော့ဘူး။ ကျွန်တော်က နားထင်ရောက်လာပြီဟေ့လို့ ပြောမှသာ ထမင်းပွဲပြင်လိုက်တော့တာ။

ခုတော့ အဲဒီလိုဇိမ်နဲ့ သောက်ပါမယ်ဆိုမှ ကိုယ်တော်မြတ်က လေးနာရီလာမယ်တဲ့။ သူနဲ့ဟိုစကားပြော၊ ဒီစကားပြောနဲ့ဆို သူပြန်သွားဦးတော့ ငါးနာရီလောက်မှ စသောက်ဖြစ်မှာ။ ပိုးအိ သက်သေပြတာကတော့ ကျွန်တော် နေ့ခင်းနေ့လယ် တစ်ရေးတစ်မောအိပ်နိုင်အောင်နဲ့ အချိန်ရအောင် လေးနာရီကို တမင်ချိန်းလိုက်တာတဲ့။

ခက်တာက အားတဲ့ရက်ကလေး နှစ်ရက်ရှိပါတယ်။ ဒီနေ့လို တနင်္ဂနွေနေ့မှာ အခါတိုင်းလို တက်သုတ်ပဲရိုက်ရမယ်ဆိုရင်တော့ ဘယ်နိပ်တော့မလဲ။

တစ်ခုတော့ ရှိတယ်။ ကျွန်တော် အမြဲတမ်းထိုင်နေကျနေရာလေး။ ဒီနေရာက အိမ်နောက်ဘက်ကို သွားရင် ဧည့်ခန်းနဲ့အိပ်ခန်းအစပ်နေရာနားမှာ ရှိတာ။ ဧည့်ခန်းထဲက ဆက်တီခုံတွေနဲ့လည်း မဝေးဘူး။ ဧည့်သည်လာရင် စကားပြောလို့လည်း ရတယ်။

ပြီးတော့ ကျွန်တော် ထိုင်တဲ့ခုံဘေးမှာ စားပွဲခုံပုကလေးတစ်ခုရှိတယ်။ ခုံအောက်အဆင့်မှာ မဂ္ဂဇင်းတို့၊ ဂျာနယ်တို့ ထားလေတော့ အကြောင်းမသိတဲ့လူတစ်ယောက်ယောက်လာရင် ပုလင်းကို စာအုပ်တွေနောက်မှာ အသာကပ်ထားလိုက်ရုံပဲ။

နောက်ပြီး ကျွန်တော့် အရက်ခွက်ကလည်း ကြွေမတ်ခွက်ဆိုတော့ ဘာသောက်လို့ သောက်နေမှန်း တော်ရုံလူဆို မသိနိုင်ဘူး။ အအေးပဲ သောက်နေသလိုလို၊ ရေနွေးကြမ်းပဲ သောက်နေသလိုလို ပေါ့လေ။ အမြည်းတွေမြင်လည်း အကြောင်းမဟုတ်ပါဘူး။ ရေနွေးကြမ်းနဲ့ မြည်းနေတယ်ပေါ့။

အရက်ငှဲ့တာကတော့ ရှင်းပါတယ်။ ဧည့်ခန်းဘက်က လူကို ကိုယ်နဲ့ကွယ်ပြီး ဒိုင်လျှိုလေးငှဲ့လိုက်ရုံပဲ။ ငှဲ့လို့ငှဲ့မှန်းတောင် သိလိုက်မှာ မဟုတ်ဘူး။ ခုံအောက်ဘက်က စာအုပ်တစ်အုပ်ရှာနေတယ်လို့ပဲ ထင်မှာ။ မလှမ်းမကမ်းမှာ ထိုင်နေတာဆိုတော့ အရက်နံ့လည်း ဘယ်ရနိုင်ပါ့မလဲ။

ဆွေမျိုးတွေနဲ့ အကြောင်းသိ သူငယ်ချင်းတွေကိုတော့ လျှိုလို့မရဘူးပေါ့ဗျာ။ ဒီလိုမျိုးကျတော့လည်း ဖြောင်ပေါ့။ ပေါ်ထင်ပေါ့နော။ လောလောဆယ်တော့ ခုံပုအားကိုးနဲ့ သောက်မယ်လို့ ဆုံးဖြတ်လိုက်မိတော့တယ်။

စဉ်းစားလိုက်ရင် ကိုယ်ကပဲ မပါးနပ်လို့လား။ သူတို့ကပဲ ပိရိနိုင်လွန်းလှန်းလားတော့မသိဘူး။ ကျွန်တော် မသိခဲ့တာတော့ အမှန်ပဲ။ ကိုယ်ညံ့တာပဲ ဖြစ်မှာပါလေ။ မနေ့က ပိုးအိ ဖွင့်ပြောမှသိရတာ။

မနေ့က စနေနေ့ အလုပ်နားရက်ဖြစ်လို့ မနက်စာကို နောက်ကျမှစားပြီး အိမ်ရှေ့မှာ ဂျာနယ်တစ်စောင်ဖတ်နေတုန်း ပိုးအိက အနားမှာ လာဝင်ထိုင်လိုက်တယ်။ သမီးနဲ့ သားတို့လည်း မရှိကြဘူး။ သားက သူ့သူငယ်ချင်းတွေနဲ့ ချောင်းသာကို လိုက်သွားတယ်။ သမီးကတော့ ထဘီတစ်ထည် သွားဝယ်ဦးမယ်ဆိုပြီး ထွက်သွားလေရဲ့။

'မောင့်ကို ပြောစရာရှိလို့'

ဒီမိန်းမကတော့ ဒီလိုပဲ။ မောင်ကကို တစ်ပြားသားမှ မလျှော့တာ။ သူငယ်ချင်းတွေရှေ့မှာလည်း မောင်ပဲ။ သားသမီးတွေ ရှေ့မှာလည်း ဒီအတိုင်းပဲ။ အဖေ အမေတွေ ရှေ့မှာတောင် မောင်လို့ပဲ ခေါ်တာကိုး။ ကြာတော့လည်း အားလုံးလိုလိုက ဒီအခေါ်ကို ရိုးနေပါပြီ။

'မောင့်ကို ပြောရဦးမယ်'

ကျွန်တော် မကြားလိုက်ဘူးထင်လို့ ထပ်ပြောလိုက်ပေမဲ့ သူ့ကိုကြည့်နေမှန်းသိတော့ မသိမသာ ခေါင်းငုံ့သွားတယ်။ တစ်အောင့်လောက်ကြာမှ အသံတိုးတိုးတိမ်တိမ် ထွက်လာတယ်။

'သမီးမှာ ရည်းစားရှိနေပြီ'

ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲမှာဆိုရင်တော့-

'ဘာ၊ ဘယ်လို။ သမီးမှာ ရည်းစားရှိနေပြီ ဟုတ်လား။ ဘယ်သူနဲ့လဲ၊ ဘယ်က ကောင်ကလေးလဲ သိသည်



www.burmeseclassic.com

www.burmeseclassic.com

ပေါ့လေ ပြောမှာပေါ့။

ကျွန်တော်ကတော့ အဲဒီ မပြောမိဘူး။ အဲဒီလိုမှ တ်ဘူး။ ဘာမှကို မပြော ။ သမီးရဲ့ပုံရိပ်တွေသာ စိတ်ထဲမှာ ဖျတ်ခနဲ ဖျတ်ခနဲ စ်ခု ပြီးတစ်ခု ရောက်လာ ခဲ့တာ။

သမီးကို မွေးပြီးလို့ ည်ပေးရမယ်ဆိုတော့ း ကလေးလို ဖြူဥနေတဲ့ မီးလေးကို မွေးပျံ့နေတဲ့ အဖူးအငုံကလေးနဲ့ ရော တင်စားပြီး မနှင်းငုံလို့ ည်ပေးလိုက်တာတွေ၊ တ်တီးတွတ်တာ ငယ်ဘဝ တ်သန်းခဲ့ပုံတွေ၊ ကိုးတန်း ယ်တန်းလောက်ရောက် ာ့ ရည်းစားထားမှာစိုးရိမ် အပို့အကြိုလုပ်ခဲ့တာတွေ၊ ကျောင်းလေး သူငယ်ချင်း တွေနဲ့ပြောဆိုနေတဲ့အခါ မသိ သာအကဲခတ်ခဲ့တာတွေ ပြီး ာ့-

ပြီးတော့ တက္ကသိုလ် ည်းရောက်တော့ ရည်းစား လေးဘာလေး ရှိစေချင်ပြန် ။ သမီးကညာ အခါမလင့် သလိုပေါ့နော့။ ဒါပေမဲ့ဘွဲ့ ရပြီးရော သမီးကိုကြည့် တာ ဘာမှထူးခြားမလာဘူး။ ောက်တစ်ခါ မဟာဝိဇ္ဇာ န်းတက်ပြီးလို့ ကျူတာ အလုပ်လုပ်ပြန်တော့လည်း ဒီ အတိုင်းဟာ ဒီအတိုင်းပဲ။ ဒီလို ည်းကျပြန်တော့လည်း သမီးကို အပျိုကြီး မဖြစ်စေ င်တာလည်း အမှန်ပဲ။

အဲဒီလိုသာပြောတာ။ ခုလိုရည်းစားရှိနေပြီလို့ ကြား လိုက်ရပြန်တော့လည်း စိတ် ထဲမှာ တစ်မျိုးကြီးတော့ဖြစ် သွားသား။ ဘယ်လိုတစ်မျိုး ကြီးလဲဆိုတာတော့ ကိုယ့်ဟာ ကိုယ်လည်း မသိတော့ပါဘူး။

> ကျွန်တော့် အရက်ခွက် ကလည်း ကြွေမတ်ခွက် ဆိုတော့ ဘာသောက်လို့ သောက်နေမှန်း တော်ရုံလူဆို မသိနိုင်ဘူး အအေးပဲ သောက်နေ သလိုလို ရေနွေးကြမ်းပဲ သောက်နေ သလိုလိုပေါ့လေ အမြည်းတွေ မြင်လည်း အကြောင်း မဟုတ်ပါဘူး ရေနွေးကြမ်းနဲ့ မြည်းနေတယ်ပေါ့

ဒီအတွေးတွေက တစ် အောင့်လေးမှ တစ်အောင့်လေး ပါ။ ဖျတ်ဖျတ်၊ ဖျတ်ဖျတ်နဲ့ တွေးမိလိုက်တာကိုး။ ပိုးအိ ကတော့ ကျွန်တော် ဘာမှ လည်း မပြော၊ ဘာမှလည်း မမေးတော့ ငုံ့နေရာကနေ မော့လာပြီး ဆက်ပြောတယ်။

'အဲဒါ သူတို့က လက် ထပ်ချင်ပြီတဲ့'

'ဘာ'

ဒီတစ်ခါတော့ အံ့သြ စိတ်နဲ့အတူ ကျွန်တော့်အသံ လည်း ကျယ်သွားတယ်။ ပိုးအိလည်း မျက်လုံးလေး အဝိုင်းသားနဲ့ မျက်ကလဲဆန် ပျာ ဖြစ်သွားတယ်။

'မင်းကွာ၊ အခုပဲ ရည်း စားထား၊ အခုပဲလက်ထပ် ချင်တယ်ဆိုတော့ မင်းဟာ က မလွန်လွန်းဘူးလား'

'ဟို၊ မဟုတ်ဘူးလေ မောင်ရယ်။ ဒီလိုပါ။ အိ စကားပြောတာ လောသွားလို့ ပါ။ သူတို့က ဆယ်တန်း လောက်ကတည်းက ကြိုက် နေကြတာတဲ့။ ကျောင်းမပြီး သေးလို့ စောင့်နေကြတာတဲ့။ ကျောင်းပြီးပြန်တော့လည်း မဟာဝိဇ္ဇာတန်းတက်ရတာ တို့၊ အလုပ်ဝင်ရတာတို့နဲ့ပဲ ဒီလောက်အထိကြာသွားတာ တဲ့'

ကျွန်တော် ဘာကြောင့် မသိခဲ့တာပါလိမ့်။ အကဲခတ် တာ ညံ့လို့နေမှာပေါ့လေ။ ရှင်းပါတယ်။

'မင်းကို ဘယ်သူပြော တာလဲ'

'သမီး ပြောတာပါ။ ပြောတာက သူတက္ကသိုလ် စရောက်ပြီးကတည်းက ပြော တာ။ ဖေဖေ့ကိုတော့ မပြော ပါနဲ့ဦးဆိုလို့'

ကျွန်တော်က မျက် စောင်းတစ်ချက်လှမ်းထိုးလိုက် တော့ ပိုးအိက မသိမသာ ခေါင်းငုံ့သွားတယ်။

'အိ ပြန်မပြောတာက လည်း ပြောလိုက်ရင် မောင် က ဒေါကန်ပြီး ကျောင်း မထားတော့ဘူးလေး၊ ဘာ လေးဖြစ်ကုန်မှာ ကြောက်တာ ပေါ့လေ။ ဒါပေမဲ့ အိကိုတော့ ဖွင့်ပြောရှာသားပဲ။ အိက လည်း အဲဒီနောက်ပိုင်း အမြဲ အကဲခတ်စောင့်ကြည့်ပြီး မမှားတန် မမှားရအောင် အမြဲ ဆုံးမခဲ့တာပါ'

ဒီမိန်းမ အရေးထဲ အမှတ်ကယူလိုက်သေးတယ်။

'ကောင်လေးက ဘယ်ကလဲ'

'သြ ဟုတ်ပါရဲ့။ ပြော မလို့ဟာတောင် မေ့သွား တယ်။ ဟိုလေ မောင်သိမှာ ပါ။ ဆယ်တန်းတုန်းက အိမ် မှာ ကျူရှင်ဝိုင်းလုပ်တော့ လာ တက်တဲ့ကောင်လေး၊ အသား ဖြူဖြူ ထောင်ထောင်မောင်း မောင်းနဲ့ ကောင်လေးလေ။ မျက်ခုံးထူထူနဲ့ ကောင်လေး လေ မောင်ရယ်'

ကျွန်တော်က စဉ်းစား သလိုဖြစ်နေလို့ ပိုးအိက ပုံ ဖော်ပေးပေမဲ့ ရုပ်တွေက ရောနေပြီး မမှတ်မိဘူး။ အသားဖြူဖြူကောင်လေးတွေ ကတော့ အခုလည်း တွေ့နေ တာပဲလေ။

'ကဲ၊ အဲဒါထားလိုက် ပါတော့ သူ့နာမည်က ဘာ တဲ့လဲ။ အလုပ်အကိုင်ကော ရှိရဲ့လား'

'ဟော အဲဒါလည်း ပြောမလို့ဟာ အိ မေ့သွားပြီး မပြောဖြစ်ပြန်ဘူး။ သူ့နာမည် က ထွဋ်ခေါင်တဲ့။ သူ့အဖေရဲ့ သစ်လုပ်ငန်းကုမ္ပဏီမှာ လက် ထောက်မန်နေဂျာ ဝင်လုပ်နေ တယ်။ အလုပ်အကိုင်လေးနဲ့ ဆိုတော့ မဆိုးဘူးလို့ ပြောရ မှာပေါ့လေ။ ပြီးတော့ သူက သိမ်သိမ်မွေ့မွေ့နဲ့ ယဉ်ယဉ် ကျေးကျေးလေး မောင်ရဲ့'

ပိုးအိတစ်ယောက် သူ့ ဟာနဲ့သူတော့ ဟုတ်လို့။ ငါ့ စကား မယားဘက် ခပ်ပါပါ တော့ မဟုတ်ဘူး။ ငါ့စကား



www.burmeseclassic.com

www.burmeseclassic.com

သမက်လောင်းဘက် ခပ်ပါပါဆိုသလိုတော့ ဖြစ်နေလေရဲ့။

'အဟင်း…ဟင်း…'

သူက ပြောနေတုန်းဆိုနေတုန်း မချိုမချဉ်မျက်နှာပေးနဲ့ တစ်ချက်ရယ်လိုက်တော့ ကျွန်တော်တောင် ကြောင်စီစီဖြစ်သွားမိတယ်။

'ဟင်း…ဟင်း…အိလည်းလေ၊ ပြောချင်တာတွေများပြီး ဟိုဟာမေ့၊ ဒီဟာမေ့နဲ့ အရေးကြီးတာပြောဖို့ မေ့တော့မလို့။ ဒီလိုမောင်ရဲ့၊ အဲဒီမောင်ထွဋ်ခေါင်ရဲ့အမေဘက်တီနဲ့ အိနဲ့က ဆယ်တန်းအထိ စိန့်မေရီကျောင်းမှာ အတူတက်ခဲ့ကြတာ။ သူ့ဗမာနာမည်က မမြလေးတဲ့။ အိတို့ကတော့ ဘက်တီလို့ပဲ နှုတ်ကျိုးနေတာပါ။ တက္ကသိုလ်ရောက်တော့လည်း အတူတူပဲ။ ဘာသာရပ်ကွဲပေမဲ့ တစ်ယောက်နဲ့တစ်ယောက်ကတော့ နှုတ်ဆက်ကြ၊ သိနေကြတာပေါ့။ လူရင်း လူသိတွေ ဆိုပါတော့'

'အေးပါ၊ ဟုတ်ပါပြီ။ မင်းပြောချင်တာက ကောင်လေးက လူချောလေး၊ ရည်ရည်မွန်မွန်လေး၊ ဘွဲ့လည်းရပြီးပြီ။ အလုပ်အကိုင်လည်းရှိတယ်၊ သူ့အမေနဲ့လည်း မင်းသိတယ်။ ဒါပဲမို့လား'

'မဒါဘဲသေးဘူးလေ မောင်ရဲ့။ မောင့်သဘောကိုလည်း ပြောဦးမှာပေါ့'

မြဒါးဦးကတော့ ကျွန်တော့်ဘက်လှည့်လာပြီ။ ရှဥ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာလို့ပဲ ပြောပြော၊ ဆင်ဖွေ့ရန်ရှောင်တို့၊ ကောက်ပင်ရိတ်လှီးတို့လိုပဲဆိုဆို အမှုတွဲတွေထဲပါရင်တောင် သက်သေလောက်ပဲဖြစ်ရအောင် တွေးတွေးဆဆ ပြောလိုက်ရတယ်။

'အင်းပေါ့လေ၊ ဒီအတိုင်းဆိုရင်တော့ ပြောစရာသိပ်မရှိပါဘူး။ မင်းသဘောအတိုင်းပဲ ဆိုပါတော့'

ဒီလောက်ပြောလိုက်တာနဲ့တင် ပိုးအိမျက်နှာ သိသိသာသာ ဝင်းလက်သွားတာတွေ့လိုက်ရတယ်။ ဒါပေမဲ့ အဲဒီလောက်နဲ့တင် ခဏတာရပ်ထားရင်တော့ ကောင်းတာပေါ့။ ခုတော့ ကျွန်တော့်ကိုစနေနေ့လို အသိပေးပြီး ဘယ်အချိန်က ဘယ်လိုစီစဉ်လိုက်တာလည်းတော့ မသိ။ အခုလို တနင်္ဂနွေနေ့မှာ အိမ်ကိုလာဖို့ ဒီကောင်ကလေးကို ချိန်းထားပြီးပြီတဲ့။

သူကတော့ ရှောင်ဖို့တိမ်းဖို့ ထွေထွေထူးထူးလုပ်နေစရာ မလိုဘူးလေ။ ကျောင်းမှာ အာစရိယပူဇော်ပွဲရှိနေတာနဲ့ ခပ်စောစောကတည်းက ထွက်သွားနှင့်ပြီ။ အခမ်းအနားပြီးရင်လည်း မတွေ့ရတာကြာပြီဖြစ်တဲ့ သူ့သူငယ်ချင်းအငြိမ်းစားဆရာမတွေနဲ့ ဟိုသွားဒီသွား သွားဦးမှာဆိုတော့ ညနေ ခြောက်နာရီလောက်မှ ပြန်ရောက်ဖြစ်တော့မှာ။

သမီးကလည်း အဲဒီအာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှာ အတွင်းရေးမှူးဆိုတော့ မနက်စာတောင်မစားတော့ဘဲ အစောကြီးကတည်းက ထွက်သွားနှင့်တာ။ ပွဲပြီးရင်တောင် လက်စတွေသတ်ဖို့ ဆက်နေရဦးမှာဆိုတော့ သူက သူ့အမေထက်တောင် နောက်ကျနိုင်သေးတယ်။ သားကတော့ ချောင်းသာက ပြန်မရောက်လာသေးဘူးလေ။

'အဲဒါ မောင်သိချင်တာတွေလည်း မေးလေ။ ကိုယ်တိုင်ကိုယ်ကျတွေ့ရတော့ အကဲခတ်လို့လည်း ရတာပေါ့။ နှစ်ယောက်တည်းဆိုတော့ လွတ်လွတ်လပ်လပ်လည်း ရှိတာပေါ့မောင်ရယ်'

ဘာ လွတ်လွတ်လပ်လပ်ရှိရမှာလဲ။ ကျွန်တော် အခု တွေ့ရမှာက ကျွန်တော့်သူငယ်ချင်းလည်း မဟုတ်၊ ကျွန်တော့်ရည်းစားလည်း မဟုတ်၊ သမီးနဲ့ပေါင်းမယ့် ကျွန်တော့်သမက်လောင်းနဲ့ တွေ့ရမှာ။

ပြောမယ့်သာပြောတာပါ။ လူကြီးတစ်ယောက်အနေနဲ့ လူငယ်တစ်ယောက်ကို လက်ခံတွေ့ဆုံဖို့ဆိုတာ ဘာမှတော့ မခက်ခဲပါဘူး။ အခုလို ယောက္ခမလောင်းတစ်ဦးအဖြစ်တွေ့ရမှာသာတောင်မှ အခက်အခဲ မရှိပါဘူး။

အခက်အခဲ မရှိပေမဲ့ နည်းနည်းပြဿနာရှိနေတာက ကျွန်တော် ပြောခဲ့သလို အရက်သောက်ရမယ့် ကိစ္စပါ။ သူမလာခင် တက်သုတ်ရိုက်ပြီး သောက်ထားနှင့်ရမလား။ သူပြန်သွားပြီးမှပဲ စိတ်အေးလက်အေးသောက်ရမလား။ တက်သုတ်ရိုက်သောက်ရင် ဇိမ်မရှိတာတော့ အမှန်ပဲ။ သူပြန်သွားပြီးမှ သောက်ပြန်တော့လည်း အချိန်ကနည်း

သွားပြန်ရော။ ဒီလိုဆိုရင်
ရှိနေတုန်း သောက်တော့
ဘာဖြစ်သေးလဲ။

သိသာသိစေ မမြင်
ဆိုပေမဲ့ ပြန်စဉ်းစား
လိုက်တော့ ကိုယ့်သိက္ခာကို
ဆယ်ချင်နေတာနဲ့ အတူ
မဟုတ်လား။ အခုတော
သမီးက ပြောပြထားမယ်
ရင် သောက်တတ်မှန်းသိ
လောက်ရောပေါ့။

အဲဒီလို ကိုယ့်စိတ်
ကိုယ် ဖြေလိုက်ပြန်တော့
လည်း စိတ်ထဲမှာ နည်းနည်း
နေသာထိုင်သာ ရှိသွား
တော့ အမှန်ပဲ။ ဒါကြောင့်
တောင်တောင်ဤဤ စဉ်း
မနေတော့ဘဲ အရက်ကိုခွက်
ထဲငှဲ့ထည့်လိုက်တယ်။
တော့ ဆော်ဒါရောပြီးတာ
အရည်ပျော်သွားပြီဖြစ်တဲ့
ခဲရေတွေကို သွန်ပစ်လိုက်ပြီး
ရေခဲသေတ္တာထဲက ရေခဲ
နှစ်တုံးလောက်ထည့်လိုက်
တယ်။ တစ်ကျိုက်မော့လိုက်
တယ်။ ငါးကြော်တစ်ဖတ်
ဝါးလိုက်တယ်။ နိပ်ပဲ။

သောက်ချင်တာက အဲ
လို တစိမ့်စိမ့်သောက်ချင်တာ
အခုတောင် ဟိုစဉ်းစား၊
စဉ်းစားနဲ့ သုံးနာရီတောင်
သွားပြီ။ သူလာလို့ ဆက်
သောက်နေလည်း နောင်
မယ့်အတူတူ ဘာဖြစ်သေး
ဆိုပေမဲ့ မသိရင်တော့
အကောင်းဆုံးပေါ့နော်။

မသိနိုင်အောင်လည်း
ခုံပုကလေးနဲ့ ဂျာနယ်တွေ
အသေအချာပြင်ဆင်ထားလိုက်
တယ်။ နောက်ပြီး သူလာရင်
သောက်ဖို့အတွက် ကော်ဖီမစ်
အထုပ်၊ ဖွန်း၊ ကော်ဖီပန်းကန်
နဲ့ ရေနွေးဓာတ်ဘူးကိုပါ ခုံ

www.burmeseclassic.com

...လေးပေါ်တင်ပြီး အဆင်သင့်လုပ်ထားလိုက်တယ်။ ...တာနဲ့ ဖျော်ပေးလိုက်ရုံပေါ့လေ။

ကိုယ်ကိုယ်တိုင်ကတော့ ပထမတစ်ခွက်ကုန်သွားတဲ့အတွက် ဒုတိယတစ်ခွက်ထည့်ပြီး တစ်ကျိုက်မော့ပစ်လိုက်တယ်။ ပြီးတော့ အမြည်းဝါးပြီး သူ လာရင် ဘာပြောရမလဲစဉ်းစားနေတုန်းမှာပဲ ဘဲလ်တီးသံကြားလိုက်ရတယ်။ နာရီကိုကြည့်လိုက်တော့ လေးနာရီကွက်တိပါပဲ။ သူပဲ ဖြစ်မှာပေါ့။

တံခါးရှေ့မှာ ကြိုရောက်နေပေမဲ့ အချိန်တိကျသူလို့ အထင်ခံရအောင် လေးနာရီ အတိအကျဖြစ်မှ ဘဲလ်ကိုနှိပ်လိုက်တာလား၊ ဒါမှမဟုတ် တကယ်ပဲ အတိအကျရောက်လာတာလားတော့ မသိဘူးပေါ့လေ။ လေးနာရီမှ လေးနာရီကွက်တိရောက်လာတာတော့ အမှန်ပါပဲ။

တံခါးဖွင့်လိုက်တော့ အင်္ကျီအဖြူလက်ရှည်လည်တုံးနဲ့ သူ့ကိုတွေ့လိုက်ရတယ်။ အခုလိုမြင်လိုက်ပြန်တော့လည်း အရင်က မြင်ဖူးထားတဲ့သူ့ကို မှတ်မိသွားပါတယ်။

‘သြော်၊ အေး။ မောင်ထွန်းခေါင် ဟုတ်တယ်နော်’

‘ဟုတ်ကဲ့’

‘ကဲ၊ လာ အထဲဝင်’

သူက အိမ်ထဲကို ဝင်လိုက်ပေမဲ့ ကျွန်တော် တံခါးပိတ်နေတုန်းမှာ ကျွန်တော့်နောက်နားကပဲ ရပ်နေလေရဲ့။

‘ထိုင်လေကွာ၊ အဲဒီမှာ’

ကျွန်တော်က တံခါးပေါက်ဝနားက ဆက်တီခုံကို

အရက်ငှဲ့တာ
ကတော့
ရှင်းပါတယ်
ဧည့်ခန်းဘက်က
လူကို
ကိုယ်နဲ့ကွယ်ပြီး
ဒိုင်လျှိုလေး
ငှဲ့လိုက်ရုံပဲ
ငှဲ့လို့
ငှဲ့မှန်းတောင်
သိလိုက်မှာ
မဟုတ်ဘူး
ခုံအောက်
ဘက်က
စာအုပ်တစ်အုပ်
ရှာနေတယ်လို့ပဲ
ထင်မှာ

လက်ညှိုးထိုးပြပြီး ထိုင်ခိုင်းလိုက်တယ်။

‘ဟုတ်ကဲ့’

သူက ဟုတ်ကဲ့လို့သာ ဆိုပေမဲ့ ကျွန်တော်က ကိုယ့်နေရာကိုယ်ထိုင်ဖို့ လျှောက်လာတော့ သူကပါ နောက်က ကပ်ပါလာပြန်ရော။

‘ဟိုမှာ ဆက်တီမှာ သွားထိုင်လေ’

ကျွန်တော်က လက်ညှိုးထပ်ထိုးပြပြီး ထိုင်ခိုင်းလိုက်ပေမဲ့ သူကတော့ ကျွန်တော့်ရှေ့မှာ ရပ်နေတုန်းပါပဲ။

‘သွားလေ၊ သွားထိုင်ပါ’

‘ရပါတယ်’

သူက ရပါတယ်လို့သာ ပြောတယ်။ လူကတော့ ကျွန်တော် ကုလားထိုင်မှာ ထိုင်လိုက်တာကိုသာ ရပ်ရင်းနဲ့ပဲ ကြည့်နေလေရဲ့။

‘ကဲ၊ သွားထိုင်။ အေးအေးဆေးဆေးပေါ့ကွာ။ မဟုတ်ဘူးလား။ စကားလေး ဘာလေးပြောကြတာပေါ့’

‘ဟုတ်ကဲ့၊ ရပါတယ်’

သူက ရပါတယ်ဆိုတဲ့ စကားကိုသာ အတွင်တွင်ပြောပြီး လူကတော့ ရပ်မြဲရပ်နေတုန်းပါပဲ။ ပြောရစတမ်းဆိုရင် ကျွန်တော် ကျွဲမြီးနည်းနည်းတိုချင်သလိုမျိုးဖြစ်သွားမိတာပေါ့ဗျာ။

ဒါကြောင့်လည်း ဘာမှ ဆက်ပြောမနေတော့ဘဲ ကော်ဖီတစ်ခွက်ဖျော်ပြီး သူ့ကိုလှမ်းပေးလိုက်တယ်။ နှုတ်ဆိတ်ပြီး ကိုယ်လုပ်စရာရှိတာ ကိုယ်လုပ်နေလို့ပဲလား။ ဒါမှမဟုတ် သူကိုယ်တိုင်ကပဲ အားနာသွားလို့လားတော့ မသိဘူး။ ကော်ဖီခွက်ကို လှမ်းယူပြီး ထိုင်တာတော့ ထိုင်လိုက်ပါရဲ့။ ဒါပေမဲ့ သူ ထိုင်လိုက်တာက ဆက်တီခုံမှာ သွားထိုင်လိုက်တာ မဟုတ်ဘူး။ ကျွန်တော့်ရှေ့တည့်တည့် အနားမှာရှိတဲ့ ပလတ်စတစ်ခွေးခြေခုံပေါ်မှာ အစွေ့သွားဝင်ထိုင်လိုက်တာ။

ဒီထိုင်ခုံက တစ်ခါတလေ အမြည်းပန်းကန်လေး ဘာလေး ကျွန်တော် တင်တတ်တဲ့ ခုံပါ။ အခုလည်း သူလာမယ်ဆိုလို့ ဆက်တီမှာ သူ ထိုင်ရင် ကော်ဖီပန်းကန်တင်ဖို့ အဆင်သင့်လုပ်ထားတဲ့ခုံပါ။ ဆက်တီအလယ်စားပွဲက နေရာယူလွန်းတဲ့အတွက် သိမ်းထားပြီး ဧည့်သည်လာလို့ တစ်ခုခုတင်ချင်ရင် အခုလို ခွေးခြေကိုပဲ အသုံးပြုလေ့ရှိတာလေ။

သူက ဘာမပြော ညာမပြောနဲ့ အဲဒီခုံကို ဆွဲယူထိုင်လိုက်ပြီး ကျွန်တော် ဘာများပြောမလဲဆိုတဲ့ပုံနဲ့ ခပ်ငေးငေးကြည့်နေလေရဲ့။ တကယ်ပါပဲ။

ဟုတ်တာတော့ တကယ့်ကို ဟုတ်နေပြီ။ ဖြစ်နိုင်သမျှမသိအောင် ကြိုတင်စီစဉ်ထားကာမှ သူက ရှေ့တည့်တည့်ကြီးမှာ အငူသားစိုက်ကြည့်နေလေရဲ့။ မတတ်သာတော့ပြီမို့ စကားကြောင်းသာ စလိုက်ရတော့တယ်။

‘ဒါနဲ့ မောင်ထွန်းခေါင် အခုဘယ်က လှည့်ဝင်လာတာတုံး’

‘ခင်ဗျာ’

ကျွန်တော့်အမေးအတွက် သူ အံ့သြသွားပုံရတယ်။ အံ့သြမယ်ဆိုလည်း အံ့သြလောက်တာပေါ့။ ကျွန်တော့်မေးတဲ့အမေးကိုက ဟုတ်မှမဟုတ်တာ။ ခုံကိစ္စကော၊ အရက်သောက်မယ့်ကိစ္စတွေပါ ခေါင်းထဲမှာ ရှုပ်ယှက်ခတ်သွားတာနဲ့ မေးမိမေးရာ မေးလိုက်မိတာကိုး။

‘သြော် ဟုတ်တယ်၊ ဟုတ်တယ်။ အန်တီပြောထားလို့ မောင်ထွန်းခေါင်လာခဲ့တာ ဟုတ်တယ်နော်’

‘ဟုတ်ကဲ့’

ကိုယ့်စကားကိုယ်မေး၊ ကိုယ့်စကားကိုယ်ဖြေ လုပ်လိုက်ပြီးတော့ ထပ်ပြီး ဘာပြောလို့ ဆက်ပြောရမှန်း

www.burmeseclassic.com

စဉ်းစားလို့ မရပြန်ဘူး။

'သောက်လေကွာ၊ အေး ကုန်ဦးမယ်'

'ဟုတ်ကဲ့'

စဉ်းစားမရသေးခင် စပ်ကြား သူ့ကိုကော်ဖီသောက် ခိုင်းလိုက်ပြီးတော့ ကိုယ်တိုင် ကလည်း ခွက်ကိုင်ပြီးတစ် ကျိုက်မော့လိုက်တယ်။

'လက်ဖက်သုပ် စား ပါဦးလားကွ'

'တော်ပါပြီ ခင်ဗျ'

အမြည်းတွေထဲက လက်ဖက်သုပ်ပန်းကန်ကို သူ့ရှေ့ထိုးပေးပေမဲ့ မစား ဘူးဆိုတာနဲ့ ကိုယ်တိုင်ပဲ တစ်လုတ်နှစ်လုတ်စားပစ် လိုက်တယ်။ ဘာပဲပြောပြော အရက်သောက်တဲ့ကိစ္စတော့ လုပ်ဖြစ်သွားတာပေါ့လေ။

ခက်တာက ဘာပြောလို့ ပြောရမလဲဆိုတာပဲ။ ပိုးအိက ပြောတန်သလောက် တော် တော်များများပြောထားတော့ လည်း မေးစရာက ရှာမရဘူး ဖြစ်နေပြန်ရော။ ဒါပေမဲ့ ဒီ အတိုင်းကြီး ဘာမှမပြောဘဲ နေပြန်တော့လည်း မဟုတ် သေးဘူးလေ။ အခုတောင် သူကလည်း သူ့ကော်ဖီကို တစ်ခါငုံလိုက်၊ ကျွန်တော်က လည်း ကျွန်တော့်အရက်ကို တစ်ခါငုံလိုက်နဲ့ နှစ်ယောက် သားအသံတိတ်နေကြတာကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်း နေလိုက်ကြတာ ရယ်စရာ တော့ ကောင်းနေသား။

တကယ်တော့ လူကြီး ဖြစ်တဲ့ ကျွန်တော်ကပဲ စကား ပြော၊ ဒီစကားပြောနဲ့ အာလာ ပသလ္လာပ သဘောမျိုးပြော နေရမှာ။ ဒါမှလည်း လူငယ် ဖြစ်တဲ့သူက ကြောင်မနေမှာ။ ခက်တာက ကျွန်တော်ကမှ မပြောတတ်တာ။ ဒါမျိုးကျ စကားမရှိ စကားရှာ ပိုးအိက တော်သွားပြန်ရော။

ပိုးအိကို စဉ်းစားမိလိုက် တော့ ကျွန်တော့်ကို သူ မပြော ဘဲ ကျန်သွားတာ။ ကျွန်တော် ကလည်း မမေးလိုက်မိတာ ဖျတ်ခနဲ သတိရသွားတယ်။ အဲဒါကို အမေးအဖြေ လုပ်ရင် နှစ်ယောက်သား အနည်းနဲ့ အများတော့ နေသာထိုင်သာ ရှိသွားမှာ အမှန်ပဲ။ ဒါကြောင့် တဲ့ဆိုင်းမနေတော့ဘဲ သတိရ တုန်း သူ့ကို လှမ်းမေးလိုက် ရတယ်။

'ဟိုလေ၊ မောင်ထွဋ် ခေါင်မှာ မောင်နှမ ဘယ်နှ ယောက်ရှိသလဲ'

'ခင်ဗျာ'

တစ်ခန်းလုံး တိတ် ဆိတ်ငြိမ်သက်နေတဲ့အပြင် သူ့အတွေးနဲ့သူ ရှိနေတဲ့ မောင် ထွဋ်ခေါင်တစ်ယောက် ကျွန်တော့်အသံကို ရုတ်တ ရက်ကြားလိုက်ရတော့ အတော်လန့်သွားသလို ပြူးပြူးပျာပျာ ဖြစ်သွားလေ ရဲ့။ ဘာမေးလို့ မေးလိုက်မှန်း လည်း တကယ်ပဲ မသိလိုက် သလို ကျွန်တော့်ကို ပြန်မေး နေပြန်ရော။

'ဘာပြောလိုက်တာလဲ ခင်ဗျ'

'သြော်၊ မင်းမှာ မောင်နှမ ဘယ်နှယောက် ရှိသလဲလို့ မေးတာပါ'

'မရှိဘူး ခင်ဗျ။ ကျွန်တော်တစ်ယောက်တည်း ပဲ'

တစ်ယောက်တည်းပဲ တဲ့။ အထူးသဖြင့် အစ်မတို့ ညီမတို့ မရှိတဲ့အတွက် သမီး အနေနဲ့ စဉ်းစားကြည့်ရင် အဖု အကျိတ်ဖြစ်တတ်တဲ့ယောက်မ တွေ မရှိတာကိုက ကောင်း နေတာပေါ့လေ။

'အင်း၊ ကောင်းပါ တယ်'

'ခင်ဗျာ'

'သြော်၊ ဟိုလေ။ တစ် ဦးတည်းသောသားဆိုတော့ မိဘရဲ့ အချစ်ကို တစ်ယောက် တည်းရတာ ကောင်းတာပေါ့ လို့ အဲဒါပြောတာပါ'

ကိုယ့်အတွေးနဲ့ ကိုယ် ပြောလိုက်တာမို့ သူတစ်မျိုး ထင်သွားမှာစိုးတဲ့အတွက် ချက်ချင်းပဲ ဖြေပြောပြန်ပြော လိုက်ရတယ်။

ပြောပြီးပြီးချင်း ခွက်ကို လှမ်းယူပြီးမော့လိုက်တော့ အာစွတ်ရုံလောက်ကလေးပဲ ရှိတော့တာကိုး။ ဒီအတိုင်းဆို ထပ်ထည့်ရဦးမှာပေါ့။

သူ့ကို ကြည့်လိုက်တော့ ကုန်သွားတဲ့ကော်ဖီခွက်ကို စားပွဲခုံပုကလေးပေါ် လှမ်း တင်ပြီး ကျွန်တော် ဘာများ ပြောဦးမလဲ ဆိုတဲ့ပုံနဲ့ ကျွန်တော့်ကို မသိမသာ အကဲ ခတ်နေတာ တွေ့ရတယ်။

ကိုယ်က အကဲမခတ်ရ ဘဲ သူက ကိုယ့်ကို အကဲခတ် နေတာက အကြောင်းမဟုတ် ပေမဲ့ လောလောဆယ် အရက်ထပ်ထည့်ဖို့ကျတော့ သတိထားရမှာပေါ့လေ။ ဆက်တီမှာသာ သူထိုင်နေရင် ဆိုဒါတို့၊ ရေခဲတို့တွေ ထည့် ဦးတော့ သိလိုက်မှာ မဟုတ် ပေမယ့် အခုလို ရှေ့တည့် တည့်ကြီးမှာဆိုတော့ တလှုပ် လှုပ်လှုပ်နေတာတွေကို ရိပ်မိ သွားနိုင်တာပေါ့နော။ ဒါ ကြောင့် သူ့အာရုံပြောင်းသွား အောင် မနေ့တစ်နေ့က ထွက် တဲ့ဂျာနယ်သုံးလေးစောင်ကို ဆွဲယူပြီး သူ့ကိုလှမ်းပေးလိုက် တယ်။

'ရော့ကွ၊ အခုနောက် ဆုံးမှထွက်တဲ့ ဂျာနယ်အသစ် တွေဖတ်နေဦးနော်။ ခဏ လေး'

သူ့ကိုပြောပြောဆိုဆိုပဲ ကိုင်လက်စခွက်ကို ဆွဲယူ လာပြီး နောက်ဘက်ကို လျှောက်သွားလိုက်တယ်။ ပြီး တော့ ရေခဲသေတ္တာထဲက ဆိုဒါပုလင်းအသစ်ကို ဖောက်ထည့်၊ ရေခဲနှစ်တုံး လောက်ထပ်ထည့်ပြီး အိမ်ရှေ့ ကို ပြန်ယူလာလိုက်တယ်။

ကိုယ့်နေရာကိုယ် ထိုင် ပြီးလို့ သူ့ကိုကြည့်လိုက်တော့ ဂျာနယ်တစ်စောင်ကို စိတ်ဝင် တစားဖတ်နေတာ တွေ့ရ တယ်။ ဒါကြောင့် စားပွဲခုံပု အောက်က ဂျာနယ်တွေအောက် မှာ ကပ်ထားတဲ့အရက်ပုလင်း ထဲက နှစ်ပက်ကျော်ကျော် လောက်ထည့်ပြီး တစ်ကျိုက် မော့သောက်လိုက်တယ်။

'ငါးကြော် စားပါဦး လား၊ လက်ဖက်လည်း ယူ စားလေ'

'ဟုတ်ကဲ့၊ တော်ပါပြီ ခင်ဗျ'

သူက ခေါင်းမော့ပြီး ဖြေပြီးတာနဲ့ ဂျာနယ်ကိုပဲဆက် ဖတ်နေတာမို့ ကိုယ့်ဘာသာ ကိုယ်ပဲ ငါးကြော်တစ်ဖတ် ကောက်ယူဝါးနေလိုက်တော့ တယ်။

အခုဆိုရင် ခွက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

ည်း အပြည့်နှီးပါးရှိနေပြီ ဖြစ်လို့ ထွေထွေထူးထူးဘာမှ ထပ်လုပ်နေစရာ မလိုတော့ ဘူးပေါ့လေ။ သူသံသယဖြစ် ယ့်ကိစ္စ ထပ်လှုပ်ရှားစရာ လောလောဆယ်မရှိတော့ဘူး ဆိုပါတော့။

ဒါကြောင့်လည်း သူ ဂျာနယ်ဖတ်နေတုန်းမှာ အရက်တစ်ငုံငုံလိုက်၊ လက် ဖက်တစ်ဇွန်းစားလိုက်၊ သူ့ကို တစ်ချက်အကဲခတ်လိုက်၊ အရက်တစ်ကျိုက်မော့လိုက်နဲ့ အဆင်ကိုပြေလို့ပါပဲ။

ဒါပေမဲ့ အသံတွေ တိတ်နေတာကြီးကိုက သူက တော့ ဘယ်လိုနေသလဲ မသိ ဘူး။ ကျွန်တော်ကတော့ စိတ်ထဲမှာ ထိုင်းမှိုင်းလေးလံ နေသလိုမျိုး ခံစားနေရတယ်။

သူလည်း အဲဒီလိုမျိုး ဖြစ်ပုံရပါတယ်။ ဂျာနယ်တွေ ကို ဆက်မဖတ်တော့ဘဲ ကျွန်တော့်ကို တစ်ချက်လှမ်း ကြည့်လိုက်၊ မျက်လွှာကို ချ လိုက်၊ ဧည့်ခန်းထဲက ပစ္စည်း လေးတွေကို ဟိုကြည့်ဒီကြည့် ကြည့်လိုက်နဲ့ စိတ်ထဲမှာ ကျဉ်းကျပ်ပြီး တစ်ခုခုဖြစ် နေသလိုမျိုးတွေ့နေရတယ်။

နာရီကြည့်လိုက်တော့ ငါးနာရီတောင် ခွဲတော့မယ်။ ဘာမှဟုတ်တိပတ်တိ မပြော လိုက်ရပေမဲ့ အချိန်ကုန်တာ တော့ မြန်သား။ မြန်မြန်နွေး နွေးပါလေ။ သူ့ကို ခဏပဲဖြစ် ဖြစ် သတိထားမိတာနဲ့တင် 'မင်းပြောတာ အမှန်တွေချည်း ပါပဲကွာ' လို့ ပိုးအိပြောခဲ့တာ တွေကို ထောက်ခံပြောရမလို ဖြစ်နေတာကတော့ အမှန်ပါပဲ။

'ကဲ၊ မင်းလည်း ထိုင်ရ တာ ညောင်းနေရောပေါ့။ ပြန်

'မောင့်ကို
ပြောစရာရှိလို့'
ဒီမိန်းမကတော့
ဒီလိုပါပဲ
မောင်ကကို
တစ်ပြားသားမှ
မလျှော့တာ
သူငယ်ချင်းတွေ
ရှေ့မှာလည်း
မောင်ပဲ
သားသမီးတွေ
ရှေ့မှာလည်း
ဒီအတိုင်းပဲ
အဖေ အမေတွေ
ရှေ့မှာတောင်
မောင်လို့ပဲ
ခေါ်တာကိုး
ကြာတော့လည်း
အားလုံးလိုလိုက
ဒီအခေါ်ကို
ရိုးနေပါပြီ

ချင်ပြန်တော့လေ'

ကိုယ်ကိုယ်တိုင်လည်း ဘာမှထပ်ပြောစရာ မရှိတော့ တဲ့အပြင် သူ့ကိုကြည့်ရတာ လည်း စိတ်ပင်ပန်းနေပုံရတဲ့ အတွက် တိုက်ရိုက်ပဲပြောပြီး ပြန်ခွင့်ပြုလိုက်တော့တယ်။

'ဟုတ်ကဲ့'

သူက ဒီတစ်ခါတော့ ရပါတယ်လို့ မပြောတော့ဘူး။ စိတ်လက်ပေါ့ပါးသွားသလို မျက်နှာတစ်ချက်ဝင်းသွားပြီး မတ်တတ်ထရပ်လိုက်တယ်။

'အေးကွာ၊ မိုးလည်း ချုပ်တော့မှာမို့ ပြန်ချင်ပြန်လို့ ပြောတာပါ။ နောက်လည်း လာလည်ဦးပေါ့ ဟုတ်လား'

'ဟုတ်ကဲ့'

ကျွန်တော်က တံခါးမ ကြီးကို သွားဖွင့်ပေးလိုက် တယ်။

'သွားခွင့်ပြုပါဦး ခင်ဗျ'

'အေး အေး'

သူက ကျွန်တော့်ကို နှုတ်ဆက်ထွက်သွားပြီးတဲ့ နောက်တံခါးကို ပိတ်ပြီးတာ နဲ့ ကိုယ့်လုပ်ငန်းကိုယ်စဖို့ ပြန်ထိုင်တယ်။ စိတ်ထဲမှာ လည်း သူနဲ့ပတ်သက်လို့ ပေါ့ ပါးရှင်လန်းသွားသလိုပါပဲ။

အခုတွေ့လိုက်ရတဲ့ အတိုင်းကတော့ သမီးနဲ့ တကယ်လိုက်ဖက်တာပဲ။ သူ ကလည်း ဖြူဖြူ၊ သမီးက လည်း ဖွေးဖွေးဖြူနဲ့။ အရပ် အမောင်းကလည်း မြင့်မြင့် မားမား မတိမ်းမယိမ်းတွေ။ သမီးက စိတ်ထားနူးညံ့ပျော့ ပျောင်းသလို သူကလည်း ရည်ရည်မွန်မွန်နဲ့ စိတ်သဘော ထားဖြူစင်တဲ့ပုံပါပဲ။

လူက စိတ်ချမ်းသာပြီး ပီတိတွေနဲ့အတူ ကြည်နူးနေ လို့လားတော့ မသိဘူး။ အခု သောက်နေရတာကိုက ရသာ ပေါင်းစုံနဲ့ ချိုမြိန်နေသလိုပါပဲ။ ဒါကြောင့်လည်း ခွက်ထဲက လက်ကျန်က ခဏကလေးနဲ့ ကုန်သွားတာဖြစ်မှာ။

ခွက်ထဲကတင် မဟုတ် ပါဘူး။ ခွက်ထဲကို ထပ်ဖြည့် ပြီးလို့ ကြည့်လိုက်တော့ ပုလင်းထဲမှာလည်း သိပ်မကျန် တော့ဘူး။ ခုနစ်နာရီလောက် အထိ ခံမှခံပါ့မလားပဲ။

လောလောဆယ်တော့ ခွက်ထဲက ဆော်ဒါရေခဲရောပြီး အရက်ကို မြို့သောက်လိုက် တယ်။ တကယ်အရသာရှိနေ တာတော့ အမှန်ပဲ။ လက်ဖက် စားမယ်ဆိုပြီး ဇွန်းနဲ့မွှေနေ တုန်း ဘဲလ်သံကြားလိုက်ရ တယ်။ ပိုးအိ ပြန်လာပြီထင် ရဲ့။ မေးခွန်းတွေလည်း တစ် သီကြီးမေးတော့မယ် ထင်ရဲ့။

လက်ဖက်တစ်ဇွန်းစား ပြီး တံခါးသွားဖွင့်ပေးလိုက် တယ်။ တံခါးဝမှာ တွေ့ရ တာက ပိုးအိမဟုတ်ဘူး၊ ခပ် ရိုရိုကလေးရပ်နေတဲ့ မောင် ထွဋ်ခေါင်။

'ဟင်၊ မောင်ထွဋ်ခေါင် ဘာမေ့ကျန်ခဲ့လို့လဲ'

သူက ဘာမှပြန်မဖြေဘဲ သူ့လက်ထဲက အထုပ်တစ် ထုပ်ကို ကျွန်တော့်ကို လှမ်း ပေးလိုက်တယ်။ ကျွန်တော် လည်း ရောယောင်ပြီး လှမ်း ယူလိုက်မိတာပေါ့။

'သွားပါဦးမယ် ခင်ဗျ'

သူက ပြောပြောဆိုဆိုနဲ့ ပဲ မပြေးရုံတစ်မည် ထွက် သွားလေရဲ့။

အခုမှ အသိစိတ်ဝင်လာ မိပြီး အထုပ်ကို ကျွန်တော် ကြည့်လိုက်မိတယ်။ ကိုင် လိုက်ကတည်းကိုက ထင် လိုက်မိတဲ့အတိုင်း အရက်တစ် ပုလင်းပါပဲ။

ကျွန်တော် အရက်ကုန် တော့မယ်ဆိုတာ သိလို့ သူ ထပ်ပြီး ဝယ်လာပေးတာတော့ မဖြစ်နိုင်ဘူး။ ကုန်လား၊ မကုန်လား သူသိတာမှ မဟုတ်တာ။ ဒါဖြင့် ဘာစိတ် ကူးနဲ့ အခုလိုဝယ်ပေးရတာ လဲ။ ဒါကိုတော့ သူမှပဲ သိ လိမ့်မယ် ထင်ပါရဲ့။

■

**ကောင်းညွန့်**



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ(၁၃၁၀၀၀/ –)နှုန်း[illegible] ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်
ဖုန်း၀၇၂–၂၂၀၃၄၊၀၇၂–၂၁၅၄၁၊၀၉–၆၄၆၁၆၉၉၊၀၉–၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ)ဖုန်း၀၉–၉၁၀၂၁၇၈၇၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂–၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှု)ဖုန်း၀၉–၂၀၀၁၇၁၇

### ရန်ကုန်

သီရိသုဓမ္မသီဂီဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ၊ ဗိုလ်ချုပ်ဈေး။ ဖုန်း၀၉–၇၃၂၀၂၈၁၀)၊

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာရံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း၀၉–၅၁၅၂၂၇၇)

ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၉–၅၁၂၂၀၀၃)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၁–၂၂၀၅၁၉၊၀၉–၇၃၀၇၂၄၉၂)

ဒေါ်မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း၀၁–၅၁၉၅၀၉၊၀၉–၇၃၁၀၉၁၃၄)

ဒေါ်စန်းစန်းခိုင်(Real Gems)(အေ–၁၀၊ အမှတ် ၂၃–၂၅၊ ဂျိုးဖြူရိပ်သာ၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁–၂၅၂၂၇၂၊၀၉–၅၀၀၂[illegible]

ဒေါ်စန်းစန်းမေ(မဟာမြိုင်ဆေးတိုက်)(အမှတ်–၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း၀၁–၂၃၀၀၄၂၇၊၀၁–၂၃၀၀၄၂၈)

ကလျာမဂ္ဂဇင်းတိုက်(ရုံးချိန်)(အမှတ် ၁၆–ပထမထပ်၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁–၂၉၀၁၇၆)

## လှူဒါန်းကြတဲ့အလှူရှင်များစာရင်း

| | |
|---|---|
| ၉၆။ ဦးလင်းသူရဝင်း–ဒေါ်တင်သန္တာထွန်း<br>(သမီး)မအိမ့်မျက်သွယ်ဝင်း၊ မကြယ်ဖြူလင်း မိသားစု<br>အမှတ် ၈၃၃၊ ခနသိဒ္ဓိလမ်း၊ ၈ ရပ်ကွက်၊ မရမ်းကုန်း။ | ၁,၀၀၀,၀၀၀/-<br>(ဆယ်သိန်း) |
| ၉၇။ မောင်ဝေယံထွန်း(၁၂.၁၂.၁၂ မွေးနေ့အလှူ)<br>အမှတ် ၈၊ စကားဝါလမ်း၊ အေးရိပ်မွန်၊ လှိုင်မြို့နယ်။ | ၅၀၀,၀၀၀/-<br>(ငါးသိန်း) |
| ၉၈။ ကျေးဇူးရှင် မိဘများဖြစ်သော ဦးအရောင်–ဒေါ်ယုံတို့အား ရည်စူး၍<br>ဒေါ်ကြင်အေး မောင်နုမ၊ တူ၊ တူမ၊ မြေးများကောင်းမှု။<br>ကန်ကြီးထောင့်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၀,၀၀၀/-<br>(ငါးသိန်း) |
| ၉၉။ ရဟန်း ဒါယိကာမကြီး ဒေါ်အုန်း (၁၄.၁.၁၃၊ ၉၂ နှစ်ကွယ်လွန်)အား ရည်စူး၍<br>ဦးဘအေး ကောင်းမှု၊ ၂၁ (A)၊ အင်းလျားလမ်း၊ ရန်ကုန်။ | ၅၀၀,၀၀၀/-<br>(ငါးသိန်း) |

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ၁၀၀။ ဦးအောင်လင်း-ဒေါ်သန်းသန်းစီ မိသားစု<br>အမှတ် ၆၀၊ သာယာဝတီလမ်း၊ ဗဟန်း။ | ၅၀၀,၀၀၀/-<br>(ငါးသိန်း) |
| ၁၀၁။ ဝန်ကြီး ဦးအေးမြင့်ကြူ-ဒေါ်ခင်ဆွေမြင့် သားသမီးမြေးများမိသားစု<br>အမှတ် ၂၄၆၊ ပိတောက်မြိုင်လမ်း၊ သုဝဏ္ဏ။ | ၅၀၀,၀၀၀/-<br>(ငါးသိန်း) |
| ၁၀၂။ ဦးကျင်ဟုတ်-ဒေါ်သောင်းစိန် သားသမီးမြေးမြစ် မိသားစုကောင်းမှု<br>အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ | ၁,၀၀၀,၀၀၀/-<br>(ဆယ်သိန်း) |
| ၁၀၃။ နှစ်ဖက်သောမိဘများအားရည်စူး၍ ဒေါက်တာမြင့်သိန်း-ဒေါက်တာစောဥမ္မာမိသားစု<br>အမှတ် ၁၁၈၊ ဒိုင်းဝန်းကွင်းလမ်း၊ မင်းလမ်းမရပ်၊ မော်လမြိုင်မြို့။ | ၅၀၀,၀၀၀/-<br>(ငါးသိန်း) |
| ၁၀၄။ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်စိန် မိသားစု<br>အမှတ် ၁၂၀၊ ရွှေနှင်းဆီ ၆ လမ်း၊ ၉ မိုင်၊ မရမ်းကုန်း။ | ၃,၀၀၀,၀၀၀/-<br>(သိန်းသုံးဆယ်) |
| ၁၀၅။ ရွှေပြည်နန်း ဦးအောင်မြင့်-ဒေါ်ကြည်အေး မိသားစု<br>အမှတ် (၂၈/ F)၊ အင်းလျားမြိုင်လမ်း၊ ဗဟန်း။ | ၅၀၀,၀၀၀/-<br>(ငါးသိန်း) |
| ၁၀၆။ ဦးမြသိန်း-ဒေါ်နွယ်နွယ်စမ်း မိသားစု(၁၁.၃.၁၃ မွေးနေ့အလှူ)<br>အမှတ် (၆၆/၃၀) ပိတောက်မြိုင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်း။ | ၅၀၀,၀၀၀/-<br>(ငါးသိန်း) |
| ၁၀၇။ ဒေါက်တာ ခင်မောင်လေး(သွား/ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး-ငြိမ်း)<br>(၁၆.၉.၁၃ ကွယ်လွန် ၅ နှစ်ပြည့်)ရည်စူးအလှူ၊ ဒေါက်တာလှလှ<br>(ရန်ကုန်တက္ကသိုလ်ဆေးရုံအုပ်ကြီး-ငြိမ်း) မိသားစုကောင်းမှု။ | ၅၀၀,၀၀၀/-<br>(ငါးသိန်း) |
| ၁၀၈။ ဝဏ္ဏကျော်ထင် ဆရာကြီး ဦးချစ်တင်(သဒ္ဓမ္မဇောတိကဓဇ)နှင့် ဆရာမကြီး<br>ဒေါ်မြသွင်(မဟာသဒ္ဓမ္မဇောတိကဓဇ)ကောင်းမှု။<br>International Meditation Center (I.M.C) အင်္ဂလန်နိုင်ငံ။ | ၅၀၀,၀၀၀/-<br>(ငါးသိန်း) |
| ၁၀၉။ နှစ်ဖက်သောမိဘများနှင့် ညီမလေးအားရည်စူး၍ ဦးခင်မောင်ဝေ-ဒေါ်လှလှမြင့်၊<br>အမှတ် ၃၀၄၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း။ | ၁,၀၀၀,၀၀၀/-<br>(ဆယ်သိန်း) |
| ၁၁၀။ ဦးတန်ကာရှောင်-ဒေါ်ခူကြိုတီ(ခ)ဒေါ်စန်းစန်းမြင့် သားသမီးမြေးမြစ်မိသားစု<br>(ဒေါ်စန်းစန်းမြင့်၏ ၈၀ ပြည့်မွေးနေ့အလှူ) New York, U.S.A | ၅၀၀,၀၀၀/-<br>(ငါးသိန်း) |
| ၁၁၁။ သီရိပျံချီ Mr. K.F. Hoe (အငြိမ်းစားအတွင်းဝန်) (I.C.S,B.C.S)<br>အမှတ် ၂၊ ရွှေလီလမ်း၊ ကမာရွတ်။ | ၅၀၀,၀၀၀/-<br>(ငါးသိန်း) |
| ၁၁၂။ ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးဘ- ဒေါ်အေးတင်၊ သား မောင်သူရ၊<br>(အစ်မ+ခဲအို) ဦးမောင်မောင်-ဒေါ်ခင်တင်၊ (ဦးလေး)ဦးတင်တို့အား ရည်စူး၍<br>မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးရဲမြင့်-ဒေါက်တာဒေါ်တင်လင်းမြင့်<br>(ဒု-ညွှန်ချုပ်-ငြိမ်း၊ ကျန်းမာရေးစီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန)မိသားစုကောင်းမှု။<br>အမှတ် (စီ-၃)ကမ္ဘာအေးဗီလာ၊ မရမ်းကုန်း။ | ၂,၀၀၀,၀၀၀/-<br>(သိန်းနှစ်ဆယ်) |


**ထာဝရငွေပင်**

**ငွေကျပ်သိန်းနှစ်ထောင်ပြည့် ရေစက်ချအလှူမင်္ဂလာ အခမ်းအနားကို**
**၄.၁.၂၀၁၄(လွတ်လပ်ရေးနေ့) နံနက် ၈:၀၀ နာရီတွင်**
**သီရိလက္ခဏာရာမ ဒဂုံရိပ်သာ၌ ကျင်းပ**
**ပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင်များထံ ဖိတ်ကြားလွှာများ**
**အချိန်မီ ပေးပို့မည်ဖြစ်ပါသည်။**

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com



၁။

အဲဒီရွာကလေးထဲကို ဖိုးအူရောက်သွားတော့ ဖိုးအူနဲ့ ရွယ်တူလေးတွေက မျက်ကလူးဆန်ပျာနဲ့ ကြည့်ကြတယ်။

အညာသားဆိုတဲ့ အသားမည်းမည်းလေးက သူတို့အဖို့ ကမ္ဘာဦးသတ္တဝါလေးလို ထူးဆန်းနေတာလားမှ မသိတာ။ ဖိုးအူကတော့ သူတို့ကို ပြန်ကြည့်နေဖို့ အချိန်မရပါဘူး။ ရွာလယ် ချောင်းလေးထဲက တက်လိုက်ကျလိုက်ဖြစ်ဖြစ်နေတတ်တဲ့ ရေတွေကို ကြည့်ရတာနဲ့တင် ပျော်တယ်။ ရွာထိပ်က လေးခွဆယ့်နှစ်ပစ်စာလောက်ဝေးတဲ့ မြစ်ပြင်ကျယ်ကြီးကို ကြည့်ရင်း 'ဘုန်းဘုန်းကြီး လစ်မှ တဝကြီးရေစိမ်ပစ်လိုက်ဦးမယ်' လို့ ဖိုးအူ စိတ်ထဲက တေးထားလိုက်တယ်။

ကျောင်းပေါ်ရောက်တော့ ဖိုးအူမှာ ဘုန်းဘုန်းကြီးကို ပိုပြီးတော့ အထင်ကြီးသွားရတယ်။ 'ဒါမှ တို့ဘုန်းဘုန်းကြီးကွ' လို့ အသံတိတ်ဟစ်ပစ်လိုက်တယ်။

ကျောင်းအကျယ်ကြီးပေါ်မှာ ရုပ်ပွားတော်မြတ်ကြီးက ရွှေရောင်တဖိတ်ဖိတ်တောက်လို့။ ကျက်သရေခန်းကြီး နှစ်ခန်းကလည်း အာမခံသော့ကြီးတွေနဲ့ ခတ်ထားလိုက်တာမှ ညောင်းနေတာပဲ။ ရုပ်ပွားတော်ကြီးရှေ့က ငှက်ပျောပွဲကြီးက ဖိုးအူကို စိတ်ကသိကအောက်ဖြစ်အောင် လုပ်တယ်။ တဖွီဖွီမြည်နေတဲ့ ဗိုက်ကိုအသာပွတ်ရင်း ဖိုးအူ နဖူးနဲ့ကြမ်းနဲ့ငါးချက်ဆောင့်[illegible] လိုက်တယ်။

ဘုန်းဘုန်းကြီးက ဖိုးအူကိုလှမ်းကြည့်ပြီး 'ဟဲ့ ငဖိုးအူ[illegible] ခြေလက်နဖူး၊ တံတောင်ဒူး၊ ဒူးလည်းကျစေ ဦးချစေတဲ့။ မင်း[illegible] လည်း ငါ့ခြေမြေးလုပ်နေပြီး ဒီလို ဒီလို' ဆိုပြီးတော့ လုပ်ပြတ[illegible] ဖိုးအူစိတ်ထဲ 'အင်း ဘုန်းကြီးမြေးလုပ်ရတာလည်း မလွယ်[illegible] ပါလား' လို့ တွေးရင်း ဘုန်းဘုန်းကြီး ကျိန်းမယ့်အချိန်ကို စော[illegible] နေလိုက်တယ်။

❑

၂။

ရွာထိပ်ကို ဖိုးအူ ရောက်သွားတော့ ကလေးတွေက [illegible]



www.burmeseclassic.com

www.burmeseclassic.com

လက်က နာပါတယ်ဆိုမှ
ဟိုနေ့က အနိုင်ကျင့်တဲ့
နှစ်ယောက်က ရောက်လာပြန်ပြီ
တစ်ယောက်က ဖိုးအူရဲ့လက်ကို
ဖမ်းဆွဲပြီး 'သတ္တိ တဲ့၊
ဘာသတ္တိလဲ ထွီ' ဆိုပြီး
တံတွေးနဲ့ ထွေးတယ်

# ကလေးတစ်ယောက်ရဲ့ ကောင်းကင်

## လူခါး

ပြင်ပေါ်မှာ ဘောလုံးအစုတ်ကြီးကို ရွံ့တွေအလူးလူးနဲ့ တဘုတ်ဘုတ် ကန်နေကြတယ်။ အရှက်မရှိ ကိုယ်တုံးလုံးကောင်တွေတောင် ပါသေး။ သူတို့ကိုယ်စား ဖိုးအူဖြင့် ရှက်လိုက်တာ။

အညာက ပါလာတဲ့ အမေ့လက်ဖြစ် ဖျင်အင်္ကျီကလေးကို ကမ်းစပ်မှာ ချွတ်ထားခဲ့ပြီး ဖိုးအူ ရေထဲကို



www.burmeseclassic.com

www.burmeseclassic.com

> **မင်းက ငကြောက်လား**
> **မင်းက ငကြောက် ဆိုတော့ မြွေကိုက်လို့ သေသွားတဲ့ မင်းအဖေကလည်း ငကြောက်ပေါ့ ဟုတ်လား**

ဆင်းလိုက်တယ်။ မြစ်ရေထဲကို ခြေထောက်ချလိုက်တာနဲ့ ဖိုးအူ တစ်ကိုယ်လုံး စိမ့်သွားတာပဲ။ ဖိုးအူဘဝမှာ ရေတွေအများကြီးထဲ ပထမဆုံး ခြေချဖူးတာပဲ။

'အင်း မြစ်တောင် ဒီလောက်ကြီးရင် ပင်လယ်ဆိုတာ ဘယ်လိုဟာကြီးပါလိမ့်' လို့ ဖိုးအူတွေးမိတယ်။ ခြေထောက်ကို လှိုင်းလုံးကလေးတွေ လာရိုက်တုန်းပဲ ရှိသေးတယ် ဖိုးအူ နားထဲ အော်သံကြီး ကြားလိုက်ရတယ်။

'ဗိုလ်အောင်ဒင် ဗိုလ်အောင်ဒင်'

ဗိုလ်အောင်ဒင်တဲ့။ ဗိုလ်အောင်ဒင်ဆိုတာ ဖိုးအူတို့ အညာမှာကြည့်ခဲ့တဲ့ ဗီဒီယိုထဲက မိကျောင်းကြီးပဲ။ အသားတွေ တဆတ်ဆတ်တုန်လာရင်း ဖိုးအူ သောင်ပြင်ပေါ် ပြေးတက်ခဲ့တယ်။ ရေထဲကို ပြူးပြဲကြည့်တော့လည်း ဘာမိကျောင်းမှ မတွေ့ရဘူး။

'ဟေး'

ဘောလုံးကန်နေတဲ့ ကောင်တွေကပါ 'ဟေး' ဆိုပြီး ပြိုင်တူထအော်ကြတယ်။ ဖိုးအူလည်း လူတွေစုပြုံနေတဲ့ နေရာကို ကြည့်လိုက်တော့ ကမ်းပါးမှာ ပေါက်နေတဲ့ လမုပင်ငုတ်တိုကြီးပေါ်ကနေ ဖိုးအူတို့အရွယ် ကောင်လေးတစ်ယောက် မြစ်ထဲကို ဒိုင်ဗင်ထိုးချတာ မြင်လိုက်တယ်။

'ဟေး ဒါမှ ဗိုလ်အောင်ဒင်ကွ'

ဖိုးအူ စိတ်တိုလိုက်တာ။ ရေထဲ ဒိုင်ဗင်ထိုးချနေတဲ့ကောင်ကို မိကျောင်းနာမည်ကြီးအော်ပြီး ဂုဏ်ပြုရတယ်လို့။ သူတို့ အောက်ပြည်ရဲ့ ဓာတ်လိုက်မင်းသားကြီးနာမည်နဲ့။ ဟော ကြည့်နေတုန်း နောက်တစ်ယောက် လမုပင်ပေါ် တက်လာပြန်ပြီ။ ဒီအခါဘယ်လိုအော်ဦးမလဲလို့ ဖိုးအူ ကြည့်နေလိုက်တယ်။

'ရေငန်ပိုင် ဦးရှင်ကြီးကွ'

'ဝုန်း'

နှစ်ယောက်ပေါင်းလို့တောင် ဘုန်းဘုန်းကြီးကျောင်းက ကပ္ပိယကြီးလောက် သန်သန်မာမာ မရှိတဲ့ကောင်တွေက ကြီးကျယ်လို့။ ဖိုးအူလည်း ရေချိုးချင်စိတ် မရှိတော့တာနဲ့ဘဲ ဖျင်အင်္ကျီလေးကို ပြန်ဝတ်ပြီး မြစ်ကြီးကို ကျောခိုင်းလိုက်တယ်။

'ဟေ့ကောင် အညာသား'

မာဆတ်ဆတ် ထောင့်ကျောကျော အသံတစ်ခုက ဖိုးအူနားစည်ကို ခွက်စောင်းခုတ်သလို လာရိုက်တယ်။ ဘယ်ကလာတဲ့ အသံလဲလို့ ဖိုးအူ လိုက်ရှာကြည့်တော့ ဘောလုံးကို ပိုက်ထားတဲ့ ကောင်လေးတစ်ယောက်။ ဖိုးအူက သူ့မျက်နှာထက် နှစ်ဆ လောက်သာတဲ့ အချိုးနဲ့ ငေါ့ပေးလိုက်တယ်။

'ဘာလဲကွ အောက်သား'

'မင်း ရေမကူးတတ်ဘူး မဟုတ်လား'

မေးတာကိုက ကြည့်။ ရေကူးတတ်လား မေးရမှာကို မင်း ရေမကူးတတ်ဘူး မဟုတ်လားတဲ့။ ဒါ ဖိုးအူကို အညာသားမှန်းသိလို့ တမင်ရိတာ။ ဖိုးအူကို ဒီလိုဗိုလ်ကျလို့ ဘယ်ရမလဲ။

'ရေကူးတတ်တာမှကူး၊ ကူးနဲ့တောင် နေသေး။ တို့ဆီက ယင်းချောင်းတွေက မင်းတို့ဆီက မြစ်ထက်တောင် ရေစီးသန်သေး'

ဖိုးအူကို ငေါ့တဲ့အကောင် ဇက်ပုသွားတယ်။ ဟုတ်ဟုတ် မဟုတ်ဟုတ် ပြောချလိုက်တယ်။ ဒီကောင်တွေက ဒီလိုပြောထားမှ။ နို့မို့ဆို ဖိုးအူကိုများ နှိမ်ချင်သလို ကြည့်ကြည့်နေတာ သိတာပေါ့။

'အလကား ဘုန်းကြီးကျောင်းသား၊ အညာသား ငဖြီး'

'ငအောက်သား မင်းက... မယုံဘူးလား၊ မယုံရင် ဒီမှာ... ကြည့်ထား'

ဖိုးအူလည်း စိတ်တိုတို... လမုပင်တိုကြီးပေါ် ကုပ်ဖက်... တက်ပြီး လက်သီးလက်... မောင်း တန်းပြလိုက်တယ်... အောက်သားက ကြည့်နေရင်း... မျက်နှာကို မဲ့ရွဲ့ပြီးအော်တယ်...

'ဘုန်းကြီးကျောင်း... သား သူတောင်းစား၊ ဘုန်း... ကြီးကျောင်းသား သူတောင်း... စား'

သူ့အော်သံကြားတော့... အားလုံးက ဝိုင်းအော်ကြ... တယ်။ ဖိုးအူ စိတ်တိုလိုက်... တာ။ ရင်ထဲမှာ လှပ်လှပ်... လှပ်လှပ်နဲ့။ အောက်ကို ငုံ့... ကြည့်လိုက်တော့ မြစ်ရေတွေ... က ဖွေးလို့။ ဒီကောင်တွေက... သူတို့လူကျတော့ ဗိုလ်အောင်... ဒင် အော်ရတာနဲ့၊ ဦးရှင်ကြီး... အော်ရတာနဲ့။

ဖိုးအူအလှည့်ကျတော့... ဘုန်းကြီးကျောင်းသား သူ... တောင်းစားလေး ဘာလေး... တွေ့ကြသေးတာပေါ့ကွာ။ ဖိုး... အူလည်း အညာက ဖိုးအူ... တဲ့ နာမည်တစ်ခုကို အပြေ... အလွှား အော်ထည့်လိုက်ပြီ... မြစ်ထဲကို ဒိုင်ဗင်ထိုးချလိုက်... တယ်။

'ဗိုလ်ချုပ်အောင်ဆန်း... ကွ'

'ဝုန်း'

❑

၃။

လှည်းနောက်မြီးမှာ... တန်းလန်းချပြီး လိုက်လာ... ဖိုးအူကို အမေက ... အောက်ကနေ ခြေချင်းလိုက်... လျှောက်လာရင်း ချော့တယ်...



www.burmeseclassic.com

www.burmeseclassic.com

'လူလေး လိုက်မသွားပါနဲ့ လူလေးရယ်။ အမေစိတ်မချလို့ပါ။ အောက်ပြည်အောက်ရွာဆိုတာ အဝေးကြီးပဲ လူလေးရဲ့'

အမေကလည်း ဖိုးအူ့အမေလုပ်ပြီး ဖိုးအူစိတ်ကို မသိဘူး။ လိုက်သွားချင်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဖိုးအူ ရွာမှာ မနေချင်ဘူး။ ရွာမှာ မြွေတွေက ပေါက ပေါပါဘိနဲ့။

ဘုန်းဘုန်းကြီးက ပြောတယ်။ အောက်ပြည်မှာ မြွေလည်း မပေါဘူးတဲ့။ ရေတွေလည်း အများကြီးပဲတဲ့။ ဖိုးအူကြိုက်တာက ဖိုးအူအဖေ့ကိုကိုက်တဲ့ မြွေတွေမရှိတာဘဲ။ အဲဒီမြွေတွေက အဖေ့ကို ဖိုးအူတို့ ဘဝထဲက ဆွဲထုတ်သွားတာ။ ခုလည်းကြည့် အမေက ဖိုးအူကို လိုက်မသွားစေချင်ဘူး။

'အမေ နေခဲ့ပါလို့ဆိုနေ ဖိုးအူ လိုက်သွားမှာ'

'လိုက်မသွားပါနဲ့ လူလေးရယ်။ လူလေးက ငယ်သေးတယ်။ လေးတန်းအောင်မှသွားနော်၊ လေးတန်းအောင်မှသွား'

အမေက မျက်ရည်တွေ ...ကျရင်း ပြောနေပေမဲ့ ဖိုးအူ ...တော့ မပြင်တော့ပါဘူး။ ဘုန်းဘုန်းကြီးကလည်း သူ့...ကိုကြည့်ပြီး စိတ်မကောင်း ...နေပုံရတယ်။ ဖိုးအူအမေ့ ...တော့ သနားပါရဲ့။ ဒါပေမဲ့ ဘုန်းဘုန်းကြီးနဲ့ပဲ လိုက်သွား...တော့မယ်။

အမေက ဖိုးအူတို့ရွာက ... နှစ်နာရီလောက် လှည်းစီး...တဲ့ မြို့ကလေးအထိ လှည်း ...ောက်ကနေ ခြေလျင်လျှောက်ပြီး လိုက်လာတာ။ ပြန်ပါဆိုတော့လည်း မပြန်ဘူး။ ဖိုးအူနဲ့ ဘုန်းဘုန်းကြီး ရထားပေါ်ရောက်လို့ ရထားကြီးထွက်တော့ အမေက ဖြည်းဖြည်းချင်း ပြေးလိုက်လာသေးတယ်။

ရထားကြီး အရှိန်မြန်လာတော့ အမေ့ကို ဖိုးအူ မတွေ့ရတော့ဘူး။ ဖိုးအူ ပြတင်းပေါက်ကနေ ခေါင်းပြူပြီး အမေ့ကိုကြည့်တော့ အမေက ရထားကြီးရဲ့အဝေးမှာ ကျန်နေခဲ့ပြီ။ ဒါပေမဲ့ အမေကတော့ ပြေးနေတုန်းပဲ။ ဖိုးအူရင်ထဲ ဘယ်လိုကြီးမှန်း မသိဘူး။ အမေ့ကို သနားတဲ့စိတ်က ရင်ထဲဆို့တက်လာတယ်။ မှုန်ပုပုလေးသာ မြင်ရတော့တဲ့ အမေ့ကို ဖိုးအူ အော်ပစ်လိုက်တယ်။

'အမေ...'

❑

၄။

ဖိုးအူ သတိရတော့ အမေထည့်ပေးလိုက်တဲ့ ဖျင်စောင်ပိုင်းကလေးက ဖိုးအူရဲ့ကိုယ်ပေါ်မှာအုပ်လို့။ အမေ့ကိုယ်နံ့လေး သင်းနေတာက အမေကိုယ်တိုင် ဖိုးအူကို ဖက်ထားသလိုပဲ။

ဘေးနားမှာ ဖိုးအူတို့အမေအရွယ် အဒေါ်ကြီးတစ်ယောက်က ဖိုးအူကို ကရုဏာသက်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေတယ်။ ဘုန်းဘုန်းကြီးက-

'ဘယ်လိုလဲ ငဖိုးအူ၊ ရေထဲမှာ တော်တော် မိမ်ကျရဲ့လား'

ဟုတ်သားပဲ။ ဖိုးအူ အခုမှ သတိရတယ်။ ရေထဲကို ဒိုင်ဗင်ထိုးချလိုက်တာ နှာခေါင်းထဲနဲ့ ပါးစပ်ထဲကို ရေတွေ ဝင်လာတာပဲ ဖိုးအူ သိလိုက်တယ်။ ကျောင်းကိုတောင် ဘယ်လို ပြန်ရောက်လာမှန်း မသိလိုက်ဘူး။ ဖိုးအူ အိပ်မက်ထဲမှာ အမေ့ကို အော်ခေါ်ပြီး လန့်နိုးလာတာပဲ။

'ဒါ မြေး စာသင်ရမယ့် ကျောင်းက ဆရာမလေ'

ဘုန်းဘုန်းကြီးက ဆရာမဆိုတဲ့ အဒေါ်ကြီးနဲ့ ဖိုးအူကို မိတ်ဆက်ပေးတယ်။ အဲဒီအဒေါ်ကြီးက ဖိုးအူရဲ့ လက်ဖျားလေးတွေကို ဖြည်းဖြည်းချင်း ဆုပ်နယ်ပေးနေတယ်။ ဖိုးအူရင်ထဲ အမေ့ကို သတိရလိုက်တာ။ အမေသာ အနားမှာရှိရင် ဖိုးအူကို ပြုစုမှာပဲ။ ခုတော့ ဆရာမက လက်နဲ့ခြေပြီး နှာခေါင်းဝတော့ ပေးတဲ့ မာလကာရွက်ကလေးကိုပဲ ဖိုးအူရှူနေရတယ်။ မာလကာနံ့လေးက ခေါင်းထဲကို စူးခနဲ စူးခနဲ။

'ဖိုးအူလေးက ဘယ်နှတန်းရောက်ပြီလဲ သား'

'ဖိုးအူ ဒုတိယတန်း အောင်ပြီးပါပြီ ဆရာမ'

'ဟုတ်လား၊ ဖိုးအူက စာတော်မယ့်ပုံပါ။ ဒုတိယတန်းထဲက ဘယ်စာကို မှတ်မိသေးလဲ ဆရာမကို ရွတ်ပြပါဦး'

ဖိုးအူကလည်း ဒုတိယတန်း မြန်မာဖတ်စာထဲက 'တို့ဖေဖေ' ဆိုတဲ့ ကဗျာလေးကို ရွတ်ပြလိုက်တယ်။ ဆရာမက ဖိုးအူကို တော်လိုက်တာလို့ ချီးကျူးပြီး လက်ခုပ်တီးတယ်။ ဒါတောင် ဖိုးအူရွတ်ပြတာ အထစ်အထစ်ဖြစ်နေလို့။

ဖြစ်နိုင်ရင် ဆရာမကို ဖိုးအူ ကြောင်းကြောင်းပြေးရွတ်ပြချင်ပါတယ်။ ဒါပေမဲ့ အဲဒီကဗျာကိုရွတ်တိုင်း ဖိုးအူမှာ အမြဲတမ်း အထစ်အထစ်ဖြစ်ရတယ်။ ဘာလို့လဲဆိုတော့ ဖိုးအူအဖေ့ကို အရမ်းသတိရလို့ပါ။

❑

၅။

ဖိုးအူနဲ့ဘုန်းဘုန်းကြီး ဆွမ်းခံထွက်တိုင်း ဖိုးအူက 'ဆွမ်းတော်ဖျို့' လို့ အော်ရတယ်။ ဘုန်းဘုန်းကြီးက ရှေ့က သပိတ်ကလေးပိုက်လို့။ ဖိုးအူက ဆွမ်းဟင်းချိုင့်တွေ ထမ်းရင်း နောက်ကလိုက်ပေါ့။ ရေတွေ တအားတက်တဲ့နေ့တွေဆို ဖိုးအူက လှေလှော်ရင်း ဆွမ်းတော်ဖျို့အော်။ ဘုန်းဘုန်းကြီးက လှေဦးမှာ ထိုင်ပေါ့။

ဆွမ်းခံက ပြန်ရောက်တာနဲ့ ဘုရားမှာ ဆွမ်းတော်တင်၊ ဘုန်းဘုန်းကြီးကို ဆွမ်းကပ်။ ပြီးရင် ဖိုးအူနဲ့ ကပ္ပိယကြီး အတူတူ ထမင်းစား၊ သပိတ်တွေ ဆွမ်းချိုင့်တွေ ဆေးပြီး ဖိုးအူ ကျောင်းကို ပြေးရတာပေါ့။

တစ်နေ့ကြီးတော့ ဖိုးအူ ထုံးစံအတိုင်း ကျောင်းကို အသွား ကျောင်းရောက်ခါနီး ကုက္ကိုပင်တန်းနား ရောက်တော့ ကုက္ကိုပင်ကြီးပေါ်က အော်သံကြီး ကြားရတယ်။

'ဟေ့ကောင် အညာသား၊ ဘုန်းကြီးကျောင်းသား သူတောင်းစား'

ဖိုးအူ လိုက်ရှာကြည့်



www.burmeseclassic.com

www.burmeseclassic.com

တော့လည်း ဘယ်သူ့မှ မတွေ့ရဘူး။ ဖိုးအူကို ခေါ်တာတော့ သေချာတယ်။ ဒီနာမည်က တစ်ရွာလုံးမှာ ဖိုးအူတစ်ယောက်တည်းသာ အခေါ်ခံခဲ့ရတဲ့နာမည်။ အောင်မလေး နေ့ခင်းကြောင် တောင်ကြီး။

'ဟော့ကောင် ဘုန်းကြီးကျောင်းသား'

ပြောပြောဆိုဆို ကုက္ကိုပင်တန်းနောက်က ထွက်လာတဲ့ လေးတန်းကျောင်းသားနှစ်ယောက်။ ချဉ်ဖတ်ကို ငါးပိရည်ဆမ်းချင်တဲ့ အကြည့်နဲ့ ကြည့်နေကြတယ်။ ဖိုးအူက အပင်ပေါ်က ထင်နေတာ။

'မင်းက တို့အိမ်က ငါးဟင်းတွေကို အချောင်စားတဲ့ကောင်။ တို့က ဘုရားနဲ့ ဘုန်းဘုန်းကြီးကို လှူတာ။ မင်းက ကပ်စားတဲ့ ကပ်မြှောင်'

ဖိုးအူ စိတ်ထဲ ခံပြင်းလိုက်တာ။ ဖိုးအူက ဘုန်းဘုန်းကြီးရဲ့မြေးလေ။ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုတဲ့အတိုင်း ဘုန်းဘုန်းကြီးဆီမှာနေရင်း စားမိတာပါ။ ဒါကို သိသိနဲ့ ဖိုးအူကို ရန်စတာ။

'စားလို့ တော်တော်ကောင်းရဲ့လားကွ' ဆိုပြီး တစ်ယောက်က ဖိုးအူကို နားရင်းအုပ်တယ်။ ဖိုးအူခေါင်းထဲ ကြယ်တွေလတွေ ပလုံစီသွားတယ်။ ဖိုးအူ အံသွားတွေကို အသံထွက်အောင် ကြိတ်ပစ်လိုက်တယ်။ အံကြိတ်သံတွေ ထွက်လာရမယ့်အစား ဖိုးအူရဲ့ မျက်လုံးအိမ်ထဲက မျက်ရည်တွေပဲ ထွက်လာတယ်။

နောက်တစ်ယောက်က ဖိုးအူရဲ့တင်ပါးကို ပိတ်ကန်

> 'သတ္တိ
> ဆိုတဲ့
> စာလုံးလေးကို
> နက္ခတ်မိအောင်
> ထိုးပေးတဲ့
> ဟိုဦးလေးကြီး
> ဘယ်ပွဲဈေး
> ကူးသွားသလဲဟင်'
> ဆိုပြီး
> ဖိုးအူကို
> လေသံ
> ပျော့ပျော့နဲ့
> လာမေးတယ်
> ဖိုးအူ
> ပြုံးရုံပဲ
> ပြုံးပြလိုက်တယ်

ပြီး 'နှပ်ချေး ငကြောက်' လို့ ပြောပြီး ဖိုးအူအနားက ထွက်သွားကြတယ်။ ဖိုးအူ မျက်ရည်တွေကို သုတ်ပစ်ပြီး ကျောင်းကိုလာခဲ့တယ်။ ဖိုးအူ ဆရာမကို မတိုင်ပါဘူး။ ဒါပေမဲ့ ဖိုးအူ လိုချင်တာလေး တစ်ခု ဆရာမဆီက တောင်းမိတယ်။

'ဆရာမရယ် ဖိုးအူကို သတ္တိတွေပေးပါ။ ဖိုးအူ သတ္တိရှိချင်လို့'

'ဖိုးအူရဲ့ သတ္တိဆိုတာ ပေးလို့ရတာမျိုး မဟုတ်ဘူးသားရဲ့။ အချိန်တန်မှ သူ့အလိုလို ရောက်လာတဲ့ ဥစ္စာ'

'ဘယ်လို အချိန်တန်မှလဲ ဆရာမရဲ့'

ဆရာမက ဖိုးအူရဲ့ နားထင်စပ်ကို ဆံပင်မွေးနုလေးတွေကို အသာသပ်တင်ပေးပြီးတော့ မိုးပေါ်ကို လက်ညှိုးထိုးပြပြီးမေးတယ်။

'ဟိုမှာကြည့်၊ ဘာတွေမြင်ရသလဲ သား'

'တိမ်တွေလေ ဆရာမရဲ့'

'နေ့ခင်းဆိုတော့ တိမ်တွေပေါ့ကွယ်။ ညရောက်ရင်တော့ ကြယ်တွေမြင်ရမှာပေါ့။ အဲဒီကြယ်တွေက ညအခါမှ ရောက်လာသလိုပဲ ဖိုးအူလိုချင်တဲ့ သတ္တိတွေလည်း အချိန်တန်တဲ့ တစ်နေ့ ရောက်လာလိမ့်မယ် သားရဲ့'

အဲဒီနေ့က ဆရာမကို ဖိုးအူ မကျေနပ်ပါဘူး။ ဘာတွေ ပြောမှန်းလည်း မသိဘူးတကယ်။

❑

၆။

ကရင်နှစ်သစ်ကူး ပွဲဈေးထဲက ပျံ့လာတဲ့ အကြော်နံ့တွေက ဖိုးအူ နှာခေါင်းထဲကို စုပြုံဝင်လာကြတယ်။ ပွဲတော်ချင်း တူပေမဲ့ ဖိုးအူတို့ရွာက တပေါင်းပွဲနဲ့တော့ မတူပါဘူး။ ဖိုးအူတို့ ရွာမှာက ဖုန်တထောင်းထောင်း ချူသံတညံညံနဲ့။ ပွဲခင်းထဲ ပြေးလိုက်၊ လွှားလိုက်။

ဒီမှာကျတော့ ဘယ်နေရာကြည့်ကြည့် ရေတွေပဲ ရှိတာဆိုတော့ ဇာတ်ခုံ ဆောက်ထားတာနဲ့တင် ကျောင်းဝိုင်းက ပြည့်နေပြီ။ ပွဲဈေးဆိုပေမဲ့ ရွာတုန်းကလို 'မုန့်ဖိုးပေးဦး အမေ' လို့ တောင်းစရာမရှိတော့ ဖိုးအူမှာ သွားရည်ကျရ

ကျရတာပဲ အဖတ်တင်တယ်။ ဇာတ်ခုံပေါ်က ကရင်ဒုံးယိမ်း... သံက ဖိုးအူ နားမလည်... ထင်ပါရဲ့၊ ဖိုးအူတို့ အညာ... ဦးကျ ဖားအော်သံတွေ... အတိုင်းပဲ။

ဘုန်းဘုန်းကြီး... လည်း ကျောင်းပေါ်မှာ... အလုပ်ရှုပ်နေတာနဲ့ပဲ ဖိုးအူ... မေ့နေရောပေါ့။ ဖိုးအူလည်း... လျှောက်သွားရင်း လူတွေ... နေကြတဲ့ နေရာကို တိုးကြည့်... တော့ ဖွဲတို့၊ သတ္တိတို့၊ အချ... တို့ကို လက်ပေါ်မှာ ဆေး... ထိုးပေးတဲ့နေရာလေး။ တ... ခါထိုး တစ်ကျပ်တဲ့။ ဖိုး... ထိုးချင်လိုက်တာ။ အချစ်... ဖွဲတို့တော့ ဖိုးအူ မထိုးချင်... ဘူး။ ဖိုးအူ ထိုးချင်တာ... သတ္တိဆိုတဲ့ စာလုံးလေး။

'ဟော့ကောင်လေး ထိုး... မလား။ ထိုးချင်ရင် တစ်ကျ... ယူခဲ့'

ဖိုးအူ ရပ်ကြည့်နေတာ... ဆိုင်ရှင် ဦးလေးကြီးက ဖိုး... ကိုမေးတာ။ ဖိုးအူ ဘာမှ ပြ... မဖြေပါဘူး။ တစ်ကျပ်... ဖိုးအူမှာ မရှိတာ။ ဒါပေမဲ့ အဲ... ဆိုင်လေးနားမှာပဲ ဖိုးအူ ရပ်... ကြည့်နေလိုက်တယ်။ ... ကြည့်ရတာ ညောင်းရင် ထိုင်... ပြီးတော့ကြည့်တယ်။

ဖိုးအူ ဘယ်လော... ကြာကြာ ထိုင်နေမိမှန်း မသိ... ပါဘူး။ လူတစ်ယောက်... ဖိုးအူကို လှုပ်နိုးမှပဲ နိုး... တော့တယ်။

'ကဲ ကောင်လေး ဘာ... ထိုးချင်လဲပြော။ အလကား... ထိုးပေးမယ်'

မော့ကြည့်လိုက်တော့... စာလုံးလေးတွေ ရေးထဲ... က ဦးလေးကြီး။ ဖိုးအူ...



www.burmeseclassic.com

www.burmeseclassic.com

လိုက်တာ။

'တကယ်လားဗျ'

'တကယ်ပေါ့ကွ၊ ကဲ ပြော ဘာထိုးမလဲ'

ဖိုးအူလည်း သတ္တိဆိုတဲ့ စာလုံးလေးကို လက်ညှိုးထိုး ပြလိုက်ပြီး ညာဘက်လက် ကလေးကို ထိုးပေးလိုက် တယ်။ ဦးလေးကြီးက လက် ဖမိုးပေါ်ကို ကွမ်းရွက်နဲ့ပွတ် ပြီး တဒီးဒီးအော်တဲ့ စက် ကလေးနဲ့ ထိုးပေးတယ်။ သတ္တိတဲ့။ အသားထဲ နစ်ဝင် သွားတဲ့ အသွားချွန်ချွန်လေး က တစစ်စစ်နဲ့ ဖိုးအူ အသည်းထဲအထိ နစ်ဝင်သွား တယ်ထင်ရတယ်။

'ဦးလေးကြီး ဒီ ကြောက်ကို သတ္တိလို့ ထိုး ပေးရမှာ မဟုတ်ဘူး။ ကြောက်လို့ ထိုးပေးရမှာဗျ ဟား ဟား'

ဟိုနေ့က ဖိုးအူကို ချ သွားတဲ့နှစ်ယောက် ရောက် လာပြီး ဖိုးအူကို ခနဲ့တယ်။ ဒါကို ဦးလေးကြီးက ဘယ် လို အဓိပ္ပာယ်ကောက်လဲ မသိ ပါဘူး။

'မင်းတို့ နောက်တစ်ခါ ဒီကောင်ကို မစနဲ့နော်။ အခု ထိုးပေးတဲ့သတ္တိက နက္ခတ်နဲ့ ညှိပြီး ထိုးပေးလိုက်တာ'

ဘယ်လိုပဲ ထိုးထိုးပါ။ ဖိုးအူကတော့ သတ္တိဆိုတဲ့ စာ လုံးလေးရတာကိုပဲ သဘော ကျလှပြီ။ ထိုးလည်းပြီးရော ဦးလေးကြီးက လက်ဖမိုး ပေါ်မှာ ကွမ်းရွက်ကလေးနဲ့ အကျအန အုပ်ပေးတယ်။ ဖိုး အူလည်း ဦးလေးကြီးကို တစ်ချက်ပြုံးပြပြီး ကျောင်း ပေါ် ပြန်တက်ခဲ့တယ်။ ကျောင်းပေါ်မှာတော့ ဘုန်း ဘုန်းကြီးက အလုပ်တွေရှုပ် နေတုန်းပဲ။

❑

၇။

မနက်လင်းတော့ ရောင်ကိုင်းနေတဲ့ လက်ကို ဘုန်းဘုန်းကြီး မြင်မှာစိုးတာနဲ့ ဖိုးအူလည်း အင်္ကျီလက်ရှည် ကြီးဝတ်ပြီး ဆွမ်းခံထွက် တယ်။ ကျောင်းပြန်ရောက် တော့ ဆွမ်းတော်အမြန်တင်၊ ဘုန်းဘုန်းကြီးကို ဆွမ်းကပ် ပြီး ထမင်းမစားတော့ဘဲ စာ သင်ကျောင်းကို စောစော ထွက်ခဲ့တယ်။ ကျောင်းပေါ် ရောက်တော့ ဘယ်သူမှ မ ရောက်ကြသေးဘူး။ အင်္ကျီ လက်ကို လိပ်တင်ပြီး သတ္တိ ဆိုတဲ့ စာလုံးလေးကို ကြည့် လိုက်တော့ အရောင်မပျယ် သေးတဲ့ စာလုံးလေးက လက်ဖမိုးပေါ်မှာ မို့မို့လေး။

ဆေးများကျွတ်သွား မလားဆိုတဲ့အတွေးနဲ့ စာလုံး လေးကို ပါးစပ်နဲ့ စုပ်ကြည့် တော့ ချဉ်တင်တင် စပ်တပ် တပ် အရသာလေး။ ဆေးက တော့ မပျက်ပါဘူး။ ပါးစပ် ထဲပါလာတဲ့ တံတွေးလေးကို ထွေးပစ်ရမှာ နှမြောတာနဲ့ ဖိုးအူလည်း မျိုချပစ်လိုက် တယ်။

'ဟေ့ကောင် အညာ သား'

ဖိုးအူ စိတ်ညစ်ပါ တယ်။ လက်က နာပါတယ် ဆိုမှ ဟိုနေ့က အနိုင်ကျင့်တဲ့ နှစ်ယောက်က ရောက်လာပြန် ပြီ။ တစ်ယောက်က ဖိုးအူရဲ့ လက်ကို ဖမ်းဆွဲပြီး 'သတ္တိ တဲ့၊ ဘာသတ္တိလဲ ထွီ' ဆိုပြီး တံတွေးနဲ့ ထွေးတယ်။

'သတ္တိတကယ်ရှိရင် လာခဲ့၊ ငါနဲ့ချမယ်'

နောက်တစ်ယောက်က ခြေတွေ၊ လက်တွေကို လက် ဝှေ့ကားထဲကလို လုပ်ပြီး ဖိုးအူကို စိန်ခေါ်တယ်။ ဖိုးအူ လွယ်အိတ်ကလေးဆွဲပြီး ကျောင်းပေါ်က ဆင်းလာ မယ်လုပ်တော့ တစ်ယောက် က ရှေ့ကနေ ကာရပ်ပြီး ရင် ဘတ်ကို ဆောင့်တွန်းရင်း ပြောတယ်။

'မင်းက ငကြောက် လား၊ မင်းက ငကြောက်ဆို တော့ မြွေကိုက်လို့ သေသွား တဲ့ မင်းအဖေကလည်း ငကြောက်ပေါ့၊ ဟုတ်လား ဟား ဟား'

'ဘာဗျ'

ဖိုးအူဘဝမှာ ဘယ် တုန်းကမှ မအော်ဖူးတဲ့ အသံ ကြီးနဲ့ အော်လိုက်မိတယ်။ ဒေါသတွေ အလိမ့်လိုက် တက်လာတဲ့ ရင်ဘတ်ကြီးက နိမ့်ချည်၊ မြင့်ချည်ဖြစ်လာပြီး အသက်ရှူသံတွေက မြွေ ဟောက်တစ်ကောင်ရဲ့ နှာမှုတ် သံလို တရှူးရှူး ပြင်းလာ တယ်။

ခဏအတွင်းမှာ ဖိုးအူရဲ့ အသိစိတ်တွေက ခန္ဓာကိုယ် ထဲကနေ ပြေးထွက်ပြီး လူ ရမ်းကားတစ်ယောက်လို လှုပ်ရှားမှုတွေ ခက်ထန်မာ ကျောသွားတယ်။ ဖိုးအူရဲ့ စိတ်ကို တည်ငြိမ်အောင် ပြန် လည် ထွေးပိုက်မိတဲ့ အချိန် မှာတော့ ဖိုးအူကို ရန်လုပ်နေ ကျ ဟိုနှစ်ယောက်စလုံး ကျောင်းအောက်ကို ဆင်းပြေး ကုန်ကြပြီ။

ဖိုးအူရဲ့ ရင်ထဲမှာ အဖေ့ ကို ပြန်ပြီး အောက်မေ့လာမိ တယ်။ ပြီးတော့ အမေ့ဆီကို ဖိုးအူ အမြန်ရောက်အောင် ပြန် ပြေးချင်မိတယ်။ ဝမ်းနည်း စိတ်တွေကို ကြိုးဖြေပေး လိုက်ပြီး ကျောင်းအနောက် ဘက်က ဂုန်လျှော်တောထဲမှာ ဖိုးအူ တစ်နေကုန် သွားငိုနေ လိုက်တယ်။ အဲဒီနေ့က ဖိုးအူ ထမင်းငတ်ပါတယ်။

❑

၈။

နောက်နေ့မနက် ကျောင်းရောက်တော့ ဆရာမ က ကျောင်းပြေးတဲ့ အပြစ် ရယ်၊ ရန်ဖြစ်တဲ့ အပြစ်ရယ် ပေါင်းပြီး ဖိုးအူကို ကြိမ်လုံး စာကျွေးတယ်။ ဖိုးအူ တစ် ချက်မှ မတွန့်ဘဲ ငြိမ်နေလိုက် ပါတယ်။

ဖိုးအူကို ရန်စတဲ့ နှစ် ယောက်ကတော့ အဲဒီနေ့က စပြီး မျက်လှည့်ဆရာရဲ့ ပလွေသံကိုကြောက်တဲ့ မြွေ တွေလို ငြိမ်သွားတယ်။ ပြီး တော့ 'သတ္တိဆိုတဲ့ စာလုံး လေးကို နက္ခတ်မိအောင် ထိုး ပေးတဲ့ ဟိုဦးလေးကြီး ဘယ် ပွဲဈေး ကူးသွားသလဲဟင်' ဆိုပြီး ဖိုးအူကို လေသံပျော့ ပျော့နဲ့ လာမေးတယ်။ ဖိုးအူ ပြုံးရုံပဲ ပြုံးပြလိုက်တယ်။

ဆရာမကတော့ ဖိုးအူကို ရိုက်ပြီးမှ 'ကြယ်တွေအကြောင်း ရှင်းပြမယ်' ဆိုပြီး ရုံးခန်းထဲ ကို လာခဲ့ဖို့ခေါ်တယ်။ ဆရာမ ဆီ မသွားခင် ကျောင်းဝရန် တာလေးကနေ မိုးပေါ်ကို ဖိုးအူ မော့ကြည့်လိုက်တော့ တိမ်တွေက လေနှင်ရာလွင့် နေကြတုန်းပဲ။ ■ **လူခါး**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





# ဦးမင်းရောင် မှ
# မင်းကြီးရှု လရောင်
# ဗိုလ်မင်းရောင်နှင့်
# ဗိုလ်လရောင် သို့

# ကဗျာ

၁။

ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ခေတ် ဗမာ့တပ်မတော် စစ်ဝန်ကြီးနှင့် စစ်သေနာပတိအဖြစ် တာဝန်ထမ်းဆောင်နေစဉ်က ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကို မြန်မာဘာသာဖြင့် ရေးသားခဲ့ပါသည်။ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်တွင် ဆင်းသက်လာသည့်မျိုးရိုးနှင့်စပ်လျဉ်း၍ အောက်ဖော်



www.burmeseclassic.com

www.burmeseclassic.com

ပြပါအတိုင်း ဖော်ပြခဲ့ပါသည်။
'ကျွန်တော်၏ ရှေးအဆက်အနွယ်
တို့မှာ ပုဂံပြည် တရုတ်ပြေးမင်း
လက်ထက် ဂျင်ဂျစ်ခန်းအမျိုးရှိ
သော တရုတ်တို့ ဝင်ရောက် နှောင့်
ယှက်သောအခါ နိုင်ငံခြားသားတို့
၏အောက် မနေလို၍ လွတ်ရာ
ကျွတ်ရာ ယခု ကျွန်တော် မွေးဖွား
ရာဒေသ(နတ်မောက်)သို့ စုန်ခဲ့လေ
သည်ဟု ဦးလေးတစ်ယောက်က
ပြောပြဖူးလေသည်။ အလောင်း
ဘုရား တတိယနိုင်ငံထူထောင်စဉ်
အခါက တိုင်းပြည်မှာ ဖရိုဖရဲဖြစ်
နေရာ ရွှေဘိုမှ ဦးအောင်ဇေယျက
ထ၍ ကျွန်တော်တို့၏အဆက်အနွယ်
ပင်းမင်းကြီး ဦးမြ(နာမည်ကောင်း
ကောင်းမမှတ်မိ)ဆိုသူမှာလည်း
မိမိနယ်ကို အုပ်စီးခေါင်းဆောင်၍
ဗမာ့ထီးနန်း ထူထောင်ရန် ကြံလေ
သည်။ နောက်မှ အလောင်းဘုရား
အကြောင်း ကြားသဖြင့် လူများ
စေလွှတ်စုံစမ်းစေ၍ အလောင်း
ဘုရား၏ ဘုန်းလက်ရုံးအကြောင်း
ကြားသိရသည့်အခါ အလောင်း
ဘုရားထံ ဝင်ရောက်၍ သက်စွန့်
ကြိုးပမ်း အမှုထမ်းလေသည်ဟု
လည်း မှတ်သားရဖူးသည်။ မင်း
တုန်းဘုရင် လက်ထက်တွင်
သက်တော်ရှည်အမတ်ဖြစ်သော
ခမ်းပေါက်မင်းကြီးမှာ ကျွန်တော်
တို့၏ အမျိုးအနွယ်ဖြစ်သည်ဟု
ကြားဖူးသည်။ မင်းတုန်းဘုရင်၏
သမားတော် တစ်ဦး(လူအမည်မှာ
ဦးကျော်ဇံ ဖြစ်လေသည်။ ဘွဲ့ကို
ကားမသိ)မှာလည်း ကျွန်တော်တို့
၏ အမျိုးအနွယ်ပင် ဖြစ်လေသည်။
စုံနံ့သာမြိုင်ရေးသော ဆရာကြော့
မှာ ဦးကျော်ဇံ၏ မြေးပင်တည်း။
ရှင်အဂ္ဂသမာဓိမှာလည်း ကျွန်တော်
တို့၏ အမျိုးဟုပင် သိရသည်။
ကျွန်တော်တို့ဘေးမှာ နတ်မောက်
မြို့သူကြီးဖြစ်လေသည်။ စာတတ်
သည်။ ဉာဏ်ထက်သည်။ လက်

သူရိယ မဂ္ဂဇင်း၌
စာရေးဆရာ
လယ်ဝေး ကိုဘရီက
'စစ်ကဲ
ဦးပုလေးအတ္ထုပ္ပတ္တိ'ကို
ရေးသားရာ၌
'မင်းကြီးမင်းရောင်ကို
စစ်ကဲ ဦးပုလေးက
ဖမ်းမိသဖြင့်
လယ်ဝေးအနီးတွင်
ကားစင်တင်၍
သတ်ဖြတ်လိုက်ကြောင်း'
ထည့်သွင်း
ဖော်ပြခဲ့သည်

မြောက်သည်။ စိတ်ထက်သည်
ဟူ၍ ကြားနာဖူးသည်။ မိမိ
အထက် မြို့ဝန်နှင့်မတည့်၍ အလုပ်
ပြုတ်ဖူးလေသည်။ အလုပ်ပြုတ်
သဖြင့် မန္တလေးရွှေမြို့တော်သို့
တက်၍ အရာခံနေဆဲ အနိစ္စရောက်
လေသည်ဟု တစ်ခါက ပုရပိုက်
မှတ်တမ်းတွင် ဖတ်ရဖူးသည်။
ကျွန်တော်တို့ဘေးတွင် အစ်
ကိုကြီး တစ်ယောက်နှင့် ညီနှစ်
ယောက်ရှိသည်ဟု သိရသည်။
အစ်ကိုကြီးမှာ ရန်ကုန်ဆိပ်ကမ်း
အုပ်ဖြစ်သည်ဟု သိရသည်။ ညီ
အငယ်တစ်ယောက်မှာ တရုတ်မြို့
ဝန် ဦးဘွားဟူ၏။ မြင်ကွန်းမြင်း
ခုံတိုင်တို့ ငယ်ဆရာဖြစ်သည်။
၄င်းမင်းသားများ အထတွင် မြင်
ကွန်းမင်းသားတို့အတွက် ဓားပြ
တိုက် ငွေရှာပေးရလေသည်။ ထို
အချက်ကို နေပြည်တော်က သိ
လေ၍ ဦးဘွား ရာထူးကျလေသည်။
ကျွန်ုပ်ယုံ၏ သစ္စာကြီးမှုကြောင့် အမှု
မထင်ရှား၍လည်းကောင်း၊ မင်း
တုန်းမင်းကဲ့သို့ သိမ်မွေ့သော မင်း
လက်ထက်ဖြစ်၍လည်းကောင်း

အသက်ချမ်းသာရာ ရလေသည်
နာမည်ကျော် ဦးမင်းရောင် (ဗိုလ်
လရောင်)မှာ ကျွန်တော်တို့ဘေး
ကတော်၏ တူတော်သည်။'

❑

၂။

ဗြိတိသျှအစိုးရသည် ၁၈၂၄ ခုနှစ်
တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြင့်
ရခိုင်နှင့် တနင်္သာရီဒေသကိုလည်းကောင်း
၁၈၅၂ ခုနှစ်တွင်အင်္ဂလိပ်-မြန်မာဒုတိယ
စစ်ပွဲဖြင့် အောက်မြန်မာနိုင်ငံကိုလည်း
ကောင်း၊ ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-
မြန်မာတတိယစစ်ပွဲဖြင့် အထက်မြန်မာ
နိုင်ငံကိုလည်းကောင်း ကျူးကျော်တိုက်
ခိုက် သိမ်းပိုက်ပြီး လက်အောက်ခံကိုလိုနီ
နိုင်ငံအဖြစ် သတ်မှတ်ကျွန်ပြုခဲ့ကြ
သည်။ မြန်မာတိုင်းရင်းသားတို့သည်
ဗြိတိသျှတို့၏ ကျူးကျော်သိမ်းပိုက်မှုနှင့်
ကျွန်ပြုမှုကို မလိုလား၍ စစ်ပွဲသုံးပွဲလုံး
တွင် ရှပ်ရှပ်ချွံချွံ ခုခံတော်လှန်ခဲ့ကြပြီး
စစ်သည် လက်နက်အင်အား မမျှတ၍
နယ်မြေများ လက်လွှတ်ဆုံးရှုံးခဲ့ကြရ
သည်။ ဗြိတိသျှတို့က မန္တလေးနေပြည်
တော်ကို သိမ်းပိုက်ပြီး သီပေါမင်းနှင့်
မိဖုရားကို အိန္ဒိယနိုင်ငံသို့ ဖမ်းဆီးပို့
ဆောင်ခဲ့ကြချိန်တွင် မြန်မာနိုင်ငံတစ်ဝန်း
လုံးရှိ တိုင်းရင်းသားတို့သည် ရရာလက်
နက်စွဲကိုင်၍ ဗြိတိသျှတပ်များကို ပြင်း
ထန်စွာ ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။
နိုင်ငံတစ်ဝန်း မြေပြန့်နှင့် တောင်တန်း
ဒေသအသီးသီးတွင် ခေါင်းဆောင်များ
ပေါ်ထွန်းလာပြီး ဒေသတွင်းရှိ ပြည်သူ
များကို စည်းရုံးကာ တိုက်ပွဲဝင်ခဲ့ကြ
သည်။ ရာနှင့်ချီသော တိုင်းရင်းသား
နှင့် လူထုလူတန်းစားစုံမှ ခေါင်းဆောင်
များ ပေါ်ထွန်းခဲ့သည့်အနက် မကွေး၊
မင်းဘူး၊ တောင်တွင်းကြီးနှင့် နတ်
မောက်ဒေသများတွင် လူသူလက်နက်
စည်းရုံး၍ ဆန့်ကျင်တိုက်ခိုက်ခဲ့သော
မင်းကြီးရွှေလရောင်ဘွဲ့ခံ ဦးမင်းရောင်
(ခေါ်) ဗိုလ်လရောင် သို့မဟုတ် ဗိုလ်မင်း
ရောင်လည်း ထင်ရှားစွာ ပါဝင်ခဲ့သည်။
မြန်မာနိုင်ငံတစ်ဝန်းလုံးအ ဗြိတိ



www.burmeseclassic.com

www.burmeseclassic.com

သျှတို့ ကျူးကျော်တိုက်ခိုက် သိမ်းပိုက်မှု မပြုမီကာလ သီပေါဘုရင်လက်ထက်က ဦးမင်းရောင်သည် မြို့လုလင်(ယခု မကွေးတိုင်း မြို့သစ်မြို့နယ်အတွင်း) မြို့သူကြီးအဖြစ် စီရင်အုပ်ချုပ်နေသည်။ ကိုယ့်ထီးကိုယ့်နန်းဖြင့် ကုန်းဘောင်ခေတ် မြန်မာနိုင်ငံတော်အဖြစ် ရပ်တည်နေစဉ် ဗြိတိသျှတို့သည် စစ်ပွဲသုံးပွဲဖြင့် အဓမ္မ ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ပြီး မြန်မာဘုရင်နှင့် မိဖုရားကို ဖမ်းဆီး၍ အိန္ဒိယနိုင်ငံသို့ ပို့ဆောင်လျှင် မခံမရပ်နိုင်ကြသော မြန်မာပြည်သူများတွင် မြို့သူကြီး ဦးမင်းရောင်လည်း ပါဝင်ခဲ့သည်။ ဦးမင်းရောင်သည် တိုင်းတစ်ပါးသား ဗြိတိသျှများ၏ စိုးမိုးကျွန်ပြုလာမှုကို မလိုလားသော ဒေသခံပြည်သူများအား စည်းရုံးလှုံ့ဆော်၍ လူသူလက်နက်အင်အား စုစည်းနိုင်ခဲ့သည်။ ဦးမင်းရောင်သည် မင်းကြီးရွှေလရောင်ဘွဲ့ခံ၍ ပဲခူးရိုးမ မြောက်ပိုင်း တောတောင်ထူထပ်သည့် ကိုဒူတောင်ထိပ်တွင် သစ်ကျောက်ခံတပ်ကို ဆောက်လုပ်တပ်စွဲခဲ့သည်။ ခံတပ်မှာ မြို့လုလင်အရှေ့ဘက် ၈ မိုင်ခန့်အကွာတွင်ရှိပြီး မင်းကြီးရွှေလရောင်ဘွဲ့အပြင် ဒေသခံများအကြားတွင် ဗိုလ်မင်းရောင်နှင့် ဗိုလ်လရောင်အဖြစ်လည်း ထင်ရှားခဲ့သည်။ မြို့လုလင် မြို့သူကြီးအဖြစ် တာဝန်ထမ်းခဲ့သဖြင့် ဒေသခံပြည်သူများ၏ ဗိုလ်မင်းရောင်အပေါ် လေးစားကြည်ညိုမှုနှင့် ဗြိတိသျှတို့ စိုးမိုးကျွန်ပြုခြင်းအပေါ် မလိုလားမှုတို့ကြောင့် အင်အား ၃၀၀၀ ခန့်အထိ စုစည်းနိုင်ခဲ့ပြီး ဗြိတိသျှတပ်များအား စစ်ဆင်တိုက်ခိုက်ရာတွင် ဒေသခံပြည်သူတို့၏ အားပေးကူညီမှုကိုအပြည့်အဝရခဲ့သည်။ ဗြိတိသျှအစိုးရသည် နိုင်ငံတစ်ဝန်း ဖြစ်ပေါ်လာသည့် ဆန့်ကျင်တိုက်ခိုက်မှုများကို အသည်းအသန် နှိမ်နင်းနေရသဖြင့် ဆန့်ကျင်တိုက်ခိုက်မှုများ အရှိန်အဟုန် ကျဆင်းစေရန် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့သည်။ ဗိုလ်မင်းရောင်ကို ဗြိတိသျှအစိုးရက လက်နက်ချလျှင် မြို့သူကြီးရာထူးထက်မြင့်သည့် မြို့အုပ်ရာထူး ခန့်ထားမည်ဟု သွေးဆောင်စဉ်ကလည်းကောင်း၊ ညီဖြစ်သူ တောင်တွင်းမြို့ဝန် ပင်း-နတ်မောက်-ကျောက်ပန်းတောင်း သုံးမြို့ဝန်နှင့် တောင်ငူခြိုဝန် တာဝန်ထမ်းခဲ့သော ဦးမင်းမောင်က လက်နက်ချရန် အတန်တန်စာရေးတောင်းပန်စဉ်ကလည်းကောင်း ငြင်းပယ်၍ ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။ ဗိုလ်မင်းရောင်သည် ကိုဒူတောင်ထိပ်မှ ကိုယ်ပိုင်တပ်များနှင့် ပတ်ဝန်းကျင်ဒေသများမှ ဗြိတိသျှတပ်များကို ဆန့်ကျင်တိုက်ခိုက်နေကြသော ဗိုလ်မုန်း၊ ဗိုလ်နေဒွန်း၊ ဗိုလ်လင်းရောင်၊ ဗိုလ်ခင်ကျော်၊ ဗိုလ်ရွှေဆင်တို့၏ တပ်များနှင့်လည်း လိုအပ်သလို ပူးပေါင်း၍ တိုက်ပွဲဝင်ခဲ့ကြသည်။

ဗြိတိသျှတပ်များသည် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် သီပေါမင်းအား နန်းချ၍ မန္တလေးနေပြည်တော်နှင့် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်သည်နှင့် နိုင်ငံတစ်ဝန်းလုံး၌ ဗြိတိသျှအစိုးရကို ဆန့်ကျင်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ၁၈၈၆ ခုနှစ်နှင့် ၁၈၈၇ ခုနှစ်တွင် ဗိုလ်မင်းရောင်၏ တပ်များသည် ဗြိတိသျှတပ်များအား အရှိန်အဟုန်ပြင်းစွာ ဆန့်ကျင်တိုက်ခိုက်မှုအမျိုးမျိုးပြုလုပ်ခဲ့သည်။ ဗြိတိသျှအစိုးရအား ဗိုလ်မင်းရောင်၏ ဆန့်ကျင်တိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်မှ ထုတ်ဝေသည့် အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်းတွင် *'ဗိုလ်ချုပ်အောင်ဆန်း၏အဘိုးဗိုလ်မင်းရောင်ခေါင်းဆောင်သောနယ်မှာ တောင်တွင်းကြီး စီရင်စု (နောက် မကွေးစီရင်စု) ဖြစ်၍ တောတောင်ထူထပ်သော ပုပ္ပါးတောင်တစ်ဝိုက်နှင့် ပဲခူးရိုးမမြောက်စွယ်များကို အခြေခံထားလေသည်။ ၁၈၈၆ ခုနှစ်မှ ၁၈၈၇ ခုနှစ်အတွင်း ယင်းစီရင်စုသည် အထက်ဗမာပြည်တွင် အခြား စီရင်စုများထက်ဒုက္ခအပေးဆုံးဖြစ်ခဲ့၍ ဗြိတိသျှတို့အဖို့ ရှက်ဖွယ်ရာလုံးလုံး စိတ်အားလျှော့ထားရသော စီရင်စုဖြစ်ခဲ့၏'* ဟုလည်းကောင်း၊ တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ထုတ်ဝေသော တပ်မတော်သမိုင်း (၁၈၂၄-၁၉၄၅)တွင် *'ဗိုလ်မင်းရောင်သည် အင်္ဂလိပ်တို့အား ၂ နှစ်တိုင်တိုင် တော်လှန်တိုက်ခိုက်သည်။ ၁၈၈၆ ခုနှစ်တွင် အင်္ဂလိပ်တို့သည် မကွေး၊ တောင်တွင်းကြီး၊ ရမည်းသင်း၊ မိတ္ထီလာမြို့များမှ စစ်ကြောင်း ၄ ကြောင်းဖြင့် ဗိုလ်မင်းရောင်ခေါင်းဆောင်သော တပ်များကို ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ အင်္ဂလိပ်တို့သည် ဗိုလ်မင်းရောင်အား သူတို့၏လက်အောက် ဝင်ရောက်ရန် သွေးဆောင်ခဲ့သော်လည်း တော်လှန်ရေးသမားပီပီ ကျဆုံးသည်အထိ တော်လှန်တိုက်ခိုက်သွားခဲ့ကြသည်'* ဟု လည်းကောင်း ဗိုလ်မှူးဘသောင်း(မောင်သုတ) ပြုစုသည့် ဗမာ့တော်လှန်ရေးသမိုင်းတွင် *'ပုဂံမှ ဗိုလ်ချို၊ ပုပ္ပားမှ ဗိုလ်နက်ကျော်၊ ဝန်းသိုမှ စော်ဘွားကြီး ဦးအောင်မြတ်၊ ရွှေဘိုမှထိပ်တင်မှတ်၊ ကျောက်ဆည်မှ ဗိုလ်သာကျွန်၊ ဆင်ဖြူကျွန်းမှ ဦးဥတ္တမ၊ ဝဲလောင်မှ ဗိုလ်ရာညွန့်၊ ကျွန်းခင်းကြီးမှ ဗိုလ်လှကျော်၊ မင်းတုန်းမှ ဗိုလ်ရွှဲ၊ ဓနိပင်ကြီးမှ မြင်စိုင်းမင်းသား၊ ရှိမ္မကားမှ ဗိုလ်ရိုင်း၊ နတ်မောက်မှ ဗိုလ်မင်းရောင်စသော တော်လှန်ရေးခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးလမ်းစကို ထွန်းပြကြကုန်သော မီးရှူးတန်ဆောင်ကြီးများဖြစ်ကြသည်။ လွတ်လပ်သော ဗမာများ မမေ့ထိုက်၊ မမေ့အပ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များပေတည်း'* ဟု လည်းကောင်း ဖော်ညွှန်းခဲ့ကြသည်။

ဗိုလ်မင်းရောင်၏တပ်ဖွဲ့နှင့်ဗြိတိသျှတပ်ဖွဲ့တို့၏တိုက်ပွဲများတွင် သမိုင်းတွင်သော တောင်တွင်းကြီးတိုက်ပွဲ၊ အင်္ဂလိပ်တို့ အရှုံးနှင့်ရင်ဆိုင်ရသည့် ပေကန်ရွာတိုက်ပွဲ၊ ဗိုလ်မုန်း၏တပ်ဖွဲ့နှင့် ပူးပေါင်းစစ်ဆင်ပြီး ရန်သူ ၇ ဦး ဖမ်းဆီးရမိကွပ်မျက်နိုင်သော မြို့လုလင်တိုက်ပွဲတို့မှာ ထင်ရှားကြသည်။ ဗိုလ်မင်းရောင်၏တပ်ဖွဲ့များသည် ၂ နှစ်ခန့်ကြာ တိုက်ခိုက်ပြီးချိန်တွင် ဗြိတိသျှတို့၏အလုံးအရင်းဖြင့် နှိမ်နင်းခံရပြီး လူနှင့်လက်နက်အင်အားချို့တဲ့လာ၍ ရှမ်းကုန်းမြေ



www.burmeseclassic.com

www.burmeseclassic.com

မြင့်ဘက်သို့ ဆုတ်ခွာခဲ့ကြသည်။ ထိုသို့ ဆုတ်ခွာစဉ် ဗြိတိသျှတပ်ဖွဲ့သည် ဗိုလ်မင်းရောင်ကို ဖမ်းဆီးရမိလိုက်သည်။ ဗိုလ်မင်းရောင် ဖမ်းဆီးခံရလျှင် ကျန်တပ်ဖွဲ့ဝင်များသည် တစ်ဗိုလ်ကျတစ်ဗိုလ်တက်စနစ် ကျင့်သုံးကာ ဦးတုတ်ကြီးက ဆက်ခံခေါင်းဆောင်သည်။ ဦးတုတ်ကြီးဖမ်းဆီးခံရချိန်၌ ရွှေခင်ညိုမင်းသားနှင့် ဗိုလ်လေးတို့ကလည်းကောင်း၊ ရွှေခင်ညိုနှင့် ဗိုလ်လေးတို့ပြီးလျှင် ဦးလူကလေးကြီးကလည်းကောင်း အဆင့်ဆင့်ဆက်လက်ဦးဆောင်ပြီး တိုက်ပွဲဝင်ခဲ့ကြသည်။ ၁၈၈၉ ခုနှစ်အတွင်းတွင် တိုက်ပွဲတစ်ခု၌ ဗိုလ်လေးကျဆုံးခဲ့ပြီး ပြည်မြို့၌ ဗြိတိသျှတို့က ဦးလူကလေးကြီးအား ဖမ်းဆီးလိုက်ကြသည်။ ဗိုလ်မင်းရောင်ကျဆုံးပုံနှင့်စပ်လျဉ်း၍ ၁၈၈၇ ခုနှစ်ခန့်တွင် ဗြိတိသျှတပ်များနှင့် တိုက်ပွဲတစ်ခုတွင်ကျဆုံးသည်ဟုလည်းကောင်း၊ ရှမ်းပြည်နယ်ဘက်သို့ဆုတ်ခွာစဉ် ဖမ်းဆီးခံရပြီး ၁၈၈၇ ခုနှစ်တွင် ခေါင်းဖြတ်စီရင်ခြင်းခံရသည်ဟုလည်းကောင်း၊ စစ်ကဲ ဦးပုလေးက ဖမ်းဆီးရမိပြီးနောက် လယ်ဝေးအနီးတွင် ကားစင်တင် သတ်ဖြတ်သည်ဟုလည်းကောင်း၊ အမျိုးသားသစ္စာဖောက်တို့၏သတင်းပေးမှုဖြင့် ဖမ်းဆီးခံရပြီးနောက် ဗိုလ်မင်းရောင်၏ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိမာန်ကို ချိုးနှိမ်ရန်နှင့် မြန်မာတို့၏ ဗြိတိသျှဆန့်ကျင်ရေး စိတ်ဓာတ်မှေးမှိန်စေရန် မြန်မာသက္ကရာဇ် ၁၂၄၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်နေ့တွင် ဗြိတိသျှအစိုးရသည် မြို့သစ် မြို့လယ်မှ သစ်ပင်တစ်ပင်၌ ဗိုလ်မင်းရောင်အား ကြိုးဖြင့် ခိုင်ခံ့စွာ တုပ်ပြီး ခေါင်းဖြတ်သတ်သည်ဟုလည်းကောင်း ဖော်ပြမှုအမျိုးမျိုးရှိခဲ့သည်။

❑

၃။

၁၂၉၇ ခုနှစ်၊ ကဆုန်လ (၁၉၃၅ မေ)ထုတ် သူရိယ မဂ္ဂဇင်း၌ စာရေးဆရာ လယ်ဝေး ကိုဘရီက **စစ်ကဲဦးပုလေးအတ္ထုပ္ပတ္တိ**ကို ရေးသားရာ၌ 'မင်းကြီးမင်းရောင်ကို စစ်ကဲ ဦးပုလေး

> အညာသားလေးမှာ
> ထိုစဉ်က
> အသက် (၂၀)နှစ်ခန့်သာ
> ရှိသေးသည့်
> ရန်ကုန်တက္ကသိုလ်
> ကျောင်းသား
> ကိုအောင်ဆန်း
> (ဗိုလ်မင်းရောင်၏မြေး)
> ဖြစ်သည်
> ဗိုလ်မင်းရောင်
> ကျဆုံးပုံနှင့်
> စပ်လျဉ်း၍ ဝိဝါဒကွဲပြားမှု
> ရှိနေခြင်းကို
> ကိုအောင်ဆန်းက
> ပါဝင်ဆန်းစစ်ပြခဲ့သည်

ကဖမ်းမိသဖြင့် လယ်ဝေးအနီးတွင် ကားစင်တင်၍ သတ်ဖြတ်လိုက်ကြောင်း' ထည့်သွင်းဖော်ပြခဲ့သည်။ ထိုဖော်ပြမှုအပေါ် ၁၉၃၅ခုနှစ်၊ ဇွန်လထုတ် သူရိယမဂ္ဂဇင်းမှာပင် အညာသားလေးက ချက်ချင်းဆိုသလို **ကားစင်အတင်မခံရ ခေါင်းဖြတ်ခံရသည့် မင်းကြီးဦးမင်းရောင်** အယ်ဒီတာထံပေးစာဆန်ဆန် တုံ့ပြန်ဆောင်းပါး ရေးသားခဲ့ပါတယ်။ ထိုသို့ တုံ့ပြန်ရေးသားရာ၌ '*လက်နက်အင်အားလည်းမရှိ၊ အစီအမံ အခန့်အခွဲတွင်လည်း အင်္ဂလိပ်နှင့် အနည်းငယ်မျှ မတူညီရကား ၎င်း(ဗိုလ်မင်းရောင်)၏ စစ်တပ်မှာ တဖြည်းဖြည်း ကစဉ့်ကလျား ပျက်ပြားရွေ့လျားသွားရာ နောက်ဆုံး၌ တောတောင်များတွင် နောက်ပါ အနည်းငယ်မျှနှင့် ပုန်းအောင်းပြေးရှောင်သောအခါတွင်မှ နတ်မောက်တွင် စခန်းချလျက်ရှိသော စစ်ဗာရီစစ်တပ်က ဖမ်းဆီးပစ်ခတ်၍ ခေါင်းဖြတ်ခြင်းကို ခံရသည်။ ၎င်း၏ခေါင်းကို နတ်မောက်စခန်းချရာသို့ပင် လူအများ ကြောက်လန့်စေရန် ယူဆောင်ခဲ့သည်။ ၎င်းသေဆုံးရသည်မှာ နောက်ပါတစ်ယောက် သစ္စာဖောက်သဖြင့် သေဆုံးရသည်ဟူ၍လည်း ကျွန်တော် ကြားဖူးပါ၏*'ဟု ဖော်ပြ... သည်။ တစ်ဖန် စာရေးဆရာ လယ်... ကိုဘရီက ၁၉၃၅ ခုနှစ်၊ ဇူလိုင်လ... သူရိယမဂ္ဂဇင်း၌ အညာသားလေး... တုံ့ပြန်ရေးသားချက် မှန်ကန်ကြော... ဝန်ခံရေးသားခဲ့သည်။ ဆက်လက်... အညာသားလေးကပင် ၁၉၃၅ ခု... ဩဂုတ်လထုတ် သူရိယမဂ္ဂဇင်းတွင် ... **ပုန်ဗိုလ်လရောင် ဦးခေါင်းဟုတ်မဟုတ်**... ဆောင်းပါးကိုရေးသားရာ၌ '*စစ်ကဲဦး... လေးအကြောင်း ပိုမိုစုံလင် မှန်ကန်... ရှာဖွေ၍ လယ်ဝေးကိုဘရီ ရေးသား... ကို ကျွန်တော်ဖတ်ရှုရပါ၏။ သို့ဖတ်... ရာတွင် ကားစင်အတင်ခံရသူမှာ ကျွန်တော်... ၏အဘိုး ဦးမင်းရောင် မဟုတ်သည်... ထင်ရှားလေပြီ။ ဦးမင်းရောင်အား ... ဗာရီတပ်များက ပစ်ခတ်ခေါင်းဖြတ်... ခဲ့ကြောင်း၊ နတ်မောက်သို့ရောက်သော... အခါ သတင်းဖြစ်ပွားရာသို့ ကျွန်တော်... ၏ 'ဘိုး'အရင်းနှင့် အခြားဦးမင်းရောင်ကို သိသူလူကြီးများ(အချို့ယခုတိုင် နတ်မောက်တွင် ရှိသေးသည်) သွားရောက်ကြည့်ရှုလေသည်။ တစ်ဖန်သွားရောက်ကြည့်ရှုသူတိုင်းက ဗိုလ်မင်းရောင်၏ ခေါင်းအစစ်အမှန်ဟုဆုံးဖြတ်ကြလေသည်။ ကျွန်တော့် 'ဘိုး'အရင်းကပင်လျှင် ၎င်း၏ယောက္ခမ မယ်စိုးအား 'မယ်စိုး ဗိုလ်လရောင်ခေါင်းတော့ အမှန်ပဲ။ ဆွမ်းသွတ်ချင်လည်းသွတ်ပေတော့' ဟု ပြောဆိုကြောင်း၊ သွားရောက်ကြည့်ရှုသူများမှာ ဗိုလ်မင်းရောင် ရှင်စဉ်တွင် ၎င်းအား သိသူများဖြစ်သည်ကိုလည်း သတိချပ်ရာသည်။*'ဟု သုံးသပ်ထားသည်။ အညာသားလေးမှာ ထိုစဉ်က အသက် ၂၀ နှစ်ခန့်သာရှိသေးသည့် ရန်ကုန်တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း(ဗိုလ်မင်းရောင်၏မြေး) ဖြစ်သည်။ ဗိုလ်မင်းရောင် ကျဆုံးပုံနှင့် စပ်လျဉ်း၍ ဝိဝါဒကွဲပြားမှုရှိနေခြင်းကို ကိုအောင်ဆန်းက ပါဝင်ဆန်းစစ်ပြခဲ့သည်။

ကိုအောင်ဆန်းသည် ဂျပန်ခေတ် စစ်ဝန်ကြီးနှင့် စစ်သေနာပတိတာဝန် ထမ်းဆောင်စဉ်က ဗိုလ်ချုပ်အောင်ဆန်း



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်ဖြင့် **ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ** စာအုပ် ရေးသားရာ၌ ဗိုလ်မင်းရောင်၏ စရိုက်ကို *'ဗိုလ်မင်းရောင်ကား လက်ရုံးအားကိုးဖြစ်သည်။ အမိုက်ဆုံးဆိုသူများကို တပည့်လုပ်ထားသည်။ ၎င်း၏တပည့်တစ်ယောက်(နာမည်ကားမမှတ်မိ)သည် ဓာတ်ပွဲများတွင် လူပြက်ပြက်သည့်အခါ အများရယ်တုန်းမရယ်၊ အများရယ်ပြီးမှ တစ်ယောက်တည်း ကျယ်လောင်စွာအကြာကြီး ရယ်တတ်သည်ဟုသိရသည်။ ဤကဲ့သို့ အရွဲ့တိုက်ရယ်သည်ကို ဗိုလ်မင်းရောင်တွေ့၍ အားရကာ ဆုချလေတော့သည်။ တစ်ခါလည်း ၎င်း၏တပည့်နှင့် ၎င်း၏ညီ သုံးမြို့ဝန်ဦးမင်းမောင်၏ တပည့်တို့သည် ၎င်းတို့၏ ဘွားအေ မယ်တော်ပျံတွင် လက်ဝှေ့ထိုးကြသည်။ ဦးမင်းရောင်၏တပည့်ရှုံးသည်။ ညီဖြစ်သူ ဦးမင်းမောင်က မိမိ၏တပည့်နိုင်သဖြင့် ဝေါတစ်ပိုင်း ဆုချလေသည်။ ထိုအခါ ဗိုလ်မင်းရောင်က မခံချင်၍ မိမိတပည့်ကို ရှုံးလျှက်နှင့်ပင် ပုဆိုးတစ်ထည် ဆုချလေသည်။ တစ်ခါလည်း ကြက်သားစားလို၍ ဦးမင်းမောင်အား ကြက်သတ်ခိုင်းလေသည်။ ဦးမင်းမောင်ကား ဗိုလ်မင်းရောင်နှင့်မတူ။ လူပျော့ဖြစ်လေသည်။ စောင်းတီး၊ သီချင်းဆိုတော်သည်။ စကားပြော ချိုသာသည်။ အထက်လူကြီးများ၏ အချစ်တော်တစ်ဦးဟုသိရသည်။ ဦးမင်းမောင် ကြက်သတ်နိုင်။ ထို့ကြောင့် ဗိုလ်လရောင်က သူကိုယ်တိုင်သတ်၍ချက်စားလေသည်။ ဤသည့်ဟင်းကို ညီအားမကျွေး ပစ်သောသူ၏'* ဟု ကောက်ကြောင်းဆွဲပြခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းဖွဲ့နွဲ့သည့် ဗိုလ်မင်းရောင်၏ ရုပ်ပုံလွှာဟု ဆိုနိုင်သည်။

❏

၄။

သမိုင်းပညာရှင်၊ စာပေပညာရှင်နှင့် စာရေးဆရာများက ဗိုလ်မင်းရောင်၏ ဖြစ်စဉ်ဖြစ်ရပ်များကို ခေတ်သစ်သမိုင်းနှင့် ဆောင်းပါးများတွင် လက်လှမ်းမီသမျှ ဖော်ပြကြသည့်နည်းတူ တောင်တွင်းကြီးမြို့ ရတနာ့ဗိမာန်တောရ ဆရာတော်ဘုရားကြီး၏အန္တေဝါသိက အစိုးရပထမကြီး ဦးဉာဏအသျှင် စီရင်တော်မူသော တောင်တွင်းကြီး ရာဇဝင်သစ်တွင်လည်း **'ဗိုလ်ချုပ်အောင်ဆန်း၏အဘိုး ရွှေလရောင်ဘုရင့်အကြောင်းတော်'** ခေါင်းစဉ်ငယ်ဖြင့် ဖော်ပြထားပါသည်။ ထိုတောင်တွင်းကြီး ရာဇဝင်သစ်တွင် *'သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလတွင် မန္တလေးနေပြည်တော်မှ သီပေါဘုရင်မင်းမြတ် အိန္ဒိယနိုင်ငံသို့ လိုက်ပါသွားသောအခါ မြို့လုလင်သူကြီး ဦးမင်းရောင်သည် ရွှေလရောင်မင်းသား အမည်ဖြင့် အင်္ဂလိပ်အလံအောက်သို့ မဝင်ဘဲ သုံးနှစ်တိုင်တိုင် မင်းခမ်းမင်းနား ထီးဖြူဖွင့်၍ တောင်တွင်းကြီးမြို့ မြောက်လက်တစ်ခွင် ဘုရင်ပြုလုပ်တော်မူသည်။ ထိုအခါ အင်္ဂလိပ်စစ်သားတို့သည် မြောက်လက်နယ်ဘက်သို့ မထွက်ဝံ့ဘဲ မြို့တွင်းကသာ နေရလေသည်။ ရွှေလရောင်မင်းသားလည်း စစ်သည်ဗိုလ်ပါ စုဆောင်းသိမ်းသွင်းခုခံနေသည်မှာ သုံးနှစ်တိုင်အောင် ထီးဖြူရာဇပလ္လင်ဥကင်တော်ဖွင့်၍ စံပယ်တော်မူသည်။ ထို့နောက်တစ်ဖန် အင်္ဂလိပ်တို့ဘက်က စစ်သည်ရဲမက် လက်နက်အင်အားကြီးလာသည်နှင့် တပ်စွဲစံတော်မူရင်း မြို့လုလင်မှာ မနေနိုင်တော့ဘဲ ရိုးမတောင်တန်းတောခြေအတွင်း မြင်းမဏီတောင်ထိပ်မှာ မြို့နန်းတည်ကာ သစ်တပ်ကာ၍ မြို့ကျုံးခံတပ်ပြုလျက် စံနေတော်မူရင်း မြင်းမဏီတောင်ထိပ်မြို့သို့ တစ်ဖန် အင်္ဂလိပ်တို့က လိုက်လံတိုက်ခိုက်ပြန်သဖြင့် သစ်တပ်မြို့ကြီး ပျက်စီးလျှင် ရွှေလရောင်ဘုရင်သည် ဆင်တော်ကိုစီးလျက် အနောက်လက်သို့ ထွက်တော်မူရလေသည်။ ယင်းသို့ထွက်တော်မူခဲ့ပြီးနောက် တောင်တွင်းကြီးမြို့နှင့် ခရီး တစ်သောင်းကွာ လေးတိုင်စင် ရွာတွင် ရွှေလရောင်မင်းနှင့် အင်္ဂလိပ်တို့ အကြိတ်အနယ်တိုက်ပွဲတွင် ဘုရင် ရွှေလရောင်မင်းကို အင်္ဂလိပ်တို့က လက်ရဖမ်းဆီးမိလေသည်။ သို့သော် ဖမ်းဆီးပြီးလျှင် ရွှေလရောင်ဘွဲ့ခံ မြို့လုလင်သူကြီး ဦးမင်းရောင်ကို တောင်တွင်းကြီးမြို့သို့ ခေါ်ဆောင်ခဲ့၍ တကယ့်သူရသတ္တိနှင့်ပြည့်စုံကာ ဩဇာအာဏာရှိသည်ကို သိသည့်အတိုင်း ခိုင်းစေ၍ ကောင်းမည့်အထင်နှင့် တောင်တွင်းကြီး မြို့ဝန်ခန့်ထားသော်လည်း ဦးမင်းရောင်သည်ကား လူမျိုးခြားလက်အောက်တွင် ဝန်ထမ်းတစ်ယောက် ကျွန်သပေါက် မလုပ်လိုသည့်အတွက် ရက်စက်လှစွာသော နယ်ချဲ့သမား အင်္ဂလိပ်စစ်ဗိုလ်တို့က ထိုအဆိုပါ ဗိုလ်ချုပ်အောင်ဆန်း၏အဘိုး ရိုးရာမြို့လုလင်သူကြီး ဦးမင်းရောင်တည်းဟူသော ရွှေလရောင်ဘုရင်ကို အရှင်လတ်လတ် ဦးခေါင်းကိုဖြတ်၍ သတ်လိုက်လေသတည်း'* ဟု မော်ကွန်းတင်ထားပါသည်။

စာဆိုတော် ဦးကြော့ (၁၈၃၉-၁၈၈၉)သည် မင်းတုန်းမင်းလက်ထက်တွင် နတ်မောက်မြို့စားမင်းကြီး၏ စာတော်ဖတ်နှင့် သီပေါမင်းလက်ထက်တွင် ဒသမခရိုင်ဝန်မင်းကြီးနှင့် တောင်တွင်းခရိုင်ဝန်တို့၏ ရှေ့တော်ဖတ်စာရေးကြီးအဖြစ် ထမ်းရွက်ခဲ့ပြီး တေးထပ်၊ ဒွေးချိုး၊ လေးချိုးနှင့် မေတ္တာစာများ ရေးသားခဲ့ရာ၌ *စုံနံ့သာမြိုင်ရှာပုံတော်ကြီး*ဖြင့် အထူးထင်ရှားခဲ့သည်။ ဦးကြော့သည် မင်းတုန်းမင်း၏သမားတော် နေမျိုး ဘိသက္က သူရ နော်ရထာဘွဲ့ခံ ဦးကျော်ဇံ၏မြေးဖြစ်ပြီး ဗိုလ်မင်းရောင်နှင့် ဆင်းသက်ရာမျိုးရိုး တူညီကြသူများဖြစ်သည်။ ဗိုလ်မင်းရောင်၏ ဗြိတိသျှဆန့်ကျင်တိုက်ခိုက်ရေးတပ်ဖွဲ့တွင် စားဖိုကဲ၊ စာတော်ဖတ် စသည့် အမှုတော်ထမ်းများခန့်ထားသုံးစွဲခဲ့ပြီး စာဆိုတော် ဦးကြော့သည် ဗိုလ်မင်းရောင်ထံသို့ ဘုန်းတော်ဘွဲ့အပါအဝင် ကဗျာလင်္ကာများ ရေးသားဆက်သွင်းကာ ဆုလာဘ်များ ရယူခဲ့သည်။ ဗြိတိသျှတပ်များအား တိုက်ပွဲဝင်စဉ်ကာလအတွင်း ဗိုလ်မင်းရောင်၏ ဗောင်းတော်မီးလောင်ခံရသည်ကို အိပ်မက်မက်သဖြင့် ဦးကြော့က ဖြေသိမ့်အားပေးသည့် ရွှေလရောင်ဘုရင်ဘုန်းတော်ဘွဲ့ အလင်္ကာ၊



www.burmeseclassic.com

www.burmeseclassic.com

ကဗျာသံချိုကို သီကုံးဆက်သရာမှ မြန်မာစာပေသမိုင်းတွင် မော်ကွန်းဝင်သံချိုတစ်ပုဒ် ပေါ်ထွန်းလာခဲ့သည်။ ဦးကြော့သည် ထိုသံချိုတွင် ဗိုလ်မင်းရောင်၏ မျိုးရိုးစဉ်ဆက် အစဉ်အလာကြီးမားပုံ၊ ဇာတိမာန်ထက်သန်ပုံ၊ သူရသတ္တိနှင့် ဘုန်းတန်ခိုး ပြည့်ဝပုံ၊ သာသနာစည်ပင်ရာ၌ အခြေပြုပုံ စသည်တို့ကို ဖော်ကျူးထားပါသည်။

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ငြိမ်းချမ်းရေးလှုပ်ရှားမှုတို့တွင် ပြည်သူတို့အား နိုင်ငံရေးအရ ဦးဆောင်မှုပေးခဲ့ပြီး စာပေဖြင့် စည်းရုံးလှုံ့ဆော်ခဲ့သော ဆရာကြီး သခင်ကိုယ်တော်မှိုင်း (၁၈၇၅-၁၉၆၄)သည် နိုင်ငံနှင့်ပြည်သူအကျိုးပြုစာပေလက်ရာအမျိုးမျိုး ရေးသားသီကုံးပြုစုခဲ့သည့်အနက် သခင်ဋီကာ (၁၉၃၈)နှင့် အာဇာနည် ဗိမာန် (၁၉၄၇)စာအုပ်တို့လည်း ပါဝင်ခဲ့သည်။ သခင်ဋီကာတွင် ဗိုလ်မင်းရောင်၏ သူ့ကျွန်မခံလိုစိတ်နှင့် မျိုးချစ်စိတ်ဓာတ် ပြင်းထန်ထက်သန်ပုံ၊ ဗြိတိသျှတပ်များကို ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်ပုံ၊ အမျိုးသားသစ္စာဖောက်တို့၏ ဖောက်ပြန်ပုံ၊ ဗြိတိသျှတို့၏ ကြမ်းကြုတ်ရက်စက်ပုံနှင့် ဗိုလ်မင်းရောင်၏တာဝန်ကို သခင်အောင်ဆန်း ဆက်ခံအောင်ပွဲယူစေလိုပုံတို့ကို ဖော်ကျူးသည့် မြို့လုလင်သူကြီး ဦးမင်းရောင်ဘွဲ့ကဗျာလေးချိုးလတ်ကို ရေးစပ်ဖော်ပြထားသည်။ အာဇာနည်စာအုပ်တွင် ထိုလေးချိုးလတ်ကို ထပ်မံဖော်ပြထားသည့်ပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးမင်းရောင်တို့၏ မျိုးရိုးစဉ်ဆက်ကိုလည်း ဖော်ညွှန်းထားသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် အာဇာနည်ဗိမာန်စာအုပ်ထုတ်ဝေပြီး အကျိုးအမြတ်မှန်သမျှကို အာဇာနည်ဗိမာန်တည်ဆောက်ရေးရန်ပုံငွေသို့ထည့်ဝင်ခဲ့သည်။

ဘီအိုင်အေတပ်သား စာရေးဆရာနှင့် အယ်ဒီတာဘဝတို့တွင် ကျင်လည်ခဲ့သော စာရေးဆရာ ငွေလင်း(၁၉၁၂-၁၉၈၉)သည် မကွေးခရိုင်အတွင်း ကြီးပြင်းကျင်လည်ခဲ့သည့်အလျောက် နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီးနှင့် မကွေးဒေသတို့ကို နောက်ခံထား၍ ဝတ္ထုရှည်များစွာ ရေးသားခဲ့သည်။ ထိုဝတ္ထုများတွင် နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ထိုဒေသမှထင်ရှားသော ခေါင်းဆောင်များနှင့် ဖြစ်ရပ်များကို နောက်ခံထားရေးဖွဲ့သည့် မင်းကြီးရွှေလရောင်(၁၉၆၂)၊ ပင်းမြို့သူ (၁၉၆၅)နှင့် မြို့လုလင်မှ ပုန်ကန်ခြင်း (၁၉၆၆)တို့မှာထင်ရှားကြသည်။ စာရေးဆရာကြီး ငွေလင်းသည် ဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ်ထက်သန်ဖွယ်ဝတ္ထုများကိုဖွဲ့နွဲ့ရာတွင် **မင်းကြီးရွှေလရောင်** နှင့် **မြို့လုလင်မှ ပုန်ကန်ခြင်း** မှာ ဗိုလ်မင်းရောင်၏ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲနှင့် ထိုစဉ်က ဖြစ်ရပ်များကို အခြေခံဖန်တီးထားသည့် သမိုင်းနောက်ခံဝတ္ထုများ ဖြစ်ကြသည်။ **မင်းကြီးရွှေလရောင်** ဝတ္ထုတွင် အစ်ကိုဖြစ်သူ မြို့အုပ်ဦးမင်းခေါင်က လက်နက်ချ၍ မြို့အုပ်ရာထူးလက်ခံရန် လာရောက်စေ့စပ်နားချလျှင် ဗိုလ်မင်းရောင်က 'မြို့အုပ်မကလို့ ဘာရာထူးပေးပေး မလိုချင်ပါဘူး၊ သူ့ကျွန်ဖြစ်ပြီး လူမျိုးခြားကို ဘုရားထူးရမယ့်

> ၁၉၃၅ ခုနှစ်
> ဖွန်လထုတ်
> သူရိယ မဂ္ဂဇင်းမှာပင်
> အညာသားလေးက
> ချက်ချင်းဆိုသလို
> 'ကားစင်အတင်မခံရ
> ခေါင်းဖြတ်ခံရသည့်
> မင်းကြီး
> ဦးမင်းရောင်'
> အယ်ဒီတာထံ
> ပေးစာဆန်ဆန်
> တုံ့ပြန်ခေါင်းပါး
> ရေးသားခဲ့ပါတယ်

အစားအသေခံလိုက်တာပဲ မြတ်ပါသေ[...]တယ် အစ်ကိုရယ်'ဟု လည်းကောင်[...] ဗြိတိသျှတပ်များသည် ခြေရာခံပြီးလိုက်[...]ရာ လေးတိုင်စင်ရွာအနီးတွင် ဦးမင်[...]ရောင်ကို ဝိုင်းမိပြီး သစ္စာခံ၍ မြို့အုပ်[...]ထူးလက်ခံရန် ကမ်းလှမ်းလျှင် ဗိုလ်[...]မင်းရောင်က *'ငါဟာဗမာ၊ ငါဟာ တိုင်[...] ပြည်ရဲ့သစ္စာကို ဘယ်တော့မှ မဖောက်[...] ဖျက်ဘူး။ မင်းတို့လို ကုလားဖြူတွေ[...] လည်း ဘုရားမထူးနိုင်ဘူး။ မင်းတို့[...] ကုလားဖြူတွေရဲ့ လက်အောက်မှာ နေ[...] တာထက်၊ မင်းတို့ကုလားဖြူတွေ[...] ဘုရားထူးရတာထက် သေရတာ[...] မြတ်တယ်။ မင်းတို့သတ်ချင်သပဆိုရင် ငါ့ကို အခုချက်ချင်း သတ်လိုက်ကြ'* ဟု လည်းကောင်း တုံ့ပြန်ပြောဆိုပုံ[...] ဖော်ကျူးထားရာ ဗိုလ်မင်းရောင်၏ ဇာတိမာန် သူ့ကျွန်မခံလိုမှုနှင့် ရဲရင့်မှု[...] တို့ကို တွေ့နိုင်ကြပါသည်။

ဗိုလ်မင်းရောင်အား ခေတ်အဆက်[...]ဆက်တွင် သမိုင်းပညာရှင်၊ စာပေပညာ[...]ရှင်၊ အယ်ဒီတာနှင့် စာရေးဆရာများက[...] သမိုင်းဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ ဝတ္ထုတို[...]၊ ဝတ္ထုရှည်၊ ပြဇာတ်၊ ကဗျာစသည့် စာပေ[...] ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဂုဏ်တင်နေကြ[...] သည့်နည်းတူ ပန်းချီပန်းပု ဂီတသဘင်[...] ရုပ်ရှင်စသည့် အနုပညာရှင်များကလည်း[...] အနုပညာပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ဂုဏ်[...] တင်နေကြမည်ဖြစ်ရာ ဗိုလ်မင်းရောင်၏ ဂုဏ်ရောင်မှာ ထာဝရလင်းလက်တောက်[...] ပြောင်နေပါလိမ့်မည်။

■

**ကေမြ[...]**


**ကိုးကားချက်။ ။**

*အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း၊ မြန်မာ[...] နိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုနှင့် ထိန်[...] သိမ်းမှုသမိုင်း အကျဉ်းချုပ်၊ မလိခ၏ မြန်မာစာပေ အဘိဓာန်၊ သခင်ကိုယ်တော်မှိုင်း၏ အာဇာနည်ဗိမာန်၊ ဇာတိ[...] မာန် စာပေစာတမ်းများ၊ မှော်ဝန်းကြည်[...] မြတ်၏ အညာသားလေး(သို့) တော[...] မည့်မီးခဲ(မော်နီတာဂျာနယ်-၁/၁၁)တို့[...] ကို ညှိနှိုင်းကိုးကားသည်။*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဒေါ်တင်မြိုင်
ပေါက်ကွဲမယ်ဆိုလည်း
ပေါက်ကွဲချင်စရာပဲ။
မိုးကျတာမှ
တစ်လရှိသေးတယ်။
မဂ်လမ်း သုံးချိုးတစ်ချိုးက
ရေထဲမြုပ်နေပြီ။
အဆန်းတော့ မဟုတ်ဘူး။
မူလမြေပြင်အနေအထား
ကြောင့်ပဲ ပြောရမလား၊
ရပ်ကွက်ထဲက
ရေမြောင်းတွေ
မှန်မှန်မဆယ်နိုင်လို့ဘဲ
ဖြစ်မလား။ ခါတိုင်းလည်း
မိုးပေ့ဆို
ဒီလိုပဲ ရေမြုပ်တဲ့ဒဏ်
မခံရတဲ့နှစ် မရှိပါဘူး။
ရှမ်းပြည်နယ်က
အင်းလေးကန်ကြီး
ဒီဘက်ရွှေ့လာသလား
အောက်မေ့ရတယ်။
မြုပ်တာမှ မိုးလယ်ဆို
တချို့နှစ်တွေမှာ
ဒူးနားရောက်တယ်။
ဒါကို တာဝန်သိ
လမ်းသူလမ်းသားတွေ
အချိုးကျငွေ
စုပေါင်းထည့်ဝင်ပြီး

# ဘက်ပြောင်းတဲ့ မျက်စောင်း

**အာဝါသ**

နေ့တုန်းက
ပြုပြင်ခဲ့ကြလို့ ဒီနှစ်တော့
ရေမြုပ်တဲ့ဒုက္ခက
လွတ်ရချေသေးလို့
ဝမ်းသာ
မျှော်လင့်ခဲ့ကြတာပေါ့။
တတ်နိုင်လို့တော့
ဘယ်ဟုတ်မလဲ။
လမ်းထဲမှာကလည်း
ဒေါ်တင်မြိုင်အပါအဝင်
သုံးလေးအိမ်လောက်ကလွဲရင်
ပြေလည်တဲ့အိမ်
ခပ်ရှားရှား။ ဈေးသည်နဲ့
ဝန်ထမ်းပဲများတာ။
ရပ်ကွက်ဈေးနဲ့
အနီးဆုံးလမ်းမို့
ထမင်းစားဖို့တော့
သိပ်မခက်လှဘူး။
ဟင်းရွက်စုံသည်၊
ကြက်ဥဘဲဥသည်၊
အခင်းနဲ့ ချရောင်းတဲ့
ကုန်ခြောက်သည် စုံလို့ပေါ့။
ဒေါ်တင်မြိုင်ကတော့
သူတို့အားလုံးရဲ့
ကယ်တင်ရှင်ဆိုလည်း
ဟုတ်တယ်။ အကျိုးဆောင်
ဘဏ်တိုက်ဆိုလည်း
မမှားဘူး။ ဈေးရောင်းရင်း
အရင်းပြုတ်လို့ပဲ ဖြစ်ဖြစ်၊
ဈေးဗန်းလေး အလှဆင်
တိုးချဲ့ချင်လို့ပဲဖြစ်ဖြစ်
ကိုယ့်ဘက်ကသာ
အတိုးမှန်နေရင်
ဘယ်လို အခက်အခဲမဆို
ဒေါ်တင်မြိုင်
ကယ်တင်နိုင်တယ်။
ဒါကြောင့်ပဲ
တူသောအကျိုး၊



www.burmeseclassic.com

ယူသောအတိုးတွေနဲ့ အခုဆို ဒေါ်တင်မြိုင် အိမ်လည်း ပြင်ဆောက်ပြီးပြီ။ လက်ခွဲစီးပွားရေးဖြစ်တဲ့ အနေးယာဉ်လုပ်ငန်းမှာတောင် ဆိုက်ကား သုံးစီးက စလိုက်တာ ရှစ်စီးထိ တက်လာခဲ့ပြီ။

ဘာပဲဖြစ်ဖြစ် မင်္ဂလမ်းမြေဖို့မြှင့်တင်တဲ့လုပ်ငန်းလေး ဖြစ်မြောက်ခဲ့တာတော့ ဒေါ်တင်မြိုင် ဆော်သြစည်းရုံးရေးကောင်းခဲ့လို့ဆိုရင် မမှားဘူး။ နှစ်ဦးပိုင်းတုန်းက ဆွမ်းခံကြွတဲ့ ကိုယ်တော်တစ်ပါး တွက်ချက်ပြခဲ့တာကလည်း ဒေါ်တင်မြိုင်ကို တွန်းအားဖြစ်စေခဲ့တာကိုး။

'ဒကာမကြီးတို့ ရပ်ကွက် ဒီမိုးတော့ ပိုဆိုးမယ်ထင်တယ်။ မြို့ပတ်လမ်းက ဖျက်ထားတဲ့ ကျူးကျော်ကွက်လပ်မှာ ဘာစီမံကိန်းဆိုလဲ အကြီးအကျယ်ပဲ။ မြေသယ်ကားတွေလည်း တွေ့တယ်။ အဲဒါပြီးသွားရင် ဒီဘက်တွေ ရေပိုမြုပ်နိုင်တယ်။ ဒကာမကြီး ကမကထလုပ်ပြီး လမ်းဒါနလှူဖို့ ကောင်းတယ်။ ကိုယ်လှူတော့ ကိုယ်ရတာပေါ့'

ဘုန်းကြီးက ရပ်ရေးရွာရေး စိတ်ဝင်စားပုံရတယ်။ သူမိန့်သွားတဲ့ထဲမှာ 'ကိုယ်လှူကိုယ်ရ'ဆိုတာကို ဒေါ်တင်မြိုင် ဘယ်လိုသဘောပေါက်တယ် မသိဘူး။ နောက်နေ့ ဆွမ်းခံကြွလာတော့···

'တပည့်တော် လှူဖို့ စဉ်းစားထားပါတယ်ဘုရာ့၊ လမ်းက လူတွေလည်း တိုက်တွန်းပါ့မယ်။ လမ်းကောင်းမှပဲ တပည့်တော် လုပ်ငန်းလည်း အဆင်ပြေမှာ။ မိုး

ကြားကြားချင်း
ဦးထွန်းမောင်
အံ့အားသင့်
သွားတယ်
တစ်ချိန်လုံး
ဒေါ်တင်မြိုင်နဲ့
ပတ်သက်လို့ပဲ
ရတက်မအေး
ဖြစ်နေတာကြောင့်
ခုမှ
သတိရပြီး
အိမ်ရှေ့
လှမ်းကြည့်တော့
လမ်းကို
မမြင်ရဘူး
သူတို့
အမြင့်ပိုင်း
ရေအောက်
ရောက်နေပြီ

တွင်းဆို ဆိုက်ကား ရှစ်စီးစလုံး ထွက်ရတဲ့နေ့ တစ်နေ့မှ မရှိဘူး။ လမ်းပြင်ပြီးရင်တော့ အရှင်ဘုရား မိန့်သလို ပြန်ရမယ်လို့ တပည့်တော် မှန်းတာပဲ ဘုရာ့' လို့ ပြန်လျှောက်တယ်။

ဘုန်းကြီးကတော့ ဘာမှ အထွေအထူး ပြောမသွားတော့ပါဘူး။ လမ်းအတွက် လှူမယ်ကြားရတော့ ဝမ်းသာလို့ နေမှာပေါ့၊ သာဓုသုံးကြိမ်ခေါ်သွားတယ်။ ဘုန်းကြီးမိန့်ခဲ့တဲ့စကားနဲ့ သူ့အတွေ့အကြုံကို ဆက်စပ်ပြီး ဒေါ်တင်မြိုင် တကယ် တွေးမိတာက လမ်းရေမြုပ်နေလို့သာ မိုးအေးအေးမှာ မနက်ဆိုက်ကားလာထုတ်၊ ညနေတစ်ခါ ပြန်အပ် မလုပ်ချင်ကြလို့ သူ့ဆိုက်ကား ယူနင်းတဲ့ သူကောင်းသားတွေ မိုးရောက်ပြီဆို တချို့က စပေါ်ပြန်တောင်းပြီး တချို့ ရက်မမှန် ဖြစ်ရတာ။ အမှန်က မိုးတွင်းမှာ ဆိုက်ကားဆွဲ မကောင်းလို့ အခြားအလုပ် ပြောင်းလုပ်ကြတာကို အမှန်အတိုင်း သူမသုံးသပ်နိုင်ခဲ့ဘူး။ လမ်းကောင်းသွားရင် ရာသီသုံးပါးစလုံး နေ့စဉ်ရနေကျဝင်ငွေမျိုး မှန်မှန် ရနိုင်ကောင်းရဲ့လို့ အကြံဖြစ်ပြီး လမ်းဖြစ်မြောက်ရေးအတွက် စည်းရုံးရေး စတင်တော့တာပေါ့။

အရင်ဆုံးတော့ သူ့အပေါ် အမှီအခို မကင်းတဲ့ ငွေသွင်း၊ ငွေထုတ်လာသူတွေကို စကားစကြည့်တယ်။ တချို့ကို သွေးတိုးစမ်းတဲ့ သဘော၊ တချို့ကိုတော့ မဖြစ်မနေပုံစံမျိုး။

'ညည်းတို့အေ ရေတောထဲမှာ ဈေးသွားထွက်ရတာ ဘယ်လောက်ကသီလဲ၊ တစ်သက်လုံး ကောင်းဖို့တစ်ခါပဲ အကုန်ခံရမှာ။ ကလေးတွေ ဝဲပေါက်တာလည်း မပြောနဲ့၊ အဲဒီကျ ဘယ်သူစိတ်ညစ်ရလဲ'

ဆိုးတော့ မဆိုးဘူး။ သိပ်ထက်ထက်သန်သန် တုံ့ပြန်ကြတာ မဟုတ်ပေမဲ့ သဘောမတူဘူး ငြင်းတဲ့လူလည်း မရှိဘူး။ ဒုတိယနှစ်တက်နေတဲ့ ဒေါ်တင်မြိုင့်သား အလတ်ကောင်တစ်ယောက်ပဲ မအေကို ဟန့်မယ့်လူရှိတယ်။

'အမေကလည်း သူ[...] မှ မပြေလည်တာ၊ မရှိ[...] တောင် အမေ့ဆီမှာ လာ[...] နေတာ အားမနာဘူး'

ဒေါ်တင်မြိုင်ကတော့ 'နင်မသိပါဘူး' တစ်ခွန်း[...] တည်းနဲ့ သူ့သားပါးစပ်[...] ပိတ်ပစ်လိုက်တယ်။ ဒေါ်တင်မြိုင်ရဲ့ စီမံကိန်းကို အားတ[...] သရော ထောက်ခံတာ ဈေး[...] လယ်မှာ ဆန်ဆိုင်ဖွင့်တဲ့ မျ[...] စောင်းထိုးအိမ်က ဒေါ်စိုး[...] လင်မယားပဲ။ သူတို့ ကူညီ[...] စည်းရုံးပေးလို့လည်း တစ်[...] ပတ်အတွင်းမှာ သတင်းက[...] တစ်လမ်းလုံး ပျံ့နှံ့သွား[...] တယ်။ ပစောက်ကွေ့ဘက်[...] ထိပ်ပိုင်း အိမ်တချို့ကလွဲရင်[...] အများစုက လိုလိုလားလား ရှိကြတယ်။ တစ်လမ်းတည်း[...] ဆိုပေမဲ့ နဂိုရပိုင်ခွင့်အနေ[...] အထားချင်းက မတူတာ[...] ကြောင့် ပစောက်ကွေ့ဘက်က လူတွေ ကဖျက်ယဖျက် လုပ်ချင်ကြသလား မပြော[...] တတ်ဘူး။ အသံထွက်လာတာက 'လုပ်အားပေးဆို ပေးပါ့မယ်၊ စားဖို့တောင် အနိုင်နိုင် ငွေတော့ မထည့်နိုင်ဘူး' တဲ့။ မိုးဆို သူတို့ဘက်က အမြင့်ပိုင်းမို့ အနိမ့်ပိုင်းကျတဲ့ ဒေါ်တင်မြိုင်တို့ဈေးဘက်ပိုင်းကသာ ရေစမြုပ်နေကျကိုး။ သုံးလေးရက်ဆက်တိုက် မိုးရပ်နေမှသာ ရေပြန်ကျသွားတတ်တာ။

လမ်းပြင်မယ့်သတင်း စကြားကြားချင်းမှာပဲ အမြင့်ပိုင်းက ဦးထွန်းမောင်ကြီး တက်တက်ကြွကြွ ဖြစ်နေပုံကိုတော့ လမ်းသားတွေ တအံ့တဩဖြစ်နေကြတယ်။ ဦးထွန်းမောင်က ပင်စင်စား



www.burmeseclassic.com

www.burmeseclassic.com

ဌာနဆိုင်ရာ ဝန်ထမ်းဟောင်းတစ်ယောက်ဖြစ်သလို အခုလက်ရှိတော့ ရပ်ကွက်မွှာရုံမှာ သူပြီးမှပြီးတာ။ လူတွေအံ့သြတာလည်း မပြောနဲ့၊ ဒေါ်တင်မြိုင်နဲ့ ဦးထွန်းမောင်တို့ တစ်အိမ်နဲ့တစ်အိမ် တည့်ကြတာ မဟုတ်ဘူး။ ခွန်းကြီးခွန်းငယ် ရန်နှစ်ကြိမ်ဖြစ်ခဲ့ဖူးတယ်။ နှစ်ကြိမ်စလုံး မိုးတွင်းမှာချည်းပဲ။ ပထမတစ်ကြိမ်က ဦးထွန်းမောင်သမီး သီဂီ ဈေးသွားရင်း ဒေါ်တင်မြိုင်အိမ်ရှေ့နား ရေတောထဲမှာ ချော်လဲတော့ ဒေါ်တင်မြိုင်တို့သားအမိ ဝိုင်းဟားရာက စခဲ့တဲ့ပြဿနာ။ နောက်တစ်နှစ်ကျတော့ သီဂီက တေးထားသလား မသိဘူး။ မိုးဦးကျတစ်နေ့မှာ ဒေါ်တင်မြိုင်တို့အိမ်ရှေ့ဖြတ်အလျှောက် ဘေးအိမ်က သူ့လက်ရင်းတစ်ယောက်ကို မကြားတကြား လှမ်းအစဆွဲတာ ဒေါ်တင်မြိုင်နားနဲ့ ဆတ်ဆတ်ကြားသွားတယ်။ 'တို့လမ်းမှာ ဆိုက်ကားထောင်မယ့်အစား လေ့ငှားစားရင် မြန်မြန် သူဌေးဖြစ်နိုင်တယ်ဟ' တဲ့။ ဒါ သူ့အိမ်ရှေ့ ရေမြုပ်နေလို့ သက်သက်ရိတာ၊ စော်ကားတာဆိုပြီး ဒေါ်တင်မြိုင်ချက်ချင်း ထဘီပြင်ဝတ်တယ်၊ နတ်ဝင်တာကျနေတာပဲ တစ်လမ်းလုံး ဆွဲမနိုင်၊ လွဲမနိုင်။

ဒီလို ရာဇဝင်တွေ ရှိခဲ့ပါလျက်နဲ့ အရေးကြီးလို့ သွေးနီးတာပဲဖြစ်မယ်။ မျက်စိကမြင်ရင် ယုံချင်စရာ မကောင်းဘူး။ ဦးထွန်းမောင်တစ်ယောက် တစ်ရက်ခြား၊ နှစ်ရက်ခြားဆိုသလို ဒေါ်တင်မြိုင်အိမ် ဝင်ထွက်ပြီး လမ်းကိစ္စတိုင်ပင်ဆွေးနွေးနေသလို သူ့နားက အင်းမလှုပ် အဲမလှုပ် လုပ်နေသူတွေကိုလည်း လမ်းပြုပြင်ရာမှာ ပါဝင်ကြဖို့ တစ်ဖက်က စည်းရုံးသိမ်းသွင်းတယ်။ အောင်မြင်သင့်သလောက် အောင်မြင်ပါတယ်။ ဘာကြာလိုက်လို့လဲ လမ်းထဲက အတိုင်ပင်ခံ သက်ကြီးဝါကြီးတွေ ပါဝင်တဲ့ပဏာမတွေ့ဆုံညှိနှိုင်းပွဲလေး ဦးထွန်းမောင်အိမ်မှာပဲ ခေါ်ယူကျင်းပပြီး လမ်းဖြစ်မြောက်ရေးကော်မတီတစ်ရပ်ဖွဲ့စည်းနိုင်ခဲ့တယ်။ အခုတော့ ဒေါ်တင်မြိုင်ကလည်း အတိတ်ကရန်ကြွေးရန်စတွေကို အမှတ်ထားပုံမရတော့ပါဘူး။ သီဂီတောင် ဒုတိယအိမ်ထောင်နဲ့ အကြောင်းပါပြီး လမ်းနဲ့ ကင်းကွာသွားတာ နှစ်နှစ်လောက်ရှိပြီ။ ချစ်စရှည်ဖို့၊ မရှည်ဖို့ဆိုတာထက် မုန်းစကို တိုတိုပဲဖြတ်နိုင်ခဲ့တယ်။

လမ်းသူ လမ်းသားတွေ စုံညီတက်ရောက်တဲ့ စည်းဝေးပွဲမှာ ဦးထွန်းမောင်က ပြိုင်ဘက်တွေကို ကျော်ဖြတ်စရာမလိုဘဲ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌဖြစ်လာသလို ဒေါ်တင်မြိုင်လည်း အလှူငွေ တစ်သိန်းထည့်ဝင်တဲ့ နာယက သုံးဦးထဲမှာ တစ်ဦးအပါအဝင် ဖြစ်သွားတယ်။ ဦးထွန်းမောင် ဥက္ကဋ္ဌတာဝန်ယူတာကို တချို့က သဘောမကျကြပေမဲ့ လမ်းထဲမှာကလည်း သူ့လောက်တတ်သိလည်ဝယ်တဲ့လူရှိတာ မဟုတ်တော့ ဘယ်သူမှ ထမကန့်ကွက်ကြပါဘူး။ အထူးသဖြင့် ဦးထွန်းမောင် သမလူကြီးဘဝက နာမည်ပျက်ရှိခဲ့ဖူးတာကို သိမီလိုက်တဲ့ အရွယ်တန်းတွေက ခေါင်းကုတ်ပြီး သက်ပြင်းချကုန်ကြတယ်။ ပြောမယ့်သာပြောကြတာ ဦးထွန်းမောင်ရဲ့ အဓိကမဲဆွယ်စည်းရုံးစကားဖြစ်တဲ့ ...

'ကျွန်တော့် အဆက်အသွယ်နဲ့ဆို ခဲကျိုးနဲ့ တောင်မြေက အလကားနီးနီးရမှာ။ ကားခနဲ့ ဆီဖိုးလောက်ပဲ ကုန်မယ်' ဆိုတာမျိုး ယှဉ်ပြောနိုင်တဲ့လူ ဘယ်သူရှိလို့လဲ။ ဒေါ်တင်မြိုင်ကို ပြောနေကြတာတော့···

'နာယကနေရာကို ငွေတစ်သိန်းနဲ့ ဝယ်လိုက်တာလေ၊ ထည့်ပါလား လေးငါးသိန်း၊ လမ်းသားတွေပိုက်ဆံသူ့ဆီမှာ အများကြီး၊ တို့လုပ်ကျွေးလို့ သူ ဒီလိုဖြစ်လာတာ မရှိတဲ့သူတွေကျ မညာဘူး' တဲ့။ ဈေးထဲမှာလည်း ဒီအကြောင်း၊ လက်ဖက်ရည်ဆိုင်မှာလည်း ဒီအကြောင်း၊ ဆိုက်ကားဂိတ်မှာလည်း ဒီအကြောင်းတွေပဲ ကြားနေရတယ်။ မကျေနပ်ပေမဲ့ ခပ်ကျယ်ကျယ် ပြောရဲကြတာတော့ မဟုတ်ဘူး။ ဦးထွန်းမောင်ထက်စာရင် ဒေါ်တင်မြိုင်နဲ့ ပတ်သက်လို့ ပိုသတိထားရတယ်။ သူ့လူ ကိုယ့်လူ မခွဲခြားဘဲ စကားမှားသွားရင် ဒေါ်တင်မြိုင် နှစ်ပြားမတန်အောင် ရန်တွေ့တာကို ခံရတာထက်၊ အရေးအကြောင်းဆို ကိုယ်ပဲ အခက်တွေ့မှာ မဟုတ်လား။ ဒေါ်တင်မြိုင်ကလည်း ဒါမျိုးများ ပြန်ကြားလို့တော့ ဈေးသည်ဘဝတုန်းက ဈေးသည်အချင်းချင်းကြားမှာတောင် ရှုံးပွဲမရှိ စံချိန်တင်ထားတာ ဘယ်လွယ်လိမ့်မလဲ။ ဒါကြောင့်ပဲ ဦးထွန်းမောင်နဲ့ ပြန်တည့်သွားတာကို တစ်ကြောင်းက ဒေါ်တင်မြိုင် မာန်ကျပြီလို့ မှတ်ချက်ချသူတွေလည်း ချခဲ့ကြတယ်။ တကယ်တော့ ငွေရေးကြေးရေးအပြင် ဦးဆောင်တဲ့သူတွေအပေါ် ဝေဖန်စရာတချို့ရှိနေတာကလွဲရင် အခုလို လမ်းကိစ္စမှာ ရန်ဘက်တွေ ပြန်တည့်ပြီး လက်တွဲလုပ်ကိုင်နေကြတာ မြင်ရတော့ အများစုက အကောင်းမြင်စိတ်နဲ့ ကြိုဆိုကြတာပေါ့။

မျှော်လင့်သလို မဖြစ်ခဲ့ပါဘူး။ လုပ်ငန်းစပြီဆိုတော့ ပင်ပန်းကြတာထက် ပျော်စရာတောင် ကောင်းနေသေးတယ်။ အမျိုးသားတွေ ကားချတဲ့အပုံက သယ်လာပေးတဲ့ အုတ်ခဲကျိုးတွေကို အမျိုးသမီးနဲ့ သက်ကြီးပိုင်းတွေက စီခင်းကြတယ်။ ထုတဲ့လူ ထု၊ ထောင်းတဲ့လူ ထောင်း။ နွေကျောင်းပိတ်ရက်မို့ ကလေးတွေနဲ့ အလုပ်လက်မဲ့ အမျိုးသားတွေက ပင်တိုင်လို့ ပြောရမယ်။ နေ့ခင်းပိုင်း အပူရှောင်တဲ့အနေနဲ့ ခဏ နားချိန်မှာတော့ လက်ဖက်သုပ်၊ ရေနွေးကြမ်း၊ ဆီးဖျော်ရည်ဆိုတာတွေ တစ်နေ့မှ ပြတ်တယ် မရှိဘူး။

နှစ်ပတ်အကြာ သင်္ကြန်မတိုင်ခင်လေးမှာ အမာခံ ခဲကျိုးခင်းတဲ့အဆင့်မှာတင်ပဲ ဦးထွန်းမောင်နဲ့ ဒေါ်တင်မြိုင် ထိပ်တိုက်တွေ့ကြတာ။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်တင်မြိုင်နဲ့ အပေါင်းအပါတွေက သူတို့ဘက် အနိမ့်ပိုင်းကို ထူထူခင်းမယ်လုပ်တာကို ဦးထွန်းမောင်က လက်သင့်မခံဘူး။ နဂိုကတည်းက အနိမ့်အမြင့်မတူဖြစ်နေတာ သက်ဆိုင်ရာကိစ္စ၊ ဒါ ကံတရားသူနဲ့မဆိုင်ဘူး။ သူ့လက်ထက်မှာ တစ်ပြေးညီ သာတူညီမျှပဲ ဖြစ်ရမယ် ဘာညာနဲ့…'ငွေ မလောက်တော့ ဘယ်သူစိုက်မလဲ' လို့ ခံစစ်လုံအောင် ကာပြောပြောတယ်။ ဒေါ်တင်မြိုင် သိလိုက်ပြီ၊ လုပ်ငန်းမစမီ ဥက္ကဋ္ဌ မဖြစ်ခင်က ဒီလေသံမျိုးမှ မဟုတ်တာ။ ဒေါ်တင်မြိုင်ပဲ ဘယ်လွယ်လွယ်နဲ့တော့ အလျှော့ပေးမှာလဲ။ သူ့မှာရှိတဲ့ တစ်ကွက်ချန်တိုက်စစ် ချမသုံးခင် နာယက နှစ်ယောက်နဲ့ ခေါင်းချင်းရိုက်ပြီး အစည်းအဝေးထပ်ခေါ်ဖို့တောင်းဆိုတယ်။

အခုဆို ဦးထွန်းမောင်ဆီမှာကလည်း အင်နဲ့အားနဲ့ ဖြစ်နေပါပြီ။ ဘက်တော်သားတွေဝိုင်းလို့။

'နာယကဆိုတာ ဘာလုပ်ပိုင်ခွင့်မှ ရှိတာ မဟုတ်ဘူး'

'ဥက္ကဋ္ဌ ပြုတ်သားဖို့ အရေးကြီးတယ်နော်'

'လုပ်စရာရှိတာ ရဲရဲသာဆက်လုပ်…'

အဲဒါ အမြင့်ပိုင်းက ဦးထွန်းမောင်လူတွေ ဝိုင်းဝန်းတွန်းပို့ကြတာ။ ကော်မတီဝင်တွေလည်း ရင်တမမပေါ့။ ထိပ်သီးချင်းတွေ့ကြတာကိုး။ အချေအတင် ငြင်းကြခုံကြလို့အပြီး နောက်ဆုံးမှာ 'ငွေပိုရင် ထပ်မြှင့်ခင်းပေးမယ်'

မင်္ဂလာတစ်လမ်းလုံး
ခုတော့
ရေလွှမ်းသွားပြီ
နိမ့်တာ၊
မြင့်တာ
ဘာမှ
မကွာတော့ဘူး
ခဏအကြာ…
လက်ဖက်ရည်ထုပ်
တယမ်းယမ်းနဲ့
အိမ်ထဲ
တန်းဝင်လာတဲ့
သူ့မြေးကို
ဦးထွန်းမောင်
လှွတ်ခနဲ
မေးလိုက်တယ်

ဆိုတာလောက်နဲ့ပဲ ပွဲသိမ်းသွားတယ်။ ဒေါ်တင်မြိုင်က ဦးထွန်းမောင် ပျားရည်နဲ့ ဝမ်းချတာကို ငြိမ်ခံမတဲ့လား။ ရတယ်လေ ဒေါ်တင်မြိုင်ပါဆိုမှ…

'ကျန်တဲ့ငွေလည်း ထပ်မထည့်ဘူး။ ဆက်လုပ်စရာလည်း မလိုတော့ဘူး' အပြတ်ပဲ။ အနိမ့်ပိုင်းရော၊ အမြင့်ပိုင်းက တချို့ပါ ဒေါ်တင်မြိုင်ကို လေးစားသွားတယ်။ ရပ်တည်ချက် ခိုင်မာတယ်ပေါ့။ ဒေါ်တင်မြိုင်က ကျန်တဲ့နာယကတွေလိုမှ မဟုတ်တာ၊ အလှူငွေ တစ်ဝက်ပဲ ပေးထားသေးတာ။

ဆိုတော့… မပြေလည်လို့ နှစ်ရစ်ခွဲသွင်းဖို့ အဆိုပြုထားသူတွေ ချော်လဲရောထိုင် လုပ်လိုက်ရုံပေါ့။ ဒေါ်တင်မြိုင်ကို လေးစားတယ်ဆိုတာ ဒါလည်းပါတယ်။ ဒီလောက်နဲ့ ဒေါ်တင်မြိုင် သူနိုင်တယ်လို့ ကျေနပ်နေတာ မဟုတ်သေးဘူး။ ထည့်ပြီးသား ငါးသောင်းက ခဲကျိုးတွေဖြစ်သွားပြီ။ ဒီလမ်းပြင်ဖို့စခဲ့တာသူ၊ လူလည်းပန်း၊ ငွေလည်းကုန်၊ ဂုဏ်ပါပျက်ရတာ။ အရှုံးနဲ့ အဆုံးနဲ့ချည်းပဲ၊ ကြည့်ပါလား နာယကတောင် ဝအောင် လုပ်လိုက်ရတာ မဟုတ်ဘူး။ 'နေနှင့်ဦး ဒီထွန်းမောင်ဆိုတဲ့အကောင်…' ဒေါ်တင်မြိုင် ကြုံးဝါးတဲ့အတိုင်း အဲဒီနေ့ကစပြီး ဦးထွန်းမောင်နဲ့ ရန်သူတွေ ဖြစ်သွားကြတော့တယ်။

ဒေါ်တင်မြိုင် ဆန့်ကျင်ကျောခိုင်းသွားပေမဲ့ ဦးထွန်းမောင်ကတော့ ရှိတဲ့ငွေ၊ ရှိတဲ့လူနဲ့ ဆက်လုပ်နေသေးတယ်။ သင်္ကြန်အလွန်မှာ မင်္ဂလမ်းပြုပြင်ရေးလုပ်ငန်း ဆုံးခန်းတိုင်ခဲ့ပေမဲ့ ဖြစ်ကတတ်ဆန်းနဲ့ အဆုံးသတ်လိုက်ရတယ်။ လမ်းတင်လား၊ လူတွေကျတော့ရော။ အရင်က မတည့်တဲ့နှစ်အိမ်ချင်း ခပ်စောင်စောင်နေကြတာကလွဲရင် အများစုက မရှိအတူ၊ ရှိအတူ အေးအေးလူလူ နေလာခဲ့ရာက ခုတော့ အနိမ့်ပိုင်း၊ အမြင့်ပိုင်းရယ်လို့ သိသိသာသာ နှစ်ပိုင်းကွဲသွားတယ်။ ပြင်ထားတဲ့လမ်းကိုလည်း ကြည့်လိုက်ဦး၊ တစ်ပိုင်းက ပြေပြေပြစ်ပြစ်ဖြစ်သွားပေမဲ့ ငွေထပ်မထည့်တော့တဲ့ အနိမ့်ပိုင်းမှာ

က ခဲကျိုးတွေနဲ့ ထိုးထိုး
ထောင်ထောင်။ ငွေလည်းထ
အကျေထည့်လိုက်မိသူတွေ
အဖို့တော့ ပိုနစ်နာတာပေါ့။ ဦး
ထွန်းမောင်က ငွေမလော
တော့လို့ဆိုပြီး တောင်မြေ
အဖြစ်သဘော ဖြူးရုံဖြူး
တာ။ အပေါ်က လိုက်ရမယ်
သဲဆို အနိမ့်ပိုင်းမှာ မြင်
တောင် မမြင်ရဘူး။ အဲဒါ
ပြင်ထားတဲ့လမ်း၊ မင်္ဂလာရှိတဲ့
မင်္ဂလမ်းပေါ့။

❑

'စားပြီးနားမလည်တဲ့
အကောင်၊ မျိုးရတာ မဝမှာစိုး
လို့ သူ့အတွက် မကျန်ကျန်
အောင်လုပ်တာလေ။ ခုတော့
သူ့အစိတွေ ကန်းနေပြီပေါ့
တို့ရေမြုပ်သလို သင်းလည်း
ရေနစ်ပြီး ကာလနာတိုက်ပါ
စေ'

မိုးဦးကျတစ်လ
အတွင်းမှာတင် ဒေါ်တင်မြိုင်
နှစ်ကြိမ် ကလော်တုတ်ပြီးပြီ။
ဒါ သုံးကြိမ်မြောက်။ မိုးခပ်
သည်းသည်းရွာပြီဆိုမှဖြင့်
ခုလိုပဲ နောက်မနက်မှာ ဦး
ထွန်းမောင်အိမ်ရှေ့အိမ်က
မလှရီ မုန့်ဟင်းခါးဆိုင်ကို သူ့
နောက်ပါတွေနဲ့ ရောက်လာနေ
ကျ။ သူ့အတွက် မလှရီဆိုင်
က ဟစ်တိုင်။ မလှရီခမျာ
လည်း မျက်နှာပူလှပြီ။ ဈေး
ရောင်းရတာ ဘယ်စိတ်ဖြောင့်
တော့မှာလဲ။ ဒေါ်တင်မြိုင်ဆို
တော့ မောင်းထုတ်ဖို့နေနေ
သာသာ တားဖို့တောင်
အခက်။ နောက် သူ့ခံစားချက်
ကိုလည်း ဥပေက္ခာမပြုရက်
ပြန်ဘူး။ အမှန်က ရောဂါနဲ့
တည့်တာ မဟုတ်ဘူး။ သွေး
တက်မှာကြောက်လို့ပေါင်
ဟင်းရည်လေးပါတဲ့ဆိုရုံနဲ့



www.burmeseclassic.com

www.burmeseclassic.com

စားဖို့ထက် တုတ်ဖို့အတွက် တစ်ဖွဲ့လုံးစာ ရှင်းပြီး၊ ဒီမှာ လာလာရင်းနေတာ။ မုဆိုးမတန်မဲ့ သံသရာကို အာခံပြီး စုဆောင်းရှာဖွေထားရတဲ့ ငွေငါးသောင်း၊ တကယ်ဆိုရင် ကောင်းရင်လည်း တစ်လမ်းလုံးစံ၊ ဆိုးရင်လည်း တစ်လမ်းလုံးခံ ဖြစ်သင့်တာပေါ့။ ခုလို မညီမမျှဖြစ်နေတာ နာမယ်ဆို နာချင်စရာပဲ။ တချို့ကတော့ ဒေါ်တင်မြိုင်ရဲ့မကျေနပ်ချက်ကို ကိုယ်ချင်းစာနားလည်ကြတယ်...။

နို့မို့ဆို ဒေါ်တင်မြိုင် တော်တော်နဲ့ပြန်ဦးမှာ မဟုတ်ဘူး။ မလုရီဖောက်သည်တွေ အလျှိုလျှိုရောက်လာတာကြောင့် ငွေထုတ်ရှင်းပြီး သူ့လူတွေကို အချက်ပြတယ်။ ပြန်တာတောင်လုပ်သွားသေးတယ်။

'တန်အောင်တော့ တုတ်ရမယ်ဟေ့ မခံနိုင်ရင် လဲသေ၊ ကျော်ကို မကျေနပ်ဘူး မှတ်...'

❑

'ဝေါ...ဝေါ...ဝေါ ...ဒိန်းဒလိန်းဒိန်း...ဒိန်း'

မိုးကြိုးသံကြောင့် ဦးထွန်းမောင် အိပ်ရာက လန့်နိုးသွားတယ်။ နိုးနိုးချင်း မှန်ပြတင်းက ထင်းခနဲ လင်းခနဲ ကဆုန်ပေါက်ပြေးဝင်လာတဲ့ လျှပ်စီးတန်းတွေကို မြင်လိုက်ရတယ်။ တစ်ပြိုင်တည်း တဝေါဝေါနဲ့ ဒေါထမာန်ဖီမြည်ဟည်းနေတာက သူ့နဲ့ ဖွားဖက်တော် ကြံရာပါ၊ ငါ့ဆိုမိုး...။ ဘယ်လိုဆက်အိပ်လို့ ရတော့မှာလဲ၊ ညဦးက ရလိုက်တဲ့ တစ်မေးကြောင့် တော်တော့တယ်။ ဦးထွန်းမောင် အတွေးစိတ်မှာ လျှပ်စီးတန်းတွေအစား မီးဝင်းဝင်းတောက်နေတဲ့ ဒေါ်တင်မြိုင်ရဲ့ မျက်စိနှစ်ပေါက်က ဝင်ရောက်နေရာယူထားသလို တဝူးဝူး၊ တဝေါဝေါမိုးသံကလည်း ငှက်ဆိုးမကြီး အော်ဟစ်ဆူညံသလို စိုးမိုးခြောက်လှန့်နေတော့တယ်။

'ဂျွတ်... ဂျလွတ်... ဂျွတ်...ဝုန်း'

ခပ်လှမ်းလှမ်းက သစ်ကိုင်း ကျိုးကျသံကြောင့် မနက်ဖြန်ကြုံရမယ့် အရေးအတွက် ပိုလို့ သွေးပျက်စရာဖြစ်စေတယ်။ ဆက်တိုက်မနားတမ်း ဒီလိုသာ ရွာနေရင် မနက်ဆို အိမ်ရှေ့ကို သူရောက်လာတော့မယ်။ အခုတောင် သန်းခေါင်ကျော်နေပြီ မိုးက ရပ်မယ့်ပုံ မပေါ်သေးဘူး။ ရှက်စရာ၊ သိက္ခာကျစရာကောင်းပေမဲ့ ဒီမိန်းမကြီးနဲ့ ဖက်လည်း မဖြစ်ရဲ။ ဖက်ဖြစ်ပြန်လည်း ပိုဆိုးရုံသာ ရှိမယ်။ အရင်အကြိမ်တွေ လာကလော်တုတ်တုန်းကလည်း အပြင်ဘက် ထွက်ဖို့မပြောနဲ့ အိပ်ရာထဲ အသာလှဲနေရတာ။ မလင်းခင် တစ်နေရာ ရှောင်ထွက်သွားလိုက်တာပဲ ကောင်းမယ်လို့ ဦးထွန်းမောင် စဉ်းစားတယ်။ သူ့အသံမကြားရတော့ သောကရော၊ ဒေါသရော ဖြစ်မလာတော့ဘူးပေါ့။ လင်းပဲလင်းတော့မယ် မိုးက ခုထိအားမရနိုင်သေးဘူး...။ ဒီတိုင်းဆို မဖြစ်တော့ပါဘူးလို့တွေးပြီး ဦးထွန်းမောင် ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်တယ်။ ရင်ဆိုင်မယ်...အရင်လိုပဲ အိပ်ရာထဲက ရင်ဆိုင်မယ်... မထူးဘူး။

မနက် ဝေလီဝေလင်းမှာ လေရောမိုးပါ ရပ်သွားတယ်။ ဒေါ်တင်မြိုင်အတွက်ကတော့ အချိန်ကိုက်လို့တောင် ပြောရဦးမယ်။ ဦးထွန်းမောင် ဆီးခဏာသွားပြီး အိပ်ရာထဲ ပြန်ခွေနေလိုက်တယ်။ လာမယ်ဆိုလာခါနီးနေပြီ။ ဒီတစ်ခါအသံတောင် ပိုကျယ်ရင်ကျယ်မှာ... ဘာပဲဖြစ်ဖြစ် ခဏတော့ ကြိတ်မှတ်ရင်ဆိုင်ရမှာပဲ။ ခုနစ်နာရီသာခွဲသွားတယ်။ အရေးထဲလာမယ့်လာတော့ စောစောစီးစီး ဘယ်ကညွှဲ့သည်ပါလိမ့်...။ မြေးအငယ်ကောင် ခုတင်ဘေးလာပြီး 'ဘိုးဘိုးဧည့်သည်'ဆိုလို့ ဦးထွန်းမောင် ထကြည့်တော့ ကော်မတီတုန်းက အမှုဆောင် ဦးစိန်ဖြစ်နေတယ်။ ကောင်းသားပဲ ဧည့်သည်နဲ့ စကားစမြည်ပြောရင်းဆို ဒေါ်တင်မြိုင့်အသံ မသိလိုက် မသိဘာသာပြီးသွားနိုင်တယ်။ ဒါပေမဲ့ ခုချိန်ထိ ရောက်မလာသေးတာတော့ ထူးခြားနေတယ်။ ဦးထွန်းမောင် အကြံတစ်ခုရသွားတယ်။ သူ့မြေးကို ဈေးထိပ်လွှတ်ပြီး လက်ဖက်ရည်ပါဆယ်နဲ့ 'မသိမသာ ကြည့်လာခဲ့နော်'လို့ပါ ဦးစိန်မကြားအောင် တိုးတိုးကပ်မှာလိုက်တယ်။

ဦးစိန်ရောက်လာတာက ညလုံးပေါက်ရွာတဲ့မိုးကြောင့် ရပ်ကွက်ထဲက လမ်းတိုင်းမှာ ရေမြုပ်ကုန်တဲ့အကြောင်း စိတ်မကောင်းစရာ လာပြောတာ။

'ဟာ...ဒါဆို...'

ကြားကြားချင်း ဦးထွန်းမောင် အံ့အားသင့်သွားတယ်။ တစ်ချိန်လုံး ဒေါ်တင်မြိုင်နဲ့ ပတ်သက်လို့ပဲ ရတက်မအေးဖြစ်နေတာကြောင့် ခုမှ သတိရပြီး အိမ်ရှေ့လှမ်းကြည့်တော့ လမ်းကို မမြင်ရဘူး။ သူတို့ အမြင့်ပိုင်း ရေအောက်ရောက်နေပြီ။ မုန့်ဟင်းခါးဆိုင်မှာ မိန်းမပျိုတွေတောင် ထဘီတိုကိုယ်စီနဲ့...။ မင်္ဂတစ်လမ်းလုံး ခုတော့ ရေလွှမ်းသွားပြီ။ နိမ့်တာ၊ မြင့်တာ ဘာမှမကွာတော့ဘူး။ ခဏအကြာ...လက်ဖက်ရည်ထုပ် တယမ်းယမ်းနဲ့ အိမ်ထဲတန်းဝင်လာတဲ့သူ့မြေးကို ဦးထွန်းမောင် လွှတ်ခနဲ မေးလိုက်တယ်။

'တွေ့ခဲ့လား'

သူ့မြေးက လက်မထောင်ပြပြီး ချက်ချင်းဆိုသလို...

'အဘွားဒေါ်တင်မြိုင်ကြီး ဘုရားရှိခိုးနေတာ သားကြားခဲ့တယ်။ အကျယ်ကြီးပဲ၊ ဘုန်းကြီးတရားခွေလည်း ဖွင့်ထားတယ်'

ရုတ်တရက် ဦးထွန်းမောင် ကြောင်တိကြောင်တောင် ဖြစ်သွားရာက မျက်နှာ ပြုံးရိပ်သန်းလာတယ်။ စိတ်သက်သာရာ ရသွားတယ်ထင်ပါရဲ့။

သူ မသိသေးလို့... မိုးစဲချိန်က ဒေါ်တင်မြိုင် အိမ်ရှေ့ထွက်ပြီး လမ်းထဲကို ပြုံးပြုံးကြီး ခါးထောက်ကြည့်နေတာ မလုရီကိုယ်တိုင် မြင်လိုက်တယ်တဲ့။ ■

**အာဝါသ**




www.burmeseclassic.com

www.burmeseclassic.com


အုပ် ၁၀၀ ပြည့် အမှတ်တရ

# လင်းလွန်းခင်စိတ်ကြိုက်

## ခေတ်အလိုက် ဆောင်းပါးများ




ဆရာလှကွန်း၊ လူထုဦးလှ၊ ဦးဖိုးကျား၊
သခင်ချစ်မောင်(မြန်အောင်)၊ ဒွေးမြိုင် ...အစရှိသူတို့၏
အမျိုးသားရေးတဏှာ...
ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)၊ မောင်နေဝင်း၊
နောင်ကျော်...အစရှိသူတို့၏ တော်လှန်ရေးတဏှာ...
သခင်ကိုယ်တော်မှိုင်း၊ ဦးနု၊ မောင်ဇေယျာ၊
တိုသန်း(ကြည့်မြင်တိုင်)...အစရှိသူတို့၏
လွတ်လပ်ရေးတဏှာ...
နတ်မှူး၊ လေးကိုတင်၊ ဇော်သက်ထွေး...အစရှိသူတို့၏
ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအရေးတဏှာ...
တိုးတက်ရေးအုန်းမြင့်၊ ဗိုလ်မှူးချုပ်ဟောင်းကျော်စော၊
မောင်ဝံသ... အစရှိသူတို့၏
ကျောင်းသားနှင့် နိုင်ငံရေးတဏှာ...
သခင်သန်းထွန်း၊ မန်းဝင်းမောင်...အစရှိသူတို့၏
သမိုင်းထဲက ပုဂ္ဂိုလ်ရေးတဏှာ...
လူထုစိန်ဝင်း၊ ဇော်ဇော်အောင်၊ ကျော်စောမင်း၊
ဒေါက်တာတင်အောင်...အစရှိသူတို့၏
တိုင်းရေးပြည်ရေးတဏှာ...
တိုက်စိုး၊ မောင်ဝဏ္ဏ၊ ဗိုလ်ကလေးတင့်အောင်၊
မြသန်းတင့်...အစရှိသူတို့၏ ဇီဝအနုပညာတဏှာ...
မောင်စူးစမ်း၊ ဦးဘုန်း(ဓာတု) မန္တလေး...အစရှိသူတို့၏
အသနအတွေးတဏှာ...
စသည့် တဏှာအသီးသီးအလိုက် အကြောင်းအရာများ
ပါဝင်ပါသည်။

တန်ဖိုး – ၁၀၀၀ ကျပ်

**ထွက်ပြီ**

ဖြန့်ချိရေး လင်းလွန်းခင်စာပေ

အမှတ် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း –၀၁– ၂၉၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၇၃၀ ၊ ၀၉– ၄၂၁၇ ၁၉ ၇၁၂


www.burmeseclassic.com

www.burmeseclassic.com


အရှယ်သုံးပါးသုံးစွဲများ

# စိန်ကုလား

ဆေးတိုက်မှထုတ်လုပ်သော



မှတ်ပုံတင်အမှတ် ၀၆၀၁(ပိုင်)၂၀၂၂

★ စားမဝင်၊ အိပ်မပျော်၊ နှလုံးတုန်၊ ရင်ခုန်၊ မူးဝေ၊ မောပန်းဖြစ်သူများ
★ ဝမ်းဖော၊ ဝမ်းရောင်၊ အပူဝမ်း၊ အစာဝမ်းဖြစ်သူများ
★ ချောင်းဆိုး၊ ရင်ကြပ်၊ လေထိုး၊ လေအောင့်ဖြစ်သူများ
★ မီးယပ်နှင့်ဒူလာ ရောဂါအမျိုးမျိုး ဖြစ်သူများ
★ ကျား/မများ၏ ပင်ကိုအားတိုးပွားစေရန်အတွက် အထူးသင့်လျော်ပါသည်။
★ ကျန်းမာဝဖြိုး အလှတိုးစေသည်။



မှတ်ပုံတင်အမှတ် ၀၃၀၁(ပိုင်)၀၃၂

★ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ရင်မချောင်ပါက ဆေးအတိုင်းလျက်ပါ။
★ ချောင်းဆိုးရင်ကြပ်၊ သလိပ်ကပ်၊ သလိပ်ပုတ်ထခြင်းများကို
ကွမ်းရွက်စိမ်းရည်၊ သံပုရာရည်၊ ရှောက်ရည် ရရာနှင့်သောက်ပါ။
★ လေထိုးလေအောင့်၊ လေပျို့လေအန်ပါက သံပုရာရည် သို့မဟုတ်
ရှောက်ရည်နှင့်သောက်ပါ။
★ အစာစားပြီးတိုင်း ဆေးအနည်းငယ်စားပေးခြင်းအားဖြင့် အစာကြေ
လေသက်၍အစာအိမ်၌ဖြစ်တတ်သော ရောဂါများကို ပျောက်ကင်းစေပြီး
အပူငြိမ်းစေသောလျက်ဆားဖြစ်ပါသည်။

**သွေးဆေး၊ လျက်ဆား၊ တိုင်းရင်းမြန်မာဆေးခန်းသုံးဆေးမျိုးစုံ**
**ဘယဆေးကုန်ကြမ်းနှင့် ဘယဆေးမှုန့်မျိုးစုံ လက်လီ/လက်ကားရရှိနိုင်ပါသည်။**

---

အမှတ်(၃၇၃-၅၆၉-၅၇၄) အေရုံ၊ သိမ်ကြီးဈေး ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ဆိုင်-၀၁-၃၈၈၁၇၅၊ ၀၁-၃၇၀၆၂၂ (လိုင်းခွဲ-၂၅၉)၊ ၀၁-၃၇၁၈၂၂ (လိုင်းခွဲ-၅၄၁)
☎ အိမ်-၀၁-၅၅၃၉၂၇၊ စက်ရုံ-၀၁-၅၄၈၃၅၉


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




လူထုအချစ်တော်
လျှပ်စစ်မီးက
လင်းထိန်နေဆဲ။
သင်းကို အမှီသဟဲပြုပြီး
လာနေသည့်
မြန်မာနေရှင်နယ်လိဂ်
ဘောလုံးပွဲကတော့
မကောင်းမကန်း။
ကန်တင်ပြေး၊ စုပြုံလိုက်၊
ကြုံရာလူက
ကြုံသလိုကန်တတ်။
အဟုတ်ကို ညှံ့သည့်ပွဲ။
သနာ မနည်းလှသည့်
ဒေါ်အေးမြင့်ဖင်
စိတ်ပျက်ချင်လာပြီ။
တီဗွီဖန်သားပြင်ကြီး
အပေါ် အာရုံစိုက်လို့
ရဟန်မတူ။

ဘေးအိမ်တွေက
စွာကျယ်ကျယ်
သီချင်းသံနှင့်
မြန်မာဗီဒီယိုကားထဲက
ကမ္ဘာပျက်သလို
စကားပြောသံ နားမခံသာ။
သုံးမိနစ် တစ်ခါလောက်
သံရှည်ဆွဲတွန်တတ်သည့်
ကြက်ဖကြီးက
ရိုက်သတ်ချင်စရာ။
တစ်ခါတစ်ခါ
ကြောင်သေးနံ့က နံသေး။
ဒါကတော့
တခြားအိမ်ကမဟုတ်။
မမြဲသဘောတရား
အတိုင်း ခပ်ချာချာ
ဘောလုံးပွဲက
ဟုတ်သလိုလို ရှိလာပြီ။
အချိတ်အဆက်တွေ
ဘာတွေမိလို့

ရုပ်ရုံမဂ္ဂဇင်း
ဝတ္ထုရှည်၈/ဆုံး

www.burmeseclassic.com

www.burmeseclassic.com

ဂိုး ဂိုး အို။ လူကျွံနေတာကိုး။ ကြည့်လို့ကောင်းနေတုန်း ပထမပိုင်းက ပြီးဆုံးသွား၏။ ထိုအခိုက် ဒေါ်အေးမြင့် နောက်လှည့်ကြည့်မိသည့်အခါ အမှန်တရားနှင့် အကြည့်ချင်းဆုံ၏။ ယင်း အမှားတစ်ရန်က ဖိနပ်ချွတ်အဆင်းအတက်တွင် မကြည့်ချင် မြင်လျက်သား။ ယောက်ျားစီး ကတ္တီပါဖိနပ်တစ်ဖက်နှင့် မ-စီး ယင်းမာဖိနပ် ပြားကပ်ကပ်တစ်ဖက်၊ ဘယ်ပုံဘယ်နည်းနှင့်မှ ဆွေမျိုးစပ်မရ။ ကျန်တာတွေက သူ့ဟာနှင့်သူ ဘက်စီ၊ ဘက်စီ၊ ဘယ်ညာ၊ ဘယ်ညာ၊ ဒွိယံ၊ ဒွိယံ။

'ဟဲ့ ဟဲ့ ကောင်လေး နင်စီးထားတဲ့ ဖိနပ် နင့်ဟာနင် ပြန်ကြည့်ဦး၊ ဟဲ့ ဟဲ့ သြော် နားက လေးလိုက်တာ ဒုက္ခပါပဲ'

နိုင်ငံကြီးသားပီပီ အလောတကြီးနိုင်လှသည့် ထီရောင်းသမားလေးကတော့ ကြားပုံမပေါ်။ သူ့ပီတိက သူ့ကို အတောင်တပ်သွားလေပြီ။ ဖြစ်တောင့်ဖြစ်ခဲဆိုသလို တဲပုတ်သာသာ၊ စုတ်ချာချာ အိမ်လေးက မင်္ဂလာစုံတွဲကြီး တစ်တွဲကို ရှော့ရှော့ရှူရှူ ဝယ်ယူအားပေးလိုက်သဖြင့် စိတ်နှင့်ကိုယ် ဆက်သွယ်မှုဇရိယာ ပြင်ပ ရောက်ကုန်ကြသည်။ ထီထိုးသူ၏ နေရပ်လိပ်စာနှင့် ထီဂဏန်းနံပါတ်တွေကို ရေးမှတ်သည့်အခါ မှတ်ရမည့်စာ မျက်နှာတွင်မမှတ်၊ ကျော်ကျက်ပြီး မှတ်မိသည်အထိ။ 'နောက်လတွေလည်း လာဦးနော်။ လတိုင်းမပေါက်မချင်း ထိုးမှာ'။ ထိုထိုစကားက ထပ်တလဲလဲနားဝင်ချိုစေ၏။

အကောင်ဒြပ်
မရှိလျှင်
အရိပ်
မထွက်နိုင်သလို
ဒီအိမ်မှာ
ခင်ဝေလွင်
မရှိလျှင်
ကြောင်တွေ
ရှင်သန်ပေါက်ပွား
လာစရာ
အကြောင်းမရှိ
စွဲမိစွဲရာ
အပျိုကြီးတွေ၏
ဓလေ့
ဝါသနာအတိုင်း
ဒီသတ္တဝါတွေကို
သမီး၊ သမီးနှင့်
နားငြီးအောင်ကို
အယုလွဲ၏

'ဟဲ့ ဝေလွင် လှမ်းခေါ်လိုက်ဦးလေ။ ငါ့ဖိနပ်လေးပျက်တော့မှာပဲ'

ဒေါ်အေးမြင့် လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောနေသော်လည်း ခင်ဝေလွင်သည် သုံးအစ ခြောက်အဆုံး ထီလက်မှတ် ကတ်ပြားလေးကို တစိမ့်စိမ့် မမိုတ်မသုန်ကြည့်ပြီး ပြုံးကာမဲ့ကာဖြင့် စိတ်ဖဲရိုက်နေ၏။ ယင်းကြောင့် ကြည့်လျက် မမြင်၊ ခေါ်လျက်မကြား။

'အမေ ဘာ ဖိနပ်လဲ'

'ဟိုမှာလေ နင့်မျက်လုံးမမြင်ဘူးလား၊ အောက်မှာဟဲ့ အကန်းမရဲ့။ ဟိုတစ်ယောက်က အဝေးကြီးရောက်နေပြီ'

ဒေါ်အေးမြင့်၏အလတ်စားဒေါသသည် ကျောသားရင်းသားမခွဲခြား၊ နီးရာလူကို ဟိန်းဟောက်မာန်မဲ၊ မျက်စောင်းခဲလေ၏။

'သြော် ဒီ ဖိနပ်လား အဟိ'

ပြောနေတုန်းမှာပင် ထီရောင်းသမားလေး မောင်ပျာယာ လျှင်စွာရောက်ရှိလာ၏။ ယင်းမှာ ဖိနပ်လေးကို ညာလက်ဖြင့် တင်းတင်းကိုင်ထားပြီး ဝါဝါထိန်ထိန် သွားပိန်ပိန်လေးတွေကို အစအဆုံးမြင်ရအောင် ပြုံးပြလေ၏။ မျက်နှာလေးက ရှက်တဝဲဝဲ။ ချိုင်းချွေးနံ့ နံနံစော်စော်ကြီးတွေသာ ပါမလာခဲ့လျှင် ပီဘိသနားစရာလေးဖြစ်မှာ။

ဖိနပ်လေးပျက်သွားပြီလားဟု ခင်ဝေလွင် လှမ်းအကဲခတ်၏။ အကဲဆတ်လှသည့် မြန်နှုန်းမြင့်စိတ်က စနေနံထွက်ရင် ငွေနံ့ဝင်တယ် ဟဲ့ဟု နားချပြန်သည်။ ဖိနပ်လေးကလည်း ဟောင်းနေပါပြီလေ၊ ဖြစ်သွားရော။

'နင့်နဲ့ဟယ် ကိုယ့်ဖိနပ် မဟုတ်တာတောင် ချက်ချင်း မသိဘူးလား၊ အံ့ပါရဲ့ဟယ်'

ဒေါ်အေးမြင့် တီဗွီကို မျက်နှာမူနေရင်းက ပြောလိုက်တာပါ။ ဘောလုံးပွဲနေရာတွင် ကိုရီးယားဇာတ်လမ်းတွဲ အစားဝင်နေ၏။ စားချင်စဖွယ် ထမင်းပွဲပါလား။ ဟင်းခွက်တွေက များမှများ၊ စားလိုက်မှဖြင့် ပလုတ်ပလောင်း ကောင်းတယ် ကောင်းတယ်က ပါသေး။ ဒေါ်အေးမြင့် တံတွေးမျိုချ မိတာ အကြိမ်ကြိမ်။ ပါးစပ်က မငြိမ်။

'ကျွန်တော် ဒါမျိုးတစ် ခါမှ မဖြစ်ဖူးဘူး။ တကယ် ပါ ကြီးကြီးရာ၊ ကြီးကြီးတို့ ထီပေါက်ဦးမှာ'

'ဟုတ်တယ် ဟုတ် တယ် ပေါက်ကိုပေါက်ဦးမှာ'

တုံ့ဆိုင်းမရှိ တိတိပပ ခင်ဝေလွင် အတည်ပြု၏။ ရှိရင်းစွဲ ယုံကြည်ချက်ကို မျက်စိရှေ့က ဖြစ်ရပ်ဆန်း လေးနှင့် ထပ်မံကျားကန် လိုက်ပြီး အပျော်လှိုင်းကြီး ငြိမ့်ငြိမ့်စီးနေ၏။

❑

၁။

ညကိုးနာရီခွဲလောက်မှာ တညောင်ညောင်အော်ပြီး ဟိုချောင်ဝင်၊ ဒီချောင်ထွက် ဖတ်သီဖတ်သီလိုက်နေသည့် ကြောင်မကြီးကို တစ်အိမ်သားလုံး အထူးတလည် သတိထားမိကြသည်။ ဗိုက်ကြီးက ပြဲပြဲကားကား၊ မွေးလုလု၊ ဖွားလုလု။

စူးစူးရှရှ အော်သံလေးက ရင်တွင်းက လာသလားပဲ၊ ကြားရသူတိုင်းကို နေမထိထိုင်မသာ ဖြစ်စေ၏။ အကဲဆုံး၊ အသည်းဆုံးက ခင်ဝေလွင်။ မမြင်ရက် မကြားရက် ဘာမှလည်း မလုပ်ပေးတတ်ပြန်။ သက်ပြင်း၊ သက်မတွေချကာ နောက်ကနေ မယောင်မလည် လိုက်ကြည့်နေရ၏။

ဆယ့်တစ်နာရီလောက်မှာ ကြောင်မကြီး အိမ်ခန်းထဲဝင်သွား၏။ ဒီတစ်ခါတော့ ပြန်ထွက်မလာတော့။ တညောင်ညောင်အော်သံလည်း တိုးတိတ်သွားပါ တော့သည်။ လွယ်လွယ်ကူ



www.burmeseclassic.com

www.burmeseclassic.com

ကူပါပဲ။ တစ်အိမ်သားလုံး မောဟာအမှောင်ဖုံးကာ မေ့မေ့ပျောက်ပျောက် ပြန်ဖြစ်သွားကြသည်။

'ကြောင်လေးတွေကျနေတယ်တော့'

မနက်အိပ်ရာ ထထချင်း ကြောင်သတင်းပေးလုပ်လာသူက အငယ်မစန္ဒာမိုး။ ကြောင်မကြီးက သူ့သားသမီးတွေကို ဟိုကိုင်ဒီကိုင်လုပ်နေတာ ကြိုက်ဟန်မတူ။ မျက်နှာထိ မျက်နှာထားဖြင့်ကြည့်ကာ တညောင်ညောင် အော်နေပါသည်။

'စန္ဒာမိုး ဘယ်နှကောင်ကျလဲ'

ခင်ဝေလွင် အိပ်ရာထဲတလူးလဲထလာ၏။ အရင်ဒီအချိန် ထလေ့မရှိပါ။ တီဗွီအစီအစဉ်တွေရှေ့က သတင်းရှည်ကြီးတွေ နေရာဝင်ယူလိုက်သဖြင့် တော်တော်နှင့်အိပ်ဖြစ်။

'အဝါလေးကတစ်ကောင်၊ သူ့အမေနဲ့ တူတာလေးက နှစ်ကောင်၊ အညိုလေးကတစ်ကောင်၊ အားလုံးလေးကောင်။ ချစ်စရာလေးတွေ လာကြည့်ပါဦး'

'လေးကောင် ဒါဆို ငါ့ဆုတောင်းပြည့်တာပေါ့။ ခမ်းသာလိုက်တာဟယ်'

အိမ်လေးက သုံးပင်တော်လည်၊ အိပ်ခန်းတစ်ခန်းက ဖျစ်ဖျစ်မည် ပါတယ်ဆိုရုံ။ အထွေထွေသုံးက အိမ်ရှေ့ဆက်ခြမ်း၊ ဧည့်ခန်းဖြစ်လိုက်၊ ထမင်းစားခန်းဖြစ်လိုက်၊ အိပ်ခန်းဖြစ်လိုက်။ သားအမိ သုံးယောက် ဒီအိမ်လေးမှာပဲ ဖြစ်သလို အိပ်ကြရ။ အိမ်ကိုလုပ်သူ ကိုထွန်းလွင်က အခန်းအတွင်း၌ အဝတ်ဗီရိုကို နေရာတစ်ဝက်ပေးပြီး တော်သလိုအိပ်ရ၏။

'အိပ်ခန်းက ကျဉ်းကျဉ်း၊ လူတွေတောင်နေစရာမရှိတာ ဒီကြောင်တွေနဲ့တော့ကွာ'

ကိုထွန်းလွင် အိပ်ရာထဲကမထသေးဘဲ ခေါင်းရင်းက ရေဒီယိုလေးကို လှမ်းဆွဲလိုက်၏။ လက်ရှိကြောင်လေးတွေ ကျနေတာက ဗီရိုအောက်တွင်ဖြစ်သည်။ ထိုကြောင်မကြီးနှင့် ကိုထွန်းလွင် သင့်မြတ်ကြတာလည်း မဟုတ်။

'အစ်ကိုလေး ဒီမှာ ကြောင်လေးတွေ ကျနေတာ မသိဘူးလား'

ရေဒီယိုလေးကို လေသံတရှဲရှဲ ကြားကနေ မနည်းနားထောင်နေရသည်။ နေရာရွှေ့လိုက်လျှင် ဒီထက် အသံပိုကြည်လာမှာကို မသိလို့မဟုတ်၊ ခိမ်ပျက်မှာကို စိုးသောကြောင့်။

'မသိဘဲနေမလား၊ သူ့ဟာသူမွေးတာ ငါဘာလုပ်ပေးရမှာလဲ'

အကောင်ဒြပ်မရှိလျှင် အရိပ်မထွက်နိုင်သလို ဒီအိမ်မှာ ခင်ဝေလွင် မရှိလျှင် ကြောင်တွေ ရှင်သန်ပေါက်ပွားလာစရာအကြောင်း မရှိ။ စွဲမိစွဲရာ အပျိုကြီးတွေ၏ ဓလေ့၊ ဝါသနာအတိုင်း ဒီသတ္တဝါတွေကို သမီး၊ သမီးနှင့် နားငြီးအောင်ကို အယူလွဲ၏။

'စန္ဒာမိုး ရော့ ဒီမှာ ပိုက်ဆံ ဈေးသွားစမ်း၊ အကြာကြီးလည်းလုပ်မနေနဲ့။ ပြန်လာရင်နင့် အဝတ်တွေလျှော်ဦး။ ချဉ်စော် ပုပ်စော်နံနေပြီ။ တစ်အိမ်လုံး နင့်ဟာတွေချည်းပဲ။ အိမ်ကကျဉ်းကျဉ်း ငါစိတ်ရှုပ်လွန်းလို့ပါဟယ်'

စန္ဒာမိုး ရှုရှုအောင့်အောင့်ဖြင့် ပိုက်ဆံကို လှမ်းယူ၏။ ထောင်တန်တစ်ရွက်နှင့် ဆေးခန်းပြန် ငါးရာတန်တစ်ရွက်။ ချက်ချင်း ထွက်မသွားသေး၊ ပေပြီး ရပ်နေ၏။ ရွှဲစောင်းစောင်းနှုတ်ခမ်းဆီမှ...

'ပိုက်ဆံထောင့်ငါးရာနဲ့ ဘာဝယ်ရမှာလဲ။ ဆီကလည်းမရှိဘူး။ မသွားချင်ဘူး ကိုယ့်ဟာကိုယ်သွား'

အိမ်အဆင်းအတက်တွင် ပိပိပြားပြား ထိုင်ချလိုက်၏။

'စကားမရှည်နဲ့ ရတာဝယ်ခဲ့၊ လူကြားတယ်။ ဆီကညနေဆေးလိပ်ပို့မှဝယ်မယ်၊ မြန်မြန်သွား မြန်မြန်လာ'

ဒုက္ခခန္ဓာကိုယ်ကြီးက ဒုက္ခအစစ်တွေကို ကိုက်ခဲ၊ နာကျင်၊ စူးအောင့်စပ်ကျဉ်စသည့် ဝေဒနာဖြစ်စဉ်တွေနှင့် စက္ကန့်မလပ် စစ်ဆင်နေသော်လည်း ဒေါ်အေးမြင့်ကတော့ မရှိငါကို အသိနှင့် မခွာနိုင်ရှာ။ လောဘ၊ ဒေါသ မျက်မှန်တွေတပ်ပြီး အတိတ်၊ အနာဂတ်တွေဆီ ခရီးလွန်နေသဖြင့် ဖြစ်ဆဲ၊ ပျက်ဆဲ ဓမ္မတွေအပေါ် ဉာဏ်မသက်ဝင်မိ။ ဒီလိုနှင့် ညတာရှည်ရ၏။ ကြိုးကြားကြိုးကြား ဆိုသလို မောဟမှောင်ရိပ်နိုကာ မှေးမယ်ကြဲတုန်း ဝုန်းဒိုင်းဒိုင်း အသံများကြောင့် မျက်စိကြောင်ရပြန်သည်။ သူတို့၏ သွပ်ခေါင်မိုး နိမ့်နိမ့်လေးသည် ကြောင်သရမ်းတွေ လိုက်တမ်းပြေးတမ်း ကစားရာ ကွင်းတစ်ခု ဖြစ်နေ၏။ အထက်ပါ အတွင်းရန်၊ အပြင်ရန်တွေ စုပြုံနှိပ်စက်မှုများကြောင့် ညညကောင်းကောင်း အိပ်မပျော်၊ မိုးလင်းခါနီးမှ အိပ်စက်ရ၏။ ယင်းကြောင့် တော် တော်နှင့် မထဖြစ်၊ အကန့်အသတ် ရှိနေပြန်သည်။ ခင်ဝေလွင်နှင့် စန္ဒာမိုး ရန်စမပျိုးခင်အထိသာ။

'ဝေလွင် နင်တို့အိမ်မှာ ကြောင်လေးတွေ ကျနေတယ်ဆို'

အသံကြားရုံဖြင့် ကိုထွန်းလွင် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'ဟုတ်တယ်အစ်မကြီး ဒီမှာ လေးကောင်တောင်အဟင့်'

ကိုထွန်းလွင်ဆက်ပြီး နှပ်နေလို့မရတော့။ စောင်နှင့်ခြင်ထောင်ကို ဖြစ်သလို လုံးထွေးပြီး ထပြေးရပါတော့သည်။ အစ်မကြီး မခင်ဦးဆိုတာက သူတို့နှင့် မောင်နှမဝမ်းကွဲတော်၏။

'ဩော် အေးဟဲ့ နင်တို့ကြောင်လေးတွေ ထွားသားပဲ၊ အိမ်မှာလည်း ကြောင်လေးတွေကျနေတယ်။ ဒီလောက်မထွားဘူး'

အစ်မကြီး မခင်ဦးသည် ကိုထွန်းလွင်ဆီ စိတ်မရောက်၊ ခြင်ထောင်တစ်စပြုတ်နှင့် အိပ်နေသူ ဒေါ်အေးမြင့်ကို လှမ်းကြည့်လိုက်၏။

'ဝေလွင် နင်တို့အမေက



www.burmeseclassic.com

www.burmeseclassic.com

နေမကောင်းဘူးလား'

'ဒီလိုပါပဲ၊ ကောင်းလိုက် မကောင်းလိုက်၊ အခုတော့ ကောင်းနေသေးတယ်။ ညည အိပ်မပျော်တာဘဲရှိတယ်'

'ငါတို့အမေကတော့ မရဘူး။ ဆေးထိုးရရင် ကောင်းတယ်၊ မထိုးရရင် မကောင်းဘူး'

ကိုထွန်းလွင် နောက်ဖေးကပတ်ပြီး အိမ်ရှေ့က ကျောက်တိုင်ကီတွင် မျက်နှာသွားသစ်၏။ သူ နေ့နေ့ညည နားထောင်နေသည့် ရေဒီယိုသတင်းတွေအရဆို လျှင် မကြာခင်မှာ နိုင်ငံတကာအဆင့်မီ အခွင့်လမ်းသစ်တွေ ပေါ်ထွက်လာမည်ဆိုပဲ။ ဒါလည်း ကြောင်ခုတင်ပဲဟု သူ့ဟာသူ နာမည်ပေးမိ၏။ ကန့်ကွက်မယ့်သူ မရှိ။

'သမီးကြောင်လေးတွေက ထွားမှာပေါ့။ သမီးက အခု လူပြောများနေတဲ့ ကြောင်စာဝယ်ကျွေးတာကိုး။ ကြောင်မကြီးအော်တိုင်း ကျွေးလို့ အမေနဲ့တောင် ရန်ဖြစ်ရတယ်။ သမီးကြောင်မကြီးက အကျင့်ကောင်းတယ်၊ မခိုးစားဘူး'

ခင်ဝေလွင် ကြောင်စာတွေကို ထုခြေပြီး ထမင်းနှင့်နယ်နေပြန်သည်။ ဒီအသံကြားလျှင် ဣန္ဒြေမရဖြစ်တတ်သည့် ကြောင်မကြီး ယောင်လို့ပင် လှည့်မကြည့်။ သူ့သမာဓိနှင့်သူ။

'ဒီမှာကြောင်လေးတွေကျနေတာ အစ်မကြီးကို ဘယ်သူပြောလဲ'

'စန္ဒာမိုးပြောတာ၊ ဈေးမသွားခင် အိမ်ဝင်သွားသေးတယ်။ ပြန်ဦးမယ်ဟေ့။ အိမ်မှာ ဟင်းအိုးကြီးက တန်းလန်း။ ဟဲ့ဝေလွင် ကြောင်လေးတွေကို ခဏခဏကိုင်မကြည့်နဲ့နော်'

ခင်ဝေလွင်၏ အခုလုပ်ရပ်အပေါ် ကိုထွန်းလွင်လည်း သဘောမတွေ့ ပြောရေးဆိုခွင့် အာဏာပါဝါ မရှိလို့သာ ငြိမ်နေရတာ အိမ်တွင်း အာဏာပါဝါ ဆိုတာက ဝင်ငွေအပေါ် တိုက်ရိုက် အချိုးကျတာပါပဲ

အစ်မကြီးမခင်ဦး ပြောပြောဆိုဆိုဖြင့် ထပြန်သွား၏။ သူ့အိမ်မှာ သူပဲ လုပ်မယ့်သူရှိတာပါ။

'ခွပ် ခွပ် ခွပ် သမီး သမီး မီးညောင် လာလာ'

ကြောင်စာခွက်ကို ကြမ်းပြင်နှင့် ခေါက်ပြီးခေါ်နေတာပါ။ ဒါက အသေချာဆုံးနည်း။ ကြောင်မကြီးကတော့ တုံဏှီဘာဝ ဆိတ်ဆိတ်နေမြဲနေ၏။ သူ မလာလျှင် ကိုယ့်သွားရမည့်သဘာဝအတိုင်း ခင်ဝေလွင် အစာခွက်လေးကိုင်ကာ ထလာ၏။

'စန္ဒာမိုးကတော့ မြန်မြန်သွား မြန်မြန်လာ ပြောလိုက်ကာမှပဲ၊ အဲဒါတွေ ငါနဲ့မတည့်တာ'

ကြောင်မကြီးသည် မိခင်စိတ်အပြည့်ဖြင့် သူ့ရင်နှစ်သည်းချာလေးတွေကို နို့တိုက်ရင်းကနေ ကိုယ်ပေါ်က အညစ်အကြေးတွေကို လျှာနှင့်လျက်ပြီး သန့်စင်ပေးနေပါသည်။ ခင်ဝေလွင့်ခြေသံကြားသည့်အခါ အသာမော့ကြည့်၏။

'ညောင် ညောင်'

အသံလေးက မပီမသ။ အစာတောင်းသည့်အသံနှင့်မတူ။ ဖြစ်နိုင်ခြေရှိတာက သခင်မဆန္ဒနှင့်အညီ ကြောင်လေး လေးကောင် အောင်မြင်စွာ မွေးဖွားနိုင်ကြောင်း သံတော်ဦးတင်နေတာဖြစ်မည်။

❑

၂။

ဒေါ်အေးမြင့် အတန်တန် ဆူနေ၊ ဆဲနေသည့်ကြားကပင် ကျောက်ကျောတစ်ဗန်းကို ခင်ဝေလွင်ရအောင် ကျိုလိုက်ပါသည်။ ဘယ်တုန်းကမှ လက်ထဲမှာ ငွေပိုငွေလျှံမရှိသလို အခုလည်း အရင်အ တိုင်း။ မဆိုင်းမတွ လိုက်လံချေးငှားပါမှ ကျောက်ကျောတစ်ဗန်းစာ ရတယ်ဆိုရုံ။ သူ့အမေဆီက ပိုက်ဆံတောင်းဖို့များ စဉ်းတောင် မစဉ်းစားရဲ။ လွဲနေတာက သူ။ တခြားသူ မဟုတ်။

'အစ်ကိုလေး ကျောက်ကျောလေးမြည်းကြည့်ပါဦး'

အမေလုပ်သူကို မြည်းကြည့်ခိုင်းချင်သော်လည်း စကားနည်းပါမှ ရန်စဲမှာ... ဒီဘက်မှာပဲ အသာလ... ကုတ်ရပါတော့သည်။ ခင်ဝေလွင် လှီးထားသည့် ကျောက်ကျောတုံးလေးတွေ... စားချင့်စဖွယ် လှိုင်းတွန့်လေး... တွေနှင့်။

'ငါ လာမြည်းခိုင်းလို့ကတော့ တစ်ဗန်းလုံးပြောင်သွားတာပဲရှိမယ်။ ကောင်း မကောင်းတော့ သိမှာမဟုတ်ဘူး'

ခင်ဝေလွင်၏ အခုလုပ်ရပ်အပေါ် ကိုထွန်းလွင်လည်း သဘောမတွေ့။ ပြောရေးဆိုခွင့် အာဏာပါဝါမရှိလို့သာ ငြိမ်နေရတာ။ အိမ်တွင်း အာဏာပါဝါဆိုတာက ဝင်ငွေအပေါ် တိုက်ရိုက်အချိုးကျတာပါပဲ။

'မြည်းဆိုလည်း မြည်းလိုက်ပေါ့။ ဟဲ့ စန္ဒာမိုးရှေ့ ရှေ့ ဒီမှာ ဒါက အိမ်ရှေ့အိမ် ဒါက အစ်မကြီးတို့အိမ် ကြောင် မီးထုတ် လုပ်တာလို့ ပြောခဲ့နော်။ နေဦး နေဦး၊ နင့်မှာ ပိုက်ဆံအနုတ်ပါလား၊ မပါလည်း အကြွေးဝယ်ခဲ့ ဟာ ကြောင်စာ ကြောင်စာ'

ဒေါ်အေးမြင့် အသံမပေးဘဲ ကျောခိုင်းပြီးထိုင်နေပုံက စိတ်ဆိုးနေမှန်းကို အလွယ်တကူသိစေ၏။

'အမေ ဒီမှာ ကျောက်ကျောလေး ကောင်းမကောင်း မြည်းကြည့်ပါဦး။ ချိုတော့ ချိုသားပဲ'

ဒေါ်အေးမြင့် မုန့်ပန်းကန်လေးကို ဆတ်ခနဲ တွန်းပစ်လိုက်ပါသည်။ ကိုထွန်း



www.burmeseclassic.com

www.burmeseclassic.com

လွင် တားချိန်မရလိုက်။

'မစားဘူး၊ မစားဘူး။ ငါအကုန်လွှင့်ပစ်မှာနော်။ တစ်သက်နဲ့တစ်ကိုယ် ကြားတောင်မကြားဖူးဘူး။ ကြောင်မီးထုတ်လုပ်ရတယ်လို့ပဲ။ ငါ့မှာတော့ ပိုက်ဆံကုန်မှာစိုးလို့ သောက်ရမယ့်ဆေးတွေ ရက်ခြားပြီး သောက်နေရတယ်။ ပိုက်ဆံ သုံးလေးထောင်ဆိုတာ ကိုယ့်မှာမရှိရင် ဘယ်ကမှ ရှာလို့မရဘူး။ မိဆွေလေးက အားဆေးဝယ်သောက်ဖို့ပေးလည်း ငါ့မှာ ဝယ်မသောက်ရဲဘူး။ တော်ကြာ သူတို့ပဲ ပေးပါဦး တစ်ထောင်၊ ပေးပါဦး နှစ်ထောင်။ အံ့ပါရဲ့တော် နှစ်ယောက်လုပ်စာက ဟင်းချက်စရာဖိုးတောင် အနိုင်နိုင်။ ဆန်ဖိုးက မိဆွေလေး ပေးနေလို့'

ခင်ဝေလွင် ကျောက်ကျောကို ဟန်မပျက်လှီးနေသော်မဲ့ မျက်ရည်က ဝဲချင်ချင်။ မုန့်အနှာစလေးကို ပါးစပ်ထဲ အသာထိုးထည့်လိုက်ပါသည်။ ချိုတော့ ချိုမှာပါ။ လျှာက အရသာကို အပြည့်အဝ မခံစားနိုင်၊ ဝမ်းနည်းစိတ်က ကြီးစိုးလာ၏။ သူ့ရော စန္ဒာမိုးပါ တစ်နေ့တစ်နေ့ နားရတယ်မရှိ။ ဆေးလိပ်ကို ခါးချည့်အောင် လိပ်ကြရသည်။

ဆေးလိပ်သမတွေ ဝမ်းမဝ၊ ခါးမလှပေမဲ့ ဆေးလိပ်ကို ထုတ်လုပ်ရောင်းချသူတွေကတော့ ကားကြီး၊ ကားငယ်တွေ ထည်လဲစီးနိုင်ကြသား။ ဒီကုသိုလ် နောင်ဘဝ အကျိုးပေးတန်ကောင်းရဲ့ဟု တွေးချင်တွေးကြလိမ့်မည်။ ဘက်ရှိဘဝ ရသင့်ရထိုက်တာကို တောင်းယူရမှန်း မသိကြ။

စန္ဒာမိုး ပန်းကန်အလွတ်ကလေးကို ကိုင်မြှောက်ပြီး အိမ်ပေါက်ဝ ရောက်လာ၏။ ပါးစပ်လေးက လှုပ်ပွလှုပ်ပွ တစ်ခုခုဝယ်စားလာသလားပဲ။ အိမ်အတက်အဆင်း အပေါက်ဝမှာက ဒေါ်အေးမြင့် ပိတ်ထိုင်ပြီး ကွမ်းယာ ယာနေသဖြင့် တက်ခွင့်မသာ။ အပေါက်ရယ်က ကျဉ်းကျဉ်း။

'ဝေလွင် နင်တို့အိမ်မှာ ကြောင် လေးကောင်ကျတယ်ဆို ဟုတ်လား ပြောပါ့ ကြောင်ခုတင်ဟုတ် နင်တို့ စီးပွားတက်တော့မယ်။ မသေစေနဲ့ ဒါမှ အကျိုးပေးတာ'

ခေါင်းရင်းအိမ်က ဒေါ်တင်နု အသံကို ရှေ့သွားပြုကာ ရောက်လာ၏။ ခင်ဝေလွင် မုန့်ပန်းကန်လေးကို စန္ဒာမိုးလက်ထဲ လှမ်းပေးလိုက်၏။ ညွန်ကြားချက်တော့ မထုတ်ပြန်သေး။

'အငယ်လေးနှစ်ကောင်က သိပ်မသန်ဘူး အစ်မရေ။ ကြောင်မကြီးကလည်း နို့သိပ်မထွက်ဘူးထင်တယ်။ ညကျမှ နို့မှုန့်ဖျော်တိုက်ရဦးမယ်။ အစ်မအိမ်ပေါ်တက်ဦးလေ။ ပူလိုက်တာနော်'

အိမ်ပေါ်သာ အတင်းတက်ခိုင်းနေတာ တက်စရာ အပေါက်က မရှိ။ ဒေါ်အေးမြင့် သူ့ကိုယ်လေးကို အသာကျုံ့ပေး၏။ ဒေါ်တင်နု ရပ်မြဲရပ်လျက်။ စန္ဒာမိုးကလည်း ရှိနေသေးသည်။

'မတက်တော့ပါဘူး။ ညည်းတို့အိမ်က သွပ်နဲ့နီးတော့ ပူတယ်၊ ဒေါ်လေး စားပြီးပြီလား'

'မစားရသေးဘူးဟယ်။ ငါတို့က ကြောင်တွေလောက်မှ အရေးမကြီးတာ။ မိတင်နု ဒီမှာကွမ်းစားလေ'

ကြောင်ခုတင်အကြောင်း ပြောနေရင်းက ဒေါ်တင်နု ကွမ်းစားဖော်၊ ကွမ်းစားဖက်ကြီးကို လှမ်းနှုတ်ဆက်၏။ လက်ထဲမှာက မီးခိုးတလူလူ ဆေးလိပ်တိုကြီးကပါရဲ့။ သူက နှစ်ပင်လိမ်သမား။ ရောဂါတွေက အဝါကတ်ပြထားလို့ ဆေးလိပ်ဖြတ်ထားရသူ ဒေါ်အေးမြင့် ဆေးလိပ်နံ့ကြောင့် ခံတွင်းပိုချဉ်လာ၏။ သားသမီးတွေ လစ်လို့ကတော့ ဆွဲသောက်ပြီးလောက်ပြီ။

'အစ်မကြီး ဝေလွင် ဒီမုန့်ပန်းကန်က ဘယ်အိမ်ကိုပို့မှာလဲ'

'နင်ကလည်းဟယ် မပို့ရသေးတဲ့ အိမ်ပို့လိုက်ပေါ့။ မေးနေရသေးတယ်။ အ, ချင်ရင် ချက်ချင်း'

စန္ဒာမိုး ခြေဆောင့်ကာ ထွက်သွားလေ၏။ မကြားတကြား ပြောသွားလိုက်သေး။

'ဩော် ဒေါ်လေးအိမ်မှာ ကွမ်းတွေဝယ်ထားတယ်၊ ယူခဲ့မယ် ယူခဲ့မယ်'

ကြောင်မီးထုတ် အလုပ်ရှုပ်နေတာနှင့် ခင်ဝေလွင်တို့ ဆေးလိပ်တစ်လိပ်မှ မရကြသေး။ တစ်နေကုန် ဖင်မြဲမြဲ လိပ်ပါမှ ပိုက်ဆံထောင့်ငါးရာလောက် ရတာဆိုတော့လည်း လုပ်သာလုပ်နေကြတာ သိပ်စိတ်မပါကြ။ တခြားအလုပ် ပြောင်းလုပ်ရအောင်ကလည်း အတတ်ပညာမဲ့တာနှင့် အရက်သညာမဲ့တာနှင့် ရဖို့မလွယ်။ ကံကိုသာ ယိုးမယ်ဖွဲ့ကြတော့သည်။

'ဝေလွင် မယုံမရှိနဲ့နော်၊ ထီလေးဘာလေးထိုးထား။ ဒါမျိုးက ပေါက်တတ်တယ်။ ဟဲ့ ဟို ငါ့ဇာဂနာ ပြန်တွေ့ပြီလား'

'အစ်မ ပြောတဲ့နေ့က စပြီး သမီးရှာနေတာ ဒေါင်းတောက်နေပြီ။ ခုထိမတွေ့သေးဘူး။ မတွေ့ပါဘူးဆိုမှ သေမယ့်ခေါင်းက ယားလိုက်တာ။ အစ်မရေ သတိတွေလည်း မကောင်းတော့ဘူး။ ညည ကြောင်လေးတွေကို ခြင်ကိုက်လို့ ခြင်ဆေးခွေ ထွန်းထွန်းပေးရတယ်။ အဲဒါ မီးလောင်ကုန်မှာစိုးလို့ သတိထားပြီး ထထကြည့်နေရတယ်'

စောစောက ဆေးလိပ်တိုကို လက်ကအသာချပြီး ဒေါ်တင်နု ကွမ်းအစ်ဆီ လက်လှမ်းလိုက်၏။ ကြာကြာ မထိုင်နိုင်သည့် ဒေါ်အေးမြင့် တုံးလုံးလှဲနေ၏။ ပါးစပ်ကတော့ ကွမ်းဝါးမပျက်။ ထိုကွမ်းအစ်ကို ခင်ဝေလွင်ကလည်း လှမ်းဆွဲပြန်သည်။ သူကလည်း ကွမ်းစားတစ်ဦး။ ကွမ်းယာကို မအောင်မမြင်ရောင်းခဲ့မိလို့ ကွမ်းစားခြင်းအမှုကို ပီပီပြင်ပြင် တတ်ပွန်လာခဲ့သည်။

'နင့် သတိကတော့ မပြောနဲ့။ တခြားဟာတွေ

www.burmeseclassic.com

မေ့ချင်မေ့ပါ ကျေးဇူးရှင် မရယ်။ မီးကိုတော့ မမေ့ပါနဲ့။ ဟိုတစ်ခါလို ကျုပ်တို့ ထမင်းထုပ် စားနေပါဦးမယ်'

ဒေါ်တင်နု ရယ်ရယ် မောမော ပြောဆိုလျက် ခင်ဝေလွင့် ပခုံးကို တစ်ချက် လှမ်းရိုက်ပြီး သူ့အိမ်ဘက်သို့ ထွက်သွားလေ၏။ ဆေးလိပ်တိုလေးကို ပြန်မယူသွား။ ဒေါ်အေးမြင့် သမာဓိကို စမ်းနေပြန်ပြီ။

'ကြောင်လေးတွေ မွေးပြီးကတည်းက သမီး ထိထိုးဖို့ စဉ်းစားနေတာ။ ပိုက်ဆံက စုလို့ကိုမရဘူး။ မိဆွေ ပြန်လာရင်တော့…'

စကားကို ဆုံးအောင် ဆက်မပြောဘဲ အမေလုပ်သူကို ခိုးကြည့်လိုက်၏။ ထင်ထားသည့်အတိုင်း ဒေါ်အေးမြင့် မျက်နှာပေါ်က အရေးကြောင်းတွေ သိသိသာသာ ပြောင်းလဲသွား၏။

'နေရာတကာ မိဆွေပဲ။ အခု မိဆွေက စာတတ်သွားပြီ။ ငါ့ကို ငါးသောင်းပဲပေးတော့တယ်။ အရင်က ဒီမှာ နင်တို့သောက်ကြွေးတွေ ဆပ်နေရလို့ ပိုပေးတာ။ သူ့ခမျာ ရန်ကုန်မှာ အလုပ်လုပ်နေရပေမဲ့ တူတူတန်တန် ဝယ်မဝတ်ရဘူး။ ဒီက လော်ရင်းနှစ်တဲ့အဖွဲ့ကတော့ ဟိုဟာဝယ်ခိုင်းချင်တာနဲ့၊ ဒီဟာ ဝယ်ခိုင်းချင်တာနဲ့ အရှက်ကိုမရှိကြဘူး'

ငွေရေးကြေးရေးအသံကြားလျှင် အလုပ်လက်မဲ့ ကိုထွန်းလွင် နေစရာနေရာမရှိတော့။ ချောင်းဟန့်သံကြားလိုက်သည့် သူခိုးလို နီးရာ

ငွေရေးကြေးရေး
အသံကြားလျှင်
အလုပ်လက်မဲ့
ကိုထွန်းလွင်
နေစရာနေရာ
မရှိတော့
ချောင်းဟန့်သံ
ကြားလိုက်သည့်
သူခိုးလို
နီးရာ
ခွေးတိုးပေါက်ကနေ
တိုးထွက်ပြေးဖို့
ကြံနေပြီ

ခွေးတိုးပေါက်ကနေ တိုးထွက်ပြေးဖို့ ကြံနေပြီ။ သူ့နာမည်ပေးထားသည့် ကြောင်ခုတင် လျှင်စွာ အကျိုးမဖြစ်ထွန်းသေး။ စောင့်ကြည့်ရဦးမည်။ စေတနာရှိကြပါစေ။ ဘုရားရှေ့ရောက်တိုင်း တောင်းဆုခြွေသည်။

❑

၃။

ကြောင်ခုတင်လေးတွေသည် နို့စို့လိုက်၊ အိပ်လိုက် အရွယ်ကနေ လူတွေကို နည်းမျိုးစုံဖြင့် ဒုက္ခပေးနိုင်သည့် အရွယ်သို့ အဖိတ်အစဉ်မရှိ ရောက်ရှိလာကြသည်။ သင်းတို့ကြောင့်ပင် ပန်းကန်ခွက်ယောက်တွေ ကွဲလိုကွဲ၊ ရှလိုရှ။ စားပွဲတင်နာရီလည်း တစ်စစီကျိုးပဲ့။ ဘုရားစင်ပေါ်က ပန်းလည်း မနေရ။ ဖျာ၊ ခြင်ထောင်တွေလည်း သူတို့ကုတ်ဖွဲ့ထားလို့ ရစရာမရှိတော့။ ဖင်စည်းကမ်းမရှိလိုက်ပုံက သူတို့၏ ကျင်ကြီး၊ ကျင်ငယ်တွေနှင့် လွတ်သည့်နေရာဟူ၍ မရှိ။ အမြဲ နံစော်လို့နေ၏။

စားတတ်၊ သောက်တတ်လာသည်နှင့်အမျှ အသံသေး အသံကြောင်လေးတွေ တစာစာဖြင့် တောင်းရမ်းစားသောက်တတ်နေကြပြီ။ စားပြီးအိပ်၊ အိပ်ပြီးစားဆိုလျှင် ဘာအကြောင်းလဲ။ ခုတော့ စားပြီးတာနှင့် မျောက်ရှုံးအောင်ဆော့ကြ။ ခဏမကြာ အိမ်ပေါ်က ဆင်းပြီး တိုင်းခန်းလှည့်လည်ပါတော့သည်။ ထို့ကြောင့်ပင် ကြောင်သခင်မကြီး ခင်ဝေလွင် သူ့အလုပ်သူဖြောင့်အောင် မလုပ်နိုင်တော့ပါ။ ကြောင်လေးတွေ ခွေးကိုက်မှာပူရ၊ ရေတိုင်ကီထဲ ပြုတ်ကျမှာပူရ။ ပူနေသည့်ကြားကပင် နှစ်ကြိမ်တိုင်တိုင် ပြုတ်ကျလိုက်သေး။ ကြောင်ပါး မဝလိုက်ပုံများ။

ခင်ဝေလွင် ဆေးလိပ်လိပ်ရင်းကနေ အသံဟူသမျှနားစွင့်ရပြန်သည်။ ကိုးနာရီဘာဂဏန်းထွက်သွားလဲ။ နှစ်ချက်ဂဏန်းက ဘယ်လို။ ဒီထက်အရေးကြီးတာက ဆယ့်ငါးမိနစ် တစ်ခါလောက် ကြောင်လေးကောင် စေ့မစေ့ကို အိမ်ပေါ်အိမ်အောက် မကျန် မြေလှန်ရှာရသည့် အလုပ်။ တော်ကြာတစ်ကောင်ပျောက်လို့ ငိုရပြန်ပြီ။ အိုကြီးအိုမတွေလည်း မနေရ။ အခုလည်း ကြောင်ဝါလေး မတွေ့ပြန်ဘူး။

'အမေ မောင်ဝါလေး မတွေ့ဘူး'

'ကြောင်တွေအကြောင်း ငါ့လာမပြောနဲ့၊ မကြားချင်ဘူး'

တစ်နေ့တစ်နေ့ ဒါမျိုးက ဆယ်ကြိမ်ထက်မနည်းဆိုတော့ ဘယ်သူက ဘယ်လောက် စိတ်ရှည်နိုင်မလဲ။ စဉ်းစားကြည့်။

'ဟဲ့ မီးညောင် နင့်သားလေး ပျောက်နေတာ နင်လိုက်မရှာဘူးလား။ တစ်ယောက်ယောက် ဖမ်းသွားပြီနဲ့တူတယ်။ ဘိုဘို ဘိုဘို နင်တို့အိမ်မှာ ကြောင်ဝါလေး တစ်ကောင်ရောက်နေလား'

တစ်အိမ်ကျော်က ဘိုဘိုတို့မိသားစုသည် ကြောင်တွေအပေါ် သဘောထား ပျော့ပျောင်းကြသည်။

'ဗျာ ဟုတ်ကဲ့ ဟုတ်ကဲ့ ကျွန်တော် ကြည့်ဦးမယ်။ ရှိတယ် ရှိတယ်၊ ဒီကြောင်လေးထင်တယ်'

'အေး ဟုတ်တယ် ဟုတ်တယ်။ မောင်ဝါ နင်ဘယ်လျှောက်သွားနေတာလဲ၊ ရှာလိုက်ရတာဟယ်'

ကြောင်ဝါလေးက နည်းနည်းရိုင်းချင်သည်။ ဘိုဘိုက ခေါင်းကို တယုတယ ပွတ်ပေးနေတာတောင် တညောင်ညောင် အော်ကာ ရုန်းကန်နေပါသည်။

'လာပါ လာပါ ချစ်လိုက်ရတဲ့ မောင်ဝါလေးရယ်'

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အေးမြင့် အိမ်သို့ ထိရောင်းတဲ့ ကောင်လေး ဒုတိယအကြိမ်ရောက်ရှိလာပြန်သည်။ အရင်လို မြူးမြူး ရွှင်ရွှင်၊ မြူးမြူးပျာပျာ။ ကိုယ်နဲ့မကွာ ချိုင်းချွေးနံ့ဆိုးဆိုးတွေက ပါမြဲပါသလို သွားတွေကလည်း ဝါမြဲဝါလျက်။

'အစ်မ ဒီမှာ အစ်မအတွက် သီးသန့်ဖယ်ထားတဲ့ ခေါ်လာစုံတွဲ၊ ဂဏန်းလေးတွေက ရှယ်ပဲ။ လှမှ လှ။ ဒါကို နေ့ည်းချန်ထားရတာ'

လက်ထဲက ကြောင်ဝါလေးကိုအသာချလို့ ခင်ဝေလွှင် စိတ်မပါတပါဖြင့် ဒီဇိုင်းသုလှ ထီလက်မှတ်ကတ်ပြားလေးကို အသာလှမ်းယူ၏။ မျက်မှန်တပ်မှမြင်ရသည့် မျက်လုံးက မှုန်ဝါးဝါး။ ဒီဆွေကလည်း ဒီအပတ် ထီထိုးဖို့ ပိုက်ဆံပေးမသွားပါ။ မေ့သွားတာလား၊ ကြောင်နတင်အပေါ် အယုံအကြည်မရှိတော့တာလား မသိ။

'အရင်လက ဂဏန်းတွေလောက် မလှပါဘူးတယ်။ ဒါက ရှစ်လား ငါးလား၊ ငါးပါမှ ဖြစ်မှာနော်။ ဒီလ ထီမထိုးတော့ဘူးလို့နေတာ။ တစ်လတစ်ခါ ထီထိုးတာလည်း မနည်းဘူး။ ဒီလပေါက်ရင် နောက်လ မထိုးတော့ဘူး'

ကြောင်လေးတွေ အပြင်ထွက်ကုန်မှာ စိုးသဖြင့် တံခါးတွေအကုန်ပိတ်ထား၏။ အိမ်လေးက လင်းလင်းရှင်းရှင်းရှိလှ။ လုပ်နေကျအတိုင်း ထီထိုးဖို့ ပိုက်ဆံလိုက်လံတောင်းရဦးမည်။

'စိတ်ချစမ်းပါ အစ်မရယ်။ ဒီလတော့ ပေါက်ကိုပေါက်မှာပါ'

ဒေါ်အေးမြင့် တုံးလုံးလှဲနေသော်လည်း အိပ်မပျော်ပါ။ ဘာမှမစားဘဲ တင်းတင်းနေသည့် ဗိုက်ကြီးက တစ်ဒုက္ခ။ နားကလည်းပူ၊ ကျောကလည်းပူ။ ဒါတွေရှောင်ပြေးမယ်ဆို ပြေးလို့ရနိုင်သည်။ စိတ်ပူတာ ဘယ်ပြေးပြေး လွတ်မယ်မထင်။ အိမ်လခ၊ မီတာခ၊ လဆိုင်းနှင့်ယူထားသည့် ဆန်ဖိုး။ မကြာခင် ရှေ့အင့်၊ ရှေ့အင့်နှင့် ပေးရဦးမည်။

❑

၄။

လူတွေကို မူးအောင်၊ မော်အောင်၊ ငိုအောင်၊ ရယ်အောင် ပြုစားတတ်သည့် နေ့ရက်တွေသည် လကုန်ရက်တွေပင်။ အခုဆိုလျှင် တစ်လကုန်လို့ တစ်ရက်ပင်စွန်းခဲ့ပြီ၊ တန်ခိုးအာနိသင်က မပျက်ပြယ်သေး။

'ဒေါ်အေးမြင့် အိမ်လခ ညက လာပေးမယ်ဆိုပြီး ဘာဖြစ်လို့ လာမပေးတာလဲ၊ ဒီက တစောင့်စောင့်နဲ့'

အိမ်ပိုင်ရှင် ဒေါ်ဌေးကြည် ထီမထင်မျက်နှာထားနှင့် အိမ်ပေါက်ဝတွင် မြိန့်မြိန့်ကြီးရပ်လို့နေ၏။ လည်ပင်းပေါ်က တုတ်တုတ်ခိုင်ခိုင်ရွှေဆွဲကြိုး ဝင်းဝင်းဝါဝါကြီးက အထင်းသား။ တကယ်ဆို အလေးချိန်စီးလှသည့် ထိုဆွဲကြိုးကြီးကြောင့် ဦးညွတ်နေရမှာ။

ကိုထွန်းလွင် ထမင်းစားရင်းက ချာခနဲ လှည့်ကြည့်မိ၏။ ပါးစပ်ထဲက ထမင်းတွေကို မဝါးမိဘဲ ဗွတ်မျိုချမိ၏။ ရုတ်တရက် မျိုမကျ၊ မျက်လုံးသာ ပြူးရတော့သည်။

'ဟိုလေ နေ့လယ်က အမေ အိပ်နေလို့ မနှိုးချင်တာနဲ့ ညက လာပေးမလို့ပဲ။ ကျွန်တော် လက်ဖက်ရည်ဆိုင်သွားလို့ မေ့သွားတယ်။ ဟဲ ဟဲ ခဏလေးပါ အခုပေးလိုက်ပါ့မယ်'

ဒေါ်အေးမြင့် ကျေနပ်ပုံမရ။ သို့တစေ နင်ပဲငဆမဆို။ ဒါကိုပင် ကိုထွန်းလွင် ကျေးဇူးတင်နေတာပါ။ တုန်ချည့် တုန်ချည့် လက်ကလေးက ချွေးခံ အင်္ကျီအိတ်ထဲနှိုက်၏။ ဒေါ်အေးမြင့် လက်ထဲ သော့တွဲလေးတစ်တွဲ လှုပ်လှုပ်ဖြင့် ထွက်လာ၏။ ဗီရိုအပုလေး၏ သော့၊ ကိုထွန်းလွင်ကပဲထပြီး ဗီရိုလေးကို ဖွင့်ပေးလိုက်ရသည်။ အတွင်းပစ္စည်းတွေ သိုမှီးရာ နို့မှုန့်သံဘူးလေး တစ်လုံးထွက်ပေါ်လာ၏။

'ပေး ပေး ငါ့ကိုပေး'

'အမေ ကျွန်တော် ရေပေးလိုက်မယ်လေ'

ဒေါ်အေးမြင့်ရေတွက်နေလျှင် အကြာကြီး ကြာနေလိမ့်မည်။ ကိုထွန်းလွင်ကတော့ အိမ်ရှေ့က မတ်တတ်ကြီးကို အားနာ၊ အမေကိုလည်း မလွန်ဆန်နိုင်ရှာ။

'ပေးဆိုပေးစမ်းပါ။ ငါ့ဟာ ငါလုပ်မယ်။ သူ့အကန့်နဲ့သူထားတာ'

ဘာပဲကိုင်ကိုင် ယမ်းခါနေတတ်သည့် လက်ကလေးတွေက အဖြူရောင် ခြသေ့်တွေ ထိလိုက်တာနှင့် နတ်ပူးသလို လှုပ်ခါလာ၏။ ဘာကြောင့်လဲတော့ မသိဘူး။ ခြသေ့်တွေ သိပ်အရောင်မထွက်။

'ရှေ့ ထွန်းလွင် ပြန်ရေကြည့်လိုက်ဦး'

ဒီလိုကျတော့ ဒေါ်ဌေးကြည် စိတ်ရှည်နေပြန်သည်။ သူ့ကလည်း တိတိကျကျသမား။ ပိုက်ဆံတွေ သူ့လက်ထဲရောက်သွားချိန်မှာ အဖြူရောင် ခြသေ့်ကြီးတွေက အရောင်တွေစိုလို့ လိုချင်စဖွယ်။ သက်မဲ့လောကကြီးကတောင် မျက်နှာလိုက်တတ်နေပြီကော။ ဖြူလွှလွှ လက်ကလေးတွေဖြင့် အနုပညာဆန်ဆန် ရေတွက်ပြီး နှုတ်ဆက် စကားမဆိုဘဲ လမ်းအတိုင်း ပြန်ထွက်သွား၏။

'လူတွေ လူတွေ ကိုယ်ရဖို့ကျတော့ သိပ်သိ။ တစ်ရက်လေးတောင် အစွန်းမခံဘူး။ ဒီနေ့ မရရင်ဘဲ ငတ်သေတော့မယ့်အတိုင်း။ အိမ်မိုးယိုနေတာကျတော့ လာပြင်ပေးရကောင်းမှန်း မသိဘူး။ ဒီထက်ဒီ ချမ်းသာကြပါစေတော်'

သံဘူးထဲက ပိုက်ဆံလေးတွေနှင့် အပေါင်လက်မှတ်ဟောင်းလေးတွေကို ဟိုကပ် ဒီကပ် လုပ်ရင်းက ဒေါ်အေးမြင့် ပြောလိုက်တာပါ။

'ပြောမနေပါနဲ့ အမေရာ။ ပေးစရာရှိတာ ပေးလိုက်ပြီးတာပဲ၊ ကြားသွားရင် မကောင်းပါဘူး။ ကိုယ်ကမှ သူတို့နဲ့ ကင်းကင်းရှင်းရှင်း မနေနိုင်သေးတာ'

ကိုထွန်းလွင် သူ့စကားအတွက် နောင်တရချင်ချင်။ မပြီးသေးသည့် ထမင်းပန်းကန်ကို ဖြစ်သလို နယ်ဖတ်



www.burmeseclassic.com

www.burmeseclassic.com

ကာ စားနေပြန်သည်။

'ဘယ်ကင်းနိုင်မလဲ၊ နင်တို့လို သုံးစားလို့မရတဲ့ သားတွေက ရှိနေတာကိုး။ အကြီးတွေဖြစ်ပြီး တာဝန်ယူချင်စိတ်မှ မရှိတာ။ မိဆွေလေး နေထိုင်မကောင်းဖြစ်လို့ကတော့ တစ်အိမ်လုံး ထိုင်သာငတ်ကြဟော့'

ကိုထွန်းလွင် အစားအသောက် ပျက်ရပါပြီ။ ဒေါ်အေးမြင့် စကားထဲမှာ အမှားတစ်လုံးမှမပါ။ အနာပေါ်တုတ်ကျဖြစ်တာကတော့ အနာရဲ့အပြစ်။

ထိုအချိန်မှာ လူတစ်ယောက် အိမ်ပေါ်ကို ရိပ်ခနဲ တက်လာတာကို လှမ်းမြင်လိုက်ရသည်။ ချွေးသံတွေက တရွှဲရွှဲ၊ အသက်ရှူသံကလည်း ကျယ်ကျယ်လောင်လောင်။ ဝမ်းသာစရာသတင်းစကားတွေ ယူဆောင်လာပုံရ၏။ အပြုံးတွေက မိုးလုံးပြည့်။

'ကြီးကြီး ကြီးကြီး၊ ကြီးကြီးတို့ ထီပေါက်တယ်ဗျ၊ ထီပေါက်တယ်။ ဒီမှာ ဒီမှာ'

'ဟယ် အမေ'

အိပ်ခန်းထဲမှ အိပ်ချင်ယောင်ဆောင်နေသည့် ခင်ဝေလွင် ဘယ်ကနေဘယ်လို ကုန်းထလာသည်မသိ။ ရင်ဘတ်ကိုလက်နှင့် ဖိလျက်သား။ မျက်လုံးတွေ အစွမ်းကုန်ပြူးကျယ်နေ၏။ အိပ်မက်ကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်။ ချိုင်းချွေးနံ့ နံနံစော်စော်ကြီးက အကောင်းဆုံးသက်သေ။

'ဟုတ်ကော ဟုတ်လို့လားဟယ်'

ထီရောင်းသမားလေးက ထီပေါက်စဉ်ကို ချပြလိုက်၏။ ဟိုဘက် ဒီဘက်မှားနေပြန်သည်။ သူ့လက်ကလေးတွေလည်း တုန်နေပါလား။

'မဟုတ်ဘဲ ပြောမလားကြီးကြီးရာ၊ သိန်းသုံးရာဆုဗျ ဒီမှာ ဒီမှာ၊ ဇ-၃၃၅၆၆၆ တစ်လုံးမှ မလွဲဘူး။ ကျွန်တော့်ကိုလည်း မုန့်ဖိုးပေးကြဦးနော်'

ဘုရားစင်ပေါ်က ထီလက်မှတ်ကတ်ပြားလေးကို ခင်ဝေလွင် လှမ်းယူလိုက်၏။

'ဟုတ်တယ် အမေ ဟုတ်တယ် တစ်လုံးမှမလွဲဘူး။ ဒီမှာ ဒီမှာ ဝမ်းသာလိုက်တာ ကြောင်ခုတင် အကျိုးပေးတာ ဟီး ဟီး'

ခင်ဝေလွင် ဝမ်းတွင်းသံကြီးနှင့်ဆိုတာ ထီလက်မှတ်ကတ်ပြားလေး ရင်ဝယ်ကပ်ပြီး ကိုယ်လေးကို လှည့်နေ၏။ ဒါကို ဒေါ်အေးမြင့် ဂရုမစိုက်အား၊ အသက်ကို ပါးစပ်ဖြင့် ခက်ခက်ခဲခဲ ရှူနေရာမှ သိသိသာသာ ငြိမ်ကျသွား၏။

'အမေ အမေ ဟယ် အမေ၊ ဟဲ့ကောင်လေး အမေ့ကို ကြည့်ပါဦး။ ဘာဖြစ်တာလဲမသိဘူး အီး ဟီး'

'ကြီးကြီး ကြီးကြီး'

ထီသမားလေး ပါးစပ်ကလည်းအော်၊ လက်ကလည်း ဒေါ်အေးမြင့် ပခုံးကို လက်နှစ်ဖက်နှင့် ကိုင်လှုပ်နေပါသည်။ သတိပြန်ရလာအောင် သူလုပ်တတ်သလို လုပ်နေတာပါ။

'အင်း လွှတ် လွှတ်၊ ငါ့ကိုလွှတ်၊ ငါ့ကိုမကိုင်နဲ့၊ ငါ့အသားတွေ နာကုန်ပါ့မယ်။ ငါ့ကို ယပ်ခတ်ပေးစမ်းပါ'

ထီရောင်းသမားလေးက ဒေါ်အေးမြင့်ကို စူးစူးစိုက်စိုက်ကြည့်နေ၏။ သူကိုယ်၌ကလည်း ချွေးပြန်နေ၏။

'အမေက နှလုံးအားနည်းတော့ ဝမ်းသာလုံးဆို့သွားတာဖြစ်မယ်။ အမေ သွေးဆေးသောက်မလား။ မတင်နုဆီက ယူလိုက်မယ်'

'မယူနဲ့ မယူနဲ့ ငါ မသောက်ချင်ဘူး'

အချိန်တိုအတွင်းမှာ ဒေါ်အေးမြင့်ခေါင်းက ချွေးစေးတွေ သုတ်မနိုင်အောင် ထွက်လာ၏။ အသက်ရှူနေပုံက ပါးစပ်ကြီးဟဟပြီး နှာခေါင်းလေး လှုပ်ပွလှုပ်ပွဖြင့် ပင်ပန်းကြီးစွာ ရှူနေရ၏။ မျက်နှာလေးက မဲ့မဲ့သွား၏။

'ကြီးကြီး ကြီးကြီး ဘာမှ မဖြစ်ဘူးနော်၊ တော်သေးတာပေါ့။ ကျွန်တော် ဒါမျိုးတစ်ခါမှ မကြုံဖူးဘူး။ လန့်တောင်လန့်သွားတယ်။ ဟားဟား ကြီးကြီးရယ်။ ဒီခေတ်ကြီးထဲမှာ သိန်းသုံးရာဆိုတာ ပါးပါးလေးပါ။ ရင်မခုန်လောက်တော့ပါဘူး။ ဟားဟား ကျွန်တော် ပြန်ဦးမယ်။ မုန့်ဖိုးနော် မုန့်ဖိုး'

ထီသမားလေးပြောတာ ဟုတ်တော့ ဟုတ်သည်။ ခင်ဝေလွင် စိတ်ကူးနှင့် ဈေးဝယ်ထွက်ကြည့်လိုက်တာ အိမ်နှင့်ခြံမဝယ်ရသေးခင် ငွေသိန်းသုံးရာက ကုန်နေပြီ။ သိန်းငါးရာပေါက်ရင် ကောင်းမှာဟု တွေးကာ သက်ပြင်းချမိ၏။

'သိန်းသုံးရာမပြောနဲ့ ကျုပ်တို့က ဆယ်သိန်းတောင်

ကိုင်ဖူးတာမဟုတ်ဘူး။ ...

မယ်ဆို သေလို့ရတယ်'

ထီသမားလေးအိ...

ပေါ်ကဆင်းသွားတာနှ...

ကြောင်လေး လေးကောင် ...

ချောင် ဒီချောင်မှ အ...

အလျှို ထွက်လာကြ၏။ အ...

ပထမတော့ ဟိုကြည့်၊ ...

ကြည့်၊ ပီတိ မခုတ်တ...

သည့် ကြောင်လေးတွေပ...

အစလေးရလိုက်တာနှင့် အ...

လုံးတိုင်ပင်ထားသလို ...

ဆန်အောင် ဆော့ကြပါတေ...

သည်။ ဒီအထဲမှာ ကြောင်...

လေးက အဆိုးဆုံး။ ...

ကျူးကျော်ကျော် ဘုရား...

ပေါ်အထိ တက်သွားလေ...

ဘုရားစင်ပေါ်မှာက ...

ခဲ့သည့်လက ထိုးခဲ့သည့် ...

အစ ခြောက်အဆုံး မင်္ဂလာ...

တွဲနှင့် စောစောက ထီသမား...

လေးပေးထားခဲ့သည့် ...

ပေါက်စဉ်တို့အပြင် အခု...

ထိုးထားသည့် ရှစ်ဂဏန်း...

မင်္ဂလာစုံတွဲတစ်တွဲရှိနေ၏...

ကြောင်ဝါလေး...

တော့ နင်းလိုနင်း၊ ခွလိုခွ ...

ကျော်လို့ကျော်၊ ထီပေါက်...

ခြင်း၊ မပေါက်ခြင်းအပေ...

တိရစ္ဆာန်ပီပီ စိတ်မဝင်စား...

ဘယ်တုန်းကမှ ရှိမနေသည့်...

ကြွက်ကို ချောင်းသလိုလု...

ကာ လှမ်းခုန်အုပ်လိုက်၏...

သူ့အရှိန်ကို သူမထိန်းနိုင်...

အောက်သို့ ပြုတ်ကျလေ၏။

ကြောင်ပါးမဝသေးသဖြင့်

ကြောင်ကျမကျ၊ ခွေးကျကျ...

၏။ နာသွားပုံမရ၊ ကြောင်...

ရိုက်မနော စကားနှင့် အညီ...

ဝီခေါ်အောင်ဆော့ကြပြန်သည်။

အိမ်လေး၏ မနက်ဖြ...

သည် ဒီနေ့နှင့် မခြား။ ...

သွင်ဆန်း...



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကျော် မဟာဒိဗ္ဗတိုင်းရင်းဆေး (ယူဒေါ်ဂေါ့ဒါကေလ) ဖြစ်တော့ကနေ ရပ်သေးမ သားအိပ်၊ ဆီးကျိတ်၊ ပြင်း အကျိတ်အဖုများအတွက် နာမည်ကျော် တပင်တိုင်မြနန်းအနီ၊ နေ့ဆေး ညဆေး ျိုးတွဲနှင့် ထူးထူးခြားခြား ဆေးစွမ်းကောင်းများ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၇ဝ၁၁ YR ၃၇ဝ၉

**မဟာဒိဗ္ဗဆေး** ဆရာကျော် ဆေးသုံးမျိုးတွဲ ကြော်ငြာကဒ်တွေ့ဆီ သေချာသုံးပါ။



ဖော်မလုပ်နိုင်အောင်နာတာရှည်ကိုက်ခဲ ကျောက်ဝန်းနာများ လည်းဆက်နာ၊
ကျိုးပေါင်း လေဖြတ်လေသင်၊ ကိုယ်တခြမ်းသေခြင်းများနှင့်
သွေးကြောကျဉ်းခြင်းများ ဖြစ်နေလျှင်

**မဟာဒိဗ္ဗဆေး** **ရှုဆေး၊ လိမ်းဆေး အထူးထုတ်**

ဘိုးဘိုးရေ ... ဘိုးဘိုး''

သဲပါလား၊ မတွေ့တာတောင်ကြာပြီနော်''

တွေ့ဆို သမီးရဲ့ဖေဖေမှာ အဖုအကျိတ်တွေထွက်နေလို့ ဘိုးဘိုးရဲ့ သားစု စိတ်တွေပူနေကြတယ်''

အကျိတ်တွေထွက်တိုင်း စိတ်မပူပါနဲ့ကွယ်၊ အဖုအကျိတ် မြစ် တဲ့ဆေး မဟာဒိဗ္ဗဆေးတိုက်မှာရှိတယ်။ ဘိုးဘိုး လိပ်စာပေးလိုက်ပါ့

လည်း ဖေဖေ့ကိုခေါ်ပြီး မဟာဒိဗ္ဗဆေးတိုက်သို့သွားရာ ထိုဆေး ဆရာကြီး ဆရာကျော်၊ ဆရာမကြီးဒေါ်ခင်ဌေးကြည်တို့ကို တွေ့ ဆရာကြီး ဆရာကျော်သည် ဖေဖေ့ကို သေချာစွာကြည့်ရှုပြီး ဆေးများပေးကာ အောက်ပါအတိုင်း ရှင်းပြပါသည်။ 'ဒီဆေးက အကျိတ် မြစ်ပွားနာ၊ သားအိမ်အလုံး ရင်သားအကျိတ်အနာစို ဖက်ခြံကြီးများ၊ ကိုယ်တွင်းနာများကို အနိုင်ဆုံးဖြစ်တဲ့ တပင် ဆေးပင်ဆေးဥ စစ်စစ် ၁၀၀ ရာခိုင်နှုန်းပါဝင်တဲ့ ဆေးပြားဖြစ် တပင်တိုင်မြနန်းဆေးပင်ဟာ အဖြူ၊ အနီနှစ်မျိုးရှိတဲ့အနက် အနီ မှ ဆေးစွမ်းထက်ပြီး ကင်ဆာအကျိတ်ဖြစ်ကာစကိုပင် ကြောင်း ကျန်းမာရေးဌာနကထုတ်တဲ့ ''လက်တွေ့အသုံးချ အပင်များ''မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ အဖုအကျိတ်အနာ သွေးလိမ်းပေးရုံနဲ့ ပျောက်ကင်းကြောင်း ဆိုထားပါတယ်။ အဖု များနာ ဝေဒနာရှင်တွေဟာ တပင်တိုင်မြနန်းအနီဆေးနဲ့အတူ ဆေးတိုက်ကထုတ်လုပ်တဲ့ ရုပ်လုံးသွေးသန့်ဆေးအေး၊ ဝမ်းပျော့ လေဆေးတို့ကိုပါ နေ့ဆေး ညဆေးအဖြစ် တွဲသောက်ရင် တွင်း ထိထိရောက်ရောက် သက်သာပျောက်ကင်းစေကြောင်း သိမှာမယ်''

ကဲ့ ဘာကြောင့်ထိရောက်သလဲဆိုတာ ရှင်းပြပေးပါဆရာကြီး

တိုင်မြနန်းက အဖုအကျိတ်အနာကို ချေဖျက်ပေးတယ်၊ အနိုး ပေးတယ်။ ရုပ်လုံးသွေးသန့်ဆေးအေးက သွေးသားကို သန့်စင် ကိုယ်အပူအအေးကို ထိန်းညှိပေးတယ်။ ဝမ်းပျော့အကြောပြေ (မလ)အညစ်အကြေးတွေဖြစ်တဲ့ ဝမ်းပုပ်၊ ဆီးပုပ်၊ သွေးပုပ် ကို ထုတ်ပေးပြီး အကြောပြေ ပေါ့ပါးလန်းဆန်းစေပါတယ်။ ကို အဖုအကျိတ် မြစ်ပွားနာ မဖြစ်ရလေအောင် ကာကွယ်ဆေး နပျိုဆေး)အဖြစ်နဲ့ နေ့စဉ်မှန်မှန် မှီဝဲသုံးဆောင်ပေးနိုင်ရန် ပါပဲ။ မြစ်ပွားနာအဖုအကျိတ်အပြင် နလုံးလေးဖက်နာရောဂါ၊ နလုံးရောဂါ၊ ဝမ်းလျှောဝမ်းပျက်၊ လိပ်ခေါင်း၊ အသည်း ရောဂါ၊ ဆီးချိုရောဂါ အမျိုးမျိုးကိုလည်း ကုသပေးနေပါတယ်။

''မဟာဒိဗ္ဗဆေးတိုက်ကထုတ်လုပ်တဲ့ ဆေးစွမ်းကောင်းများကိုလည်း သိပါရစေရှင့်''

''ဆေးပင်ပုံပါတဲ့ အစိမ်းရောင်စက္ကူဘူးအထူးထုတ် တပင်တိုင်မြနန်း အနီစစ်စစ် ဆေးပြား၊ လက်ဆတ်တဲ့ ဆေးနီဥစစ်စစ်၊ သွေးသားကို သန့်ရှင်းစင်ကြယ်စေပြီး အသားအရေလှပနုပျိုစေတဲ့ သိရိဝပုနရုပ်လှ သွေးသန့်ဆေးအေး၊ ညတစ်ကြိမ်သောက်ရုံနဲ့ ဝမ်းပျော့အကြောပြေ အဆီကျပြီး လေမဖြတ်အောင် ကာကွယ်ပေးတဲ့ ဝမ်းပျော့အကြောပြေလေဆေး၊ အဆင့်မြင့်မြင့်နဲ့ အကောင်းဆုံးလိမ်းရှုဆေး (Roll On) သွေးတိုးကိုသာ ကျစေပြီး သွေးပေါင်ထိုးကျစေခြင်းမရှိတဲ့ သွေးတိုးကျဆေး၊ အစာအိမ်ရောဂါပျောက်ဆေး၊ ဝမ်းလျှောဝမ်းပျက်ရောဂါဆေး၊ ချောင်းဆိုးပျောက်ဆေး၊ အသည်းဆေး၊ အဆုတ်ကုဆေး နလုံးအားတိုးဆေး၊ မျက်စိကြည်ဆေး၊ ရှားပါးသစ်ခေါင်းပျားရည်၊ မိုးမပျားရည်၊ ရခိုင်ပန်းမြောင်ပုံညင်းဆီ စတဲ့ အကောင်းဆုံးဆေးပစ္စည်းများ၊ ရရှိနိုင်ပါတယ်။

''သိပ်ကောင်းတဲ့ဆေးတွေပဲ။ ဒါပေမဲ့ ဆရာကြီးဆီကို မလာနိုင်တဲ့ သူများအတွက် ရနိုင်မယ့်နေရာကိုပါ ညွှန်ပြပါဦး''

ပင်ရင်းဆိုင်ကတော့ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၀၁၊ အခန်း ၃၊ ၁၂ လုံးတန်း၊ ရန်ရှင်းလမ်းမကြီးပေါ်မှာရှိတဲ့ မဟာဒိဗ္ဗဆေးတိုင်းရင်းဆေးထုတ်လုပ်ရေး၊ တစ်ပြည်လုံးဖြန့်ချိရေး ဦးမြင့်ဆွေနှင့်သားများ၊ သိမ်ကြီးဈေး၊ City Mart ရန်ကုန်-မန္တလေး ဆိုင်ခွဲများအားလုံး၊ စိန်မြန်မာ ဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင် ၂၄ လမ်း၊ သိမ်ကြီးဈေး၊ ကိုဝင်းမြင့်+ မအောင် ၁၅ လမ်း၊ ရွှေညာသားဆေးဆိုင်တို့မှ အဓိကဖြန့်ချိပေးပါတယ်။

ဆန်းဦးအောင်မြန်မာဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင်၊ ကိုလှစိုးဆေးဆိုင်၊ စိန်စိန်မြန်မာ ၁၃ လမ်း၊စေတနာဆေးဆိုင်၊ ရှုပါဝမ်းကုန်တိုက်၊ စိန်ဂေ ဟာဒူပါစင်တာ၊ ဗစ်တိုးရီးယားကုန်တိုက်၊ ရွှေဘုံသာလမ်း ကိုမောင်စိန်၊ ဆေးကမ္ဘာ၊ ဆေးရာဇာ(ဦးလှမြင့်)၊ ရွှေမိုးဆေးဆိုင်၊ ကယားဆေးဆိုင်၊ မန္တလေးမှာ စိန်ကြည်စတိုး၊ အောင်ရတနာဆေးဆိုင်၊ ဈေးချိုမှာရှိတဲ့ ပင်မ ဆေးဆိုင်၊ မတူးမဒူးဆေးဆိုင်၊ မြင်ဦးလွင်နာရီစင်အနီး အောင်မိသားစု ဆေးဆိုင်၊ စစ်တွေမှာ ကေရာဇ်၊ မြစ်ကြီးနားမှာ တစ်ဦးတည်ကိုယ်စားလှယ် ဆရာရန်နိုင်ဘုန်းမြင့်ဆေးကုခန်း၊ မော်လမြိုင် ရွှေအုန်းသီးဆေးဆိုင်၊ ပဲခူး ဦးဘငွေ၊ ဖိုးခွားလေးဆေးဆိုင်၊ ပုသိမ်မှာ ရွှေစွန်ညို၊ ရွှေစီးကွက်၊ အေး ချမ်းဆေးဆိုင်၊ လောကနတ်ဆေးဆိုင်တို့ ဖြစ်ပါတယ်။ အသေးစိတ်သိချင် ရင်တော့ ဖုန်း-၅၅၇၃၃၇ ကို ဆက်လိုက်ပြီ မေတ္တာဖြင့် တိုင်ပင်ဆွေးနွေး ကုသပေးပါတယ်။


ဆရာကျော် မဟာဒိဗ္ဗတိုင်းရင်းဆေးထုတ်လုပ်ရေး ၂၀၁/၃၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်။
ဖုန်း ၀၁- ၅၅၇၃၃၇

www.burmeseclassic.com

www.burmeseclassic.com



ခြွင်းချက်ထားရမည့်
မိန်းမအချို့ကလွဲ၍
ယေဘုယျအားဖြင့်
မိန်းမဆိုသည်မှာ
ဘုရင်ကတော်ဖြစ်ဖို့၊
အရာရှိကတော်ဖြစ်ဖို့၊
သူဌေးကတော်ဖြစ်ဖို့၊ စိန်နားကပ်
အရောင်နှင့် ပါးပြောင်နိုင်သော
ဘ၀အတွက် လင်ကောင်း
သားကောင်းရဖို့ကိုသာ
လိုလားကြသောသူများ
ဖြစ်လိမ့်မည်ထင်ပါသည်။
ခြွင်းချက်ထားရမည့်
မိန်းမအချို့ကတော့





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကိုယ်တိုင် ဘုရင်မ ဖြစ်ဖို့၊ ကိုယ်ကိုယ်တိုင် အရာရှိမဖြစ်ဖို့၊ ကိုယ်ကိုယ်တိုင် သူဌေးမဖြစ်ဖို့၊ အိမ်ထောင်ပြုလျှင်တောင် ကိုယ့်ဉာဏ်ကြွေ ကိုယ်သိက္ခာနှင့် တည်တည်တံ့တံ့မားမားမတ်မတ်ဖေးကူ စွမ်းဆောင်ရပ်တည်နိုင်ဖို့ကို လိုလိုလားလား ကြိုးစားကြပါလိမ့်မည်။

သေချာတာတစ်ခုကတော့ ဖြစ်လေရာ ဘဝတိုင်း မိန်မရှင်၊ မိန်းမပျက် ဖြစ်ရပါလို၏ဟု မည်သည့်မိန်းမမျှ ဆုတောင်းကြလိမ့်မည် မဟုတ်ပါ။ မိန်းမရှင်ဘဝကိုလည်း လိုလိုလားလား ပျော်ပျော်ရွှင်ရွှင်နှင့် လက်ခံကျင့်သုံး နေထိုင်နိုင်လိမ့်မည် မထင်ပါ။ အကြောင်းမညီညွတ်၍သာ ဆုမတောင်းသောဘဝကို ရခဲ့ခြင်းဖြစ်လိမ့်မည်ဟု ကိုယ်ချင်းစာနာပြီး တွေးတောမိခဲ့ဖူးသည်။ မလိုချင်သော ဘဝတွင် စီးမျောလိုက်ပါမနေဘဲ ရုန်းထွက်နိုင်အောင် အစွမ်းကုန်ကြိုးစားလှော်ခတ်နေလိမ့်မည်ဟူ၍လည်း တွေးတောမိခဲ့ဖူးသည်။ သို့ရာတွင်…

❑

ယောက်ျား
ဆိုတာလေ
ဉာဏ်ကြွေသိက္ခာရှိတဲ့
မိန်းမကို
မြတ်နိုးတယ်
တန်ဖိုးထားတယ်
ဉာဏ်ကြွေသိက္ခာမဲ့တဲ့
မိန်းမကိုကျတော့
ကြိုက်တယ်
တပ်မက်တယ်
အဖန်တလဲလဲ
မီးကုန်ယမ်းကုန်
ချစ်ချင်ကြတယ်
ဒါပေမဲ့
အချိန်တန်
တော့လည်း
ချည်တိုင်ပဲ
ပြန်ကြတာပါပဲ

မြနဒီကို မိဘများပေးထားခဲ့သည့်အမည်ရင်းက မြစန်းရီဖြစ်၏။ အလယ်တန်းကျောင်းသူဘဝမှာပင် မြစန်းရီကို မြစမ်းရည်ဟု စာလုံးပေါင်း ပြင်ဆင်ခဲ့သည်။ နာမည်ကြားရုံနှင့် ရင်ကိုအေးမြစေသော အမည်နာမတစ်ခုပင်။ သို့သော် လူနှင့် အမည်သည် ပြောင်းပြန်အချိုးကျနေခဲ့၏။

မြစန်းရီကို အလယ်တန်းမှာပင် ရည်းစားအတန်းစေ့ထားဖူးခဲ့ချေပြီ။ စိမ်းညို့မည်းမှောင်သော မျက်ခုံးထူထူကြီး နှစ်စင်းအောက်က ဝိုင်းစက်ကြည်လင်သော မျက်လုံးရွဲကြီးများနှင့် ကော့ရှည်ပျံတက်နေသော မျက်တောင်ရှည်ကြီးများသည် မြစန်းရီ၏ ထူးခြားသော ဆွဲဆောင်နိုင်စွမ်းအားဖြစ်နေ၏။ မျက်ရည်ကို ပိုးပိုးပေါက်ပေါက် မကျစေဘဲ၊ မျက်ဝန်းအိမ်တွင် ကြည်လဲ့ပြည့်လျှံရုံမျှသာ စုဝေးတည်ဖွဲ့တတ်ခြင်းကလည်း မြစန်းရီ၏ မာယာတစ်ရပ်ပင်။ အပျိုဖြန်းအရွယ်မှာပင် မြစန်းရီသည် မျက်လုံးနှင့် မျက်ရည်မာယာ လက်နက်ကို ကောင်းစွာ အသုံးပြုတတ်ခဲ့၏။ နုမျစ်ဖွံ့စိုသော ကိုယ်လုံးကိုယ်ထည်ကလည်း နှင်းရည်စက်ကို သောက်သုံးထားသော နှင်းဆီဖူးနီနီရဲရဲ တစ်ငုံအလား ငိုးငိုးငေါက်ငေါက် လတ်ဆတ်စိုပြည်လှ၏။

မြစန်းရီ၏ အလှသည် တစ်ကျောင်းလုံးသာမက အခြားကျောင်းများသို့တိုင် ကျော်ကြား၏။ မြစန်းရီသည် မိမိအလှကို မိမိသိ၏။ ထို့ပြင် အလှအပနှင့် ချစ်မှုရေးရာတွင် သာမန်ကျောင်းသူအဆင့်ထက် ပို၍သိ၏။ ပို၍ပါးနပ်၏။ ပို၍ စိတ်ပါဝင်စားတတ်၏။ အလှအပအတွက် လိုအပ်သော အလှပြင်ပစ္စည်း၊ အဝတ်အစား၊ အသုံးအဆောင်ဟူသမျှကို မိမိအလှအပတွင် တိမ်းမူးတတ်သော ယောကျ်ားလေးများထံမှ ထိုအရွယ်ကပင် လက်ခံရယူတတ်ခဲ့၏။ မြစန်းရီနှင့် ယှက်နွယ်မိသော ကျောင်းသားလေးများ၏ မုန့်ဖိုး၊ အစားအသောက်၊ အသုံးအဆောင်ပစ္စည်း မှန်သမျှသည် မြစန်းရီအတွက် တိတ်တခိုး ချစ်လက်ဆောင်များ ဖြစ်သွားတတ်၏။ မြစန်းရီ၏ အရွယ်နှင့် အသိသည် ထိုအချိန်ကတည်းကပင် ပြောင်းပြန် အချိုးကျနေပြန်လေသည်။

မြစန်းရီသည် ကျူးကျော်ရပ်ကွက်၊ ကျူးကျော်တဲတစ်လုံးတွင် လူဖြစ်ခဲ့၏။ မည်ကာမတ္တ လူသားတစ်ယောက်ပီပီ ဘဝသည် စည်းဘောင် အကွပ်အထိန်း မဲ့ရဲ၏။ ရှုန်သန်ခြင်း ဒဿနတိများ လက်တံတို၏။ ထို့ကြောင့် မြစန်းရီသည် ဗိုင်းကောင်းကျောက်ဖိမဟုတ်၊ အဖေအမေကအစ ဗိုင်းလွတ်ကျောက်လွတ် နေသူများဖြစ်၏။ ကြုံရာကျပန်း အလုပ်ရလာသော အဖေ့လုပ်ခသည် အရက်ဖိုးက စွန်းမှ အိမ်သို့ရောက်၏။ အမေကလည်း တစ်နေ့၊ တစ်နေ့ ဘဝထွက်ပေါက် ဂဏန်းတွေတွက်ရင်း လုံးချာလည်နေသူဖြစ်၏။ အမေ့ဘဝမှာ သချာအတွက် တော်သည့် တစ်နေ့ရာတော့ ချီးကျူးရန်ရှိ၏။ အခြားသချာမဟုတ်။ အိမ်ထောင်ရေးတွင် သချာတွက် တွက်ပြီး ကလေးနှစ်ယောက်တည်း မွေးထားခြင်းဖြစ်၏။ အလုပ်ကသာ အဆင်မပြေ၊ ဝင်ငွေကသာ အဆင်မပြေ၊ စားဝတ်နေရေးကသာ အဆင်မပြေဖြစ်နေပေမင့် ကလေးရှိဖို့ကတော့ အင်မတန် အဆင်ပြေနေတတ်သော အမေ့ဘဝတွင် အမေသည် မြစန်းရီတို့ညီအစ်မနှစ်ယောက်ကို မွေးပြီးနောက် ထိုးဆေးတွေရော၊ တားဆေးတွေရော ထိုးတန်တာထိုး၊ စားတန်တာစားပြီး အပေါက်အလမ်းမတည့်အောင် တားဆီးခဲ့လေသည်။ အရွယ်မတိုင်ခင်ကတည်းက မြစန်းရီ ဒါတွေကို သိနားလည်နေပေပြီ။ အမေ့အတွက် တားဆေးကတ်တွေကို ကွမ်းယာဆိုင်မှာ ပြေးပြေးပြီး ဝယ်ပေးနေကျဆိုတော့ မသိချင်မှ အဆုံး။

မျက်စိရည်၊ နားရည်ဝနေသော မြစန်းရီသည်



www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားဆိုတာ သူ့အဖို့ လိုအပ်တာ ပူဆာရမည့် သတ္တဝါတစ်ယောက်အဖြစ်သာ အသုံးဝင်သည်ထင်၏။

'မြကိုချစ်ရင် မြန့်ဖြစ်တာ ဘယ်သူမှ မသိစေရဘူးနော်။ မြရှက်တယ်။ နာမည်ကျော်တဲ့တစ်နေ့ အစ်ကိုနဲ့ အပြတ်ပဲ'

ရည်းစားအားလုံးကို မျက်လုံးရွှဲကြီး ထောင့်ကပ်ပြီး ဒီအတိုင်း ခြိမ်းခြောက်ထားခဲ့သည်။ တစ်ခါက ကျောင်းသားနှစ်ယောက် အချေအတင် စကားများပြီး ထိုးခမန်း၊ ကြိတ်ခမန်း ဖြစ်ခဲ့ဖူးသည်။ မြစန်းရီတို့က ရှင်းပါသည်။ နှစ်ယောက်လုံးကို အပြတ်ဖြတ်ပစ်လိုက်၏။ မလွမ်းလောက်ပါ။ မြစန်းရီအတွက် လောကထဲမှာ ယောကျ်ားတွေ အများကြီး ရှိနေပါသေးသည်။

ဒီလိုနှင့် ရည်းစားသက်စေ့ထားရင်း မြစန်းရီ ဆယ်တန်းအောင်သွားသည်။ အံ့ဖွယ်သုတ တစ်ပါးပါပဲ။ အဖေနှင့်အမေ နှစ်ယောက်ပေါင်းတာတောင် ဆယ်တန်း မအောင်သည့် အခြေအနေမှာ မြစန်းရီ ဆယ်တန်းအောင်တာကတော့ တကယ့် သူ့ရဲကောင်းအဖြစ်ပါပဲ။ ရမှတ်ကတော့ ၂၄၁ မှတ်တဲ့။ ရယ်ဖို့ကောင်းပေမင့် မြစန်းရီ ခေါင်းမော့နေခဲ့ပါသည်။ အောင်ရင်ပြီးတာပဲ၊ ဘယ်သူက အမှတ်လိုက်စစ်နေလို့လဲ ဟု တွေးမိသည်။

မကြာမီ အလှကုန်ပစ္စည်းရောင်းသော ဆိုင်တစ်ဆိုင်တွင် မြစန်းရီ အလုပ်ရသွား၏။ လှပသော မိန်း

တစ်ကိုယ်ကောင်းဆန်တတ်သည့် ယောကျ်ားကိုတော့ ငြီးသာငြီးပေမင့် မြန်ဒီက လုံးဝ အထင်မကြီး ခြေပစ်လက်ပစ် အိပ်ပျော်နေသော ခန္ဓာကိုယ်ကြီး ကို မြန်ဒီက အဟိတ်တိရစ္ဆာန် တစ်ကောင်လိုသာ မြင်နေတတ် လေသည်

ကလေးနှင့် အလှကုန်ပစ္စည်းဆိုင်မှာ အစပ်တည့်နေ၏။ ထိုဆိုင်ရောက်မှ မြစန်းရီ ပိုပြီးလှလာသည်။ ပိုပြီးပေါ်ပြူလာဖြစ်လာသည်။ ပိုပြီး ရည်းစားတွေ များလာသည်။

ရည်ရွယ် ရည်စူးသူကို ရည်းစားဟုခေါ်သည်ဆိုလျှင် ထိုအခေါ်အဝေါ်သည် မြစန်းရီအတွက်တော့ မှားလိမ့်မည်။ မြစန်းရီသည် တစ်ယောက်ကိုမျှ ဘဝအတွက် မရည်ရွယ် မရည်စူးချေ။ ယီးတီးယားတားနှင့် စားသာအောင် ဖန်တီးထားသူများ ဖြစ်သဖြင့် ယီးစားဟု ခေါ်ရမလားမပြောတတ်ပေ။ အလှကုန်ပစ္စည်းဆိုင်တွင် အလုပ်လုပ်ရင်း အဝေးသင်လည်း တက်လိုက်သေးသည်။ အဝေးသင်တက္ကသိုလ်မှာလည်း မြစန်းရီတို့က စတားပါပဲ။

'နောက်နှစ်မှ ပြန်တွေ့မယ်နော် ကိုကို' ဆိုပြီး အရှူးအမူး ထားပစ်ခဲ့သူတွေ အများကြီး။ အဝေးသင်ဒုတိယနှစ်တွင် မြစန်းရီ အလှကုန်ဆိုင်မှာ မလုပ်တော့ချေ။ နာမည်အသင့်အတင့်ရှိသော တီးဝိုင်းတစ်ခုနှင့် ချိတ်မိကာ နာမည်ကြီး စားသောက်ဆိုင်တစ်ခုတွင် ထိုတီးဝိုင်းနှင့် တွဲဖက် သီချင်းဆိုတော့သည်။ ရုပ်ကလှနေသဖြင့် အသံသိပ်မလှသော်လည်း အတီးက တွဲခေါ်သွားတော့ ထင်ပေါ်သွားပြန်သည်။ ဒီမှာတင် အနုပညာအမည်က မြစန်းရီ မဟုတ်တော့။ မြန်ဒီ ဟူသတည်း။

မြန်ဒီကား မနူးမနပ် မဟုတ်ချေ။ နူးနပ်အိညက်နေပြီဖြစ်၏။ မည်သူ့ကို စွဲလမ်းမိနေပြီဟူ၍ မရှိ။ သူ့ကို မည်သူချစ်ချစ် ချစ်၍ရသလို သူကလည်း မည်သူ့ကိုမဆို ချစ်၍ ရလေသည်။ ပေါ့ပေါ့ပါးပါး သက်သက်သာသာဖြင့် ဘဝကို ဖြတ်သန်းနေရင်း ပေါ်ပြူလာဖြစ်ဖို့၊ လှဖို့၊ သုံးချင်တာ သုံးနိုင်ဖို့ကလွဲလျှင် ဘဝ၏ အနှစ်သာရဆိုတာကို မြန်ဒီ မသိ။

ပတ်သက်ရာ ပတ်သက်ကြောင်း ရှိသည့် ယောကျ်ားတို့၏ စိတ်အလိုဆန္ဒအား အထူးသဖြင့် ရှင်လမ်းတက်ကြွစေသော မိန်းမကို မိန်းမရှင်ဟု ခေါ်သည်ဆိုပါက မြန်ဒီသည် မိန်းမရှင်တစ်ယောက်သာ ဖြစ်တော့၏။ မလုံ့တလုံ့ အဝတ်အစား၊ ဖွေးနုသောအသား၊ ပန်းကုံးတွေအများကြားမှ ဒိုးဒိုးဒန့်ဒန့် သံစဉ်လှုပ်ခါမှုများသည် သွေးဆူပွက်စေ၏။ နှုတ်ခမ်းစိုစိုရဲရဲလေးကို လျှာကလေးနှင့်သိမ်းပြီး မျက်ဝန်းနက်တစ်ချက် ဝေ့လိုက်လျှင် ပြေးမထွက်အောင် တားဆီးထားနိုင်၏။

ဤသို့ဖြင့် မြန်ဒီတွင် တိုက်ခန်းတစ်ခန်းရှိ၏။ ဖုန်းတစ်လုံးရှိ၏။ ထောက်ပံ့ကြေးပေးထားသော အန်ကယ်ကြီးတစ်ယောက်လည်း ရှိပါလေ၏။ အငြိမ်ပါပဲ။ သို့ရာတွင် မြန်ဒီ မငြိမ်တတ်ပါ။ ထိုလူကြီး မလာဖြစ်သော နေ့များတွင် မြန်ဒီ သီချင်းသွားဆိုမြဲဆိုသည်။ ပန်းကုံးတန်ဖိုးကလည်း နည်းမှမနည်းဘဲလေ။ ထိုလူကြီး စိတ်ဆိုးလျှင် မြန်ဒီတို့က အချော့တတ်ပြီးသား။

တစ်နေ့တော့ တိုက်ခန်းသို့ မလာအပ်သောဧည့်သည် ရောက်လာလေသည်။ ထိုလူကြီး၏ ဇနီးဖြစ်မှန်း မြန်ဒီ သိလိုက်၏။ မြန်ဒီတို့က အပါး။ ကိုယ်နှင့်ဆက်စပ်သမျှ ယောကျ်ားများ၏ ဆွေမျိုး၊ မိန်းမမှန်သမျှကို လေ့လာထားပြီးသား။

'ထိုင်ပါ အန်တီ'

မြန်ဒီက မှင်သေ၏။ အရပ်ဆဲ ဆဲလျှင် လင်ခိုးမ အဆဲခံရပြီး ပါးရိုက်ခံရမည့် အဖြစ်။ သို့ရာတွင် မြန်ဒီတို့က မျက်နှာပြောင်၏။ သန့်သန့်ပြန့်ပြန့် တည်ခဲ့သော အန်တီကြီးသည် အခိုးလျှံသော

www.burmeseclassic.com

မျက်လုံးများနှင့် မြနန္ဒီကို ကြည့်၏။

'ထိုင်ပြီး စကားဝိုင်းဖွဲ့ ပြောနေရအောင် မင်းက ဘာမို့လို့လဲ'

မြနန္ဒီ မထီတထီ ရယ်၏။

'ဒါဖြင့် ကျွန်မအိမ်ကို ဘာလုပ်ဖို့ လာတာလဲ။ ဆဲချင်လို့လား၊ ရိုက်ချင်လို့လား၊ သတ်ချင်လို့လား ဒါမှမဟုတ် မေတ္တာရပ်ခံ တောင်းပန်ချင်လို့လား။ ဘာမှ လုပ်လို့မရဘူး အန်တီ။ ပြောစရာမရှိဘူးဆိုရင်ပြန်ပါ ဒါပဲ'

'ညည်း ညည်း'

မျက်နှာနီပြီး အထစ်ထစ် အငေါ့ငေါ့ဖြစ်နေသော အမျိုးသမီးကြီးကို မြနန္ဒီ ကြည့်ပြီးရယ်သည်။

'ဒါကြောင့် ထိုင်ပါလို့ ပြောတာပေါ့ အန်တီရယ် ထိုင်ပါ'

အယောင်ယောင် အမှားမှားနှင့် အမျိုးသမီးကြီး ထိုင်ချလိုက်သည်။ မြနန္ဒီက စကားဆက်၏။

'ပြောစရာရှိရင် ပြောချလိုက်ပါ။ ဒါမျိုးက ငယ်ထိပ်မြွေပေါက်တဲ့အဖြစ်မျိုးပဲ။ အန်ကယ်ကြီးနဲ့ ကျွန်မတို့ နှစ်ဦးသဘောတူ ဖောက်ပြန်ကြတယ်။ အန်တီတို့ဘက်ကတော့ လူမှုရေး၊ သားရေးသမီးရေးတွေနဲ့ သိပ်အရုပ်ဆိုးတယ်ထင်မှာပဲ။ ဒါပေမဲ့ အန်တီ တစ်ခုတော့ ယုံပါ။ ကျွန်မ ဘယ်တော့မှ အန်တီ့နေရာကို လုမယူဘူး။ ပထမနေရာလည်း မယူဘူး၊ ဒုတိယ၊ တတိယနေရာလည်းမယူဘူး စိတ်ချ။

'အန်ကယ်ကြီးက သာယာမှုကို ကျွန်မဆီက ဝယ်တယ်၊ ကျွန်မက တန်ရာတန်ကြေးနဲ့ ရောင်းတယ်၊ ဒါပါပဲ။ ဘာသံယောဇဉ်မှ မရှိဘူး။ တပ်မက်မှုပဲရှိမယ်၊ တပ်မက်မှုတောင် ကျွန်မဘက်က မရှိဘူး။ အချိန်တန်ရင် သံယောဇဉ် အနှောင်အဖွဲ့ကြိုးတွေနဲ့ တုပ်နှောင်ထားတဲ့နေရာကို ပြန်သွားကြမှာပါ အန်တီရယ်၊ စိတ်ပူရန်ကော'

မိန်းမကြီး ငြိမ်နေ၏။ မြနန္ဒီ စကားဆက်ပြန်သည်။

'အန်တီကတော့ မိန်းမကောင်းပန်းပန် တစ်ပွင့်တန်ခဲ့လို့ ယောကျ်ားတစ်ယောက်အကြောင်းကိုပဲ သိလောက်တယ်။ ကျွန်မက ယောကျ်ားတွေ အများကြီးနဲ့ တွေ့ကြုံခဲ့ဖူးတော့ အများကြီးရဲ့ အကြောင်းတွေကိုသိတယ် အန်တီရဲ့။ ဒီမှာ ယောကျ်ားဆိုတာလေ ဣန္ဒြေသိက္ခာရှိတဲ့ မိန်းမကို မြတ်နိုးတယ်၊ တန်ဖိုးထားတယ်။ ဣန္ဒြေသိက္ခာမဲ့တဲ့ မိန်းမကိုကျတော့ ကြိုက်တယ်။ တပ်မက်တယ်။ အဖန်တလဲလဲ မီးကုန်ယမ်းကုန် ချစ်ချင်ကြတယ်။ ဒါပေမဲ့ အချိန်တန်တော့လည်း ချည်တိုင်ပဲ ပြန်ကြတာပါပဲ အန်တီရယ်။ ဒါကြောင့် စိတ်မပူပါနဲ့။ အန်ကယ်ကြီးလည်း ခုလောက်ဆို အိမ်ပြန်ချင်စိတ် ပေါက်နေလောက်ပါပြီ။ ဇနီး၊ သားသမီးတွေ သိသွားပြီဆိုပြီး ရှက်တာနဲ့ ပြတ်လောက်ပါတယ်။ ဒါနဲ့မှ မရရင်… အန်တီလာသွားတယ် ကိုကြီးရဲ့။ မီးကို ဒီလို ဒီလို ပြောသွား လုပ်သွားတာ သိပ်ရက်စက်တာပဲ။ မီးတို့ လမ်းခွဲကြပါစို့ ကိုကြီးရယ်လို့ ပြောပြီး နောက်ဆုံး နှစ်နာကြေးလေး ယူပြီး ဖြတ်လိုက်ရင်လည်း ဖြစ်ပါတယ်။ အန်တီက ဒေါသစိတ်ကလေးထိန်း၊ အန်ကယ်ကြီးက တပ်မက်စိတ်ကလေးထိန်းလိုက်ရင် ပြီးတာပါပဲ၊ မြနန္ဒီတို့က အငြိမ်ပါ'

မိန်းမကြီး ဘာပြန်ပြောရမည်မသိ၊ ပိုင်းလုံးပြောရမလား၊ မိန်းမပျက် ပြောရမလား၊ ဘယ်လိုပြောပြော အကျုံးဝင်နေသော မြနန္ဒီကို တွေပြီး ကြည့်နေမိသည်။

'ကဲ အန်တီ၊ မြနန္ဒီ ဖြတ်ပေးလိုက်ပါမယ်။ ပြန်ပါတော့။ နောက် တစ်နာရီလောက်နေရင် အန်ကယ်ကြီး တစ်ခေါက်လာတတ်ပါတယ်။ နေ့လယ်စာအချိန်ပေါ့။ မြနန္ဒီ ပြင်ဆင်ထားရပါမယ်။ အန်တီ ပြန်လိုက်ပါ။ ပြဿနာတွေ ထပ်မကြီးဘဲ အေးအေးဆေးဆေး ပြီးသွားပါလိမ့်မယ်။ အဲသလိုဖြစ်စေချင်ရင် ပြန်ပါတော့'

ကိုယ့်တူမအရွယ်၊ သမီးအရွယ် မိန်းမတစ်ယောက်က တွန်းတွန်းထိုးထိုးဖြင့် တံခါးပေါက်သို့ ဆွဲခေါ်သွားချိန်တွင် အခန်းကို ဝေ့ကြည့်လိုက်မိ၏။ တစ်တောင်ခန့်မြင့်သော မွေ့ရာထူကြီးအပါအဝင် ဖဲ၊ ဇာ၊ ပန်းပွင့်တို့ဖြင့် တန်ဆာဆင်ထားသော ခုတင်ကြီးကို အသားပေးပစ္စည်းအဖြစ် တွေ့လိုက်ရ၏။ ခုတင်အနီးတွင် နှစ်ယောက်ထိုင် ဆိုဖာအိအိစက်စက်ကြီးတစ်လုံးရှိ၏။ ၎င်းရှေ့တွင် စားပွဲလှလှလေးတစ်လုံး၊ စားပွဲနှင့် မနီးမဝေးတွင် အပေါ်စက်နှင့် အောက်စက်။

ဘုရားစင်မရှိ၊ ဘုရားခန်းမရှိ၊ မီးဖိုချောင်မရှိ။ မှန်တင်ခုံပေါ်တွင် အလှပြင်ပစ္စည်းများ မျိုးစုံနေ၏။ တံခါးဟထားသော ရေချိုးခန်းထဲတွင် အဝတ်တို့ ပုံနေလေသည်။ အိမ်တစ်လုံးနှင့် အခန်းတစ်ခုတို့၏တန်ဖိုး ကွာခြားချင်တိုင်း ကွာခြားနေသလို၊ အိမ်သူတစ်ယောက်နှင့် အခန်းသူတစ်ယောက်တို့၏ တန်ဖိုးမှာလည်း ကွာခြားချင်တိုင်း ကွာခြားနေလေတော့သည်။

မြနန္ဒီပြောသလို အိမ်သူက တန်ဖိုးမြင့်ပြီးသားဆိုပေမင့် အခန်းသူကိုမှ တပ်မက်ကြသည့် ကိုယ့်ယောကျ်ားကိုပဲ ခပ်ညံ့ညံ့ယောကျ်ားအဖြစ် သတ်မှတ်ရမလား မတွေးတတ်ချေ။

နားဝေတိမ်တောင်နှင့် အပြင်ရောက်သွားချိန်တွင် မြနန္ဒီက အခန်းတံခါးကို ပြန်ပိတ်ပြီး သွားချေပြီ။ မြနန္ဒီသည် ရွှီခနဲ လေချွန်ကာ လက်သီးဆုပ်လေးနှစ်ဖက်ကို အပေါ်မြှောက်ကစား၍ ဝမ်းသာအားရ ဖြစ်လိုက်သေး၏။ တောတစ်တော ရှင်းချေပြီဟုလည်း တွေးပျော်နေမိ၏။ အမှန်တော့ မြနန္ဒီ အန်ကယ်ကြီးကို ရိုးအီနေခဲ့သည်မှာ ကြာပြီ။

မြနန္ဒီအတွက်တော့ ယောကျ်ားမရှား၊ ခင်ပွန်းသာရှားပါသည်။ ခင်ပွန်းဆိုသည့် ယောကျ်ားမျိုးကရော ဘယ်အတိုင်းအတာထိ ယုံကြည်စိတ်ချရပါသလဲ။ မြနန္ဒီ ခေါင်းယမ်းခါမိသည်။ မြနန္ဒီထံ သူများခင်ပွန်းယောကျ်ားတွေ လာနေတတ်သည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

မြန ဒီ က တော့ ယောက်ျားဆိုတာ ဆန္ဒရမ္မက်ကြီးသောသူ၊ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းသူ၊ တစ်ကိုယ်ကောင်းဆန်လွန်းသူဟူ၍ အမျိုးအစားခွဲ ၍ရသည်။ ဆန္ဒရမ္မက်ကြီး၍လည်း မြနဒီတို့နှင့် တွေ့တာပေါ့။ ကိုယ့်ကိုယ်ကို အထင်ကြီးသည့် ယောက်ျားမျိုးကတော့ ရယ်စရာကောင်းသည်။ သူတို့ကို မြနဒီ ကြွေနေသည်ဟု ထင်နေတတ်ကြလေသည်။ အမှန်တော့ ထိုကဲ့သို့ ထင်မြင်အောင် ဖန်တီးထားတာကိုက မြနဒီ၏ မော့်ပါ။ မြနဒီနှင့်ငြိဖို့ မြနဒီက မော့်အမျိုးမျိုး သုံးတတ်သည်။ ဒါကိုမသိဘဲ သူတို့ကိုယ်သူတို့ ဖွတ်အထင်ကြီးနေတတ်တော့ ကွယ်ရာမှာ မြနဒီက ခပ်ဟာဟာလေး ရယ်သွမ်းသွေးနေတတ်ပါသည်။ တစ်ကိုယ်ကောင်းဆန်တတ်သည့် ယောက်ျားကိုတော့ ငြိသာငြိသော်လည်း ... မြနဒီက လုံးဝအထင်မကြီး။ ခြေပစ်လက်ပစ် အိပ်ပျော်နေသော ခန္ဓာကိုယ်ကြီးကို မြနဒီက အဟိတ်တိရစ္ဆာန်တစ်ကောင်လိုသာ မြင်နေတတ်လေသည်။

ကိုယ်ကလည်း စရိုက်မကောင်းခဲ့တော့ မကောင်းသည့် ယောက်ျားတွေနှင့်ပဲ တွေ့ကြုံရသည်ထင်သည်။ တည်တံ့သော ယောက်ျားမျိုး မြနဒီ၏ ဝန်းကျင်တွင်မရှိ။ ညီမျှပင် ချမ်းသာနေပါစေ စရိုက်ပျက်တာကတော့ အတူတူပင်။ ကြာတော့လည်း ယောက်ျားဆိုတာ ရောက်လာပြီး ကျားတို့ဆန္ဒ ဖြည့်သွားသူများဟုပင် ပြောချင်တော့သည်။ ဒီလိုလူမျိုးတွေနှင့် တွေ့ကြုံနေရတော့ ကိုယ်ဘက်ကလည်း စီးပိုးတတ်လာလေသည်။ မြနဒီဆိုတာ အေးမြသော မြစ်တစ်စင်းဆိုသည့် အနက်အဓိပ္ပာယ်ထက် မြဆိုတာ စိမ်းမြသောသဘော၊ နဒီဆိုတာ ကွေ့ကောက်သောသဘောဟု အနက်ပြောင်းလာတော့သည်။ မြနဒီသည် သဘောအနက်မှန်နှင့် အမြဲတမ်း ပြောင်းပြန်အချိုးကျသော မိန်းမတစ်ယောက်သာ ဖြစ်နေလေသည်။ သို့ပေမင့် မြနဒီပျော်သည်။ ဒီဘဝတွင် သာယာစွာ စီးမျော ပျော်ဝင်နိုင်လေသည်။

❑

မိန်းမသားတိုင်း ကိုယ့်အတိုင်းအတာနှင့်ကိုယ် ချမ်းချမ်းသာသာ၊ တည်တည်ငြိမ်ငြိမ် ဣန္ဒြေသိက္ခာရှိသော မိန်းမကောင်းဘဝကို သာ ရချင်ကြပါလိမ့်မည်။ မည်သည့်မိန်းမမျှ ဖြစ်လေရာဘဝတိုင်း မိန်းမရွှင်၊ မိန်းမပျက်ဘဝ ရောက်ရပါလို၏ဟု ဆုတောင်းကြလိမ့်မည် မထင်ပါ။ အကြောင်းမညီညွတ်၍ ဆုမတောင်းသောဘဝကို ရောက်ခဲ့ ရခဲ့လင့်ကစား စီးမျောလိုက်ပါမနေဘဲ ရုန်းထွက်နိုင်အောင် အစွမ်းကုန်ကြိုးစား လှော်ခတ်နေလိမ့်မည်ဟု စာနာစိတ်နှင့် တွေးမြင်မိခဲ့ဖူးသည်။

သို့ရာတွင် မြနဒီသည် ထိုအတွေးတို့နှင့် ပြောင်းပြန်အချိုးကျမြဲ ကျနေတော့သည်တကား။

■

မကျည်းတန်
၊လှိုင်ကော်၊







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နှလုံးသားပေါ်တင်ပေးတဲ့

# သူတို့ရဲ့ ဒိုင်ယာရီတွေ

ဒေါင်းနေမင်း

တချို့က သိမ်းငှက်ရဲ့ဝိသေသကို ရဲစွမ်းသတ္တိရှိမှု၊
တစ်နည်းပြောရရင် စစ်ကိုလိုလားသူအဖြစ်
ကိုယ်စားပြုတယ်လို့ ဆိုပါတယ်။
ချိုးငှက်ကတော့ ငြိမ်းချမ်းသာယာမှုကို
ကိုယ်စားပြုတာ အားလုံးအသိပါ။
ဒါပေမဲ့ ငြိမ်းချမ်းရေးအတွက် စစ်တိုက်ကြရတာ
ရှိသလို၊ စစ်ပွဲတွေ အဆုံးသတ်ဖို့အတွက်
ငြိမ်းချမ်းမှုကို ရယူရတာလည်း ရှိတယ်လို့
တချို့က ပြောတယ်။ ဒါဆို…



www.burmeseclassic.com

www.burmeseclassic.com

စစ်ရဲ့အစဟာ ငြိမ်းချမ်းရေးလား။ ငြိမ်းချမ်းရေးရဲ့အစဟာ စစ်ပွဲတွေလား။

❑

အိပ်မက်အစစ်လို့ ပြောရမှာလည်း နည်းနည်းတော့ ခက်သည်။ အရာရာတိုင်းက တိကျပြတ်သားနေသည်။ ဝေဝေဝါးဝါးမဟုတ်။ ကပြက်ကချော် မဟုတ်။ ကပေါက်ချိကပေါက်ချာ မဟုတ်။ ထင်ထင်ရှားရှား၊ မြင်မြင်သာသာ။ ထိုသို့မဟုတ် အိပ်မက်အတုဟု ဆိုပြန်လျှင်လည်း အိပ်စက်ရာမှ ဖြစ်ပေါ်လာသော ရလဒ်တစ်ခုဖြစ်နေသောကြောင့် အကျယ်တဝင့် ငြင်းချက် မထုတ်ချင်ပြန်။ မည်သို့ပင်ဆိုစေ အိပ်မက်ထဲမှ အိပ်မက်လေးတစ်မက် ဖြစ်နေသည်ကတော့ သေချာပါသည်။

❑

**အိပ်မက်အခန်းစဉ် (၁)**

အိပ်မက်ထဲတွင် သူနှင့်လူကြီးတစ်ယောက် မှိုင်းညို့နေသော တောင်တန်းတွေကို ခြေကျင် ဖြတ်ကျော်နေကြသည်။ တောကနက်သလို လူသွားလမ်းဆိုလို့ မည်မည်ရရမရှိ။ ချုံနွယ်ပိတ်ပေါင်းများကြားထဲ တိုးဝှေ့ကာ ခရီးကြမ်းနှင်နေရခြင်းသာ။ တစ်ခါတစ်ရံခနော်ခနဲ့ ဝါးတံတားလေးကို ဖြတ်ရတာရှိသလို၊ တစ်ခါတလေ မတ်စောက်စောက်ကုန်းပေါ်သို့ ကျားကုတ်ကျားခဲ တက်ရသည်လည်း ရှိသည်။ သို့တစေ သူတို့သည် ခရီးကို မမှုခဲ့ပါ။ မကြာခဏဆိုသလို ခပ်ဝေးဝေးမှ လက်နက်ကြီးပစ်သံတွေ ကြားနေရသည်။

ကချင်
အဘိုးအဘွားတွေ
စစ်ရှောင်ရင်း
မားတိုလေးနဲ့
တောင်ကုန်းတွေပေါ်
သစ်ပင်စိုက်
နေကြတယ်
ကချင်တွေဟာ
သစ်တောတွေကို
သူတို့ရဲ့ဘိုးဘွား
အမွေအဖြစ်
တန်ဖိုး
ထားကြတယ်
တောထဲ
တောင်ထဲမှာ
ကြီးပြင်းခဲ့ရတာကိုး
ရေမြေသဘာဝကို
ချစ်ခင်
စောင့်ရှောက်
တတ်တဲ့စိတ်
သူတို့မှာ
အပြည့်ရှိတယ်

'မကြာတော့ပါဘူးကွာ။ ရောက်တော့မှာပါ'

လူကြီးက လူငယ်သူ့ကို အားပေးစကားဆိုသည်။ လူကြီးမှာ တခြားသူမဟုတ်။ တစ်ချိန်က ကမ္ဘာ့စာပေလောကတွင် ဂန္ထဝင်မြောက် စာရေးဆရာ ဆာအာသာကွန်နန်ဒွိုင်းရေးသည့် **စုံထောက်ရှားလော့ဟုမ်း**ကို ဆရာကြီး ရွှေဥဒေါင်း မြန်မာမှုပြုကာ မွေးဖွားလာသော စုံထောက် ဦးစံရှားပင်ဖြစ်၏။ ဦးစံရှားမှာ ခပ်ဆန်းဆန်း အမှုကိစ္စများကို လိုက်လံစုံစမ်းရာတွင် ဗဟုသုတပြည့်စုံမှု၊ အကြားအမြင် ကြွယ်ဝမှု၊ ဖြတ်ထိုးဉာဏ်ကောင်းမှု၊ အယူအဆနှင့် ဆုံးဖြတ်မှုတို့တွင် တိကျမှန်ကန်မှု၊ အမြော်အမြင်ရှိမှု စသည်ဖြင့် ဘက်စုံတော်သော စုံထောက်တစ်ယောက်အဖြစ် ထင်ရှားသူဖြစ်သည်။

ယခုတော့ အိပ်မက်ထဲတွင် သူနှင့်အတူ ခရီးသွားနေခြင်းမှာ မည်သည့်အတွက်ကြောင့် ဆိုသည်ကို သူကိုယ်တိုင်လည်း မသိပါ။ အမှုကိစ္စတစ်ခုခုအတွက်လား၊ ထူးဆန်းသော နေရာသို့ ခရီးထွက်လာခြင်းလား၊ စိတ်ဝင်စားစရာ အကြောင်းရှိနေလို့လား အတပ်မပြောနိုင်။ ယုတ်စွအဆုံး သူနှင့်မည်သို့မည်ပုံ ရင်းနှီးကျွမ်းဝင်သွားသည်ကိုပင် သူ ရှင်းမပြတတ်တော့ပါ။

တောင်ကုန်းတစ်ခုပေါ် အရောက် မလှမ်းမကမ်းတွင် တာလပတ်စအမိုး၊ ဝါးများကာရံထားသည့် တဲအစုစုကို နှင်းမှုန်ဝေ့ဝေ့၊ လေတဝူးဝူးကြားထဲမှ ဘွားခနဲ လှမ်းမြင်လိုက်ရသည်။ တချို့တဲတွေက အလျားတော်တော်ရှည်သည်။ လူတွေကိုလည်း တွေ့နေရသည်။ တချို့က တဲအိမ်လေးတွေဘေးတွင် ဖုံးကျင်းတွေ တူးနေကြသည်။

'အဲ့ဒါ ကချင်ပြည်နယ်က ဂျေယန်း ဒုက္ခသည်စခန်းပဲ'

စုံထောက်ကြီးကဆိုတော့ သူ သြော်ဟုသာ တစ်ချက်ရေရွတ်လျက် ဘာစကားမှ ဆက်မမေးနိုင်။ သူတို့ ဒုက္ခသည်စခန်းသို့ ဆက်လျှောက်သွားရာ အဝတ်အစား နွမ်းညစ်စုတ်ပြတ်လျက် ဆံပင်ဖွာလန်ကြဲနေသော မိန်းမတစ်ယောက် သူတို့ဆီ အူယားဖားယား ပြေးလာနေတာ တွေ့ရ၏။

'ဆရာကြီးရယ် ကယ်ပါ၊ ကယ်ပါ၊ ငါ့သားလေးကို ပြန်ခေါ်ပေးပါ။ ပြန်ခေါ်ပေးပါ'

အနီးသို့ ရောက်သောအခါ ဒူးများ ညွတ်ကွေးကျသွားပြီး စုံထောက်ကြီး၏ ခြေအစုံကို လက်ဖြင့် ဖမ်းဆုပ်ကာ နဖူးနှင့်တိုက်လျက် တရှုပ်ရှုပ် ငိုတော့၏။ သူ အနည်းငယ် မှင်တက်မိသလို ဖြစ်သွားသည်။ သူမ ပြောနေသည်မှာ ကချင်လို ဖြစ်သော်လည်း သူတို့နှစ်ယောက်စလုံး၏ အာရုံသိတွင် နားလည်နေသည်မှာ အနည်းငယ်တော့ ထူးခြားသည်။

'ပြန်ခေါ်ပေးပါ ဆရာကြီးရယ်၊ ပြန်ခေါ်ပေးပါ၊ ငါ့သားလေးကို ပြန်ခေါ်ပေးပါ။ တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်'

မျက်နှာမော့လာသောအခါ ညစ်ပတ်ပေရေနေသော ပါးပြင်ပေါ်သို့ မျက်ရည်လုံးကြီးတွေက အလိပ်လိုက် စီးကျလာသည်။ အသက် ၄ဝ နီးပါးခန့်ပင် ရှိသေးသော်လည်း လောကဓံတို့၏ ရိုက်ခတ်မှု၊ အစာအာဟာရ ချို့တဲ့မှုများကြောင့် အတော်ပင် အိုစာပုံပေါက်နေ၏။ ထိုစဉ် အဝေးမှ လက်နက်ကြီး မြည်သံတစ်ချက် ကြားလိုက်ရ၏။

'ခင်ဗျားသားက ဘယ်သွားနေလို့လဲ'

စုံထောက်ကြီးက တည်တည်ငြိမ်ငြိမ်ပင် မေးသည်။ သူမက တဆတ်ဆတ် တုန်ယင်နေသော လက်ဖြင့် အ… မြည်ရာဆီသို့ လက်ညှိုးညွှန်



www.burmeseclassic.com

www.burmeseclassic.com

ပြသည်။ ဘာကိုဆိုလိုမှန်း သူ တိတိကျကျ မခန့်မှန်းနိုင်။ ယင်းအခိုက် အသက် ၈၀ ခန့် ကချင်တိုင်းရင်းသားကြီး တစ်ယောက် အနားသို့ ရောက်လာကာ…

'မိတ်ဆွေတို့တောင် ရောက်လာကြပြီပဲ။ ခွင့်လွှတ်ဗျာ။ ဒီမိန်းမက စိတ်ဖောက်ပြန်နေတာပါ။ အခုလို ရောက်ရောက်ချင်း အနှောင့်အယှက်ပေးသလို ဖြစ်သွားတာ အားနာတယ်။ တောင်းပန်ပါတယ်'

'ကိစ္စမရှိပါဘူး။ ဒါနဲ့ သူ့သားက ဘာဖြစ်လို့လဲ'

ကချင်ကြီးက စိတ်မသက်မသာ ဖြစ်စွာဖြင့်…

'တိုက်ပွဲမှာ ကျသွားတာ။ ဟဲ့ ပန်လုံ နင်ညည်းသည်တွေကို ဒီလိုမလုပ်ရဘူးလေ။ သွား သွား တစ်နေရာမှာသွားနေ။ ကျုပ်ကတော့ ကောအိုင်အေ စစ်သားဟောင်းကြီးတစ်ယောက်ဆိုပါတော့။ ခင်ဗျားတို့လာမယ်ဆိုတာ ကြားသိလို့ အထက်လူကြီးတွေက ကျုပ်ကို တာဝန်ပေးထားတာပါ။ သိလိုသမျှ၊ ဆွေးနွေးလိုသမျှ ဆွေးနွေးနိုင်ပါတယ်။ ကိုင်း မိတ်ဆွေတို့ အထဲကြွကြဗျာ'

သူတို့နှစ်ယောက် စစ်သားဟောင်းကြီးနောက် လိုက်သွားကြ၏။ နောက်ပိုင်းမှ အမျိုးသမီးကတော့…

'တောင်းပန်ပါတယ် ဆရာကြီးတို့ရယ် ငါ့သားလေး ပြန်ခေါ်ပေးပါ၊ ပြန်ခေါ်ပေးပါ'

သူတစ်ချက် လှည့်ကြည့်မိသည်။ မြေကြီးပေါ်တွင် ခွေခွေလေးဖြင့် တတွတ်တွတ် အော်နေရှာသည်။ မြင်ရသည့် မြင်ကွင်းက စိတ်မသက်သာစရာ။ သူတို့ ခပ်လျှောလျှော တောင်စောင်းကို ဘေးတိုက်ယှဉ်ပြီး ခုတ်ထစ်ထားသည့် လှေကားကျဉ်းကျဉ်းလေးအတိုင်း အပေါ်သို့ တက်လာခဲ့ကြသည်။ ဒုက္ခသည် စခန်းမှ လူများက သူတို့နှစ်ယောက်ကို အထူးအဆန်းလို ကြည့်နေကြ၏။ ထိုစဉ် ပစ်ခတ်သံ ကျယ်ကျယ်လောင်လောင်ကို ထပ်မံကြားရပြန်သည်။

> တရားသော
> စစ်ပွဲတိုင်းတွင်
> သိမ်းငှက်၏
> ဂုဏ်သိက္ခာသည်
> အမြင့်မားဆုံး
> နေရာတွင်
> မြင်တွေ့နိုင်မှာ
> ဖြစ်သော်လည်း
> အလိုကြီးမှု
> သို့မဟုတ်
> ဩဇာအာဏာ
> အစွမ်းပြလိုမှု
> တို့ကြောင့်
> ဆင်နွှဲခဲ့လျှင်တော့
> သိမ်းငှက်သည်
> နာမည်ဆိုးဖြင့်
> ကျော်ကြားသွားမှာ
> အမှန်ပင်
> ဖြစ်လိမ့်မည်

❑

**အိပ်မက်အခန်းစဉ် (၂)**

တစ်ခုသော တဲလေး၏ မီးဖိုအနီး ဝါးကွပ်ပျစ်ပေါ်တွင် သူ၊ စုံထောက်ကြီးနှင့် စစ်သားဟောင်းကြီးတို့ ထိုင်နေကြသည်။ ခရစ္စမတ်ရာသီမို့ အအေးဓာတ်က စိမ့်သက်နေသည်။ နှင်းမြူမှုန်တို့ သိပ်သိပ်သည်းသည်း ကျဆင်းနေသည့်ကြားက ကျက်သရေရှိလှသည့် တောင်တန်းတို့၏ သဘာဝအလှတရားမှာ စွဲမက်ဖွယ်ရာပင်။ စုံထောက်ကြီးက စတင်ကာပင်…

'ဒီ ဒုက္ခသည်စခန်းမှာ လူဦးရေ ဘယ်လောက်ရှိမလဲဗျ'

'ရွာပေါင်းလေးဆယ်ကျော်က ပြေးလာတဲ့ ဒုက္ခသည်ပေါင်း ခုနှစ်ထောင်ကျော်ရှိတယ်။ ခုဆို ဒီမှာ နှစ်နှစ်လောက်ရှိပြီ'

'အား မနည်းပါလား။ သူတို့အတွက် ရိက္ခာကရော'

'လှူတဲ့သူ၊ ထောက်ပံ့တဲ့သူ တချို့ရှိပေမဲ့ ဘယ်လောက်ပါ့မလဲ စုံထောက်ကြီးရယ်။ တိုက်ပွဲက နှစ်ရှည်လများကိုး။ အဲဒီအခါ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုတွေများလာတယ်။ မျှော်လင့်ချက်တွေလည်း ကင်းမဲ့လာကြတယ်။ တချို့ အအေးဒဏ်ကို မလုံမလဲ ခံစားရလို့ အသက်ရှုလမ်းကြောင်းနဲ့ဆိုင်တဲ့ ရောဂါတွေ အဖြစ်များလာတယ်။ ဆေးလည်း မသောက်ချင်ကြတော့ဘူး။ သေရင်သေ၊ မသေရင် စစ်ပဲ သွားတိုက်လိုက်ချင်တဲ့ စိတ်တွေ ဖြစ်လာတော့တာ'

စုံထောက်ကြီးက ပင့်သက်ကို အသာချကာ အိတ်အတွင်းမှ ဆေးတံကို ထုတ်လျက် ခပ်ပြင်းပြင်း ဖွာရှိုက်လိုက်သည်။ နောက်တစ်နေရာသို့ အကြည့်ရောက်သွားပြီး…

'ဟောဟိုက ပလိုင်းလွယ်ထားတဲ့ မိန်းမအုပ်စု ဘယ်သွားကြတာလဲ'

'ထင်းရှာသွားကြတာ။ ရောက်စတုန်းကတော့ ပေါပါတယ်။ တစ်ပလိုင်းဆို ခဏပဲ။ ခု နှစ်နှစ်နီးပါးတောင် ရှိပြီဆိုတော့ အဝေးကြီး သွားကောက်ရတာ။ ထင်းကောက်ရတာနဲ့ တစ်နေကုန်ရော။ ဖာသာက သစ်တောမပြုန်းအောင် သစ်ပင်တွေ အစားပြန်စိုက်ပေးဖို့ လုပ်နေပါတယ်။ ဟိုဘက်ကို ခင်ဗျားကြည့်လိုက်စမ်း။ ကချင်အဘိုးအဘွားတွေ စစ်ရှောင်ရင်း မားတိုလေးနဲ့ တောင်ကုန်းတွေပေါ် သစ်ပင်စိုက်နေကြတယ်။ ကချင်တွေဟာ သစ်တောတွေကို သူတို့ရဲ့ဘိုးဘွားအမွေအဖြစ် တန်ဖိုးထားကြတယ်။ တောထဲတောင်ထဲမှာ ကြီးပြင်းခဲ့ရတာကိုး။ ရေမြေသဘာဝကို ချစ်ခင်စောင့်ရှောက်တတ်တဲ့စိတ် သူတို့မှာအပြည့်ရှိတယ်'

စုံထောက်ကြီးသည် ခေါင်းကို အသာညိတ်သည်။

'စစ်ပွဲတွေက ခုထိ တိုက်နေကြတုန်းပဲနော်'

'ဟုတ်တယ်။ သူတို့ဘက်က နိုင်ငံရေး မဆွေးနွေးသရွေ့ ဒီစစ်က ပြီးမှာမဟုတ်ဘူး။ စခန်းတွေရအောင် သိမ်းရုံနဲ့ တိုက်ပွဲက ပြီးမှာမဟုတ်ဘူး။ ဒါဟာ ပင်လုံကတိကို ဖောက်ဖျက်လို့ ဖြစ်နေရတဲ့စစ်။ တန်းတူဆက်ဆံမခံရဘူးလို့ ခံစားရတဲ့ ဘယ်တိုင်းရင်းသားမဆို လက်

www.burmeseclassic.com

နက်ကိုင် တိုက်ကြမှာပဲ။ ယုံကြည်ချက်ကြောင့် ဖြစ်လာတဲ့ တော်လှန်ရေးကို စစ်ရေးနဲ့ ဖြေရှင်းလို့မရဘူး။ နောက်ရှိသေးတယ်။ တိုင်းရင်းသားတွေ တန်ဖိုးထားတဲ့ အရာတွေကို အသိအမှတ် မပြုချင်ကြဘူး။ ကျုပ်လည်း စစ်တိုက်လာခဲ့တဲ့ကောင်ပါ။ စစ်သားတွေကို မမုန်းပါဘူး။ မူဝါဒကို မကြိုက်လို့သာ တိုက်နေကြရတာပါ။ စစ်တိုက်နေရတဲ့သူတွေက သူများထက်တောင် ငြိမ်းချမ်းရေး ပိုလိုချင်ပါသေးတယ်ဗျာ'

ကချင်စစ်သားဟောင်းကြီးက ဆို့ဆို့နင့်နင့်လေးပြောတော့ သူ့ရင်ထဲ လပ်ဟာသွားရ၏။ ထို့အတူ သူ့အတွေးတွေကလည်း ယောက်ယက်ခတ်လွန်းလှပါသည်။ အမှန်စင်စစ် တရားသော စစ်ပွဲတိုင်းတွင် သိမ်းငှက်၏ ဂုဏ်သိက္ခာသည် အမြင့်မားဆုံးနေရာတွင် မြင်တွေ့နိုင်မှာ ဖြစ်သော်လည်း အလိုကြီးမှု သို့မဟုတ် သြဇာအာဏာ အစွမ်းပြလိုမှုတို့ကြောင့် ဆင်နွှဲခဲ့လျှင်တော့ သိမ်းငှက်သည် နာမည်ဆိုးဖြင့် ကျော်ကြားသွားမှာ အမှန်ပင်ဖြစ်လိမ့်မည်။ စစ်ပွဲများ ဆင်နွှဲနေကြသူတိုင်း စစ်ကို လိုလားသူများအဖြစ် မသတ်မှတ်နိုင်သည်မှာတော့ ကျိန်းသေလှပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်ခဲ့ရသော စစ်ပွဲတိုင်းတွင် မည်သူမှန်သည်၊ မည်သူမှားသည်ဖြစ်စေ ရလာမည့် အကျိုးဆက်များကတော့ သွေး၊ မျက်ရည်နှင့် သင်္ချိုင်းမြေပုံများပင် မဟုတ်ပါလား။

ဟိုးဝေးဝေး တစ်နေရာ

မည်သို့ပင်
လူမျိုးရေးတွေ
ခြားခြား
အသားရောင်တွေ
ကွဲကွဲ
ကိုးကွယ်မှု
ဆိုင်ရာတွေ
ထွေပြား ထွေပြား
အသေချာဆုံး
တစ်ခုကတော့
သားသမီးပေါ်
ထားရှိသည့်
မိခင်တိုင်း၏
မေတ္တာ
တရားချင်းတော့
အတူတူ
ဖြစ်ပါလိမ့်မည်

တွင် စိတ်ရောဂါ ဝေဒနာခံစားနေရသည့် ပန်လုံကတော့ တုတ်တစ်ချောင်းနှင့် မြေကြီးပေါ် ဘာတွေတူးဆွ နေမှန်းမသိ။ သေဆုံးသူ သူ့သားအလောင်းရှိမည်အထင်နှင့် ပြန်လည် တူးဆွနေလေသလား။ သူမကတော့ သူ့သား သေဆုံးသည်ကို ယုံကြည်လက်ခံပုံတော့ မပေါ်ပေ။

ကမ္ဘာပေါ်တွင် မည်သို့ပင် လူမျိုးရေးတွေခြားခြား၊ အသားရောင်တွေ ကွဲကွဲ၊ ကိုးကွယ်မှုဆိုင်ရာတွေ ထွေပြားထွေပြား၊ အသေချာဆုံးတစ်ခုကတော့ သားသမီးပေါ် ထားရှိသည့် မိခင်တိုင်း၏ မေတ္တာတရားချင်းတော့ အတူတူဖြစ်ပါလိမ့်မည်။ ထိုစဉ် ကျယ်ကျယ်လောင်လောင် အသံကြီးကို ကြားလိုက်ရပြန်ပါသည်။

❑

**အိပ်မက်အခန်းစဉ် (၃)**

အိပ်မက်ထဲတွင် သူတို့ သုံးယောက် ဒုက္ခသည်များအတွက် ရိက္ခာ တစ်ဖက်တစ် လမ်းမှရစေရန် မုန့်ညင်း၊ ချဉ်ပေါင် စသည်ဖြင့် စိုက်ပျိုးထားသော စိုက်ခင်းလေးဆီ ရောက်နေသည်ဟု မြင်မက်နေသည်။

'လူ တစ်ယောက်မှာ အာဟာရ ချို့ယွင်းလာရင် စိတ်ဓာတ်ပါ ပျက်ပြားလာတာပါပဲ'

ကချင် စစ်သားဟောင်းကြီးက အတုတပ်ထားသော သူ့ဘယ်ခြေထောက်ကို ပြန်လည် ပြင်ဆင်ရင်း ခပ်တိုးတိုးလေး ရေရွတ်သည်။ ထိုစဉ် အသက်နှစ်ဆယ်ကျော် ကချင်လူငယ်လေးတစ်ယောက် ဝင်လာသည်။ စစ်သားကြီးက…

'မိတ်ဆက်ပေးရဦးမယ်။ ဒီလူငယ်က ဒုက္ခသည် ကလေးသူငယ်တွေကို စာသင်ပေးနေတဲ့ ကျောင်းဆရာလေး။ သူ့ကြောင့် ဒီမှာ စာဆက်သင်နိုင်တာပေါ့။ အားလုံးကတော့ အိမ်ပြန်ချင်ကြတဲ့ သူတွေချည်းပါပဲ'

စုံထောက်ကြီးက အသိအမှတ်ပြု ခေါင်းဆတ်ပြသည်။ လူငယ်ကတော့ မလေ့အတိုင်း လက်ဆွဲ နှုတ်ဆက်သည်။ နောက် လူငယ်က စစ်သားဟောင်းကြီးဘက်လှည့်ကာ…

'ဒီမနက် ဗမာစစ်သား တစ်ယောက် တောထဲမှာ ဒဏ် ရာတွေနဲ့ သတိလစ်နေ တွေ့တဲ့လူက ထမ်းခေါ်လာ တယ်။ သွေးရူးသွေးတန်းနဲ့ မျက်စိလည် လမ်းမှားလာ တာနေမှာပါ'

'ခု ဘယ်လိုနေသေးလဲ'

'ဆေးမှူးက ကြပ်ကြပ် မတ်မတ် ကုပေးလို့ ပြန်သတိ ရနေပါပြီ။ ဒဏ်ရာတွေကို လည်း ခွဲတန်ခွဲ၊ ချုပ်တန်ချုပ် လုပ်ပေးပြီးပါပြီ။ သူ ကျွန် တော်တို့ကို ကြောက်နေသလို ပဲ။ ဒီကြားထဲ ဒေါ်ပန်လုံက သူ့သားပါဆိုပြီး ဟိုဆွဲ ဒီဆွဲ အနားကကို မခွာတော့ဘူး။ သူ့အတွက် ရထားတဲ့ အစား အစာတွေလည်း အတင်းကျွေး လိုကျွေး။ ဟိုကလည်း ဘယ် လောက်တောင် ဆာနေမှန်း မသိဘူး၊ ကြောက်ကြောက်နဲ့ ကြိတ်နေလိုက်တာ ခေါင်းတောင် မဖော်ဘူး'

'အသက်တစ်ချောင်း ကယ်ကောင်းပါတယ်ကွာ။ ထားလိုက်၊ ထားလိုက်၊ စိတ် ကြမ်းတွေ ဝင်မလာရင်တော် ပြီ'

စုံထောက်ကြီးက ပြုံး လေးပြုံးလိုက်ပြီး လူငယ် လေးကို အသေအချာကြည့် လျက်…

'စစ်ပွဲတွေအပေါ် လူ ငယ်တစ်ယောက်အနေနဲ့ ဘယ် လိုမြင်လဲ၊ ပြောစမ်းပါဦး'

ကချင်လူငယ် ကျောင်း ဆရာလေးက သက်ပြင်းကို အသာချလိုက်သည်။ သို့ သော် သူ့မျက်လုံး အစုံမှာ တော့ စူးရဲတောက်ပဆဲ။ သတိကပ်ထားသည့် မျက်နှာ အမူအရာဖြင့်…



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော့်သဘောက နှစ်ဖက်စလုံး နိုင်ငံသားအချင်းချင်းတွေပဲဗျာ၊ ဆွေးနွေးပါ၊ ညှိနှိုင်းပါ။ စိတ်ဓာတ်ကောင်းတွေနဲ့ ယုံကြည်မှုတွေယူပါ။ တင်းမာမှုတွေကို လျှော့ကြရမှာပေါ့။ ဒါမှ ငြိမ်းချမ်းရေးလမ်းကို လျှောက်နိုင်ကြမှာလေ။ ခုတော့ ဘယ်သူတွေနစ်နာသလဲ တွက်ကြည့်၊ ပြည်သူတွေပဲ။ ကျွန်တော်တို့က လူနည်းစုပါ။ အရင်ကတော့ တိုင်းပြည်နဲ့ လူမျိုးအတွက်ဆိုပြီး သိပ်မခံစားခဲ့ရပါဘူး။ ခုတော့ အမြင်တစ်မျိုးပြောင်းသွားတယ်။ ကိုယ့်အရည်အချင်းနဲ့ကိုယ် အကောင်းဆုံးဖြစ်အောင် အချိန်ရသလောက် စွမ်းဆောင်မယ်။ ပြည်သူတွေရဲ့ဒုက္ခကို ကယ်တင်မယ်။ နိမ့်ကျနေတဲ့ ပညာရေးကို မြှင့်တင်မယ်။ တစ်ဖက်ကပြောရရင် စစ်ကြောင့် ကျွန်တော်တို့ စိတ်တွေ ပိုပြီးခိုင်မာလာတယ်။ စွမ်းအားတွေ ပိုတိုးလာတယ်။ ဒါဟာ သမိုင်းပေးတာဝန်ပါပဲ'

ကျောင်းဆရာလေး၏ မေးရိုးတွေကတင်းမာနေသည်။

'မေးပါရစေဦး။ ခုလက်ရှိ သမ္မတအပေါ်ရော ဘယ်လိုမြင်လဲ'

အတန်ငယ် စဉ်းစားနေသေးသည်။ ချက်ချင်းမဖြေ။ နောက်မှ…

'သူ့ရင်ထဲ ဘာတွေရှိဘယ်ဆိုတာ ကျွန်တော်တို့ ခွင့်ကြည့်လို့ ရတာမှမဟုတ်တာ။ သူ့မှာလည်း အများမမြင်နိုင်တဲ့ အကျပ်အတည်းတွေ ရှိနိုင်မှာပါ။ အခုလက်ရှိမှာတော့ လောဘကြီးတယ်ပဲဆိုဆို လုပ်ဆောင်ချက်တွေအားမရသေးတာတော့ အမှန်ပဲ'

ကျောင်းဆရာလေးက စကားကို ထိုနေရာတွင်ပင် နိဂုံးချုပ်လိုက်သည်။ ထို့နောက်စစ်သားလေးကို ကြည့်ရန်အားလုံး သူ့နောက် လိုက်ခဲ့ကြသည်။

❑

**အိပ်မက်အခန်းစဉ် (၄)**

ဒေါ်ပန်လုံက စစ်သားလေးကို တယုတယဖြင့် ဆန်ပြုတ်တိုက်နေသည်။ သူမ၏ ချေးအထပ်ထပ် မည်းမည်းသည်းသည်း မျက်နှာပြင်တွင် ရွှန်းရွှန်းလက်လက် လမင်းကြီးနေရာဝင်လုသလား အောက်မေ့ရအောင် ဝင်းပကြည်စင်လို့ နေသည်။

'နင်ဟာလေ ငါ့ပြောစကားဆို ဘယ်တော့မှ နားမထောင်တဲ့ကောင်။ အားလေးရှိသွားအောင် ဒါလေးကုန်အောင် သောက်လိုက်ပါဆိုတာ မဟုတ်ဘူး။ ဒါမှ နင့်ဒဏ်ရာတွေ မြန်မြန်ကျက်မှာပေါ့ဟဲ့ သေနာရဲ့။ ငါ့မှာတော့ နင်သေပြီဆိုလို့ ရင်ကွဲနာကျတော့မလား အောက်မေ့ရတယ်။ ရှေ့ ရှေ့ နောက်တစ်ဖွန်း သောက်လိုက်ဦး သောက်လိုက်ဦး။ ဘယ်သူတွေ ဘာပြောပြော ငါကတော့ မယုံပါဘူး။ လူလေးက မျိုးချစ်သူရဲကောင်းကြီးမို့လား။ ဟင့်အင်း ဘာလို့ သေရမှာလဲ။ ကြံကြီးစည်ရာတော်။ နင်ရောက်လာမှ ငါတို့ ရွာပြန်ရမှာလေ။ နင့်ရည်းစား အနူးကလည်း နင့်ကို အကြီးအကျယ် မျှော်နေတော့မှာ။ အင်း ခရစ္စမတ်လည်း နီးပြီဆိုတော့ ရွာမှာ ငါ့နွားလေး မသေသေးရင် နင့်ကို အမဲသားကောင်းကောင်း ထုပ်ကျွေးမှာပါဟယ်။ အင့် အင့် သောက်လိုက်ဦး၊ သောက်လိုက်ဦး'

စစ်သားလေးက မျက်လုံးလေး ကလယ်ကလယ်နှင့် ဒေါ်ပန်လုံအမိန့်ကို နာခံနေရရှာသည်။ နောက် သူတို့ဘက်ကိုလည်း စူးစမ်းသလို လှမ်းကြည့်လိုက်သေးသည်။ သူမက စုံထောက်ကြီးဘက် လှည့်ကာ…

'ဒီမှာလေ ဆရာကြီးရဲ့ နင်မခေါ်ပေးလည်း ငါ့သားက သူ့ဘာသာသူ ပြန်လာတတ်ပါတယ်။ တော် တွေ့တယ်မို့လား၊ ဒဏ်ရာတွေနဲ့ ဘယ်လောက် ချစ်စရာကောင်းလဲ။ ဟီး ဟီး။ ဒီမယ်လူလေး ငါသူတို့ကို သွားခေါ်ခိုင်းသေးတယ် သိလား။ တကယ် တည်းတော် အရေးတောင် မစိုက်ပါဘူး'

စုံထောက်ကြီးက မျက်နှာတည်တည်နှင့်…

'အဲဒါ ခင်ဗျားသားမှ ဟုတ်ရဲ့လားဗျာ'

ဒေါ်ပန်လုံက စစ်သားလေးပခုံးကို ကျစ်ကျစ်ပါအောင် လှမ်းဖက်လိုက်ပြီး…

'အို ဘာလို့ မဟုတ်ရမှာလဲ။ ဒါ ငါ့သားမှ ငါ့သားအစစ်။ ဒီကောင်တစ်ယောက်တည်း ရှားရှားပါးပါး မွေးထားရတာ။ နည်းနည်းလေး ပိန်သွားတာကလွဲရင် ဒါ ငါ့သားပဲ။ နင်တို့ မဟုတ်မဟာတ်တွေ လျှောက်မပြောနဲ့နော်။ သူများသားသမီး ပြန်ဆုံတာကို နင်တို့ မနာလိုဖြစ်နေတာ မဟုတ်လား။ ဒီမယ် ငါရှင်းရှင်းလေးပဲ ပြောမယ်။ တကယ်လို့ မဟုတ်ဘူးဆိုရင်တောင် တစ်လောကလုံးမှာရှိတဲ့ စစ်သားတွေဟာ ငါ့သားတွေချည်းပဲ၊ မြဲမြဲမှတ်ထား'

သူ့ရင်ထဲ ကျဉ်ခနဲ ဖြစ်သွားရသည်။ တစ်လောကလုံးရှိ စစ်သားတွေမှန်သမျှ သူ့သားတွေချည်းပဲတဲ့။

'ခင်ဗျားသားကို ဒီလောက်တောင် ချစ်နေရင် ဘာလို့ စစ်တိုက်ခိုင်းလဲ'

ဒေါ်ပန်လုံက ဆတ်ခနဲ ခါးလေးထောက်လိုက်ပြီး…

'တရားတဲ့ စစ်တိုက်တာတော့ ကြိုက်တာပေါ့ဟဲ့။ သေတာသာ မကြိုက်တာ'

သူ စုံထောက်ကြီးကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ဝတ္ထုတွေထဲကလို အမူအခင်းများလိုက်စဉ် တစ်စုံတစ်ရာကို အလေးအနက်တွေးနေသည့် မျက်လုံးများ အတိုင်းသား မြင်နေရသည်။

'ဆရာကြီးတို့ ငါတို့ရွာလိုက်လည်ပါလား။ သိပ်သာယာတာ။ ပျော်ဖို့လည်း ကောင်းမှကောင်း။ ရွာမှာဆို မရှိရှိတာတော့ စားရမှာပဲ။ ဒီကောင်က အမဲလိုက်လည်း သိပ်ကျွမ်းတာ။ တောလည်ရင် သားကောင် မရဘူးဆိုတာ ခပ်ရှားရှား'

စစ်သားဟောင်းကြီးက ကျောင်းဆရာလေးဘက် လှည့်ကာ…

'သူ့ကို ဘယ်လို ဆက်လုပ်မှာတဲ့လဲ'

'ရုံးချုပ်ကို အကြောင်းကြားပြီးပြီ။ မကြာခင် လာခေါ်လိမ့်မယ်'

စစ်သားလေး၏ မျက်လုံးများ ပြူးကျယ်သွားသည်။ စိုးရိမ်ထိတ်လန့်မှု အမူအရာ



www.burmeseclassic.com

www.burmeseclassic.com

တွေကို ထိန်းမရချင်။ ဒေါ်ပန်လုံကသာ အပျော်တွေနှင့်…

'ကောင်းတယ်၊ ကောင်းတယ်။ ငါ့သားကိုပို့ရင် ငါလည်းလိုက်သွားမယ်။ ဒီမှာနေရတာ ဘယ်လောက် ဒုက္ခရောက်တယ်မှတ်လဲ။ တစ်စက်လေးတောင် နေချင်တာမဟုတ်ဘူး။ နေ နေ ငါ့အထုပ်အပိုးတွေ ပြင်လိုက်ဦးမယ်။ ငါ့သားရှိရင် ငါ့မှာသတ္တိတွေရှိသွားပြီ။ ပျော်လိုက်တာ၊ ပျော်လိုက်တာ'

အားလုံးက သူမကို စိတ်မသက်သာစွာ ကြည့်နေကြဆဲ။

❑

**အိပ်မက်အခန်းစဉ် (၅)**

သူတို့နှစ်ယောက် သစ်ငုတ်တွေပေါ်ထိုင်ကာ အဝေးသို့ ငေးနေကြ၏။ အတွေးတွေကတော့ တစ်ယောက်နှင့်တစ်ယောက် ထပ်တူကျနိုင်မည်မဟုတ်။ စုံထောက်ကြီးလက်ထဲတွင် မီးမညှိရသေးသော ဆေးတံကို ကိုင်လျက် ကျောက်ရုပ်တစ်ရုပ်လို တောင့်တောင့်ကြီး။ မျက်နှာပြင်ပေါ်မှ လျှို့ဝှက်သိပ်သည်းလွန်းသည့် အသွေးအရောင်များကိုတော့ ဖတ်နိုင်သည့် အစွမ်းအစ သူ့တွင် မရှိပါ။ အရင်ကြားနေကျ လက်နက်ကြီးပစ်သံတို့မှာ ယခု ပိုမိုနီးကပ်နေသလိုပင်။ တိုက်ပွဲမှာ ပို၍ပြင်းထန်လာသည်ဟု ထင်ရ၏။ သူက သိမ်းငှက်နှင့် ချိုးငှက်အကြောင်း ကောက်ချက်ဆွဲကြည့်နေမိသည်။

ဒီလို စစ်ပွဲမျိုးကို ဘယ်လို သိမ်းငှက်မျိုးနှင့် ကိုယ်စားပြုမည်လဲ။ ဟိုဘက် ဒီဘက် နှစ်ဖက်စလုံး ဘယ်သူက သိမ်းငှက်ပြောပြီး ဘယ်သူက ချိုးငှက်လို့ သတ်မှတ်မှာလဲ။ သူ့ထောင့် ကိုယ့်ထောင့်တွင်တော့ ခိုင်လုံသည့် အဖြေကိုယ်စီ ရှိနေကြသလို နှစ်ဖက်စလုံး သူ့ရဲကောင်းတွေအဖြစ်သာ ကိုယ့်ကိုယ်ကို မြင်ကြပေလိမ့်မည်။

> ချိုးကူသံ ကြားလိုက်ရ၏ အိပ်ရာနံဘေး ပြတင်းပေါက်မှ လှမ်းကြည့်တော့ သစ်ကိုင်းလေး တစ်ကိုင်းတွင် လွှမ်းလွှမ်း ဆွတ်ဆွတ်လေး ကူနေသော ချိုးကလေး

ထိုအတိုင်းပင် ချိုးငှက်များ၏ အသွင်သဏ္ဌာန်၊ အနှစ်သာရတွေသည်လည်း အမှန်တကယ်ပင် တကွဲတပြား ရှိကောင်း ရှိနေကြပေလိမ့်မည်။ ငြိမ်းချမ်းရေးအထိမ်းအမှတ် ချိုးငယ်သည် အမှန်ပင် ငြိမ်းချမ်းရေးတေးသံကို တွန်ကျူးဖို့ လိုပေလိမ့်မည်။ စစ်မှန်ကောင်းမွန်သည့် ငြိမ်းချမ်းရေး၊ လူသားဘဝများ၏ ချိုမြိန်မှုများကို သယ်ဆောင်ပေးမည့် ငြိမ်းချမ်းရေး။ ထိုငြိမ်းချမ်းရေးမျိုးကို ရရှိခံစားကြရမှသာ ချိုးငှက်၏ တေးသံသာ ချိုမြိန်နေလိမ့်မည်ပေါ့။

ထိုစဉ်အခိုက်….

သူတို့မြင်ကွင်းထဲသို့ ထူးခြားသည့် အဖြစ်အပျက်တစ်ခု တိုးဝင်လာသည်။ ခပ်ဝေးဝေးမှ ဒယီးဒယိုင်နိုင်စွာ ရှိသမျှ စွမ်းအားများ အကုန်ထုတ်လျက် ခပ်သုတ်သုတ် ပြေးထွက်လာသည့် စစ်သားလေး။ ဘယ်ခြေတစ်ဖက်က ဒဏ်ရာကြောင့် ကောင်းကောင်းမထောက်နိုင်။ သူ ဘယ်ကို သွားမှာလဲ။ ဘယ်ကို ဦးတည်နေတာလဲ။ ခရီးအတန်ငယ်ရောက်တော့ နောက်မှ အထုပ်လေးပိုက်ကာ အူယားဖားယား ပြေးလိုက်လာသည့် ဒေါ်ပန်လုံကို ထပ်မံတွေ့လိုက်ရပြန်၏။

'ဟဲ့သား နင် နင် အဲဒါ ဘယ်ကိုပြေးမလို့လဲ။ ပြန်လာခဲ့စမ်း၊ ပြန်လာခဲ့စမ်း။ ငါခေါ်နေတယ်လေ။ နင်မကြားဘူးလား။ နင် ငါ့ကို တစ်ယောက်တည်း ထားသွားတော့မလို့လား။ ငါတို့ ရွာကို အတူတူ ပြန်ကြရအောင်လေ။ ကောင်လေး ငါ့ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့။ ပြန်လာခဲ့ပါ၊ ပြန်လာခဲ့ပါ'

ဒေါ်ပန်လုံ အော်သံက တစ်တောလုံး တစ်တောင်လုံး ဟိန်းထွက်သွားသလို ခံစားလိုက်ရ၏။ စစ်သားလေးမှာ လှည့်မကြည့်ဘဲ ရှေ့ခရီးကိုသာ တွင်တွင်လှမ်းနေသည်။

'သားလေး ကောင်လေး ပြန်လာခဲ့ပါကွယ်၊ ပြန်လာခဲ့ပါ'

ရုတ်တရက် အပြေး တစ်ပိုင်း လှမ်းလာနေသော ဒေါ်ပန်လုံ၏ မကွာမလှမ်းသို့ ဘယ်အရပ်ကမှန်း မသိသော အမြောက်ကျည် တစ်လုံး ထိုးစိုက်ကျကာ ကျယ်ကျယ်လောင်လောင် မြည်ဟည်းသံနှင့်အတူ ပေါက်ကွဲသွားသည်။ သူမ လေပေါ် မြောက်တက်သွားသည်။

အသံကြောင့် မြေကြီးပေါ် ဝပ်လိုက်သော စစ်သားလေး ကုန်းထကာ နောက်ဘက်ဆီသို့ ဖြည်းဖြည်းချင်း လှည့်ကြည့်သည်။ သွားပြီ။ သူ့မျက်လုံးတွေ ပြူးအစ်ထွက်နေသည်။ ဖောချွေးတွေက အလိပ်လိုက် အလိပ်လိုက်။ မျက်နှာပေါ်တွင် မယုံကြည်နိုင်မှု၊ အံ့သြမှု၊ တုန်လှုပ်မှု၊ နာကြည်းမှုတွေက တင်းကျမ်း။ အခြေအနေကို ရိပ်စားမိလိုက်ပြီ။

သူ ရှေ့ကို ဆက်မသွားတော့။ နောက်သို့ ပြန်လှည့်လိုက်သည်။ တစ်ကိုယ်လုံးလည်း ကတုန်ကယင်။ အသက်ကို လုရှူနေရသည်။ စောစောကထက် နှစ်ဆပိုသော ခြေလှမ်းများဖြင့် လျှောက်သည်။ မြေပေါ်သို့ ဘိုင်းခနဲ ဘိုင်းခနဲ မကြာခဏ လဲကျသည်။ သို့သော် ကုန်းရုန်းထကာ အလောင်းဆီသို့ ရောက်အောင်ပြေးသည်။ အနားသို့ ရောက်သောအခါ အလောင်းကို မောကြီးပန်းကြီး ကြည့်သည်။ ကိုယ်လက်အင်္ဂါမစုံတော့။ သို့သော် လေးလေးစားစားကြည့်သည်။ ကြင်ကြင်နာနာကြည့်သည်။ ငြိတ်



www.burmeseclassic.com

www.burmeseclassic.com

မြတ်နိုးနိုး ကြည့်သည်။ နောက် အရုပ်လေးတစ်ရုပ်လို အသာအယာ ပွေ့ချီကာ မျက်ရည်တွေ တသွင်သွင် စီးကျလာသည်။ ခဏတာ ကြုံခဲ့ရသော်လည်း လူသားအချင်းချင်း၊ ဘဝတူအချင်းချင်း၊ သွေးရင်းသားရင်းအချင်းချင်း ရင်တွင်းမှ အရှိန်ပြင်းပြင်း ဖောက်ထွက်လာသော မေတ္တာဓာတ်တို့ ထပ်တူပြုမိကြသည့်အချိန်။ ရှိုက်သည်။ ရှိုက်သည်။ တစ်တစ်ဆို့ဆို့ နင့်နင့်သီးသီး ရှိုက်သည်။ နောက် ခေါင်းကိုမော့ကာ လည်ချောင်းအတွင်းမှ ကြောက်စရာကောင်းလောက်အောင် ကျယ်လောင်သည့် အသံနက်ကြီးဖြင့်…

'အ အာ အား'

ပဲ့တင်သံတွေ ထပ်ကာ ထပ်ကာ ထပ်ကာ။

သူ့အသားတွေ တဆတ်ဆတ်တုန်လျက် စုံထောက်ကြီးလက်မောင်းကို ယောင်ယမ်းလှုပ်ခါနေသော်လည်း သူမှာ ထိုမြင်ကွင်းကို မမိုတ်မသုန်ကြည့်ရင်း မှင်တက်မိနေ၏။ ထိုအခိုက်မှာပင် နောက်ထပ် ကျည်တစ်လုံး သူတို့နှစ်ယောက် ရှေ့တည့်တည့်သို့ ကျလာခဲ့သည်။

'ဝုန်း'

❑

သူ အိပ်ရာမှ အလန့်တကြားနိုးလာသည်။ တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်လို့။ မောဟိုက်နေသည်။ အတန်ကြာမှ မြင်မက်ခဲ့သော အိပ်မက်ကို ပြန်လည်ပုံဖော်ကြည့်တော့ သွေးပျက်စရာ၊ ခါးသီးစရာ၊ ကြေကွဲစရာ၊ ဆို့နင့်စရာ။ အလောင်းကိုထွေးပွေ့ထားသည့် စစ်သားလေး၏ ပုံရိပ်က သူ့အာရုံတွင် ထင်ထင်ပြက်ပြက်။ သူသက်ပြင်းမောကို ချမိပြန်သည်။

နောက် အမှတ်ရလိုက်သူက စုံထောက်ကြီး။ အမှုတစ်ခုကို ထောက်လှမ်းစုံစမ်းရာတွင် အသေးအဖွဲ့လေးက အစ ဂရုတစိုက် မှတ်သားထားတတ်သူ၊ မေးခွန်းများကိုသာ တွင်တွင်မေးတတ်သူဖြစ်ပြီး ရလာသော အဖြေစကားများပေါ်မှ သဲလွန်စများကို ကြောင်းကျိုးဆက်စပ်စွာယူလျက် တိကျမှုကို ရှာဖွေတတ်သူ။ သူ့ထင်မြင်ချက်တွေ တစ်ခွန်းမျှမဟ။ နောက်မှ ချက်ကျလက်ကျ ဖြေရှင်းပြရင်း အမှုကို ဖော်ထုတ်တတ်သူ။ ယခုလည်း မေးခွန်းများကိုသာ မေးခဲ့ပြီး သူ့အမြင်၊ သူ့အတွေး၊ သူ့ယူဆချက်တွေကို တစ်လုံးတစ်ပါဒမျှ ပြောမသွားခဲ့။ ထိုအရာများကို သူသိလို ကြားလိုလှပါသည်။ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များ အားလုံးအပေါ် မည်သို့ မှတ်ချက်ပေးမည်လဲ။ တရားခံ ဘယ်သူလဲ။ အထူးသဖြင့် စုံထောက်ကြီး၏ နိုင်ငံရေးအမြင်ကိုလည်း စိတ်ဝင်စားလှပါသည်။

မထင်မှတ်ဘဲ ချိုးကူသံကြားလိုက်ရ၏။ အိပ်ရာနံဘေး ပြတင်းပေါက်မှ လှမ်းကြည့်တော့ သစ်ကိုင်းလေးတစ်ကိုင်းတွင် လွှမ်းလွှမ်းဆွတ်ဆွတ်လေး ကူနေသော ချိုးကလေး။ သူ့စိတ်ထဲ တုန်တုန်လှုပ်လှုပ် ဖြစ်သွားသည်။ သာယာနာပျော်ဖွယ်ကောင်းသော တေးသံကြောင့်လည်း ဖြစ်နိုင်ပါသည်။ သူ အငမ်းမရဖြစ်စွာ ပြတင်းပေါက်အနီးသို့ ကတိုက်ကရိုက် ချဉ်းကပ်လိုက်သောအခါ ချိုးငှက်လေးမှာ အလန့်တကြားနှင့် အဝေးသို့ ပျံထွက်သွားလေပြီ။ ■

**ဒေါင်းနေမင်း**


လောကမှီ လောကသို့ ဒွါဒသစက္ကံ ပလုဇ္ဇတိတိလောကော

# ဆရာ ဇေမျိုးရှိန် (B.A)

**နက္ခတ္တဗေဒ လက္ခဏာ ပညာရှင်**

**ရုံးခန်းတည်နေရာ**

အမှတ် (၇)၊ ကိုးထပ်ကြီးဘုရား၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဟောခန်းထိုင်ချိန် - မနက် (၇)နာရီမှ နေ့လည် (၁)နာရီအတွင်း
အမှတ် (၄၉)၊ ဆူးလေဘုရားအပိုင်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဟောခန်းထိုင်ချိန် - - နေ့လည် (၂)နာရီမှ ည(၈)နာရီအတွင်း

09 420025649




www.burmeseclassic.com

www.burmeseclassic.com


သမားတော်ကြီး ဦးကျော်စိန် (မိုးကုတ်)

ဖြူစင်မေတ္တာဆေးတိုက် မှ ထုတ်လုပ်သော

# နလုံးရောဂါသောက်ဆေးပြား

တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်အမှတ် [၃/၂၀၀၃ တဆထလ/တိုး (၀၇၂၉)]

သမားတော်ကြီး ဦးကျော်စိန် (မိုးကုတ်) ဖြူစင်မေတ္တာဆေးတိုက်မှ ထုတ်လုပ်သော နလုံးရောဂါသောက်ဆေးပြားဟာ ရင်ညွန့်၌ စူး၍ အောင့်ခြင်း၊ နလုံး တုန်ခြင်း၊ အသက်ရှူ၍ မဝခြင်း၊ နလုံးခုန်မမှန် မူးဝေမောပန်းလွယ်ခြင်း၊ ညအိပ်မပျော်ခြင်း၊ နလုံးသွေးကြောကျဉ်းခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။



တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်
0306 YR 4354

ဖြန့်ချိရေး

မန္တလေးဖြန့်ချိရေး




www.burmeseclassic.com

www.burmeseclassic.com


လောကနတ်

အမှတ်တံဆိပ်

သမားတော်ကြီး ဦးကျော်စိန် (မိုးကုတ်)

# ဖြူစင်မေတ္တာ
## သွေးတိုးကျဆေး

သွေးတိုးရောဂါသည် သွေးဖိအားအထက် သွေးပေါင်ချိန်၁၄၀ နှင့် အောက်သွေးပေါင်ချိန် ၉၀ အထက်မြင့်တက်သောရောဂါကိုဆိုလိုပါသည်။ ဖြူစင်မေတ္တာ သွေးတိုးကျဆေးသည် သွေးတိုးကြောင့် ကိုယ်လက် လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်ခြင်း၊ မူးဝေခြင်း၊ နောက်ကျောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခဲခြင်း၊ ဇက်ထိုးခြင်း၊ ခြေဖျားအေးတတ်ခြင်း၊ အစားပျက်ခြင်း၊ ဆီးဝါ၊ ဆီးနည်းခြင်း၊ဆီးဝမ်းလေချုပ်ခြင်း တို့ကိုသက်သာစေပြီး သွေးချိန်ကို ပုံမှန်ဖြစ်အောင် ထိန်းပေးနိုင်ပါသည်။




ရန်ကုန်ဖြန့်ချီရေး - ပင်ရင်း ဖြူစင်မေတ္တာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ခြံအမှတ်(၅၆)၊ ဥသာဖယားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၇၀၅၉၁၄၊ ၂၀၁၂၁၂

မန္တလေးဖြန့်ချီရေး - ကိုငယ်ငယ် ခြံအမှတ်(၁၃၁)၊ ၄၂လမ်း၊ ၈၃ - ၈၄ကြား၊ မန္တလေးမြို့။ ဖုန်း - ၀၂ - ၆၁၈၅၈

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ချစ်ကြည်ပြင်း ရေဂူတစ်စင်း၌ ဖြစ်ရိုးသည်...

၁။
ထားကို
စတင်သိကျွမ်းခဲ့တာ
ကျွန်မတို့
တစ်ဖက်ခြံက
မိတ်ဆွေများရဲ့သား
မောင်မော်လွင်
မင်္ဂလာ
ဆောင်တုန်းကပါ။
ထားက
မောင်မော်လွင်ရဲ့
သတို့သမီးလှလှကလေး။
ကလေးမက
ဆံပင်ရှည်
နက်နက်ဖားဖားကြီးနဲ့
လှတဲ့နွဲ့တဲ့အပြင်
ကျက်သရေလည်း
ရှိပါရဲ့။ ဒါပေမဲ့
မင်္ဂလာဆောင်တဲ့ဟာကို
မျက်နှာနွမ်းကလေးနဲ့
နော်လို့ ခင်ပွန်းသည်ကို
တိုးတိုးပြောမိခဲ့သေးတာ။
ရှက်ရှာလို့နေမယ်တဲ့
ခင်ပွန်းသည်က။
ဒါမှမဟုတ် ခများ
နွမ်းပါးလို့
အားငယ်တာများလား။
ကျွန်မကတော့
အတွေ့အကြုံများသူပီပီ
အဲဒီမျက်နှာ
နွမ်းကလေးရဲ့နောက်မှာ
တစ်ခုခုတော့
မြစ်ဖျားခံနေရမယ်လို့
အတပ်သိခဲ့တယ်။
❑
၂။
ခါတိုင်းလိုပါပဲ။
ထားရဲ့ ယောက္ခမ
မေမြကျန်းမာရေးကြောင့်
ကျွန်မခင်ပွန်းသည်ကို
အိမ်ပင့်ဆေးကုနေကျမို့
နောက်ပိုင်းမှာတော့
ထားနဲ့ပါ
တဖြည်းဖြည်း
ရင်းနှီးနွေးထွေးလာခဲ့တာ။
ကလေးမက
မွန်ရည်သိမ်မွေ့ပြီး
အားငယ်စိတ်အခံလေး
ရှိနေပုံရတယ်။
မေမြတို့က မျိုးရိုးစဉ်ဆက်
ချမ်းသာတာရယ်၊
သားမောင်မော်လွင်ကလည်း
ပညာတတ်ဖြစ်ပြန်တော့



www.burmeseclassic.com

www.burmeseclassic.com

နှမ်းပါးပြီး သာမန်ဘဲ့ကလေး တစ်ခုနဲ့ မုဆိုးမသမီး ထားကို သူ့သားနဲ့ မတူမတန်ဘူးထင် တာဟာ လောကမှာ ဖြစ်နေကျတွေထဲက ဖြစ်စဉ်တစ်ခုမို့ မဆန်းဘူးဘဲ ဆိုပါတော့။

တစ်ခါတလေ ထားက ကျွန်မခင်ပွန်းသည်ရဲ့ ဆေးအိတ်ကိုဆွဲရင်း ကျွန်မတို့ခြံဘက်အထိ လိုက်ပို့တတ်တယ်။ အစမှာတော့ အတွင်းမီး အပြင်မယူရဘူးဆိုတဲ့ စကားအတိုင်း ခမျာမှာ ကြိတ်မှိတ်နေရှာပါရဲ့။ ကျွန်မတို့က သူ့အပေါ် သမီးကလေးတစ်ယောက်လို သဘောထားမှန်း သိလာတဲ့နောက်မှာတော့ သူမကလေးရင်ထဲက မျိုသိပ်ခံစားနေရရှာတာတွေ တစ်စတစ်စ ပွင့်အန်ထွက်လာခဲ့တော့တယ်။ ဖွင့်ချမယ့်ချတော့လည်း ကရားက ရေလွှတ်လိုက်သလို။ သူမရင်ထဲမှာ ဘယ်လောက်များ ကြိတ်မှိတ်နေခဲ့ရပါလိမ့်မလဲ။ သူမပြောသမျှတွေကို မိန်းမသားချင်း စာနာစိတ်နဲ့ နှလုံးသားချင်းထပ်ပြီး နားထောင်ပေးခဲ့မိပါရဲ့။

❑

၃။

'တစ်နေ့က ကျောင်းရေဘူးကလေးတွေ လျှော့ဈေးရတာနဲ့သားနှစ်ယောက်အတွက် ဝမ်းသာအားရ ဝယ်လာမိတာ အိမ်ရောက်တော့ မမညိုကြကလေးနှစ်ယောက်အတွက်ပါ ဝယ်မလာရကောင်းလား၊ ကိုယ့်ကလေးတွေအတွက်ပဲ ကွက်ဝယ်လာရသလားတဲ့ မေမြကဆူလိုက်တာ အန်တီခင်ရယ်၊ ထားလေ ရိုးရိုးသားသား မေ့

ပြောင်းလဲ
သွားပြီလား
ထားဟာ
တကယ်ပဲ
ငွေတန်ဖိုး
နားလည်
သွားပြီလား
ငွေ
ဘယ်လို
သုံးရမယ်ဆိုတာ
ခြေခြေမြစ်မြစ်ကြီး
သိသွားပြီလား
အပေါ်ယံ
အသွင်သဏ္ဍာန်
ပြောင်းလဲ
သွားတာနဲ့အတူ
ထားရင်ထဲက
ခံယူချက်တွေပါ
တစ်ပါတည်း
တိုက်စား
သွားခဲ့ပြီတဲ့လား

သွားခဲ့တာပါ။ တမင်လုပ်တာ မဟုတ်ရပါဘူး'

အေးချမ်းတဲ့ ထားမျက်နှာလေးကို ကြည့်ပြီး ထားမညာဘူးဆိုတာ ကျွန်မ ယုံကြည်ပါတယ်။

'မမညိုဆိုရင်လေ သူ့သားနှစ်ယောက်ကို သူတို့အိပ်ခန်းထဲမှာ မုန့်ခိုးခိုးကျွေးတာ၊ ကစားစရာတွေဆိုလည်း သူ့ကလေးတွေအတွက်ပဲ ဝယ်ဝယ်လာတတ်တာ။ အဲဒါကျတော့ မေမြက သိရက်သားနဲ့ ဘာမှ မပြောဘူး၊ သိလား အန်တီခင်'

'တီဗွီဆိုလည်း အဲလိုပဲ။ သားတို့မှာ ဘွားအေ ကိုရီးယားကား ကြည့်ချိန်နဲ့ မမညိုကလေးတွေ ဂိမ်းကစားနေချိန်တွေကို ပြီးအောင် စောင့်နေကြရတာ။ ဒါနဲ့ မနေနိုင်တဲ့ ထားက ထားတို့အခန်းထဲမှာ သားသားတို့အတွက် တီဗွီအသေးလေးတစ်လုံး သတ်သတ်ဝယ်ပေးဖို့ ကိုမော့်ကို ပြောလိုက်မိပါတယ်။ ထင်တဲ့အတိုင်းပဲ ကိုမော်က မျက်စိမျက်နှာပျက်ပျက်နဲ့ 'ဟာ ဘယ်ကောင်းပါ့မလဲထားရယ်'တဲ့လေ။ မဝယ်ပေးနိုင်လို့လည်း မဟုတ်ဘဲနဲ့လေ။ ထားလည်း နှုတ်ဆိတ်နေလိုက်တော့တယ်။ စိတ်ထဲတော့ မကောင်းလှဘူးပေါ့'

'မမညိုကြတော့ ကလေးတွေ ထမင်းဘူးထည့်တာကအစ သူ့သားနှစ်ယောက် ထမင်းဘူးထဲ အသားတုံးတွေ ရွေးထည့်၊ ထား သားတွေကျတော့ အရိုးအရင်းပဲ ထည့်ပေးတာ။ ကလေးအချင်းချင်း ငြင်းခုံ ရန်ဖြစ်ကြပြန်ရင်လည်း ထား ကလေးတွေရဲ့ အပြစ်ပဲ။ ကလေးချင်းတူတူ ထားသားတွေကိုပဲ မာန်လိုက်မဲလိုက်နဲ့။ ကြာတော့ ထားရေငုံမနေနိုင်တော့ဘူး အန်တီခင်ရယ်။ ကိုယ့်ယောကျ်ားဆိုတဲ့ အားကိုးစိတ်နဲ့ ကိုမော့်ကို ပြန်ပြောပြမိပါတယ်။ ဒီတော့ ထားကပဲ အသေးအဖွဲ ကအစ သဘောထားသေးသိမ်လွန်းသတဲ့လေ'

တစ်နေ့တစ်နေ့ ထားပြောသမျှလေးတွေ ကြားကြားပြီး ကျွန်မတို့ ဇနီးခင်ပွန်းနှစ်ယောက်သား ထားအပေါ် သနားကရုဏာ မသက်ဘဲ မနေနိုင်ပါဘူး။ ကျွန်မတို့မှာ သားသမီးတွေ အိမ် ထောင်ခွဲသွားပြီးကတည်းက နှစ်ယောက်တည်း ဒီအိမ်ကြီး ထဲ နေလာကြရတာ။ ဖြစ်နိုင် ရင် ထားတို့သားအမိတွေကို အနားမှာ ခေါ်ထားလိုက်ချင် ပါရဲ့။ ကလေးသံတွေ ဆူညံ ညံညံနဲ့ဆို ကျွန်မတို့အိမ်ကြီး စိုစိုပြည်ပြည်တောင် ရှိလာ နိုင်ရဲ့ မဟုတ်လား။

ထားအမေကို လည်း တစ်ခါတစ်ခါ ခြံထဲမှာ တွေ့ လိုက်၊ တစ်ခါတလေ မေမြ နောက်က ဈေးခြင်းကိုင်လိုက် လာတာတွေ့လိုက်နဲ့ တွေ့နေ တာ။ ထားအမေက လူက သာ ပိန်ပိန်၊ အရိုးအဆစ် သန် မာပြီး မျက်လုံးမျက်ခုံးကောင်း နှာတံပေါ်ပေါ်နဲ့ နှုတ်ခမ်း တင်းတင်းစေ့ထားတတ်တာ မို့ ငယ်ငယ်က မာနခဲ မိန်းမ ချောဖြစ်ခဲ့မယ်ဆိုတာ မှန်းလို့ တယ်။ ခုတော့လည်း သမီး နောက်လိုက်နေရင်း ခပ်ရှိန်း ရှိန်းစကားပုံခိုင်းရရင် ကျွန် ဝယ်ရာ အဆစ်ပါဆိုတာလို။

တစ်ခါတလေတော့ လည်း ထားက ဘာမှ မေးလို့ မရအောင် ငိုချည်းနေတဲ့ နေ့ တွေလည်း ရှိပါရဲ့။ ကျွန်မတို့ မှာ သူ့ခေါင်းက ဆံစကလေး ပွတ်သပ်ရင်း ချော့တာကလွဲ လို့ ဘာမှ လုပ်မပေးနိုင်ပါ ဘူး။ ခမျာ ရှိုက်ကြီးတငင် ကလေးတစ်ယောက်လို ဝမ်းနည်းပက်လက် ငိုတတ်သေး တာ။

'အငယ်မ ချိုချိုကျ တော့ တက္ကသိုလ်ကျောင်းသူ ဆိုပြီး အိမ်အလုပ် ဘာမှ မကူ ဘူး။ သူ့အခန်းထဲမှာ ဘရာစီ ယာတွေ၊ ထဘီကွင်းတွေဖို တာ ဒီအတိုင်း ပုံထားခဲ့

www.burmeseclassic.com

တာ။ ထားကမှ ယူမလျှော်ပေးရင် အလိုက်မသိရကောင်းလား၊ အိမ်မှာ တစ်နေ့လုံးနေလို့ ဒါလေးတောင် ကူမလျှော်ပေးချင်ဘူးလား ပြောသေးတာ။ ပြီးတော့ ချီချီက နေရာတကာ ထားနဲ့ ပခုံးချင်းလိုက်ယှဉ်နေတာ အန်တီခင်ရဲ့'

'ကိုမော့်ညီမအကြီး မမညိုကျပြန်တော့ ဗိုလ်ချုပ်ဈေးမှာ အထည်ဆိုင်နဲ့ တွဲရက်ဖွင့်ထားတဲ့ အပ်ချုပ်ဆိုင်ကို ဦးစီးနေရတဲ့ အိမ့်စီးပွားရှာသူဆိုပြီး အိမ်မှုကိစ္စတွေက သူနဲ့ မဆိုင်ဘူး ထင်နေတာ။ အဲဒီတော့ အိမ်ဝေယျာဝစ္စအားလုံးဟာ အိမ်မှာနေတဲ့ ထားတစ်ယောက်တည်းရဲ့ တာဝန်ပဲပေါ့ အန်တီခင်ရယ်'

သားအငယ်ကောင် ကိုယ်ဝန်ကြီးနဲ့တုန်းက အားနည်းနေတဲ့ထားကို ကျွန်မခင်ပွန်း အားဆေး သွားထိုးပေးခဲ့ရတာ။ ထားက နှုတ်ခမ်းလေးတွေတောင် ဖြူဖျော့လို့။ ကိုယ်ဝန်ကြီးနဲ့မို့ အိမ်အလုပ်တွေ မလုပ်ဘဲ တတ်နိုင်သလောက် နားနားနေနေ နေဖို့ အိမ်သားအားလုံးရှေ့မှာ ပြောပြခဲ့ရသေးတာ။ ကျွန်မမှတ်မိနေတယ်။

❑

၄။

တစ်ရက်မှာ ကျွန်မတို့နေ့လယ်ခင်း လက်ဖက်ရည်လေးသောက်နေတုန်း ထားရောက်ချလာပါရော။ မျက်နှာကလေးက မို့အစ်အစ်နဲ့ နှာသီးဖျားလေးတွေနီနေတာကြောင့် တစ်ခုခုဖြစ်ပြီး ငိုခဲ့ရတယ်လို့ အတပ်သိလိုက်ပါရဲ့။

'အန်တီခင် ကိုဇော်လေသိလား၊ မမညိုတို့ ထွက်နေတဲ့ ဗိုလ်ချုပ်ဈေးကဆိုင်ကို သူလည်း ထွက်ချင်တယ်။ ဒါကို ကြည့်ကောင်းအောင် မောင်နှမတွေ မျှမျှတတ တစ်လှည့်စီထွက်ကြရအောင် အစ်ကိုကြီးပဲ ပြောပေးပါဦးဆိုပြီး ကိုမော့်ကို ဗိုက်ငှားတယ်။ နောက်ဆုံးတော့ ထားပဲ လူဆိုးဖြစ်ရတယ်။ ထားကပဲ ဒီဆိုင်ကို မမညိုတို့ တစ်ဦးတည်း လက်ဝါးကြီးအုပ်နေတာကို မရှုဆိတ်လို့ ကိုမော့်ကို ပြောခိုင်းသလိုလို'

မောင်ဇော်လွင်ဆိုတာက မောင်မော်လွင့်ညီ၊ မောင်မော်လွင်လိုတော့ မလိမ္မာလှဘူး။ သူတို့နေတဲ့ အိမ်ကြီး၊ မိဘက မင်္ဂလာဦးလက်ဖွဲ့အဖြစ် ပေးထားတဲ့ အဲဒီအိမ်ကြီးကိုတောင် ပေါင်ပြီး လောင်းကစားလုပ်တယ်ဆိုလား ကြားလိုက်မိသေး။ မောင်ဇော်လွင်က သူလိုချင်တာ တစ်ခုခုရှိရင် အစ်ကို မောင်မော်လွင်ကို ရှေ့ကထွက်ခိုင်း၊ သူက နောက်ကနေ အသာမြှောလိုက်တတ်သူ။ အခွင့်အရေးရတော့မှသာ ရှေ့က တက်ယူတတ်တဲ့သူ။

'ခက်တာက ကိုမော်က သူ့ခွေမျိုးလုပ်သမျှ အကောင်းချည်း ထင်တဲ့သူ အန်တီခင်ရဲ့။ ထားက သူတော်စင်မဟုတ်တော့ အမြဲသည်းမခံနိုင်ဘူး။ မခံနိုင်လို့ ထေ့တာငေါ့တာလေးတွေ ရှိလာတဲ့အခါ ယောက်မတွေနဲ့ စစ်အေးတိုက်ပွဲဖြစ်ရရော။ ကြာတော့ စိတ်ညစ်လာတယ်။ စိတ်ကို ရှင်းရှင်းလေးထားချင်ပေမဲ့ သူတို့က လာလာချိတ်နေတာကို အမြဲတမ်းပြန်ပြန် ဖြုတ်ချမနေနိုင်ဘူး။ ပြန်ချိတ်မိလိုက်ချင်တယ်။ ထားလည်း လူသားပဲ၊ ထားမှာလည်း စိတ်ကလေးတော့ ရှိသေးတာပဲဆိုတာမျိုး ပြလိုက်ချင်သေးတာပေါ့ အန်တီခင်ရယ်'

ကျွန်မ ဘာများပြောနိုင်မှာလဲလေ။ ထားလာတဲ့အခါတိုင်း ပြောပြသမျှတွေ နားထောင်ပြီး ထားဘက်က ရပ်တည်ပေးချင်မိတဲ့စိတ်တွေ ကျွန်မရင်ထဲ တစ်နေ့တခြား တိုးပွားလာတော့တာပါပဲ။

'အိမ်သားတွေရဲ့ စားရေးသောက်ရေး၊ နေ့စဉ်ဝေယျာဝစ္စတွေကို ထား လုပ်နိုင်ပါတယ်။ အမေကလည်း ကူလုပ်ပေးနေတာဆိုတော့လေ။ အိမ်အလုပ် ပင်ပန်းတာကို ခံနိုင်ပေမဲ့ ထားအပေါ် မုန်းတဲ့စိတ်နဲ့ အကောင်းမမြင်တာတွေကိုတော့ ထား မခံစားနိုင်တော့ဘူး။ ထား ခုလိုခံစားနေရတာတွေ အမေသိမှာလည်း စိုးတယ် အန်တီခင်'

ထားအမေက မသိဘဲနဲ့တော့ နေမှာ မဟုတ်ပါဘူး။ ငယ်ရာက ကြီးလာတာပဲဟာ။ ဘာပဲဖြစ်ဖြစ် ထားစိတ်ပြေပါစေတော့ဆိုပြီး ကိုယ့်တုန်းက အကြောင်းလေးတွေ ပြန်ပြောရတယ်။ ကျွန်မတို့တုန်းကလည်း ဦးသော်ဇင်တို့ဘက်က သဘောမတူကြပါဘူး။ သူတို့အမျိုးက ပညာတတ်မျိုးရိုး၊ ကျွန်မတို့ဘက်က ကုန်သည်မျိုးရိုး။ သူတို့ဘက်က ပညာတတ်မှ အထင်ကြီးကြတာ။ ကျွန်မမှာ ယောက်မတွေ၊ ယောက္ခမတွေနဲ့ နှစ်တော်တော်ကြာတည့်အောင်နေခဲ့ရတာပါပဲ။ ယောက္ခထီးက ကျွန်မကို ချစ်တာမို့ ဖြေသာခဲ့ရတယ်။ ခုနေပြန်ပြောရင် ဘာမှ မဟုတ်သလိုပေမဲ့ ဟိုတုန်းကတော့ အတော်လေး ခါးခါးသီးသီး ခံစားခဲ့ရတာ။ လူဆိုတော့လည်း ကိုယ့်အပူကမှ မီးနဲ့တူတယ် ထင်တတ်ကြတာကိုး။ ဒီတော့ ထားလည်း ပုထုဇဉ်ပီပီ သူ့အပူကမှ ကြီးလှတယ်လို့ ခံစားနေမှာပါပဲ။

'ထား ဒီအိမ်ကြီးပေါ် စတက်လာကတည်းက ကိုမော့်ရဲ့ အမွေတွေကို မက်လို့၊ သူတို့ ပိုင်ဆိုင်မှုတွေကို မက်လို့ ကိုမော့်ကို လက်ထပ်တာလို့ မြင်နေကြတာ။ ကြည့်နေ အမွေရမှ နှစ်ဖက်မိဘနာမည်နဲ့ အမွေအားလုံး လှူကိုပစ်ဦးမှာ'

မခံချင်စိတ်ကလေးနဲ့ လက်သီးလေးဆုပ်ပြီးပြောနေတဲ့ ထားရဲ့ မာဆတ်ဆတ်ဟန်လေးက ကျွန်မမျက်လုံးထဲ စွဲနေခဲ့တယ်။ ဘာပဲဖြစ်ဖြစ် ငွေဆိုတာက လူသားအားလုံး ကြိုက်ကြတာ၊ ငွေရဲ့ ဖြားယောင်းမှုကို လွန်ဆန်ဖို့ ခက်တတ်ကြတာမို့ ငွေများ မမက်ပါဘူးဆိုတဲ့ ထားရဲ့ မာနအပြောလေးကို ကျွန်မက သဘောကျမိတယ်။ စားရတဲ့ ကလေး ပိုငတ်တယ်ဆိုတာလို၊ ငွေဆိုတာကို များများစားစား မသုံးဖူးသေးလို့ မမက်တဲ့သဘောနေမှာလို့ ကျွန်မ ခင်ပွန်းသည်က မှတ်ချက်ချတယ်။

'ဒီနှစ်တွေထဲမှာ ထား ကိုမော့်ကို ခဏခဏ ပြောနေရတဲ့ စကားကတော့ အိမ်ခွဲနေကြရအောင် နော်ဆိုတဲ့ စကားတစ်ခွန်းပဲ။ ထား သူ

www.burmeseclassic.com

တို့နဲ့အတူ မနေနိုင်တော့ဘူး အန်တီခင်ရယ်'

ကျွန်မ သက်ပြင်းများသာ အကြိမ်ကြိမ် ချခဲ့မိတော့တယ်။ ဒီကလေးမရဲ့ အိမ်ထောင်ရေးက လင်ရက်ကောင်းပါလျက်နဲ့ အသိုင်းအဝိုင်းကြောင့် မသာမယာ ဖြစ်နေရတာ။ ခု ကျွန်မကြားနေရတာတွေက တစ်ဖက်စကားကို တစ်ဖက်နားနဲ့ပဲ ကြားနေရတာလေ။ ဒီတော့ ကျန်တစ်ဖက်ရဲ့ အသံကိုလည်း အခွင့်ရရင် နားထောင်ချင်မိပါရဲ့။ ဒါမှလည်း နှစ်ဖက်အကြား ကွာဟနေတာတွေရှိနေရင် အိမ်နီးချင်း မိတ်ဆွေကောင်းပီသစွာ ရင်ကြားစေ့ပေးနိုင်မယ်လို့ ကျွန်မက ခပ်ရိုးရိုးပဲ တွေးတယ်။ ကျွန်မ အမျိုးသား ဦးသော်ဇင်ကတော့ ထားကို သမီးလေးလို ချစ်တာမှန်ပေမဲ့ တစ်ပါးသူ မိသားစုတွေရဲ့ အိမ်တွင်းရေးမို့ ကြားမဝင်စေချင်ဘူး။

❑

၅။

တစ်နေ့တော့ ညိုညို့သားအကြီးကောင်လေး မွေးနေ့မှာ ကြာဆံချက်ချက်ပြီး ညိုညိုကိုယ်တိုင် ချိုင့်ဆွဲလာပို့တယ်။ ဦးသော်ဇင်က ကြာဆံချက် အင်မတန် ကြိုက်လှတာ။ အဲဒီနေ့က ကျွန်မကလည်း အိမ်မှာ ရွှေတောင်ခေါက်ဆွဲချက်ထားတာတွေ အဆင်သင့်ရှိနေတာနဲ့ ချိုင့်ထဲ ပြန်ထည့်ပေးရင်း ညိုညိုပြောတာတွေ နားထောင်ဖို့ အခွင့်ရခဲ့ပြန်တယ်။

'အန်တီခင်ရေ ညိုညိုတို့မယ် အစ်ကိုကိုလည်း မပြောရဲ၊ ယောက်မကို ပြောပြန်ရင်လည်း သူ့ကိုပဲ ဝိုင်းနှိမ်ကြတယ် ထင်မှာစိုးရနဲ့၊ ထားက ကလေးတွေကို အလိုလိုက်လွန်းတယ်။ ကလေးတွေက စာမလုပ်ချင်ဘဲ ဂိမ်းချည်း ကစားချင်ကြတယ်။ အတန်းထဲမှာ အဆင့်တွေလည်း မကောင်းကြဘူး။ သူ့ကလေးတွေကို ဆူဆုံးမရင်လည်း ထားက နည်းနည်းမှ မကြိုက်ဘူး အန်တီခင်ရယ်၊ ညိုညိုတို့ကလည်း အဒေါ်ပဲ ဟာနော် ကိုယ့်တူတွေကို ကောင်းစေချင်တာပေါ့'

'ကိုကိုမော့် ရည်းစားဟောင်းက ညိုညို့ သူငယ်ချင်း အရင်းကြီးလေ အန်တီခင်ရယ်။ အဲဒါ သူမို့ အိမ်အလည်လာရင် ထားက တံခါးဆောင့်ပိတ်လား ပိတ်ရဲ့။ မီးဖိုထဲကနေ အိုးတွေခွက်တွေကို အသံမြည်အောင် တမင်လုပ်ပြီး မကျေနပ်ကြောင်း ပြလား ပြရဲ့။ ဘယ်လိုလုပ်မလဲ အန်တီခင်ရယ်။ ညိုညို့သူငယ်ချင်းက ထားနဲ့ ကိုမော် အိမ်ထောင်မကျခင်ကတည်းက အိမ်မှာ ဝင်ထွက်နေတဲ့ဟာ၊ ခုလို ကိုမော့်ရည်းစားဟောင်းကို အိမ်လည်လက်ခံနေတာကို ထားက မကြိုက်ဘူးလေ။ ကိုမော့်အဆက်ဟောင်းကိုပဲ အရေးပေးပြီး တမင်မျက်နှာခေါ်ပြတာဟာ သူ့ကို ရွဲ့တာ၊ သူ့ကို ယောက်မအဖြစ် လက်မခံတာလို့ ထင်နေတယ်'

'ညိုညိုတို့မှာ ဆိုင်က တစ်ဖက်နဲ့မို့ အိမ်အလုပ်တွေ ထားကိုပဲ ပုံအပ်ထားရတာ။ သူ့ကို ယောက်မမို့လို့ စိတ်ချလက်ချယုံကြည်လို့လည်း မေမြကို ဂရုစိုက်ဖို့ရော၊ အိမ်စားရေးသောက်ရေးပါ မျက်စိမှိတ်လွှဲထားတာပေါ့ အန်တီခင်ရယ်'

'ထားက အငယ်မ ချိုချိုနဲ့လည်း မတည့်ဘူး။ အန်တီခင်သိတဲ့အတိုင်း ချိုချိုက အငယ်ဆုံးမို့ တစ်အိမ်လုံးက အလိုလိုက်ထားတော့ သူ့အဝတ်တောင် သူ လျှော်တတ်တာ မဟုတ်ဘူး။ ထားကို သူ့အစ်မတစ်ယောက်လို ချွဲနွဲ့ပြီး အကုန်ခိုင်းစားနေတော့တာ။ အဲဒါကို ထားက သူ့ပဲ အကုန်ခိုင်းတယ်၊ သူ့ပဲ ဇိုလ်ကျတယ် ဖြစ်ရော မလွယ်ပါဘူး အန်တီခင်ရယ်'

ကျွန်မကြားချင်ခဲ့တဲ့ တစ်ဖက်စကားကိုလည်း ကြားရပါပြီ။ သူ့ဘက်ပြောတော့လည်း သူ အမှန်လိုလို။ ဒါပေမဲ့ ကျွန်မတို့က ထားအပေါ် သနားရင်းစွဲရှိတာမို့ လူသားပီပီ အားနည်းတဲ့ဘက်ကဝင်ပြီး ရပ်တည်ချင်မိတာတော့ ဝန်ခံရမှာပါပဲ။

❑

၆။

ထားတို့မိသားစု အိမ်ခွဲမဆင်းခင် တစ်ရက်က ကျွန်မတို့အိမ် ဝင်လာနှုတ်ဆက်သွားပါသေးရဲ့။ ကျွန်မတို့ဇနီးမောင်နှံကို ထိုင်ကန်တော့တာမို့ ကျွန်မတို့မှာ မျက်ရည်တောင် ကျမိပါတယ်။ ဘာပဲပြောပြော သူတို့ မိသားစုအတွက်တော့ ဝမ်းသာလိုက်ရတာလေ။

ဒီလိုနဲ့ ဝေးသွားလိုက်ကြတာ မေမြ နေထိုင်မကောင်းပြီး အသည်းအသန်ဖြစ်လို့ ထားတစ်ယောက် အနီးကပ်လာ ပြုစုတဲ့အခါမှ ပြန်တွေ့ကြရတယ်။ မကြာပါဘူး။ မီးစာကုန်၊ ဆီခန်းခဲ့ ထင်ပါရဲ့ ဆေးဝါးကောင်းတွေနဲ့ ကုနေတဲ့ကြားက မေမြတစ်ယောက် ဆုံးပါးသွားရှာတယ်။ မေမြဆုံးသွားပြီးတဲ့နောက် ရက်လည်တဲ့အထိ ထားတစ်ယောက် မျက်တွင်းချောင်ကလေးနဲ့ ဂျင်ခြေလည်အောင် ပင်ပန်းနေတာကို တွေ့ရပြန်တယ်။

မေမြမဆုံးခင် ရှေ့နေနဲ့ အမွေကိစ္စတွေ ရှင်းကြတော့ သားသမီးလေးယောက်စလုံးကို ပိုင်ဆိုင်သမျှ လေးပုံအညီအမျှစီ ခွဲပေးခဲ့တာမို့ ကျွန်မတို့က ထားတို့မိသားစုအတွက် ဝမ်းသာရတယ်။ မေမြမှာက ရွေးစိန်တွေဆိုတာ မနည်းမနောကို ရှိခဲ့တာမို့ တစ်ပုံစီဆိုရင်တောင် ကာလတန်ဖိုးနဲ့ နည်းမှာ မဟုတ်ဘူးပေါ့။

မေမြလက်က ကြံဆစ်လက်ကောက်ကြီးနှစ်ရန်ကို သူမသေခင် သူ့လက်ကချွတ်ပြီး ထားလက်မှာ ကိုယ်တိုင် ဝတ်ပေးခဲ့ရှာတယ်။ သမီးနှစ်ယောက်ဖြစ်တဲ့ ညိုညိုနဲ့ ချိုချိုကိုတောင် မပေးခဲ့ဘူး။ နောက်ဆုံးတော့ သူ့အနားမှာ ချေးကလူ သေးကလူကအစ အနှံ့တာခံပြုစုခဲ့တဲ့ ချွေးမရဲ့ မေတ္တာကို မေမြတစ်ယောက် မသေခင် သိသွားခဲ့ပုံပါပဲ။

မညိုနဲ့ ချိုချို သိပ်ကျေနပ်ပုံ မရဘူးဆိုတာကို ရိပ်မိတဲ့ထားက ရက်လည်ကိစ္စပြီးလို့ ပြန်ခါနီးမှာ သူ့လက်ကလက်ကောက်နှစ်ရန်ကို ယောက်မနှစ်ယောက် တစ်ယောက်တစ်ရန်စီ ချွတ်ပေးခဲ့လေတယ်။ ပစ္စည်းမမက်မောတဲ့ ထားရဲ့ စိတ်ကလေးကို ကျွန်မဖြင့် ကျိတ်ချီးကျူး



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရသေးတယ်။ သူတို့ အိမ်မပြန်ခင် ကျွန်မတို့ကို လာနှုတ်ဆက်တော့ ထားက ပြောသွားပါသေးတယ်။

'အမွေက တစ်ယောက်ဘယ်လောက်ရမယ်တော့ မသိပါဘူး အန်တီခင်ရယ်။ ကြည့်နေပါ ဒီအမွေတွေကို အလှူကြီးကို ပေးလှူပစ်ဦးမှာ၊ အန်တီခင့်ကို ဖိတ်လိုက်မယ်နော်။ အဲဒီတော့မှ ထားအမွေမက်လား၊ မမက်လား ဆိုတာ သူတို့ တစ်နေ့ သိမှာပေါ့လေ' တဲ့။ အံ့ကလေးများတောင် ကြိတ်လို့။

❑

၇။

အဲဒီနောက်မှာတော့ ညိုညိုနဲ့ ချိုချိုတို့နှစ်ယောက်က အစ်ကိုနှစ်ယောက်ကို အိမ်တန်ဖိုးရဲ့ လေးပုံတစ်ပုံစီ ပြန်အမ်းလိုက်ကြပြီး အိမ်ကြီးကိုတော့ ညီအစ်မနှစ်ယောက် အပိုင်ပဲ ထားလိုက်ကြတယ်လို့ ကြားတယ်။ ချိုချိုအိမ်ထောင်ကျတဲ့အခါ ဒီအိမ်ကြီးကို တစ်ယောက်ယောက်က ပြန်အမ်းယူမှာလား၊ နှစ်အိမ်ထောင် အတူတူပဲ နေကြမှာလားဆိုတာတော့ မသိနိုင်ဘူးရယ်။ ခုတော့ ချိုချိုလည်း ကျောင်းပြီးလို့ ညီအစ်မနှစ်ယောက် ဗိုလ်ချုပ်ဈေးကဆိုင်ကို တစ်လှည့်စီထွက်နေကြလေရဲ့။

အငယ်ကောင် ကိုဖော်ကတော့ ရတဲ့အမွေတွေနဲ့ လောင်းကစားပဲ ဆက်လုပ်နေပြန်ပြီလား။ အချိုးအချိုတ်ပြောင်းပြီး လိမ္မာပဲ လိမ္မာနေပြီလား မပြောတတ်ပါဘူး။ သူတို့အမေ မေမြ မရှိတဲ့နောက် သားသမီးတွေက အိမ်အလာကျဲသွားတာမှ မလာတော့သလောက်ပါပဲ။ ထားနဲ့ ကျွန်မတို့လည်း မတွေ့တာတောင် အတော်လေး ကြာခဲ့ပါပြီ။

❑

၈။

'ဟိုမှာ မောင်မော်လွင့်မိန်းမလေး ထား မဟုတ်လား'

ကျွန်မတို့ စားနေကျထိုင်းစားသောက်ဆိုင်လေးမှာ နေ့လယ်စာစားနေရာက ခင်ပွန်းသည်ပြတဲ့ဘက်ကြည့်လိုက်တော့ ဟုတ်တယ်၊ ထားပဲ။ ထားကလည်း ကျွန်မတို့ကို မြင်သွားပြီး ကျွန်မတို့ စားပွဲရှိရာ လျှောက်လာတယ်။

'အန်တီခင်နဲ့ အန်ကယ်သော် နေကောင်းကြတယ်နော်၊ ထားတို့ မတွေ့တာတောင် ကြာပြီ'

'ဟုတ်တယ် သမီးထားရယ်၊ မေမြဆုံးပြီး တစ်ခါလား တွေ့ကြတယ်နော်။ နေကောင်းရဲ့လား၊ မောင်မော်လွင်ရော၊ ထားတို့အမေရော'

'ထားတို့မိသားစု နေကောင်းပါတယ် အန်တီခင်၊ အမေက ဒီနှစ်ထဲ အတော်လေး မကျန်းမာဘူး'

'အေးလေ အသက်ကလည်း ရလာမှကိုး'

'ဟုတ်တယ် အန်တီခင်ရေ၊ အရင်ကလို အန်တီခင်တို့နဲ့ ခြံချင်းကပ်လျက် မဟုတ်တော့ အမေ့ကျန်းမာရေးအတွက် အပြင် အထူးကုတွေကိုပဲ အားကိုးနေရတယ်။ အန်တီခင်ရေ နောက်မှ ထား အိမ်လာလည်ပါ့မယ်နော်၊ ဒီမှာ သားသားတို့က ပက်ထိုင်းခေါက်ဆွဲစားချင်တယ်ဆိုလို့ လာဝယ်တာ။ ဒါက ထားတို့ အိမ်လိပ်စာ၊ ခု ကိုမော်က အိမ်မှာပဲ ရုံးခန်းဖွင့်ထားတယ်လေ အန်တီရဲ့။ အန်တီတို့ ကြုံရင်လည်း ဝင်ခဲ့ပါနော်'

ပြောပြောဆိုဆို လိပ်စာကတ်ပြားလေးပေးခဲ့ပြီး ခပ်သွက်သွက်လေး လှမ်းထွက်သွားတဲ့ထားနောက်ကျောကို ကျွန်မ လိုက်ကြည့်နေမိတယ်။

ထားက သူ့ဆံပင်အရှည်ကြီးကို ပခုံးထိရုံလောက်ဖြတ်ပြီး အခွေလေးတွေ ကောက်ထားတယ်။ မျက်နှာမှာလည်း မိတ်ကပ်ပါးပါးလေး လိမ်းခြယ်ထားပုံရတယ် မှန်ပြေပြေလေး။ ခုံမြင့်ဖိနပ်နဲ့။ လူးဝစ်စ်ဗစ်တန်လက်ကိုင်အိတ်နဲ့။ နားနှစ်ဖက်မှာလည်း တဖျပ်ဖျပ်တောက်နေတဲ့ စိန်နားကပ်နဲ့။ ထားအပြင်အဆင်ဟာ အတော်ကို ပြောင်းသွားခဲ့ပြီ။ ထားစိတ်တွေရော ပြောင်းလဲသွားခဲ့ပြီလား၊ ကျွန်မ မသိနိုင်ဘူး။ ခုထိတော့ နှစ်ဖက်မိဘနာမည်နဲ့ အလှူကြီးပေးတာမျိုး ကျွန်မ မကြားမိသေးတာ အမှန်။ မောင်မော်လွင် လိပ်စာပါ ကတ်ပြားလေး ကြည့်မိတော့ အရင်အိမ်မဟုတ်တော့ဘဲ တကယ့်ကို လူချမ်းသာတွေမှ နေတဲ့ အိမ်ရာမှာ။

အဲဒီ အခိုက်အတန့်လေးမှာပဲ ထားကိုယ်တိုင် မောင်းလာတဲ့ကားလေးက ကျွန်မတို့ ထိုင်နေတဲ့ ဆိုင်ရှေ့ဖြတ်မောင်းသွားတာ တွေ့လိုက်ရတယ်။ နေကာမျက်မှန်လေးတောင် တပ်ထားလို့။

'ထားတို့ အလှူကျရင် ခြံဖို့ဆိုပြီး တပြင်ပြင်လုပ်နေတဲ့ မင်းပိုးပဝါကြီး ဗီရိုထဲသာ ပြန်သိမ်းထားလိုက်ပါတော့ကွာ'

ဦးသော်ဇင်က အဲသလို စနောက်တော့ ခါတိုင်းလို ကျွန်မ မပြုံးနိုင်ဘူး။ စိတ်ထဲဝမ်းနည်းသလိုလို တစ်ဆို့ဆို့ကြီး ခံစားနေရတယ်။

ပြောင်းလဲသွားပြီလား။ ထားဟာ တကယ်ပဲ ငွေတန်ဖိုး နားလည်သွားပြီလား၊ ငွေ ဘယ်လိုသုံးရမယ်ဆိုတာ ခြေခြေမြစ်မြစ်ကြီး သိသွားပြီလား။ အပေါ်ယံအသွင်သဏ္ဌာန်ပြောင်းလဲသွားတာနဲ့အတူ ထားရင်ထဲက ခံယူချက်တွေပါ တစ်ပါတည်း တိုက်စားသွားခဲ့ပြီတဲ့လား ထားရယ်…။

အေးလေ လူတွေဟာ ပြောင်းလဲနေတတ်တာပဲ။ ထားလည်း လူတစ်ယောက်ပဲမို့ ပြောင်းလဲနိုင်တယ်ဆိုတာ ကျွန်မ လက်ခံရမှာပေါ့။ ဦးသော်ဇင်က စကားတစ်ခွန်း ထပ်ပြောတယ်။ 'စားရတဲ့ကလေးဟာ ပိုင်တတ်တယ်ဆိုတာ အမေကြီး လက်တွေ့သိပြီလား' တဲ့။ ခင်ပွန်းသည်ကို ကျွန်မ ခေါင်းညိတ်ပြလိုက်ပါတယ်။ ထားဟာ အရင်က စားရကောင်းမှန်းမှ မသိခဲ့တာဘဲကိုး။

ဘယ်လိုပဲဆိုဆို တစ်နေ့မှာ ထားပို့လာမယ့် အလှူဖိတ်စာတစ်စောင်ကို ကျွန်မ ရင်ထဲ တိတ်တိတ်လေး မျှော်လင့်နေမိသေးတာပါပဲ… တစ်နေ့နေ့ မှာပေါ့လေ…။

■

**ချစ်ကြည်အေး**



www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း အမှတ် ၂၇၉၊ ဒီဇင်ဘာ၊ ၂၀၁၃

အခုနောက်ပိုင်း ပေးပို့လာတဲ့ စာမူတွေမှာ အကြောင်းအရာရွေးချယ်မှု ပိုပြီးလွတ်လပ်လာတာကို တွေ့ပေမဲ့ အရေးအသားနဲ့တင်ပြပုံတွေမှာ ဟိုးအရင်က ပုံစံတွေနဲ့ သိပ်ကြီးမကွဲထွက်သေးတာကို သတိထားမိပါတယ်။ ဒီထက်မက မျှော်လင့်နေမိတယ်ဆိုတာကိုလည်း ပြောလိုပါတယ်။ အတတ်နိုင်ဆုံးလွတ်လွတ်လပ်လပ် ဖန်တီးကြစေချင်ပါတယ်။ ရသစာပေဆိုတာ ပုံသေနည်းမရှိတဲ့အတွက် ကိုယ်ပိုင်လက်ရာတွေကို အတိတ်ကအရိပ်တွေ မထိုးမိအောင် ကြိုးစားဖန်တီးကြဖို့ တိုက်တွန်းလိုက်ပါတယ်။

၁။ *ပန်းကလေးရေးသော ဝလုံးကလေး၏ ဒိုင်ယာရီ*

၂။ *ပြင္ဒာန်းချက်ပုစ္ဆာ*

**အောင်နန်းမွေး(သရက္ကံ)**

အရေးအသား ပြေပြစ်ပါတယ်။ ဒါပေမဲ့ စာမူနှစ်ပုဒ်လုံးမှာ အကြောင်းအရာ ရိုးစင်းပြီး တင်ပြပုံဆွဲဆောင်မှု အားနည်းလှပါတယ်။ ရေးလေ့ရှိတဲ့ ပုံစံနဲ့ အတွေးတွေဖြစ်ပြီး ထူးခြားမှုမရှိပါဘူး။ **ပန်းကလေးရေးသော**…က ကလေးငယ်တစ်ယောက်ရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး တွေးတောမိတဲ့ဇာတ်ကြောင်းတစ်ပုဒ်ဖြစ်ကာ **ပြဋ္ဌာန်းချက်ပုစ္ဆာ**ကလည်း မူလတန်းကျောင်းတွေမှာ တွေ့ရတတ်တဲ့ ပြဿနာအကြောင်းဖြစ်ပါတယ်။ ဆောင်းပါးဆန်တဲ့အတွေး ဖြစ်ပါတယ်။

၃။ *လူကြီးနှင့်လူငယ် တွေ့ဆုံခန်း*

**မိုးလတ်(ဖိုးလေး)**

စကားပြေ၊ စကားပြော ရောနေပြီး အပြန်အလှန်စကားပြောတွေကို အားပြုရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ အရေးအသားအားနည်းသလို အတွေးမရှင်းပါဘူး။

၄။ *ကြယ်စင်လှမ်းခေါ် လမင်းအဖော်*

**ဖြူလေး(လယ်ဝေး)**

တစ်စီတကုံးဆန်တဲ့ စာမူတစ်ပုဒ်ဖြစ်ပြီး ရိုးစင်းလှပါတယ်။

၅။ *အဖြူရောင်လွှမ်းသော ပန်းနုရောင်ကမ္ဘာ*

**မင်းညို့သျှင်**

အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး စာလုံးပေါင်းအမှားတွေ များလွန်းလှပါတယ်။ စကားပြေ၊ စကားပြောလည်း ရောထွေးနေပြီး ဆွဲဆောင်မှု အားနည်းလွန်းပါတယ်။

၆။ *အရှုံးတွာရှင်းတမ်း*

**မောင်လှိုင်မိုရ်**

ဝတ္ထုတစ်ပုဒ်ရဲ့ အဖွင့်ဝါကျနဲ့ စာပိုဒ်ဟာ စာဖတ်သူကို ဆွဲဆောင်နိုင်ရမှာ ဖြစ်ပါတယ်။ ဒီစာမူမှာ အဲဒီလို မဖြစ်တဲ့အပြင် အတွေးတွေကို ချရေးထားတာမျိုး ဖြစ်နေပါတယ်။ ဝတ္ထုတိုအနေနဲ့ ဇာတ်လမ်းကိုအားမပြုရင် ဇာတ်ကောင်စရိုက်ကို ပေါ်လွင်အောင် ဖော်ပြနိုင်တဲ့ ပထမနာမ်စားသုံး အရေးအသားမျိုးဖြစ်မှ ဆွဲဆောင်မှုအားကောင်းမှာပါ။

၇။ *မိုးသည်းလို့မစဲ*

**ထော်ဦး(ဘားအံ ကွန်ပျူတာ)**

တိုတိုကျစ်ကျစ်ရေးဖွဲ့နိုင်တဲ့ ဝတ္ထုတိုတစ်ပုဒ်ဖြစ်ပါတယ်။ ဒါပေမဲ့ အကြောင်းအရာပိုင်းမှာ အင်မတန်ရိုးစင်းနေတဲ့အတွက် အားနည်းသွားရပါတယ်။ ကြိုးစားပါဦး။

၈။ *အဖြေရှာမရတဲ့ပုစ္ဆာ*

**ကျော်လင်း**

ပြောချင်တာရှိပေမဲ့ အရေးအသားက အတွေးကို မလိုက်နိုင်ဘဲ ဖြစ်သွားရတဲ့ စာမူတစ်ပုဒ်ပါ။

၉။ *ဗေဒင်ဆရာ ဗေဒင်မဟောရ*

**မြတ်သျှိုင်းသွင်**

အရေးအသားပြေပြစ်တဲ့ စာမူတစ်ပုဒ်ပါ။ ဇာတ်ကွက်စဥ်ထားတာ အစပိုင်းအဆင်ပြေပေမဲ့ အဆုံးသတ်မှာ ဇာတ်နာအောင်ဖန်တီးလိုက်သလို ဖြစ်သွားတာကြောင့် စာမူကောင်းတစ်ပုဒ် မဖြစ်ခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

၁၀။ *ပင်စင်စားတွေကို ကယ်မကြပါ*

၁၁။ *နံနက်ခင်း ဈေးကားပေါ်မှ မင်္ဂလာတေးသံများ*

**ခိုင်သန်းညွန့်(ပညာရေး)**

စကားပြေကို ပြေပြစ်စွာ ရေးနိုင်ပေမဲ့ ရုံးစာအရေးအသားဟန်မျိုးဖြစ်နေပါတယ်။ ရသအားနည်းပါတယ်။ ဆောင်းပါးဆန်တဲ့အတွေးတွေကို ဝတ္ထုဖြစ်အောင် ရေးထားသလို ဖြစ်နေပါတယ်။ **ပင်စင်စား**…က ခေါင်းစဉ်ကို ဖတ်ရုံနဲ့ ဝတ္ထုအကြောင်း သဘောပေါက်နိုင်တဲ့စာမူမျိုးဖြစ်ပြီး **နံနက်ခင်း**…ကတော့ အတုအယောင်တွေအကြောင်း ရေးဖွဲ့ထားတာဖြစ်ပါတယ်။

၁၂။ *အနန္တရရှင်းတမ်း*

**ဆောင်းတိမ်ယံ**

အနန္တရဆိုတဲ့ ဝေါဟာရက ဘာကိုဆိုလိုတယ်ဆိုတာ မရှင်းလင်းပါဘူး။ အိတ်ချ်အိုင်ဗွီနောက်ခံစာမူတစ်ပုဒ်ဖြစ်ပြီး အရေးအသား သင့်ပေမဲ့ ဖောင်းပွနေပါသေးတယ်။ ကြိုးစားပါဦး။

၁၃။ *ကျွန်မနဲ့ သူတို့နှစ်ယောက်*

**ချယ်ဇာသွန်း**

အရေးအသား အားနည်းတဲ့စာမူတစ်ပုဒ်ဖြစ်ပါတယ်။ စကားပြေ၊ စကားပြောရောနေသလို စာပိုဒ်လုံးဝ မခွဲဘဲ အပြန်အလှန်စကားပြောတွေကိုလည်း လက်သည်းကွင်းထဲ ထည့်ကာ တစ်ဆက်တည်းရေးသားထားပါတယ်။ ပုံနှိပ်စာမူတွေမှာ ဖော်ပြထားတဲ့ ပုံစံတွေကို သေသေချာချာ ဖတ်ရှုပြီး အတုယူစေချင်ပါတယ်။

၁၄။ *ငွေကြယ်တစ်ပွင့် ကြွေရက်ကယ်စော*

**မင်းရကျ**

စကားပြေ၊ စကားပြော ရောနေပြီး လူတစ်ယောက်အကြောင်း စာစီကုံးသလို ရေးထားတဲ့စာမူဖြစ်ပါတယ်။ အထူးသဖြင့် ဝတ္ထုအစတွေမှာ စာဖတ်သူကို ဆွဲဆောင်နိုင်လောက်တဲ့ ရသမြောက်ဝါကျတွေ မဟုတ်ရင် ဝတ္ထုကောင်းဖြစ်ဖို့ ခက်တယ် ဆိုတာ သိထားစေချင်ပါတယ်။

၁၅။ *နှင်းတိုင် ဝေးကွာလွန်းပြီထင်*

**ဝန်းရံခ(မုံရွာ)**

အရေးအသားပြေပြစ်ပေမဲ့ ဆွဲဆောင်မှုအားနည်းတဲ့ စာမူတစ်ပုဒ်ဖြစ်ပါတယ်။

၁၆။ *အငွေ့ပျံမျက်နှာ*

**သော်ဇင်(လှိုင်ကော်)**

ကြားရခဲ့တဲ့ အဖြစ်အပျက်တစ်ခုကို အခြေခံပြီး မိခင်မေတ္တာအကြောင်း ရေးဖွဲ့ထားတာဖြစ်ပါတယ်။ အရေးအသားလည်းသင့်ပါတယ်။ ဒါပေမဲ့ တင်ပြပုံ ဆွဲဆောင်မှုအားနည်းနေတဲ့အတွက် စာမူကောင်း မဖြစ်ခဲ့တာပါ။ ဒီဇာတ်ကိုပဲ ပြန်လည်ပြင်ဆင်ရေးသားမယ်ဆိုရင် အဆင်ပြေမယ်ထင်ပါတယ်။ အထူးသဖြင့် မိခင်ရဲ့မျက်နှာပျက်စီးသွားရပုံ နောက်ခံအကြောင်းကို ဒီထက်ပိုပြီး ပီပြင်အောင် ထည့်သွင်းရေးဖွဲ့ပေးစေချင်ပါတယ်။

၁၇။ *မြင်ရခွင့်*

**ကေရီဝိုင်း**

မိဘမေတ္တာတွဲ့ ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး ထူးခြားမှု မရှိပါဘူး။ ရိုးစင်းလွန်းလှပါတယ်။

၁၈။ *သံစဉ်မမှန်တဲ့ ခြေလှမ်းတို့ရဲ့ ဦးတည်ရာ*

**မိုးခကျော်သွင်**

ဝတ္ထုထက် ဆောင်းပါးဆန်တဲ့ အတွေးအခေါ်ကို အခြေတည်ပြီး ရေးဖွဲ့ထားတာ ဖြစ်နေပါတယ်။ တင်ပြပုံဆွဲဆောင်မှုအားနည်းပါတယ်။

၁၉။ *သေမင်းနိုင်ငံကိုပို့မယ့် နတ်ဆေးများ*

**ခွန်းဆက်(မိုးညှင်း)**

မူးယစ်ဆေးဝါးနောက်ခံ စာမူတစ်ပုဒ်ဖြစ်ပြီး နိဂုံးပိုင်းမှာ ဆောင်းပါးတွေလို အကြံပေးချက်မျိုးနဲ့ အဆုံးသတ်ထားတာမို့ ရသဝတ္ထုကောင်း ဖြစ်မလာပါဘူး။

၂၀။ *အချစ်ဦး*

၂၁။ *ကြက်တူရွေးကမ္ဘာ*

**မိုးအိမ်လူ**

အပြန်အလှန်စကားပြောကို အားပြုပြီး ရေးဖွဲ့ထားတဲ့ တိုလွန်းတဲ့ စာမူနှစ်ပုဒ်ဖြစ်ပါတယ်။ အနုပညာ အားနည်းပါတယ်။

၂၂။ *စွန့်လွှတ်စွန့်စားသူ*

**မောင်လှိုင်မင်း(နန္ဒင်းကိုင်း)**

ရုပ်ရှင်ဆန်ဆန် ရေးဖွဲ့ထားတဲ့ စာမူဖြစ်ပြီး စကားပြေ၊ စကားပြော ရောနေပါတယ်။ အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ကာ တင်ပြပုံ ဆွဲဆောင်မှုအားနည်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း အမှတ် ၂၇၉၊ ဒီဇင်ဘာ၊ ၂၀၁၃

၂၃။ *ရွှေခြည်ငွေချည်တန်းပါလို့*

၂၄။ *တစ်ကွက်ချန်*

ကျင်ကိုချန်

အရေးအသား အားနည်းတဲ့စာမူတွေဖြစ်ပါတယ်။ ရေးလိုတဲ့အကြောင်းအရာကို ပေါ်လွင်အောင် မရေးနိုင်သလို စာမူမှာပါတဲ့ ဇာတ်ကောင်တွေကိုလည်း သူ့နေရာနဲ့သူ အဆင်ပြေအောင် ဖန်တီးနေရာချနိုင်ခြင်း မရှိပါဘူး။

၂၅။ *စမ်းရေလည်းခန်း ပန်းလည်းနွမ်း*

မောင်သာခိုင်(မကွေး)

လက်မမှန်တဲ့ စာမူရှင်လို့ ဆိုရပါမယ်။ အခါတိုင်းပို့နေကျတွေမှာ အဆင်ပြေတာတွေ ပါလာတတ်ပေမဲ့ အများအားဖြင့် ကိုယ့်ဘဝကို စိတ်ပျက်အားငယ်မှုတွေ အကြောင်းကိုသာ အဖန်တလဲလဲ ရေးဖွဲ့နေပါတယ်။ တတ်နိုင်သလောက် လွတ်လပ်စွာ ဖန်တီးနိုင်အောင် ကြိုးစားပါ။

၂၆။ *ကျွန်တော်နှင့် ချိုစိမ့်*

ဂျူပီတာ

အတွေး မပီပြင်တဲ့အတွက် အရေးမပီပြင်တဲ့ စာမူတစ်ပုဒ်ဖြစ်ပါတယ်။ ကိုယ်လိုရာ ဆွဲတွေးသလို ကိုယ် လိုချင်တဲ့ ကောက်ချက်ရအောင် ဇာတ်ကိုဖန်တီးထားသလို ဖြစ်နေပါတယ်။

၂၇။ *ရွာပြန်ခရီး အထီးကျန်ငါ*

အကိုလေးဉာဏ်(သလ္လာ)

အရေးအသား အားနည်းလှတဲ့ စာသွန့်ဆန့်ဆန် စာမူတစ်ပုဒ်သာဖြစ်ပါတယ်။ ရသဝတ္ထုတွေ များများဖတ်ပေးပါ။

၂၈။ *အစဉ်အလာဆိုသည်မှာ*

၂၉။ *ဆွံ့အငြိမ်သက်*

၃၀။ *သဲလွန်စ*

၃၁။ *မေမေ ကျွန်တော့်ကို မချစ်ဘူးလားဟင်*

၃၂။ *အလွမ်းတို့၏ သိပ်သည်းဆ*

၃၃။ *ထမင်းထုပ်၊ ဟင်းထုပ်*

ဥညြ(ချယ်ရီမြေ)

တစ်ပြိုင်တည်းမှာ စာမူတွေ ဒီလောက်များများ ပို့တာကို အားမပေးချင်ပါဘူး။ စာမူအများစုက ဆောင်းပါး ဆန်နေ ပြီး ရသပိုင်းမှာ အားနည်းနေပါတယ်။ အကြောင်းအရာနဲ့ တင်ပြပုံကို သေချာရွေးချယ်ပြီးမှ အနုပညာမြောက်အောင် ကြိုးစားရေးဖွဲ့ကာ တစ်ပုဒ်ကောင်း၊ နှစ်ပုဒ်ကောင်းလောက်ပဲ ပေးပို့စေချင်ပါတယ်။ ဒါပေမဲ့ မေမေ **ကျွန်တော့်ကို မချစ်ဘူးလားဟင်** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပေးလိုက်ပါ တယ်။

ဆရာဦးဝင်းငြိမ်းထံ ထပ်မံတင်ပေးဖြစ်တဲ့ စာမူတွေကတော့-

နုတ်ရဲ(ရှုပဗေဒ)ရဲ့ မိုးသည်းတစ်ည ခါးသက်အမှောင်၊ မြေလတ်မေစံပယ်ရဲ့ *ကူတ္တိပညာ၊* မင်းတုန်းမောင်စိမ်းလွင်ရဲ့ **အစိမ်းရင့်ဝေဒနာ**၊ လင်းနိုင်ရဲ့ **သေမှသိတဲ့ရောဂါ**၊ ဆွေဇင်ဦးရဲ့ **အစုန်-အဆန် မှန်ရဲ့လား**၊ ခင်မြတ်နွယ်(ပခုက္ကူ)ရဲ့ **ကျေးဖူးကမ္ဘာ…မင်္ဂလာနံ့နက်ခင်း**၊ မိုးသက်ဆွေရဲ့ **မှော် နဲ့ မိရဲ့ သူမ၏လင်း ကျွန်မ၏ မောင်** တို့ဖြစ်ကြပါတယ်။

❑

*ဆရာမ မသီတာ(စမ်းချောင်း)က ဒီလအတွက် ဆန်ခါတင်အနေနဲ့ ရွှေအသစ်ဝတ္ထုတို ၁၀ ပုဒ် တင်ပေးထားပါတယ်။ မြေလတ်မေစံပယ် ရေးဖွဲ့ထားတဲ့ 'ကူတ္တိပညာ' ကို အရင်ဆုံးဖတ်ဖြစ်ပါတယ်။ ကျေးရွာတစ်ရွာမှာ သွားရောက်တာဝန်ထမ်းဆောင်ရတဲ့ သူနာပြုဆရာမကလေးက သူ မချစ်မနှစ်သက်တဲ့ ရွာခံအမျိုးသားတစ်ဦး အကြမ်းဖက်မှုမှ လွတ်မြောက်အောင် မိန်းမတို့ရဲ့ပညာကို သုံးပြီး အလွတ်ရုန်းနိုင်ခဲ့ပုံ ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ဝတ္ထုတိုဆိုတာ တန့်သင်္ဘောမျက်*



www.burmeseclassic.com

www.burmeseclassic.com

နှာအတွင်းမှာ ပြောချင်တဲ့ မက်ဆေ့ချ်ကို ရောက်အောင် ပြောရတာဖြစ်တဲ့အတွက် အမေပြောတဲ့ပုံပြင်တို့၊ အဘွားပြောတဲ့ ပုံပြင်တို့က ဒီဝတ္ထုမှာ အပိုဖြစ်နေပါတယ်။ အဲဒီလိုမဖြစ်အောင် နောက်ထပ်ကြိုးစားရေးဖွဲ့စေချင်ပါတယ်။

ဆရာ ဥပြဲ(ချယ်ရီမြေ)ရဲ့ 'မေမေ ကျွန်တော့်ကို မချစ်ဘူးလားဟင်' ဝတ္ထုက မိခင်လောင်းတစ်ယောက်ရဲ့ဝမ်းကြာတိုက်အတွင်းမှာ ရှိနေတဲ့ သန္ဓေသားရဲ့အပြောအနေနဲ့ ရေးဖွဲ့ထားတာပါ။ သမီးရည်းစားဘဝ လွန်ကျူးကြပြီးတဲ့နောက် ရှိလာတဲ့ကိုယ်ဝန်ကို ဖျက်ချရာမှာ သန္ဓေသားက ပြန်ပြောပြပုံနဲ့ရေးတာပါ။ ပေးချင်တဲ့မက်ဆေ့ချ်က ကောင်းပေမဲ့ ဆွဲဆောင်မှုရှိဖို့ လိုပါသေးတယ်။

ဆရာ မင်းတုန်း မောင်စိမ်းလွင် ရေးဖွဲ့ထားတဲ့ 'အစိမ်းရင့်ဝေဒနာ'ကို ဖတ်ရပါတယ်။ ပထမတစ်ကြိမ် ရွေးချယ်ခံရစဉ်ကလည်း ဆင်များအကြောင်း ရေးဖွဲ့ထားခဲ့တာ ဖြစ်ပါတယ်။ အဲဒီဝတ္ထု 'ပန်းနိမိတ်'က စိတ်ဝင်စားစရာ ကောင်းပေမဲ့ ဒီတစ်ကြိမ် ရေးဖွဲ့ထားတဲ့ သားနဲ့ ခွဲရလို့ စိတ်ဝေဒနာခံစားရတဲ့ ဆင်မအကြောင်းကတော့ ဆွဲဆောင်အားနည်းလှပါတယ်။

ဆရာမမိ ရေးဖွဲ့ထားတဲ့ 'သူ့မဏ်လင်း၊ ကျွန်မဏ်မောင်' ဝတ္ထုက ယောကျ်ားလေးတစ်ယောက်ကို ချစ်မိတဲ့ မိန်းကလေးနှစ်ယောက်ရဲ့ ခံစားချက်ကို နှစ်ဖက်အမြင်နဲ့ ရေးဖွဲ့ထားတာပါ။ ကျွန်တော်ဖတ်နေစဉ်က ရွှေနှလုံးသားလောက် သုံးလို့ဖြစ်မယ်လို့ယူဆပေမဲ့ စာမျက်နှာက ၁၁ မျက်နှာရှိပါတယ်။ ကွန်ပျူတာ စာစီ ၁၁ မျက်နှာပါ။ ကျွန်တော်တို့ကန့်သတ်ထားတဲ့ စည်းကမ်းချက်က ကွန်ပျူတာ စာစီမယ်ဆိုရင် ၁၃ ပွိုင့်နဲ့ A-4 လေးမျက်နှာသာ ရေးရမှာသာ ဖြစ်ပါတယ်။ ဒါကြောင့် မသုံးဖြစ်တာပါ။

ဆရာ မိုးသက်ဆွေရဲ့ 'မှော်'က လူငယ်တော်တော်များများ စိတ်ဝင်စားတဲ့ အထက်အညာက ရွှေမှော်အကြောင်းကို ရေးဖွဲ့ထားပါတယ်။ မက်ဆေ့ချ်တစ်ခု ပေးနိုင်ပေမဲ့ ဆွဲဆောင်အားနည်းလှပါတယ်။

ဆရာမ ခင်မြတ်နွယ်(ပခုက္ကူ)ရဲ့ 'ကျေးဇူးကမ္ဘာ... မင်္ဂလာနံနက်ခင်း'ဝတ္ထုမှာ အကြောင်းအရာ ထူးခြားမှုရှိပါတယ်။ ဒါပေမဲ့ ဆရာမ စာရေးရာမှာ စကားပြေ၊ စကားပြောများ ရောထွေးနေတာကို တွေ့ရပါတယ်။ စဖွင့်ဖွင့်ချင်း စာပိုဒ်ကို ကျွန်တော် နမူနာပြပါမယ်။

'ရောဝတီတစ်ကြောမှာ အခုလို မြစ်ကူးတံတားတွေ အပြိုင်းအရိုင်းပေါ်လာတော့ မကွေး-မင်းဘူး တံတားကြီး မရှိသေးမီက ဆောင်းတစ်ညခြမ်းဖြစ်ရပ်ကလေးကို အမှတ်ထင်ထင် သတိရမိသည်။ ကျေးဇူးတရားရဲ့အဓိပ္ပာယ်ကို ကိုယ့်ရှုထောင့်နဲ့ကိုယ် ဖွင့်ဆိုပုံဖော်ခဲ့ကြတဲ့ နှောင်းတစ်ခေတ်က ကြည်နူးဖွယ်မှတ်တမ်းကလေးပါ။'

ဒီစာပိုဒ်ကို ကြည့်လိုက်ရင် 'အခုလို''ပေါ်လာတော့' 'သတိရမိသည်''ကြည်နူးဖွယ်မှတ်တမ်းကလေးပါ'။ 'သတိရမိသည်'ဆိုတဲ့ ရေးဖွဲ့ပုံက စကားပြေဖြစ်ပြီး ကျန်စကားလုံးများက စကားပြောတွေ ဖြစ်နေပါတယ်။ ဒါက ကျွန်တော် တစ်ပိုဒ်တည်းကို ပြောတာပါ။ တစ်ပုဒ်လုံးမှာ အဲဒီလိုရေးဖွဲ့မှုတွေ အများကြီးပါပါတယ်။ ဝတ္ထုက ထူးခြားတာကို ကျွန်တော် လက်ခံတယ်။ ဒါပေမဲ့ စကားပြေ၊ စကားပြောရောတာကိုတော့ ပြင်မပေးချင်တဲ့အတွက် ကိုယ်တိုင်ပြန်ပြင်ပြီး ပြန်ပို့မယ်ဆိုရင် စဉ်းစားလို့ ရပါလိမ့်မယ်။ အကယ်၍ ပြန်ပို့မယ်ဆိုရင် ကျွန်တော် ပြန်ပို့ခိုင်းလို့ ပြင်ပြီး ပြန်ပို့တာပါ ဆိုတဲ့အကြောင်း စာတစ်ကြောင်းလောက် ထည့်ရေးပေးပါ။ အဲဒီလိုမဟုတ်ရင် အသစ်ကြား ပြန်ရောက်သွားပါလိမ့်မယ်။

ဒီနှစ်လသုံးလအတွင်းမှာ ရွှေအသစ်ဝတ္ထုတွေဟာ ခေါင်ခေါင်မြည်ကောင်းလာပါတယ်။ ဒါပေမဲ့ ဒီလ ဖော်ပြမယ့် ဝတ္ထုများကတော့ ခေါင်ခေါင်မြည်အဆင့် မရှိသော်လည်း မဂ္ဂဇင်းဝတ္ထုအဖြစ်တော့ သုံးနိုင်တာကြောင့် လေးပုဒ်ကို ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။ ဒီလေးပုဒ်ထဲမှာ ဆရာ သုတအောင်ရဲ့ 'ရွှေလုံး ခွေးမခွေးတော့ပါ'က ပြင်ဆင်ပေးပို့တဲ့ ဝတ္ထုကို ဖြစ်ပါတယ်။

၁။ ဆွေဇင်ဦး
အစုန်-အဆန်မှန်ရဲ့လား
၂။ နတ်ရဲ(ရွှေပဗေဒ)
မိုးသည်းတစ်ည ခါးသက်အမှောင်
၃။ သုတအောင်
ရွှေလုံး ခွေးမခွေးတော့ပါ
၄။ လင်းနိုင်
သေမှ သိတဲ့ရောဂါ


■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



# ရွှေလုံး ချေးမချေးတော့ပါ

သုတအောင်

ရွာဦးကျောင်းမှ ဆွမ်းစားတုံးမောင်းခေါက်ပြီးသည်
မကြာသေး အညာနွေ၏ အပူကတော့ ကျောက်ကွဲလုမတတ်
ပင်။ ခါတိုင်းလို ကျောင်းဖွင့်ရက်ဆိုပါက ဒီအချိန်သည်
ရွှေလုံးတို့ကလေးများအတွက် နေ့ခင်းထမင်းစားပြီး
ကျောင်းသို့ ပြန်သွားချိန်ဖြစ်သည်။ ယနေ့ကား
ကျောင်းပိတ်ရက်ဖြစ်သည့်အတွက်ကြောင့် ကလေး
တစ်သိုက် ဘကြီးအောင်အိမ်ရှေ့ ကွက်လပ်တွင် ကစား

နေကြသည်။ ဘကြီးအောင်အိမ်ရှေ့ကား ရွှေလုံးတို့ကလေးတစ်သိုက်၏ ကစားကွင်းဖြစ်သည်။ အိမ်ရှေ့တွင် နေပြောက် မထိုးနိုင်အောင် ကြီးမား အုပ်ဆိုင်းနေသည့် မန်ကျည်းပင်နှစ်ပင်နှင့် ကုက္ကိုပင်တစ်ပင်တို့က ဖိုခုံလောက် ဆိုင်ကာ ပေါက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အရိပ်ကောင်းကောင်းတွင် ချွေးဒီးဒီးကျအောင် ဆော့ကစားပြီးနောက် ဘကြီးအောင် ဆီမှမုန့်များ တောင်းစား၍ ရသေးသည်။ ယခုလည်း ရွှေလုံးတို့တစ်တွေ အားရအောင် ဆော့ကစားပြီး သစ်ရိပ်တွင် ထိုင်ကာ နားနေကြသည်။

'ဘကြီးအောင်ကို မတွေ့ဘူး။ ဘယ်သွားနေလို့လဲ' နဖူးမှ ချွေးများကို သုတ်ရင်း မိနှင်းက မေးသည်။

'အကြီးမရယ် နင်က လည်းတုံးလိုက်တာ လွန်ရော၊ ဘကြီးအောင်က မြို့သွားတယ်၊ သိပြီလား'

'အံမာ ရွှံ့လုံးနော်၊ ငါ ဟာငါ တုံးတုံး ဘာဖြစ်လဲ'

ရွှေလုံးနှင့် မိသင်းကား တည့်သလောက် မိနှင်းနှင့်မူ မတည့်။ ရွှေလုံးက အမြဲစ သလို မိနှင်းကလည်း ရွှံ့လုံး ဟု ပြန်ခေါ်စမြဲပင်။

'တော်ပါတယ်၊ နင်တို့ ကလည်း မောပါတယ်ဆိုမှ၊ ဟော ဟိုမှာ ကားလာပြီ၊ ဘကြီးအောင် ပြန်လာပြီလား မသိဘူး'

မိသင်း စကားကြောင့် ကွပ်ပျစ်ပေါ်လှဲနေသောကလေးများ ငေါက်ခနဲ ထထိုင်သလို အားလုံး၏အကြည့်ကလည်း ကားဆီသို့ရောက်သွားကြသည်။

'ဘကြီးအောင်ပါတယ်ကွ'

'ဘကြီးအောင် ပြန်လာပြီ' ပြောသံများနှင့်အတူ ကားရှိရာသို့ ထပြေးကြသည်။ ဘကြီးအောင် မြို့က ပြန်လာတိုင်း ဘီစကစ်၊ ထိုးမုန့် စသည့် မြို့သရေစာများကို ဝယ်လာနေကျပင် မဟုတ်

ခွေးဖြူလေးကား
လိမ္မာလှသည်
တအိအိ၊
တတောက်တောက်
နှင့်
ခေါ်သည့်
သူထံ
အမြီးလေး
နန့်ကာ
နန့် ကာ
ကဆုန်ပေါက်
ပြေးသွား
တတ်သည်

ပါလား။

'ရွှေလုံး ခြင်းထဲမှာ ခွေးလေးတစ်ကောင်ဟ'

ဘကြီးအောင် သယ်လာသောခြင်းကိုကြည့်ရင်း ပြောလာသည့် မိသင်းစကားကြောင့် ရွှေလုံးလည်း ခြင်းကို သေသေချာချာကြည့်မိသည်။ ဟုတ်သည်၊ ခြင်းထဲတွင် အမွေးပွပွနှင့် ခွေးဖြူငယ်လေးတစ်ကောင်၊ ပြူးကြောင်ကြောင်နှင့် ဟိုဒီကြည့်နေသည်ကိုတွေ့ရသည်။ သစ်ပင်ရိပ်ဆီရောက်တော့ ဘကြီးအောင်က ကလေးတစ်သိုက်ကို ဘီစကစ်မုန့်များ ဝေပေးသည်။ ဘကြီးအောင်ပေးသော အရုပ်ပုံ ဘီစကစ်မုန့်လေးများကို ကြည့်ရင်း၊ စားရင်းဖြင့် ကလေးတစ်သိုက် ပျော်ရွှင်နေကြသည်။ ရွှေလုံးနှင့် မိသင်းသည် ဘီစကစ်မုန့်လေးများကို ခြင်းပေါက်ကလေးမှနေ၍ ခွေးကလေးအား ကျွေးသည်။

'ဒီခွေးလေးက ဘကြီးအောင် မွေးဖို့လား' ခွေးလေးအား အစာကျွေးရင်း ရွှေလုံးက မေးလိုက်သည်။

'ဟေ ဟုတ်သားပဲ၊ ဘကြီး မေ့နေတာ။ ခွေးလေးကို အပြင်ထုတ်လိုက်ပါဦး ရွှေလုံးရ၊ ကားလမ်းဘေးမှာ ကျနေတာတွေ့လို့ ပိုင်ရှင်မရှိတာနဲ့ ကောက်ယူလာခဲ့တာကွ၊ မဟုတ်ရင် နေက ပူပူနဲ့ သေသွားမှာ'

ခွေးဖြူလေးကား လိမ္မာလှသည်။ တအိအိ၊ တတောက်တောက်နှင့် ခေါ်သည့်သူထံ အမြီးလေးနန့်ကာ နန့်ကာ ကဆုန်ပေါက်ပြေးသွားတတ်သည်။ ဆော့ကစားတတ်ကာစအရွယ်သဘာဝမို့ မြေပေါ်လူးလိမ့်လိုက်၊ ရှေ့ခြေထောက်လေး နှစ်ချောင်း ကွေးကာ တစ်ချီ၊ ပုတ်ကာ တစ်လှည့်ဖြင့် အငြိမ်မနေ ဆော့ကစားနေသည်။ ရွှေလုံးတို့ ကလေးတစ်သိုက်နှင့် တစ်ခဏချင်းပင် အဖွဲ့ကျသွားတော့သည်။

'ဘကြီးအောင် ဒီခွေးလေး ကျွန်တော့်ပေးဗျာ၊ ကျွန်တော်မွေးချင်လို့'

ဘကြီးအောင်က ခွေးလေးကို ပေးသည်။ ရွှေလုံးပျော်လိုက်သည်မှာ ပြောစရာမရှိတော့။ အမွေးပွပွ ဘိုမရုပ်လေးနှင့်တူပြီး အမလေးဖြစ်သည့်အတွက် ဘိုမ ဟု အမည်ပေးလိုက်သည်။

ရွှေလုံး အိမ်ပြန်ရောက်ပြီး ရေချိုး အဝတ်လဲပြီးသည်အထိ ဘိုမသည် ရွှေလုံးနောက် တကောက်ကောက်လိုက်နေ၏။ ရွှေလုံးကလည်း ခေါင်းလေး ပွတ်လိုက်၊ ကျောလေးပွတ်လိုက်ဖြင့် ကစားနေတတ်သည့်အတွက် ရွှေလုံးနားက မခွာခြင်းဖြစ်သည်။ ရွှေလုံး ထမင်းစားတော့လည်း ဘိုမက အငြိမ်မနေ၊ ခြေထောက်ကို ငုံကာကိုက်လိုက်၊ ပုတ်လိုက်ဖြင့် ကစားသည်။ ရွှေလုံးကလည်း ခြေထောက်ကို ဇော့ကာယမ်းကာဖြင့် ဘိုမကို စသည်။

'ရွှေလုံးရယ် ထမင်းစားတဲ့အချိန်လေးတော့ ငြိမ်ငြိမ်စားစမ်းပါ။ မျက်စိနောက်လာရင် ဘကြီးအောင် ပြန်ပေးလိုက်မှာနော်'

အမေ့စကားကြောင့် ရွှေလုံး မစရဲတော့။ ထမင်းကို တွင်တွင်ဖိစားသည်။ ထမင်းမကုန်မီ အမဲသားတစ်တုံးကို ထမင်းထဲ ဝှက်လိုက်ကာ-

'အမေ ထမင်းနဲ့ ဟင်းထပ်ထည့်ပေးဦး'

'စားနိုင်တော့တာလည်း မဟုတ်ဘဲ၊ ဘိုမ ကျွေးမလို့ မဟုတ်လား'

ဒေါ်သန်းမြ ပြောသာ ပြောသည်။ အမေတစ်ခု သားတစ်ခုသာရှိသည့် ကမ္ဘာလေးဝယ် အမေ့ကို ရွှေလုံး နှစ်ခါ မပြောရ။ ရွှေလုံးဆန္ဒပြည့်ရသည်သာပင်။ ယခုလည်း ဒေါ်သန်းမြ ထည့်ပေးသည့် ထမင်းဟင်းတွေက ဘိုမအတွက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ညအိပ်သောအခါတွင်လည်း စောင်ခပ်နွမ်းနွမ်း တစ်ထည်သည် ဘိုမအတွက် အိပ်ရာခင်း တစ်ခုဖြစ်သွားရတော့၏။

ဘိုမကား လူစကား နားလည်သည်ဟုဆိုရမလား။ လူ့အရိပ်အကဲကို နားလည်သည်ဟုပင် ဆိုရမလား မသိ၊ လွန်စွာလိမ္မာလှသည်။ အမှတ်သညာလည်း လွန်စွာကြီး၏။ ရောက်ခါစက မီးဖိုချောင်အတွင်းဝင်သည့်အခါ ဒေါ်သန်းမြက လေသံမာမာဖြင့် 'ဟဲ့ ဘိုမထွက်…ထွက်' ဟု မာန်ပြီး ထင်းချောင်းဖြင့် မြေကြီးကို တဖြန်းဖြန်းမြည်အောင် ရိုက်ပြသည်ကစပြီး မီးဖိုချောင်သို့ လုံးဝမဝင်တော့။ ဒေါ်သန်းမြသည်ပင် လျှင် ဘိုမကို တဖြည်းဖြည်းနှင့် သံယောဇဉ် တွယ်လာပြီဖြစ်သည်။

တနင်္လာနေ့ ကျောင်းဖွင့်ပြီ။ ရွှေလုံးကျောင်းသွားတော့ ဘိုမက နောက်မှ လိုက်လာသည်။ ရွှေလုံး မောင်းထုတ်သော်လည်း မရသည့်အတူတူ ကျောင်းသို့ ခေါ်လာခဲ့သည်။ စာသင်စက ရွှေလုံး ခြေထောက်နား ဝပ်နေသော ဘိုမသည် ကြာတော့ ပျင်းလာသည်ထင်၊ လှစ်ခနဲ ပြေးထွက်သွားသည်။ သိပ်မကြာလိုက် တဝုတ်ဝုတ် ဟောင်သံများ ဆူညံစွာကြားရပြီး ဘိုမ အမြီးလေးကုပ်ကာ ပြန်ရောက်လာသည်။ စာသင်ခန်းအပြင်တွင် ကျောင်းစောင့်ဦးလေးကြီးအိမ်မှ ခွေးသုံးကောင်က နယ်ကျော်လာသည့် ဘိုမကို ဟောင်သံများဖြင့် ဆူညံနေတော့သည်။ ဆရာမက ညနေ ထမင်းစား

> ရွှေလုံး ကျောင်းသွားတော့ ဘိုမကား ကျောင်းပေါက်ဝထိ လိုက်လာပြီးမှ ပြန်သည် ကျောင်းဆင်းချိန် ရောက်လျှင် အိမ်ပေါက်ဝမှ စောင့်ကြိုနေစမြဲ ရွှေလုံးကလည်း ကျောင်းမှ သရေစာ မုန့်လေးများကို တစ်ဝက်ချန်ချန် ယူလာပြီး ကျွေးစမြဲပင်

ကျောင်းပြန်တက်လျှင် ဘိုမကိုခေါ်ခွင့်မပြုတော့။ ထမင်းစားပြီး ကျောင်းပြန်လာတော့ ဘိုမကို ထမင်းကျွေးပြီး တိတ်တိတ်လေး ထွက်လာခဲ့သော်လည်း အိမ်ရှေ့မရောက်သေးခင်ပင် ဘိုမကအမြီးလေး တနန့်နန့်ဖြင့် ပြေးလိုက်လာသည်။ ဘယ်လိုနှင်နှင် နောက်ကနေ ပေကပ်လိုက်လာသည်။ မိသင်းတို့ကို ဝင်ခေါ်ပြီးနောက် ဘိုမ ကျန်ခဲ့စေရန် လမ်းအတိုင်း မလာဘဲ အိမ်တွေကြားမှ ပြေးသွားကာမှ ပိုဆိုးတော့သည်။ ဘိုမသည် သူ့ကို ဆော့နေသည်ထင်လား မသိ။ ရွှေလုံးတို့ ပြေးရာနောက်သို့ ထက်ကြပ်မကွာ ပြေးလိုက်ဆော့လိုက်ဖြင့် အမြီးလေး တယမ်းယမ်းနှင့် မြူးထူးစွာ လိုက်လာသည်။ ကျောင်းပေါက်ဝရောက်တော့ ကျောင်းစောင့်အိမ်မှ ခွေးကြီးသုံးကောင်ရန်ကိုကြောက်သည်ထင် ရွှေလုံးအနားမှ မခွာတော့။

'ဒေါင် ဒေါင် ဒေါင်'

'ဟော ကျောင်းတက်ပြီ၊ ဘယ်လိုလုပ်မလဲ ရွှေလုံး'

မိသင်းစကားကြားတော့ ရွှေလုံး ဆုံးဖြတ်လိုက်သည်။ အနားရှိ သစ်ကိုင်းခြောက်တစ်ခုကို ကောက်ယူလိုက်သည်။ ဘိုမကား ဆော့ကစားမည်ထင်လား မသိ၊ ရွှေလုံးခြေထောက်ပေါ် ခုန်တက်သည်။

ရွှေလုံးကား 'ဘိုမ ပြန် ပြန်' ဟု ငေါက်လိုက်ကာ တစ်ချက် ရိုက်လိုက်သည်။ ဘိုမ တွန့်ခနဲ ဖြစ်သွားသလို မိသင်းတို့ပါအံ့သြသွားရသည်။ ရွှေလုံးသည် ဘိုမကို ရိုက်ရန်မပြောနှင့်၊ လေသံ မာမာဖြင့်ပင် အော်သည်ကို တွေ့ဖူးခြင်း မရှိသည်ကိုး။ ဘိုမကား မပြန်။ ရွှေလုံးတို့ ကျောင်းထဲဝင်တော့ ခပ်လှမ်းလှမ်းမှ လိုက်ဝင်မလို လုပ်သေးသည်။ ရွှေလုံးက သစ်ကိုင်းခြောက်ဖြင့် မြေကို သုံးလေးချက် ရိုက်လိုက်တော့မှ ကျောင်းပေါက်ဝမှ ရပ်ကြည့်ကာ တအီအီဖြင့် ညည်းနေတော့သည်။ ရွှေလုံး စိတ်မကောင်းသော်လည်း အော်ငေါက်လွှတ်တော့မှ လှည့်ကြည့် လှည့်ကြည့်ဖြင့် ပြန်သွားသည်။ ဆရာမ စာသင်တော့ ရွှေလုံး စိတ်မပါ။ ဘိုမ အိမ်ကို ကောင်းကောင်း ပြန်ရောက်ပါ့မလားဟူသော စိုးရိမ်စိတ်ဖြင့် တွေးနေမိတော့သည်။ မုန့်စားချိန် ရောက်တော့ ဓားလှီးမုန့်ဝယ်ပြီး မစားဘဲ ဘိုမအတွက် သိမ်းထားလိုက်သည်။ ကျောင်းဆင်းချိန်ရောက်တော့ မိသင်းတို့ကို မစောင့်ခေါ်တော့ဘဲ အိမ်သို့ အမြန်ပြေးသွားသည်။ အိမ်မရောက်မီ ခပ်လှမ်းလှမ်းကပင် အိမ်ရှေ့ တံခါးပေါက်နားတွင် ဝပ်နေသော ဘိုမကို လှမ်းမြင်ရသည်။ ရွှေလုံးရင်ထဲ ခုမှ နေသာသွားတော့သည်။

'ဘိုမ ဘိုမ အို့ အို့' ရွှေလုံးခေါ်သံကြားတော့ ဘိုမ ခေါင်းထောင်ကြည့်ပြီး ပြေးလာသည်။

ရွှေလုံးက ဓားလှီးမုန့်များကိုကျွေးတော့ စားရင်း ရွှေလုံးခြေထောက်ကို ဖက်ကာ ဆွဲကာ ပျော်ရွှင်စွာ ကစားသည်။ ဒီလိုနှင့် နောက်ရက်များတွင် ရွှေလုံးကျောင်းသွားတော့ ဘိုမကား ကျောင်းပေါက်ဝထိ လိုက်လာပြီးမှ ပြန်သည်။ ကျောင်းဆင်းချိန်ရောက်လျှင် အိမ်ပေါက်ဝမှ စောင့်ကြိုနေစမြဲ။ ရွှေလုံးကလည်း ကျောင်းမှ သရေစာမုန့်လေးများကို တစ်ဝက်ချန်ချန် ယူလာပြီး ကျွေးစမြဲပင်။

ရွှေလုံးနှင့် ဘိုမကား ဒီရွာတွင် အမြဲတွဲ၍ မြင်နေရသည့်မြင်ကွင်းဖြစ်လာသည်။ ရွှေလုံးသွားလေရာ ဘိုမက နောက်မှ တကောက်ကောက်ဖြင့် ပါသလို ရွှေလုံးကလည်း သွားလေရာ ခေါ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျောင်းပိတ်ရက်ကလေးများ ဆော့ကစားသည့်အခါ တူတူပုန်းတမ်းကစားလျှင်တော့ ဘိုမက ဆရာကြီး။ ရွှေလုံး ခွေးရူးကျသည့်အခါ ဘိုမက တရှူးရှူးနှင့် အနံ့ခံကာ ပုန်းနေသူတွေကို ရှာပေးသည်။ ရွှေလုံးပုန်းသည့်အခါတွင်လည်း ဘိုမအတွက်ပါ တစ်နေရာ လုပ်ပေးရသည်။ ဒီလိုမျိုး ပျော်ရွှင်စရာနေ့ရက်လေးတွေကို အမြဲတမ်း ပိုင်ဆိုင်နေရမယ်လို့ ရွှေလုံး ထင်ခဲ့မိသည်။ သို့ပေမဲ့ ရွှေလုံး၏ မျှော်လင့်ချက်လေးများသည် အညာနွေ၏တစ်နေ့မှာ ကွယ်ပျောက်ခဲ့ရသည်။ အဲဒီနေ့က…

အညာနွေလေရူးက မြူးချင်တိုင်းမြူးတော့သည်။ တောင်မှ တွန်းလိုက်၊ မြောက်မှ ပင့်လိုက်ဖြင့် အရပ်မျက်နှာပေါင်းစုံမှ စိတ်ထင်တိုင်း တိုက်နေတော့သည်။ မိုးမရွာတာကြာပြီဖြစ်သည့် မြေပြင်မှ ဖုန်၊ သဲနှင့် ရွက်ခြောက်တွေက လေနှင့်အတူ လူးလားခေါက်တုံ့ ဝဲပျံလျက် မဆုံးနိုင်သည့်ခရီးကို နှင်နေသည်။ သစ်ပင်တွေကလည်း စိမ်းစိုခြင်း ကင်းမဲ့လျက် ရိုးတံကျဲကျဲ ရွက်ခြောက်ကြွေကြွေဖြင့် အညာနွေ၏သရုပ်ကို ပီပြင်ဖော်ကျူးနေသည်။ ဒီနေ့ညနေကျောင်းဆင်းတော့ ဈေးတန်းထဲဝင်ကာ မုန့်ပျားသလက်များဝယ်သည်။ မုန့်ပျားသလက်ကို ရွှေလုံးလည်း ကြိုက်သည်။ နောက် ဘိုမလည်း ကြိုက်သည်။

'ဘိုမ ဘိုမ အို့ အို့ လာလာ' ခါတိုင်း အိမ်ပေါက်ဝတွင် စောင့်နေသည့် ဘိုမကို

**ကျောင်းပိတ်ရက်ကလေးများ ဆော့ကစားသည့်အခါ တူတူပုန်းတမ်းကစားလျှင်တော့ ဘိုမက ဆရာကြီး ရွှေလုံး ခွေးရူးကျသည့်အခါ ဘိုမက တရှူးရှူးနှင့် အနံ့ခံကာ ပုန်းနေသူတွေကို ရှာပေးသည်**

ဒီနေ့ မတွေ့ရ။ ခေါ်လည်း မရ။ ဘိုမ ဘယ်ရောက်နေသည် မသိ။

'အမေ ဘိုမကို တွေ့မိသေးလား၊ ခေါ်လို့လည်း မရဘူး' အိမ်ရှေ့တွင် ဆန်ပြာနေသည့် ဒေါ်သန်းမြကို လှမ်းမေးသည်။

'စောနက ဈေးဘက်က ပြန်လာတာ တွေ့လိုက်တယ်၊ အိမ်ထဲမှာ ရှိမှာပေါ့'

ရွှေလုံး အိမ်ထဲ ဝင်ခဲ့သည်။ ဒီလောက်ခေါ်မရတဲ့ ဘိုမ တွေ့ဦးမယ် ဟု စိတ်ထဲ တေးထားလိုက်သည်။ အိမ်ထဲရောက်တော့ ရေသောက်ရင်း ခုတင်ဆီ မျက်လုံးရောက်တော့ ခုတင်ခြေရင်းမှာ ခွေခွေလေး အိပ်နေသည့် ဘိုမကို တွေ့ရသည်။

'ဘိုမ လာ လာ အို့အို့' ဘိုမကား အမြီးလေး ယမ်းလာသည်၊ ထကား မထ။

'ဘိုမ ပျောင်း ထ မုန့်ပျစ်သလက်စားမယ် အို့ အို့ လာ' ခေါ်ရင်း ဘိုမဆီ လျှောက်လာသည်။ ဘိုမကား မလှုပ်။ ရွှေလုံးစိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်။ ဘိုမနား ပြေးသွားပြီး သေချာကြည့်တော့ ပါးစပ်မှ အမြှုပ်တစီစီထွက်နေသည်ကို တွေ့ရသည်။

'ဘိုမ ထ ထ ရော့ မုန့်စား အို့ အို့ ဘိုမ ဘိုမ' ဘိုမ ခေါင်းလေးကို ပွတ်ကာ စိုးရိမ်တကြီး ခေါ်သည်။ ဘိုမ မျက်လုံးလေးပွင့်လာပြီး အမြီးလေးကို ယမ်းကာ တအီ… အီ…ညည်းသည်။ ရွှေလုံးကျွေးသည့် မုန့်ပျစ်သလက်လေးကို နမ်းပြီး ရွှေလုံး လက်ကလေးကို လျက်ပြီးနောက် ငြိမ်သွားသည်။

'ဘိုမ ဘိုမ အမေရေ လုပ်ပါဦး ဘိုမ ဘာဖြစ်လဲ မသိဘူး၊ အမေ အမေ လာပါဦး'

ရွှေလုံး၏ အလန့်တကြားအော်သံကြောင့် ဆန်ပြာနေရာမှ ဒေါ်သန်းမြ ပြေးလာသည်။

'အမေ ဘိုမ ခေါ်မရဘူး၊ ဘာဖြစ်လဲ မသိဘူး၊ အမြှုပ်တွေလည်း ထွက်နေတယ်'

'အဆိပ်မိနေတာနေမယ်၊ သွား ထန်းလျက်သွားယူချေ။ ကန်စွန်းရွက်နဲ့ ထောင်းကျွေးရင် အဆိပ်ပြေ တယ်'

ရွှေလုံး ထန်းလျက်နှင့် ကန်စွန်းရွက်ကို ဝါးပြီး ကျွေး သော်လည်း ဘိုမကား မစား နိုင်တော့ပါ။ ဘိုမကား ရွှေလုံးကို ခွဲသွားချေပြီ။ ရွှေလုံး ရင်ထဲ တစ်ဆို့နေရသည်။ ရွှေလုံး ရှိုက်၍ရှိုက်၍ငိုရင်း…

'အမေ ဘိုမ ဘာလို့ အဆိပ်မိရတာလဲဗျာ'

'လက်ပံပွင့်ချိန် ခွေးရူး ချိန်လေ သားရယ်။ ရွာထဲက ခွေးတွေ ခဏခဏ ရူးပြီး သောင်းကျန်းလို့ ခွေးလေခွေး လွင့်တွေကို အမဲသား အဆိပ် ခတ်ကျွေးတာ ဘိုမက စားမိ တာနေမယ်'

ဘိုမကို သရက်ခြံတွင် မြေမြှုပ်ရန် မိသင်းကို သွား ခေါ်သည်။ မိသင်းကို ဘိုမ အကြောင်းပြောပြတော့ မိသင်းလည်း မျက်ရည်လေး လဲ့လဲ့ဖြင့် လိုက်လာသည်။ မိသင်းနှင့် ပြန်အလာ လမ်းတွင် ဘကြီးအောင်နှင့်တွေ့တော့ အမေပြော၍ ဘိုမသေသည့်အကြောင်းကို ဘကြီးအောင်က သိနှင့်နေလေပြီ။

'ငါ့မြေးတို့ စိတ်မကောင်း မဖြစ်ကြနဲ့၊ ဘိုမ ဝဋ်ကျွတ်သွားတာခေါ်တယ်။ တိရစ္ဆာန်ကနေ လူဖြစ်မယ့် အကောင်လေးတွေက လူနဲ့ အရမ်းယဉ်ပြီး လူ့စကား နား လည်တယ်။ ဘိုမလည်း အဲဒီ လိုပဲ၊ ဘိုမက လူဖြစ်သွားတာ မို့ ဝမ်းသာနေကြ ကြားလား ငါ့မြေးတို့၊ ကဲ ဘိုမကို မြေ မြှုပ်သွားမယ်ဆို သွားကြ မိုးက အုံ့တုံ့တုံ့ရယ်'

ဘကြီးအောင်စကား ကြောင့် ဝမ်းနည်းစိတ်…



www.burmeseclassic.com

www.burmeseclassic.com

လျှော့သွားသည်။ သနားစိတ်ကား မပျောက်။ အိမ်ရောက်တော့ အမေက ဘိုမကို ပီနံအိတ်ခွံတွင်းသို့ ထည့်ထားပြီးဖြစ်သည်။ သရက်ခြံရောက်တော့ ရွှေလုံးက ကျင်းတူးသည်။ မိသင်းက မြေကြီးများကိုဖယ်ရင်း...

'ဘကြီးအောင်ပြောသလို ဘိုမ လူပြန်ဖြစ်လို့ ငါတို့ရွာမှာပဲ လူဖြစ်ရင်ကောင်းမှာ...'

'အင်း ဒါဆို ဘိုမက ငါတို့ထက် ငယ်မှာနော်။ ဒီကျင်းလောက်ဆို ရလောက်ပြီ ရွှေလုံး'

'အင်း ရလောက်ပြီ မြှုပ်ရအောင် မိသင်း' ရွှေလုံးအသံတွေတုန်နေသည်။ မျက်ရည်တွေလည်း ကျလာရသည်။ ဘကြီးအောင် ပြောသလို ဘိုမလေး နောက်ဘဝမှာလူဖြစ်ပါစေလို့ ဆုတောင်းမိသည်။ မိသင်းနှင့် ရွှေလုံးတို့ ဘိုမကို မြေမြှုပ်ပြီး ပြန်အလာမှာပင် အုံ့မှိုင်းနေသော မိုးက တဖွဲဖွဲရွာရာမှ ဝုန်းဒိုင်းဒိုင်းဖြင့် အပြိုးတကြီးရွာချသည်။ မိုးသာမက လေကလည်း တဝေါဝေါဖြင့် အာကာတစ်ခွင်တွင် လေနှင့်မိုးကား သူနိုင်ကိုယ်နိုင် အပြိုင်ကြဲနေတော့သည်။ ရွှေလုံးနှင့် မိသင်းလည်း ဆက်မသွားရဲတော့ဘဲ နီးရာသစ်ပင်ခြေရင်းသို့ ဝင်ကာ ခိုရတော့သည်။ လျှပ်စီးတလက်လက်နှင့် မိုးကြိုးပစ်သံ တကျိန်းကျိန်းကား ကြောက်စရာကောင်းလှတော့သည်။ မိုးကြိုးတစ်ချက်ပစ်တိုင်း မိသင်းကိုယ်လေး တုန်တုန်သွားရသည်။ မိသင်းကို ဖက်ထားလိုက်သည်။ မိသင်းလည်း မျက်လုံးလေး မှိတ်ထားရင်း ရွှေလုံးကို တင်းတင်းပြန်ဖက်ထားသည်။

'အငယ် မိုးက ဘာလို့ရွာတာလဲ သိလား'

'ဟင့်အင်း' မိသင်းအသံလေးက ချမ်းသည့်အသံနှင့် ကြောက်သည့်အသံရောကာ အနည်းငယ် တုန်ယင်နေသည်။

'မိုးရွာတာက သိကြားမင်း ရှူးရှူးပေါက်တာတဲ့၊ မိုးကြိုးပစ်တာက သိကြားမင်း အီးအီးပေါက်တဲ့အသံတဲ့'

'ဟုတ်လို့လား၊ နင့်ကို ဘယ်သူပြောလဲ'

'ဦးလေးမောင် ပြောတာပေါ့'

ဒီလို စကားပြောနေတော့ မိသင်း ကြောက်စိတ်တွေ အနည်းငယ်လျော့သွားသည်။ ထိုစဉ်...

'ရွှေလုံးရေ ရွှေလုံး၊ အငယ်ရေ အငယ်၊ ရွှေလုံး' မိုးသံလေသံကြားမှ လွင့်ပျံ့လာသော ဒေါ်သန်းမြအသံကို သဲ့သဲ့ ကြားရသည်။

'အမေရေ အမေ သားတို့ ဒီမှာ'

'အရီး အငယ်တို့ ဒီမှာ' ရွှေလုံးနှင့် မိသင်းတို့ အော်ပြောကာ ထကြည့်သည်။ မိုးလေထဲတွင် ခမောက်ကြီးဆောင်းကာ လျှောက်လာသည့်အမေ့ကို တွေ့ရသည်မှာ အားရှိလှသည်။ ဒေါ်သန်းမြက ထဘီပြင်ဝတ်ကာ မိသင်းကို ကျောပိုးပြီး ရွှေလုံးကို ပွေ့ချီရန် ပြင်သည်။ ဒေါ်သန်းမြ ခြေမထိပ်ကွဲ၍ သွေးများ ထွက်နေသည်ကို ရွှေလုံး တွေ့လိုက်ရသည်။

'အမေ ခြေမကွဲပြီး သွေးတွေ ထွက်နေတယ်၊ မိသင်းပဲ ကျောပိုးတော့။ သား လမ်းလျှောက်လိုက်လာမယ်'

'အရီး အငယ်လည်း လမ်းလျှောက်လိုက်မယ်လေ' ကျောပေါ်မှ မိသင်းက ပါဝင်ပြောသည်။

'ဖွက်တွေထဲ ခလုတ်တိုက်ပြီး နင်တို့ပါ ခြေမကွဲနေလိမ့်မယ်၊ လာ' အမေက ရွှေလုံးကို ဆွဲခနဲ ကောက်ချီပြီး အိမ်ပြန်သည်။

အမေ့ရင်ခွင်ကား နွေးထွေးလွန်းလှသည်။ ရွှေလုံး အမေ့ရင်ခွင်ထဲ ခေါင်းလေးတိုးဝင်ကာ အမေ့ကိုဖက်ရင်း ငြိမ်ငြိမ်လေး စဉ်းစားမိသည်။ နောက်ခွေးမွေးသည့်အခါ ခုလို လက်ပံပွင့်ချိန်ရောက်လို့ အဆိပ်မိသည့်အခါ ဘယ်လိုလုပ်ရပါ့။ ဘိုမလေး သနားဖို့အရမ်းကောင်းသည်။ ပြီးတော့ အမေ့ခြေမ ကွဲသည်ကို သတိရမိသည်။ သွေးတွေ ဒီလောက် ထွက်နေတာ မနာဘဲတော့ မနေ၊ နာမှာ သေချာသည်။ ရွှေလုံး ဆုံးဖြတ်လိုက်သည်။ အမေ့ရင်ခွင်ထဲမှ ခေါင်းလေးမော့ကာ အမေ့မျက်နှာကိုကြည့်ရင်း ပြောလိုက်သည်။

'အမေ သား နောက်ကို ဘယ်တော့မှ ခွေးမမွေးတော့ဘူး'

ဒေါ်သန်းမြကား မိသင်းကို ကျောပိုးရင်း ရွှေလုံးကို ပွေ့ချီကာ မိုးထဲ လေထဲ အိမ်ပြန်လမ်းကို တရွေ့ရွေ့ လှမ်းနေဆဲ...။

■

သုတအောင်


**အယ်ဒီတာအဖွဲ့**

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# [illegible] မိုးသည်းတစ်ည [illegible]



၁။
အမှိုက်ပုံထဲမှာ
အစာရှာ စားနေရင်း
ဗိုက်နာတဲ့ ဝေဒနာကို
ခံစားလာရတယ်။
ဗိုက်က တဖြည်းဖြည်းနဲ့
ပိုပြီးနာလာတယ်။
နောက်ဆုံး ဘယ်လိုမှ
မခံနိုင်တော့ဘူး။ ကျွန်မ
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]ယ်။ ဒါကြောင့်
မွေးစရာနေရာကို
လိုက်ရှာရတော့တယ်။
ပထမဆုံး
[illegible]ကွက်အစွန်က
[illegible]တံရှည်အိမ်လေး
အောက်ကိုပြေးဝင်လိုက်
တယ်။ နေရာကတော့
အကောင်းသား။
မြေသားက နူးညံ့တယ်။
မိုးလုံလေလုံဆိုတော့
ပိုပြီးစိတ်ချရတယ်။

အခုလို
မိုးတွင်းကြီးမှာ
နေရာကောင်းတစ်ခု
ရဖို့ဆိုတာ မလွယ်လှဘူး။
ဒါကြောင့် ဒီ နေရာကို
ကျွန်မ သဘောကျ
သွားမိတယ်။
မြေသားတွေကို
လက်နဲ့ ယက်ထုတ်ပြီး
တွင်းဖော်နေတုန်းမှာ
ဘုတ်ခနဲအသံနဲ့အတူ
ကျောက်ခဲတစ်လုံးက
ကျွန်မခေါင်းကို
လာမှန်တယ်။
[illegible]
[illegible]
[illegible]နေတယ်။
'ဒီခွေးမတော့ကွာ…
ရာရာစစ ငါ့အိမ်အောက်မှာ
[illegible]
[illegible]နေတယ်။
ကဲကွာ…'
ပါးစပ်ကပြောပြီး
ကျောက်ခဲတွေနဲ့
အဆက်မပြတ်
ပစ်တော့တာပဲ။
ကျွန်မ ကျောက်ခဲတွေကို
တိမ်းရှောင်ပြီး
လွတ်အောင်ထွက်ပြေးခဲ့

အမှတ် ၂၇၉ ဒီဇင်ဘာ ၂၀၁၃



www.burmeseclassic.com

www.burmeseclassic.com

ရတယ်။ ကျွန်မ အရှောင်ကောင်းတာတောင် ခြေထောက်နဲ့ ခေါင်းကို ကျောက်ခဲမှန်သွားသေးတယ်။ တော်သေးတယ်လို့ ဆိုရမှာပေါ့။ တကယ်လို့များ ဗိုက်ကို ကျောက်ခဲမှန်သွားရင်ကလေးတွေအတွက် မတွေးရဲစရာဘဲ။ ဗိုက်ထဲက ကလေးတွေ တစ်ခုခုဖြစ်သွားမှာကို ကျွန်မ အရမ်းကြောက်တယ်။ ဒါကြောင့် အဲဒီလူကြီးနဲ့ ဝေးရာကို ကျွန်မ ပြေးထွက်လာခဲ့တယ်။

ဗိုက်နာရင်း တန်းလန်းနဲ့ နေရာသစ်ကို လိုက်ရှာရပြန်တယ်။ မိုးရိပ်တွေကလည်း မည်းတက်လာပြီ။ မိုးတွင်းကြီးမှာ ကလေး မွေးရတာလောက် ပင်ပန်းတာ မရှိဘူး။ တခြားရာသီတွေမှာဆိုနီးစပ်ရာအမှိုက်ပုံမှာမွေးလိုက်လည်းပြဿနာမရှိဘူး။ ပြေးရင်းလွှားရင်း တိုက်ကြီးတစ်လုံးရဲ့နောက်က ဂိုဒေါင်ကြီးကို ကျွန်မ မျက်စိကျသွားတယ်။ အဲဒီဂိုဒေါင်ကြီးထဲမှာ မွေးရမယ်ဆို ဟန်ကျတာပဲ။ မိုးလေလုံတဲ့အပြင်ကလေးတွေလည်း နွေးထွေးမယ်။ ကျွန်မလည်း သက်သောင့်သက်သာနဲ့ ကလေးမွေးနိုင်မယ်။ ကိုယ့်အတွေးနဲ့ကိုယ် ကျွန်မ ကျေနပ်သွားမိတယ်။

ဂိုဒေါင်ကြီးအနားကို ကျွန်မ ကပ်လာခဲ့တယ်။ လူတွေများ ရှိနေမလားလို့ အရိပ်အခြည်ကြည့်လိုက်တော့ မတွေ့ရဘူး။ အို ဂိုဒေါင်တံခါးကလည်း ပွင့်လျက်သားပဲ။ ကျွန်မ အရမ်းဝမ်းသာသွားတယ်။ ဂိုဒေါင်ထဲဝင်လာပြီး ကျွန်မ ကြည့်လိုက်မိတယ်။ အထဲမှာ ခုတင်ကတစ်လုံးရှိတယ်။ ပြီးတော့ တခြားတိုလီမိုလီပစ္စည်းတွေနဲ့ ရှုပ်နေတာပဲ။ မွေးမယ့်နေရာကြည့်တော့ ဂုန်နီအိတ်တွေခင်းထားတဲ့နေရာတစ်ခုကို တွေ့လိုက်တယ်။ ဝမ်းသာအားရနဲ့ ကျွန်မ တက်အိပ်လိုက်တယ်။ အဲဒီတော့မှ ဗိုက်ကို လွတ်လွတ်လပ်လပ် နာရတော့တယ်။

‘ဟာ…ဒီခွေးမ ဘယ်ကဝင်လာတာလဲ၊ ကဲကွာ’

ရုတ်တရက်ထွက်ပေါ်လာတဲ့ အသံနဲ့အတူ ပြင်းထန်တဲ့ရိုက်ချက်က ကျွန်မ ခေါင်းကို မိတ်ဆက်သွားတယ်။ ကျွန်မ ဗိုက်နာတာကို မေ့ပြီး ဂိုဒေါင်အပြင်ကို ပြေးထွက်လာခဲ့တယ်။ ပြေးရင်းနဲ့ နောက်ကို ပြန်လှည့်ကြည့်လိုက်တော့ ကျွန်မကိုရိုက်တဲ့လူနဲ့ မိန်းကလေးတစ်ယောက် ဂိုဒေါင်ထဲကိုဝင်သွားကြတာ တွေ့လိုက်ရတယ်။ အဲဒီလူကြီးကို ကျွန်မကောင်းကောင်းသိတာပေါ့။ ဒီတိုက်ကြီးရဲ့ပိုင်ရှင်လေ။ ပြီးတော့ အဲဒီလူကြီးရဲ့မိန်းမက အောက်ပိုင်းသေနေတဲ့ဒုက္ခိတဆိုလားပဲ။ တစ်ပတ်တစ်ခါလောက် ဆေးခန်းသွားပြနေကြတာကို ကျွန်မ တွေ့တွေ့နေရတယ်။ ပြီးတော့ အဲဒီလူကြီးနဲ့ ဂိုဒေါင်ထဲ အတူဝင်သွားတဲ့မိန်းကလေးကိုလည်းမြင်ဖူးသားပဲ။ ဘယ်မှာများမြင်ဖူးတာပါလိမ့်။ သြော်…မှတ်မိပြီ။ ဒီတိုက်ကြီးမှာ အိမ်ဖော်လုပ်ဖို့ဆိုပြီးရောက်လာတဲ့ မိန်းကလေးမဟုတ်လား။ တောကနေ ဒီကိုရောက်လာတာ သိပ်မကြာသေးဘူး။ နှစ်လလား၊ သုံးလလား ဒီလောက်ပဲရှိဦးမယ်ထင်တယ်။ သူတို့ အဲဒီဂိုဒေါင်ထဲ ဘာဝင်လုပ်တာပါလိမ့်။

ကျွန်မလည်း စပ်စုချင်စောနဲ့ ဗိုက်နာတာကို မေ့သွားတယ်။ ဂိုဒေါင်အနားကို ချဉ်းကပ်လာပြီး အပေါက်ကလည်း ချောင်းကြည့်လိုက်ရော။ ကျွန်မ အံ့သြသွားမိတယ်။ လူကြီးက အဲဒီမိန်းကလေးကို ပွေ့ဖက်ထားလို့။ အဲဒီလူကြီးနဲ့ မိန်းကလေးက ဘယ်လိုဖြစ်နေကြတာလဲ။ ကျွန်မ တအံ့တသြနဲ့ ချောင်းကြည့်နေမိတယ်။

‘သမီးတော့ ဒုက္ခရောက်ပြီ ထင်တယ် ဦးလေးရယ်…အဟင့် ဟင့်’

မိန်းကလေးက အဲဒီလူကြီးရဲ့ရင်ခွင်ထဲကနေ တရှုပ်ရှုပ် ငိုကြွေးရင်းနဲ့ လှမ်းပြောတယ်။ ဒီတော့ လူကြီးက မိန်းကလေးရဲ့မျက်နှာပေါ်ကို စီးကျလာတဲ့ မျက်ရည်စတွေကို ပွတ်သပ်ပေးလိုက်တယ်။

‘ဘာဖြစ်လို့လဲ ကလေးရယ်။ ဦးနဲ့ တွေ့ရတာကို မပျော်လို့လား ကလေး’

‘မဟုတ်ဘူး ဦး၊ သမီးမှာ…သမီးမှာလေ ကိုယ်ဝန်ရှိနေပြီ’

မိန်းကလေးက တစ်ဝက်တစ်ပျက်နဲ့ စကားကို ရပ်ထားရင်း တရှိုက်ရှိုက်နဲ့ ငိုနေပြန်တယ်။ မိန်းကလေးကသာ ငိုရှိုက်နေတာပါ။ လူကြီးကတော့ မျက်နှာတောင် တစ်ချက်မပျက်ဘူး။ ပြီးတော့ မိန်းကလေးကိုကြည့်ပြီးပေါ့ပေါ့ပါးပါးပဲ လှမ်းပြောတယ်။

‘ဒါများ ကလေးရယ် ခက်တာမှတ်လို့။ ဖျက်ချလိုက်လို့ရသားပဲ။ ဦး အားလုံးစီစဉ်ပေးမယ် ကလေး’

‘ရှင်…ဦးလေး…ဟင့်အင်း…သမီး ကြောက်တယ်’

မိန်းကလေးဆီက အလန့်တကြားအသံထွက်လာသလို ကျွန်မလည်း အံ့သြထိတ်လန့်သွားရတယ်။ ကြည့်ပါဦး လွယ်လွယ်ပြောရက်လိုက်တာ။ ကလေးကို ဖျက်ချလိုက်တဲ့။ ကျွန်မ ယောင်ယမ်းပြီး ကိုယ့်ဗိုက်ကို ပြန်ကြည့်မိသွားရတယ်။ အကောင်အထည်မမြင်ရသေးပေမဲ့ ကလေးတွေရှိနေတယ်ဆိုတဲ့အသိနဲ့ ကျွန်မတို့လို မိခင်လောင်းတွေက ကြည်နူးနေမိခဲ့ကြတာ။ အခုတော့ လူကြီးက မိန်းကလေးကို ကိုယ်ဝန်ဖျက်ချဖို့ပြောနေပြီ။ တာဝန်မဲ့လွန်းတဲ့ လူကြီးကိုကြည့်ပြီး ကျွန်မ ရွံမုန်းသွားမိတယ်။

‘ကဲ…ကဲ ဒါဆိုလည်း မဖျက်နဲ့တော့နော်။ နောက်တော့မှ ဦး ကြည့်စီစဉ်ပေးမယ် ကြားလား’

လူကြီးရဲ့စကားအောက်မှာ မိန်းကလေး ခေါင်းညိတ်လိုက်တာကို မြင်လိုက်ရတယ်။ ဂိုဒေါင်အနားကနေ ကျွန်မ ပြေးထွက်လာခဲ့တော့တယ်။ လူတွေများ တော်တော်ကို အရှက်ကင်းမဲ့ကြတာပဲ။ သစ္စာလည်း မရှိကြဘူး။ မိန်းမငုတ်တုတ်ရှိနေရက်နဲ့ကို ဖောက်ပြားနေလိုက်ကြတာ။ ဒါကိုတောင် သူတို့ လူတွေက ပြောကြသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခွေးဖာတ်ခင်းတယ်တဲ့။ ကြဲကြဲဖန်ဖန်တော် နှိုင်းစရာရှားလို့။ ဒီလူကြီးကိုကြည့်ပြီး ကျွန်မတို့ ခွေးတွေတောင် သိက္ခာကျတယ်။

တကယ်ဆို ကျွန်မ အပျိုဖော်ဝင်လာခဲ့ကတည်းက ဝိုင်းဝိုင်းလည်လာတဲ့အကောင်တွေ အများသား။ ဒါပေမဲ့ ကျွန်မ ဘယ်အကောင်ကိုမှ အကပ်ခံခဲ့တာ မဟုတ်ဘူး။ ဟိုရှောင်ပြေး ဒီရှောင်ပြေးနဲ့ နေလာခဲ့တာ။ ကိုယ့်ကိုယ်ကို ထိန်းသိမ်းလာခဲ့တာ။ ဘယ်နေရာကြည့်ကြည့် ဗိုင်းကောင်းကျောက်ဖိ သန့်သန့်လေးပဲ။ ကိုညိုနဲ့တွေ့မှ မေတ္တာစိတ်ယိုဖိတ်ပြီးအကပ်ခံခဲ့တာ။ ကိုညိုကလည်းကျွန်မကိုသာ သည်းသည်းလှုပ်ချစ်တာ။ ဘယ်ကောင်မကိုမှ ပြည်တည်တည် လိုက်လုပ်တာ မဟုတ်ဘူး။

ကိုညိုနဲ့ကျွန်မ နှစ်ကောင်တစ်ဘဝအဖြစ်နဲ့ နေရတဲ့နေ့တွေက ချိုမြိန်တဲ့နေ့ရက်တွေပေါ့။ အိမ်နောက်ဖေးတံခါးဖွင့်ထားတဲ့အိမ်တွေမှာ ထမင်းတွေဟင်းတွေ ဝင်ခိုးစားကြတယ်။ အိမ်ရှင်သိလို့ နီးရာပစ္စည်းတွေနဲ့ ပစ်ပေါက်ရင် အတူတူထွက်ပြေးကြတယ်။ ဘယ်သွားသွားဘယ်လာလာ အတူတူပဲ။ မျက်စိအောက် အပျောက်မခံနိုင်အောင်ချစ်ကြရတာပေါ့။ ဒါပေမဲ့ ကိုညို ကံဆိုးရှာပါတယ်။ ကိုညို့အဖြစ်ဆိုးကို တွေးကြည့်တာနဲ့တင် ဝမ်းနည်းလို့မဆုံးဘူး။

ကိုညိုနဲ့ကျွန်မ အကြောင်းပါပြီး ကိုယ်ဝန်လွယ်တဲ့အချိန်မှာပဲ ချင်ခြင်းတပ်လာပါရောလား။ ကျွန်မရဲ့ချင်ခြင်းက လူတွေရှောင်းနေတဲ့ ပေါက်စီကိုမှ စားချင်တာ။ ပေါက်စီ မစားရရင် မနေနိုင်ဖြစ်ပြီး တမှိုင်မှိုင်တတွေတွေပေါ့။ ကျွန်မရဲ့အဖြစ်ကို ကိုညိုက မကြည့်ရက်လို့ ပေါက်စီရှာပေးမယ်ဆိုပြီး ထွက်သွားရော။ အဲဒါကမှ ကျွန်မအတွက် မဟာအမှားကြီးကျူးလွန်လိုက်သလိုပါပဲ။ ပေါက်စီ ယူလာခဲ့မယ်ဆိုပြီး ထွက်သွားတဲ့ ကိုညိုအပေးကြီးကို ရောက်သွားတဲ့အထိ ကျွန်မ ငေးကြည့်နေမိခဲ့တာ။

ပေါက်စီသွားရှာတဲ့ ကိုညို တစ်နာရီကြာလည်း ပြန်မလာ။ နှစ်နာရီကြာလို့လည်း ပြန်မလာနဲ့။ အချိန်တွေသာ တရွေ့ရွေ့ကုန်သွားတယ်။ ကိုညို ပြန်မလာဘူး။ အဲဒီတော့မှ ကျွန်မ လိုက်ရှာတော့ ကားလမ်းမထက်က သွေးအိုင်ထဲမှာ လဲနေတဲ့ ကိုညိုရယ်လေ။ ပါးစပ်မှာလည်း ပေါက်စီကို ကိုက်ထားလိုက်တာ ချတောင်မချဘူး။ ကျွန်မကို အသေခံပြီး ချစ်ပြသွားတာလေ။ ကိုညို့အဖြစ်ကို မြင်ပြီး ကျွန်မ ဖြေမဆည်နိုင်အောင်ကို ဖြစ်ခဲ့ရတာ။

အခု ကျွန်မ မြင်လိုက်တဲ့ လူတွေများ သစ္စာမဲ့လိုက်ကြတာ။ ကိုညိုနဲ့တခြားစီပဲ။ အရှက်အကြောက်လည်း တစ်စက်ကလေးမှ မရှိကြဘူး။ မယားကြီးငုတ်တုတ်ရှိနေရက်နဲ့တောင် ငတက်ပြားထုံးနှလုံးမူနေကြတာ။ သေသာသွားရင် ရက်မလည်ခင် အိမ်ပေါ်ခေါ်တင်မယ့်ကိန်းပဲ။

❑

၂။

ဗိုက်က တစ်စထက်တစ်စ ပိုနာလာပြီ။ အခုထိ မွေးမယ့်နေရာကို ရှာမတွေ့သေးဘူး။ တစ်နေရာကနေ တစ်နေရာ ပြေးလွှားနေရတာနဲ့ ကျွန်မ အရမ်းပင်ပန်းနေပြီ။ နေရာတစ်နေရာတွေ့လို့ ဝင်ပြေးမိပြန်တယ်။ ထင်းတွေလှောင်ထားတဲ့ ရုံကြီးတစ်ခုလုံးက လုံလုံခြုံခြုံပါပဲ။ ကျွန်မ ထင်းလှောင်ရုံထဲ ဝင်လိုက်ရုံပဲ ရှိသေးတယ်။ ခပ်ပြင်းပြင်းလှမ်းလာတဲ့ခြေသံတွေကို ကြားလိုက်ရတယ်။ ခြေသံတွေက တဖြည်းဖြည်းနဲ့ နီးကပ်လာတယ်။ ကျွန်မ ကြည့်လိုက်တော့ ကိုယ်ဝန်အရင့်အမာနဲ့ မိန်းမတစ်ယောက်က ထင်းတစ်ချောင်းကိုဆွဲကိုင်လို့။ အန္တရာယ်ကို ရိပ်စားမိလိုက်ပေမဲ့ နောက်ကျသွားခဲ့တယ်။ ထင်းချောင်းက ကျွန်မ ခေါင်းကို အရှိန်ပြင်းပြင်းနဲ့လာမှန်တယ်။ ဗိုက်ကနာ၊ ခေါင်းက နာနဲ့ ပြေးထွက်လာခဲ့ရပြန်တယ်။

ဒီမိန်းမကြီးက စာနာမှုတရား ကင်းမဲ့လိုက်တာ။ သူမှာလည်း ကိုယ်ဝန်နဲ့ နည်းနည်းပါးပါး ကိုယ်ချင်းစာမှပေါ့။ သူတို့ကျတော့ ဗိုက်နာမှာကြောက်လို့ အဆင့်မြင့်ဆေးရုံတွေမှာ ခွဲမွေးကြမှာ။ ပြီးတော့ မမွေးခင်မှာလည်း ဆေးစား။ မွေးပြီးတော့လည်း ဆေးနဲ့ မလွတ်ကင်း။ သူတို့အကြောင်းများ မသိရင်ခက်မယ်။

ကျွန်မတို့မှာဆို ဗိုက်ရကတည်းက ဆေးဆိုတာ ဘာလဲမသိ။ ပြီးတော့ သူတို့လူတွေလို တစ်ယောက်တည်း မွေးတာမဟုတ်ဘူး။ အစုလိုက် အပြုံလိုက်မွေးတာ။ ကျွန်မတို့လိုများ သူတို့မွေးရရင် အသက်နဲ့ကိုယ် အိုးစားကွဲသွားမယ်ထင်ရဲ့။ ပြီးတော့ အခုခေတ်မှာ သားသမီးတွေကို ကျွန်မတို့လို အနာခံပြီး မွေးတဲ့မိခင်တွေ ရှာမှရှားပဲ။ ကျွန်မတို့မှာ မမွေးခင်ကတည်းက ဒုက္ခတန်းလန်းနဲ့ ခိုကိုးရာမဲ့။ ဒုက္ခဆိုပေမဲ့လည်း ကျွန်မတို့လို မိခင်လောင်းတွေအတွက် ချိုမြိန်တဲ့ဒုက္ခတွေပေါ့လေ။

အား…ဗိုက်က ပိုနာလာပြန်ပြီ။ မွေးတော့မယ်ထင်ပါရဲ့။ နောက်ထပ်နေရာတစ်ခုရှာဖို့ မီမှမီသေးရဲ့လား။ အားတင်းပြီး နေရာလိုက်ရှာကြည့်တယ်။ မခံနိုင်တော့ဘူး။ မွေးတော့မှာ သေချာတယ်။ ကျွန်မနဲ့ အနီးကပ်ဆုံးနေရာကို ကြည့်လိုက်တော့ ရေမြောင်းတစ်ခုကိုဖောက်လုပ်ထားတဲ့ သစ်သားတံတားသေးသေးလေးကို တွေ့လိုက်တယ်။ မတတ်နိုင်တော့တဲ့အဆုံး ရေမြောင်းထဲဆင်းပြီး တံတားအောက်ကို ဝင်လာခဲ့တယ်။ ရေမြောင်းထဲမှာ ရေမရှိလို့ တော်ပါသေးရဲ့။ မိုးရာသီဆိုတော့ မြေသားတွေက သိပ်မမာဘူး။ နူးအိနေတဲ့ မြေတွေကို လက်နှစ်ဖက်နဲ့ ယက်ထုတ်ပြီးတွင်းဖြစ်အောင် လုပ်ရတယ်။ ကျွန်မ ပြေးရလွှားရနဲ့ သိပ်ပင်ပန်းနေလို့ထင်တယ်။ တွင်းကြီးကြီး ဖော်ဖို့တောင် အားမရှိတော့ဘူး။ ဒီတော့ ဖော်လက်

www.burmeseclassic.com

စတွင်းထဲမှာပဲ ကျွန်မ လှဲချလိုက်တော့တယ်။

အား…အမေရေ…အား…နာလိုက်တာ။

တကယ့်ကို နာကျင်လွန်းလှတယ်။ ကျွန်မ ဗိုက်တွေ ကွဲထွက်ကုန်ပြီထင်ပါရဲ့။ ကျွန်မ ဗိုက်နာနေတဲ့အချိန် ပြင်းပြင်းပြပြသတိရမိတာက ကိုညို့ကို မဟုတ်ဘူး။ ကျွန်မကို မွေးထုတ်ပေးခဲ့တဲ့ အမေ။ အမေ့ကို အရမ်းသတိရမိတယ်။ ကျွန်မကို မွေးခဲ့တုန်းကလည်း အမေ ဒီလိုခံစားခဲ့ရမှာပဲ။ ဒီလိုနာကျင်ခဲ့ရမှာပဲ။ အား…အရမ်းနာတာပဲ အမေရယ်။ တကယ်ပဲ လုံးဝမခံနိုင်တော့ဘူး။ အား…အမေရေ…။

'သမီး အားတင်းထားနော်။ မွေးတော့မယ်။ ညှစ်၊ အားနဲ့ ညှစ်ထုတ်လိုက်။ မိခင်တွေရဲ့အားမာန်အပြည့်နဲ့ ရင်သွေးလေးတွေကို လောကကြီးထဲကို သတ္တိရှိရှိ ခေါ်ထုတ်လိုက်'

ကျွန်မနားထဲမှာ အမေ့စကားသံလိုလို ကြားနေရတယ်။ ဟုတ်တယ် ကျွန်မရဲ့ ရင်သွေးလေးတွေကို သတ္တိရှိရှိနဲ့ လောကကြီးကို ပြသရမယ်။ ကျွန်မ အင်တိုက်အားတိုက်ညှစ်ထုတ်လိုက်မိတယ်။

အား…။

ကျွန်မ နာကျင်စွာနဲ့ အော်ဟစ်လိုက်မိတယ်။ ပြီးတော့ ကျွန်မရဲ့ဖောင်းနေတဲ့ ဗိုက်က ဟာလာဟင်းလင်းဖြစ်သွားသလို ခံစားလိုက်ရတယ်။ ကျွန်မ တစ်ကိုယ်လုံး အားအင်တွေ ဆုတ်ယုတ်လာပြီး မောပန်းသွားတယ်။ ပြီးတော့ အမှောင်ထုက ကျွန်မကို ဝါးမျိုသွားသလို ခံစားလိုက်ရပြီး လောကကြီးနဲ့ အဆက်အသွယ်ပြတ်သွားတော့တယ်။

❑

၃။

ကျွန်မ သတိရလာတာနဲ့ နားဝင်ချိုစေတဲ့ တီတီတာတာအသံလေးတွေ ကြားလိုက်ရတယ်။ ကျွန်မ ဝမ်းသာအားရကြည့်လိုက်တော့ ကိုးကောင်တောင်။ ကျွန်မ ကြည်နူးသွားမိတယ်။ နာကျင်တာတွေအားလုံး မြူတစ်မှုန်မှမကျန် လွင့်ပျောက်သွားတယ်။ ကြည့်စမ်းပါဦးလေ။ ကျွန်မကို တိုးဝှေ့ရစ်ပတ်နေတဲ့ သံယောဇဉ်ကြိုးလေးတွေ။ မျက်လုံးတောင် မပွင့်သေးတဲ့ ကလေးတွေက သူ့မိခင်ဖြစ်တဲ့ ကျွန်မကို မြင်ချင်နေရှာမှာပေါ့။ ကလေးတွေကို ကျွန်မ လျှာလေးနဲ့ အသာလျက်ပေးလိုက်မိတယ်။ မှန်းစမ်း ဘာလေးတွေလဲ။ အံမယ်…ကိုညိုနဲ့တူတဲ့ အထီးက လေးကောင်။ ကျွန်မနဲ့တူတဲ့အမလေးက ငါးကောင်။ ကျွန်မမျက်ဝန်းထဲမှာ မျက်ရည်တွေ ဝေ့သီလာတယ်။ ဩော်…ကိုညိုသာရှိရင် ဘယ်လောက်များကောင်းလိုက်မလဲ။ ဖခင်မဲ့ရှာတဲ့ ကလေးတွေကို ကြည့်ပြီး ကျွန်မ စိတ်မကောင်းဖြစ်မိတယ်။

ဂျိန်း…ဂျိန်း…

လျှပ်စီးလက်သံနဲ့အတူ မိုးခြိမ်းသံကြီးက ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာတယ်။ အန္တရာယ်အနံ့အသက်ကို ရလာတဲ့ ကျွန်မ ဖျတ်ခနဲ ထလိုက်တယ်။ ကောင်းကင်တစ်ခွင်လုံး မိုးရိပ်တွေနဲ့မည်းမှောင်လို့။ မိုးစက်လေးတွေတောင် တစ်ပေါက်စ၊ နှစ်ပေါက်စ ကျလာနေတယ်။ ကျွန်မကလေးတွေအတွက် စိုးရိမ်တကြီးဖြစ်သွားတယ်။ နေရာရွှေ့မှဖြစ်တော့မယ်။ မိုးရွာလာရင် အခက်။ ရေမြောင်းတစ်ခုလုံး ရေပြည့်လာရင် ကလေးတွေ မျောသွားလိမ့်မယ်။

ကျွန်မ ကလေးတစ်ကောင်ကို ကိုက်ချီလိုက်တယ်။ မိုးလုံမယ့်နေရာကို လိုက်ရှာရတယ်။ အရေးအကြောင်းဆို နေရာက ရှာမတွေ့ပြန်ဘူး။ ကလေးတစ်ကောင်ကိုကိုက်ချီပြီး ကျွန်မ ဟိုဘက်ပြေးရမလိုလို၊ ဒီဘက်ပြေးရမလိုလို ဖြစ်နေခဲ့တယ်။ နောက်တော့ အရိပ်ကောင်းတဲ့ ကုက္ကိုပင်ကြီးတစ်ပင်ကို မြင်လိုက်ရတယ်။ ချက်ချင်းပဲ ကုက္ကိုပင်ကြီးဆီကို ဦးတည်ပြီး ပြေးသွားမိတယ်။ ကုက္ကိုပင်ကြီးက မိုးအနည်းငယ်လုံပေမဲ့ စိတ်ချရတဲ့နေရာတော့ မဟုတ်သေးဘူး။ ဒါပေမဲ့ ရေမြောင်းထက်စာရင် ပိုစိတ်ချရတယ်။ ကလေးတစ်ကောင်ကို ချထားခဲ့ပြီး ရေမြောင်းအောက်ကို ပြေးလာခဲ့ရပြန်တယ်။

မိုးက တဖွဲဖွဲကျလာပြီ။ ကျွန်မ အပြေးအလွှားနဲ့ကလေးတွေကို ကိုက်ချီပြေးလွှားနေခဲ့တယ်။ အခုမှ ခြောက်ကောင်ပဲ ဘေးလွတ်ရာ ရောက်သေးတယ်။ ကျွန်မ အားတင်းပြီး ပြေးလာခဲ့ပြန်တယ်။ ကျွန်မ အရမ်းပင်ပန်းနေပြီ။ ဒါပေမဲ့ သားဖေးနဲ့မို့ ကျွန်မ မောရမှန်း မသိသေးဘူး။ ရှစ်ကောင် မြောက်ချီလာပြီးချိန်မှာတော့ မိုးက သဲသဲမဲမဲ ရွာချလာတော့တယ်။ ကျွန်မ အပြေးအလွှားနဲ့ ကလေးတွေကို ကိုက်ချီလာရတယ်။ ရှစ်ကောင်ပဲ ဘေးလွတ်ရာကို ရောက်သေးတယ်။ မိုးက ပိုပြီးသည်းထန်လာတယ်။

ကျွန်မ စိုးရိမ်တကြီးနဲ့ ပြေးလာခဲ့တယ်။ ရေမြောင်းထဲမှာ ရေတွေ တဖြည်းဖြည်းများလာခဲ့ပြီ။ ကျွန်မ အသက်တကြားဖြစ်သွားတယ်။ ကလေးအတွက် ပူပန်မှုတွေက အထွတ်အထိပ်ကို ရောက်နေပြီ။ ကျွန်မ ရေမြောင်းထဲကို ခုန်ဆင်းလိုက်တယ်။ ကလေးရဲ့အရိပ်အယောင်ကိုတောင် မတွေ့ရဘူး။ မိုးက ပိုပိုပြီး သည်းလာတယ်။ ကျွန်မ မျက်ဝန်းမှာ မျက်ရည်တွေစို့တက်လာတယ်။ သားလေး မျောသွားခဲ့ပြီလား။ အခုလို ရေနည်းနေတုန်း တွေ့အောင်ရှာမှဖြစ်မယ်။ ရေမြောင်းထဲမှာ ရေတွေပြည့်လျှံလာရင် သားလေးကို တွေ့ဖို့မလွယ်တော့ဘူး။

ကျွန်မ ရေမြောင်းတစ်လျှောက် အပြေးအလွှားလိုက်ကြည့်တယ်။ ဟင် ကျွန်မ မျက်လုံးတွေ ဝင်းလက်သွားတယ်။ ပျဉ်ပြားလေးတစ်ချပ်ပေါ်မှာတင်ပြီး မျောနေရှာတဲ့ သားလေး။ သားလေးက အသက်အန္တရာယ်ကို ရိပ်စားမိနေတယ်ထင်ရဲ့။ ပျဉ်ပြားကို အသေအလဲကုပ်တွယ်ထား တာ တွေ့ရတယ်။ ရှေ့ရှိန်

www.burmeseclassic.com

နည်းနေသေးတော့ ပျဉ်ပြားလေးက တဖြည်းဖြည်းချင်း မျောနေခဲ့တာ။ ရေအရှိန်သာ ကြမ်းလို့ကတော့ သားလေး ပျဉ်ပြားပေါ်က ပြုတ်ကျမှာ သေချာတယ်။

ကျွန်မစိုးရိမ်စိတ်တွေနဲ့ ပျဉ်ပြားရှေ့ကို ခုန်ဆင်းလိုက်တယ်။ ကျွန်မရဲ့ခန္ဓာကိုယ်က ပျဉ်ပြားရှေ့က ခံနေတာမို့ ပျဉ်ပြားက မျောမသွားနိုင်တော့ဘူး။ ကျွန်မ တဖြည်းဖြည်းနဲ့ ပျဉ်ပြားကို ရေမြောင်းအစပ်ကိုရောက်အောင် တွန်းပို့တယ်။ ပျဉ်ပြားက ရေမြောင်းစပ်နားကို ကပ်လာတာနဲ့ သားလေးကိုကိုက်ချီပြီး အပေါ်ကို ခုန်တက်လိုက်တယ်။ သားလေးကို ကယ်နိုင်ခဲ့ပြီ။ ဒီတော့မှ ကျွန်မ သက်ပြင်းချနိုင်တော့တယ်။ ကလေးကို ကိုက်ချီပြီး ကျွန်မ ကုက္ကိုပင်အောက်ကို ပြန်လာခဲ့တယ်။ မိုးက သဲသဲမဲမဲ ရွာလို့ကောင်းနေဆဲပဲ။ ကျွန်မတစ်ကိုယ်လုံးလည်း မိုးသည်းထဲမှာ ရွှဲရွှဲစိုနေခဲ့ပြီ။ ကုက္ကိုပင်အောက်ကို လည်းရောက်ရော ကလေးကိုချပြီး ကျွန်မအသာလှဲချလိုက်တယ်။ ကုက္ကိုပင်ကြီးက ကြီးမားလှတာမို့ မိုးရေတွေပဲ နည်းနည်းလာစဉ်တယ်။ ကျွန်မရဲ့ရင်ခွင်ထဲမှာတော့ ကလေးတွေက တိုးဝှေ့နေကြတယ်။ ပြီးတော့ ကျွန်မရဲ့နို့ကို အလုအယက် တိုးဝှေ့လို့ စို့နေခဲ့တယ်။ မိုးသည်းညက အမှောင်တွေ ကြီးစိုးနေပေမဲ့ ကျွန်မတို့ သားအမိတွေရဲ့ မေတ္တာတွေနဲ့ နှောင်ဖွဲ့ပြီး နွေးထွေးလို့ နေခဲ့လေတယ်။

❑

၄။

မိုးသည်းတစ်ည။

ကျွန်မတို့ကြုံတွေ့ခဲ့ရတဲ့ မိုးသည်းတစ်ညက မေတ္တာတွေနဲ့ ထုံလွှမ်းနေခဲ့တယ်။ ရာသီစက်ဝန်းက တစ်ပတ်လည်လာခဲ့ပြီး မိုးရာသီကို တစ်ကျော့ပြန်ရောက်လို့လာခဲ့ပေမဲ့ မေတ္တာတွေနဲ့ နှောင်ဖွဲ့ခဲ့တဲ့ မိုးသည်းညလေးတစ်ညကို ကျွန်မ အမှတ်ရမိနေတုန်းပဲ။ ကျွန်မရဲ့အသိထဲမှာတော့ အဲဒီမိုးသည်းညလေးက ဘယ်တော့မှပျောက်ပျက်မသွားတဲ့ မေတ္တာရဲ့ သင်္ကေတတစ်ခုဖြစ်ခဲ့တယ်။

ဟော…အခု တော့ နောက်ထပ်မိုးသည်းညတစ်ညကို ကျွန်မတို့ ကြုံတွေ့လာခဲ့ရပါပြီ။ ဒါပေမဲ့ အခုကြုံတွေ့နေရတဲ့ မိုးသည်းညမှာ အမှောင်ထုတွေက နေရာယူထားခဲ့တယ်။ အမှောင်ထဲမှာ တရွေ့ရွေ့နဲ့ လှုပ်ရှားလာတဲ့ အရိပ်နှစ်ခုကို ကျွန်မတို့မြင်တွေ့နေခဲ့ရတယ်။ အရိပ်နှစ်ခုဆီက ထွက်ကျလာတဲ့ မီးရောင်သဲ့သဲ့ကိုလည်း မြင်လိုက်ရတယ်။ လောကကြီးနဲ့ ထိတွေ့နေပြီဖြစ်တဲ့ ကလေးတွေက အဲဒီအရိပ်တွေကို ကြည့်ပြီး တဝုတ်ဝုတ်နဲ့ ထိုးဟောင်ကြတယ်။

'ဝုတ်…ဝုတ်…'

'ဟာ…ဒီခွေးတွေ တော့ကွာ…'

ဒေါသထွက်တဲ့အသံနဲ့ အတူ ကျောက်ခဲတွေက ကျွန်မတို့ဆီ လွင့်ကျလာတယ်။ ဒီတော့ ကျွန်မတို့ ကျောက်ခဲတွေကို ရှောင်ရှားရင်းနဲ့ ကစဉ့်ကလျားဖြစ်သွားကြတယ်။ ဒါတောင် ကလေးတစ်ကောင်ရဲ့ခေါင်းကို ကျောက်ခဲမှန်သွားပြီး အီခနဲ အသံထွက်လာသေးတယ်။

ကျွန်မတို့ဆီက အသံငြိမ်သွားတော့ အရိပ်နှစ်ခုက ရှေ့ဆက်သွားတယ်။ ကျောက်ခဲအရသာကို သိသွားတဲ့ ကလေးတွေကလည်း ဆက်မဟောင်တော့ဘူး။ ဒီတော့မှ ကျွန်မတို့လည်း အဲဒီအရိပ်နောက်ကို အသံတိတ်ပဲ လိုက်လာခဲ့ကြတယ်။ မိုးသည်းညတုန်းက ကျွန်မတို့ ခိုနားခဲ့တဲ့ ကုက္ကိုပင်အောက်မှာ အရိပ်နှစ်ခုက ရပ်တန့်သွားတယ်။

'တော်ပြီကွာ၊ ဆက်သွားမနေနဲ့။ ဒီမှာပဲ ပစ်ထားလိုက်တော့။ မြန်မြန်လုပ်'

မိုးသံလေသံ အကြားက အသံတစ်သံ ထွက်ကျလာတယ်။ လျှပ်စီးတွေက ဂျိန်းခနဲ ဂျိန်းခနဲ တဖျပ်ဖျပ်လက်သွားတော့ အရိပ်နှစ်ခုရဲ့မျက်နှာတွေကို ရှင်းရှင်းလင်းလင်း မြင်လိုက်ရတယ်။ အဲဒီမျက်နှာတွေကို မြင်ဖူးတယ်လို့ ကျွန်မ သေချာစဉ်းစားလိုက်တော့မှ ဂိုဒေါင်ထဲမှာ တွေ့ခဲ့ရတဲ့ လူကြီးနဲ့ မိန်းကလေးဖြစ်လို့နေတယ်။ မိန်းကလေးက လက်ထဲမှာကိုင်ထားတဲ့အရာကို ချထားခဲ့ဖို့ တုန့်တုန့်ချည့်ချည့်ဖြစ်နေဟန်တူတယ်။ ထီးမိုးပေးပြီး ဓာတ်မီးနဲ့ ထွန်းပြနေတဲ့ လူကြီးဆီက စိတ်မရှည်တဲ့အသံ ထွက်လာပြန်တယ်။

'မြန်မြန်ချထားလိုက်တော့ မိုးတွေ သည်းလာပြီ။ သွားကြရအောင်၊ တစ်ယောက်ယောက်မြင်သွားရင် မလွယ်ဘူး'

လူကြီးရဲ့စကားအဆုံးမှာ မိန်းကလေးက လက်ထဲမှာကိုင်ထားတဲ့ အဝတ်ထုပ်လေးကို ကုက္ကိုပင်အောက်မှာ ချထားလိုက်တယ်။ ပြီးတော့ အထုပ်လေးကို ကျောခိုင်းပြီး တရွေ့ရွေ့နဲ့ ပြန်ထွက်သွားတော့တယ်။ ဒီတော့မှ ကျွန်မတို့လည်း အထုပ်လေးအနားကို ချဉ်းကပ်သွားမိတယ်။ အထုပ်လေးက ငြိမ်သက်မနေဘူး။ လှုပ်စိလှုပ်စိလေးနဲ့ ဖြစ်နေတယ်။ ချမ်းအေးလွန်းလှတဲ့ မိုးသည်းသည်းညအမှောင်မှာ အထုပ်လေးထဲက အရာကို ကျွန်မ လှမ်းကြည့်မိတယ်။

လျှပ်စီးတစ်ချက် ဖျတ်ခနဲအလက်မှာ မြင်လိုက်ရတဲ့ မြင်ကွင်းက ကျွန်မကို အံ့သြသွားစေခဲ့တယ်။ အဝတ်ထုပ်ကလေးထဲမှာ တလှုပ်လှုပ်နဲ့ တိုးဝှေ့နေရှာတဲ့ မွေးကင်းစကလေးတစ်ယောက်။ မိုးသည်းညမှာ တိုးလာတဲ့မြေစာပင်လေးတစ်ပင်ကို ကြည့်ပြီး ကလေးတစ်ကောင်က ဆွဲဆွဲငင်ငင်နဲ့ အူလိုက်တယ်။ မိုးက တဖြည်းဖြည်းနဲ့ ပိုပိုပြီးသည်းလာတယ်။ ကလေးရဲ့ကိုယ်ပေါ်ကို စီးကျလာတဲ့ မိုးရေစက်တွေကို ကျွန်မ လျှာနဲ့အသာ လျက်ပြီး ဖယ်ရှားပေးလိုက်တယ်။ အို…မိုးရေစက်တွေက ခါးလိုက်တာ။ ကျွန်မတို့အရင်က ကြုံတွေ့ခဲ့ရတဲ့ မိုးသည်းညတုန်းကတော့ မိုးရေတွေက မခါးခဲ့ဘူး။ အခုတော့ မိုးရေတွေက အရမ်းကို ခါးသက်လွန်းနေခဲ့တယ်။

■

နတ်ရဲ့ရှုပဗေဒ၊



www.burmeseclassic.com

www.burmeseclassic.com

# အရုန်းအကန် မှန်ကြေပါး နွေရေစင်ဦး

၁။
လမ်းကလေးသည်
ဖုန်တထောင်းထောင်း
ထလျက်
အကျည်းတန်နေသည့်။
နွေနေပူထဲ၌ လွင့်ဝဲနေသော
မီးသွေးမှုန်များ၊
မီးသွေးများ ပေဖရဲ
ကပ်ငြိနေသော မည်းမည်း
တူးတူး မျက်နှာများနှင့်
မည်းညစ်နေသော အဝတ်
အစား ဝတ်ထားသော
လူတစ်စုကို ကြည့်၍
သူ့ရင်ထဲမှာ ပို၍
ပူလာသလို။ အုပ်စုဖွဲ့၍
ဝိုင်းထိုင်နေသော
ထိုသူများသည်
ချစ်ချစ်တောက်ပူပြင်းနေသော
နေရောင်ခြည်သည်
သူတို့နှင့် မည်သို့မျှ
မသက်ဆိုင်သလို ရယ်မော
အော်ဟစ်နေကြသည်။
အထွန်းသည်
မန်ကျည်းပင်စည်ကို မှီရင်း
မောပန်းစွာ အသက်ကို
ပြင်းပြင်းရှူသွင်းနေသည်။
သူ့ရင်ထဲမှာ
ပူပြီးကြွပ်နေသည်။
အင်မတန်စူးစူးရဲရဲ
နိုင်လှသော နေရောင်ကြောင့်
မျက်ဝန်းများကို
မှေးမှိတ်လိုက်မိသည်။
လက်ဖဝါးပြင်မှ
မှုစပ်စပ်ပေအနှာကို
ကြိတ်မှိတ်ခံရင်း
အနားယူချင်သောစိတ်က
ကားမရသေးမရ။
တောင့်တင်းနေသော
ခန္ဓာကိုယ်ကိုပစ်လှဲ၍
တစ်ရေးလောက်များ
အိပ်လိုက်ရလျှင်
ဖိမ်ရှိလှပေမည်။
အမှန်တော့ အထွန်းတို့
လူစုသည် မီးသွေးကား
ဝင်လာစဉ်ကတည်းက
ရောက်နေကြတာဖြစ်သည်။
အလုပ်ရှင် ရောက်မလာသေး၍
စောင့်နေကြခြင်းဖြစ်၏။
နေပူသေး၍
မလာနိုင်သေးဟုဆိုသော
အလုပ်ရှင်ကို သူတို့
နေရောင်အောက်မှာပင်
စောင့်နေကြရသည်။
ပြန်သွား၍မှ မဖြစ်ဘဲလေ။
သယ်မည်ဆိုသည့်အချိန်မှာ
ကိုယ်မရှိလျှင် ကိုယ်ပဲ
နစ်နာရမှာမို့ ဘယ်သူမျှ
ထမပြန်ကြချေ။
အထွန်း၏ အစာအိမ်က
ဗွီဗွီဗွမ်ဗွမ်မြည်၍
အချက်ပြနေသည်။
မနက်ကတည်းက
သူ ဘာမျှမစားရသေး။
အခါတိုင်းဆိုလျှင်
အမေသည်လည်း
သူ့ကို
ဘယ်တုန်းကမှ
ကြင်နာတတ်သည်
မရှိခဲ့
ကြင်နာဖို့ဝေးစွ
သူ့ကျောပြင်နှင့်
အမေ့လက်တို့မှာ
နေ့စဉ်
မိတ်ဖွဲ့နေကျ
မှတ်မှတ်ရရ
သူကျောင်းနေချင်
သည်ဟု
ပူဆာမိတော့
သူ့ကို
ကျောပြင်တွေ
ကွဲထွက်
သွားရလောက်
အောင်
ပြင်းပြင်းထန်ထန်
ရိုက်နှက်ခဲ့သည်

အမှတ် ၂၇၉၊ ဒီဇင်ဘာ၊ ၂၀၁၃



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ကတ်ကတ်သတ်သတ် ချန်ထားသော ပိုက်ဆံငါးဆယ်ဖြင့် ဘိန်းမုန့်တစ်ချပ်လောက်တော့ဝယ်စားဖြစ်သေးသည်။ ခါးကြားထဲမှာ လိပ်ထားသော ပိုက်ဆံလိပ်ကို ထုတ်ရေကြည့်ရင်း ဗိုက်ဆာသည့်ပြဿနာကို မေ့ထားလိုက်သည်။ တော်ကြာ အမေလိုက်လာတော့မည်။ တစ်ရာတန်၊ နှစ်ရာတန် အနွမ်းလေးများအားလုံး ရှစ်ရာတိတိ။ အမေလာလျှင်ပေးရမည်။ သူတစ်ခုခုဝယ်စားလိုက်လို့ ပိုက်ဆံနည်းနေလျှင် မနေ့ကလို…။

ဟင့်အင်း။ မနေ့က အကြောင်း သူ သတိမရချင်ပါ။ လက်ဖဝါးပြင်က အခုမှပို၍ ပူစပ်လာသလို ပူစပ်စပ်ဝေဒနာနှင့်အတူ သူ ရင်ထဲမှာ နင့်တင့်တင့်ခံစားလိုက်ရသည်။ အဲဒါ နာကျင်ခြင်းလား၊ မဟုတ်နိုင်ပါ။

သူသည် နာကျင်ခြင်းများအကြောင်း မသိနိုင်တော့အောင် ခပ်စောစောကတည်းက နာကျင်ခဲ့ပြီးဖြစ်သည်။

ဒါဆို ဝမ်းနည်းခြင်းများလား။ မဟုတ်သေး။ သူမှ ဝမ်းမနည်းတတ်ခဲ့ဘဲ။

သူ့အတွက် ခန္ဓာကိုယ်နှင့်အတူ ခံစားတတ်သော အရာများအားလုံးသည် ထုံကျဉ်နေခဲ့လေပြီ။

❑

၂။

အထွန်းတို့သည် ချောင်းကမ်းနံဘေးက ဝါးကြမ်းခင်းကျိုးတိုးကျဲတဲနှင့် အိမ်စုစုလေးများမှာနေကြသည်။ အဖေရယ်၊ အမေရယ်၊ သူရယ်၊ ညီလေးနှစ်ယောက်ရယ် အားလုံးပေါင်း ငါးယောက်။

မိုးရာသီချောင်းထဲမှာ ရေပြည့်လာလျှင် အထွန်းတို့တဲစုလေးများမှာ ရေပေါ်မှာပေါ်နေသော အိမ်ကလေးတွေလို။ လေးတိုင်စင်အိမ်ကလေး၏ ကျိုးကျဲကျဲကြမ်းပေါက်များတစ်ဆင့်ကလေးတွေပါချထားသော အီးပုံများကဟိုတစ်ပုံ သည်တစ်ပုံ။ တဲအောက်မှာ ခွေးတွေနှင့် ယင်ကောင်များက အစဉ်သဖြင့်တရုံးရုံး။ အဲဒါအိမ်တိုင်းလိုပင်။ တစ်ခါတလေ ညဘက်ချုံတိုးရမှာကြောက်သော သူ့အမေသည်ပင် တပိုတပါးကိစ္စကို ထိုအတိုင်းပင် ပြီးစီးတတ်သေးသည်။

အထွန်း၏ အဖေကို အရပ်ထဲကလူများက လူပျင်းဟု သမုတ်ကြသည်။ သူ့အတွက် အဖေ ပျင်းသည်ဆိုတာ အရေးမကြီး။ သူ မပျင်းဖို့သာ ပို၍အရေးကြီးသည်။ ထို့ကြောင့် အမြဲတစေ တက်ကြွစွာဖြင့် အလုပ်ကြိုးစားရသည်။ သို့ပေမဲ့ သူဘယ်လောက်ပဲ ကြိုးစားရှာဖွေပါစေ အဖေသည် သူ့ကိုနည်းနည်းမှပင် ဂရုမစိုက်။

အမေ…။ အမေသည်လည်း သူ့ကိုဘယ်တုန်းကမှ ကြင်နာတတ်သည် မရှိခဲ့။ ကြင်နာဖို့ဝေးစွ၊ သူ့ကျောပြင်နှင့်အမေ့လက်တို့မှာ နေ့စဉ်မိတ်ဖွဲ့နေကျ။ မှတ်မှတ်ရရ သူကျောင်းနေချင်သည်ဟု ပူဆာမိတော့ သူ့ကိုကျောပြင်တွေ ကွဲထွက်သွားရလောက်အောင် ပြင်းပြင်းထန်ထန် ရိုက်နှက်ခဲ့သည်။ အမှန်တကယ် သူများကလေးတွေလို သူလည်းကျောင်းတက်ချင်သည်။ အဖြူ၊ အစိမ်းဝတ်၍ လွယ်အိတ်ကလေး လွယ်ချင်ပါသည်။ ပြီးတော့ စာသင်ချင်ပါသည်။

သူ ဘာများမှားနေလို့ပါလိမ့်။ အသက် ခုနစ်နှစ်ဆိုတာ ကျောင်းနေဖို့သိပ်များနောက်ကျလို့လား။ အခုတော့လည်း သူ စာမသင်ခဲ့ရပေမဲ့ သူ့ညီလေးတွေတော့ စာသင်နေရပါပြီ။ ထိုအတွက်တော့ သူ ကျေနပ်ပါသည်။ သူတို့ရပ်ကွက်အစွန်အဖျားက ကလေးတွေကို အခမဲ့စာသင်ပေးမည်ဆိုကာ လူစာရင်းလိုက်ကောက်တော့ သူ့နာမည်ကိုပါ ထည့်ချင်ကြသည်။ အမေက လက်မခံ။ ကျောပိုးအိတ်ဆင်တူလေးများဖြင့် စာသွားသင်ကြသောကလေးတို့အားကြည့်၍ အားကျရုံမှာတစ်ပါး သူ မတတ်နိုင်ပြီ။

နောက်တော့လည်း အထွန်းသည် အဖေနှင့်အမေတို့၏ အလုပ်များကို ခွဲဝေယူရတော့သည်။ အဲဒီအချိန်တုန်းက အမေတို့သည် ရွာထဲမှ ဆိုင်များသို့ကုန်သယ်ရသည်။ ညနေ ကားဆိုက်ချိန်၊ မော်တော်ဆိုက်ချိန်ဆိုလျှင် အမေတို့ထက် ဦးအောင်ထိုနေရာကို ရောက်နှင့်နေရသည်။

အဖေသည် အရပ်ရှည်သော်လည်း လေထဲမှာလွင့်နေသလို ခပ်ကိုင်းကိုင်းခန္ဓာကိုယ်နှင့်မို့ ဝန်ကြီးသည့်ကုန်ဆိုလျှင် မသယ်ချင်။ မသယ်နိုင်။ ခန္ဓာကိုယ်တောင့်တင်းသောအမေကသာ အရာရာဦးဆောင်၍ ရှေ့ကနေရသည်။ အဖေ မသယ်နိုင်သော ဝန်လေးသည့်ပစ္စည်းကို အမေသယ်ရသည်။ ထိုအခါ အမေဟူသော အလိုအလျောက်သံယောဇဉ်စိတ်ဖြင့် သူသည် လေးလံသောပစ္စည်းများကို ကူသယ်ပေးမိမြဲ။ ပစ္စည်းများပြုတ်ကျလျှင်တော့ အမေ သူ့အား မညှာတာတတ်။ လမ်းပေါ်မှာပင် 'သူတောင်းစားကာလနာ' ဟု မိုးမွှန်အောင်ဆဲဆို၍ ရိုက်နှက်ကန်ကျောက်မြဲ။ သူ အမေ့အား စိတ်မဆိုးချင်ပါ။ အမေ့ကို စိတ်နာသင့်သည်ဟူ၍လည်း တစ်ခါမှ မစဉ်းစားမိ။ စင်စစ်အမေသည် ပျင်းရိသောလူကို ယောက်ျားတော်ထားရသော ထုံးစံ မနိုင်၊ နိုင်ရာ ဖိမဲနေခြင်းသာ။

❑

၃။

အထွန်းနည်းနည်းအရွယ်ရလာတော့ မြစ်ကမ်းနားမှာ ဆင်းပြီးကျောက်သယ်ရသည်။ သူ ဆယ်နှစ်သားလောက်မှာ အိမ်ကို ပိုက်ဆံကောင်းကောင်းရှာပေးနိုင်ပေပြီ။ အဖေသည် ပို၍ ပျင်းရိတတ်လာပြီး ဘာအလုပ်မှကောင်းကောင်း မလုပ်ချင်တာလည်း ကြာပြီ။ မီးသွေးမော်တော်၊ ကျောက်မော်တော်များမှာ မီးသွေးချရင်း၊ ကျောက်ချရင်း အထွန်း ကြီးပြင်းခဲ့ရသည်။ ကုန်းပေါင်ပေါ်က ခြေတစ်ဖက်ချော်ကျလျှင် အသက်ပါ ပေးလိုက်ရမည့် အန္တရာယ်ကြားထဲမှာ အထွန်း နေသားကျခဲ့ပြီ။

သူ့အတွက် အိမ်အပြန်တွင် အမေ့လက်ထဲ စို့စို့ပို့ပို့ပေးနိုင်ရန်သာ အရေးကြီးနေသည်။ ကလေးတစ်ယောက်၏အခွင့်အရေးဆိုတာကို သူ ဘာမျှမသိ။ သူ သိသည်က



www.burmeseclassic.com

www.burmeseclassic.com

ထမင်းနပ်မှန်အောင် စားရရန် သာဖြစ်သည်။ ပိုက်ဆံနည်းသည့်နေ့တိုင်း အမေ၏ ဆူပူအော်ဟစ်သံများကို သူ မလိုချင်။ အမေ၏ မယုံသင်္ကာ စကားလုံးများကို သူရင်မဆိုင်ချင်။

'ကာလနာလေး မျိုချိန်တန်ရင် မျိုချင်ပြီ။ နင့်ပိုက်ဆံတွေ ဘာလုပ်ခဲ့သလဲ။ ဘယ်မှာ ဘာတွေစားလာခဲ့သလဲ။ ပြောစမ်း။ နင် လူပါးဝတတ်နေပြီပေါ့ ဟုတ်လား'

အမေ၏ စွပ်စွဲမှုများကို သူ ဘာမျှမဖြေရှင်းတတ်။ အမေ့အား ငေးကြောင်ကြည့်ရင်း ညစာမကျွေးမှာကိုသာ စိုးရိမ်နေမိသည်။ သူ…သူ ထမင်းငတ်မှာကို တော့ အလွန်ကြောက်ပါသည်။

သူ့အား ထမင်းမကျွေးသောညက အဖေကတော့ ထမင်းတွေ ပလုတ်ပလောင်းစား၍ အာပေါင်အာရင်းသန်သန်စကားတွေ ပြောနေသည်။ သူ့ကို ခေါ်၍ကျွေးမည်လားဆိုသော မျှော်လင့်ချက်ဖြင့် သူ အဖေ့မျက်နှာကို စိုက်ကြည့်နေမိသည်။ အဖေ သူ့အား တစ်ချက်မှငဲ့မကြည့်ပါ။ အဖေက အမြဲပဲ ဒီအတိုင်းပါပဲလေ။ ငယ်ငယ်တုန်းကသည်း အမေ သူ့ကို ရိုက်နှက်ဆုံးမကျောက်နေလျှင် အဖေဝင်ဆွဲမည်လား မျှော်လင့်ခဲ့ဖူးသည်။ အဖေသည် အမေနှင့် သူ့အားကြည့်၍ ဆေးလိပ်အငွေ့မပျက်။ ထမင်းဝိုင်းကို ကြည့်၍ တံတွေးမျိုချနေသော သူ့ကို ညီလေးနှစ်ယောက်က အားနာသနားနေကြသလို သူတို့ဝေစုများထဲမှ သူ့အတွက် ချန်ထား၍ အမေတို့ မသိအောင် ခိုးကျွေးကြမည်ကို သူ သိပါသည်။ အမေ၏စေတနာ၊ မေတ္တာမပါသော ထမင်းကိုတော့ သူ မစားလိုပါလေ။

မိဘဟူသည် ရင်မှဖြစ်သော သားသမီးများအား ခွဲခြားဆက်ဆံတတ်ကြပါသလား။ အမေ သူ့ကို ကျောသား၊ ရင်သား ခွဲခြားတာကတော့ အမှန်။ တကယ်တော့ သူသည် အမေနှင့် မိသားစုကို မနိုင်ဝန်ထမ်း၍ လုပ်ကျွေးနေခဲ့သူဖြစ်ပါသည်။

ဆယ့်သုံးနှစ်ဆိုသော အသက်အရွယ်နှင့် မလိုက်အောင် သူ့ခန္ဓာကိုယ်လေး သေးကွေးပိန်လှီလှပေမဲ့ သူ အလုပ်မျိုးစုံလုပ်ကာ အမေ့လက်သို့ ပိုက်ဆံတွေ ထည့်ပေးနိုင်ခဲ့ပါသည်။

ရောင့်ရဲတင်းတိမ်ခြင်းကား အမေ့မှာ မရှိ။

❑

၄။

အခုတလော ပြင်းထန်သောရာသီဥတုကြောင့် အလုပ်ခွင်ထဲမှာ ပို၍ ပင်ပန်းလှပါသည်။

အထွန်းသည် အမေ သူ့အား ထမင်းအငတ်ထားခဲ့တာ များလာတော့ နေ့စဉ်ဝင်ငွေထဲမှ ငါးဆယ်လောက် ဖယ်ထားတတ်ခဲ့သည်။ များများလည်း မဖယ်ဝံ့။ အမေ သိသွားမှာကိုကြောက်မိသည်။ ထိုပိုက်ဆံလေးဖြင့် သူ့ဗိုက် ဖြည့်နိုင်တာတော့ အမှန်။

မနေ့ကလည်း သူမောပန်းဆာလောင်လွန်း၍ ရေခဲသုပ်ဆိုင်ထဲဝင်၍ ရေခဲသုပ်တစ်ရာဖိုးဝယ်စားမိသည်။ အလုပ်သိမ်းချိန်သူများတွေပြန်လာလို့မှ သူ မလာသေးလျှင် အမေ လိုက်လာတတ်မြဲ။ ရေခဲသုပ်စားနေသော သူ့ကို မြင်လျှင် အမေ၏ ရင်ထုမနာအော်သံက စီစီညံသွားသည်။

'မြွေပွေးကိုက်၊ နင်က ဒီမှာ စည်းစိမ်ယူနေတာပေါ့လေ။ နင်ပြန်မှ ဆန်ဝယ်လို့ရမှာ နင်မသိဘူးလား။ ဟင်၊ နင်က သူဌေးမင်းကြီးပေါ့လေ။ ငတ်ကြီးကျတဲ့သောက်ပါးစပ်၊ သောက်ကောင်းကျစားချင်ပါလား…'

ပြောလည်း ပြော၊ ရိုက်လည်း ရိုက်။ သူ့ဆံပင်ကို ဆွဲ၍ နဖူးနှင့်စားပွဲကို ဆောင့်တိုက်နေသည်။ သို့ပေမဲ့ သူ မနာ။ နည်းနည်းမျှ မနာ။ နာကျင်ခြင်းသည် မည်သည့်အချိန်က ပျောက်ဆုံးသွားခဲ့ပါလိမ့်။ နဂိုကတည်းက အမေ့အားကြည့်မရသော ပတ်ဝန်းကျင်မှ လူများက သူ့ကို ကြည့်၍ စုတ်တသပ်သပ်။

'ကဲပါ အသေးလေးရယ်၊ ရေခဲသုပ်တစ်ရာဖိုး စားမိတာနဲ့ သေအောင်ရိုက်မနေနဲ့။ ပိုက်ဆံတစ်ရာလည်း မပေးနဲ့တော့။ အထွန်း နင့်အမေခေါ်ပြီးပြန်တော့ သွား'

'အမလေး၊ ပြန်မှာ ပြန်မှာ။ ကျုပ်တို့အတွက် တစ်ရာလည်း တစ်ရာဆိုသလောက်တန်ဖိုး ရှိတယ်။ ကဲ ကြွ နင်အိမ်ရောက်မှ ငါ့အကြောင်း သိမယ်'

အမေ တစ်လမ်းလုံး အော်ဟစ်လာသည်။ သူကုန်သယ်နေကျ စတိုးဆိုင်က အစ်မလေးက သူ့ကို ကရုဏာသက်သလို ငေးကြည့်နေသည်။

'ဟင်း၊ ခိုးစားချင်တဲ့သူခိုး။ သောက်ငတ်၊ အဲဒီပါးစပ်ထဲ မီးခဲထည့်ပြမယ်။ ခိုးချင်သေးရင် ထပ်ခိုးစမ်း။ အဲဒီလက် မီးကင်ပြမယ်။ လာ…လာ…မြန်မြန်လာ'

အိမ်ရောက်သည်နှင့် သူ့ခန္ဓာကိုယ်ကို လှန်လှောရှာဖွေပြီး ရသမျှအကုန်သိမ်းသွားခဲ့သည်။ သူရင်ဆိုင်ရသော ငရဲခန်းအား သူ ပြန်မပြောချင်ပါ။

ညနေရောက်သောအခါ လေးလံသောခြေလှမ်းများနှင့် ကုန်သယ်ရန် ထွက်လာခဲ့၏။ နေ့လယ်က အမေ့စကားအလုံးစုံကို ကြားခဲ့ရသော စတိုးဆိုင်ကအစ်မလေးက သူ့ကို မေးသည်။

'အထွန်း။ ပါးစပ်ထဲ မီးခဲထည့်ခံရသေးလား'

သူ ခေါင်းခါပြလိုက်သည်။ အမေနှင့်သူ၏သားအမိကြားကိစ္စကို သူတစ်ပါးအား ဖွင့်ပြောရန် ဆန္ဒမရှိ။

သူ့ကို မုန့်ဖိုးပေးလျှင် အမေ့လက်ရောက်မည်ကို သိသော အစ်မလေးက သူ့ကို မုန့်ဖိုးမပေး။ ထောပတ်ပေါင်မုန့်ချပ်ကို ကမ်းပေးရင်း ဒီမှာပဲစားသွားဟု ဆိုသည်။ တုန်ယင်နေသော လက်အစုံဖြင့် သူ မုန့်ချပ်ကလေးကို လှမ်းယူလိုက်၏။

'ဟယ်…အထွန်း၊ နင့်လက်…နင့်လက်က ဘာဖြစ်'

အထိတ်တလန့်နှင့် သူ လက်ကလေးကို နောက်သို့ ဖွက်လိုက်သည်။

'ပြစမ်း၊ ပြစမ်း။ ကြည့်ပါဦးဟယ်။ နင့်အမေ တော်တော်ဆိုးပါလားဟယ်။ အဲဒါ မီးလောင်ဖုကြီး မဟုတ်လား'

အမေ့ကို မပြောနဲ့။ သူ

www.burmeseclassic.com

အဲဒီလိုသာ ကုန်းအော်လိုက်ချင်သည်။ သို့ပေမဲ့ သူ့လက်တစ်ဖက်မှာ အစ်မလေး၏ လက်များဖြင့် ညင်သာစွာ ကိုင်တွယ်ခြင်းကို ခံလိုက်ရသည်။ တစ်သက်လုံးက အမေ ရိုက်တိုင်း မငိုတတ်ခဲ့သော၊ မနာကျင်တတ်ခဲ့သော သူ့ရင်ထဲမှာ နာကျင်လာသည်။ ရင်ထဲမှာ ဆို့တက်လာသည်။ ဘာဖြစ်သည်လဲ မသိ။ ဆေးပြာများ သုတ်လိမ်းပေးနေသော အစ်မလေး၏ ကြင်နာခြင်းမျိုး သူ့အမေမှာ တစ်ဝက်လောက်ရှိလျှင်ပင် သူ့ဘဝ နေပျော်နိုင်ပေမည်။

'အို၊ နာလိုလား။ မငိုနဲ့လေ…ဩော် နင့်ဘဝကတယ်လည်း ဝဋ်ကြွေးကြီးပါလား အထွန်းရယ်'

ထောပတ်ပေါင်မုန့်တစ်ချပ်ထက် ပို၍တန်ဖိုးရှိသော အရာများပေးခဲ့သည့် အစ်မလေးသည် သူ့အစ်မအရင်းသာဖြစ်လိုက်ပါတော့။

❑

၅။

အလုပ်မစသေး၍ သူတွေးချင်ရာများ တွေးနေခဲ့သည်။ လက်ဖဝါးက မီးလောင်ဖုကလည်း တစစ်စစ်နှင့် အခံရခက်လှ၏။ သူတို့အုပ်စု၏ အသံများမှအပ တစ်လမ်းလုံးတိတ်ဆိတ်နေကြသည်။ အဝတ်ရေစိုတွေကာပြီး အိမ်အောက်များမှာ ဆင်း၍ အပူရှောင်အနားယူနေကြသော သူများကတော့ သူတို့အသံများကို နားငြီးလှပေမည်။ လေရူးတစ်ချက်မွှေလိုက်ရာ မီးသွေးမှုန်များက အလုံးလိုက် မျက်နှာဆီသို့ ပြေးဝင်လာသည်။ သူ့တံတွေးတစ်ချက် ထွေးလိုက်ရာ။ သလိပ်မည်းမည်းများ ထွက်လာသည်။ အထွန်းတို့လို မီးသွေးကြားမှာ ခေါင်းမြှုပ်ရသူတွေအဖို့ နှပ်ကလည်း မည်းမည်း၊ တံတွေးကလည်း မည်းမည်း။

မီးသွေး တင်ထားသည့် ဆယ်ဘီးကားနားသို့ ဆိုင်ကယ်တစ်စီးလျှောခနဲ ထိုးရပ်လာသည်။ အားလုံးရုတ်ရုတ်သဲသဲဖြစ်သွားကြသည်။ အလုပ်သမားခေါင်းဆောင်၏ 'ကဲ အလုပ်စမယ်'ဟူသော အော်သံအဆုံး အားလုံးရယ်ဒီဖြစ်ကုန်ကြသည်။ အထွန်းသည် နားထင်မှစီးကျနေသောချွေးများကို သပ်ချရင်း ရှေ့ဆုံးရောက်အောင် တိုးလိုက်သည်။ သူက ခေါက်ရေများများ၊ အိတ်ရေများများ သယ်ချင်သူ။ တစ်အိတ်သယ်လျှင် တာလီတစ်ချောင်းမှတ်သည်မို့ သူက တစ်ခေါက်တည်းနှင့် တာလီသုံးချောင်းလောက်ရချင်သူ။ ဒါမှ သူပိုက်ဆံ ပိုရပေမည်။ ကားပေါ်ကချသည့် အိတ်ကို ခေါင်းထိုးခံပေးရင်း နောက်တစ်အိတ်အကျကို စောင့်နေလိုက်သည်။

'ဟိတ်ကောင် အထွန်း၊ ဒီအိတ်တွေက အလေးချိန်ပိုတယ်နော်။ မင်းထပ်လို့ ဖြစ်ပါ့မလား'

စိုးရိမ်တကြီးဆိုသူကဆိုသည်။ အထွန်းအတွက်တော့ သုံးအိတ်လောက်ထပ်သယ်ရသည်က ရိုးနေလေပြီ။ သူတစ်ခေါက်ချအပြီးထွက်လာတော့ သူ့အမေ ကားဘေးမှာ ရပ်နေတာ တွေ့လိုက်ရသည်။

'အထွန်း၊ ဘယ်လောက်ရပြီလဲ'

'မနက်က အကျော့မှာ ရှစ်ရာပဲ ရတယ် အမေ'

သူ့အဖြေကိုကြားပြီး အမေ့မျက်နှာအိုသွားသည်။ ပုဆိုးကြားထဲတွင် လိပ်ထားသော ပိုက်ဆံလိပ်ကို သူ့အမေ လက်ထဲထည့်လိုက်သည်။ ချွေးစိုထားသဖြင့် ပိုက်ဆံများမှာ နွမ်းရိလျက်။

'တောက်၊ စိတ်ညစ်ပါတယ်။ နင်ကလည်း အဖြစ်ကိုမရှိဘူး။ ငါ ဒီနေ့ အပိုင်ရထားလို့ အောချင်လို့ပါဆိုနေမှ၊ လူက သိပ်နေမကောင်းလို့ အလုပ်မဆင်းမိတာနဲ့ ပိုက်ဆံက အကျပ်အတည်းဖြစ်ပြီ'

သူ သိလိုက်ပါပြီ။ အမေ ဘာလုပ်တော့မည်ဆိုသည်ကို။

'လူ မျှား တော့ အခေါက်ရေ နည်းတာမို့ပါ။ အမေ ပိုက်ဆံတွေအကုန်လုံး နှစ်လုံးထိုးမပစ်နဲ့ဦးနော်။ ဆန်ဝယ်ဖို့ ချန်ထားဦး'

မတတ်နိုင်။ သူ အရဲကိုး၍ ပြောလိုက်မိပြီ။

သူ ပိုက်ဆံမရှာနိုင်၍ ထမင်းမကျွေးတာကို ခံနိုင်သည်။ အမေ နှစ်လုံးထိုးသဖြင့်တော့ သူ အငတ်မခံနိုင်။

သူ့ကို စူးခနဲကြည့်သော အမေ့မျက်ဝန်းများကာ မီးတောက်လျက်။ အမေ ဘာလုပ်တော့မည်ကို သိသောသူကလည်း နေရာမှာ ပေရပ်လျက်။

'နင်က ပိုက်ဆံရှာပေးရတယ်ဆိုပြီး အာဏာပြတာပေါ့လေ'

လမ်းဘေးက ဝါးလုံးပိုင်းကို ကောက်၍ အမေသူ့ကို လှမ်းရိုက်လိုက်သည်။

'ဟိတ်၊ အသေးလေး ရပ်လိုက်စမ်း။ နင် သားသမီးကို ဆက်ဆံတာ ခွေးတွေ နွားတွေကို ဆက်ဆံသလိုပါပဲလား။ နင် ဒီလိုသာ လုပ်နေရင် နင့်သားလည်း သက်ဆိုးရှည်မှာ မဟုတ်ဘူး။ နင်ရိုက်ချင်သပဆိုရင်လည်း နင့် အိမ်ရောက်မှနင်ရိုက်။ အလုပ်ထဲမှာ ဆူညံပူညံလာ မလုပ်နဲ့'

နဂို ကတည်းက ကြောက်ရသော အလုပ်ရှင်၏ စကားကို သူ့အမေခွန်းတုံ့မပြန်ရဲ။

သူ့အား အိမ်ကျမှ သိမယ်ဟူသော အကြည့်ဖြင့်၍ အမေ လူအုပ်ကြားထဲမှ တိုးထွက်သွားသည်။ အနီးမှသူ၏ လုပ်ဖော်ကိုင်ဖက်များက သူ့အားကြည့်ပြီး ထင်မြင်ချက်မျိုးစုံပေးနေကြသည်။ အမေ၏ ဒေါသဒီဂရီကို အမြင့်ဆုံးပို့ပေးလိုက်သည့်အဖြစ်ကို မသိရှာသော အလုပ်ရှင်ကတော့ သူ့ကိုကယ်တင်လိုက်ရ၍ ကျေနပ်နေဟန်။ သူ့ဘက်မှ တစ်ယောက်ယောက်ဝင်ရပ်တည်ပေးလျှင် အမေ ဒေါသပိုကြီးတတ်သည်။

ညကျ သူ့ကိုထမင်းမကျွေးလျှင်။ သူ့ခေါင်းပေါ် ရောက်လာသော မီးသွေးအိတ်များ အခုမှ ပို၍လေးလံလာသည်။

တရှိန်ရှိန် တောက်လောင်နေသော အပူရှိန်အောက်မှာ သူ့ခန္ဓာကိုယ် အပူထက် သူ့အသွေးအသားများထဲမှ တဖျစ်ဖျစ်မြည်လျက်…ပူလောင်လွန်းပေ

■

ထွေးဇင်ဦး



www.burmeseclassic.com

www.burmeseclassic.com


တဆထလ-၁၁/၂၀၁၁၊ တိုး(၁၈၇)

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၀၇၉၂

ကျန်းမာခြင်းသည်လာဘ်တစ်ပါး



# ဦးအောင်မြင့်

# လူပျံတော်ပတ္တမြား

သွေးဆေးမှုန့်

သွေးဆေးအဆီ

လေသက်ဆေး

နန်းတွင်းလျှာပွတ်ဆေး

သည်းခြေဆေး

လျက်ဆား

ဖုန်း ၀၁-၅၄၁၃၁၆ ၀၁-၇၀၁၄၇၃

၀၁-၅၅၉၅၅၉ ၀၁-၅၄၉၁၀၃

ဒီဇိုင်း-မောင်မောင်လှမြင့် © ၂၀၀၉


www.burmeseclassic.com

www.burmeseclassic.com

# လင်းဦး

# မွေ့မှသိတဲ့ရောဂါ

'တစ်ဧက
သိန်းငါးဆယ်' ဆိုတဲ့
အသံက တုံးခေါက်
ရွာလေးထဲ နတ်ကနား
ဆိုင်းသံလို ဝုန်းဒိုင်းကြဲပြီး
ဝင်လာတယ်။
ဘယ်ကဘယ်လို
သိပြီး ဘယ်သူက
ဘယ်လိုပြောလိုက်မှန်း
မသိပေမဲ့ အဲဒီသတင်းက
ထမင်းစားလက်စ လူကို
ထမင်းဆက်မစားနိုင်
စေတော့သလို၊
တောထဲ နွားကျောင်း
နေတဲ့ လူကိုလည်း
အချိန်မကျသေးဘဲ အိမ်ပြန်
ရောက်စေတော့တယ်။
ဒါပေမဲ့
သတင်းဆိုတဲ့အတိုင်း
ကောက်ရိုးမီးလို
ဟုန်းခနဲ တောက်ပြီး
ပြန်ငြိမ်းသွားတာဆိုတော့
တုံးခေါက်
ရွာသူရွာသားတွေခမျာ
ခုပဲ ထရတော့ မလို၊
ခုပဲ ပြန်ထိုင်ရတော့မလို
ဖြစ်ကုန်တော့တယ်။
ပေါးခနဲ ထအော်ရမလား၊
အော်မိတော့မယ့် ပါးစပ်ကို
လက်ဖဝါးနဲ့ ပြန်ပိတ်ပြီး
အသာငြိမ်နေရမှာလား
မသိတဲ့စိတ်တွေနဲ့
တုံးခေါက်ရွာလေးကတော့
ပုရွက်ဆိတ်အုံပေါ်
မတ်တတ်ရပ်မိသလို
ခုန်ဆွခုန်ဆွ ဖြစ်နေရဲ့။
အချိန်ကြာလာတာနဲ့
အမျှသတင်းက
ပိုခိုင်မာလာတယ်။
ပထမကြားရတုန်းက



www.burmeseclassic.com

www.burmeseclassic.com



သတင်းက
ဝိုးတိုးဝါးတားပေမဲ့
တစ်ဆင့်တစ်ဆင့်
ကြားလာတဲ့
သတင်းတွေကတော့
တော်တော်လေး
ဟုတ်သလို ရှိလာခဲ့တယ်။
ရွာဦးကျောင်း
ဆရာတော်က ရေဒီယို
သတင်းနားထောင်ရလို့
မိန့်လိုက်တာလို့
ပြောတဲ့သူရှိသလို၊
မြို့သွားပြီး ဂျာနယ်
သွားဝယ်တဲ့ ဖိုးတုတ်က
မြို့ပေါ်ကကြားလို့
ပြောတာလို့ ပြောတဲ့
လူလည်းရှိရဲ့။
ဒီလို ဟိုလူကပြောတယ်၊
ဒီလူကပြောတယ်ဆိုပြီး
ခိုင်ခိုင်မာမာ
မဟုတ်ဘဲ ပြောကြ၊
ပြုကြတဲ့လူ များပေမဲ့
သတင်းကတော့
ဟုတ်ကို ဟုတ်နေပြီ
ဆိုပြီး
ကိုယ့်မြေကွက်လေးတွေကို
ပြေးပြကြည့်တဲ့လူနဲ့၊
တောင်သူစာအုပ်ကို
သိမ်းထားတာကနေ
ထုတ်ကြည့်တဲ့လူနဲ့
တုံးခေါက်ရွာလေး
တော်တော်ကို လှုပ်လှုပ်ရွရွ
ဖြစ်သွားတယ်။
ရွာလယ်က ဘာမှာမှာ
ကျဲတဲတဲ ချိုတိုတို
တစ်မျိုးပဲရတဲ့

အမှတ် ၂၈၉၊ ဒီဇင်ဘာ၊ ၂၀၁၃


www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်ဆိုင်လေးမှာ လက်ဖက်ရည်တစ်ခွက် ရေနွေးသုံးကရားနှန်းနဲ့ ထိုင်နေတဲ့လူတွေလည်း ဒီအကြောင်း၊ ရွာနောက်ပိုင်းက ဦးကြီးသာခင်ရဲ့ ဝိုင်းထဲမှာ ထောင်ထားတဲ့ ပိုက်ကျော်ခြင်းဝိုင်းမှာလည်းဒီအကြောင်း၊ ယုတ်စွအဆုံး ရွာထိပ်ဖျားက ကိုဘချစ်ဗီဒီယိုရုံမှာတောင် နေထက်လင်းထက် 'တစ်ဧက သိန်းငါးဆယ်'က ပိုအသံထွက်နေတာ။ ဒီလိုမျိုး သတင်းက အတော်ခိုင်မာလာပေမဲ့ တစ်ဧက သိန်းငါးဆယ်ပေးမယ့် လူတွေက အရိပ်တောင် ကျမလာတော့ ဟုတ်မှဟုတ်ပါ့မလားဆိုပြီး တုံးခေါက်ရွာလေး တွေးရပြီ။ ဒီလို တွေးနေကြတာကို အသံနဲ့စပြီး အဆိုတင်သွင်းလိုက်တာက မပုခင်။ သူက သူ့သမီးခေါင်းက သန်းဥကို လက်မနှစ်ဖက်နဲ့ အမိအရ တုပ်ရင်း 'နေစမ်းပါဦးအေ၊ တစ်ဧက သိန်းငါးဆယ်တော့ ဟုတ်ပါပြီ၊ အဲဒီလောက် ပေးပြီးဝယ်မယ့်သူတွေက ဘယ်သူတွေတုံး'ဆိုပြီး မေးလိုက်တယ်။ သူ့မေးခွန်းကို ဘယ်သူမှ မဖြေနိုင်ကြဘူး။ သူတို့သိထားတာက တစ်ဧက သိန်းငါးဆယ်ကဂိတ်ဆုံးလေ။ ဒီထက်ပိုပြီး တစ်လက်မလောက်တောင် သူတို့မှ ထပ်မသိတော့တာ။

'ဟုတ်တယ်ဟ၊ ငါတို့ အချင်းချင်း တစ်ဧက သုံးသိန်း မပေးချင်တဲ့မြေကို ဘယ်သူက သိန်းငါးဆယ် ပေးမှာတုံး။ ငါတော့ မထင်ပေါင်'

> တုံးခေါက်ရွာလေးရဲ့
> တောင်ဘက်မှာ
> ရှိတဲ့
> တပြန့်တပြော
> ယာခင်းပြင်ကြီးဟာ
> အဲဒီပွဲစားတွေ
> အပြော
> ဘောစိဆိုတဲ့
> မျက်နှာဖွေးဖွေး
> မျက်လုံးမှေးမှေး
> ဂင်တိုတို
> ပုကွကွတွေ
> လက်ထဲ
> တစ်ဧက
> သိန်းငါးဆယ်
> အနုတ်
> ပွဲစားခဆိုပြီး
> နေ့ချင်းညချင်း
> ရောက်သွား
> တော့တယ်
> ခေါင်းစဉ်က
> 'စီမံကိန်း'တဲ့

ဦးဘပွားက ရွှေမင်းသမီး ဆေးပေါ့လိပ်ကို မီးခိုးတွေ အူထွက်နေအောင် ဖွာရင်း ပြောလိုက်တော့ ဘေးမှာ ဝိုင်းအုံနေကြတဲ့ လူတွေလည်း ခေါင်းတညိတ်ညိတ် လုပ်ပြီး ထောက်ခံလိုက်ကြတယ်။ ဒီလိုဆို သူတို့ကြားနေရတာ ဘာမှ မဟုတ်ဘူးပေါ့ဆိုပြီးလည်း အသီးသီး အသက အသက တွေးရင်း စိတ်ပျက်လက်ပျက် ဖြစ်ကုန်ကြတယ်။ ဖြစ်လည်း ဖြစ်စရာလေ။ တစ်သက်နဲ့တစ်ကိုယ် ကြားသာကြားဖူးတဲ့ ကိန်းဂဏန်းကို ငွေအထင်းလိုက်ကြီး မြင်ရမှာဆိုတော့ ဘာပဲဖြစ်ဖြစ် အဲဒီသတင်းကို ဟုတ်စေချင်ကြတာပေါ့။

ဒီလိုမျိုး တုံးခေါက်ရွာလေးပေါ် မရွာဘဲ သုံးလေးရက်လောက် အုံ့နေတဲ့ သတင်းက ငါးရက်မြောက်မှာတော့ ဝုန်းခနဲ ရွာချလိုက်တယ်။ ရွာဦးကျောင်းဆရာတော် ဆွမ်းခံကြွပြီးအပြန်လောက်အချိန်မှာ ထော်လာဂျီတောင် တစ်လနေလို့ တစ်ခါ မလာတဲ့ တုံးခေါက်ရွာလေးရဲ့ ရွာလယ်လမ်းမပေါ် အိစက်နေတဲ့ ကားအကောင်းစားကြီးတွေ တစ်စီးပြီးတစ်စီး ရောက်လာတယ်။

ကားတွေ ရောက်လာပြီးပြီးချင်းမှာပဲ အရင်က ဘယ်ရောက်နေမှန်းမသိတဲ့ ပွဲစားဆိုတဲ့ လူတန်းစားတစ်ရပ် ရုတ်ခြည်းပေါ်လာပြီး တုံးခေါက်ရွာလေးရဲ့ အိမ်တွေပေါ်ကို ဧည့်စာရင်းစစ်သလို တက်ချလာတယ်။ ပြီးတော့ 'ဘောစိက ဘောစိက'ဆိုပြီး ပါးစပ်က အမြှုပ်ထွက်အောင် ပြောပြီး တောင်သူစာအုပ်တွေ ထုတ်ကြည့်၊ ဘယ်လောက် ဧကရှိလို့ ဘယ်လောက် ပိုက်ဆံရမယ်၊ အကျိုးဆောင်ခအနေနဲ့ သူ့ကို ဘယ်လောက်ပေးရမယ်ဆိုပြီး အလှူဘိသိက်မြှောက်သလို ရွာသားတွေ ပါးစပ်အဟောင်းသားနဲ့ ကျန်နေရစ်အောင်ပြောပြီး ဝုန်းဒိုင်းဆို ဆင်းချသွားတယ်။

ဒါနဲ့ပဲ တုံးခေါက်ရွာလေးရဲ့ တောင်ဘက်မှာရှိတဲ့ တပြန့်တပြော ယာခင်းပြင်ကြီးဟာ အဲဒီပွဲစားတွေအပြော ဘောစိဆိုတဲ့ မျက်နှာဖွေးဖွေး၊ မျက်လုံးမှေးမှေး၊ ဂင်တိုတို၊ ပုကွကွတွေလက်ထဲ တစ်ဧက သိန်းငါးဆယ်၊ အနုတ်ပွဲစားခဆိုပြီး နေ့ချင်းညချင်း ရောက်သွားတော့တယ်။ ခေါင်းစဉ်က 'စီမံကိန်း'တဲ့။

□

သူတို့ဘာသာ သူတို့စီမံကိန်းကိန်း၊ မကိန်းကိန်း တုံးခေါက်ရွာသူ ရွာသားတွေကတော့ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မကိုင်ဖူးတဲ့ ငွေကြေးအရေအတွက်ကြောင့် လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး တစ်ရွာလုံး ပြုံးလို့ ပျော်လို့မဆုံး ရှိနေကြတယ်။ အဲဒီထဲမှာမှ လူတစ်ယောက်က မပျော်နိုင်ဘူး ဖြစ်နေတယ်။ သူက ဖိုးတုတ်။ ညနေဘက်ရောက်တိုင်း ရွာတောင်ဘက် ထွက်ထွက်ပြီး ရွာပိုင်မဟုတ်တော့တဲ့ မြေကွက်တွေကိုကြည့်လိုက်၊ ခုတစ်လောမှ အမြဲလိုလို ဆိုဖြစ်နေတဲ့ သီချင်းကို ငယ်သံပါအောင် အော်ဆိုလိုက်၊ နှပ်ချေးတွဲလောင်း မျက်ရည်တွဲလောင်းနဲ့ အော်ငိုလိုက်နဲ့မို့ ရွာထဲမှာ သူ့ကိုစိတ်ဖောက်သွားပြီလို့တောင် ပြောတဲ့လူက ပြောကုန်ကြပြီ။

ဒါပေမဲ့ ဖိုးတုတ်က သူ့ကို ဘာပြောပြော မမှုဘူး။ တစ်ပတ်တစ်ခါ မြို့တက်ပြီး သွားသွားဝယ်ထားတဲ့ ဂျာနယ်လေး လက်ထဲကိုင်ပြီး လူစုစုရောက်တဲ့ နေရာရောက်တိုင်း 'ဘိုးဘွား အမွေအနှစ်' ဆိုတဲ့ တုံးခေါက် ရွာသူရွာသားတွေ ဘယ်သူမှ နားမလည်တဲ့ စကားတွေကို ပြောပြောနေတတ်တယ်။ ပြီးရင် ညနေရောက်ပြီဆို အရင်က တွေလို ရွာတောင်ဘက်ထွက်



www.burmeseclassic.com

www.burmeseclassic.com

ပြီး သီချင်းအော်ဆိုလိုက်၊ ငိုလိုက်လုပ်ရော။ ကြာတော့ ဖိုးတုတ် အဖေနဲ့အမေရော၊ ရွာသူရွာသားတွေကရော ဖိုးတုတ်ကို စိုးရိမ်လာကြတယ်။ ဖိုးတုတ်လာရင် ဖိုးတုတ်စိတ်ချမ်းသာစေမယ့် စကားတွေ ရွေးပြောကြတယ်။ သနားတဲ့ မျက်လုံးလေးတွေနဲ့ ကြည့်လို့ပေါ့။ ဒါပေမဲ့ ဖိုးတုတ်က သူတို့အားလုံးကို သနားနေတယ်ဆိုတော့ ဘယ်သူမှ မသိကြဘူး။

ဖိုးတုတ်မိဘတွေဆိုရင် ဖိုးတုတ်ကို အရမ်းချစ်ကြတာ။ ရွာထဲမှာလည်း ဖိုးတုတ်လို မြို့ကျောင်းမှာ ခုနစ်တန်းထိ ပညာသင်ဖူးတဲ့လူရှားတော့ သူတို့သားလေးကို ပညာတတ်လေးဆိုပြီး အလိုလည်းလိုက်၊ ပစားလည်းပေးကြတယ်။ ဒီကြားထဲ ဖိုးတုတ်က ခုလိုဖြစ်လာတော့ ဖိုးတုတ်မိဘတွေရော၊ ဦးလေးမောင်ဖားတွေရော ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ကုန်ကြတယ်။ ဒါနဲ့ ဖိုးတုတ်စိတ်ပြောင်းလာမလားဆိုပြီး ဖိုးတုတ်မိဘတွေက မြို့တက်ပြီး ဖိုးတုတ်အတွက် တစ်ကျပ်သား ဆွဲကြိုးကုံးကြီး လုပ်လာတယ်။ မြို့က ပြန်ရောက်ရောက်ချင်းပဲ ဖိုးတုတ်ဝမ်းသာသွားအောင်ဆိုပြီး လုပ်လာတဲ့ ဆွဲကြိုးကို ထုတ်ပြတော့ ဖိုးတုတ်က မျက်လုံးစိမ်းကြီးနဲ့ တစ်ချက်ကြည့်၊ ထို့ခနဲ တံတွေးကို အသံမြည်အောင် တစ်ချက်ထွေးပြီး ချာခနဲ လှည့်ထွက်သွားတယ်။ ဖိုးတုတ်မိဘတွေကတော့ 'ဟဲ့ဟဲ့'နဲ့ ကျန်ခဲ့တာပေါ့။

ကဲ
ခုတော့
ကိုယ်သေ
ရင်တောင်
ဘယ်မှာမြှုပ်ရမှန်း
မသိကြတော့ဘူး
မဟုတ်လား
အဲဒီ
ကိုယ်ပိုင်ဆိုင်တဲ့
မြေကွက်လေး
ကိုတောင်
ထိန်းသိမ်းချင်စိတ်
မရှိတဲ့
ငွေရပြီးရော
ဆိုတဲ့
ခပ်ညံ့ညံ့
စိတ်ကြောင့်
ဖြစ်ရတာ

လတွေကလည်း ကြာခဲ့ပါပြီ။ တုံးခေါက်ရွာလေးလည်း တော်တော် ပြောင်းလဲလာပါပြီ။ အရင်က နွားလှည်းတောင် တစ်နေ့တစ်စီး ပုံမှန်မသွားတဲ့ တုံးခေါက်ရွာလမ်းလေးဟာလည်း တရုတ်ဆိုင်ကယ်သံ တဖုတ်ဖုတ်နဲ့ နေ့ညမရွေး ဆူပွက်နေပါပြီ။ ပြီးတော့ တောသူတောင်သား ဗုဒ္ဓဘာသာဝင်တို့ ဓလေ့အတိုင်း လက်ထဲ ပိုက်ဆံလေးရှိတာနဲ့ လှူတတ်ကြတော့ တုံးခေါက်ရွာလေးလည်း သားရှင်ပြုပွဲတွေ၊ သမီးနားသပွဲတွေ ဆက်လို့ပေါ့။ ဒီလိုလတွေ၊ ရက်တွေက တရွေ့ရွေ့ ကုန်ဆုံးပြီး တုံးခေါက်ရွာလေးရဲ့ လူနေမှုကို ပြောင်းလဲပေးခဲ့ပေမဲ့ ဖိုးတုတ်ကိုတော့ ပြောင်းလဲမပေးနိုင်ခဲ့ဘူး။ မိုးရွာရွာ၊ နေသာသာ ဖိုးတုတ်ကတော့ ညနေဘက်တိုင်း ရွာတောင်ဘက် ထွက်ဆဲ၊ ဆိုနေကျ သီချင်းကို အော်ဆိုဆဲ၊ အားရပါးရ ငိုဆဲ။

❑

မှတ်မှတ်ရရပါပဲ။ အဲဒီနေ့က ကိုဘချစ်ဗီဒီယိုရုံထဲမှာ ပြေတီဦးကားပြတယ်။ ပြေတီဦးဆိုတာ တုံးခေါက်ရွာလေးရဲ့ အသည်းကျော်ဆိုတော့ ဗီဒီယိုရုံထဲမှာ လူတွေဆိုတာ ပြည့်ညပ်နေတာပေါ့။ ဇာတ်ကားပြီးခါနီး ဇာတ်ရှိန်တက်နေတုန်း 'ဘကြီးသာဝဆုံးလို့' ဆိုတဲ့ သတင်းက ဗီဒီယိုရုံထဲ စွတ်ခနဲဝင်လာတယ်။ ဘကြီးသာဝနဲ့ သက်ဆိုင်သူတွေ အလှိုလှိုနဲ့ ထပြန်ကုန်ကြတော့ ဗီဒီယိုရုံထဲ လူတစ်ဝက်လောက်ပဲ ကျန်နေခဲ့တော့တယ်။ ဘကြီးသာဝဆုံးလို့ သူ့ ဆွေမျိုးသားချင်းတွေ ငိုကြတဲ့အသံနဲ့အပြိုင် ဗီဒီယိုရုံလေးထဲမှာလည်း ငိုသံတွေ ညံလို့။ သူတို့ကျတော့ ဇာတ်ကားထဲက ပြေတီဦးကို သနားလို့ ငိုတာတဲ့။

ဇာတ်လမ်းကတော့ နောက်နေ့မနက်မှာ စတယ်။ နေရာက ကွယ်လွန်သူ ဘကြီးသာဝအိမ်မှာ။ ဒီလိုပါ။ တုံးခေါက်ရွာလေးမှာ ဟိုး ဘိုးဘေးဘီဘင် လက်ထက်ကတည်းက အစဉ်အလာတစ်ခု ရှိခဲ့တယ်။ အဲဒါက တုံးခေါက်ရွာမှာ လူတစ်ယောက်ယောက် သေရင် အဲဒီလူကို သူနဲ့ဆိုင်တဲ့ မြေကွက်ရဲ့ ကန်သင်းမှာ မြှုပ်ကြတယ်။ သင်္ချိုင်းဆိုတာ တုံးခေါက်ရွာမှာ မရှိဘူး။ ဒီတော့ တုံးခေါက်ရွာမှာ အိမ်တိုင်းအိမ်တိုင်း မြေကွက်ပိုင်ကြတယ်။ မြေကွက်အကြီးကြီး မဟုတ်တောင်မှ မြေကွက်သေးသေးလောက်ဖြစ်ဖြစ် မဖြစ်ဖြစ်အောင် ဝယ်ကြတယ်။ ကိုယ့်အဖေ၊ အမေ၊ ကိုယ့်ဆွေမျိုးသားချင်း မတော်တဆ ဆုံးခဲ့ရင် သင်္ဂြိုဟ်စရာ နေရာမရှိမှာစိုးလို့လေ။

ခုတော့ ခက်နေပြီ။ ဘကြီးသာဝပိုင်တဲ့ မြေကွက်တွေကလည်း တစ်ဇက သိန်းငါးဆယ်ထဲ ပါကုန်ပြီလေ။ အဲဒီအချိန်တုန်းကတော့ ငွေပဲ မျက်စိထဲ မြင်နေကြတာဆိုတော့ သေရေးသေတာကို မေ့နေကြတယ်လေ။ ခုလို ဘကြီးသာဝက သေပြလိုက်မှ သတိရကုန်ကြတယ်။ ဒါပေမဲ့ သူတို့လည်း ဘာလုပ်ရမှန်း မသိဘူး။ နေရေးထက် သေရေးခက်နေပြီဆိုတာတော့ သူတို့ သဘောပေါက်သွားကြပြီ။ ဘကြီးသာဝရဲ့ ဝိုင်းထဲမှာ နာရေးလာသူတွေနဲ့ အုံခဲနေတယ်။ ကိုယ့်အစုလေးနဲ့ကိုယ် ငုတ်တုတ်လေးတွေထိုင်လို့၊ ဘာစကားမှလဲ မပြောကြ၊ ဘာအကြံဉာဏ်မှလဲ မပေးနိုင်ကြနဲ့။ လူမရှိတဲ့အတိုင်း ငြိမ်သက်နေတယ်။ ဘကြီးသာဝမှာဖြင့် သေမှ နေစရာမရှိသလို ဖြစ်နေရပြီလေ။

လူကြီးဝိုင်းတစ်ဝိုင်းပဲ ဘကြီးသာဝ မြေချမယ့်ကိစ္စအတွက် စကားတွေ တွတ်ထိုးနေကြတယ်။ တုံးခေါက်ရွာရဲ့ မြောက်ဘက် တစ်ရွာကျော်မှာ ရေဝတီမြစ်ကြီးရှိ


www.burmeseclassic.com

www.burmeseclassic.com

တယ်။ အလောင်းကို ဧရာဝတီမြစ်ထဲ မျှောချရင် ရပေမဲ့ ဒီကိစ္စကိုတော့ ဘယ်သူမှ လက်ခံနိုင်မှာ မဟုတ်ဘူး။ တစ်ယောက်က မီးသင်္ဂြိုဟ်ဖို့ အကြံပေးတယ်။ ဒါပေမဲ့ မီးသင်္ဂြိုဟ်တယ်ဆိုတာ ဘုန်းကြီးတွေနဲ့ အစိမ်းသေတဲ့ လူတွေကျမှ လုပ်ရတာဆိုတဲ့ အစွဲကလည်း ရှိနေတော့ ဘယ်သူမှ မီးမသင်္ဂြိုဟ်စေချင်ကြဘူး။ အဲဒီလို အကြံပေးလိုက် ပယ်ချလိုက်နဲ့ အများကြီး ပြောဆိုဆွေးနွေးပြီးမှ နောက်ဆုံးအနေနဲ့ တုံးခေါက်ရွာရဲ့ အနောက်ဘက် ငါးမိုင်လောက်အကွာက 'ထက်သကြီး' ရွာက သင်္ချိုင်းကို ခွင့်တောင်းပြီး မြေချကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။

ဒါနဲ့ တုံးခေါက်ရွာလူကြီးက 'ထက်သကြီး' ရွာကို လူလွှတ်ပြီး ခွင့်တောင်းဖို့ စီစဉ်နေတုန်းမှာပဲ ဘကြီးသာဝဝိုင်းထဲကို ငိုက်စိုက်ငိုက်စိုက်နဲ့ ဖိုးတုတ်ဝင်လာတယ်။ သူ့ နဂိုဟန်အတိုင်း လက်ထဲမှာ ဂျာနယ်တစ်စောင်ကိုင်လို့။ သူရောက်လာတော့ နာရေးမှာရှိနေတဲ့ လူတွေအကုန်လုံး သူ့ကိုပဲ ဝိုင်းကြည့်လိုက်ကြတာပေါ့။ ဒီမှာတင် ဖိုးတုတ်က မျက်ရည်လေးကလယ်ကလယ်နဲ့ စကားတစ်ခွန်းကို အားလုံးကြားအောင် ပြောလိုက်တယ်။

'ကဲ ခုတော့ ကိုယ်သေရင်တောင် ဘယ်မှာမြှုပ်ရမှန်း မသိကြတော့ဘူး မဟုတ်လား။ အဲဒါ ကိုယ်ပိုင်ဆိုင်တဲ့ မြေကွက်လေးကို တောင် ထိန်းသိမ်းချင်စိတ် မရှိတဲ့ ငွေရပြီးရောဆိုတဲ့ ခပ်ညံ့ညံ့စိတ်ကြောင့်ဖြစ်ရတာ။ ခင်ဗျားတို့သိကြလား။ ကျုပ်တို့နိုင်ငံကို သိမ်းဖို့ဆိုရင် ပင်လယ်ဘက်မှာ စစ်သင်္ဘောကြီးတွေနဲ့ ဝိုင်းပိတ်ပြီး အမြောက်တွေနဲ့ ချိန်ထားစရာ မလိုတော့ဘူးဗျ။ ခင်ဗျားတို့ သိလား'

ဖိုးတုတ်က ပြောနေတဲ့ စကားကိုရပ်လိုက်ပြီး လူအုပ်ကြီး သူ့စကားကို နားထောင်နေလားဆိုပြီး တစ်ချက်ဝေ့ကြည့်လိုက်တယ်။ လူအုပ်ကြီးကလည်း ဖိုးတုတ်ပြောတာ ဟုတ်နေတော့ ငြိမ်ခံနေလိုက်ကြတယ်။ သူ့စကားကို နားထောင်နေတယ်ဆိုတာသိမှ ဖိုးတုတ်က သူ့ရင်ဘတ်ကြီးကို လွှတ်နေတဲ့ လက်တစ်ဖက်နဲ့ ပုတ်ပုတ်ပြီး ငိုသံပါကြီးနဲ့ ပြောလိုက်တယ်။

'ကျုပ်တို့နိုင်ငံကိုဗျ ခင်ဗျားတို့သိလား၊ ကျုပ်တို့နိုင်ငံကို ငွေနဲ့ဝယ်ပြီး သိမ်းလို့ရနေပြီဗျ'

ပြောပြောပြီး ဖိုးတုတ်က ငိုသံပါကြီးနဲ့ သူဆိုနေကျ သီချင်းကို ကောက်ဆိုလိုက်ပြီး ဝိုင်းထဲကနေ ပြန်ထွက်သွားတယ်။

*'တို့ဘိုးဘွား အမွေ အနှစ်မို့ ချစ်မြတ်နိုးမလေ။ ...တို့ပြည်၊ တို့မြေ'*

ဖိုးတုတ်သီချင်းသံ လည်းကြားရော နာရေးမှာရှိနေတဲ့ ငြိမ်သက်နေတဲ့ လူအုပ်ကြီးက ဘာမပြော ညာမပြော ဝုန်းခနဲ ထ,ငိုလိုက်ကြတယ်။

ဘကြီးသာဝအတွက် ငိုတာလား၊ ဒါမှမဟုတ် အခြားအကြောင်းတစ်ကြောင်းကြောင့် ငိုတာလား ဆိုတာကတော့ လေ...။ ။

■

လင်းနိုင်

ပဲ့တင်သံ ဂျာနယ်
Pae Tin Tharn Journal

နိုင်ငံသားတို့အသံ လွတ်လပ်စွာ ပဲ့တင်ထပ်စေမည်

ဘယ်လိုမူနဲ့လဲ

မဏ္ဍိုင်သုံးရပ်ကို
စောင့်ကြည့်ဝေဖန်သုံးသပ်သည့်အပြင်
စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍကို
ပီပြင်စွာကိုယ်စားပြုထင်ဟပ်ကာ
နိုင်ငံသားတို့၏အသံဟူသမျှအား
လွတ်လပ်စွာပဲ့တင်ထပ်စေမည်။

ဘာအသံတွေ ကြားရမှာလဲ

လွှတ်တော်အသံ၊ ရုံးတော်အသံ၊
ပါတီအသံ၊တိုင်းရင်းသားအသံ၊
လူငယ်အသံ၊ဈေးသည်အသံ၊
အနုပညာသည်အသံ၊ မြန်မာတစ်လွှားက
နိုင်ငံသားအသံ၊ ကမ္ဘာတစ်လွှားက
မြန်မာများအသံ။

ဘယ်လိုထူးခြားတဲ့သတင်းတွေ ဖတ်ရမလဲ

'ကမ္ဘာ့သတင်းစာမျက်နှာပေါ်က မြန်မာ'၊
'နိုင်ငံတကာမီဒီယာရဲ့ နိုင်ငံတကာသတင်း'၊
'သမဂ္ဂသတင်း'၊ 'သတင်းလူသား'
'သတင်းဝတ္ထု'...
အစရှိတာတွေကို ဖတ်ကြရမှာပါ။

အပတ်စဉ် ကြာသပတေးနေ့တိုင်း ထွက်ပြီ

ကိုယ်စားလှယ်များ မှာယူလိုပါက
ပဲ့တင်သံ ဂျာနယ်
အခန်းအမှတ်(၄-၀၁)၊ တိုက်(၁၇)၊ ၃ လွှာ
၅၂ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ တယ်လီဖုန်း ၀၁ ၉၀၁၀၅၀၁ သို့
ဆက်သွယ်မှာယူနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ရွှေအသစ်

## ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၉ ရက်နေ့ မှ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်နေ့အထိ ရောက်ရှိလာသော ရွှေအသစ်စာမူများ

(၁) နွေချစ်တိုင်း *ကုတင်နံပါတ် ၄၉* ၊မကွေး၊ (၂) ခေမံ *ကျွန်တော့်ရဲ့ သက်တံ့* ၊မြစ်သား၊ (၃) ခေမံ *ပင်လယ်နှင့်တူ၍ သမုဒ္ဒရာကဲ့သို့ နက်ရှိုင်းသော* ၊မြစ်သား၊ (၄) မင်းရက္ခ *လွမ်းရက် ရှည်ရှည်* ၊ကလော၊ (၅) လွမ်းနိုနို(ဘော်မြေ) *ကျွန်မယောကျ်ားကားသမား* ၊မကွေး၊ (၆) လွင်မင်း(မဝန်း) *ပြဒါးတစ်လမ်း သံတစ်လမ်း* ၊ကော့မှူး၊ (၇)လွင်မင်း(မဝန်း) *နှောင်ကြိုး* ၊ကော့မှူး၊ (၈) ပန်းသွန်းခြယ်(ကော့မှူး) မြစ်နဖူးပေါ်မှာ နေတစ်စင်း ၊ကော့မှူး၊ (၉) နွေလ *နှလုံးသားတစ်ခုရဲ့ အိပ်မက်* ၊နေပြည်တော်၊ (၁၀) ပျူမခ(ကော့သောင်း) *ရေသဖန်း လျှော်ကြေး* ၊ကော့သောင်း၊ (၁၁) မိုးခကျော်သွင် *မိုးသည်းထဲမှာ* ၊ပျော်ဘွယ်၊ (၁၂) ဆွေဇင်ဦး *ဘဝက မိုးစက်တွေလား၊ မိုးစက်တွေက ဘဝလား* ၊ထုံးဘို၊ (၁၃) ရဲစွမ်းနေ *အစိမ်းရောင် ည* ၊ပျော်ဘွယ်၊ (၁၄) တော်တော်တည် *အချိန်နှင့် တစ်ပြေးညီ* ၊ရန်ကုန်၊ (၁၅) ဖွဲ့နေရောင် *အကြို* ၊ရန်ကုန်၊ (၁၆) ငြိမ်းမောင်(ပုဏ္ဏားကျွန်း) *ဆင်းရဲတွင်းနက်* ၊ရခိုင်၊ (၁၇) ဥညြ(ချယ်ရီမြေ) *နွံ* ၊ပြင်ဦးလွင်၊ (၁၈) ဥညြ(ချယ်ရီမြေ) *ဤကမ္ဘာလောကကြီးကို အချစ်တို့ဖြင့်သာ ဖန်တီးထား၍ ရပါ* ၊ပြင်ဦးလွင်၊ (၁၉) ဥညြ(ချယ်ရီမြေ) *အနီးအဝေး* ၊ပြင်ဦးလွင်၊ (၂၀) နှန်းဟသာ(မိုးကုတ်) *ကျွန်မအဖေ တစ်ကောင်ကြွက်* ၊မိုးကုတ်၊ (၂၁) ငွေးဒူးထူးကျော်(မင်းတုန်း) *ယူတတ်ရမည့် သင်ခန်းစာ* ၊မကွေး၊ (၂၂) ငွေးဒူးထူးကျော်(မင်းတုန်း) *ဖေဖိတ်ကြားသဲ လူတော်လုပ်ခဲ့မိပါသည်* ၊မကွေး၊ (၂၃) ငွေးဒူးထူးကျော်(မင်းတုန်း)*ချစ်ခြင်းကို မခွဲပါနဲ့*၊မကွေး၊ (၂၄) မင်းညို့သျှင် *အကြွင်နှာ မိုး* ၊ကျောက်ပန်းတောင်း၊ (၂၅) မင်းညို့သျှင် *မချစ်တတ်ခဲ့သော်* ၊ကျောက်ပန်းတောင်း၊ (၂၆) မင်းတုန်းမောင်စိမ်းလွင် *သူစိမ်းတွေ* ၊ပြည်၊ (၂၇) ပြုံးနွဲ့နွဲ့ဝါ *ပန်းရှာ* ၊သထုံ၊ (၂၈) ပြုံးနွဲ့နွဲ့ဝါ *ကျေးရွာကျော်ကြောင်း တောင်းပန်ချင်* ၊သထုံ၊ (၂၉) ယွန်းမြတ် *မွန်းသျှန် အပိုဆု*၊ (၃၀) စန်းနေသော်(ပုပ္ပား) *ဖတေဆိုးလေး၏ ဓာနု* (၃၁) ဆွေဝင်းနီ(ပွင့်ဖြူ) *ရေမန်း* ၊မကွေး၊ (၃၂) ဆွေဝင်းနီ(ပွင့်ဖြူ) *ဘဲခေါင်းသန်းမောင်* ၊မကွေး၊ (၃၃) ဆွေဝင်းနီ(ပွင့်ဖြူ) *မိုးကောင်းကင်ကြီးလည်း အနီရောင်မပြောင်းပါ* ၊မကွေး၊ (၃၄) ဆွေဝင်းနီ(ပွင့်ဖြူ) *ကျွန်တော်ဖြစ်ချင်သည့် စာရေးဆရာ* ၊မကွေး၊ (၃၅) သန့်ဇင်(ဧရာဝတီ) *လူ့အခွင့်အရေး* ၊မြစ်ကြီးနား၊ (၃၆) သန့်ဇင်(ဧရာဝတီ) *သရက်သီးလေးတွေရဲ့ဆန္ဒ* ၊မြစ်ကြီးနား၊ (၃၇) သန့်ဇင်(ဧရာဝတီ) *စကားပြော ကောင်းသူတစ်ယောက် မဟုတ်သေး၍* ၊မြစ်ကြီးနား၊ (၃၈) သန့်ဇင်(ဧရာဝတီ) *ကိုယ်မကြိုက်တာကို ဘာလို့လုပ်နေလဲ* ၊မြစ်ကြီးနား၊ (၃၉) သန့်ဇင်(ဧရာဝတီ) *ကိုယ်ကြိုက်တာ ကိုယ်လုပ်* ၊မြစ်ကြီးနား၊ (၄၀) သန်းနိုင်(ဧရာဝတီ) *မီးခဲပေါ်က ပြာလေးတွေက ပူသလား* ၊မြစ်ကြီးနား၊ (၄၁) သန်းနိုင်(ဧရာဝတီ) *ဘာနဲ့အလုပ်စလုပ်ရင် ကောင်းမလဲ* ၊မြစ်ကြီးနား၊ (၄၂) သန်းနိုင်(ဧရာဝတီ) *သနားစရာကောင်းလိုက်တဲ့ ကံကောင်းတဲ့လူတွေ* ၊မြစ်ကြီးနား၊ (၄၃) *ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို အထင်အမြင်သေးပြီး စိုးရိမ်လွန်နေကြတာလဲ* ၊မြစ်ကြီးနား၊ (၄၄) ဖွဲ့နေရောင် *အိုမားဂန့်နန်းစတိုင်* ၊ရန်ကုန်၊ (၄၅) မောင်အင်း(ဥက္ကံ) *နေ်းရင်ခွဲ* ၊ဥက္ကံ၊ (၄၆) မြတ်သျှိုင်းသွင် *ဝတ္ထုတစ်ပုဒ်မေ့ကျန်ခဲ့တဲ့ဓာတ်လမ်း (သို့) လမ်းလွှတ်ပွဲ* ၊မကွေး၊ (၄၇) ညီညီဇော် *မျှော်လင့်ခြင်းလရောင်* ၊Email၊ (၄၈) ရွှေကိုယ်နတ်(UCSM) *မော်ဒန်သွပ်ဖက်ရှင်* ၊မန္တလေး၊ (၄၉) ယောနေခြည် *ကလိန်ကလောက်* ၊မြစ်ကြီးနား၊ (၅၀) ငြိမ်းချမ်းဇော် *ဆိုင်းဘုတ်တင်ထားတယ်* ၊ရန်ကုန်၊ (၅၁) လွမ်းတာတ်အောင်(ကလေး) *ကြက်ကလေး* ၊စစ်ကိုင်း၊ (၅၂) လွမ်းတာတ်အောင်(ကလေး) *တိမ်ဖုံးသော်လည်း လရိပ်မညို* ၊စစ်ကိုင်း၊ (၅၃) လွမ်းတာတ်အောင်(ကလေး) *ကမ်းစပ်ဝေးသော ရေလှိုင်းလေးများ* ၊စစ်ကိုင်း၊ (၅၄) လင်းယုန်သစ် *သင်းကွဲ ဓာတ်ကောင်* ၊ရခိုင်၊ (၅၅) ဆွတ်ပုံ့သင်း *ဗီးနှပ်စ်နှုတ်ခမ်းက အဝါရောင်စုတ်ရာ* ၊မုံရွာ၊ (၅၆)အောင်အောင်စိုး *နှလုံးဒဏ်သင့် ခြင်း* ၊ဇန်းမော်၊ (၅၇) ပီနိုသော်(Peno Thaw) ဦးခေါင်းပြတ်သွားခဲ့သူတစ်ယောက် ၊ရန်ကုန်၊ (၅၈) မလေးငယ် *ပုခက်လွဲ သော လက်တစ်စုံရဲ့ ငိုမဲ့မဲ့အားအင်* ၊ရန်ကုန်၊ (၅၉) မလေးငယ် *ပူဇာစ ဗလာနှ်* ၊ရန်ကုန်၊ (၆၀) နေမင်းဟိန်း *အကာယ်ဒမီ ကို စောဂျက်* ၊မန္တလေး၊ (၆၁) နေမင်းဟိန်း *ကမ်းဝေးအိပ်မက်* ၊မန္တလေး၊

*အေးမြတ်မြတ်ချို ပြုစုသည်။*



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်...)*

၂၄။

ကျွန်မသဘောကလေးတော့
အေးအေးဆေးဆေး
ပြော့ပြစ်ချင်×××
လင်မယူ အပျိုကြီးလုပ်မယ့်
ရွက်အုပ်သီးကလေး
တင်တင်×××
မေတ္တာနှာဝါလှေယာဉ်×××
ရေဇလာဝဲသြဃ×××
လားလားမှ
မကူးဝံ့သူပါသခင်×××
သုံးစလောင်းကုန်မှ
ပြောင်းမှန်းသိတဲ့အသွင်×××
ကျွန်မကိုချစ်ခင်
မေတ္တာဖက်လျှင်×××
အမေ့နားပေါက်အောင်
ရွှေစကားတောက်လှည့်ပါရှင်
×××အလို×××
မောင်မောင်ဆန်းရဲ့×××
အို့ကြောင်တောင်ကန်းသကွယ့်
×××

ဥသြသံအေးက
ရေစိုဆံပင်ကို
ဖျင်တဘက်နှင့်
သုတ်ရင်းက
ခေါင်းထဲရောက်လာသော
သီချင်းကလေးတစ်စ
ညည်းနေခဲ့သည်။

ဥသြသံအေးအဖို့ရာ ဆံအုံကောင်းကောင်း၊ ဆံလျှား ရှည်ရှည်ဆံပင်ကို ရွက်ထားရသူဆိုတော့ စိတ်ရှိ တိုင်း မလျှော်သာပါ။ တစ်ပတ်တစ်ခါတော့ နေ့ ကောင်းကလေးရွေးကာ လျှော်ဖြစ်ပါ၏။ ဥသြသံ အေးဆံပင်က ရွှေပိုးကောင်ခေါ်ကြသည့် အခွံမာ စိမ်းစိမ်း ပိုးတောင်မာရောင် ပေါက်နေရုံမက ရှည် လျားလွန်းလှသည်။ မြင်သူတိုင်းငေးရသည့် ဆံပင်။ မနက်တိုင်း ဆီမွှေးကလေးလူးတတ်လို့ ခေါင်းပေါ်ဆံထုံးကြီး တင်ထုံးထားတော့လည်း လေတင်က သင်းတပျံ့ပျံ့ရှိရသည့်ဆံပင်။ ဆံပင် ကလည်း မျိုးရိုးလိုက်လေသလား။ အမေ့အမွေ များလား...။ တွေးသာတွေးရတာပါလေ။ အမေ ဆိုတာ ဘယ်သူဘယ်ဝါမှန်းပင် မသိ။ ဝန်ရိုးမပါ သည့်ရထားအသွားခက်သလို သည်အကြောင်း တွေးမိတိုင်း အတွေးရခက်လှသည်။ သည်လို ဆိုပြန်တော့ ဥသြသံအေး ရင်ထဲဟာသွားရပါ၏။ အမေ...ဘယ်သူလဲ...။

အိမ်ရှေ့ကို လှည်းတစ်စီးဆိုက်လာတာ အိမ် ပေါ်က ရိပ်ခနဲ မြင်လိုက်ရသည်။ အဖေသီလတို့ အမေသန်းရီတို့နှင့် ခင်မင်ကြသောဧည့်သည်တွေ

# တောမင်းသမီး

**ခင်ခင်ထူး**

အမှတ် ၂၇၉၊ ဒီဇင်ဘာ၊ ၂၀၁၃

ရုပ်စုံမဂ္ဂဇင်း

အ ခန်း ဆက် ဝ တ္ထု ရှည်



www.burmeseclassic.com

က သည်လိုပင် လာနေကျ။ မင်းသားဟောင်း၊ မင်းသမီးဟောင်းတွေဆိုတော့ အရွှာရွာမှာ ခင်ခဲ့မင်ခဲ့သူတို့က ရွာလက်ဆောင်တွေ လာပေးနေကျ မဟုတ်လား။ လှမ်းကြည့်တော့ မိန်းမကြီးတစ်ယောက်နှင့် ကာလသားအရွယ်ကလေးတစ်ယောက်။ လှည်းက ပေါင်းမိုးတပ်လှည်းဖြစ်၍ အိမ်ရှေ့ဆီးချဉ်ပင်ရိပ်မှာ သစ်ကိုင်းခွတောင့်တောင့်နှင့် ဒေါက်ထောက်ထားလေ၏။ သည်လှည်းကိုမြင်ရတော့ ဘွားလေးကျားကြည်ကို သတိရမိသားပင်။

အိမ်အောက်ဆီက အသံတွေဗလုံးဗထွေး တက်လာပေသိ အိမ်ရှင်နှင့်ဧည့်သည် ဘာတွေပြောနေကြမှန်းတော့ မသိ။ ရယ်လိုက်ကြ၊ အော်လိုက်ကြ၊ ငြိမ်သွားလိုက်ကြ။ ဥညြသံအေးက တဘက်တစ်ထည်လဲကာ ဦးရေကို ခြောက်အောင်ပွတ်နေခဲ့သည်။ ထိုခဏမှာပင် အောက်ထပ်ဆီက အသံမြှင့်ဆိုလိုက်သောသီချင်းသံ ကြားလိုက်ရသည်။

*'ထူးတလီ ရှေးပုညရယ်က×××ထူးမဒီ လေးလုံမမှာ ဖြင့်×××တေးစုံသပ မက်စဖွယ်×××ဒွေးသုည သက်နှစ်ဆယ်×××အလိုရှင်, နှယ်အပေါ် စကားအဆစ်ညှန့်ရမှာဖြင့် ×××တစ်ဆယ်ကျော်လို့ ငါးနှစ်စွန်းဆီက×××ဖြစ်ထွန်းအောင်သည် သဘင်နှင့်×××ထီမတင် ရွာနယ်ကျေးမှာရှင်×××ကြည်ရွှင်ရွှင် နာမည်မွေးပါတဲ့×××အဟုတ်သဘော အမှန်တေးရယ်နဲ့××× ဥညြသံအေး ကျွန်မငယ်နာမည်'*

သီချင်းသံက တိခနဲ ရပ်သွားပြန်သည်။ ဥညြသံအေး ကျွန်မငယ်နာမည်တဲ့။ ဘယ့်နှယ်ကြောင့် သူ့နာမည်ပါနေရပါလိမ့်။ ပြီးတော့ သည်အသံကိုကြားဖူးသည်။ ကြားဖူးလိုက်တာမှ ပက်ကျိသွားလို့လမ်းထင်သလို တမျှင်တန်းတန်းပါလာသည့်အသံ။ ခဏနေတော့ အာလုပ်ချီ စကားဖန်ရွတ်သံကို ကြားလိုက်ရပြန်ပါ၏။

*'ကြင်သမျှ လင်ကခေါ်မှ××× ရွှေစိတ်တော်သာတဲ့သူပါမောင်ရဲ့ ××× သဘောတော်ရွှင်××× ဘုရားကျွန်မ တင်ကြိုလို့လျှောက်ပါရ××× လင်ချစ်မှစည်းစိမ်ဖြစ်××× လင်မြှောက်မှ စည်းစိမ်ပွား×××လင်ကောင်းမှ စည်းစိမ်တိုး××× ပုထိုးတစ်ဆူ ဂူတစ်လုံးပမာ×××ရာသက်ပန်မမုန်းနိုင် သူ့ရယ် ××× ဂမုန်းခိုင်နဲ့အလားညီ××× မောင်နဲ့ကျွန်မ နှစ်ပါးကြည်ချင်ပ့ါရှင့်'*

အလို…။ သည်အာလုပ်ချီစကားက အဖေသီလ ဇာတ်ထဲတုန်းက အမေပုတ်ကလေးရွတ်နေကျစာ မဟုတ်လား။ ဥညြသံအေး အိမ်အောက်ထပ်ကို ဒရောသောပါး အပြေးကလေးဆင်းလာခဲ့သည်။ ဟုတ်ပ့ါ…။ အမေပုတ်ကလေးရယ်။

အနားမှာထိုင်နေသူက သူ့သားအကြီးကောင် တင်းတိမ်ဆိုသူများလား။ လူက မအုံမနွေး။

'အမေ…အမေပုတ်ကလေး'

'မယ်သြ…ညည်းက အပေါ်ထပ်မှာဆိုလို့ အမေက အသံပေးလိုက်သာပါအေ။ မသန်းရီက တော့်အသံပေးကြ[ည့်]စမ်းဆိုလို့ ညည်းဆင်းလာအောင်ဆိုလိုက်သာ။ ဝမ်းသာ[ပါ]အေ။ ဘယ့်နှယ်တုံးအဆင်ပြေရဲ့လား။ ငါကတော့အေ ဝ[တ်]ကြောင်ပုဆိုး ကောင်းကျိုး မပေးဆိုသလို ဝတ်ချင်လှ[တဲ့]မင်းသမီး ထဘီအကွင်းလိုက် ကျွတ်ရပြီ။ သည်လိုပေ့ါအေ ဝင်တော့စည်တီးဝင်ခဲ့ရပေသိ ထွက်တော့ ခေါင်းမြီးခြုံထွက်[ရ]ဆိုသလိုပေ့ါလေ'

အမေပုတ်ကလေးလို့ နှုတ်ဆက်ရုံရှိသေး ပြောလိုက်တဲ့စကားတွေ။ စကားစကောက်ရသလောက်တော့ အမေပုတ်ကလေး ဇာတ်မင်းသမီးဘဝက အနားယူလိုက်ပြီထင်ပါရဲ့။ အမေပုတ်ကလေးခမျာ တစ်ကိုယ်လုံး အိုးကင်းပုတိုက်ထားသလို ညိုညစ်သွားလိုက်တာ။ တစ်ခါက ဇာတ်ခုံပေါ်မှာ မျက်နှာချေအဖွေးသားနှင့် သူ့မိတ်နှင့် သူ့ပရိသတ်လှလှ ကြီးရှိခဲ့သူခမျာ၊ အခုတော့ ရောင်းသူက တစ်ဆယ်ဈေး ခေါ်သော်မှ ဝယ်သူက တစ်ကျပ်မပေးချင်သည့် ဘဝမျိုး ပါလား။ အမေ ပုတ်ကလေး ဘယ်လိုဖြစ်ရတာလဲ။ အခု ဘာတွေလုပ်ကိုင် စားနေတာလဲ။ အိမ်ရှေ့ ဆီးချဉ်ပင်ရိပ်က ပေါင်းမိုးလှည်းကကော အမေပုတ်လှည်းပေလား။

'အမေ ဇာတ်က နားလိုက်ပြီ မယ်သြရဲ့။ လာတော့ ခေါ်ကြပါရဲ့။ သို့ပေသိ တို့မင်းသမီးများဆိုသာ ဇာတ်ခုံပေါ်က,ရသခိုက်ပါအေ။ က,ရတုန်းတော့ ဆင်မဝယ်ဖြစ်ဘူး ခလောက်ဝယ်မိရဆိုသလို လက်ထဲပိုက်မိရသယ်မှ မရှိသာ။ ရှိတဲ့ပိုက်ဆံကလေးနဲ့ လှည်းဟောင်းတစ်စီးဝယ်သယ်။ သည်ကောင့်ယောက္ခမတွေက နွားနှစ်ကောင်ငှားလို့ မကျားကြည်လို ပေါင်းမိုးသည်လုပ်နေသာ။ ဟောသည်ငါ့သား အကြီးကောင် တင်းတိမ်က မယားပျက်စီးတော့ ကလေးနှစ်ယောက် အဖတ်တင် ကျန်ရစ်ခဲ့သလေ။ ကလေးနှစ်ကောင်နဲ့ တရွတ်ဆွဲနေတော့ မအေဇာတ်ကရာ လိုက်လာပြီးခေါ်လို့ တစ်အုံတစ်မ ဈေးရောင်းကျွေးရသတော်။ အမေဖြင့် ပေါင်းမိုးလှည်းသည်ဖြစ်သာ ရှိရောပေ့ါ အခါမလည့်တလည်'

'သြော်…အဆင်ကောပြေရဲ့လား အမေပုတ်ရယ်'

'ပြေပါရဲ့၊ ဇာတ်က,စားသာနဲ့ချည်း မဖြစ်တော့ဘူး။ ရက်ကန်းတတ်တော့ တစ်မတ်၊ ဈေးရောင်းတတ်တော့ တစ်ကျပ်ဆိုသကိုးအေ့။ ဈေးရောင်းတော့ ပါးစပ်ပေါက်တွေဆို့လောက်သာပေ့ါ။ သားအမိနှစ်ယောက် ရွာစဉ်လှည့်ရောင်းရသာပဲ။ မကျားကြည်လို ဝေးဝေးလံလံ ရွာရိုးကိုးပေါက်တော့ မနှံ့ပါဘူးအေ။ လှည်းတစ်စီးနဲ့ ဟိုဘက်ခြမ်းမှာချည်းရောင်းသာများသယ်။ အခုက မြို့မှာကုန်ဖြည့်ရင်းဝင်လာသာ'

'ထမင်းစားပြီးမှ ပြန်လေ အမေပုတ်ကလေး'

'စားမှာ အမေကြီးပိတုန်း မမြင်ပါလား။ အဘွားကြီးနေကောကောင်းရဲ့လား'

'ရှိသယ် အိမ်ပေါ်မှာ လှဲနေသယ်'

ထိုနေ့လယ်က စကားတွေပြောဖြစ်ကြသည်။ အမေ



www.burmeseclassic.com

www.burmeseclassic.com

သန်းရီက ချက်ချင်း ပြန်မလွှတ်သေးဘဲ အမေပုတ်ကလေးသားအမိကို တစ်ညအိပ်ဖို့ တားသည်။ အမေပုတ်ကလေးကလည်း တစ်ညကလေး နေလိုက်ဖို့ပင် ချီတုံချတုံ။ ဥသြသံအေးက ငွေတစ်ရာ လက်ထဲထည့်ကန်တော့မှ အိပ်ပါ့မယ် အေတို့ရယ်တဲ့။ ဥသြသံအေးက အမေပုတ်ကလေး ကခဲ့သည့် ဇာတ်ထုပ်တွေကို သတိရနေမိပါ၏။ သူခိုးငတက်ပြားဇာတ်၊ မဘို့မယ်ဇာတ်၊ ရွှေဖရုံမယ်ဇာတ်၊ ပေါက်ကျိုင်းဇာတ်၊ ဗျိုင်းမလေး မယ်ဒွေးဇာတ်တွေကို ပိုင်ပိုင်ကြီးကခဲ့သည့် မင်းသမီးက အခုတော့ မယ်ကာကရုပ် ပေါက်နေခဲ့လေပြီ။ မင်းသမီးတစ်လက်ဆည်းပူးခဲ့သမျှ သဘင်ပညာတွေက လှည်းပေါင်းမိုးတစ်လှည်းစာလောက်တောင် အထောက်အပံ့ မဖြစ်တော့ဘူးတဲ့လား။ ဥသြသံအေး သက်ပြင်းတစ်ချက် ရှိုက်လိုက်မိပါ၏။ ပြီးခဲ့သည့်ဆောင်းတက်တုန်းက ဈေးရောင်းရင်း ထနောင်းပင်လှကို ရောက်ခဲ့သေးသည်ဆို၏။ အမေမဗိုင်းတောင့်နှင့် ဂျီးတိုးတို့က ထမင်းကျွေး ဈေးဝယ်ပြုခဲ့ကြောင်း၊ ဥသြသံအေးက အထောက်အပံ့ပေးလို့ တူဝရီးနှစ်ယောက် မပင်မပန်းရှိကြကြောင်း၊ ထနောင်းပင်လှကို နောက်ထပ်မရောက်တော့ကြောင်းတွေ ပြောပြသည်။

'ညည်းအမေက ဝလို့ စိုလို့ပါတော်။ သမီးမင်းသမီးက လူကြုံတိုင်း ငွေပို့တဲ့အကြောင်းပြောရှာပါ့။ အိမ်ကလေးလည်း ပြင်ထားတာတွေ့တော့ ငါဖြင့် ဝမ်းသာချက်တော့အေ။ ညည်းအမေက ညည်းဝယ်ပေးတဲ့ ခြယ်နားကပ်ကလေး ထုတ်ပြရှာသယ်။ နားယားလို့တဲ့ ပန်တော့ ပန်မထားဘူး။ တိုးစိန်ကတော့ နားကပ်ကြီး ပြူးပြူးပါလို့ပါတော်။ ရွာရပ်ကလည်း ညည်း အမေ သမီးမွေးရကျိုးနပ်သယ် ပြောကြပါသယ်။ ညည်းမျက်နှာနဲ့ ငါတောင် ပါသွားတဲ့ကုန်တွေ တော်တော်ရောင်းခဲ့ရသေး'

သည်လိုစကားကြားရတော့ အမေမဗိုင်းတောင့်ကို လွမ်းရပြန်ပါ၏။ ရွာကိုအရောက် မပြန်နိုင်ပေသိ ရွာနားဝန်းကျင်ပွဲကရလေတိုင်း အမေမဗိုင်းတောင့်ဆီ ဆိုင်းသမားထဲက တစ်ယောက်ကို ငွေပို့လွှတ်ရသည်။ ပြီးခဲ့သည့် ဝါဆိုဦးက ပွဲရက်ကလေးကျဲတုန်း တစ်ခေါက်ရောက်တော့ အိမ်ကလေးပြင်ပေးဖို့ ဘကြီးသာညိုနှင့် ကိုမောင်ထီကို ငွေအပ်ခဲ့သည်။ အမေ့အိမ်ကလေး ပြင်ပြီးမှတော့ မရောက်ရသေး။ ဥသြသံအေးက အမေပုတ်ကလေးရောက်သခိုက် ဇာတ်ထုပ်ဇာတ်စာတွေထဲက စာမေ့နေသည့် ငိုချင်းတချို့ကို မေးသည်။ ရွတ်ပြတော့ ချက်ချင်း ကူးယူသည်။ အသံတက်ယူသည်။ လှည်းပေါင်းမိုးသည် မင်းသမီးဟောင်းကြီးက ရလိုက်တဲ့စာတွေ ဖြောင်းဖြောင်းပြေးလို့။

ညဘက်ရောက်တော့ အိမ်ကြီးပေါ်မှာ စကားဝိုင်းဖွဲ့ကြရင်း အမေသန်းရီက ကျုံးရွာသူကြီးသား ကိုဘရှင် ခွဲသွားသည့်အကြောင်း ပြောခိုင်းလို့ ဥသြသံအေးက ပြောပြသည်။ အမေ ပုတ်ကလေးက စုတ်တသပ်သပ်။

'မိတ်မသက်တော့
နှိပ်စက်သာ
နာလှချည့်ရဲ့
အဲ့ဟဲ့xxx
မိတ်သက်လျှင်
မေတ္တာမျှသူ့ရဲ့xxx
စိတ်မပျက်ပါ
သံသရာ
ရှည်သမျှကိုလေ'
ဆိုသာ
တို့မိန်းမတွေများ
မကြိုက်တော့
ခါးခါးသီးသီးအောရဲ့။
ကြိုက်တော့
ပဒုမ
ပေါင်တိုကြီးတောင်
ခံတောင်းနဲ့
ရွက်ပြီး
လင်တော်တဲ့
မိဖုရား ရှိသေး
မှတ်လား။
လင်ခိုသာ
ကိုယ်
ကောက်ကိုင်မိရင်
ကိုယ့်လက်ထဲ
ခုပ်မိရသာမျိုးအော့'

'အဲသည်နေ့က ကျုပ်ဖြင့် ကိုဘရှင်မယားဖြစ်ရတော့မလို့ အမေရေ။ ကျုပ်ကို အဲသည်လူကြီးက နင်တို့က မျက်စိရှေ့ မသာရှိမှ ဖယင်ကျူးတတ်သာလား ဆိုလိုက်တော့ သွေးတွေ ဆူတက်လာပြီး ဘယ်က ဘယ်လိုထွက်လာတဲ့ ဇာတ်စာတွေရယ် မသိတော့ပါဘူးတော်။ အိမ်ကြီးထဲ လူငါးယောက် ငုတ်တုတ်ထိုင်ကြည့်နေသာမေ့ပြီး ဇာတ်ခုံပေါ်တက်ကနေရသယ် ထင်တော့သာ။ ဇာတ်လည်းသိမ်းရော ကျုပ်လည်း နဂိုစိတ်ပြန်ဝင်ပြီး ပုံပုံကျကရော။ အဲသည်နေ့ကများ ကျုပ်တော့ ကိုဘရှင်မယားနဲ့ သေဘေးတစ်ခုခု ရွေးရတော့မယ် အောက်မေ့သာ၊ ဖြစ်ပုံက…'

ထိုနေ့က ဥသြသံအေး၏ အနုပညာကပဲ ဖမ်းစားနိုင်ခဲ့လေသလား၊ ကိုဘရှင်စိတ်ကောင်းဝင်ခိုက်နှင့်ပဲ ကြုံလေသလား မပြောနိုင်ပေသိ ငယ်စဉ်က ဇာတ်မင်းသားဖြစ်ချင်ခဲ့သူ နွားခိုးခေါင်းဆောင် လူမိုက်ကြီးအဖို့ရာ ဓားရှည်ကိုင်လျက်က မျက်နှာကြီး အိုနေခဲ့သည်။ ကိုဘရှင်၏ နဂိုစိတ်အကြံကို မသိနိုင်ပေသိ ထိုနေ့က ဥသြသံအေး၏ ငှက်မသာငိုပွဲကို ကျေကျေနပ်နပ်ရှိပုံပေါ်သည်။ ကြေကြေကွဲကွဲလည်း ရှိပုံပေါ်သည်။ ကြမ်းပေါ်စိုက်နေသည့် ဓားရှည်ကို ဆတ်ခနဲဆွဲနုတ်ပြီး ဓားဦးကို မအုန်းရင်ဘက် လှည့်လိုက်သည့် ထိုအခိုက်အတန့်ကလေးမှာပင် မအုန်းရင်၏ အော်သံနက်နက်ကြီးက



www.burmeseclassic.com

www.burmeseclassic.com

ကစူးကဝါး ထွက်ပေါ်လာခဲ့သည်။ ဥသြသံအေးက မျက်လုံးကို စုံမှိတ်ထားလိုက်သည်။ ရင်ထဲကနေ ဘုရားသာ တ, နေရတော့၏။ ဥသြသံအေးမျက်စိမှိတ်ထားလို့ မြင်ကွင်းကို မမြင်ရတာထား၊ ဘာအသံမှလည်း မကြားရတော့မှ မျက်စိကို မရဲတရဲ ဖွင့်ကြည့်လိုက်သည်။ ကိုဘရှင်က ဓားရှည်ကြီးကိုကိုင်လျက်က မအုန်းရင်ကိုသာ ဓားဦးနှင့် တို့နေခဲ့လေသည်။ မအုန်းရင်ခမျာလည်း အသားတွေ တဆတ်ဆတ်တုန်အောင် ကြောက်ရွံ့နေရှာလေသည်။

'မအုန်းရင် သူတို့ကို ရှိတာနဲ့ ထမင်းကျွေးလိုက်။ ကျော်ခွေး မင်းတို့ ထိန်ပင်က လှည်းသမား ပွေးလှ သွားခေါ်ချေ။ သူတို့ကို ညတွင်းချင်းပဲ မြို့ကို ပြန်ပို့လိုက်တော့'

ကိုဘရှင်က သည်စကားသာပြောပြီး အိမ်ကြီးပေါ်တက်သွားခဲ့သည်။ မအုန်းရင်က ဥသြသံအေးနှင့် ကိုဒန်ချိုင့်တို့ကို လက်တို့ပြီး မီးဖိုချောင်ဘက်ခေါ်ကာ ခရမ်းချဉ်သီးငါးပိကောင်ချက်၊ ပဲဟင်းချိုအေးအေးနှင့် ထမင်းကျွေးသည် မအုန်းရင်က ဥသြသံအေးကိုငေးကြည့်ရင်းက 'တော်လိုက်တဲ့ မင်းသမီးအေ၊ ငါတွေ့ဖူးသမျှတွေထဲမတော့ မင်းသမီးကြီးသရဖီညွှန့်နဲ့ ညည်းနဲ့ နှစ်ယောက်ရှိ မှတ်သာပဲ'ဆိုလို့ ဥသြသံအေး မေးကြည့်ရပါ၏။

'သရဖီညွှန့်ကို ဒွေးလေးသိတယ်ပေါ့'

'ပွဲကြည့်ဖူးသာပါအေ၊ တစ်ခါလား နှစ်ခါလား။ သည်လောက်ပါပဲ။ ဒါပေသိ မေ့လို့မရဘူးအေ့'

ထမင်းစားသောက်ပြီး စောစောက ပွဲကခဲ့သည့်နေရာက ရသေ့ကျောင်းမှာ ခဏတစ်ဖြုတ် ထိုင်နေကြသခိုက် ကိုဘရှင်အိမ်ကြီးပေါ်က တစ်ခေါက်ဆင်းလာခဲ့သည်။ သူ့လက်ထဲမှာ ဆုပ်လာသော ပစ္စည်းတစ်ခုကို ဥသြသံအေးကို လှမ်းပေးလိုက်၏။

'ရော့, မင်းသမီး ကျုပ်တစ်သက်မှာ ကျုပ်ကချည်း သူတစ်ပါးပစ္စည်းကို ယူခဲ့သာချည်းပဲ။ သည်တစ်ခါတော့ကျုပ်က ပေးချင်လို့ကိုပေးသာ။ မအုန်းရင်, လှည်းလာရင် သူတို့ကို တင်လွှတ်လိုက်တော့'

ကိုဘရှင် အိမ်ကြီးပေါ် ပြန်တက်သွားတော့ ဥသြသံအေး လက်ဖဝါးထဲက ပစ္စည်းကို ငုံ့ကြည့်လိုက်သည်။ ရော့ဘုရင် ခေါင်းပုံပါသည့်ရွှေဒင်္ဂါး ငါးမူးပြားတစ်ပြား။ အံ့သြလွန်းလွန်းလို့ ဘာစကားမျှပင် မဆိုနိုင်ခဲ့။ မအုန်းရင်ကပင် အံ့သြနေခဲ့သည်။

'ကိုဘရှင်က စိတ်မမှန်ဘူး။ မွေးသန္ဓေ သေမပျောက်ဆိုသလို တစ်သက် လူစိတ်ဝင်လိမ့်မယ်မထင်ခဲ့သာ။ မယားများ လိုချင်ရင် ဖိနပ်များကောက်စွပ်သလို စွပ်ခဲ့သာ များလှပေါ့။ ဖိနပ်ရယ်လို့ နောက်ပိတ်နဲ့ ကွင်းစွပ်ရွေးနေသာ မှတ်ဘူးရယ်။ ငါ့တူမ ကံကောင်းလိုက်သာအေ၊ လှည်းကလည်း မြန်မြန်လာပါရောတော်'

မအုန်းရင်က ကိုဘရှင် စိတ်ပြန်ပြောင်းသွားမှာ စိုးရိမ်သလို လှည်းကို ထွက်မျှော်နေရှာသေးသည်။ သည်လိုနှင့် ခြံရှေ့က တံခါးရွက်ကြီးကို တစ်ထွာချင်း တစ်တောင်ချင်း မ,ဖွင့်ကာ ထောင်ချောက်ကြီးထဲက လျှို့ထွက်သလို ထွက်ခဲ့ကြရသည်။

လှည်းသမား ပွေးလှ လှည်းနှင့် ပြန်ခဲ့ကြတော့ ကောင်းကင်မှာ လ,ကလေး ရေးရေးပင် ပေါ်နေခဲ့ပြီ။ သည်တော့မှ ကိုဒန်ချိုင့်(လေးဂျိုင့်)လည်း အသံထွက်ဝံ့တော့သည်။

'ဥသြမရယ် နင် ဆိုသာ,ငိုသာများ ကောင်းလိုက်သာအေ။ ကြားနေကျမြင်နေကျ ငါတောင် မျက်ရည်လည်မိသယ်။ အဟုတ်ပြောသာ။ ကိုဘရှင်ကလည်း နင့်ပညာနဲ့တွေ့တော့ ဆယ့်နှစ်မှုပွေတဲ့ကြားက ရေကြည်ထမ်းမိလို့ ရေချမ်းအိုးကွဲရသာမျိုးပဲ။ မယ်သြရေ ကံကောင်းလို့ ရေတိမ်မနစ်သယ်'

'ဟုတ်ပါ့ရဲ့ လေးဂျိုင့်ရယ်။ ကျုပ်တော့ ကျုပ်ဘဝကို အဆုံးထားပြီးသားရယ်။ ဆန်တစ်စလယ်နဲ့ ရသေ့တစ်ထောင်ဆွမ်းဆန်တော်လောင်းရသလို ကိုယ့်ဘက် အရှုံးပြီတွက်သာ။ ဘာပဲဖြစ်ဖြစ် လေးဂျိုင့်ရယ် ကျုပ်တတ်ထားတဲ့ ပညာက မကြီးလှပေသိ ဆင်စွယ်မှန်တော့ ပိုးမစားသလိုထင်ပါရဲ့တော်'

လှည်းသမား ပွေးလှက လှည်းကို ခပ်မှန်မှန် မောင်းလာခဲ့သည်။ လရောင်က ကွင်းကျယ်ကျယ်ကြီးထဲမှာ ဖုံဖုံကြီးလင်းလို့။ ဥသြသံအေးက နောက်ကများ လူတွေလိုက်လာလေမလားပူမိသေးသည်။ ခရီးရောက်သလောက် တစ်စထက်တစ်စ ညဥ့်နက်လာခဲ့သည်။ မနက်က ထွက်လာတော့ မိုးတွေအုံ့မှိုင်းနေခဲ့ပေသိ ညခရီးမှာတော့ လရောင်ရှိလို့ တော်ပါသေးရဲ့။ လှည်းသမား ပွေးလှကတော့ သည်နယ်၊ သည်ခရီးမှာ သူ့လှည်းဆိုလျှင် လူမိုက် ကိုဘရှင်လက်ကိုင်မှန်းသိလို့ ဘယ်သူကမှ လက်မတင်ဝံ့ကြောင်း အာမခံလေ၏။ တစ်ခွန်းတော့ ပြောပါ၏။

'ကျုပ်က မင်းသမီးတော့ သည်ည ကိုဘရှင်မယားဖြစ်ကရော တွက်သာဗျို့။ အခုက ဘယ့်နှယ်ကြောင့်များ ညတွင်းချင်းပြန်ပို့ခိုင်းရသာတုံး'

အလာခရီးတုန်းက ဘာတွေမေးမေး 'မဆိုနိုင်ဘူး'လို့ ဖြေခဲ့သူက အခုတော့ မေးခွန်းတွေဘာတွေ မေးလို့ပါလား။ ကိုဒန်ချိုင့်က သူ့စကားနှင့်သူ 'မဆိုနိုင်ပါဘူးကွာ'ဆိုတော့ ပွေးလှက အသံတိတ်သွားခဲ့သည်။ ဥသြသံအေးက လျှောစောင်ကလေး ထုတ်ခြုံသည်။ သူပြောချင်သည့် စကားတော့ ပြောလိုက်မိသား။

'လက်ဖက်နဲ့ မဲဇလီ ဆီရွှဲတာနဲ့ပဲ အရသာညီရုံးလားကိုပွေးလှရယ်။ ကျုပ်လား လူမိုက်မယားအဖြစ်ခံမှာ။ ဝါကျွတ်ခါနီးမှ တော်သလင်းက ကန့်လန့်ခံလို့တော်'

လရောင်ညမှာ လှည်းကြမ်းတစ်စီး၊ လူသုံးယောက်။ ကိုဒန်ချိုင့်က ကုပ်ကျိုးအောင်ငိုက်သည်။ လှည်းသမားက



www.burmeseclassic.com

www.burmeseclassic.com

ပုဆိုးခြုံရင်းက နွားဆွဲရာ မေးလိုက်သည်။ ဥညြသံအေးသာ လှည်းရုံတိုင်ကိုမှီရင်း အတွေးများစွာနှင့် လိုက်ပါလာခဲ့ပါ၏။ သည်လိုနှင့် သန်းခေါင်ကျော်ကျော်မှာ မြို့ရိပ်ကိုဝင်ခဲ့ရသည်။ လှည်းသမား ပွေးလှက လူချပြီးသည်နှင့် အိမ်ပေါက်ဝက လှည့်ပြန်လေသည်။ ညတွင်းချင်း ပြန်ရောက်ကြလာသော ဥညြသံအေးတို့ကို အမေကြီးပိတုန်းနှင့် အမေသန်းရီတို့က ဆီးမေးလို့ ကိုဒန်ချိုင့်က အကျိုးအကြောင်း ပြောပြရသည်။ ကိုဒန်ချိုင့်စကားဆုံးတော့ အမေကြီးပိတုန်းက ဥညြသံအေး ကျောကုန်းကို အုန်းခနဲ တစ်ချက်ထုလိုက်ရင်းက 'အာဂမိန်းမ ပါကောအေ' လို့ ဆိုရှာသည်။

ဥညြသံအေးက ဖြစ်ခဲ့သမျှ ဇာတ်ကြောင်းပြန်နေတာကို အမေပုတ်ကလေးနှင့်အတူ အမေကြီးပိတုန်း၊ အမေသန်းရီတို့ ကပါ ထိုင်နားထောင်နေခြင်းဖြစ်သည်။ အမေပုတ်ကလေးက စုတ်သပ်ရင်း ဥညြသံအေး၏ လက်ကလေးတွေကို ဆုပ်ခြေ ပေးနေခဲ့သည်။

'မယ်ညြရယ်၊ ကံကြီးလို့ပါကောအေ။ ခွေးကျမကျ ကြောင်ကျကျလို့သာပေါ့။ ကိုဘရှင်မယား မအုန်းရင်ဆိုသာ တို့နဲ့တစ်ချိန်တည်း ပညာသင်ခဲ့တဲ့ တစ်ခေတ်တစ်ခါက မထင်မရှား ရွက်ကြမ်းရေကျို မင်းသမီးအေ့။ လူဆိုးမယား ဖြစ်ရတော့ ပေကုန်ပေသီ စာမကျလိုက်ရှာဘူး။ ရှိသေးသကိုး။ ငါက မအုန်းရင် သေပြီမှတ်သာ'

ထိုညက သည်အကြောင်းတွေ ပြောဖြစ်ကြတော့ ဥညြသံအေး ခပ်ငယ်ငယ်က အိမ်မှာ တစ်ညတည်းသွားသည့် နီးပြားရုပ်သေးသည်ကြီး ပြောပြဖူးသည့် အသိမ်းပိုက်ခံ မင်းသမီးတွေအကြောင်း သတိရမိသည်။ ဆိုင်းဆရာ ဦးတော သားဆိုသူကို မချစ်၊ မနှစ်သက်ပါဘဲ ယူလိုက်ရသည့် မင်းသမီး မစိန်ချစ်၊ ဖဲသမား ကိုကြံပေါ်ကို မယူချင်ဘဲ ယူ လိုက်ရသည့် မင်းသမီး ပခန်းမြကလေးတို့ကိုဖြစ်၏။ မင်းသမီး မစိန်ချစ်က မတရားယူခဲ့သူ ဆိုင်းဆရာနှင့် ပေါင်းရ ပေသိ သားသမီး မရပါရစီနဲ့၊ မြုပါရစီလို့ ရက္ခစိုးညောင်ပင် မှာ ဆုတောင်းသတဲ့။ ပခန်းမြကလေးကို လိုချင်တော့ ဖဲသမား ကိုကြံပေါ်က မင်းသမီးအမေကို ချောက်ထဲတွန်းချပြီး မြ ကလေးကို မယားပြုခဲ့သတဲ့။ ဥညြသံအေးက သူ ကြားဖူးခဲ့ တာကို ပြောပြဖြစ်ပါ၏။

'ကျုပ်က အဲသလိုဖြစ်ကြသယ်ဆိုသာတွေကို နားနဲ့ ကြားခဲ့ဖူးပါရဲ့။ ကြားတုန်းကတော့ သည်လိုဖြင့် ခက် ကောင်းခက်ရ ချည့်လို့တောင် အောက်မေ့မိသယ်။ကိုယ် တွေ့ကြုံရမှ ယုံတော့သယ် အမေကြီးပိတုန်းရယ်။ ကျုပ်ငယ် သေးသယ်။ ဘာတွေ ကြုံရဦးမယ် မပြောတတ်ဘူး'

'ဘဝက အကြောင်းတွေရှိပါသေးသယ် ငါ့မြေးရယ်။ ဖြစ်ချင်သာဖြစ်ရ ဖြစ်ချင်တော့မဖြစ်ရ။ မဆန်းပေါင်အေ၊ သာသည် ကောင်မ ပုတ်ကလေး ဇာတ်ထဲတုန်းက ဆိုသာ မှတ်မိလား။ '*မိတ်မသက်တော့ နှိပ်စက်သာ နာလှချည့်ရဲ့ အဲ့ဟဲ့ ×××မိတ်သက်လျှင် မေတ္တာမျှသူ ရဲ့ ×××စိတ် မပျက်ပါ သံသရာရှည်သမျှ ကိုလ*' ဆိုသာ တို့မိန်းမတွေ များ မကြိုက်တော့ ခါးခါး သီးသီးအေရဲ့။ ကြိုက်တော့ ပဒုမပေါင်တိုကြီးတောင် ခံတောင်းနဲ့ရွက်ပြီး လင် တော်တဲ့မိဖုရားရှိသေးမှတ် လား။ လင်ဆိုသာ ကိုယ် ကောက်ကိုင်မိရင် ကိုယ့်လက် ထဲ ဆုပ်မိရသာမျိုးအေ့'

အမေကြီး
ပိတုန်း
ပြောခဲ့သည့်
စကား
မှန်ကြောင်း
နောင်အခါ
ဥညြသံအေး
ကောင်းကောင်းကြီး
သဘောပေါက်ခဲ့
ရသည်
သူ့ဘဝမှာ
သူ့လက်နှင့်
ကောက်ကိုင်ခဲ့သည့်
ယောကျာ်းတွေ
ရှိခဲ့ခြင်းကြောင့်ပင်
တချို့
ယောကျာ်းက
လင်သစ်တုံး
တချို့
ယောကျာ်းက
လင်ထင်းတုံး
သိပ်တော့
မကွာ

ထိုညက အမေကြီး ပိတုန်းပြောခဲ့သည့်စကား မှန်ကြောင်း နောင်အခါ ဥညြသံအေး ကောင်းကောင်းကြီး သဘောပေါက်ခဲ့ ရသည်။ သူ့ဘဝမှာ သူ့လက်နှင့် ကောက်ကိုင်ခဲ့သည့် ယောကျာ်းတွေ ရှိခဲ့ခြင်း ကြောင့်ပင်။ တချို့ယောကျာ်း က လင်သစ်တုံး၊ တချို့ ယောကျာ်းက လင်ထင်းတုံး။ သိပ်တော့မကွာ။ ညဥ့်နက် သည်အထိ စကားကောင်း ခဲ့ကြသည်။ မနက်လင်းလို့ အမေပုတ်ကလေး ပေါင်းမိုး လှည်း ထွက်သွားတာကိုပင် ဥညြသံအေး မသိလိုက်။ နေကြီးမြင့်မှ နိုးလာခြင်း ကြောင့်ဖြစ်၏။ အမေပုတ် ကလေးတို့သားအမိ ပေါင်း မိုးလှည်းကြီးနှင့် ပြန်ပြီဆို တော့ တစ်ခါက ဆိုပြခဲ့ဖူး သော သူ့ကိုယ်ပိုင်သီချင်း ကလေးကိုပင် သတိရလိုက်မိ ပါ၏။

'*ပုတ်ကလေး ကျွန်မ ×××ရုပ်ကလေး မလှလို့ အကျည်းတန်×××ထူးရှက် စရာ ဘီလူးသဘက်ပမာ ×××သေချာကြည့်လို့ နှစ်ပြား မတန်×××ပိုးတွန့်လုံချည်*



www.burmeseclassic.com

www.burmeseclassic.com


လစာကောင်းကောင်းနိုင်ငံခြားသင်္ဘောအမြန်ဆုံး စတက်ရစေဖို့လျှောက်ထားသောကုမ္ပဏီမှနိုင်ငံခြားသင်္ဘောအမြန်ပြန်တက်ရဖို့၊ နိုင်ငံခြားသင်္ဘောပေါ်မှာအစစ အဆင်ပြေပြီးစာချုပ်သက်တမ်းပြည့်ပြီးသည် အထိကြာရှည်ခိုင်မြဲစွာ လုပ်ကိုင်ရစေဖို့၊ နိုင်ငံခြား သင်္ဘောခရီးစဉ်တွင် ခိုက်ရန်ပြဿနာမဖြစ်ဘဲ အသက်အန္တရာယ်ကင်းရှင်းပြီး ထိခိုက်ဒဏ်ရာကင်း၊ ရောဂါကင်း၊ ကျန်းမာပျော်ရွှင်ရစေဖို့၊ နိုင်ငံခြားသင်္ဘောဆိုင်ရာ အဆင့်ရာထူးတိုးတက်ရေးအတွက် ရေးဖြေ၊ နှုတ်ဖြေ၊ စာမေးပွဲများကို လွယ်ကူအဆင်ပြေစွာအောင်မြင်ဖို့၊ နိုင်ငံခြားသင်္ဘောသားအတွက် အာမခံငွေ၊ လျော်ကြေးငွေများအဆင်ပြေလွယ်ကူစွာဖြင့် အမြန်ဆုံးရရှိစေဖို့၊ ပြည်ပနိုင်ငံခြားမှာဖြေဆိုမည့် စာမေးပွဲအမျိုးမျိုးအမှတ်များများဖြင့် ထူးချွန်စွာအောင်မြင်စေဖို့၊ နိုင်ငံခြားမှာ ဝင်ငွေကောင်းမည့် အလုပ်အကိုင်ကောင်း အမြန်ဆုံးရရှိစေဖို့ ၊ နိုင်ငံခြားမှာလုပ်ကိုင်နေထိုင်သူ ကျန်းမာ၊ ဘေးကင်းပြီး အမှုအခင်း၊ အဖမ်းအဆီး၊ အချုပ်အနှောင်ကိစ္စများကင်းရှင်းနေစေဖို့၊ နိုင်ငံခြားမှာ work ပါမစ်အဆင်ပြေစွာအမြန်ဆုံးရရှိဖို့၊ နိုင်ငံခြားမှာအမြဲနေထိုင်ခွင့်ဗီဇာလွယ်ကူစွာအမြန်ဆုံးရရှိစေဖို့ -

(ဂမ္ဘီရနည်းလမ်းကောင်းများဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်။)

**ဆရာဦးပိုင်ရဲအောင် (ဝိဇ္ဇာဘွဲ့)** (လက္ခဏာဗေဒင်ဟောခန်း)

ဟောခန်းလိပ်စာ၊တိုက်(၄၀)၊(B-1)-မြေညီထပ်၊မဟာမြိုင်အိမ်ရာထိပ်၊(မဟာရန်ကုန် ဆိုင်သစ်ကြီးအနီး)

ဦးဝိစာရလမ်း၊(၄၁) ရပ်ကွက်၊မြောက်ဒဂုံမြို့နယ်။ ဖုန်း – ၀၉ ၇၃၁၄၇၀၂၄၊၀၉ ၅၀၉၃၈၉၁

ပိတ်ရက်မရှိပါ။ ယုံကြည်အားကိုးမှသာ လာခဲ့ပါ။



ဗုဒ္ဓံ ဓမ္မံ သံဃံ

လားရှိုးမြို့ နက္ခတ်သိဒ္ဓိရှင် **ဆရာတော် ဦးပဏ္ဍိတာဓရ** ၏ သမီးတပည့်

ဆန်းကျမ်းဗေဒင် **ဆရာမ ဒေါ်နန်းခမ်းလန်**

မိတ်ဟောင်းကို စောင့်မျှော်မိတ်ခေါ်ရင်း မိတ်သစ်ကိုလည်းကြိုဆိုပါတယ်ရှင်။

အမှတ် (၆၈၆)၊ မဟာဗန္ဓုလလမ်း ၄၆ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
[ဒဂုံမောင်လှကျက်ရည်ဆိုင်ဘေးကပ်]
ဖုန်း – ၀၉ ၃၁၃၄၁၃၉၁




www.burmeseclassic.com

www.burmeseclassic.com


ရွာ
ဆရာမိုး
အမှတ်တံဆိပ်

အမောလုံ နှလုံးအားဆေး

းဝင်အိပ်ပျော် မူးမောကင်းဝေး
ရွာ ဆရာမိုး အမောလုံ နှလုံးအားဆေး




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010736

✶ စေ့စပ်/လက်ထပ်ပွဲကို ဘယ်နေ့ ဘယ်ရက်မှာ ပြုလုပ် ကျင်းပသင့်ပါသလဲ။
✶ မင်္ဂလာဆောင်နံ့ ၂ဦး ဘယ်လိုအဝတ်အစား/ဘယ်လိုရတနာမျိုးဝတ်သင့်လဲ။
✶ အေးချမ်းသာယာခိုင်မြဲသော အိမ်ထောင်ဖြစ်ဖို့ ဘယ်လို ဘုရားကိုးကွယ်သင့်လဲ။
✶ ဘယ်နှစ်,ဘယ်လမှာ ၂ဦးကြား ပြဿနာ အနှောင့်ယှက် ပေါ်တတ်ပါသလဲ။
✶ ဘယ်အချိန်လောက် သားသမီး ယူပါက အကျိုးဖြစ်ကံတက် မည့်ကလေးဖြစ်မလဲ။
✶ ၂ဦးစလုံး အတွက် (သို့) ၁ဦးချင်းစီတွက် ဘယ်လိုလုပ်ငန်းမျိုးစီးပွားဖြစ် ကြီးပွားနိုင်ပါသလဲ။

**ဆရာမ ထက်နွေးစန္ဒီ LL.B, LL.M, DBL, DML**
(အမျိုးသမီးသီးသန့် လက္ခဏာဗေဒင်ဟောခန်း)

တိုက် - 40 (G-2) ဦးဝိစာရလမ်း၊ 41- ရပ်ကွက် မဟာမြိုင်အိမ်ရာ၊ မြောက်ဒဂုံ။
Ph : 09 5164326 , 09 73106180 , 09 43094806




www.burmeseclassic.com

www.burmeseclassic.com

*ထိုင်မသိမ်း မတန်တော့×××နာနတ်ချည်နဲ့ ယိမ်းထွက်ရ အဖန်ဖန်'*

ဟုတ်ပါရဲ့။ အမေပုတ်ကလေးခမျာ ပိုးတွန့်လုံချည်၊ ထိုင်မသိမ်းအင်္ကျီနှင့် မဟုတ်တော့ပြီ။ နာနတ်ချည်ထည် တွန့်တွန့်ကြေကြေနှင့် လှည်းပေါင်းမိုးဈေးသည်ဘဝ ရောက်ရပြီ။ လူ့ဘဝဇာတ်ခုံကတော့ ဇာတ်ထုပ်ဇာတ်ဆန်းတွေ ထွေထွေပြားပြား မဟုတ်လား။

❑

နေပြင်းသည့်တစ်ရက်မှာ ဉာဉ်သံအေး အဝတ်အစားတွေ 'နေ' ပြရသည်။ မင်းသမီးပီပီဖြစ်လာတော့ အဝတ်အစားတွေ များလှလေပြီ။ အော်ပရာဝတ်၊ ပြဇာတ်ဝတ်၊ နောက်ပိုင်းဝတ် အထည်တွေသာမကတော့ဘဲ ခေါ်ကောက်ချီကောက်တွေမှာ ဝတ်ရသည့်မင်းသမီးဝတ်တွေကလည်း မနည်းပြီ။ တစ်နှစ်တစ်နှစ် အဆန်းပေါ်လာလေသမျှ ဝယ်ဖြစ်ခဲ့သည်။ မင်းသမီးဝတ်တွေဆိုလျှင် ရှေးကလို ထူထူပိန်းပိန်း လေးလေးလံလံကြီးတွေ မဟုတ်တော့ဘဲ ပါးပါးလျားလျား ဝင်းဝင်းဖိတ်ဖိတ်တွေ ဖြစ်လာပြီ။ အရောင်တွေကလည်း ဆန်းသည်။ ဗိုလ်ဆန်ဆန် ကြားရောင်ကလေးတွေက လှလည်းလှသည်။ အမြင်လည်း ဆန်းပါ၏။ ဖျာကြမ်းကြီးနှစ်ချပ်ခင်းပြီး လှန်းသည့်အခါ အဝတ်အိတ်ထဲက ဘူးတစ်ဘူး ထွက်လာခဲ့သည်။ လှပ်လိုက်တော့ ပယင်းဝါပုတီးတစ်ကုံး။ သည်တော့မှ အဖေသီလဇာတ်မှာ တွဲခဲ့ရသည့် မင်းသား ရဲတင်းကို သတိရလိုက်မိပါ၏။ ပယင်းပုတီးက သစ်သစ်လွင်လွင် မဟုတ်ပေသိ သူ့အဖို့ရာတော့ တန်ဖိုးထားအပ်သောအရာလို့ ရဲတင်းကိုယ်တိုင် ပြောခဲ့ဖူးသည်။ ဉာဉ်သံအေးကို ပယင်းပုတီးတစ်ကုံးနဲ့ ပရိတ်ကြိုးချည်သလို ချည်ခဲ့တာလား ရဲတင်းရယ်၊ သည်ပုတီးကုံးလေးက မေတ္တာအမှတ်အသားပေလား။ မင်းသား ရဲတင်းနဲ့ ဉာဉ်သံအေးရယ်လို့ ရွာတွေမြို့တွေမှာ ကလေးရာရာ အတွဲညီခဲ့ဖူးပါ၏။ ငထွေရွှက်(ငါးထန်းရွှက်) နှစ်ကောင်လို တတွဲတွဲ ရှိခဲ့ဖူးပါ၏။ အခုတော့ တစ်ကျွန်းစီနေ၊ တစ်မြေစီခြားလို့ ဝေးခဲ့ပြီ။ မင်းသားရဲတင်းအပေါ် သံယောဇဉ် နှောင်တည်းခဲ့မိလေသလားလို့ ကိုယ့်ကိုယ်ကို မေးပြန်တော့ မရှိသလိုလို၊ ရှိသလိုလို။ တစ်ခါတစ်ရံ စိတ်ရောက်တာကလွဲလို့ လွမ်းမိသည်မထင်။ သူကလည်း အဲသလိုနေမှာပါပဲလေ…။ ပျော့လွန်းတော့ ချွဲသတဲ့၊ မာလွန်းတော့ ကွဲသတဲ့။ အေးလွန်းတော့ ခဲသတဲ့။ အခုတော့ သူ့ဘက်က အေးလွန်းလို့ ခဲရတာဖြစ်ချင်ဖြစ်မည်။ အဝတ်တွေ ပြန်မရုပ်မသိမ်းခင် တစ်နေ့လုံးလိုလို ပယင်းဝါ ပုတီးကလေးကို လည်မှာ ဆွဲထားဖြစ်သည်။

ထိုညက ဉာဉ်သံအေး ထူးထူးဆန်းဆန်း အိပ်မက်မက်သည်။ အိပ်မက်ထဲမှာ ရွယ်ကြီးရွယ်မ အမယ်အို တစ်ယောက်နှင့်တွေ့ရခြင်း ဖြစ်၏။ ပွဲခင်းတစ်ခင်း။ လှည်းပစ္စည်းတွေ ရောင်းသည့်လှည်းတန်းကြီးထောင့်က ဇရပ်ဘေးမှာ ဖျာစုတ်တစ်ချပ်ခင်းပြီး ထိုင်နေသည့် အမယ်အိုက သီချင်းတညည်းညည်းရှိနေ၏။ အဝတ်ဟောင်းတွေ အဝတ်နွမ်းတွေကို အိတ်ကြီးထဲကထုတ်ပြီး ပတ်ပတ်လည် လိုက်ခင်းသည်။ နေ့ခင်းဘက်ဆိုတော့ ပွဲတော်ဈေးကွင်းထဲမှာ လူတွေ ကြိတ်ကြိတ်တိုးနေကြပေသိ ဇရပ်ထောင့်မှာ ကလေးတချို့ကလွဲလျှင် လူသူလေးပါး ရှင်းသည်။ မလှမ်းမကမ်းမှာ ဗလာဇာတ်ပွဲတစ်ပွဲကနေသည့် ဇာတ်ခုံပွင့်ပွင့်ကြီးတစ်ခုရှိ၏။ အမယ်အိုတစ်ယောက်က တွေ့ချင်တယ်ဆိုလာလို့ ဉာဉ်သံအေး ထလိုက်လာရာက အမယ်အိုကို တွေ့ရခြင်းဖြစ်၏။ အမယ်အိုက ဉာဉ်သံအေးကို စူးစူးဝါးဝါးကြည့်သည်။ လည်ပင်းမှာ ချိတ်ဆွဲထားသောပယင်းဝါပုတီးကို လှမ်းကြည့်ရင်း ပြုံးသည်။ သွားတွေက ကျိုးကြပြီ။ မျက်နှာက လင်းနို့မျက်နှာလို ချွန်ချွန်ဖုးဖုးကလေးဆိုတော့ ပြုံးလိုက်သည့်အခါ လင်းနို့တစ်ကောင်နှင့် ပိုလို့ပင် တူတော့သည်။ ဉာဉ်သံအေးကပဲ စကားစပြောလိုက်သည်။

'အမေကြီး ကျုပ်ကိုခေါ်သယ်ဆိုလို့ ကျုပ်ကို အမေကြီးက သိသားပဲ'

'သိရောပေါ့အေ။ ညည်းမို့လား ဝါခေါင်မိုးဆိုသာ။ ထနောင်းပင်လှက ဗိုင်းတောင့်သမီးဆိုသာ'

'အမေကြီးက အမေ မဗိုင်းတောင့်ကို သိသယ်ပေါ့။ ကျုပ်က ဝါခေါင်မိုးဆိုသာလည်း သိသားပဲ။ ပြောပါဦး အမေကြီးက ဘယ်သူတုံး'

'ငါက ညည်းလိုပဲ မင်းသမီးအေ့။ ညည်းလည်ပင်းက ပယင်းဝါပုတီး ညည်းဘယ်ကများ ရသာတုံး၊ ငါ့ပေးပါလား'

'မလုပ်ပါနဲ့ အမေကြီးရယ်၊ ကျုပ်ကို ချစ်ခင်သူက ပေးထားလို့ပါ'

'အင်း, ဟုတ်ပါရဲ့၊ ချစ်ခင်သူကပေးရင် မက်စက်ရသယ်။ အမေကြီးတို့ခေတ်က အဲသည်လို ပယင်းညို၊ ပယင်းဝါပုတီးကလေးတွေ အင်မတန် ဆွဲကြသယ်'

'အို, ဟုတ်သယ်၊ ဟုတ်သယ်။ ကျုပ်မှာလည်း ပယင်းညိုတစ်ကုံး ရှိခဲ့ဖူးသယ်။ အမေ ပေးဖူးသာလေ ပျောက်သွားသာကြာပေါ့'

'ဖြစ်ရလေအေ…'

အိပ်မက်က သည်လောက်ပင်။ အိပ်ရာက ဖျတ်ခနဲနိုးတော့ အိပ်မက်ထဲက အမေကြီးမျက်နှာကို မြင်ယောင်နေခဲ့သည်။ လင်းနို့မျက်နှာကလေးနှင့် အမေကြီးအသံက စွာစွာမာမာ။ ဘာကိုစိတ်စွဲလို့ မက်တာပါလိမ့်။ ဝါခေါင်မိုးတဲ့။ ပယင်းပုတီးညိုကလေးတဲ့။ ထနောင်းပင်လှက မဗိုင်းတောင့်သမီးတဲ့။ ဘေးမှာပုံထားသည့် အဝတ်ဟောင်းတွေကလည်း မင်းသမီးဝတ်တွေချည်းပင်။ သည်လိုထူးထူးဆန်းဆန်း အိပ်မက်မျိုး မမက်ဖူးခဲ့တော့လည်း ဉာဉ်သံအေးအဖို့ရာ အမှတ်ထင်ထင်ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com

အဖေသီလတို့အိမ်မှာ နေရသခိုက် လာငှားကြသမျှ ချီကောက်ပွဲတွေလက်ခံရင်း လှေခရီး၊ လှည်းခရီး မငြီးအောင် သွားခဲ့ရာတွင် တစ်ခါ ကြုံရဖူးသောအဖြစ်ကလည်း မထိတ်သာမလန့်သာ ရှိရပါ၏။ ထိုနေ့က ဆိုင်းပွဲနားသခိုက် အဖေသီလက မင်းသားများ တတ်အပ်သော ပညာတွေအကြောင်း ပြောပြနေခဲ့သည်။

စကားကောင်းနေသခိုက် လှည်းတစ်စီးအိမ်ရှေ့ လာဆိုက်သည်။ မယင်းလယ်ရွာ ဆွမ်းသိမ်းပွဲအတွက် မင်းသမီး လာငှားကြခြင်းဖြစ်သည်။ မင်းသမီးဉသြသံအေးကိုသာ ငှားခြင်းဖြစ်ပြီး ဆိုင်းက မယင်းလယ်ရွာဆိုင်း၊ လူပြက်ကလည်း မယင်းလယ်ရွာသား အရပ်လူပြက်များနှင့် တွဲကရမည်ဆိုပါ၏။ ကြေးတည့်ကြတော့ မယင်းလယ်ရွာက လှည်းလွှတ်မပေးတော့ဘဲ လှည်းငှားလာဖို့ စရိတ်ပါတစ်ခါတည်း ထည့်ချေသည်။ သည်တော့ အမေသန်းရီတို့ သုံးနေကျ လှည်းသမားနှင့်ပဲ သွားကြဖို့ စီစဉ်ရသည်။ ပွဲထွက်မည့် မနက်ကျကာမှ အမေကြီးပိတုန်းက ဘာစိတ်ကူးရသည်မသိ။ ‘ငါလိုက်စမ်းပါရစီ’ ဆိုလာသဖြင့် အဖော်မင်းသမီးငယ်တစ်လက်နှင့်အတူ အမေကြီးပိတုန်းပါ ပါလာခဲ့သည်။ အမေကြီးပိတုန်းခမျာ အိမ်ကြီးပေါ်မှာ တငုတ်တုတ်တုတ်နေရတာများတော့ လူကြီးဖော်လည်းရစေ၊ ခရီးခတင်းလည်း စိတ်ပြေလက်ပြေ ထွက်ရစေသဘောဖြင့် လိုက်လာခြင်းဖြစ်၏။ အမေသန်းရီက အမေကြီးပိတုန်းကို မလိုက်စေချင်။ ‘အိုကြီးအိုမနဲ့၊ လှည်းစီးရသာ မသက်သာလှပါဘူး အမေကြီးရယ်’ လို့ တားသည့်ကြားကပင် လှည်းပေါ်ရောက်နှင့်ပြီ။

ခရီးက နေ့ဝက်သာသာခရီး။ လှည်းလမ်းကကောင်းလှ တာမဟုတ်။ ရွာဆက်က ခြားသေးသည်။ လမ်းဘေးရွာတွေက လှည်းလမ်းနှင့်ဝေးတာက ပိုသေးသည်။ လမ်းတစ်နေရာမှာ ကုန်းလယ်အိုနှင့် ကုန်းလယ်မ နှစ်ရွာကိုဖြတ်ရပေသိ သည် နှစ်ရွာကလည်း လှည်းလမ်းနှင့် မနီးလှ။ ပြီးတော့ ကုန်းလယ်အိုနှင့် ကုန်းလယ်မက လမ်းတောင်ဘက် မြောက်ဘက်။ လှည်းသမားက ရွာနှစ်ရွာကို နကာန်နှင့် ထိုးပြရင်းက ပြောသည်။

‘သည်နှစ်ရွာက ရယ်ရသယ်။ ကုန်းလယ်အိုက သူတို့ရွာနာမည် ကုန်းလယ်အိုဆိုကတည်းက ရှေးကျတဲ့ရွာလို့ပြောကြသယ်။ ရွာက အိုလှပြီပေါ့ဗျာ။ ကုန်းလယ်မသားတွေကလည်း သူတို့ရွာက ပင်မကျခဲ့လို့ ကုန်းလယ်မ ခေါ်သာတဲ့။ အခု ကျုပ်တို့သွားမယ့်ရွာက မယင်းလယ်။ သည်နားက ရွာတွေက ‘လယ်’ ဆိုတဲ့နာမည်ပါသာ များသယ်’

မယင်းလယ်ရောက်တော့ ညနေ သုံးနာရီထိုးပြီ။ ခရီးရောက်မဆိုက် ညကမည့်ခွင်ကို ဆိုင်းနှင့်ရော၊ ရွာခံလူပြက်များနှင့်ပါ တိုက်ကြရသည်။ ညနေခြောက်နာရီလောက် ခွင်တိုက်ပြီးတော့ ကမန်းကတန်း ရေချိုး၊ ထမင်းစား။ ညခုနစ်နာရီမှာ အငြိမ့်ခွင်စတော့ အတူပါလာသည့် ရှေ့ထွက်မင်းသမီးကလေးကို အရင်ပွဲထုတ်ရသည်။ ပြီးမှ ဉသြသံအေးအလှည့်။ ရွာဆိုင်း၊ ရွာလူပြက်တွေနှင့် အလုပ်လုပ်ရတာဆိုတော့ ရယ်စရာလည်းကောင်း၊ ပျော်စရာလည်း ကောင်းပါ၏။ အငြိမ့်တစ်ခွင်လုံးကို ဉသြသံအေးကပဲ ဦးဆောင်ခေါ်သွားရသည်။ အငြိမ့်ပွဲပြီးတော့ ညတစ်နာရီထိုးပြီ။ လှည်းသမားက နောက်နေ့မနက် လှည်းငှား လက်ခံထားတာရှိလေတော့ ညတွင်းချင်းပင်ပြန်ကြဖို့ ပြင်ဆင်ရပါ၏။ ရွာက တစ်ညအိပ်ဖို့တားကြသော်လည်း ဉသြသံအေးတို့ကလည်း မအိပ်သာပြီ။ လှည်းပြန်တော့ ရွာလက်ဆောင်တွေ တနင့်တပိုးကြီး တင်ပေးလိုက်ကြသည်။ မယင်းလယ်ရွာက ထွက်တော့ ကောင်းကင်မှာ ကြယ်ရောင်ပြောက်ပြောက်မရှိ။

မယင်းလယ်၊ ကုန်းလယ်မနှင့် ကုန်းလယ်အို သုံးရွာက ရွာချင်း တစ်နေရာစီဆိုပေသိ သည်သုံးရွာနှင့် ခရီးဆက်နိုင်သောလှည်းလမ်းက ခပ်ဝေးဝေးတစ်နေရာမှာ လာဆုံသည်။ သည်နေရာကို ‘ကျီးပင်ရိုးလမ်းခွဲ’ ခေါ်ကြသည်။ ရှေးကကျီး(ကျည်း)ပင်တစ်ပင်နှင့် ရိုးချောက်ကြီးရှိခဲ့ဖူးတာကိုစွဲ၍ ကျီးပင်ရိုးခေါ်ကြပေသိ အခုတော့ ကျီးပင်လည်း မရှိ၊ ရိုးချောက်လည်း မရှိတော့ပြီ။ ကျီးပင်ရိုးလမ်းခွဲ လှည်းလမ်းဆုံကို ရောက်တော့ လှည်းသမားက ကောင်းကင်ရိပ်နှင့်မြင်ရသော တောင်ဘက်ရွာ၊ မြောက်ဘက်ရွာတွေကို လှမ်းပြသေးသည်။ သည်ကကျော်တော့ ရွာဆက်ပြတ်လေပြီ။ အမေကြီးပိတုန်းက သူတို့ခေတ်တွေတုန်းက တစ်ရွာ့တစ်ရွာကူးရင်း ပွဲကခဲ့ရပုံတွေကို ပြောပြလာလို့ မှောင်မည်းမည်း ညခရီးကိုပင် မေ့ရပါ၏။

လမ်းတစ်နေရာကိုရောက်တော့ လှည်းလမ်းအတိုင်း အဖြောင့်သွားနေကြသည့်နွားတွေက တုံ့ဆွဲလိုက်သလို ကျွီခနဲ ရပ်သွားကြသည်။ လမ်းပေါ်မှာ မမျှော်လင့်ဘဲ လူရိပ်မည်းမည်းတွေကို တွေ့လိုက်ရလို့ ထင်ပါ၏။ လှည်းရပ်သွားတော့ ဉသြသံအေးရော အမေကြီးပိတုန်းပါ လူတွေကို လှမ်းကြည့်လိုက်သည်။ ထိုလူစုက လမ်းတစ်ဖက်အမှောင်ထဲက လမ်းကို ရုတ်တရက် ကန့်လန့်ဖြတ်ကူးလာကြခြင်းဖြစ်၍ လမ်းတစ်ဖက် အမှောင်ထဲကိုသွားနေကြခြင်း ဖြစ်၏။ လူတစ်ယောက်က ရှေ့က မီးတုတ်ကြီးကိုင်လို့။ ယောကျ်ားကြီးတစ်ယောက်၊ ဖျာလိပ်ရွက်ထားသော မိန်းမကြီးတစ်ယောက်နှင့် ကလေးနှစ်ယောက်က သူတို့ချင်းလည်း စကားမပြောကြဘဲ လှည်းရှေ့က ဖြတ်နေကြခြင်းဖြစ်၏။ တစ်အောင့်နေတော့ မိန်းမတစ်ယောက်က အနီးထွေးနှင့် မွေးကင်းစကလေးကို ပွေ့လာဟန်ဖြင့် ဖြတ်ပြန်သည်။ ထိုမိန်းမနှင့်ကပ်လျက်မှာ ယောကျ်ားတစ်ယောက်ပါလာကာ လက်ထဲမှာ သံငန်းပြားလိုအရာကို ထမ်းလိုက်လို့။ ဘယ်သူတွေပါလိမ့်။ ညကြီးအချိန်မတော် မီးတုတ်ကြီးတရှိန်ရှိန်နှင့် ဘယ်ကဘယ်ကို သွားနေကြတာပါလိမ့်။ လမ်းအတိုင်းသွားနေကြတာလည်း မဟုတ်။ ကန့်လန့်ဖြတ်ကူးကြခြင်းသာ ဖြစ်၏။

www.burmeseclassic.com

မှောင်မည်းမည်းညထဲမှာ ရှင်းရှင်းလင်းလင်း မြင်ရတာတော့ မဟုတ်။ ရှေ့က မီးတုတ်ကိုင်ထားသူ၏ မီးတုတ်အလင်းရောင်ကြောင့် ဝိုးတိုးဝါးတားမြင်လိုက်ရခြင်းဖြစ်၍ ယောကျ်ား၊ မိန်းမ၊ လူကြီး၊ ကလေးရယ်လို့ သိလိုက်ရရုံသာ။ တစ်ဖက်လမ်းဆီက ချုံတွေထဲကို လူတွေ အားလုံးဖြတ်ပြီးပြီဆိုမှ လှည်းလည်း ဆက်ထွက်လာခဲ့သည်။ နွားတွေက တဆတ်ဆတ်တုန်နေကြလို့ လှည်းသမားက နကန်နှင့် မနည်းတို့နေရသည်။

'ဘာတုံးဟဲ့ မောင်ကျော်ရဲ့၊ ညကြီးအချိန်မတော် ခရီးမသာ လမ်းမကောင်း။ သည်နွား ရှာရှိလို့လား'

'ကျုပ်စိတ်ထင် ကလေးပျက်စီးလို့နေမှာ'

လှည်းသမားနာမည်က ကျော်စိန်ဆိုတော့ အမေကြီးပိတုန်းက မောင်ကျော်ခေါ်လေ့ရှိသည်။ ကလေးပျက်စီးလို့နေမှာတဲ့။ ဥသြသံအေးက သည်တော့မှ သူတို့မြင်လိုက်ရတာကို သဘာဝမဟုတ်သလို ခံစားလိုက်ရပါ၏။ ကလေးပွေ့လာသည့်မိန်းမနှင့် ငန်းပြားလိုအရာကို ထမ်းလာသည့်ယောကျ်ားကြီးကို မြင်လိုက်လို့ မှန်းပြောလိုက်ပေသိ လှည်းသမားပြောတာက ဖြစ်နိုင်ခြေများသည်။ ထူးဆန်းတာက ကလေးမအေကလည်း မငို၊ လိုက်လာကြသူတွေကလည်း စကားမဆိုကြ။ အမေကြီးပိတုန်းက လူကြီးဆိုတော့ အခြေအနေကို အကဲခတ်မိပုံရသည်။ လည်ပင်းက ဂုဏ်တော်ပုတီးကို ဖြုတ်လေ၏။ နှုတ်က ပရိတ်တော်တွေ ရွတ်လေ၏။ လှည်းက ခရီးတစ်တိုင်လောက် မောင်းလာသည်အထိ ဘယ်သူကမှ စကားမပြောဖြစ်ကြဘဲ ငြိမ်နေခဲ့ကြသည်။

'အမေကြီးရော အစ်မတို့ရော ကြောက်တတ်ကြသလား'

'ကြောက်သယ်ရယ်လို့တော့ မဟုတ်ပါဘူး မောင်ကျော်ရယ်၊ စိတ်ထဲတော့ မသန့်ဘူး'

'ကျုတ်တွေဗျ။ ကျုပ်တို့ကို ခြောက်သာ။ ကျုပ်ကြားဖူးသာတော့ ကျုတ်ကုန်းတွေမှာ ပွဲခင်းကြီးတည်ပြီး ဇာတ်တောင် ကကြသတဲ့။ မီးတထိန်ထိန်၊ ဆိုင်းသံတဗိန်ဗိန်နဲ့ ကနေကြသာဗျား ဥသြသံအေး ငိုလောက်သယ်'

'တော်စမ်းပါဟယ်၊ မပြောကောင်း မဆိုကောင်း နှင့်နှယ်'

အရေးထဲ အရာပေါ်ဆိုသလို ဘယ်လိုဖြစ်ရသည်မသိ။ လှည်းက လမ်းပျောက်နေလို့ အချိန်လင့်ခဲ့ရသည်။ လှည်းသမား ကျော်စိန်ကပင် 'ကျုပ်နေ့ခင်းတုန်းက သည်လမ်းသည်လောက်မမောင်းခဲ့ရပါဘူး၊ ဘယ့်နှယ်ဖြစ်သယ် မပြောတတ်ပါဘူး' ဆိုလေ၏။ လှည်းလမ်းဆိုလို့ သည်တစ်လမ်းတည်းရှိသည့်ကြားက လမ်းပျောက်ခြင်းဖြစ်၏။ နွားတွေက ဟိုတိုးသည်တိုး။ ညကြီးအချိန်မတော် ကြက်တွန်သံလို ခြေးစည်သံလို အသံတွေကိုကြားရတာကလည်း ဘာရယ်လို့ မပြောနိုင်။ လှည်းက ဟိုထိုးသည်ထိုးဆိုတော့ အမေကြီးပိတုန်းက မောင်ကျော် မင်း မူးများနေရော့လားတဲ့။ လှည်းသမားက ရွာကသောက်လာသာတောင် ဘယ်ရောက်မှန်းမသိပေါင်ဗျာတဲ့။ မိုးလင်းကာနီးမှ လှည်းလမ်းမကြောင်းကိုဘွားခနဲ တွေ့ရတော့သည်။ သားမယားပြုရန် အကြံနှင့် ပွဲငှားခဲ့သူ ကိုဘရှင်ကိုပင် မထိတ်မလန့်ရှိခဲ့သူ ဥသြသံအေးအဖို့ရာ ညကြီးအချိန်မတော် သူတို့ကိုလှည့်၍သော်မှ မကြည့်ခဲ့ကြသော ကျုတ်ဆိုသူတွေကို မျက်မြင်တွေ့ရသည့်အခါ အလွန်တုန်လှုပ်သွားခဲ့ရသည်။ သည်ခရီးမှာ မကြီးမငယ်နှင့်ပါလာသော အမေကြီးပိတုန်းခမျာ ပန်းဖျားဖျားခဲ့သည်။ ဥသြသံအေးအဖို့ရာလည်း နှစ်ရက်၊ သုံးရက် ကတုန်ကယင်ရှိခဲ့ရုံမက ထိုမြင်ကွင်းကို ဖျောက်ဖျက်လို့ မရနိုင်ဘဲ ရှိခဲ့ရပါ၏။ စိတ်ကလေး နည်းနည်းငြိမ်တော့ အမေသန်းရီကိုပင် ပြောမိသည်။

'အမေသန်းရီရယ် ကျုပ်ကို ကျွေးမွေးထားပြီး ပညာပေးခဲ့တဲ့ကျေးဇူးကိုလည်း မမေ့ပါဘူး။ အဖေသီလကျေးဇူးဆပ်ချင်လွန်းလို့ သည်မှာလာနေတာလည်းပါပါရဲ့။ လာမယ့်နှစ် ဇာတ်ရာသီကျရင် ကျုပ်ဇာတ်ပြန်ကပါရစီတော့တော်'

အမေသန်းရီကို ပွင့်ပွင့်လင်းလင်း ခွင့်တောင်းဖြစ်ခဲ့သည်။ အမေသန်းရီကလည်း ညည်းသဘောပါအေတဲ့။ ပြောသာပြောရတာပါလေ။ စိန်ကျော်ငွေးဆိုင်းနှင့် တစ်အုပ်တစ်မကြီးဆိုသလို ဆိုင်းပွဲထွက်ရလို့လည်း ပျော်ရပါ၏။ မင်းသမီးချည်းလာငှားလို့ သွားကရတာလည်း ပျော်ပါ၏။ အဖေသီလကိုယ်တိုင် ဇာတ်ပြန်မထောင်ဖြစ်သည့်တိုင် ဆိုင်းကတော့ နာမည်ရပါပြီ။ ဆိုင်းဆရာနာမည်တပ်ထားတာ မဟုတ်ဘဲ ခါတော်မီဆိုင်းအဖွဲ့ဆိုသည်နှင့်ပင် ရွာတိုင်းက လက်ခံငှားရမ်းကြပြီ။ ဥသြသံအေးကတော့ လာမည့်ဇာတ်ရာသီသေတ္တာဖွင့်လျှင် အဖေသီလတို့ဆီကခွာကာ ဇာတ်တစ်ဇာတ်ဇာတ်ကို ကူးဖို့ပြင်နှင့်ပြီ။ အမေ မဗိုင်းတောင့်ကို လွမ်းသော်မှ စိတ်က ရွာကိုမပြန်ချင်တာလည်း စိတ်မာတယ် ပြောရမလား။ ဥသြသံအေးအဖို့ရာ နတ်မြင်းလို ကောင်းကင်တိမ်ညွှန့်ဆီကိုသာ ပျံချင်တော့သည်။ နောက်ကို မလှည့်ချင်တော့။

တစ်ခါမှာတော့ ဇာတ်ခုံပေါ် ပြန်ရောက်ဖို့ အကြောင်းရှိလာခဲ့ပါ၏။ ထိုအကြောင်းသည် သွေးစွန်းခဲ့သော အကြောင်းဖြစ်၍ ဥသြသံအေးအဖို့ရာ အလွန်တုန်လှုပ်ချောက်ချားခဲ့ရသော အတွေ့အကြုံအဖြစ် တစ်သက်စာ အမှတ်ရဖွယ်ဖြစ်ခဲ့ရသည်။ ဘုန်းကြီးပျံ အန္တိမဈာပနပွဲတစ်ပွဲမှာ ဇယင်ကျူး မင်းသမီးနှစ်လက်ကို ငှားရမ်းဖျော်ဖြေစေရာက ဖြစ်ရသော သွေးစွန်းသော နှစ်ရွာရန်ပွဲကို နောင်နှစ်ပေါင်းများစွာတိုင်အောင် ထိုရွာတွေမှာ ပြောစမှတ်ဖြစ်ခဲ့ရသည်။ မင်းသမီးတစ်လက်က ဇယင်ကျူးကောင်းလှသည်ဆိုသော ဝါရင့်မင်းသမီးကြီး ယုဇနမစိမ်းခင်ဖြစ်၍ ထိုမင်းသမီးနှင့်ယှဉ်ရသော ဇယင်ကျူးမင်းသမီးတစ်လက်ကတော့ ဥသြ

www.burmeseclassic.com

သံအေး ဖြစ်လေသည်။

❑

ဘုန်းကြီးပျံရှာပနပွဲ၏ ပင်ရင်းခံရွာက ချောင်းစောက်ရွာကြီးဖြစ်၏။ ချောင်းစောက်ဆရာတော်ကြီးက သက်တော်ခုနစ်ဆယ့်ငါးနှစ်၊ ဝါတော် ငါးဆယ့်ငါးဝါရထေရ်ကြီးဖြစ်၍ အနီးအနား တပည့်ဒါယကာတွေရော၊ အဝေးတပည့် ဒါယကာတွေပါ အကိုးကွယ်ခံ ဆရာတော်ကြီးဖြစ်သည်။ ချောင်းစောက်နှင့် အနီးအနားရွာတွေကလည်း သည်အန္တိမဈာပနပွဲကြီးမှာ ကုသိုလ်ပါဝင်ကြသည်ဖြစ်ရာ ဘုန်းကြီးပျံကွင်းတစ်ကွင်းလုံး တည်းကျောင်းမဏ္ဍပ်တွေ တစ်ရွာတစ်ဆောင် ထိုးကြသည်။ ကိုယ့်မင်းသမီးနှင့်ကိုယ့်ဆိုင်း ကောင်းမွေ့ဆိုသူတွေကို ရက်မတိုင်ခင်ကပင် ငှားထားကြသည်။

BURMESE CLASSIC .com

တပေါင်းလဆန်းရက်ဖြစ်၏။

ပူပြင်းလှသော နေရောင်အောက်မှာ အရွာရွာက ရောက်လာကြသူတွေ လုံးကြီးခဲ ရှုရှိလှသည်။ လှည်းတွေကပင် အစီးရေငါးရာကျော်လိမ့်မည်။ ဈေးဆိုင်တန်းတွေများလှပေသိ ဆိုင်တိုင်းလိုလို ရောင်းလို့မလောက်နိုင်။ ရေအိုးစင်တွေ တန်းထိုးထားသည့် မဏ္ဍပ်ကြီးထဲမှာ ရေစည်လှည်းတွေ ဝင်ချည် ထွက်ချည် ရေဖြည့်ပေးကြသည့်ကြားက ရေအိုးတိုင်း မိကျောင်းပေါ်လောက်အောင် ရေသောက်ကြသူတွေ များလွန်းလှလို့ ပရိသတ်အားကို မှန်းဆနိုင်ပါ၏။ အစီအစဉ်က ဘုန်းကြီးပျံပွဲကြီးရက်မှာ တည်းကျောင်းမဏ္ဍပ်အားလုံး ကိုယ့်မင်းသမီးနှင့်ကိုယ် ဧယင်ကျူးဖျော်ဖြေကြရသည်။ တည်းကျောင်းမဏ္ဍပ်ကချည်း ခုနစ်မဏ္ဍပ်ရှိ၍ မင်းသမီးခုနစ်လက် ဧယင်ကျူးကြမည်။ နောက်တစ်နေ့မှာတော့ ထိုမင်းသမီးခုနစ်လက်ထဲက အကောင်းဆုံး ဧယင်ကျူးနိုင်သူ မင်းသမီးနှစ်လက်က ဗဟိုမဏ္ဍပ်မှာတစ်ယောက်နှစ်နာရီ ဧယင်ကျူးပြီးကြသည်နှင့် အလောင်းတော်ကို ကရဝိက်ဖောင်တော်ဖြင့် ပင့်ဆောင်ကာ မီးသင်္ဂြိုဟ်မည်ဖြစ်၏။ မင်းသမီး ခုနစ်လက်ထဲက လက်ရွေးစင် မင်းသမီးနှစ်လက်ရွေးကာ အပြိုင်ကျူးကြရတော့မည်။ ပညာကုန်သုံးကြရတော့မည်။ ပွဲကြီးပွဲကောင်းလို့ပင် ဆိုနိုင်ပါ၏။ သည်တော့ ရွာတွေက နှိုးနွယ်ရာ မင်းသမီးတွေကို စိတ်ကြိုက်ငှားထားကြသည့်အတွက် သူ့မင်းသမီး ကိုယ့်မင်းသမီး အသုံ့မခံကြေး နွဲရမည့်ပွဲဖြစ်သည်။

ဥသြသံအေးကို လာငှားသည့်ဝဲကြီးရွာက ရွာခံလူကြီးတွေက ချောင်းစောက်ရွာကွင်းကြီးထဲ စည်ကားသိုက်မြိုက်စွာကျင်းပမည့် အန္တိမဈာပနပွဲကြီးမှာ အကောင်းဆုံးသာ လုပ်ပေးပါ၊ ဆိုင်းကြေး မင်းသမီးကြေး ကျချင်သလောက်ကျပါစေ၊ ကျုပ်တို့ ဝဲကြီးရွာနိုင်ရင်ပြီးရောဆိုလို့ ဥသြသံအေးပင် အသံကြားနှင့် ရင်ခုန်ခဲ့ရသည်။ ဘယ်ရွာ ဘယ်ရွာက ဘယ်မင်းသမီးတွေ ငှားပြီးကြပြီဆိုတာလည်း ပါပါ၏။

'ဒေါင်းသိုးက လှလွန်းဆွေ၊ ကြာကန်က မတောစိန်၊ ပိန်းရိုးက စိန်ပိုးကြူ၊ မြေနီကျင်းက ယုဇန မစိမ်းခင်၊ သပြေတောက ခင်လှတင်၊ ရွာခံချောင်းစောက်ကတော့ မင်းသားအောင်ကျော်စိန်ဇာတ် ငှားထားတာဆိုတော့ အောင်ကျော်စိန်ဇာတ်ထဲက မင်းသမီး မြစန်းသွင် ဧယင်ကျူးမှာပဲ။ ကျုပ်တို့ဝဲကြီးက ခင်ဗျားတို့မင်းသမီးကို ငှားချင်သာပဲဗျာ။ ကျုပ်တို့ကြားရသလောက်တော့ ဧယင်ကျူး မင်းသမီးကြီးတွေထဲမှာ မင်းသမီး စိန်ပိုးကြူနဲ့ ယုဇန မစိမ်းခင်နှစ်ယောက်က ပညာပြည့်ကြသယ်။ ကျုပ်တို့ဝဲကြီးက ငှားတဲ့မင်းသမီးက ဆန်ခါတင်မပါဘဲ ပြုတ်သွားသာ မဖြစ်ချင်ဘူး။ နောက်ဆုံးရက်မှာကျူးရမယ့် ဆန်ခါတင်နှစ်ယောက်ထဲ ပါဖို့က အရေးကြီးသာ၊ ပြိုင်တော့လည်း နိုင်မှကြိုက်သာဗျား။ ခင်ဗျားတို့ ကြိုက်သလောက်ကြေးပြော၊ တစ်ခုတော့ရှိသယ် ဖြစ်လောက်သယ်ထင်မှလိုက်ခဲ့။ ကျုပ်တို့ရွာက ရှုံးသယ် အဖြစ်မခံချင်ဘူး။ ဖြစ်မလား၊ မဖြစ်ဘူးလား၊ ရှင်းရှင်းသာပြော'

ဝဲကြီးက လာကြသည့် လူကြီးတွေထဲက တစ်ယောက်က မာဆတ်ဆတ်ပြောနေတော့ အဖေသီလနှင့် ဆိုင်းဆရာစိန်ကျော်ဌေးတို့က စကားအစီးအပိုးမခံကြဘဲ ပြန်ငေါက်ကြသည်။

'ခင်ဗျားတို့က ဘယ့်နှယ်ဟာတုံး၊ ဆရာတော်ကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို ချီးကျူးပူဇော်တဲ့ပွဲလား၊ မင်းသမီးချင်း ပြိုင်တဲ့ပွဲလား။ မင်းသမီးပြိုင်ဆိုရင်တော့ ဥသြသံအေး မငှားနဲ့၊ ကျုပ်တို့ကလေးမက ငယ်သေးသယ်။ ဘယ့်နှယ်ဗျာ၊ ခင်ဗျားတို့ ရွတ်ပြတဲ့ မင်းသမီးတွေက ဒင်ဂမော်တွေချည်းဗျ။ ကျုပ်တို့က သဘင်နယ်ကဆိုတော့ သိပြီးသား၊ ထီးကို ခရိုင်ချုပ်သလိုတော့ လာမချုပ်ကြနဲ့၊ ခင်ဗျားတို့ကြိုက်မှငှား၊ ကျုပ်တို့မင်းသမီးက ဘုန်းကြီးပျံရှာပနရှိမှ စောင့်ငိုရတဲ့ မင်းသမီး မဟုတ်ဘူးလေဗျာ'

'ကျုပ်တို့ရွာက မင်းသမီးခုနစ်လက်ကို နိုင်ဖို့ရယ်လို့ ပြောသာမှုတ်ဘူး၊ မြေနီကျင်းက ငှားထားတဲ့ မင်းသမီး ယုဇန မစိမ်းခင်ကို နိုင်ရင်တော်ပြီ။ ကျုပ်တို့ရွာဝဲကြီးနဲ့ မြေနီကျင်းက အပြိုင်တွေဗျ၊ ရွာဘုရားတည်ရင်တောင် ကျုပ်တို့က ဉာဏ်တော်တစ်တောင်ပိုရမှ'

'ဟုတ်ပြီလေ၊ ကျုပ်တို့မင်းသမီးက အတောင့်မကြီး အသီးမမာလှသေးလို့ပြောသာပါ၊ တခြားမှာ ရှာကြည့်ပါဦး'

ဥသြသံအေးက လူကြီးတွေ ပြောနေကြတာကို ထိုင်ရင်းက ကြားနေရသည်။ ခုနစ်ရွာ ခုနစ်တည်းကျောင်း ထောင်းထောင်းကျေအောင် နွဲရမည့်ပွဲမျိုး ကြုံလိုက်ချင်လှပေသိ၊ နိုင်မှဖြစ်မှာဆိုတာကတော့ လွန်လွန်းလှသည်။ ဥသြသံအေး ကြားရသည့်မင်းသမီးတွေ အားလုံးလိုလို ဧယင်ကျူးနာမည်ရ မင်းသမီးတွေချည်း။ ဝဲကြီးရွာက လူကြီးတွေပြောသလောက်တော့ လက်ရွေးစင် မင်းသမီးနှစ်လက်ထဲ ကိုယ်ပါရမည်။ ပါပြန်တော့ တခြားရွာကမင်းသမီးတက်လာလို့ နိုင်လျှင်နိုင်စေတော့။ မြေနီကျင်းက မင်းသမီးတက်လာတာဆိုလျှင်တော့ မြေနီကျင်းက ငှားထားသည့် မင်းသမီး မစိမ်းခင်ကို နိုင်မှ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မည်။

ယုဇနမစိမ်းခင်။

ဉာဉ်သံအေး ငယ်ငယ်ကပင် ငေးခဲ့ရသည့် မင်းသမီးကြီး။ စင်အောက်က ပွဲကြည့်ရင်း အကြိုက်ကြီးကြိုက်ခဲ့ရသည့် မင်းသမီးကြီး။ ငယ်ငယ်က ဘာဖြစ်ချင်သလဲမေးလျှင် ယုဇန မစိမ်းခင် ဖြစ်ချင်တယ်လို့ ပြောခဲ့တာကိုလည်း သတိရမိပါ၏။ အခုတော့ သူဖြစ်ချင်ခဲ့သည့် ယုဇန မစိမ်းခင်နှင့် ပြိုင်ဘက်စာရင်းဝင်ရပါပကော။

'နေပါဦးဗျ၊ နိုင်တယ်၊ ရှုံးတယ်ဆိုတာ ဘယ်လို သတ်မှတ်သာတဲ့တုံး'

'ရှာသံရပ်သံကို နားစွင့်ပြီး ဘုန်းကြီးပုံ့ရှာပန ကော်မတီက ရွေးချယ်သတ်မှတ်သွားမှာပဲ။ ကိုယ်ဖယောင်ကျူးနေတဲ့ တည်းကျောင်းမဏ္ဍပ်မှာ ပရိသတ် အုန်းအုန်းထနေအောင် မင်းသမီးက အဆိုအငိုအပြောကောင်းရမဗျာ၊ ပရိသတ်ကို ကိုယ့်တည်းကျောင်းက မခွာနိုင်အောင် လုပ်ထားနိုင်ရမဗျာ၊ ပရိသတ်ဆိုသာကလည်း ကောင်းတဲ့တည်းကျောင်း ဖင်ကျောက်ချထိုင်ပြီး ကြည့်ကြသာကိုးဗျ၊ ဖယောင်ကျူးပြီးသွားရင် ရှာရပ်က အသံတွေ ထွက်လာသာပဲ၊ ဘယ်မင်းသမီးကောင်းသယ်၊ မကောင်းဘူး သူတို့ဟာ သူတို့နှုတ်က ထွက်လာသာပဲ။ နောက်တစ်ချက်က ကြွရောက်ပူဇော်ကြတဲ့ သံဃာတော်များကလည်း မင်းသမီးပညာဘယ်လောက်တော်သယ်၊ ရွတ်တဲ့ဖတ်တဲ့စာ ဘယ်လောက်ကောင်းသယ်ဆိုသာ ပြောကြသာပဲ။ တည်းကျောင်းအပြိုင်ကျူးကြရင် အချိန်များများကျူးနိုင်တဲ့ မင်းသမီးက ပညာပြည့်လို့သာ သည်လောက် ကျူးနိုင်သာလို့ ထွက်ကြသာကိုး၊ ကိုယ်က နောက်ဆုံးမှ ပွဲသိမ်းရသာမျိုးပေါ့'

အဖေသီလတို့က ဉာဉ်သံအေးသဘောထားကို မေးကြရပြီ။ ဉာဉ်သံအေးကလည်း တွေးတွေးဆဆ ဖြေရပါ၏။

'နိုင်သာမနိုင်သာတော့ ဘကြီးတို့ရယ် ကျုပ်လည်း ဘယ်ပြောတတ်ပါ့မလဲ။ ကျုပ်က ကျုပ်ရှိတဲ့ပညာကို ပြိုင်ချင်စိတ် နိုင်ချင်စိတ်နဲ့ မကချင်ဘူး၊ ဆရာတော်ကြီးကို ပူဇော်ချင်သာပဲရှိပါသယ်၊ ဖယောင်ကျူးခွင်မှာ ကျုပ်ရှိသလောက်တော့ ဖြစ်ရမှာပေါ့။ ရွေးခြင်း မရွေးခြင်း၊ နိုင်ခြင်း မနိုင်ခြင်းဆိုသာတွေတော့ ကျုပ် အာမမခံချင်ဘူး'

နောက်ဆုံးတော့ စိန်ကျော်ရွှေဆိုင်းနှင့် ဉာဉ်သံအေးတို့တစ်ဖွဲ့လုံးကို ဝဲကြီးရွာက ငှားဖြစ်ကြသည်။ ငှားပြီဆိုကတည်းက အဖေသီလရော၊ အမေကြီး ပိတုန်းရော၊ အမေသန်းရီပါ လိုသမျှဖြည့်ကြရင်း မနေမနား သင်ပြပေးကြသည်။ လူပြက်တွေနှင့် ခွင်ချကြည့်ကြသည်။ သံရိုးတွေ၊ ငိုချင်းတွေကို စိန်ကျော်ရွှေနှင့် အထပ်ထပ်တိုက်သည်။ လူပြက် ကိုဒန်ချိုင့်ကို ချောင်းစောက်ကို တိတ်တိတ်လွှတ်ပြီး ပုံ့လွန်တော်မူသည့် ဆရာတော်နှင့် ပတ်သက်သမျှ စုံစမ်းစေသည်။ ဆရာတော်၏ ဝသီတော်၊ ဆရာတော် ကြိုက်တတ်သည့် ဆွမ်းဟင်းခဲဖွယ်၊ ဆရာတော် ဘုဉ်းပေးတတ်သည့် သရေစာ၊ ဆရာတော် သောက်သည့် ဆေးဝါးကအစ ဆရာတော်၏ ဆွေတော်မျိုးတော်တွေအကြောင်းမကျန် မေးမြန်းရသည်။ ဆရာတော် ဘုရားကြီး တည်ခဲ့သည့် ဘုရားစေတီရှိသလား၊ ရေတွင်း ရေကန်ရှိသလား၊ လမ်းဖောက် တံတားဆောက်တာရှိသလား၊ ကျမ်းတွေစာတွေပြုစုတော်မူခဲ့သလား ဆိုတာတွေကအစ မေးခိုင်းရသည်။ ဆရာတော်ကြီး၏ ကျောင်းဘွဲ့တော်၊ ကျောင်းနေရဟန်းသာမဏေတို့၏ဘွဲ့တော်တွေလည်း သိနှင့်ရပါ၏။ ကိုဒန်ချိုင့်က ကျောင်းဝင်းထဲက သစ်ပင်ပန်းပင်တွေကအစ ကျောင်းခွေး ဘယ်နှကောင်ရှိတယ်ဆိုတာပါ မှတ်လာလို့ ရယ်ကြရသည်။ သည်အချက်အလက်တွေကို အဆိုအငို အပြောတွေထဲ ညှပ်ထည့်နိုင်လျှင် ပရိသတ်က အလွန်ကြိုက်ကြသည်လို့ အဖေသီလက ဆိုပါ၏။

'မင်းသမီးဆိုသာ အိမ်ကြိုအိမ်ကြား နှိုက်တတ်ရသယ်၊ ရှာသံရပ်သံ ကြားရသာပေါ့၊ ကြားရတဲ့ အသံကို ခွင်မှာပြန်အသုံးချတတ်ဖို့ကလည်း လိုသေးသာကော ငါ့သမီးရဲ့၊ မင်းသမီးပညာ ယှဉ်သာချင်းအတူတူ အကင်းအညာရှိတဲ့ မင်းသမီးက ရှေ့ရောက်သာပဲ'

အဖေသီလဆီက ပညာတွေ ယူလို့မဆုံး ရှိခဲ့ရပါသည်။ တပေါင်းလဆန်း ၁၂ ရက်နေ့မှာတော့ လှည်းငါးစီးငှားပြီး ချောင်းစောက်ရွာကို သွားကြရပြီ။ ဉာဉ်သံအေးကတော့ ကြောက်စိတ်မရှိ။ သူ့ကိုယ်သူယုံကြည်သည်။ သူ့မှာ ငယ်ဂုဏ်ရှိသည်။ ရုပ်ရှိသည်။ စာတွေရသည်။ အမူအရာ၊ လေနှင့်မျက်နှာခံတွေတတ်လှပြီ။ အရေးကြီးတာက ဆန်ခါတင်နှစ်ယောက်ထဲမှာ ပါနိုင်ဖို့ပင်။ အဖေသီလ သင်ကြားပေးလိုက်သမျှတွေကို ခေါင်းထဲစဉ်ကာ လိုက်ပါလာခဲ့သည်။ အမေကြီးပိတုန်းမှာလိုက်သည့်စကားတွေကိုလည်း ဉာဉ်သံအေးမမေ့။

'အဆိုတွေ အငိုတွေ ဖယောင်ကျူးစာတွေ အပူငို၊ အအေးငိုတွေက ဖယောင်ကျူးမင်းသမီးတိုင်း လုပ်တတ်ကြသာအေ့။ ကိုယ်က လက်နက်ကောင်းလိုသယ်၊ ရွာရောက်ရင် အကြိုအကြား ရသလောက်နှိုက်စမ်း။ ဒန်ချိုင့်မေးလာတဲ့ အချက်တွေအပြင် တခြားရကောင်းရရာတွေလည်း ရှိလိမ့်ဦးမယ်။ ညည်းနှိုက်တတ်ပါသယ်၊ အဲသာရရင် မောင်းသာတင်တော့'

ဉာဉ်သံအေး ကံကောင်းခဲ့သည်။ ချောင်းစောက်ရွာရောက်တော့ ဆိုင်းကို တည်းကျောင်းမှာ နေရာချပေးသော်လည်း ဉာဉ်သံအေးကိုတော့ အိမ်ကြီးတစ်အိမ်မှာ နေရာပေးသည်။ ထိုအိမ်ကြီးမှာ ပုံ့လွန်တော်မူသည့် ချောင်းစောက်ဆရာတော်ကြီး၏ တူမဝမ်းကွဲ အမေပြန့်နှင့် ဆုံရသည်။ အမေပြန့်က ဆရာတော်ကြီးကို ဝတ်ကြီးဝတ်ငယ် ပြုစုပေးခဲ့သူဖြစ်သည်။

'မင်းသမီးနှယ် ကျုပ်က ဆရာတော်ကြီးတူမရယ်၊ ကျုပ်အသက်ပဲ ခြောက်ဆယ်ပြည့်လုပေါ့။ ဆရာတော်ကြီးက ငယ်ဖြူပါတော်၊ ကျုပ်တို့အမေများ ပြောဖူးသာ ဆရာတော် လောင်းလျာကိုမွေးတော့ လငပုပ်ဖမ်းတဲ့ညကြီးတဲ့၊ မွေးတော်



www.burmeseclassic.com

www.burmeseclassic.com

က ဝမ်းနာလို့မွေးခါနီးမှာ လကိုင်ပုပ်ဖမ်းရာက လွတ်သယ်။ လွတ်လည်းလွတ် မွေးလည်းမွေးသာပဲ၊ ဒါကြောင့် ဆရာတော့် ငယ်နာမည်က မောင်လင်းတဲ့။ မွေးချင်းသုံးယောက်ရှိရာမှာ အကြီးဆုံးအစ်ကိုတော်က ယစ်ထုတ်ကြီး။ အရက်ထရေ(ထန်းရည်)များ သောက်လိုက်သာ မိုးမလင်းဘူး။ ဆရာတော်က အလတ် ငယ်ငယ်ကတည်းက သီလစင်ကြယ်ခဲ့သာ။ အစားအသောက်များဆို ခုချိန်အထိ ဝမ်းထဲ အသားဟင်းတစ်ဖတ် ကျမိရင် အန်သာပဲ။ သက်တော်ခုနစ်ဆယ်ကျော်ထိ သက်သတ်လွတ်ဘုဉ်းပေးသာ၊ အသားတော်တွေများ ဝင်းစက်နေသာပါအေ။ နှမအငယ်က သည်းခြေပျက်ရှာသယ်၊ အပျိုကြီး။ တန်ဆောင်မုန်းလ စပါးတွေ ဖုံးပြီဆိုရင် နှစ်လလောက်ရူးတော့သာ ဘာဓာတ်ရယ် မသိပေါင်တော်။ မယ်တော်နဲ့ ခမည်းတော်ကိုလည်း ဆရာတော်ကပဲ ဝိပဿနာတရားပြပြီး ကျောင်းဇရပ်မှာထားရာက ဆုံးရှာကြပါပြီ။ အကြီးဆုံးက အမူး၊ အလယ်က လူထူး၊ အငယ်မက အရူးလို့ ဆွေထဲမျိုးထဲ ပြောကြသယ်။ ဆရာတော်ရဲ့မယ်တော်အောက်က ဒွေးလေးတော်ကလည်း မျက်စိမမြင်ရှာလို့ တစ်ဘဝစာကျွေးခဲ့သေးသာ၊ ကျုပ်တောင် တူမဝမ်းကွဲဆိုပေသိ ဆရာတော်စွန့်သာနဲ့ ပြည့်စုံရသာကြည့်တော့’

ဥသြသံအေးအဖို့ရာ အမေပြန့်နှင့် စကားတွေပြောရင်းက လက်နက်ကောင်း ရလိုက်ပြီ။ သည်အကြောင်းအရာတွေကို အဆိုထဲ၊ အငိုထဲ၊ စကားဖန်တွေထဲ ထည့်ရွတ်ရမည်။ ခုတ်စာရွတ်တော့လည်း လွမ်းလောက်အောင်သယ်ရမည်။ ဥသြသံအေးက ကြားသမျှတစ်ယောက်တည်း ညည်းကြည့်နေမိပါ၏။ တည်းကျောင်းများအပြိုင် ယေင်ကျူးသည့်နေ့မှာ ဥသြသံအေးက အဝါရောင်ကို ရွေးချယ်ဝတ်ခဲ့သည်။ ငိုပွဲရယ်လို့ အရောင်မှိုင်းကို ဝတ်လို့မဖြစ်။ ပရိသတ်မျက်စိထဲမှာ အဝတ်အစား တောက်တောက်ပပရှိဖို့ရာလည်း လိုသေးတာ မဟုတ်လား။ ခုံကတည်းကျောင်းစုံ ခုနစ်ခုံအပြိုင်ဆိုတော့ ပရိသတ်ကို ကိုယ့်မဏ္ဍပ်ထဲက မထွက်အောင်၊ ကိုယ့်မဏ္ဍပ်မှာ လူအုံလာအောင် အလုပ်ကို ကျားစီးဖားစီးရှိရပြီ။ အလူးအလှိမ့်တွေရှိရပြီ။ အသံတွေ တိုင်ဖျားရောက်အောင် ပစ်ရပြီ။ ဥသြသံအေးတို့မဏ္ဍပ်မှာ လူတွေ ကြိတ်ကြိတ်တိုးကြလေတော့ ဦးပဉ္စင်းများက ကြိမ်တစ်ချောင်းစီနှင့် ပွဲထိန်းနေကြရသည်။ ဥသြသံအေးက သိလိုက်ပြီ။ ပရိသတ်အကြိုက် မဲတွေ တနင့်ကြီးရနေပြီ မဟုတ်လား။ သည်လိုအခြေအနေမှာ ဥသြသံအေးက သူစုဆောင်းထားသော အကြိုအကြားက အချက်တွေ အလက်တွေကို ငိုချင်းထဲ ထည့်ငိုသည်။

*‘ပရမေသနင်းကိုတောင် အပိုင်ကြံသူရယ်×××သေမင်းနိုင်ငံ ခုမသွေလိုက်ရပါပေါ့×××အမှုပွေတဲ့စရိုက်မှာရှင်×××ဘဝတိတစ်တွေ လိုက်ပါလို့တားကြသော်လည်း×××အမယ်မင်း×××မရဏဆိုတဲ့ပြည်ကိုအသွား×××မရဏဆိုတဲ့ပြည်ကို အသွား အား ဟား’*

*‘ကျွန်ရစ်သူ အပူမပြင်းတော့ဘူးထင်လို့ ထားခဲ့သာလား ဆရာတော်ဘုရား×××(အမူးကြီးနဲ့ အရူးကလေး ငေးလို့မှ မကြည့်တော့ဘူးလားဘုရား×××လူတကာကို တရားဘာဝနာ အထူးပြနိုင်ပေသိ မပူသာ အလကားအမူးရယ်လို့ ထားခဲ့သာလားဘုရာ့၊ နှမကလေးကို သနားလှဆိုဘုရာ့၊ စကားနှစ်ခွ ပြောပြောပြီး ရူးရှာတတ်သူမို့ ဦးစွာပထမနေရာပေးရဆိုဘုရာ့ လူချင်းရယ်မမှု, အခုတော့ သေမင်းနဲ့လုရသာဆိုတော့ မစွမ်းသာပါကလားနော်)×××မစွမ်းသာ လမ်းတကာလျှောက်ကာ ဆွေးရပါတော့×××တပည့်တော်တို့မှာဘုရားဟာ့×××ပန်းရှာ သမျှအရေး×××ကျမ်းလာသမျှလေးနဲ့ ဖြေသော်မှ မပြေရပါလား အား ဟား’*

‘အရှင်ဘုရား, ထတော်မူပါဦး၊ ကြည့်တော်မူပါဦး၊ အနားမှာ အစ်ကိုတော် အမူးသမားကြီး ရောက်နေပြီလေ ဘုရား။ တရားအရှိန်နဲ့ ဆုံးမလို့မရရင် ဓားကြိမ်နဲ့ ဆုံးမတော်မူပါဦး၊ ဆွမ်းကျန် ကွမ်းကျန်ကလေးများစားအောင် ထပြီး ငေါက်တော်မူပါဦးဘုရား။ နှမတော် အရူးမကလေးကကော၊ အနားမှာပါဘုရား၊ မွေးရာပါ ခြေမသန်ရှာလို့ ကျောင်းကြီးပေါ် တရွတ်ဆွဲ တက်ရသူပါဘုရား။ ခမျာ သည်းခြေခိုက်လို့ ဇီးရေကလေးများ တိုက်လှည့်ပါဦးဘုရား၊ ဆွေအပူ မျိုးအပူကို ဖေးကူတော်မူလှည့်ပါဘုရား’

ဥသြသံအေး ငိုချင်းမဆုံးခင်မှာပင် ပရိသတ်ထဲက အီခနဲ ငိုသံကြားလိုက်ရသည်။ မျက်ရည်တွေကို ဖျင်တဘက်ဖြင့် တို့တို့ပြီး သုတ်ကုန်ကြပြီ။ မခံစားနိုင်သူ တချို့သော ကြီးတော်ကြီးတွေက မဏ္ဍပ်အတွင်းက လျှိုထွက်ကာ ကွင်းကန်သင်းဆုံမှာ ဖင်ထိုင်ချပြီး ချုံးပွဲချ အော်ဟစ်ငိုယိုကြသည်။ ယေင်ကျူးပွဲကို ဥသြသံအေးက နောက်ဆုံးမှ ပွဲသိမ်းသည်။ ပွဲပြီးတော့ ဥသြသံအေး, ဥသြသံအေးဆိုသည့် နာမည်ထိပ်ဆုံးက ပြေးခဲ့ပြီ။ ဝဲကြီးရွာသားတို့ လက်ခမောင်းခတ်ကြလေပြီ။ နောက်တစ်ရက် ယေင်ကျူးရမည့်မင်းသမီး နှစ်လက်ကို ဈာပနကော်မတီက ရပ်ရွာလူကြီးစုံရာနှင့် ရွေးချယ်ကြသည်။ စာရင်းမထွက်ခင်ကလေးမှာ ဥသြသံအေး ရင်တော့ခုန်မိပါ၏။ သူ့ကိုယ်သူတော့ ယုံကြည်ထားပြီးသား။ ပြိုင်ဘက်က ဘယ်သူများ ဖြစ်လေမလဲ။ ဘုရားသိကြား မ,လို့…။

သည်လိုနှင့် ညခုနစ်နာရီမှာ ခေါင်မင်းသမီးနှစ်လက် စာရင်း ထွက်လာခဲ့ပါ၏။ တစ်လက်က မြေနီကျင်းကငှားထားသည့်မင်းသမီး ယုဇန မစိမ်းခင်တဲ့။ တစ်လက်က ဝဲကြီးရွာက ဥသြသံအေးတဲ့။

နောက်ဆုံး အန္တိမဈာပနနေ့မှာ ယုဇန မစိမ်းခင်နှင့် ဥသြသံအေးတို့နှစ်လက် တစ်လှည့်စီ ယေင်ကျူးရမည်။ တစ်ယောက်ကို နှစ်နာရီ။ မဲနှိုက်တော့ ယုဇနမစိမ်းခင်က ပထမဆုံး ပူဇော်ဖို့ မဲပေါက်သည်။ ဥသြသံအေးအတွက် ကံမကောင်းခြင်းပေလား။ မင်းသမီးကြီး မစိမ်းခင်က သမ္မာရော၊ ဝါရော၊ ပညာရော အကုန်သာပြီးသား။ ပညာကုန် ထုတ်သုံးသွားလျှင်

www.burmeseclassic.com

တော့ ဥသြသံအေး ခံရဖို့သာ ရှိတော့မည်။ အို့ဘာပဲဖြစ်ဖြစ် ကိုယ်လုပ်နိုင်တာ အကောင်းဆုံးလုပ်ရုံပေါ့လို့သာ စိတ်ကို အေးအေးထားလိုက်သည်။ ထင်သည့်အတိုင်းပါပဲ။ ယုဇန မစိမ်းခင်က အတွေ့အကြုံရှိသည့် မင်းသမီးပီပီ သမ္ဘာနှင့် အလုပ်လုပ်သွားခဲ့သည်။ ပညာကုန် ထုတ်သုံးသွားခဲ့သည်။ ဥသြသံအေးအတွက် ဆရာစားပင် ချန်မသွားခဲ့ပါ။ ဗဟိုမဏ္ဍပ် အတွင်းမှာ ကျင်းပခြင်းဖြစ်၍ အရှေ့ရှာက ပရိသတ်တွေအဖို့ရာ မင်းသမီးကြီး၏ အိုင်ကျင်းဖွဲ့မှုထဲမှာ မျောကြရသည်။

ဥသြသံအေးအလှည့်။ ဥသြသံအေးက ခုံပေါ်မတက်ခင် ယပ်တောင်တစ်ချပ်နှင့် ချွေးသိပ်နေသည့် ယုဇန မစိမ်းခင်ရှေ့ သွားကာ ပုဆစ်ဒူးကလေးတုတ်ကာ ကန်တော့သည်။ သူငယ်ငယ်က ကြိုက်ခဲ့ရသူ မစိမ်းခင်ခမျာ အရွယ်ရရှာပြီ။ မင်းသမီးကြီးက ကန်တော့တာကိုခံယူရင်း သူ့ပြိုင်ဘက်မင်းသမီးကလေးကို ဆုတွေပေးနေခဲ့ပါ၏။ ဒါကို ဝဲကြီးရွာသားတွေက မကျေမနပ်ရှိကြသည်။ မပြိုင်ခင်က တစ်ဖူးနာရပြီလို့တွက်ကြသည်။ ဥသြသံအေးက မင်းသမီးဆံထုံး မထုံးတော့ဘဲ ဆံပင်အုံကောင်းကောင်းကြီးကို သားရေပင်တစ်ကွင်းနှင့် စုစည်းကာ ဆံပင်တွေကို အရှည်လိုက် ချထားလိုက်သည်။ သူငယ်ငယ်က ကိုဖော့ဆို့ပြောပြလို့ ကြားဖူးခဲ့သော 'မင်းသမီးသော်တာတင်က ဆံပင်ကောင်းတော့ ဆံပင်ကို အသားပေးထားရင် ပရိသတ်က လွတ်သဘောကျကြသာကိုး' ဆိုသည့် စကားကို ပြန်သတိရလိုက်လို့ပဲ ဖြစ်သည်။ ကျောက်စိမ်းရောင် ဝတ်စုံနှင့် ခုံပေါ်ကို တက်လိုက်ကတည်းက ပရိသတ်လှုပ်လေပြီ။ ရှေ့က မင်းသမီးကြီးက အားကုန်လုပ်သွားတော့ ဥသြသံအေး အအေးနှင့် ထလို့လည်း မဖြစ်တော့။ အပူနှင့်ထလို့လည်းမကောင်းနိုင်။ သည်တော့ အမြူးနှင့် ထရတော့မည်။ ဥသြသံအေးက စုစည်းလာသော ဆံပင်ကြီးကို လက်နှင့်သိမ်းယူရင်း ရှေ့ကိုချလိုက်သည်။ လက်ထဲကိုင်လာသော ဇီဇဝါပန်းအဖြူကြီးတစ်ပွင့်ကို နှားသယ်နှားကပ်ရင်း လှလှလေး ပန်ပြလိုက်သည်။ သည်လိုလုပ်ရင်းက သီဂီါသံကလေး တစ်ပုဒ် စဆိုသည်။

*'ပျော်မမွေ့ချင်ဘု×××ဘုံဝေလှေ့ကိုတဲ့ ငြီးငွေ့ဖွယ် ××× ဘုံဝေလှေ့ကိုတဲ့ ဟဲ့ အဃ် ငြီးငွေ့ဖွယ်×××ရုပ်ခန္ဓာ ကောင်ပုပ်ကိုလ×××စက်ဆုပ်ပါလို့ ရွံမတွယ်×××စွန့်မယ်ပ ခင်လေး×× ×ဘာဝနာ သင့်မြတ်လျော်ဂေဟာနှင့်×××မန်းသေလာ တောင်အကွေ့မှာ×××တစ်နေ့ပင်ကွယ် တစ်ဝါဆိုတော့မယ်×××ယဉ်သကို ညိုညိုနုတို့ကို×××သာခုသံပေး အေးဟေး×××သာခု သာခုသံပေး ပေး အေး ဟေ'*

ဥသြသံအေးက သည်လိုဆိုလိုက်တော့ လူရွှင်တော်တွေက နောက်ကလိုက်ကြရင်း ပြက်လုံးတွေ တစ်လုံးပြီးတစ်လုံး ထုတ်တော့သည်။ စောစောက အပူတွေ အအေးတွေနှင့် ဆွေးချင်တိုင်း ဆွေးနေကြသော ပရိသတ်ကို ပြန်နိုးရခြင်း ဖြစ်ပါ၏။ ပရိသတ် ကိုယ့်ဘက်ပါလာတော့မှ ယောင်ကျူးခွင်ကို စရ

သည်။ ဥသြသံအေးက တတ်သမျှ၊ မှတ်သမျှတွေကို ရွာသံ ရုပ်သံကလေးနှောကာ ရွှတ်လိုက်ဖတ်လိုက်၊ ဆိုလိုက်ငိုလိုက် လုပ်တော့သည်။ သည့်နောက်မှာတော့ ဆရာတော်ကြီး၏ ဝသီတော်များ၊ ရေးဖွဲ့ခဲ့သော စာပေများ၊ ကျောင်းဝင်းအတွင်း ဘယ်အပင် ဘယ်အပင်ကလေးတွေ စိုက်ခဲ့ပျိုးခဲ့တာကစလို့ ဘယ်ရွာက ဘယ်သူ့ကိုဖြင့် ဘယ်လို ဆုံးမတော်မူခဲ့ကြောင်းနှင့်တကွ ကျောင်းသံဃာ၊ ကိုရင်၊ မောင်ကျောင်းသားပါမကျန် အောင် ရွာခံများ၏နာမည်တွေကိုပါ အိုင်ကျင်းဖွဲ့ကာယက်ကာ ကျူးတော့သည်။ မကြာခင်မှာ ဆရာတော်ကြီး၏ ရုပ်ကလာပ် ကို မီးရှို့ပူဇော်တော့မှာဖြစ်လို့ ကောင်းကင်ခရီး မကြွခင် ဒကာ ဒကာမများ အားရအောင် နောက်ဆုံး ပူဇော်ကန်တော့လိုက်ကြ ပေတော့ဆိုသည့် ငိုချင်းအပုဒ်မှာတော့ ရွာက တားမနိုင်၊ ဆီးမရ မျက်ရည်ဖြိုင်ဖြိုင် ကျကြရပြီ။ ပွဲလယ်ကောင်တွင် ထိုင်နေ သည့်မိန်းမတစ်ယောက်က ရုတ်တရက် ထအော်သည်။

'ကောင်းလိုက်တဲ့ မင်းသမီးနှယ်တော်၊ လှလိုက်တဲ့ မိန်းကလေးနှယ်တော်'

အချိန်ပြည့်လို့ မောင်းတီးပြီဆိုတော့ စိန်ကျော်ဌေးက ဗြောသံနှင့် သိမ်းသည်။ ထိုစဉ်မှာပင် ကြောက်မက်ဖွယ် အော်သံကြီးတစ်သံ ပေါ်လာခဲ့သည်။

'ရိုက်ကုန်ကြပြီဗျို့၊ ခုတ်ကုန်ကြပြီဗျို့၊ ဆရာတော်ဘုရားတို့ ကယ်တော်မူကြပါဘုရား'

မဏ္ဍပ်အပြင်ဘက်က ကြိတ်ကြိတ်တိုးနေသည့် လူအုပ်ကြားထဲမှာ ဝရုန်းသုန်းကား ဖြစ်နေတာကို မဏ္ဍပ်ထဲက လူတွေက လှည့်ကြည့်ကြရာက ဓားတွေတုတ်တွေနှင့် ရိုက်ကြနှက်ကြတာ မြင်လိုက်ရတော့ တစ်မဏ္ဍပ်လုံး ဝုန်းခနဲ ထကြသည်။ အော်ကြဟစ်ကြသည်။ ဆရာတော်များက အပြေးအလွှား ထိန်းကြပေသိ တားမနိုင် ဆီးမရဖြစ်ကုန်ကြပြီ။ ဓားချက်မိသူတို့အဖို့ရာ ငှက်ပျောပင်ကို ဓားနှင့်ပိုင်းသလို လဲပြိုကြတာကို မြင်နေကြရသည်။

'သေကုန်ကြပြီ၊ သေကုန်ကြပြီ'

ရေကန်ထဲခဲကျတော့ စက်ဝိုင်းတွေ အကွင်းလိုက် ကျယ်လာသလို ရန်ပွဲအဝန်းအဝိုင်းက တဖြည်းဖြည်း ကျယ်သည်ထက် ကျယ်လာခဲ့ပါ၏။ သောင်းနှင့်ချီသော ပရိသတ်ကြီးက ကွင်းထဲမှာ ဆောက်တည်ရာမရ ပြေးလွှားနေကြပါ၏။ အော်သံတွေက ကမ္ဘာပျက်သည့်ပမာ ဟည်းထလျက်ရှိ၏။ သွေးစွန်းသူတို့ စွန်းကြပြီ။ သွေးအလူးလူးနှင့် လဲသူတွေ လဲကုန်ကြပြီ။ စိန်ကျော်ဌေးက 'ဥသြမ ပြေးလေ' တဲ့။ ဘယ်ကို ပြေးရမှာလဲ။ တည်းအိမ်က ဝေးလှသည်။ ထိုစဉ်မှာ ဥသြသံအေး လက်ကို တစ်ယောက်က လာဆွဲသည်။

'လာ လိုက်ခဲ့၊ သတ်ကုန်ကြပြီ၊ ပွဲပြိုပြီ၊ လာ လာ'

*(ဆက်လက်ဖော်ပြပါမည်)*

■

ခင်ခင်ထူး



BURMESE CLASSIC .com
www.burmeseclassic.com